www.burmeseclassic.com

လာဘ်မိုးရွေ စာပေ မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း



(၆၄)နှစ်မြောက် အဘဘိုးမင်းခေါင်ထွက်ပွဲ အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com


# ခုနစ်ရက် သားသမီးများအတွက်

## ဆရာမ ဒေါက်တာစောယုနွယ်က ဆောင်ရွက်ပေးနေပြီ

- အမိအဘတွေက ကိုယ့်သားသမီးတွေကို ဆင်စီးမြင်းရံပြီး ဘဝခရီးတစ်လျှောက် ပန်းခင်းတဲ့လမ်းကို လျှောက်လှမ်းစေချင်တာ မမှတာပါပဲ။ ဒါကြောင့် ကိုယ့်သားသမီးလေးတွေကို ကံဇာတာ မြင့်မားစေတဲ့ ရက်တွေ၊ နေ့တွေမှာ မွေးစေချင်ကြပါတယ်။ အဲဒီလိုကိစ္စတွေ ဖြစ်ခဲ့ရင် ဆရာမ ဒေါက်တာစောယုနွယ်ထံမှာ သင့်လျော်တဲ့ မွေးရက်ကို တွက်ချက်လိုက်ပါ။

### မွေးရက်ရွေးခြင်း

- မွေးလာတဲ့ ကလေးအတွက် မွေးသည့်အချိန်မှစလို့ လူမှုရေး ပညာရေးတွေ ကောင်းစေဖို့ ဆောင်ရွက်ပေးပြီး မျက်နှာမြင် ချစ်ခင်စေ၊ နာမည်ကြားရုံနှင့် လူတိုင်းက ဖြူစေမယ့် နာမည်ကောင်းတွေကို ရွေးလိုက်ပါ။

### ကလေးအမည်ပေးလှာ

- မင်္ဂလာဆောင်မယ်တို့အတွက် နေ့ကောင်းနဲ့ရက်သာကိုရွေးပြီး တစ်သက်မခွဲ ရှေ့လက်တွဲရမယ့်အဆောင်

### မင်္ဂလာရက်မြတ် လက်ထပ်ရက်ရွေး

- အလုပ်ကြီးအကိုင်ကြီး ဆိုင်ကြီးကန္တားကြီးတွေအတွက်

### လုပ်ငန်းအမည်ပေး

- ငွေကြေးအဆင်ပြေလို့ အိုးအိမ် အသစ်ဆောက်မယ့်အခါ

### အိမ်ဆောက်ပန္နက်တင်မင်္ဂလာ

- နာမည်ကျော်ကြား လူသိများပြီး ဝင်ငွေကောင်းစေမယ့်

### အနုပညာရှင်တို့၏ အမည်ပေးလှာ

စသည့် အကြောင်းအရာတို့ကို စနစ်တကျ တွက်ချက်ဆောင်ရွက်ပေးနေပါပြီ။ နယ်မှ ဆောင်ရွက်လိုသူများ တယ်လီဖုန်းဖြင့် ဆက်သွယ်ခဲ့ပါလျှင် စာတိုက်၊ မော်တော်ကား စသည့် ရောက်ရှိမည့် လမ်းကြောင်းများနှင့် ပြန်လည်ပေးပို့နေပါပြီ။

ချမ်းသာကိုယ်စိတ်မြဲပါစေ . . .

ဆရာမ ဒေါက်တာစောယုနွယ်

အမှတ်-၂၀၅(က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊

ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၆၄၃၀၃၀၊ ၀၉-၇၈၉၉၅၉၅၆၇


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

**လာဘ်မိုးရွှေဂါထာ**

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿေဟိ စ။
အာဘာတော နန္ဒလာဘောမေ၊
သဒါဟောတု ဘဝါဘဝေ။

မဂ္ဂပဋ္ဌယော

# ရောင်ပြန် မဂ္ဂဇင်း

၂၀၁၆-ခုနှစ်၊ အောက်တိုဘာလ၊ အမှတ် (၂၇၃)

မောင်မောင်မြင့်အေး စီစဉ်မှမ်းမံတည်းဖြတ်သည်။

ထုတ်လုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးရွှေ)
အုပ်ချုပ်မှုအယ်ဒီတာ - ဒေါက်တာစောယုနွယ်
အမှုဆောင်အယ်ဒီတာ - နန္ဒာမိုးကြယ်၊ သန္တာဇင်
အယ်ဒီတာရုံးအဖွဲ့ - စိုးစိုး

BURMESE CLASSIC

ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး(၀၀၉၅၆)မှ ထုတ်ဝေ၍ ဝင်းထွန်း(၀၀၁၂၆)၊ အမှတ်-၃၇၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။

အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၂၄၀၀ ကျပ်

စာအုပ်ချုပ် - ရှကီး၊ အတွင်းဖလင် - မျိုးဝင်းကျော်၊ မျက်နှာဖုံးပန်းချီ - မင်းညွန့်(ရွှေတံဆိပ်ရ)၊ အတွင်းပန်းချီ - သန့်ဇော်သစ်၊ အောင်နိုင်လတ်၊ ဖိုးအောင်၊ စံလွင်မောင်၊ ချမ်းအေးဟန်၊ စံထူး တို့က ပန်းချီဆွဲ၍ မျက်နှာဖုံးဂရပ်ဖစ်ကို စိုးဝင်းထွဋ်းမှ ဖန်တီးသည်။

## ရောင်ပြန်မဂ္ဂဇင်း၏ မူဝါဒ

လစဉ်ထုတ်ဝေလျက်ရှိသော ရောင်ပြန်မဂ္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ့ရေးရာ သုတအမြာမြာကိုလည်းကောင်း၊ ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း၊ ပြည်တွင်းပြည်ပ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများ၊ ထေရဝါဒနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ထူးခြားသော စေတီပုထိုးများ၊ ရဟန်းသံဃာများအကြောင်း၊ ဗေဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ၊ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော မဂ္ဂဇင်း ဖြစ်ပါသည်။ ဤသို့ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် ဆိုင်သဲ့ ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ၎င်းတို့၏ ကျင့်စဉ်များကိုလည်းကောင်း၊ ၎င်းတို့၏ စွမ်းဆောင်ချက်များကိုလည်းကောင်း ဗဟုသုတ ဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂပစ္စယော
ရောင်ပြန်
မဂ္ဂဇင်း

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ၊ အမှတ် (၂၇၃)

# မာတိကာ

## ရောင်ပြန် ကဗျာ

မောင်လွမ်းရည်(ရွှေတောင်)၊ အောင်ရာဇာ(ဥက္ကလာ)၊ သွေးရည်၊
ဆုမွန်ဦး(ဟသ်ာတ)၊ မောင်သုခွေ(သပြေရုံ)၊ နန္ဒာမိုးကြယ်၊
ရဲမြင့်နောင်၊ ချစ်နော်မောင်(က·ပ·န)

BURMESE CLASSIC

## ရောင်ပြန် အခန်းဆက်ရသ

ထောင်မှူးများ အလိုရှိသည်(၁၁၂)

ဗဟိုစော ——— ၁၃၀
တောကြီးတစ္ဆေ(၆)

တာတေကြီး ——— ၁၉၀
ဘဝအသချေ(၄)

မင်းသိမ် ——— ၂၀၀
မာယာဒေဝီနှင့် ကျောက်စိမ်းရုပ် အရှုပ်တော်ပုံ(၁)

မောင်ယဉ်မွန်(မောင်နေခြည်) ——— ၂၁၄
မွန်းတည့်ချိန်မှာ အရိပ်ရှာသူ(၄)

ကျော်မြသန်း ——— ၂၃၀

## ပုပ္ပားဆရာတော် ဦးဇော်နီ (ခ) ဦးကုမာရ
လမ်းဆုံတည်ရာ၊ သာသနာပြု

ကျော်စိုးလင်း

စာ-၇၇



## ထိုင်းနိုင်ငံဘန်ကောက်မြို့၏ တန်နိုးကြီး ရှေးဟောင်းမြဘုရားရုပ်ပွားတော်

မြမဥ္ဇူဓဝ(တျုံမဒေး)



ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ တန်နိုးကြီးမြဘုရား

စာ-၂၈

## အာဆီးမင်းခေါင်အား ပူဇော်ခြင်း

မြနန်းရှင်

စာ-၇၀



www.burmeseclassic.com

www.burmeseclassic.com




## မြန်မာ့ရေးရာ


အောင်(၁၀၈)ဆူ အောင်တော်မူစေတီတော်ကြီး၏...နှင့်
သာသနာပြုဆရာတော် ဦးဇဝန
ပန်းတနော်နောင်လတ် ———————— ၁၇

ပဒေသရာဇ်တို့၏ အုပ်ချုပ်ရေးယန္တရားစက်ဝန်းထဲက...နှင့်
မဟာမုနိရုပ်ပွားတော်
စိမ်းသူဟာန် ———————— ၂၂

ဗုဒ္ဓဘိသေက အနေကဇာတင်ပွဲတော် ရန်ကင်းတောင်ဆရာတော်
မင်းမာယ ———————— ၂၅

ထိုင်းနိုင်ငံ ဘန်ကောက်မြို့၏ တန်ခိုးကြီး...
မြမဉ္ဇူဝေ(ကျုံမငေး) ———————— ၂၈


## အတိတ်မှ ဖြစ်ရပ်မှန်မှုခင်းများ

စာ - ၁၆၃ လှမိုး(ပညာရေး)



## ရောင်ပြန် ရသ


ဥပရိယာယ် သူမာယာ
နသာကျော်ဝင်း ———————— ၁၄၀

ညာဉ်လိပ်ပြာ ဝေဖနာသည်
တာမြဦး ———————— ၁၅၆

ည်းဆာရနံ့ သင်းပျံ့မွှေးကြည်
သးသူစံ ———————— ၁၇၂

န်းရန်စွယ်
ုန်ပဒိန်းထက် ———————— ၁၈၄

ဝိဇ္ဇာဆရာသိန်းနှင့် ဂမ္ဘီရပညာ
ဇော်(သုံးဆယ်) ———————— ၂၄၂

ာင်မီးထက်ပြင်းသော
ရှိုင် ———————— ၂၆၆


မင်းသိခ်

(ယခင်လမှအဆက်)



စာ - ၂၀၀


အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး

လာဘ်မိုးဖွေ စာပေ

တိုက်-၂၇၊ အခန်း-၁၂(မြေညီထပ်)

-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၀၉-၄၂၁၀၀၅၉၂၅၊ ၀၉-၅၀၉၂၄၇၇



www.burmeseclassic.com

www.burmeseclassic.com




## လောကီရေးရာ

ဝါလလွတ်ကင်း တူရာသီ ကျွတ်သီတင်း
တက္ကသိုလ်သျှင်ဥက္ကာ ---- ၃၁
သီတင်းကျွတ်လနှင့်အတူ ပျော်ရွှင်နိုင်ပါစေ
ဒေါက်တာစောယုနွယ် ---- ၃၃
ရောင်ပြန်မဂ္ဂဇင်းပြက္ခဒိန်
အင်ကြင်းမြူမြူ(တောင်ငူ) ---- ၃၆
၂၀၁၆ မျောက်နှစ် ၁၂ လရာသီဖွားများ...စက်တင်ဘာလ
ဦးတိုး(တက္ကသိုလ်) ---- ၃၇
တရုတ်နက္ခတ္တဗေဒင်ပညာ ၂၀၁၆ ခုနှစ် အောက်တိုဘာလ...
ကေတီအောင်သိန်း ---- ၄၀
သည်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် ---- ၄၃
စိုက်ပျိုးရေးရာ သည်လမှာ
တောကကိုရင် ---- ၄၅
အောက်တိုဘာလမှာ ဆောင်ရွက်ပါ
နေမျိုးထွဋ်ခေါင် ---- ၄၆
အလုပ်အကိုင် အောင်မြင်ရန်
မဟီဒွိကျော်ခေါင် ---- ၄၇
သည်လဖွားအတွက် ကံဇာတာ
ဆရာမိုးဟန်ကြွယ် ---- ၄၈
မိစ္ဆာဒိဋ္ဌိတရားတော် အပိုင်း(၂)
အရှင်ဝိမလ ---- ၁၁၆
ခြင်္သေ့အကြောင်း တစေ့တစောင်း
နတ်ထီးလှိုင် ---- ၁၂၀
အနန္တငါးအင် ကျေးဇူးရှင်
မောင်အောင်မြင်(မိတ္ထီလာ) ---- ၁၂၅
ရွှေကိုမလို ရေကိုသာလိုသည်
တက္ကသိုလ်သန် ---- ၁၃၅
တရားစောင့်သောမင်း
ခင်မောင်အေး(မန္တလေး) ---- ၁၃၇
ပြည်တွင်းပြည်ပ ဝိညာဉ်လောက ယုံကြည်ချက်များ
လှတိုး(စိတ်ပညာ) ---- ၁၄၆
ဘဝအမောစင်မယ့် လှတောတစ်ခွင် ဟာသများ
ဦးကောင်းထူး ---- ၁၄၉
ရည်ရွယ်သည့်မှာ
ဒေါ်မြစာရီ ---- ၁၅၃
ရင်ထဲကဆူး
အောင်ကျော်ညို(ဆင်ချုံဆိပ်) ---- ၁၆၀
အတိတ်မှ ဖြစ်ရပ်မှန် မှုခင်းများ
လှမိုး(ပညာရေး) ---- ၁၆၃




www.burmeseclassic.com

www.burmeseclassic.com




ဆရာသီဟစကြာစိုးမြင့် (ပွဲကျောင်း) စာ - ၆၅

## လောကီရေးရာ

ဝိန်းခံတပ်မြို့ဟု ခေါ်ပါသည်
မောင်ကောင်းမြင့် ———————— ၁၆၈
လာဇာဒေဝီနတ်သမီး အတ္တုပ္ပတ္တိ
ဦးသန့်ဇင် ———————— ၁၇၇
စတု သစ္စ ကံ၊ စိတ်၊ ဥတု၊ အာဟာရ
ချောယဉ်သာမြင့် ———————— ၁၇၉
ဆရာသမားဆိုတာ ဒါမျိုးပေါ့
ဒေါက်တာစောယုနွယ် ———————— ၂၀၈
ဒီလိုလက်မျိုး သင့်မှာရှိခဲ့လျှင်
ဒေါက်တာစောယုနွယ် ———————— ၂၂၄
ရှောင်တတ် တိမ်းတတ်ပါစေ
ဟန်သီဇင် ———————— ၂၂၇
အမှောင်မာတ်ကို ရှောင်စေလို
ချစ်မမသက် ———————— ၂၄၁
ပန်းတစ်ပွင့်တောင်တွင် ဝေသောနှင်း
မောင်ချိုဝေ ———————— ၂၄၈
ပေစာပြောသော ရက် ၁၀၀ လက်ထောက်ဗေဒင်ဟောကိန်း
ညွန့်နိုင်မာ(ကျောက်ဆည်) ———————— ၂၅၁
ကြီးပွားချမ်းသာအောင် ကြေးကိုးကြေးကိုဆောင်
ဝင်းဇော်(သုံးဆယ်) ———————— ၂၅၃
ရတနာမြတ်သုံးပါးအကျိုး အကျိုးလာဘ်မိုးသို့ရွာ
ဇာမြူပွင့် ———————— ၂၅၅
ပီတိစားသော စကားများ
ပန်းတနော်နောင်လတ် ———————— ၂၅၈
ဆည်းဆာချိန် တိမ်တောက်ခြင်း
သောင်းညွှာ(ပန်းတော်ကျွန်း) ———————— ၂၆၃
ကံတွေကောင်းလို့ အကြောင်းလှပါစေ
မင်္ဂလာဦးရွှေအိုး ———————— ၂၆၅

## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး

အဘအောင်မင်းခေါင်၏ ပုံများ ———————— ၄၉
အဘအောင်မင်းခေါင်၏ ရန်ဘေးဟူသမျှ ကင်းဝေးစေသော
ဝိမုတ္တိအရိယာအင်း
မင်းထက်ကျော် ———————— ၅၇
မင်းဓမ္မတောင်နှင့် အဘအောင်မင်းခေါင်
မောင်မောင်မြင့်အေး ———————— ၆၀
ပုပ္ပားနှင့် ဘိုးတော်အောင်မင်းခေါင်
ဆရာသီဟစကြာစိုးမြင့် ———————— ၆၅
အဘဘိုးမင်းခေါင်အား ပူဇော်ခြင်း
မြနန်းရှင် ———————— ၇၀
အဘဘိုးမင်းခေါင်၏ သိဒ္ဓိရှင်တောင်ဝေးနှင့်
ရုပ်ရှင်ဒါရိုက်တာကြီး
မြနန်းရှင် ———————— ၇၄
ပုပ္ပားဆရာတော် ဦးကျော်နီ(ခ)ဦးကုမာရ လမ်းဆုံတည်ရာ...
ကျော်စံလင်း ———————— ၇၇
ဘိုးတော်အောင်မင်းခေါင်၏ ဖြစ်ရပ်ဆန်းများ
နန္ဒာမင်းခေါင် ———————— ၈၂
ကမ္ဘာ့ရှင်ဘုရင် မဟာအောင်မင်းခေါင်
ဂန္ဓီရဆရာစံ ———————— ၈၅
ဘိုးမင်းခေါင်နှင့် နိမိတ်တဘောင် ကဗျာများ
ချစ်မုန်းငြိမ်း ———————— ၈၉
အောင်မင်းခေါင် ဓမ္မစေတီတော် ဗုဒ္ဓပူဇနိယပွဲ ကျင်းပပူဇော်
မင်းတိုင်ပင်(မြရောင်မြေ) ———————— ၉၂
ဝိဇ္ဇာထိပ်ခေါင် ဘိုးတော်အောင်မင်းခေါင် တည်ထားပူဇော်...
မင်းတိုင်ပင်(မြရောင်မြေ) ———————— ၉၈
အဖေကြီး အောင်မင်းခေါင်၏ စေတီများ...
မော်တင်သိန်းဇော်ဇ ———————— ၁၀၃
အဘဘိုးမင်းခေါင် ပုတီးစိပ်နည်း
သုတေသီမြင့်ထွန်း ———————— ၁၀၇


www.burmeseclassic.com


www.burmeseclassic.com










## ရောင်ပြန် တိုင်းရင်းဆေး

အာဟာရပြည့် ဆေးဖက်ဝင် စားပင်သီးနှံများ
သုတေသီဆရာငြိမ်း ———————— ၂၇၄

မီးလောင်ပြီးပြာ လိုရာသုံးပါ
ကျော်ဇောဟိန်း(နံ့သာ) ———————— ၂၇၈

လစဉ်ထုတ် ရောင်ပြန်မဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်းသို့ စာမူပေးပို့ခြင်း၊ စာမူခထုတ်ယူခြင်းတို့ကို နံနက်(၁၀း၀၀)နာရီမှ မွန်းလွဲ(၂း၀၀)နာရီအတွင်း (စနေ၊ တနင်္ဂနွေနှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ) ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာဖြင့်သော်လည်းကောင်း လာရောက်ထုတ်ယူနိုင်ကြပါသည်။ စာမူပေးပို့ရာ၌ မဂ္ဂဇင်းတိုက်သို့ တိုက်ရိုက်ပေးပို့ခြင်းမရှိပါက တာဝန်ယူမည်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

## ဝိဇ္ဇာထိပ်ခေါင် ဘိုးတော်အောင်မင်းခေါင်

တည်ထားပူဇော် သုံးပါးကပ်ကျော်

**ကိုးနဝင်း ကမ္ဘာ့အေးစေတီတော်**

ခင်းတိုင်ဝင်း(မြေရှင်ခြေ)



စာ - ၉၈

## ဘိုးတော်အောင်မင်းခေါင်၏ ဖြစ်ရပ်ဆန်းများ

ကမ္ဘာ့ရှင်ဘုရင် မဟာပထမံ အောင်မင်းခေါင်

နန္ဒာခင်းခေါင်



စာ - ၈၂


အယ်ဒီတာအဖွဲ့/ကျောက်မြောနှင့် ဖြန့်ချိရေး

လာဘ်မိုးရွာ စာပေ

တိုက် - ၂၇၊ အခန်း - ၁၂(မြေညီထပ်)

၅၂ - လမ်း(အောက်)၊ ပုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၀၉ - ၄၂၁၀၀၅၉၂၅၊ ၀၉ - ၅၀၉၂၄၇၇



### ရောင်ပြန်ဗေဒင်

သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာစောယုနွယ် ———— ၂၇၅

### ရောင်ပြန် အထူးယတြာ

နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း

ဒေါက်တာစောယုနွယ် ———— ၂၉၄

### လူတွေသိ နတ်တွေကြားစေ

လူတွေသိ၍ နတ်တွေကြားစေ ———— ၂၉၆




စာ - ၁၇၄



စာ - ၂၆၆

www.burmeseclassic.com

www.burmeseclassic.com

# ဘိုးတော် အောင်မင်းခေါင် ပုတီးစိပ်



နမော ဗုဒ္ဓါယ သောဘဂဝါ ဣတိပိ

အရဟံ

နမော ဗုဒ္ဓါယ သောဘဂဝါ ဣတိပိ

သမ္မာသမ္ဗုဒ္ဓေါ

နမော ဗုဒ္ဓါယ သောဘဂဝါ ဣတိပိ

ဝိဇ္ဇာစရဏသမ္ပန္နော

နမော ဗုဒ္ဓါယ သောဘဂဝါ ဣတိပိ

သုဂတော

နမော ဗုဒ္ဓါယ သောဘဂဝါ ဣတိပိ

လောကဝိဒူ

နမော ဗုဒ္ဓါယ သောဘဂဝါ ဣတိပိ

အနုတ္တရောပုရိသဓမ္မသာရထိ

နမော ဗုဒ္ဓါယ သောဘဂဝါ ဣတိပိ

သတ္ထာဒေဝမနုဿာနံ

နမော ဗုဒ္ဓါယ သောဘဂဝါ ဣတိပိ

ဗုဒ္ဓေါ

နမော ဗုဒ္ဓါယ သောဘဂဝါ ဣတိပိ

ဘဂဝါ

www.burmeseclassic.com


www.burmeseclassic.com


# ပံ့သကူ

မောင်လွမ်းရည်(ရွှေတောင်)

လူ့ဘဝထဲ ရောက်လာပြီး
လူဖြစ်မယ်မှ မကြံသေးဘူး
လူမဆန်သူတွေကြောင့်
လူဖြစ်ရှုံးပြီး
လူ့လောကထဲက ပြန်ထွက်သွားရတော့မှာလား။

\- အကာလည သန်းခေါင်ယံ
အမှိုက်ပုံ ရွံ့ရှာစရာထဲ
အနှီးစုတ်ပတ်ထားတဲ့ နီတာရဲလေး
အဝေးက ဘယ်သူလာကယ်မလဲ
အူဝဲ...အူဝဲ...အူဝဲ...။ ။



www.burmeseclassic.com

www.burmeseclassic.com

# ယူလိုက်ပါခင်

မောင်သုဆွေ(သပြေပုံ)

- ကိုယ့်လက်ဆောင်ပန်းဖြူလွှဲ
  လွှမ်းယူပါ့ သည်းဦးခင်။

- မယူချင်ပန်ဆင်ပေး
  ခေါင်းလေးငုံ့စဉ်။

- နလုံးက ခုန်ချင်ချင်
  မယုံရင် ခင်စမ်းလှည့်။

- တဒိတ်ဒိတ်ပါကွယ့်
  စိတ်အထာ ငယ်မှုသွေးတို့
  နွေးထွေးနေရဲ့ ။






www.burmeseclassic.com

www.burmeseclassic.com




# ယုံမိယောင်မှား

ရဲမြင့်နောင်


- မောင်းတင်ကာ···
  ကောင်းကင်မှာ ကောက်ကြောင်းခြစ်လို့
  စင်ဆင်မလို ပျိုး···။

- ရာသီအချိန်···
  ညာပလီတိမ်တစ်စုနဲ့
  အခါမီသူ့ဂုဏ်ထိန်းလည်း
  အနောက်တောင်လေထဲယိမ်းတယ်
  စိမ်းနိုင်တဲ့ မိုး···။ ။



www.burmeseclassic.com

www.burmeseclassic.com



T.Z.T 2016

# သစ္စာတိုင်

သွေးရည်

●- ဓကူလ ပါရိက
မိဘများ အလင်းမြင်။

●- သုဝဏ္ဏသျှံ
မြားဆိပ်မှန် လဲရာထ
လျှောကျကြည်လင်။

●- ဘုရားလောင်း ဇာတ်ပေါင်းတွင်
ကျောင်းဝင်တဲ့ သခ်မ်း။

●- ဟိသစ္စ တရားတန်ခိုးနဲ့
သားရွှေအိုးထမ်း။ ။



www.burmeseclassic.com

www.burmeseclassic.com

# မိုးမှာတမ်း

သုမှန်ဦး(ဟင်္သာတ)

● အစဉ်အလာတရားကြီးကို /
ကိုယ်ဝန်ဆောင်သည့်တဲ့စ်ယောက်လို
လွယ်လွယ်ထားရတာ . . .
အေးမြချင်တာပေါ့
ရွာသွန်းချင်တာပေါ့
လယ်မြေယာမြေ
တောတွေတောင်တွေ
စိုစိုစိမ်းစိမ်း လေမှာယိမ်းက
မြင်စမ်းချင်တာပေါ့။

●- ဒါပေမဲ့
နိုက်ရန်ဒေသတွေက
အရင်ကနဲ့ မတူဘူး
ကြီးမားပြီးရင်း ကြီးမားလာတယ်။
ငြူစုမှုတွေက အရင်ကနဲ့မတူဘူး
ထူပြောပြီးရင်း ထူပြောလာတယ်။




●- စိန်ခေါ်မှုတွေက
အရင်ကနဲ့ မတူဘူး
တစ်မျိုးပြီးရင်း တစ်မျိုး
အသွင်အမျိုးမျိုး ပြောင်းပြောင်းလာတယ်။
တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်ဖုံ
မယုံယုံအောင်ပြောပြီး
အတင်းဝင် အတင်းတိုး
အတင်းဖျက် အတင်းလုယက်
မိုးရက်ကိုတောင်မချန်
ပုန်ငိပေ့ အားကြီးလွန်း
တိမ်ယံမှာ အသံသာပေးရပေမဲ့
ရွာရေးငယ်မသေချာတာမို့
တကယ်လို့များ
နောက်ကျခဲ့ရင်
မိုးကို
အဆိုးမမြင်ကြပါနဲ့နော် . . .။ ။




www.burmeseclassic.com

# အရင်းနှင့်ရလဒ်

ချစ်နော်မောင် (က·ပ·န)

- မိုးရွာတုန်းရေခံ
  ရေပြည့်ရေလျှံ တူသော်ငြား။

  အုတ်ကန်နှင့် လက်ခွဲပုံး
- ရေဆုံးရှုံးပမာဏ
  ကွာဟခြားနား။ ။



T.Z.T 2016



www.burmeseclassic.com

www.burmeseclassic.com



# ပစ္စဂ္ဂ

နန္ဒာမိုးကြယ်

- "ဖားတုလို့ ခရုခုန်
  အိုင်ပျက်ရုံ ရှိတော့မပေါ့"···တဲ့။

- တွေ့တာယ်မပဟုတ်လား
  ခြသေ့်ထိုင် ထိုင်တဲ့ဖား
  တုံးအောက်မှာ ပြား။

- ခုန်တဲ့···ခရု
  (ဟော···)
  အောင်ဗေယျတုရယ်နဲ့
  သပြေနုခက်တွေ ဝေလို့။

- တစ်ခါဇာစ်ရုံမှာတော့
  ထင်မှတ်မထားတဲ့ ဇာတ်ကြောင်း
  ပြောင်းလဲတတ်ပါကလားနော်···။ ။



www.burmeseclassic.com

www.burmeseclassic.com




# ဘဝသင်္ခါရ

အောင်ရာဇာ(ဥက္ကလာ)

● ကြက်သွန်ဥနီတစ်လုံး
အပေါ်ယံမျက်နှာဖုံးခွာ
အောက်မှာ…တစ်လွှာ
တစ်လွှာ…ထပ်ခွာ
အောက်မှာ…နောက်တစ်လွှာ
တစ်လွှာ…ထပ်ပြီးခွာ
အောက်မှာ…နောက်ထပ်တစ်လွှာ
ထပ်ပြီး…ခွာ…ခွာ…ခွာ…လာခဲ့
(အဲ့…ဒီမှာ)
ဘာမှမရှိတော့။

●- ဒါ…ဘဝ…တဲ့
ဆရာတစ်ယောက်ရဲ့ ဒဿန
အမှတ်ရမိရဲ့
ထပ်ရှုရှိတဲ့ အသီတွေထဲ
သတိတွေနဲ့ ခွဲကြည့်လိုက်တော့
အမြဲရှိနေတာက
တစ်ခါတစ်ခါ
ရင်နာအောင် ရသတွေပေးတဲ့
(ခြည်…)
သင်္ခါရတရားကြီးပါလား…လို့။ ။



www.burmeseclassic.com

www.burmeseclassic.com

# အောင်(၁၀၈)ဆူ အောင်တော်မူစေတီတော်မြတ်ကြီး

၏

## သာသနာ့မြေအတွင်းကိန်းဝပ်စံပယ်တော်မူသော

# လောကသိဒ္ဓိဗုဒ္ဓရှင်ဗွားဆင်းတုတော်

နှင့်

# သာသနာပြုဆရာတော် ဦးဇဝန


## ပန်းတနော် နောင်လတ်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော် မြို့နယ်၊ ကျုံတိုင်းကလေးကျေးရွာအုပ်စု၊ ကွင်းပေါက်ကျုံတိုင်း ဖျားကျေးရွာတွင် တည်လှူပူဇော်တော်မူသော "ဖူးကျိုက် အောင် ၁၀၈ ဆူ အောင်တော်မူစေတီတော်မြတ်ကြီးသမိုင်း" ကို ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် "မြစ်မခမဂ္ဂဇင်း သဝဏ်"တွင် ရေးခဲ့ပြီးပါပြီ။

"ဖူ"ဆိုသည်မှာ "အဘိုး"၊ "ကျိုက်"ဆိုသည်မှာ "ဘုရား"ဖြစ်၍ "ဖူကျိုက်"ဆိုသည်မှာ "ရှေးက အဘိုးတည်ခဲ့ သောဘုရား"၊ "အဘိုးဘုရား"ဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ကြောင်း အောင် ၁၀၈ ဆူကျောင်းတိုက်ကြီး ... ပဓာနနာယက "အသားသတ်လွတ်ဆရာတော် ဦးပညာရံသီ"က အမိန့်ရှိခဲ့ သည်။

သီလ၊ သမာဓိ၊ ပညာဂုဏ်များနှင့် ပြည့်စုံတော်မူ သော အသားသတ်လွတ်ဆရာတော် ဦးပညာရံသီက -

"ဘုရားအစရှိတဲ့ သူတော်ကောင်းတွေက မကောင်း ...ခဲ့စ်တာ၊ ကောင်းရာညွှန်လတ်ဆိုပြီး ဟောကြားဆုံးမတော်မူ ...တယ်။ သူတော်ကောင်းလမ်းစဉ်ကိုလိုက်ပြီး ဘဝတစ်ပါး ...ပြောင်းရွှေ့ကွယ်လွန်သွားခဲ့တဲ့ ပုဂ္ဂိုလ်တွေကို ကောင်းကျိုးသုခ ...တွေ ရကြပါစေလို့ ရည်မှန်းပြီး ဝတ် အစရှိတဲ့ သက်ရှိသတ္တဝါ



"အောင် ၁၀၈ ဆူ အောင်တော်မူ စေတီတော်မြတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



လာဘသိဒ္ဓိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်

တွေကို မသတ်ကြပါနဲ့။ အသက်သတ်ခြင်းကို ဆင်ခြင်ရှောင်ရှားကြပါ"ဆိုပြီး အထူးမေတ္တာရပ်ခံ သတိပေးကာ "ဘဝခရီးသည်တို့ရေ အသိနောက်မကျနဲ့။ ဟိုတုန်းကကောင်းလို့ အခုကောင်းတာ။ အခုကောင်းမှ ရှေ့လာမယ့်ဘဝတွေကောင်းကြယ်နော်"ဟု သနားညှာတာသောစကားကို ဖွင့်ဆိုထားပါသည်။


"ဖူကျိုက်အောင် ၁၀၈ ဆူ အောင်တော်မူစေတီတော်မြတ်ကြီး"ဟူ၍ ဘွဲ့တော်ဆက်ကပ်ရခြင်းမှာလည်း ၁၀၈ ဆူကုန်သော ဗုဒ္ဓရုပ်ပွား ဆင်းတုတော်မြတ်များ ကိန်းဝပ်စံပယ်တော်မူသည့် ဖူဆိုသော အုဘိုးများနှင့် ဖီဆိုသော အဘွားများ တည်လှူပူဇော်တော်မူသော ဘုရားစေတီတော်ဖြစ်ကြောင်း အသားသတ်လွှတ်ဆရာတော် ဦးပညာရံသီက မိန့်ကြားတော်မူပါသည်။

အောင် ၁၀၈ ဆူ ကျောင်းတိုက်ကြီးတွင် သီတင်းသီလစောင့်ထိန်းတော်မူလျက် သီတင်းသုံးတော်မူသော သာသနာပြုပုဂ္ဂိုလ်များမှာ -

(၁) ဦးစီးပဓာနနာယက အသားသတ်လွှတ်ဆရာတော် ဦးပညာရံသီ၊
(၂) သာသနာပြုဆရာတော် ဦးဇဝန၊
(၃) ဦးသုခ
(၄) ဦးသုစိတ္တ
(၅) ဦးပဏ္ဍိ နှင့်
(၆) ဦးဝိသုဒ္ဓဆိုသောရဟန်းတော်များ
(၇) ရှင်သာမဏေ သုံးပါးတို့အပြင်
(၈) သီလရှင် ဒေါ်ရူပသီဂီတို့ ဖြစ်သည်။

သာသနာပြုဆရာတော် ဦးဇဝနသည် ၁၃၇၆ ခုနှစ်က ဖူကျိုက်အောင် ၁၀၈ ဆူ အောင်တော်မူစေတီတော်မြတ်ကြီး၏ ခြေတော်ရင်းရှိ အောင် ၁၀၈ ဆူ ကျောင်းတိုက်သို့ ရောက်ရှိခဲ့သည်။ ရောက်ရှိလာခြင်းမှာ အမိဌာန်ကြောင့် ဖြစ်သည်။ ဆရာတော် ဦးဇဝန၏ အမိဌာန်မှာ သာသနာပြုလိုခြင်းပင်။

ဆရာတော်ဦးပညာရံသီ၏ ခွင့်ပြုချက်နှင့် ဆရာတော်




သာသနာပြုဆရာတော် ဦးဇဝန



www.burmeseclassic.com

www.burmeseclassic.com



အသားသတ်လွှတ်ဆရာတော် ဦးပညာရံသီ



ပေါက်ရောက်နေသော ဗောဓိညောင်ပင်နှစ်ပင်

ဦးပညာရံသီ၏ ဩဝါဒကို ခံယူကာ ဆရာတော်ဦးဇဝနသည် အောင် ၁၀၈ ဆူ ဘုန်းတော်ကြီးကျောင်း၏ ခေါင်းရင်းဘက် သာသနာ့မြေ၌ လာဘသိဒ္ဓိဗုဒ္ဓရုပ်ပွားဆင်းတုတော်တစ်ဆူကို တည်လှူပူဇော်တော်မူသည်။

သာသနာပြုဆရာတော် ဦးဇဝနက ခုနစ်ရက်သားသမီးများဖြစ်ကြသော ဒါယကာ၊ ဒါယိကာမများကို ဦးဆောင်ကာ လာဘသိဒ္ဓိဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို ပူဇော်ခြင်းဖြစ်သည်။ ထိုဗုဒ္ဓရုပ်ပွားဆင်းတုတော် တည်လှူပူဇော်နိုင်အောင် စေတနာသုံးတန် ပြတ်သားစွာ မတည်လှူဒါန်းသူများမှာ -

(၁) ကျုံတိုင်းကလေးကျေးရွာအုပ်စု အစုကြီးရွာနေ ဖခင်ကြီး ဦးမောင်အုန်း၊ မိခင်ကြီး ဒေါ်ငွေမြိုင်နှင့်

(၂) ကျုံတိုင်းကလေးကျေးရွာအုပ်စု၊ အစုကြီးရွာနေ ဦးမင်း ဦးညွန့်တင်၊ အဒေါ် ဒေါ်ဒိန်ဒတ်တို့ဖြစ်သည်။

သာသနာပြုဆရာတော် ဦးဇဝန၏ လူအမည်မှာ ဦးစံငြိမ်းဖြစ်သော်လည်း ဦးပိုကားဟု လူသိများသည်။ ၁၃၀၁ ခုနှစ်၊ နတ်တော်လဆုတ် ၈ ရက်၊ အင်္ဂါနေ့က ပန်းတနော်မြို့နယ်၊ ပြလင်းကျေးရွာ၌ မွေးဖွားသည်။

ခမည်းတော်မှာ ဦးသိန်းမောင်ဖြစ်ပြီး မယ်တော်မှာ ဒေါ်စက်ဖြစ်သည်။ ဦးဇဝနဘွဲ့တော်ဖြင့် ရှင်သာမဏေဝတ်ရာ ဥပဇ္ဈာယ်ဆရာတော်မှာ လက်ပံတုံးဆရာတော် ဦးအရိယဝံသဖြစ်သည်။

www.burmeseclassic.com

ဆရာတော်သည် ရဟန်းဘဝ လေးဝါအရတွင် ဝါးခယ်မမြို့နယ်၊ ရွှေလောင်းကျေးရွာအုပ်စု ကားကတိုက်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျောင်းထိုင်ဆရာတော်အဖြစ် သာသနာပြုလုပ်ငန်းများ စတင်လုပ်ဆောင်ခဲ့သည်။

သာသနာပြုဆရာတော် ဦးဇဝနဦးဆောင်တည်လှူပူဇော်တော်မူပြီးသော ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များမှာ -

(၁) အိမ်ခြေ ၄၂ အိမ်သာရှိခဲ့သော ရွှေလောင်းကားကတိုက်ရွာရှိ ဘုန်းတော်ကြီးကျောင်း၏ ခေါင်းရင်းဘက် သာသနာ့မြေအတွင်း ယိုယွင်းပြိုဆင်းနေသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို ကြည်ညိုရိုသေလေးစားစွာ ပူဇော်အပ်သော ဗုဒ္ဓရုပ်ပွားဆင်းတုတော်ဖြစ်အောင် တည်လှူပူဇော်ခြင်း၊ ရောင်ခြည်တော်ဖွင့်ခြင်း၊

(၂) ဝါးခယ်မမြို့နယ်၊ ပေါက်တိန်းကြီးရွာရှိ ဘုန်းတော်ကြီးကျောင်း၏ ခေါင်းရင်းဘက် သာသနာ့မြေအတွင်း၌ သပ္ပာယ်ဖွယ်ရာ ဗုဒ္ဓရုပ်ပွားဆင်းတုတော် အသစ်တည်လှူပူဇော်ခြင်း၊

(၃) ဝါးခယ်မမြို့နယ် အိုင်ကြီးရွာရှိ ဘုန်းတော်ကြီးကျောင်း၏ ခေါင်းရင်းဘက် သာသနာ့မြေအတွင်း၌ ရိုကျိုးနှိမ့်ချ ဂါရဝဖြင့် ဗုဒ္ဓဂုဏ်ကို အာရုံယူပူဇော်ဖွယ်ကောင်းသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်အသစ် တစ်ဆူကို တည်လှူပူဇော်ခြင်း၊

(၄) မြောင်းမြမြို့နယ် ပုလုကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၏ ခေါင်းရင်းဘက်သာသနာ့မြေအတွင်း၌ သုခချမ်းသာရပါစေကြောင်း ကောင်းမြတ်သော စိတ်ထားဖြင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်အသစ်တစ်ဆူ တည်လှူပူဇော်ခြင်းနှင့်

(၅) ပန်းတနော်မြို့နယ်၊ ကျုံတိုင်းကလေးကျေးရွာအုပ်စု၊ ကွင်းပေါက်၊ ကျုံတိုင်းဖျားရွာရှိ ဖူကျိုက်အောင် ၁၀၈ ဆူ အောင်တော်မူစေတီတော်မြတ်ကြီး၏ ခြေတော်ရင်းရှိ အောင် ၁၀၈ ဆူ ဘုန်းတော်ကြီးကျောင်း၏ ခေါင်းရင်းဘက် သာသနာ့မြေအတွင်း၌ လာဘသိဒ္ဓိအမည်ရှိသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်တစ်ဆူ တည်လှူပူဇော်ခြင်းတို့ ဖြစ်သည်။

"လာဘသိဒ္ဓိ"ဗုဒ္ဓရုပ်ပွား ဆင်းတုတော်ကို သာသနာပြုဆရာတော် ဦးဇဝနက အောင် ၁၀၈ ဆူသို့ မိမိရောက်ရှိခဲ့သည့် ၁၃၇၆ ခုနှစ်၌ပင် တစ်နှစ်အတွင်း ပြီးစီးအောင် တည်လှူပူဇော်တော်မူခဲ့ခြင်း ဖြစ်သည်။

"လာဘသိဒ္ဓိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်"နှင့် ဆက်နွှယ်သည့် ဖြစ်ရပ်ဆန်းများမှာ ဆန်းကြယ်သည်။

(၁) လာဘသိဒ္ဓိ တည်လှူပူဇော်တော်မူပြီးသည့် ကိုးရက်အကြာ၌ ရေးယခင်ကမရှိခဲ့သော ဗောဓိပင်တစ်ပင်သည် ဗုဒ္ဓရုပ်ပွားဆင်းတုတော်၏ အရှေ့ဘက်လက်ျာဘက်တွင် ပေါက်ရောက်ခဲ့သည်။ ထိုဗောဓိပင်သည် ရှိပြီးသား ကြီးမားရှင်သန်နေသော အုန်းပင်ကြီး၏ခြေရင်း ငါးလက်မအကွာတွင် ပေါက်ခဲ့ခြင်းဖြစ်သည်။ အံ့သြဖွယ်ကောင်းသည်မှာ ထိုဗောဓိပင်သည် အုန်းပင်ကြီးနှင့် တဖြည်းဖြည်းဝေးကွာသွားရာ ယခုအခါ အုန်းပင်ကြီး၏ခြေရင်းနှင့် တစ်တောင်ခန့်အထိ ဝေးကွာနေပါပြီ။ အုန်းပင်ကြီး၏ခြေရင်းနှင့် ပေါက်ခဲ့သော ဗောဓိပင်ငယ်၏သက်တမ်း တစ်လအကြာက နောက်ထပ်ဗောဓိပင်တစ်ပင် ပေါက်ခဲ့ပြန်သည်။ ထပ်မံပေါက်သော ဗောဓိပင်သည် အုန်းပင်နှင့် ပထမဗောဓိပင်ကြားတွင် ဝင်ရောက်နေရာယူပြီးနေပါပြီ။ ဗောဓိပင်များနှင့် အုန်းပင် ရှုပ်ထွေးမှုမရှိအောင် အုန်းပင်ကြီးကို ခြေရင်းမှလှဲဖြတ်ချထားပြီးပါပြီ။

(၂) လာဘသိဒ္ဓိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်တည်လှူပူဇော်ပြီးနောက် တစ်ပါးကျောင်းတစ်ကျောင်းကို ဗုဒ္ဓရုပ်ပွားဆင်းတုတော်၏ နောက်ဘက်၌ ဆောက်လုပ်ခဲ့သည်။ ဆောက်လုပ်ပြီးသည့် တစ်ပါးကျောင်း၏ အတက်အဆင်းကို အုတ်ကျောက်ခဲ့ဖြင့် ပြုလုပ်ရာ ပြုလုပ်စဉ်က တစ်ပါးကျောင်းနှင့် လှေကားခုံမှာ လေးလက်မသာ ဝေးခဲ့သည်။ သို့သော် အံ့သြစရာကောင်းသည်မှာ ယခုအခါ တစ်တောင်ကျော်အထိ ဝေးနေပါပြီ။

"လာဘသိဒ္ဓိဗုဒ္ဓရုပ်ပွားတော်"နှင့် ဆက်နွှယ်သည့် ထူးခြားဆန်းကြယ်မှုများမှာ ထိုမျှသာမကသေး။

(၁) လာဘသိဒ္ဓိရုပ်ပွားတော်မှ ရောင်ခြည်တော်များ ကွန့်မြူးတော်မူသည်ကို ညသန်းခေါင်ယံအချိန်၌ ဖူးတွေ့ရသည်ဟု ဖူကျိုက်အောင် ၁၀၈ ဆူ အောင်တော်မူစေတီတော်မြတ်ကြီးနှင့် မျက်နှာချင်းဆိုင်ရှိသော ကွင်းပေါက်ကျုံတိုင်းဖျားရွာနေအိမ်ရှိ ဦးညွန့်တင်၏ဇနီး ဒေါ်ရွှေဘိုက ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com

(၂) ညသန်းခေါင်အချိန်၌သာ လာဘသိဒ္ဓိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးက ရောင်ခြည်တော်ကွန့်မြူးသည်မဟုတ်။ နေ့လယ် ၁၂ နာရီအချိန်တွင်လည်း ရောင်ခြည်တော်ကွန့်မြူးသည်ကို ဖူးတွေ့ရသည်ဟု ကွင်းပေါက် ကျုံတိုင်းဖျားကျေးရွာသားများနှင့် ရပ်နီးရပ်ဝေးမှ ဈေးသည်များက ပြောပါသည်။

ထိုထက်ထူးခြားသော ဖြစ်ရပ်များရှိသော်လည်း ဆောင်းပါးလေးမည်စိုးသောကြောင့် ဖြစ်ရပ်တစ်ခုသာ ဖော်ပြပါမည်။

ပန်းတနော်မြို့နယ်တွင် ကရင့်ရိုးရာယဉ်ကျေးမှုဇာတ်သဘင်ရှိသည်။ ထိုဇာတ်တွင် မားခလောင်းသာဟု လူသိများသော ဆီးသီးအမည်ရှိ လူရွှင်တော်တစ်ယောက် ရှိခဲ့သည်။ ထိုလူရွှင်တော်က ဝါးငှသားဖြစ်ပြီး အစုကြီးတွင် နေခဲ့သည်။

လူရွှင်တော် မားခလောင်းသာက သာသနာပြုဆရာတော် ဦးဇဝနကို -

"တပည့်တော် ဗီဒီယိုတစ်ခွေ ရိုက်ပါရစေဘုရား"ဟု ခွင့်တောင်းကာ ဖူကျိုက်အောင် ၁၀၈ အောင်တော်မူစေတီတော်၊ လာဘသိဒ္ဓိဗုဒ္ဓရုပ်ပွားဆင်းတုတော်၊ အသားသတ်လွတ်ဆရာတော် ဦးပညာရံသီ၊ သာသနာပြုဆရာတော် ဦးဇဝနနှင့် ယောဂီများဖြစ်ကြသော ယောဂီဒေါ်ရွှေဘို၊ ယောဂီဒေါ်အလီကွမ်၊ ယောဂီဒေါ်တင်တို့၏ ဓာတ်ပုံများ၊ တစ်ပါးကျောင်းနှင့် ဗောဓိပင်များ၏ ဓာတ်ပုံများပါ ရိုက်ကူးခဲ့သည်။

ရိုက်ကူးပြီးသော ဓာတ်ပုံများကို မားခလောင်းသာဟုခေါ်သော လူရွှင်တော် ဆီးသီးက ပန်းတနော်မြို့ရှိ ရွှေအိပ်မက် ကွန်ပျူတာဖိတ်စာလုပ်ငန်းဆိုင်တွင် ၁၃၇၇ ခုနှစ်က ဓာတ်ပုံများကို ကူးခဲ့သည်။ လူချင်းရင်းနှီးပြီးသားဖြစ်၍ ဆိုင်ရှင်က စရန်ငွေပင် မယူထား။

ရက်ချိန်းမစေ့မီ လူကြီးတစ်ယောက် ရွှေအိမ်မက်ဆိုင်ကို ရောက်သွားပြီး -

"လူရွှင်တော်မားခလောင်းသာက သူကူးထားခိုင်းတဲ့ ဓာတ်ပုံတော်ယူခိုင်းလို့ လာတာ။ လာဘသိဒ္ဓိဗုဒ္ဓရုပ်ပွားပုံတော်ကြီးနဲ့ သာသနာပြုဆရာတော် ဦးဇဝနရဲ့ပုံကြီး နှစ်ပုံစီကူးပေးပါ။ အားလုံးအတွက် ငွေအကျေပေးခဲ့မယ်။ အဲဒီဗုဒ္ဓရုပ်ပွား ဆင်းတုတော်ပုံကြီးနဲ့ ဆရာတော်ဦးဇဝနရဲ့ပုံကြီး တစ်ပုံစီပဲယူမယ်။ ကျန်တာတွေအားလုံး လူရွှင်တော်လာယူမယ်"

ဟုပြောကာ ငွေအကျေချေခဲ့သည်။ လာဘမုနိဗုဒ္ဓရုပ်ပွားတော်ပုံတစ်ပုံနှင့် ဆရာတော်ဦးဇဝနပုံ တစ်ပုံသာ ယူသွားသည်။

ရက်ချိန်းစေ့သောအခါ လူရွှင်တော်ကြီးက ရွှေအိပ်မက်ဆိုင်သို့ သွားရောက်ကာ ဓာတ်ပုံများယူသည်။ သူကူးခိုင်းသောပုံများတွင် လာဘသိဒ္ဓိဗုဒ္ဓရုပ်ပွားပုံတော်ကြီးမပါ။ သာသနာပြုဆရာတော် ဦးဇဝန၏ပုံကြီးမပါ။ ငွေလည်းပေးစရာမလို။

"ဒီပုံတွေအတွက် ဘယ်သူ ငွေလာချေတာလဲဗျ"ဟု မေးရာ -

"အဘိုးအိုတစ်ယောက် ငွေလာချေတာ။ ခင်ဗျားပေးခိုင်းတာလို့ပြောတယ်။ ဓာတ်ပုံကြီးတွေကိုလည်း ခင်ဗျားပဲကူးခိုင်းတာလို့ပြောတယ်။ သူက ငွေချေပြီး ဓာတ်ပုံနှစ်ပုံယူသွားတယ်။ ဘယ်မှာနေလဲဆိုတော့ ကျုံတိုင်းဖျားမှာနေတာတဲ့"ဆိုပြီး ဆိုင်ရှင်က ရှင်းပြခဲ့သည်။

အမှန်စင်စစ်၌ ထိုအဘိုးကြီးမှာ ကျုံတိုင်းဖျားရွာ၌မရှိ။ ထူးခြားအံ့ဩဖွယ်ကောင်းပေစွ။

"ဆရာတော်ရဲ့ ရှေ့ဆက်ဆောင်ရွက်ရမယ့် အစီအစဉ်ရှိရင် အမိန့်ရှိပါဘုရား"ဟုမေးရာ -

"အခုလည်း ခုနစ်ရက်သားသမီး၊ ဒါယကာ၊ ဒါယိကာမတွေကို ဦးဆောင်ပြီး ဗုဒ္ဓရုပ်ပွားဆင်းတုတော်တွေ တည်လှူပူဇော်နေသလို ကျုပ် သက်ရှိထင်ရှား ကျန်းမာနေသမျှ ဗုဒ္ဓရုပ်ပွားဆင်းတုတော်တွေကို ပူဇော်တော်မူမယ်ဆိုတာ ကျုပ်ရဲ့ အဓိဋ္ဌာန်ပဲ"ဆိုပြီး သာသနာပြုဆရာတော် ဦးဇဝနက သူ့အဓိဋ္ဌာန်ကို ခိုင်ခိုင်မာမာ ပြောပြခဲ့ပါသည်။

ထေရဝါဒဗုဒ္ဓသာသနာတော် အဓွန့်ရှည်ကြာစွာ တည်တံ့ပြန့်ပွားအောင် သာသနာပြုဆရာတော် သံဃာတော်များ သာသနာပြုနိုင်ကြပါစေ။

ပန်းတနော် နောင်လတ်



www.burmeseclassic.com

www.burmeseclassic.com

# အဖေကြီးအောင်မင်းခေါင်၏ စေတီများ၊ သိဒ္ဓိတရားထူးတို့နှင့် ဩဝါဒမွန်များ

မော်တင်သိန်းဇော်ဇ

**အဖေကြီး ဘိုးမင်းခေါင်၏ အချုပ်အနှောင်၊ အခက်အခဲ၊ အကျဉ်းအကြပ်၊ အတိုက်အခိုက်များအားလုံးကို အောင်မြင်စေနိုင်သော ဂါထာတော်**

အမှာကံ၊ စတုရော ဝိဇ္ဇာ။
ဒီဃာယုကာ မဟိဒ္ဓိကာ။
ပါလယန္တု သဟာ သိဒ္ဓေဟိ။
သဗ္ဗ သမ္ပတ္တိ သိဒ္ဓိယာ။
ဝိနောဓမေ ဒေတု ဣစ္ဆိတံ
စိရံ တိဋ္ဌတု မေအာယု
လာဘော၊ လာဘာတုမေ သဒါ
သေဿာကော ရောဂါ ဝိနဿန္တု
ဓေယျာ သုခါ ဘဝန္တုမေ။

**မှတ်ချက်** ။ အဆိုပါ ဂါထာတော်ကို သာယာဝတီ ထောင်တွင် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးကို ဂျပန်တွေ ဖမ်းထားခဲ့စဉ်က အဘဘိုးမင်းခေါင် လာရောက်ချီးမြှင့်သည်ဟု လေ့လာသိရှိ မှတ်သားရပါသည်။

**အဘအောင်မင်းခေါင်၏ လက်သုံးဂါထာတော်**

ဥုံ-သိဒ္ဓိစုံရာ နတ်တကာ ဝဲယာစောင့်လို့ပေး။
ဥုံ-မနောစိတ္တံ ဤမန္တန် သိဒ္ဓိဆောင်လို့ဝေ။
ဥုံ-ဝေဇမာယ သုဝဏ္ဏရာဇတ လာဘ်လာဘ်။
ဟေဘိ ဟေဘိ။

စကြာမင်းခေါင်၊ လေးကြိုးမင်းခေါင်၊ မဟာဂန္ဓာရ




ဝိဇ္ဇာမိုရ်၊ သာသနာ့အာဇာနည်ဘုရားဒါယိကာကြီး၊ ဝိဇ္ဇာတို့၏ ဦးစီးနာယက ဥက္ကဋ္ဌ၊ သဗ္ဗသိဒ္ဓိဝိဇ္ဇာရေ ပါကဋတေဇမွေစေတီ၊ ယယဘွဲ့မြတ်တော်ကြီးရ အမျိုးဘာသာ၊ သာသနာတော်ကို သယ်ပိုးမြှင့်တင် စိုက်ထူအကျိုးတော်ဆောင် ဖြစ်တော်မူခဲ့သော အဖေကြီး အောင်မင်းခေါင်၊ ဘိုးမင်းခေါင်၊ တိမ်ကြား မင်းခေါင်သည် မြန်မာပြည်အောက်၊ အလယ်၊ အထက်ပိုင်း

www.burmeseclassic.com



ဓာတ်ဝမစေတီ၊
ဝေါင်းတည့်မြို့။



အောင်မင်းခေါင်၏ ကြီးမြတ်လှ ကဲ နက်နဲလှပါသော ဘာသာ၊ ကောင်းမှုကုသိုလ်အတွက်ဆို လျှင် နောက်မဆုတ်နဲ့။ သူတော် ကောင်းဖြစ်ချင်လျှင် မြေကြီးလို နေရတယ်။ ရုပ်ကိုမသုံး နာမ်ကို သုံး စသော ဂန္ထဝင်မြောက် အဆိုအမိန့် ဝိဇ္ဇာစကားမွန် တို့ ကိုလည်း နာယူသိရှိ မှတ်သားရ ပါသည်။

အဖေကြီးအောင်မင်း ခေါင်၊ ဘိုးမင်းခေါင်ကို ယုံကြည် ကိုးကွယ်သူများ၊ ဝိဇ္ဇာမယာလမ်း စဉ်များကို လေ့လာဝင်စားသူ များ၊ ဂါထာမန္တန်၊ ရှားပါးအဆောင်များကို စုဆောင်းလေ့လာ သူများအတွက် လက်လှမ်းမီသရွေ့ ကြိုးပမ်း၍ တင်ပြအပ်ပါ သည်။

ကျေးဇူးကြီးအပ်ပါသော သာသနာပြုပုဂ္ဂိုလ်မွန်၊ ဆရာသခင် ပညာရှင်၊ မေ့မိတ်ဆွေ အစရှိသည့် ဆောင်းပါး စာစုဖြစ်မြောက်ရေးအတွက် ကူညီပြောပြကြသော၊ ပေးအပ် ကြသော ပုဂ္ဂိုလ်များအားလုံးကို လေးမြတ်စွာ ဂါရဝပြုလျက်။

## မော်တင်သိန်းဇော်ဇ


**ဝန်ခံချက်**

(၁) အဖေကြီးအောင်မင်းခေါင်နှင့်ဆိုင်ရာ ဩဝါဒနှင့် ဆုံးမ စာများနှင့် ဂါထာတော်မြတ်များပါ ဓမ္မဒါနမွန်၊ စာအုပ် မွန် (ကျမ်းငယ်) စာမျက်နှာပေါင်း ၃၂ ရွက်။

(၂) အဖေကြီးအောင်မင်းခေါင်ဦးစီး၍ တည်ထားပူဇော်ခဲ့ သည့် ကျေးရွာနှင့် မြို့ကြီးအသီးသီးတို့ရှိ စေတီဘုရား ပုံတော်၊ ဓာတ်ပုံတော်များပါ ဓမ္မဒါနမွန်ကားချပ်။

(၃) အဖေကြီးအောင်မင်းခေါင်၏ အတ္ထုပ္ပတ္တိပါ ဓမ္မတိပ်ခွေ။

(၄) စာပေလာ ဩဝါဒသမားစဉ်လာနှင့် နားကြား အကြား အသိတို့ကို စုစည်းပေါင်းစု၍ တင်ပြခြင်း ဖြစ်ပါသည်



ဘုရားစေတီ၊ နမူနာ၊
ခုရှဲချောင်းကျေးရွာ၊ မိုးညှင်းမြို့နယ်၊



www.burmeseclassic.com


www.burmeseclassic.com

# ဗုဒ္ဓဘိသေက အနေကဇာတင်ပူဇော်

## ရန်ကင်းတောင်ဆရာတော်

## ပါရမီရှင်ဂျာနယ်အား အန္တရာယ်ကင်းပရိတ် ရွတ်ပွားသရဇ္ဈာယ်

**မင်းမာယ**



ရန်ကင်းတောင် ဆရာတော် ဦးဇောတိကသည် ဂျာနယ်မဂ္ဂဇင်းများစွာတွင် ရေးသားနေသည့် ရဟန်းစာဆိုရှင်တစ်ပါး ဖြစ်ပါသည်။ တစ်ကြိမ်မျှ မဖူးရသေး။ ယခုတော့ နယ်လှည့်သာသနာပြု ယောဂီဆရာမကြီး ဒေါ်နန္ဒမာလာ၏ အိမ်တော်မင်္ဂလာသို့ ကြွရောက်လာသဖြင့် သွားရောက်ကြည်ညို ဂါရဝပြုရပါသည်။ ဆရာတော်ဘုရားသည် ပြုံးရွှင်သော မျက်နှာ၊ တည်ကြည်သော ရုပကာယနှင့်ပြည့်စုံသဖြင့် ကျွန်ုပ်ဆရာတော်အား လေးစားကြည်ညိုနေမိပါ၏။ ဆရာတော်သည် ဆရာမကြီး၏ ပင့်လျှောက်ချက်အရ ကြွရောက်သီတင်းသုံးပြီး ဗုဒ္ဓာဘိသေက အနေကဇာတင်ပူဇော်ရသည့်အကြောင်းအား မိန့်ကြားပါသည်။

ဆရာတော် မိန့်ကြားချက်နှင့်အတူ ပင့်လျှောက်၍ ကြွလာကြကုန်သော သံဃာတော်အရှင်သူမြတ် ခုနစ်ပါးတို့သည် ဆရာမကြီး၏ အိမ်တော်အပေါ်ထပ်ရှိ မြတ်စွာဘုရား ကျောင်းဆောင်သို့ ကြွရောက်ကြည်ညိုပါသည်။

ထို့နောက် ကိုးတောင်ပြည့် ချမ်းသာအောင် ဗုဒ္ဓဂယာနိမိတ်တူရုပ်ပွားတော်မြတ်ကြီးရှေ့သို့ ကြွရောက်တော်မူပြီး ဆီမီး၊ ပန်း၊ ရေချမ်း၊ သစ်သီးဆွမ်း ကိုးမျိုးဘောဇဉ်များ လှူဒါန်းဆက်ကပ်ခြင်း မြတ်စွာဘုရားရုပ်ပွားတော်အား ဗုဒ္ဓဘိသေကအနေကဇာတင်တော်မူရာ ဆရာတော်ဦးဇောတိကနှင့် ဆရာတော်များမှ အနေ ကဇာတိသံသရာ··အစချီသော ဂါထာတော်မြတ်ကို ရွတ်ပွားပူဇော်သရဇ္ဈာယ်ကြပါသည်။ ထို့နောက်မှ ပရိတ်ပဌာန်းဒေသနာတော်များ ရွတ်ပွားတော်မူပြီး ဇယံတော ဗောဓိယာမူလေ အစချီ အောင်ဂါထာတော်များဖြင့် ကျူးရင့်ကြပါသည်။ မေတ္တာပို့ခြင်း၊ ဆုတောင်းခြင်း၊ အမျှပေးဝေပြီး ကုသိုလ်ရှင် ယောဂီဆရာမကြီး ဒေါ်နန္ဒမာလာနှင့် တပည့်သာဝကာအားလုံး ကောင်းချီးနှင့်မော် သာဓုသံပြိုင် ခေါ်ဆိုကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ပါရမီရှင်ဂျာနယ် အန္တရာယ်ကင်း ရန်စွယ်ရှင်း

ကုသိုလ်ရှင် ယောဂီဆရာမကြီး ဒေါ်နန္ဒမာလာ စတင်ဖွင့်လှစ်သည့် ပါရမီရှင် ဂမ္ဘီရဂျာနယ်စာမူတိုက်အား အသစ်ဖွင့်လှစ်ခဲ့ရာ ထိုတိုက်တွင်း စောင့်ကြပ်နေသော နတ်မြတ် နတ်ကောင်းများနှင့် မြင်အပ်မမြင်အပ်သော ဝေနေယျသုခိတ၊ ဒုက္ခိတအားလုံး အမျှရ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေခြင်းအားလည်းကောင်း၊ ဂျာနယ်တိုက်တွင် တာဝန်ယူကြမည့် ပုဂ္ဂိုလ်များနှင့် ဝေးနီးနေပုဂ္ဂိုလ်များ အန္တရာယ်ကင်းရှင်းချမ်းသာခြင်းနှင့် ပြည့်စုံစေခြင်း၊ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစေခြင်းငှာ မြတ်စွာဘုရားရှင်၏ နှုတ်ကပါတ်တော် ဂါထာတော်ပရိတ်တော်များ၊ ပဋ္ဌာန်းတော်များကို ဆရာတော် ဦးဇောတိကနှင့် သံဃာတော် အရှင်မြတ်တို့က အန္တရာယ်ကင်းပရိတ် ရွတ်ပွားသရဇ္ဈာယ်ကြပါသည်။

ထိုသို့ ရွတ်ပွားရာတွင် ပထမဦးစွာ ဩကာသကန်တော့ချိုးဖြင့် ဘုရားရှိခိုးကန်တော့၍ ရှစ်ပါးသီလခံယူဆောက်တည်ကြပါသည်။ ထို့နောက် ပရိတ်ပဋ္ဌာန်းတော်များ ရွတ်ပွားသရဇ္ဈာယ်ကာ မေတ္တာပို့အမျှဝေ၍ အထက်အောက် အရပ် ၁၀ မျက်နှာသို့ မေတ္တာဓာတ်ဖြန့်ဝေပြီးနောက် ရေစက်ချ အနုမောဒနာတရားချီးမြှင့်ပြီး ဆရာမကြီး ယောဂီဒေါ်နန္ဒမာလာနှင့် ဒကာနိုင်တို့က ကြွရောက်လာကြသော တပည့်သာဝကများမှ ရေစက်ချအမျှဝေကာ ကောင်းချီးနှမော် သာဓုခေါ်ဆိုခဲ့ပါသည်။


ထိုသို့ ပရိတ်တော်များ ရွတ်ပွားသရဇ္ဈာယ်မှုမပြုမီ သံဃာတော်တစ်ပါး ထပ်မံကြွရောက်လာခဲ့ရာ ထိုဆရာတော်မှာ ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်မှာ ဗုဒ္ဓဘာသာသင်တန်းတက်ရောက်ပြီး MA ဘွဲ့တော် ဆွတ်ခူးရရှိသူ ဘန္တေအာဘယဖြစ်ပါသည်။ ထိုဆရာတော်သည် သီရိလင်္ကာနိုင်ငံသား ဆင်ပြည်နယ်၌ မွေးဖွားပြီး ဆင်လူမျိုးမှ ဗုဒ္ဓဘာသာဝင်ဖြစ်ကာ ရဟန်းဝတ်၍ မြန်မာနိုင်ငံတော်၌ ထေရဝါဒဗုဒ္ဓ သာသနာတော်မြတ်ကြီးကို မြန်မာဘာသာဖြင့် ကြိုးပမ်းသင်ယူခဲ့ရာ ယခုအခါ မြန်မာစကား ကောင်းစွာပြောဆိုနိုင်သူဖြစ်ပါ၏။ ဆရာတော်ဦးဇောတိကရန်ကင်းတောင်ဆရာတော်အား လာရောက်ဖူးမြော်ရင်း အန္တရာယ်ကင်းပရိတ်တရားတော် အတူတကွ ရွတ်ဆိုသရဇ္ဈာယ်ခဲ့ခြင်းဖြစ်၍ အလွန်မှထူးခြားသောနေ့ ဖြစ်ပါသည်။ ပင့်လျှောက်မထားဘဲ ကြွရောက်တော်မူလာသည့် ဆရာတော်ဖြစ်၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းတော်မူပါသည်။





www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဆရာမကြီးမှ ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းတော်မူပါသည်။ ထို့အတူ ဆရာတော်ကြီးများထံ သင်္ကန်းဆက်ကပ်သူ အလှူရှင်မှာ ကွယ်လွန်သူ ဦးသန်းကြည်အား ရည်စူး၍ ဇနီးဒေါ်ခင်ဝင်း မိသားစု ဆက်ကပ်တော်မူကြပါသည်။ ထို့နောက်မှာ ဆရာမကြီးနှင့် ဒကာနိုင်တို့မှ ဆရာတော်များအား နဝကမ္မဝတ္ထု ငွေများ ဆက်ကပ်လှူဒါန်းကြပါသည်။ ထို့ပြင် သီရိလင်္ကာသို့ ဗုဒ္ဓစာပေများ သင်ကြားပို့ချ နည်းပြတော်မူမည့် ဆရာတော်လေးပါးအား ပစ္စည်းလေးပါးအလို့ငှာ သာသနာတော် သုံးရပ်အတွက် အလှူတော်ငွေ တစ်ပါးတစ်သိန်းစီ ဆက်ကပ်လှူဒါန်းကြပါသည်။ ပြီးနောက် ဆရာတော်ကြီးများ ချမ်းသာအောင်ဗုဒ္ဓရုပ်ပွားတော်ကြီးအား ကြည်ညိုပူဇော်ကြပါ။ ထို့အတူ သီရိလင်္ကာနိုင်ငံမှ ဘဒ္ဒန္တအာဘာယသည်လည်း မြတ်စွာဘုရားရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ မှတ်တမ်းဓာတ်ပုံရိုက်ခဲ့ကြပါသည်။ ဗုဒ္ဓဘီသေက အနေကဇာတင်ပွဲနှင့် ပါရမီရှင်ဂျာနယ်တိုက်အား အန္တရာကင်းပရိတ် ရွတ်ပွားပူဇော်ခြင်း အခမ်းအနား အောင်မြင်စွာပြီးမြောက်ခဲ့ပါသည်။

ယခုအခါ ဆရာမကြီး၏ အိမ် တက်မင်္ဂလာရေ့ ခေတ္တမျှ သီတင်းသုံးတော်မူနေသည့် ရွှီးတောင်ပြည့်ချမ်းသာအောင်' နိမိတ္တဗုဒ္ဓဂယာစကျင်ရုပ် ပွားတော်မြတ်ကြီးသည် ဉာဏ်တော် ၁၅ ပေ ၉ တောင်အမြင့်ရှိပြီး အလေးချိန်






www.burmeseclassic.com

www.burmeseclassic.com

၁၈ တန်ခန့် ရှိပါသည်။ ဤခရေပင် ရိပ်မွန်(၂)သို့ ကြွရောက်အပူဇော်ခံရန် ခက်ခက်ခဲခဲ ပင်ပန်းကြီးစွာဖြင့် ပင့်ဆောင်လာရခြင်းမှာ လွယ်ကူလှသည်တော့ မဟုတ်ပါ။ မြတ်ဗုဒ္ဓကိုယ်ပွား နိမိတ္တရုပ်ပွားတော်အား အများပြည်သူ ချမ်းသာအောင် အတိတ်ဆောင်၍ ဘွဲ့တော်သမုတ်ထားခြင်းဖြစ်ပါသည်။ သက်ဆိုင်ရာ မြို့နယ်သံဃနာယကဆရာတော် အရှင်သူမြတ်တို့၏ ထောက်ခံချက်ဖြင့် ခေတ္တကိန်းဝပ်မှာဖြစ်ကြောင်းလည်း သိရှိပြီးဖြစ်ပါ၏ ထိုကိစ္စအဝဝ အားဦးဆောင်သူ နယ်လှည့်သာသနာပြု ဆရာမကြီး ယောဂီဒေါ်နန္ဒမာလာ၏ ဆောင်ရွက်မှုများအားလုံး အောင်မြင်တိုးပွားစေခြင်းမှ ပိတ်ပင်ခြင်း၊ ဟန့်တားခြင်း။ မလိုမုန်းထား မစ္ဆရိယပွားခဲ့ပါသော် မြတ်စွာဘုရားစကား မလိုက်နာ၊ နားမထောင်သူ၊ သူတစ်ပါးစိတ်မချမ်းမြေ့မှ ကိုယ်စိတ်ချမ်းသာသူ ဣဿာမစ္ဆရိယ များလွန်းသူတို့သွားရာလမ်းသည် ဧကန်အပါယ်ဘုံသာ ရှိပေတော့သည်။ လိုလားတောင့်တသည့် မဂ်တရား ဖိုလ်တရားတို့သည် ထိုမစ္ဆရိယတရားကြောင့် နီးမှာန်မရောက်နိုင်ဘဲ အပါယ်သို့သာ သွားရပါမည်။

ယခုအခါ ကိုးတောင်ပြည့် ချမ်းသာ အောင်ရုပ်ပွားတော်မြတ်ကြီးသည် ခရေပင်ရိပ်မွန်ရှိ ဆရာမကြီး အိမ်တော်မင်္ဂလာဆောင်တွင် ခေတ္တစေတနာတော်ခံ၊ အကြည်ညိုခံနေပါသည်။ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အထိပ်ထားရာ မြတ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရန်ကင်းတောင်ဆရာတော် ဦးဇောတိကနှင့် သံဃာတော်အရှင်သူမြတ်များက ဗုဒ္ဓဘိသေက အနေကဇာတင် ပူဇော်ခြင်းနှင့် ပါရမီရှင် ဂန္ဓာရီ ဂျာနယ် အဖွဲ့ရေးသားကောင်းကိုဝင် ရွှတ်ပွားသရဇ္ဈာယ်ခြင်းအား





လည်းကောင်း။ ၂၈-၅-၁၆ နေ့တွင် ကျောက်ဂူရေတွက်တောရ ဆရာတော် ကြီး ဦးဣန္ဒာစရိယနှင့် ဒိုက်ဦးမြို့ ခေမာသီဝံဆရာတော်ဦးခေမိန္ဒမှ ကြွရောက်ကြည်ညိုမှုပေးခြင်း မေတ္တာပို့ဆုတောင်းခြင်း။ ၃၀-၅-၁၆ ရက်နေ့တွင် ရေကြည်မြို့ ဝေဘူချောင် မေတ္တာရှင် ဘာချန်ဦးဝိသိမှ ကြွရောက်ကြည်ညို၍ မေတ္တာပို့ပွားများခြင်းနှင့် ၃၁-၅-၁၆ နေ့တွင် မန္တလေးမြို့ ကံကူကြီး နဂါးရုံဆရာတော် ဘဒ္ဒန္တသဉ္ဇောသာရတို့မှ ကြွရောက်ကြည်ညိုသည့်ပြင် မယ်တော်ကြီးအား ဂါရဝပြုခြင်းတို့မှာ မြတ်စွာဘုရားကြီးအား ဗုဒ္ဓဂုဏ်တော်များကို ကြည်ညိုဂါရဝပြုနေခြင်း ဖြစ်ပါသည်။ ထိုသို့ကြွရောက်ပူဇော်ခြင်း၊ ကြည်ညို လေးစားခြင်းဖြင့် သင်တို့လည်း ဘုရားဒါယကာ၊ ဒါယိကာမအဖြစ် ခံယူပူဇော်ကြစေရန် နှိုးဆော်ချင်ပါသည်။ ယခုကျင်းပပြီးစီးပြီဖြစ်၍ ကျွန်ုပ်တို့နှင့်အတူ အားလုံးသာဓုခေါ်နိုင်ကြပါစေရန် လေးစားစွာဖြင့် ဂါရဝပြုလိုက်ပါတော့သည်။

သာသနာတော်မြတ် ဝိဇ္ဇာခေတ် ရွှန်းလင်းကျွှာတည်ပါစေ...

**မင်းမောယ**

၀၉-၃-၁၉၈၂


www.burmeseclassic.com

# ထိုင်းနိုင်ငံဘန်ကောက်မြို့၏
# တန်ခိုးကြီး
# ရွှေပေါင်းမြဲဘုရားရုပ်ပွားတော်

မြမဉ္ဇူဝေ(ကျုံမငေး)

ဗုဒ္ဓသာသနာသည် မြန်မာပြည်၌သာမက နိုင်ငံရပ်ခြားတိုင်းပြည်များအထိ နေပမာ လအဆင်းကဲ့သို့ ဖြာဝင်းစွာ တင့်တယ်နေပြီဖြစ်ပါသည်။ လူမျိုးခြား ဘာသာခြားများကပါ အလေးထားသော သာသနာဟုလည်း ဆိုနိုင်ပါသည်။ စာရေးသူတို့ ဗုဒ္ဓဘာသာဝင်များအဖို့လည်း ဂုဏ်တက်စေသော သာသနာလည်းဖြစ်ပါသည်။

စာရေးသူ ကျွန်မလည်း မြန်မာနိုင်ငံအတွင်း ဘုရားဖူးခရီးသွားပြီး ပြန်လည်ရေးသားပူဇော်ခဲ့သော ဘုရားစေတီပုထိုးများစွာကို ကြည်နူးသဒ္ဓါပြည့်ဝစွာဖြင့် နှလုံးစိတ်ဝမ်း ချမ်းမြေ့မှုများ ဖြစ်ပေါ်ခဲ့ရပါသည်။ အခွင့်အခါသင့်၍ နိုင်ငံရပ်ခြား တိုင်းပြည်များသို့ ဘုရားဖူးခရီးသွားခဲ့ရသော်လည်း ဘာသာခြား၊ စကားခြားနှင့် ဗုဒ္ဓဘုရားစေတီများကို ဖူးမြော်ခဲ့ရရုံသာ ဖြစ်ခဲ့ရပါသည်။




ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှ တန်ခိုးကြီးမြဲဘုရား

လွန်ခဲ့သော ၂၀၁၅ ခုနှစ် အတာသင်္ကြန်ကာလ ဘုရားဖူးခရီးစဉ်အဖြစ် ရန်ကုန်မြို့ လသာမြို့နယ်၊ ၂၃ လမ်းမှ သုခမိန် ဘုရားဖူးအပန်းဖြေခရီးသွားလုပ်ငန်း၏ ဦးမျိုးကြီး၊ ဒေါ်အေးမြခိုင်တို့ စီစဉ်မှုဖြင့် ထိုင်းနိုင်ငံ မြဲဘုရားဖူးခရီးစဉ်ကို လိုက်ပါခဲ့ပါသည်။ ထိုင်းနိုင်ငံရှိ ဗုဒ္ဓဘုရားစေတီများသို့ နှံ့နှံ့စပ်စပ် ဘုရားဖူးရောက်ခဲ့ရပါသည်။ သို့သော်လည်း ပြန်လည်ရေးသားပူဇော်ရန်အတွက် အခက်အခဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မြဘုရား
ဂန္ဓကုဋိကျောင်း
အထွတ်စေတီတော်

သည်က သူစကားကိုယ်မသိ၊ ကိုယ့်စကားသူမသိဖြစ်ကာ ရောက်ပြန်ဖြစ် ခဲ့ရပါသည်။

ယခုနှစ် အတာသင်္ကြန် ဘုရားဖူးခရီးများအပြန်တွင် မိတ်ဆွေတစ်ဦး ထိုင်းစကားဟက်ကျွမ်းသောကြောင့် မြဘုရား၏ ဘုရားတည်သမိုင်းကို မေးမြန်းခဲ့ရာ သိမှတ်မိသမျှကို စာရေးသူအား တစ်ဆင့်ပြန်၍ ပြောပြမှုများကို ရေးသား ပူဇော်ဖော်ပြလိုက်ပါသည်။

မြဘုရားကို ဒေသခံထိုင်းလူမျိုးများက ဝပ်ဖရာ ကေ့ (Wat Phra Kaew)ဟု ခေါ်ခဲ့ကြပါသည်။ ဝပ်သည် ဘုရား၊ ကရောက်သည် ကျောက်စိမ်းဟု အဓိပ္ပာယ်ရပါသည်။ မြဘုရား၏ မုဒြာဟန်မှာ ဘယ်ခြေပေါ် ညာခြေတော်တင်၍ တင်ပျဉ်ခွေအထိုင်ပုံတော်ဖြစ်ပါသည်။ သီရိလင်္ကာ၊ လာအို စသည့်နိုင်ငံများနှင့် ဆက်နွယ်နေဟန်လည်း ရှိ၏။ ဆင်းတုတော်၏ ဉာဏ်တော်အမြင့်မှာ ပေဝက်ခန့်ဟု ခန့်မှန်းပြီး ဦးခေါင်းတော်တွင် အဆင့်ငါးဆင့်ပါသော ထီးတော် အုပ်မိုးထားပါသည်။ ကိန်းဝပ်တော်မူနေသော ဂန္ဓကုဋီတိုက်ဟု ဆိုရမည့် စံကျောင်းတော်မှာ ကျယ်ဝန်းလှပြီး ဆင်းတုတော်ပရဝဏ်သည် ၄၈.၃ စင်တီမီတာအကျယ်နှင့် ၆၆ စင်တီမီတာအမြင့်ရှိကြောင်း ဆိုပါသည်။

သမိုင်း အထောက်အထားများတွင် AD ၁၄၃၄ ခုနှစ်တွင် ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်ခရိုင်အတွင်းရှိ စေတီတော်တစ်ဆူ မိုးကြိုးလျှပ်စီးထိမှန်၍ စေတီတော်ပျက်စီးခဲ့ရာ အတွင်း၌ အင်္ဂတေဖြင့်ထုဆစ်သော အထိုင်ဆင်းတုတော်တစ်ဆူကိုတွေ့ရှိရာ ဘုန်းတော်ကြီးတစ်ပါးမှ မိမိကျောင်းသို့ ပင့်ဆောင်ပူဇော်ထားခဲ့၏။ တစ်နေ့တွင် ဆင်းတုတော်မှာ အင်္ဂတေများကွာကျပြီး ကျောက်စိမ်းအသားဖြင့် ဖူးတွေ့ခဲ့ရသောကြောင့် သန့်ရှင်းသွားစေရန် အင်္ဂတေများကို သေချာစွာရှင်းလင်းကာ ကိုးကွယ်ခဲ့ပါသည်။

ထိုသတင်းမှာ နိုင်ငံအတွင်း ပျံ့နှံ့သွားသဖြင့် ထူးဆန်းသောဘုရားအဖြစ် လာရောက်ဖူးမြော်ခဲ့ကြပြီး ချင်းမိုင်ခရိုင်ဘုရင်နားသို့ရောက်ကာ ဘုရင်"ဆမ်ဖန်ကင်န်"မှာ ချင်းမိုင်ပြည်နယ်သို့ပင့်ရန် ဆင်တော်ဖြင့် ရဲမက်များကို စေလွှတ်ခဲ့ပါသည်။ သို့သော်လည်း လမ်းခရီးတွင် ဆင်တော်သည် လမ်းဆုံသို့ရောက်သောအခါ လမ်းပန်းမြို့သို့ဦးတည်ပြီး သုံးကြိမ်တိုင်တိုင် ဦးခေါင်းလှည့်သောကြောင့် ဘုရင်ကြီးက မြဘုရားသည် လမ်းပန်းမြို့၌ စံပယ်တော်မူလိုသည်ဟု မှတ်ယူခဲ့ပြီး AD ၁၄၆၈ နှစ်အထိ လမ်းပန်းမြို့တွင် နှစ်ပေါင်း ၃၂ နှစ်



မြဘုရား
သာသနိကနယ်မြေမှ
ဘုရားကျောင်းဆောင်တစ်ခု

www.burmeseclassic.com

တိုင်တိုင် မြဘုရားကို စံနေရန် စီစဉ်၍ ပူဇော်မှုပြုစေခဲ့ပါသည်။

ဘုရင်ကြီး နတ်ရွာစံခဲ့ပြီးနောက် AD ၁၅၅၂ ခုနှစ်တွင် အမွေခံမောင်ဖြစ်သော ဘုရင်ကြီး၏သမက်တော် လာအို ဘုရင်မှ စကြာလက်ဆိုကျွယ်စေ၍ ရောက်ခဲ့ပါသည်။ နောက်ပိုင်းတွင် လာအိုဘုရင်၏ သားတော်မှ လာအိုနိုင်ငံသို့ ပြောင်းရွှေ့စံခဲ့ပြီး မြဘုရားကိုပါ တစ်ပါတည်း ပင့်ဆောင်သွားခဲ့ပြီး ၁၂ နှစ်တိုင်တိုင် ပူဇော်ခဲ့ပါသည်။

AD ၁၅၆၄ ခုနှစ်တွင် ဗီရန် တိန်းမြို့တွင် နှစ်ပေါင်း ၂၁၄ နှစ်တိုင်တိုင် စံနေခဲ့ပြန်ပါသည်။ AD ၁၇၇၈ ခုနှစ် ဘန်ကောက်စစ်သည်တော် ရောက်ခဲ့၍ ဗီရန်တိန်းတွင် မြဘုရားအား ထားရှိခြင်းမပြုဘဲ ဘန်ကောက်မြို့တွင် ထားရှိ ပူဇော်ခဲ့ပါသည်။ ထိုအချိန်မှစ၍ မြဘုရားသည် ခံ့ထည်စွာ စံနေတော်မူနိုင်ရန် ရွှေနန်းတော်ကြီး ဆောက်လုပ်လှူဒါန်း ခဲ့ပါသည်။

ထိုအချိန်မှစ၍ မြဘုရားသည် ဘုရားဖူးများဖြင့် စည်ကားခဲ့ပြီး ထိုင်းနိုင်ငံအရပ်ရပ်နေထိုင်ကြသော ဒေသခံများ မှ ထိုင်းနိုင်ငံကိုစောင့်ရှောက်သော တန်ခိုးကြီးဘုရားအဖြစ် ဂုဏ်တင်ခဲ့ရာ ထိုင်းနိုင်ငံ၏ မြဘုရားဟုလည်း ကျော်ကြားခဲ့ ပါသည်။

မြဘုရားတော်မြတ်ကို ဘန်ကောက်မြို့ ရှိ နန်းတော် ကျောင်းဟုဆိုသော ရွှေကျိုင်းကျောင်းသို့ AD ၁၇၈၄ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ပင့်ဆောင်ခဲ့ပြီးသည့် အချိန် ကာလ၌ RAMA ဘုရင် (ပထမ)လက်ထက်မှ စ၍ တစ်နှစ်တွင် နှစ်ကြိမ် နွေရာသီနှင့် မိုးရာသီကာလများတွင် သင်္ကန်းကပ်လှူမှုများ ပြုခဲ့ပါသည်။

ထို့နောက် RAMA ဘုရင် (တတိယ)လက်ထက် ဖြစ်သော AD ၁၈၂၄ ခုနှစ်မှ AD ၁၈၅၁ ခုနှစ်များတွင် တစ်ကြိမ်ထပ်၍ သင်္ကန်းကပ်လှူခဲ့သောကြောင့် နွေ၊ မိုး၊ ဆောင်းဆိုသော ကာလသုံးမျိုးစလုံး သင်္ကန်းကပ်လှူခဲ့ပါသည်။

ယခုအခါ မြဘုရားဖူး ဘုရားဖူးဧည့်သည်များနှင့် အလွန်စည်ကားနေသော ဗုဒ္ဓဘာသာဝင်များအတွက်ရော ရှိ၍လည်း သာသနာအတွက် ဂုဏ်ဆောင်စရာ ဖြစ်ခဲ့ရပါသည်။ ဘုရားဖူးများအနေဖြင့် မြဘုရားဆင်းတုတော်ကိုလည်း ဒေသခံ ဘုရားဖူးများနှင့်ပါ အထူးစည်ကားနေသောကြောင့် ရွှေဘုရား



မြဘုရား ကျောင်းတော်ရှေ့မှ ထူးခြားသော ရိုးရာရုပ်တု

ပွဲတော်မျှပေါ့ အတူသွားဘုရားဖူးမိတ်ဆွေများက ဝမ်းသာစွာဆို ပါသည်။

လူမျိုးခြား ဘာသာခြားများနှင့် အလွန်စည်ပင်နေ သော ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့လယ်မှ မြဘုရားသို့ အခါ မရွေး လာရောက်ဖူးမြော်နေသောကြောင့် ဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံသားများလည်း တစ်ခါတစ်ခေါက် ဘုရားဖူးတစ် ခေါက် သွားရောက်ဖူးမြင်၍ မှတ်သားသိရှိသမျှ ကြိုးစား၍ ရေးသားပူဇော်လိုက်ပါသည်။

## မြမဥ္စူဝေ(ကျုံမငေး)

**ကိုးကားမှုများ။**

၁။ စာရေးသူ၏ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ မြဘုရားဖူး ခရီးမှတ်တမ်း။

၂။ စာရေးသူ၏မိတ်ဆွေ မောင်ကောင်း(ဘာသာပြန်- ကျွမ်းကျင်သူ)။

၃။ မြဘုရား လက်ကမ်းစာစောင်များနှင့် ဘာသာပြန်ဆို သော ခရီးသွားဖော် မိရှမ်းဒေသ(လာဟို) ရှမ်းမြန်မာ။



www.burmeseclassic.com

www.burmeseclassic.com

## ဝါလလွှတ်ကင်း

# တုရာသီ ကျွတ်သီတင်း

တက္ကသိုလ်သျှင်ဥက္ကာ(မဟာဝိဇ္ဇာ၊ ကျွမ်းမြူ)

ဝါလကင်းလွှတ် သီတင်းကျွတ်သို့ ရောက်ခဲ့ချေပြီ။

မြောက်လေပြန် အဦးအစ ဖြစ်သည်မို့ မြစ်ချောင်းရေပြင်တို့သည် ငြိမ်သက်လုပါဘိ။ ကြာဖြူ၊ ကြာနီ အစရှိသော ကြာပန်းတို့မှာ လှိုင်လှိုင်ပွင့်၍ မြောက်ပြန်လေနှင့်အတူ ထုံသင်းမွှေးကြိုင်နေကောသည်။ သို့ဖြစ်၍ ရှေးစာဆိုတို့က "ရာသီတုခွင်၊ ရေပြင်လှတင့်၊ ကြာမျိုးပွင့်" ဆိုကြ၏။

တုရာသီဟု ဆိုရခြင်းကား သင်္ကရိုက်ဘာသာအားဖြင့် "တုလ" ဟူ၍ ခေါ်ကြလေရာ စဉ်းချိန်(ချိန်ခွင်)ဖြစ်လေ၏။ သီတင်းကျွတ်လပြည့်၌ လမင်းသည် "အဿဝဏီ" မည်သော နက္ခတ်နှင့် ယှဉ်ပြိုင်ထွန်းပလေရာ သီတင်းကျွတ်လသည် ကျက်သရေမင်္ဂလာနှင့် ပြည့်ဝသောလဟု ဆိုရပေမည်။ တောင်သူလယ်သမားတို့အဖို့ စပါးကောက်နံ့တို့ ပြည့်ဖြိုးကာ ရတနပုံဆိုက်တော့မည့်ကိန်းဖြစ်၍လည်း ဝမ်းသာကြည်နူးရသည့် လရာသီဟု ဆိုရပေမည်။

ဗုဒ္ဓဘာသာဝင် နိုင်ငံသူ၊ နိုင်ငံသားများအဖို့ ရဟန်းသာမဏေအပေါင်းအား ပစ္စယာနုဂ္ဂဟ ခွမ်း၊ ကွမ်း အစရှိသော ပစ္စည်းလေးပါးတို့ကို ထောက်ပံ့ခဲ့ကြသဖြင့် ဝါတွင်းသုံးလတိုင်တိုင် သီတင်းသုံးကာ ဝါကပ်ရင်း ပရိယတ်ကို စိတ်နှလုံးချမ်းမြေ့စွာ အားထုတ်တော်မူခဲ့ကြသည်။ ထို့နောက် ဝါလကင်းလွှတ်လေသောအခါ ရဟန်းသာမဏေတို့သည် ဥပုသ်အိမ်၊ သိမ်တို့၌ ပဝါရဏာများကို ပြုလုပ်ကြလေသည်။ ဤ၌ ပဝါရဏာဆိုသည်မှာ ဆိုအပ်သောအချိန်ကာလအတွင်း မိမိတို့၌ အပြစ်ကြီးငယ်ရှိပါက ခွင့်လွှတ်တော်မူကြပါရန် မေတ္တာရပ်ခံသည့်သဘောပင်ဖြစ်၏။ သိက္ခာဝါရင့်မထေရ်ကြီးများမှာလည်း ထိုနည်းတူစွာ ခွင့်လွှတ်ကြပါရန် ခွင့်ပန်လေ့ရှိပါသည်။ ထိုသို့ ကောင်းမြတ်သော အတာကိုယူ၍ လူပုဂ္ဂိုလ်အသီးသီးတို့မှာ ဤလ၊ ဤရာသီရောက်လေသော် သက်ကြီးဝါကြီး ဘိုးဘွားမိဘ၊ ဆရာသမားတို့ထံ သွားရောက်လျက် ပူဇော်ကန်တော့ကြလေသည်။

ဝါလကင်းလွှတ် သီတင်းကျွတ်သို့လည်းရောက်၊ ပတ်ဝန်းကျင်ရာသီဥတုကလည်း ပွင့်လင်းသွေ့ခြောက်လေပြီ ဖြစ်ရကား ရဟန်းသာမဏေများအဖို့မိမိတို့ ကြွရောက်လိုရာအရပ်များသို့ စိတ်ချမ်းမြေ့စွာ ကြွရောက်သီတင်းသုံးကြလေသည်။ ဤ၌ သီတင်းကျွတ်လ၏ ထူးခြားသော ပွဲသဘင်မှာ ဆီမီးမြင်းမိုရ်ပွဲပင် ဖြစ်၏။ မြင်းမိုရ်ပွဲပေါ်လာရခြင်းကား သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရားသည် ဝါတွင်းသုံးလပတ်လုံး တာဝတိံသာနတ်ရွာ၌ မယ်တော်ဖြစ်ခဲ့ဖူးသည့် သန္တုသိတ နတ်သားကို အမှူးပြုလျက် နတ်ဗြဟ္မာအပေါင်းအား ခက်ခဲနက်နဲလှစွာသော အဘိဓမ္မာဒေသနာတော်များကို ဟောကြားတိုက်ကျွေးခဲ့ပြီး ဝါတွင်းသုံးလပြည့်မြောက်၍ သီတင်းကျွတ်လပြည့်နေ့သို့ ရောက်လေသောအခါ လူတို့ဌာနေတစ်ခုဖြစ်သည့် သင်္ကဿနဂိုပြည်သို့ ဆင်းသက်ခဲ့၏။ ထိုအခါ သင်္ကဿနဂိုရ်ပြည်ရှိ ရဟန်းရှင်လူအပေါင်းသည် ဆီမီးရောင်စုံများ ထွန်းညှိလျက် ဘုရားရှင်အား ပူဇော်ကြိုဆိုကြလေသည်။ ထိုသို့ ဆီမီးမြင်းမိုရ်ထွန်းညှိသည့်ဓလေ့ကို စွဲမှတ်ကာ သီတင်းကျွတ်လပြည့်နေ့သို့ ရောက်လေတိုင်း မြင်းမိုရ်ပွဲများ ကျင်းပကြခြင်းဖြစ်လေသည်။

အင်းဝမြို့တော်ကြီး ကောင်းစားစဉ်အခါက သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့သို့ရောက်လျှင် မင်းပြင်



www.burmeseclassic.com

www.burmeseclassic.com

၌ မြင့်မားလှစွာသော ပြာသာဒ်ကြီးကို ဆောက်လုပ်ကာ လှေကားသုံးသွယ် စီစဉ်ဆင်ယင်ပြီး ဆီမီးများ ထွန်းညှိ ပူဇော်ကြသည်။ ထိုကောင်းမြတ်သော ဓလေ့၏ ပွဲသဘင်ကို "တာဝတိံသာပွဲ" ဟုလည်း ခေါ်ဆိုခဲ့ကြသည်။

ရှေးမြန်မာမင်းတို့သည် မြင်းမိုရ်ပွဲသဘင်ဖြစ်သော တာဝတိံသာပွဲကို လေးစားစွာ ဆင်ယင်ကျင်းပလေ့ရှိစမြဲဖြစ်၏။ မင်းညီမင်းသား ဆွေမျိုးအပေါင်း၏ ပူဇော်ကန်တော့မှုကို ခံယူကြကုန်၏။ အနယ်နယ်အရပ်ရပ်ရှိ သြဇာခံ နယ်စား၊ မြို့စား၊ ပြည်သူပြည်သားအပေါင်း၏ ပူဇော်ကန်တော့မှုကိုလည်း ခံယူကုန်၏။ ထိုအခါ နန်းတွင်း၌လည်းကောင်း၊ အနယ်နယ်အရပ်ရပ်၌လည်းကောင်း ဆီမီးရောင်စုံများ ထွန်းညှိကြခြင်းနှင့်အတူ ပျော်ပွဲရွှင်ပွဲ ကြည့်ချင်ပွဲများကိုပါ ထည့်သွင်းတတ်ကြလေသည်။

ဤ၌ ရှေးသဘင်ပညာရှင်ကြီးများသည် ပညာသည်များပီပီ လောက၊ ဓမ္မ၊ ရာဇ အရေးသုံးပါးကို ကောင်းစွာ လေလာတတ်ကျွမ်းကြပြီးဖြစ်၍ ဘုရားရှင် ပညတ်တော်မူသော ဝါဆို၊ ဝါကျွတ် သဘင်ပွဲများအကြောင်းကို လင်္ကာ သီချင်းများ သီကုံးစပ်ဆိုကာ တင်ဆက်ကပြကြလေသည်။ မြတ်စွာဘုရားရှင် ပညတ်တော်မူချက်၌ ဝါဆိုလပြည့်နေ့မှစ၍ ရဟန်းတို့ ဝါကပ်ကြရမည်ဆိုသော်လည်း အချို့ ခရီးလွှတ်သော ရဟန်းများအဖို့မူ အခက်အခဲတွေ့ကြရသဖြင့် ဝါကပ်ခြင်းနှစ်ရပ်ကို ပညတ်တော်မူခဲ့သည်။ ပဌမဝါမှာ ဝါဆိုလ လပြည့်ကျော် တစ်ရက်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ ကပ်သော ဝါဖြစ်ပြီး "ပုရိမဝါ"ဟု ခေါ်ဆိုလေသည်။

ဒုတိယဝါမှာ ဝါခေါင်လပြည့်ကျော် တစ်ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့အထိ နေရသဖြင့် "ပစ္ဆိမဝါ"ဟု ခေါ်ဆိုလေသည်။ ထို့အတွက် သီတင်းကျွတ်လသည် ပစ္ဆိမဝါကပ်သော ရဟန်းတော်အဖို့ ဝါမကျွတ်ရသေး။ အကယ်၍ ဝါထပ်ခဲ့ပါလျှင် ဒုတိယဝါဆိုလပြည့်ကျော် တစ်ရက်နေ့တွင် ဝါကပ်ကြရသည်။ ဝါထပ်ရက်ငင်ကိစ္စများကို ရဟန်းများက ပြုပြင်စီမံခွင့်မရှိချေ။ ထိုကိစ္စမှာ တိုင်းပြည်အုပ်ချုပ်သော မင်းတို့၏ အဆုံးအဖြတ်၌သာ တည်လေသည်။ ဘုရားရှင်၏ မိန့်မှာချက်ဖြစ်သော -

"အနုဇာနာမိ ဘိက္ခဝေ ရာဇာနံ အနုဝတ္တိတုံ"

ဟူသည်နှင့်အညီ တိုင်းပြည်အုပ်ချုပ်သော အကြီးအကဲများ၏ ဆုံးဖြတ်ချက်အတိုင်း ရဟန်းတော်တို့အဖို့ လိုက်နာကျင့်သုံးကြရမည်ဟု မှတ်သားရမည်။

သီတင်းကျွတ်လပြည့်နေ့ကို "အဘိဓမ္မာအခါတော်နေ့"ဟူ၍လည်း ဆိုကြသည်။ အကြောင်းမူ ဘုရားရှင်အဖို့ တာဝတိံသာနတ်ပြည်၌ နတ်ပရိသတ်အပေါင်းအား အကျယ်ဟောကြားပြီး ဆုံးမခြင်းသည် သီတင်းကျွတ်လပြည့်နေ့ဖြစ်၏။ စန္ဒကူးတော၌ အရှင်သာရိပုတ္တရာအား အကျဉ်းဟောကြားပြီးဆုံးခြင်းသည်လည်း သီတင်းကျွတ်လပြည့်နေ့ဖြစ်၏။ ထို့အတူ အရှင်သာရိပုတ္တရာက တပည့်ငါးရာတို့အား မကျဉ်းမကျယ် အလယ်အလတ်နည်းဖြင့် သင်ကြားပို့ချပြီးဆုံးခြင်းသည်လည်း သီတင်းကျွတ်လပြည့်နေ့ပင် ဖြစ်ပေရာ လွန်စွာမှ ထူးခြားနေတော့သည်။

သီတင်းကျွတ်လပြည့် အခါသမယ၌ အနယ်နယ်အရပ်ရပ်၌ ပျော်ပွဲရွှင်ပွဲ ပွဲလမ်းသဘင်များ ကျင်းပကြလေရာ ဇာတ်ပွဲအချို့၌ သီတင်းကျွတ်လနှင့်ပတ်သက်သော လင်္ကာသီချင်းများကို ရွတ်ဆိုကြလေသည်။ သာဓကတင်ပြရလျှင် -

"ငွေစာညှင်းအဆို၊ လူဆရာကဝိ ထားခဲ့၊ နေမင်းလို ဇမ္ဗူမှာ မရှိခြားပါဘူ၊ ရွှေမြင်းမိုရ်၌ ယုဂန္ဓာ၏အပြားဝယ်၊ စူဠာမုနိဘုရား၊ ထီးဖြူတော်နှင့် မီး ပူဇော်ကာ အခေါင်လုပ်ပြန်တော့။ တောင်စမုတ် မင်းဗိမာန်ဝယ်၊ ဝင်းအိပ် ဖန်ဇာတ်ရုပ်သေးတို့ပါ မှတ်ဖို့အဟုတ် ရေးခဲ့၊ နည်းထုံးစံနှင့် မီးပုံးပျံရတနာ နန်းခရိုင်ဝယ်၊ ကြာပန်းခိုင်နှင့် မင်း အထွတ်ခကြွရ၊ သီတင်းကျွတ်လ ထက်နတ်ပြည်ကဲ့သို့ နက္ခတ်အဿဝဏီ အဇဋ္ဌာထိန်ဝါ၍ တာဝတိံသာက ဘဂဝါအရဟံသက်ပေသည်၊ ကာယကံ လက်နှင့် ဖူးညားတော့၊ အမျိုးထားကာ အောင်စည်နှော်မချဲ့ပါဘူး (ရှာစား‥) ထူးမခြားနား ရောင်ခြည်တော်ဖွဲ့စမ်း"

အဆိုပါ ဆိုင်းဆင့်လင်္ကာကလေးကား သီတင်းကျွတ်လ၏ သရုပ်သကန်ကို ပြက်ပြက်ထင်ထင် ဖော်ကျူးပြနေကြောင်း ကောက်ချက်ချလိုပါသည်။

တက္ကသိုလ်သျှင်ဥက္ကာ
(မဟာဝိဇ္ဇာ၊ ကျမ်းပြု)

www.burmeseclassic.com



# သီတင်းကျွတ်လနှင့်အရု ပျော်ရွှင်နိုင်ပါစေ

ဒေါက်တာစောယုနွယ် Ph.D(Tantra)Kol-India,Astrologer

အခု အချိန်လေးကတော့ ပလ္လင်ဆေးမိုး ရှာသွန်းဖြိုးတဲ့ သီတင်းကျွတ်လ ကလေးပါ။ သီတင်းကျွတ်ဆိုတာနဲ့ ကျွန်မတို့လူကြီးတွေ အနေနဲ့ သံဃာတော်များ ဝါတွင်းသုံးလပတ်လုံး တစ်နေရာတည်း ဝါကပ်သီတင်းသုံးနေထိုင်ကျင့်ကြံ အားထုတ်နေရာက သီတင်းကျွတ်လပြည့်ကစပြီး မိမိအလိုရှိရာ နေရာဌာနတွေ သီတင်းသုံးလိုတဲ့ ကျောင်းသခ်မ်းတွေကို ညဥ့်အိပ်ညဥ့်နေ ကျွတ်ကျွတ် လွတ်လွတ်သွားရောက်နိုင်တဲ့ အချိန်လို့ မှတ်ထားလေ့ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့်လည်း သီတင်းကျွတ်လလေးဟာ တူရာသီမှာ ပါဝင်ပြီး အာသာဝဏီနက္ခတ် ထွန်းလင်းတောက်ပတဲ့ အချိန်လေးဆိုတော့ မိုးကောင်းကင်ဟာ ကြည်လင်ပြီး မိုးသားတိမ်လိပ်တွေ ကင်းစင်တဲ့ အချိန်ပါ။ ကြာမျိုး ငါးပါးလည်း လှလှပပ ဝေဝေဆာဆာ ကြိုင်သင်းတဲ့အချိန်လေးပါ။

အဲဒီ့ သီတင်းကျွတ်လမှာ ဗုဒ္ဓဘာသာဝင်တွေရဲ့ အလေးအမြတ်ပြုရာလဖြစ်သလို ကျွန်မတို့ ဂန္ထဝင်ပညာရှင်တွေအတွက်လည်း အချိန်နှင့်အခါနှင့် လုပ်ရမည့်ယတြာတွေ ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်ရမယ့်လပါပဲ။

အချို့ဆို သီတင်းကျွတ်ရင် ကျွတ်ပြီ လွတ်ပြီ ဆိုတာ အမြဲပြောလေ့ရှိပါတယ်။ တပေါင်း၊ တန်ခူး အကြောင်းထူးမယ်ဆိုတဲ့ တဘောင် စာချိုးလေးလိုပါပဲ။

သီတင်းကျွတ်ပြီဆိုတာနဲ့ မကောင်းတဲ့ အညံ့အနိုက်တွေ အားလုံးပပျောက်သွားပြီး ကောင်းလာပြီလို့ မှတ်ထင်တတ်ပြီး ကောင်းနေတဲ့သူတွေ ကလည်း ပိုပြီးကောင်းလာမယ်၊ အောင်မြင်လာမယ်လို့ ယူဆတတ်ပါတယ်။

သီတင်းကျွတ်လမှာ ထူးခြားတာကတော့ လပြည့်နေ့ပဲဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဝင်တို့ရဲ့ အလေးအမြတ်ပြုရာ နေ့ထူးနေ့မြတ်ကြီး တစ်ခုလည်းဖြစ်ပါတယ်။ မြတ်စွာဘုရားဟာ တာဝတိံသာနတ်ပြည်မှာ သတ္တမမြောက်ဝါကပ်တော်မူပြီးမယ်တော်မိနတ်သား (သန္တုသိတနတ်သား) အမှူးထားပြီး နတ်ဗြဟ္မာတို့ကို အဘိဓမ္မာ တရားတော်များ ဟောကြားပြီး ကျွန်မတို့ရဲ့ လူ့ပြည် လူ့ရွာကို ပြန်လည်ကြွမြန်း ဆင်းသက်လာတဲ့နေ့ပါပဲ။

နတ်ဗြဟ္မာအပေါင်း ခြံရံပြီး သင်္ကာသနဂိုရ်ပြည်ကို စောင်းတန်းသုံးသွယ်ဖြင့် တင့်တယ်စွာ ကြွချီဆင်းသက်လာခဲ့တဲ့ မြတ်စွာဘုရားကို ရည်မှန်းပြီး သီတင်းကျွတ်လပြည့်နေ့မှာ ကျွန်မတို့ဟာ ကျောင်း၊ ကန်၊ ဘုရား၊ နေအိမ်၊ အဆောက်အဦများမှာ အမျိုးမျိုးသောမီးများဖြင့် ထွန်းညှိပူဇော်ပြီး မီးထွန်းပွဲတော် ကျင်းပလေ့ရှိကြပါတယ်။

ပွဲလမ်းသဘင်များ ရပ်ကွက်အလိုက် လမ်းအလိုက် ပျော်ရွှင်စွာကျင်းပပြီး စတုဒိသာ ကျွေးမွေးမှုတွေလည်း ပြုလုပ်ကြပါတယ်။ ဒါတွေဟာ ကျွန်မတို့တတွေရဲ့ ထူးခြားကောင်းမွန်တဲ့ အစီအရင်လေးပါပဲ။

ဘုရားသားတော်များဖြစ်တဲ့ သံဃာတော် အရှင်မြတ်တွေဟာလည်း သီတင်းကျွတ် လပြည့်နေ့မှာဘဲ မဟာပဝါရဏာ ဖိတ်ကြားပွဲကို ကျင်းပကြတယ်။ မဟာပဝါရဏာပွဲဆိုတာ ဝါဆိုလပြည့်ကျော် (၁)ရက်နေ့မှ ပုရိမဝါဆိုသော ရဟန်းများကို သီတင်းကျွတ်လပြည့်နေ့တွင် မဟာပဝါရဏာအဖြစ်လည်းကောင်း၊ ဝါခေါင်လပြည့်ကျော် (၁)ရက်နေ့မှာ ပစ္ဆိမဝါဆိုတဲ့ ရဟန်းများကို တန်ဆောင်မုန်းလပြည့်နေ့မှာ ပဝါရဏာအဖြစ် ကျင်းပရန် မြတ်စွာဘုရားက ခွင့်ပြုတော်မူခဲ့သည်။ ပဝါရဏာဆိုတဲ့ အဓိပ္ပါယ်ဟာ ကျွန်မတို့အနေနဲ့ ဖိတ်ကြားခြင်းလို့ သိထားပါတယ်။ ပဝါရဏာ ပြုပုံကတော့ . . .

သံဃာအချင်းချင်း တစ်ပါးနှင့်တစ်ပါး မထေရ်ကြီးမှ မထေရ်ငယ်ကို ဖိတ်ရပါတယ်။ သီတင်းသုံးဖော် သံဃာအချင်းချင်း တစ်ပါးနှင့်တစ်ပါး အကျိုးရှိရှိ စေတနာအမှန်ဖြင့် ဆိုဆုံးမခြင်း ထောက်ပြခြင်း ပြုလုပ်ကြတာကို ပဝါရဏာပွဲလို့ ခေါ်ဆိုတာပါ။

ဒီလိုပွဲဟာ သံဃာတွေအတွက် လွန်စွာတန်ဖိုးရှိပြီး သီလစင်ကြယ်ရေးကို ရှေးရှုတော်မူကြတဲ့အတွက် ကောင်းမြတ်တဲ့ ပွဲကြီးပါ။ အဲဒီလို သံဃာတော်တွေရဲ့ အထွတ်အမြတ်ကြီးနဲ့အတူ ကျွန်မတို့ တတွေရဲ့ သီတင်းကျွတ်ပွဲကြီးကိုလည်း ကျွန်မတို့ မြန်မာလူမျိုးတွေဟာ ကောင်းမွန်ပြီး ကျက်သရေရှိလှတဲ့ ပူဇော်ပွဲကြီးအနေနဲ့ ပူဇော်ကြပါတယ်။

အဘိုး၊ အဘွား၊ မိဘ၊ ဆရာသမား၊ ရဟန်း၊ သံဃာများကို ပူဇော်လေ့ရှိကြပါတယ်။ ဘယ် လောက်ဝေးနေနေ ဘယ်လောက်အလုပ်များနေနေ ကိုယ့်အမိ အဘ ဆရာသမားရှိရာ သွားရောက်ဂါရဝ ပြုကြပါတယ်။ ဒါကလည်း မွန်မြတ်သန့်စင်လှတဲ့ ရှေးရိုးအစဉ်အလာ တစ်ခုပါ။



www.burmeseclassic.com

www.burmeseclassic.com

အဲဒါကြောင့်…နောက်ပြီး ကျွန်မတို့ ဂန္ဓာရီပညာရှင်တွေအနေနဲ့ သိတင်းကျွတ်လမှာ မွေးဖွားသူတွေအတွက် မိမိရဲ့ မွေးဖွားရာလကို ကျည်အားဖြည့်ပေးတဲ့ အစီအရင်လေး တစ်ခုကတော့-

**သိတင်းကျွတ်လမှာ မွေးဖွားသူတွေဟာ မဖြစ်မနေ မီးထွန်းပူဇော်ရပါမယ်။ အရင်တုန်းကတော့ အိမ်တိုင်းမှာထွန်းကြပါတယ်။ အခုခေတ်မှာတော့ မီးထွန်းပွဲတော်ဟာ အလေ့အထအနေနဲ့ နည်းပါးသွားပါပြီ။ သိတင်းကျွတ်မှာ မွေးဖွားသူတွေကတော့ ဘယ်လိုနည်းနဲ့မှ သိတင်းကျွတ် မီးထွန်းပွဲတော်ကို မရှောင်သင့်ပါဘူး။ မီးထွန်းပူဇော်ပွဲ လုပ်သင့်တယ်။**

အဲဒါက မိမိကံကောင်းဖို့အတွက် ကျည်အား ဖြည့်ပေးတဲ့ နည်းလမ်းလေးတစ်ခုပါ။ နောက်ပြီး သိတင်းကျွတ်လပြည့်နေ့မှာ လူတိုင်းလုပ်သင့်တဲ့ အစီအစဉ်လေးကတော့ **ထက်ထက်တင်တဲ့ ပွဲလေးပါပဲ။ လပြည့်ရယ်။ ထက်ထက်ရည်နဲ့ ထာဝရစွေ ဖမ်းလိုက်ပါဦး။**

သိတင်းကျွတ်လမှာ မွေးဖွားသူတွေအတွက် အထူး သတိထားရမယ့် အချက်တွေလည်း ရှိပါသေးတယ်။ အဲဒါက ဘာလဲဆိုရင် မိမိရဲ့မွေးခုနှစ် မြန်မာသက္ကရာဇ်ကို ၇ (ခုနစ်)နဲ့ စားကြည့်လို့ ၁ ကြွင်း ခဲ့ရင် အဲဒီလူတွေထဲက မိန်းကလေးဆိုရင် အစာ အိမ်၊ ဝမ်းဗိုက်သတိထားဖို့ရယ်၊ ယောက်ျားလေးဆိုရင် လေရောဂါဖြစ်တတ်တာရယ်၊ ဒါပေမယ့် လုပ်ငန်းတွေလုပ်ရင် အောင်မြင်ပါလိမ့်မယ်။

နောက်ပြီး ၇ (ခုနစ်)နဲ့ စားလို့ ၄ ကြွင်းခဲ့ပြန် ရင်တော့ ဒီလမှာ ဘာမှမလုပ်လေနဲ့ ဘာလုပ်လုပ် မအောင်မြင်တတ်ဘူး။ မိန်းကလေးဆိုရင် ဗိုက်ခွဲရ တတ်တယ်။ ယောက်ျားလေးဆိုရင် နှလုံးတို့ အကြောတို့ ဂရုစိုက်စေချင်ပါတယ်။

နောက်ပြီး သိတင်းကျွတ်လပြည့်ကျော် (၁) ရက်ဟာ ဆိုရင် ဝါလ လွတ်ကင်းသွားပြီဖြစ်တဲ့အတွက် မင်္ဂလာပြုဖို့ စောင့်မျှော်နေတဲ့ မင်္ဂလာမောင်မယ်တွေအဖို့ဟာလည်း ဝမ်းသာကြည်နူး ရမယ့်ရက်ကို ရောက်လာပြီပေါ့။

ရှေးပညာရှိကြီးတွေရဲ့ အဆိုအရကတော့ သိတင်းကျွတ်လမှာ သိတင်းကျွတ်လဆိုတာ လပြည့်ကျော် (၁) ရက်နေ့ကစပြီး ပြောတာနော်။ မင်္ဂလာဆောင်ခဲ့ရင် မင်္ဂလာ အခမ်းအနား ပြုခဲ့ရင် အိမ်ထောင်ပြုခဲ့ရင် အိမ်ထောင် ကောင်းကျိုး ခြောက်ပါးနှင့် ပြည့်စုံတယ်လို့ အဆိုရှိပါတယ်။

အဲဒီ အိမ်ထောင်ခြောက်ပါးကတော့ အိမ်ထောင် ရေးနိုင်မြဲတဲ့ အချက်တစ်ချက်ရယ်၊ အိမ်ထောင်မြဲပြီး စီးပွားတတ် ပါတယ်။ စီးပွားတက်ပြီးတော့လည်း သားကောင်း သမီးကောင်း မွေးဖွားပါတယ်။ သားကောင်း သမီးကောင်းမွေးဖွားခြင်းနှင့်အတူ ရေးသည်ရော အနာ ရောဂါကင်းရှင်းကြပါတယ်။ အနာရောဂါ ကင်းရှင်းခြင်း နှင့်အတူ ပတ်ဝန်းကျင်ရဲ့ လေးစားမှုကို ချစ်ခင်ကြည်ညို မှုကို ခံစားရပါတယ်။ နောက်တစ်ချက်ကတော့ အဲဒီ လိုကောင်း ခြင်းမင်္ဂလာတွေနဲ့ ပြည့်စုံနေတဲ့ သိတင်း ကျွတ်လမှာ မင်္ဂလာရှိတဲ့ မင်္ဂလာမောင်မယ်တွေအတွက် မင်္ဂလာသတင်းလေး ပါးလိုက်ပါတယ်။

မင်္ဂလာပြုဖို့ အပ်ချ မတ်ချ ဆောင်ရွက်ပြီးပေမယ့် အခက်အခဲဖြစ်နေတဲ့သူတွေ တစ်ခုမဟုတ် တစ်ခု အနှောင့်အယှက်ရှိနေတဲ့ သူတွေအဖို့ စနေနေ့ သို့မဟုတ် အင်္ဂါနေ့တစ်ရက်မှာ ဝသုန္ဓေ နတ်မင်းကို ပွဲပေးလှူဒါန်း တိုင်တည်လိုက်မယ်ဆိုရင်တော့ ဘယ်လောက်ခက်ခဲတဲ့ မင်္ဂလာပွဲမျိုးမဆို ဖြစ်ဖြစ်မြောက်မြောက် အောင်အောင် မြင်မြင် ဖြစ်သွားလိမ့်မယ်လို့ ပြောကြားရင်းနဲ့ ချမ်းသာ ကိုယ်စိတ်မြဲပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

ချမ်းသာကိုယ်စိတ် မြဲပါစေ…

**ဒေါက်တာစောယုနွယ်**

Ph.D(Tantra)(Kol-India)Astrologer



www.burmeseclassic.com


www.burmeseclassic.com

# ကျောင်းပြန်မဂ္ဂဇင်း ပြက္ခဒိန်

## ၁၃၇၈-ခုနှစ်၊ တော်သလင်းလ - သီတင်းကျွတ်လ

## 2016 OCTOBER

| | | |
|---|---|---|
| စနေ Saturday | 1 ● ရက်ရာဇာ တော်သလင်းလကွယ် | |
| တနင်္ဂနွေ Sunday | 2 ၁ | |
| တနင်္လာ Monday | 3 ၂ မဟာရက်ကြမ်း | |
| အင်္ဂါ Tuesday | 4 ၃ ရက်ရာဇာ | 18 ၂ ရက်ရာဇာ မဟာရက်ကြမ်း |
| ဗုဒ္ဓဟူး Wednesday | 5 ၄ | 19 ၃ |
| ကြာသပတေး Thursday | 6 ၅ ရက်ရာဇာ | 20 ၄ ရက်ရာဇာ အမြိတ္တစုတ်ရက် |
| သောကြာ Friday | 7 ၆ | 21 ၅ |
| စနေ Saturday | 8 ၇ | 22 ၆ |
| တနင်္ဂနွေ Sunday | 9 ၈ အမြိတ္တစုတ်ရက် | 23 ၇ |
| တနင်္လာ Monday | 10 ၉ | 24 ၈ |
| အင်္ဂါ Tuesday | 11 ၁၀ ရက်ရာဇာ | 25 ၉ ရက်ရာဇာ |
| ဗုဒ္ဓဟူး Wednesday | 12 ၁၁ | 26 ၁၀ |
| ကြာသပတေး Thursday | 13 ၁၂ ရက်ရာဇာ | 27 ၁၁ ရက်ရာဇာ |
| သောကြာ Friday | 14 ၁၃ | 28 ၁၂ |
| စနေ Saturday | 15 ၁၄ | 29 ၁၃ |
| တနင်္ဂနွေ Sunday | 16 ၁၅ အဘိဓမ္မာနေ့ သီတင်းကျွတ်လပြည့် | 30 ● သီတင်းကျွတ်လကွယ် |
| တနင်္လာ Monday | 17 ၁ | 31 ၁ |



၁. ၁၀. ၂၀၁၆ စန်းပြောင်းရက်စွဲ ၁၇. ၁၀. ၂၀၁၆

### ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၇. ၁၀. ၂၀၁၆ တနင်္လာနေ့ နံနက် ၇ နာရီ ၁၇ မိနစ်တွင် တူရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၃. ၁၀. ၂၀၁၆ တနင်္လာနေ့ ည ၆ နာရီ ၃၇ မိနစ်တွင် ကန်ရာသီသို့ ပြောင်းသည်။

သောကြာသည် - ၁၃. ၁၀. ၂၀၁၆ ကြာသပတေးနေ့ ညနေ ၄ နာရီ ၁၀ မိနစ်တွင် ဗြိစ္ဆာရာသီသို့ ပြောင်းသည်။

### ၂၀၁၆ ခုနှစ်အတွက် ဓနသိဒ္ဓိနက္ခတ်နှင့် စန်းယှဉ်ချိန်

(၁၁. ၁၀. ၂၀၁၆)အင်္ဂါနေ့ ည ၈ နာရီ ၅၇ မိနစ် ၁၈ စက္ကန့်။

(၉. ၁၀. ၂၀၁၆)ရက်နှင့် (၂၀. ၁၀. ၂၀၁၆)ရက်တို့သည် အမြိတ္တစုတ်ကျ၍ အကောင်းဆုံးရက်များ ဖြစ်သည်။

### အမြိတ္တာစုတ်ရက်မှာ လုပ်ဆောင်စရာ

တနင်္ဂနွေသားသမီးသည် မြောက်အရပ်တွင် ပုန်းညက်ပင် စိုက်ပါ။

တနင်္လာသားသမီးသည် အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။

အင်္ဂါသားသမီးသည် အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။

ဗုဒ္ဓဟူးသားသမီးသည် အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။

ကြာသပတေးသားသမီးသည် အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။

သောကြာသားသမီးသည် အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။

စနေသားသမီးသည် တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



# ၂၀၁၆ မျောက်နှစ် ၁၂ လရာသီဖွားများအတွက်
# တစ်လချင်းစီအဟော
## စက်တင်ဘာလ

● ဦးတိုး(တက္ကသီလ)

ဤအဟောများကို ထိုင်းနိုင်ငံမှ နက္ခတ္တဆရာကြီး ခါသာချင်နာဘန်ချွန် ဟောကြားထားသည်ကို ဘာသာပြန်ဆိုထားခြင်း ဖြစ်ပါသည်။ ၁၂ လရာသီဖွားများ၏ မွေးဖွားသည့် ကာလအပိုင်းအခြားသည် အနောက်တိုင်းနှင့် မတူပါ။ မွေးလ၊ မွေးရက်ကို ရှာ၍ အဟောများကို ကြည့်ရှုစေလိုပါသည်။

**မကာရ ရာသီဖွား (ဆိတ်ရုပ်)**

**ဇန်နဝါရီလ ၁၄ ရက် မှ ဖေဖော်ဝါရီလ ၁၃ ရက်**

သင်သည် ရတ်တရက် ကိုယ့်ဘာသာကိုယ် ဥပါဒါန် ကပ်၍နေသဖြင့် မိတ်ဆွေများနှင့် ခပ်ဝေးဝေးနေကာ အလုပ်ကိုသာ ပိုမိုအားထားလုပ်လျှင် မချမသွေ သင်၏သူဌေးမှ သင့်ကို အားရကျေနပ်သွားပါလိမ့်မည်။ စွဲစွဲမြဲမြဲ လုပ်ကိုင်နေခြင်းသည် ရှေ့သို့ တိုးတက်ရန် ဦးတည်ပေးပါလိမ့်မည်။ ထိုနေရာတွင် အလုပ်နှင့်ပတ်သက်သော သတင်းကောင်းများ ရှိနေပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

## ကုံရာသီဖွား (ရေထမ်းယောက်ျားရုပ်)
## ဖေဖော်ဝါရီလ ၁၄ ရက် မှ မတ်လ ၁၃ ရက်

သင်၏သူငယ်ချင်းနှင့် တွဲဖက်အလုပ်သမားများဖြင့် အထူးသဖြင့် ယခုလအစတွင် အဆင်ပြေမည်မဟုတ်သော်လည်း လလယ်ရောက်မှ အခြေအနေများ ကောင်းလာပါလိမ့်မည်။ ခရီးသွားခြင်းဖြင့်လည်းကောင်း။ ကားကိုပြင်ဆင်ရ၍လည်းကောင်း ငွေကုန်ပေါက်ရှိနေမည်ကို မျှော်လင့်ထားပါ။ သင့်ငွေနှင့်ပတ်သက်၍ အစီအမံဖြင့် ဆင်ဆင်ခြင်ခြင်ရှိပါ။ သင်၏အချစ်ရေးသည် ရိုလာကိုစတာကဲ့သို့ တက်လိုက်၊ ကျလိုက်၊ လိမ့်လိုက် ဖြစ်နေဦးမည်။

## မိန်ရာသီဖွား (ငါးနှစ်ကောင်ရုပ်)
## မတ်လ ၁၄ ရက် မှ ဧပြီလ ၁၄ ရက်

သင်သည် အလုပ်များကို ကိုင်တွယ်၍ အလုပ်ရှုပ်နေမည်ဖြစ်သော်လည်း တစ်စုံတစ်ဦးဦးမှ ကြားဝင်လာပြီး ကူညီပေးပါလိမ့်မည်။ မလိုအပ်သည့် နေရာတွင် ငွေသုံးပေးရန် လှည့်စားခြင်းခံရတတ်သည်။ အခြားသူတစ်ဦးအပေါ် ချစ်မေတ္တာသက်ဝင်မည့်အစား သင်ကိုယ်တိုင် ပြောင်းလဲလာဖို့ လိုအပ်နေပါပြီ။

## မိဿရာသီဖွား (သိုးထီးရုပ်)
## ဧပြီလ ၁၅ ရက် မှ မေလ ၁၄ ရက်

သင်၏ တီထွင်မှုများနှင့် စိတ်အားထက်သန်မှု ဇွဲလုံ့လရှိ၍ လုပ်ငန်းခွင်တွင် အောင်မြင်သော အကျိုးကို ရရှိလိမ့်မည်။ သင့်အနေဖြင့် အခြားသူများအား ငွေလုံးငွေရင်း ထုတ်ပေးသဖြင့် အကျိုးအမြတ် ပေါ်ပေါက်လာလိမ့်မည်။ တစ်ကိုယ်တည်းသမားများအနေဖြင့် ချစ်သူတစ်ဦးတွေ့မည်။

## ပြိဿရာသီဖွား (နွားလားဥသဘရုပ်)
## မေလ ၁၅ ရက် မှ ဇွန်လ ၁၄ ရက်

လုပ်ငန်းကိစ္စ နှောင့်နှေးနေမည်ဖြစ်ရာ အထူးသဖြင့် ညှိနှိုင်းဆောင်ရွက်ရမှု လိုအပ်နေပေလိမ့်မည်။ ထို့ပြင် ပဋိပက္ခမှုရှိပြီး တာဝန်ခံယူမှု ကင်းမဲ့နေပေမည်။ စာချုပ်စာတမ်း လက်မှတ်မထိုးပါနှင့်။ ထိုနည်းတူစွာ ကတိတစ်စုံတစ်ရာကိုလည်း မပေးသင့်ပေ။

## မေထုန်ရာသီဖွား (အမြွှာရုပ်)
## ဇွန်လ ၁၅ ရက် မှ ဇူလိုင်လ ၁၅ ရက်

လုပ်ငန်းခွင်တွင် သင်ဘာပဲလုပ်လုပ် သင်အောင်မြင်မှုကို ရပါလိမ့်မည်။ ရေရှည်ဒုက္ခပေးနေကြသူများကြောင့် ဖြစ်ပေါ်လာသည်။ ပြဿနာကြီးများကို သတိထားနေပါ။ သင့်ထက်အသက်ကြီးသူ၏ အထောက်အကူကို ရယူပါ။ တစ်ကိုယ်တည်းသမားများအနေဖြင့် ဆွဲဆောင်မှုရှိနေပြီး ရွေးချယ်စရာများမှာလည်း အများအပြားရှိနေပါမည်။ ချစ်သူများအနေဖြင့် တတိယလူ ကြားဝင်လာမည်ကို သတိထားပါ။

## ကရကဋ်ရာသီဖွား (ပုစွန်လုံးရုပ်)
## ဇူလိုင်လ ၁၆ ရက် မှ ဩဂုတ်လ ၁၆ ရက်

သင်သည် အခြားသူများနှင့် အဆင်ပြေမည်မဟုတ်ပါ။ ဝင်လာမည့်ငွေသည်လည်း အခြားသူများထံ ကျော်၍ ရောက်သွားတတ်သည်။ နောက်ပြီး သင်၏ သူငယ်ချင်းမှာလည်း ကွဲပြားခြားနားသော အယူအဆများ ရှိနေပေမည်။ ယခုလလယ်လောက်မှ စတင်၍ သင်၏အလုပ်ကို အသိအမှတ်ပြုခြင်းခံရမည်။ နောက်ပြီး သင့်ထက်ကြီးသူတစ်ဦးထံမှ ထောက်ခံအားပေးမှုကို ရရှိပါလိမ့်မည်။





www.burmeseclassic.com

www.burmeseclassic.com

## သိဟ်ရာသီဖွား (ခြင်္သေ့ရုပ်)

## ဩဂုတ်လ ၁၇ ရက် မှ စက်တင်ဘာလ ၁၅ ရက်

သင့်တွင် တာဝန်ခံထားရမှုများ ပိုမိုရှိနေမည်ဖြစ်သော်လည်း သင်၏ ကြိုးပမ်းအားထုတ်ခဲ့ရမှုကို ဆုချပေးမည် မဟုတ်ပေ။ အမှားများ မကျူးလွန်မိအောင်နှင့် တစ်စုံတစ်ဦးနှင့် ပဋိပက္ခမဖြစ်အောင် ရှောင်ပါ။ အခြားသူများ၏ အကြွေးများကို သင်ဆပ်ပေးနေရပါလိမ့်မည်။

## ကန်ရာသီဖွား (အပျိုစင်ရုပ်)

## စက်တင်ဘာလ ၁၆ ရက်မှ အောက်တိုဘာလ ၁၆ ရက်

သင်၏လုပ်ငန်းခွင်တွင် တာဝန်ခံရမှုများ တိုး၍ ပိုမိုရှိလာမည်။ သင်၏ ကြိုးပမ်းအားထုတ်မှုကို လူများမှ အသိအမှတ်မပြုကြသည်ကို သည်းခံရမည်ဖြစ်သည်။ သင်သည် ငွေရေးကြေးရေး အကျပ်အတည်းတွေ့ရတတ်သည်။ တစ်ဖက်သတ်အချစ် ဖြစ်နေရဦးမည်။

## တူရာသီဖွား (ချိန်ခွင်ရုပ်)

## အောက်တိုဘာလ ၁၇ ရက် မှ နိုဝင်ဘာလ ၁၅ ရက်

သက်ကိုယ်တိုင် တိုးတက်အောင် ပြုလုပ်ပြီး မမျှော်လင့်ဘဲ ရာထူးတိုးတက်သွားမည်။ သင်၏ ကိုယ်ပိုင်အရည်အချင်းကို ယုံကြည်ကိုးစားလိုက်ပါ။ အမြဲတမ်း အခြားသူများအပေါ် တွက်ဆနေစရာမလိုပါ။ တစ်ကိုယ်တည်းသမားများအနေဖြင့် ချစ်သူများနောက်သို့ လိုက်လံရှာဖွေပါ။ တစ်ဦးတည်းကို ကြည့်နေ၍ သင့်၏အပိုင် ဖြစ်လာမည်မဟုတ်ပေ။





## ဗြိစ္ဆာရာသီဖွား (ကင်းမြီးကောက်ရုပ်)

## နိုဝင်ဘာလ ၁၆ ရက် မှ ဒီဇင်ဘာလ ၁၄ ရက်

သင်၏ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်အောင် ပိုမိုညှိယူပါ။ သို့တည်းမဟုတ်ပါက သင်တစ်ဦးတည်း အထီးကျန်နေမည်ကို ရင်ဆိုင်ရပေလိမ့်မည်။ သင့်အနေဖြင့် ငွေများကို ကောင်းကောင်းစုဆောင်းနိုင်နေသော်လည်း တစ်စုံတစ်ဦးမှ ငွေလာချေးလျှင် သင်ငြင်းဆိုနိုင်မည် မဟုတ်ပေ။ တစ်ကိုယ်တည်းသမားများအနေဖြင့် ကိုယ်ချစ်နေရသူကို ချစ်ကြောင်း ဖွင့်ဟပြောလိုက်ပါ။ သို့တည်းမဟုတ်ပါက အခြားသူထံသို့ ပါသွားပါလိမ့်မည်။

## ဓနုရာသီဖွား (လေးစွဲယောက်ျားရုပ်)

## ဒီဇင်ဘာလ ၁၅ ရက် မှ ဇန်နဝါရီလ ၁၃ ရက်

သင်လုပ်နေရသည့် အလုပ်သည် သင့်တွင် ပညာခန်းဆိုင်ရာ ကျွမ်းကျင်မှုမရှိသဖြင့် ဝန်ထုပ်ဝန်ပိုး ဖြစ်နေပေလိမ့်မည်။ သင်အလိုရှိနေသည့် ပစ္စည်းအတွက် ဝယ်ယူရန် သင်စုဆောင်းထားသည့် ငွေများကို ဖြုန်းပစ်လိုက်ရပေလိမ့်မည်။ ခရီးသွားခြင်းဖြင့် ဝင်ငွေများနှင့် ချစ်မေတ္တာကို ရရှိပါလိမ့်မည်။

ဦးတိုး(တက္ကသိလ)

***Reference:***

**BKK Post, Khatha Chinnabanchorn & Here's what awaits in 2016.**



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်နက္ခတ္တဗေဒင်ပညာ

၂၀၁၆ ခုနှစ် ၊ အောက်တိုဘာလ

# တရုတ်နှစ်မွေးသူများအတွက်

## ဆောင်ရန်၊ ရှောင်ရန်နှင့် သတိပြုရန်အချက်များ

■ ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

### နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရိုးရာကန်တော့ပွဲ၊ ပူဇော်ပွဲ၊ ဆုတောင်းပွဲ ပြုလုပ်နိုင်ပါသည်။ ထို့ပြင် ကူးသန်းရောင်းဝယ်နိုင်၏။ နိုင်ငံခြားကုန်သွယ်မှုပြုလုပ်လျှင် အကျိုးရှိမည်။ လုပ်ပါ။ ကူးသန်းရောင်းဝယ်မှုစာချုပ် ချုပ်ဆိုနိုင်ပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

ခရီးသွားနိုင်ပါသော်လည်း ရေကြောင်းခရီးကို ရှောင်ရမည်။ လေ့သင်္ဘော မစီးကြရ။ တစ်ဖန် လက်ထပ်ခြင်းကို ရွှေ့ဆိုင်းထားပါ။ မရွှေ့ဆိုင်းနိုင်လျှင် အကျိုးယုတ်ရပါလိမ့်မည်။ ထို့ပြင် အသစ်စေ့စပ်ခြင်းကိုလည်း မပြုလုပ်ရပါ။ ခွေးနှစ်မွေးသူများနှင့် မပေါင်းနှင့်။ စီးပွားရေး ဖက်စပ်မပြုလုပ်ရပါ။ အကျိုးရှိမည်မဟုတ်ပါ။

### မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိတ်ဆုံနိုင်၏။ မိတ်ဆုံခြင်းအားဖြင့် အကျိုးထူးရရှိပါမည်။ ဆုတောင်းပွဲ၊ ရိုးရာကန်တော့ပွဲ ပြုလုပ်နိုင်၏။ ဆုတောင်းပွဲ ပြုလုပ်နိုင်၏။ လုပ်ပါ။ မြောက်ဘက်ရှူးရှူးသို့လည်းကောင်း၊ အရှေ့ဘက်ရှူးရှူးသို့လည်းကောင်း၊ တောင်ဘက်ရှူးရှူးသို့လည်းကောင်း ခရီးထွက်နိုင်၏။ စီးပွားရပါ။

### ရှောင်ကြဉ်ရန်အချက်များ

အနောက်ဘက်သို့ မသွားရ။ ဘေးအန္တရာယ်များလာ၏။ ကြပ်ကြပ်ရှောင်နိုင်ပါစေ။ စီးပွားမရှာရ။ အကျိုးယုတ်လိမ့်မည်။ ဝက်နှစ်မွေးသူနှင့် စီးပွားရေးဖက်စပ်မလုပ်ရ။ မပေါင်းရ။ အကျိုးယုတ်တတ်ပါသည်။ ကြပ်ကြပ်ရှောင်ပါ။

### မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စိုက်ပျိုးရေးလုပ်လျှင် အကျိုးပေးမည်။ ခြံလုပ်ငန်းလုပ်နိုင်၏။ အကျိုးရှိမည်။ ဆုတောင်းပွဲလုပ်ပါ။ တောအမဲလိုက်နိုင်၏။ သားကောင်များရရှိမည်။ သင် ယခု ကံကောင်းနေ၏။ ဘေးကင်းရန်ကင်းနေ၏။ တောင်သူလယ်သမားများအဖို့ အကျိုးရှိ၏။

### ရှောင်ကြဉ်ရန်အချက်များ

ကြွက်နှစ်မွေးသူများနှင့် မပေါင်းကြရ။ စီးပွားရေးဖက်စပ်မလုပ်ကြရ။ အရေးရှုံးနိမ့်ပါလိမ့်မည်။ အရှေ့ဘက်နှင့်အနောက်ဘက်သို့ မသွားရ။ စီးပွားရေး မလုပ်ရ။ စီးပွားမရှာရ။ အရှုံးပေါ်တတ်၏။ ကြပ်ကြပ်ရှောင်နိုင်ပါစေ။



www.burmeseclassic.com

www.burmeseclassic.com

## ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရိုးရာကန်တော့ပွဲ၊ ဆုတောင်းပွဲ ပြုလုပ်နိုင်၏။ ခရီးထွက်နိုင်၏။ ထွက်ပေးပါ။ အကျိုးရှိ၏။ အရှေ့ဘက်သို့သော်လည်းကောင်း၊ တောင်ဘက်သို့သော်လည်းကောင်း၊ အရှေ့တောင်ဘက်သို့ သော်လည်းကောင်း ခရီးထွက်နိုင်၏။ စီးပွားရှာနိုင်၏။ စီးပွားရှာလျှင်ကောင်း၏။ အကျိုးများလေ၏။

## ရှောင်ကြဉ်ရန်အချက်များ

နွားနှစ်မွေးသူများနှင့် မပေါင်းရ။ စီးပွားရေး ဖက်စပ်မလုပ်ကြရပါ။ အကျိုးရှိမည်မဟုတ်ပါ။ အနောက်အရပ်သို့မသွားကောင်း။ ခိုက်တတ်၏။ အကျိုးယုတ်မည်။ ကြပ်ကြပ်ရှောင်နိုင်ပါစေ။ စေ့စပ်နိုင်သော်လည်း လက်ထပ်ခြင်းမပြုရ။ ခဏခေတ္တရွှေ့ဆိုင်းကြရမည်။

## မြောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ခရီးထွက်နိုင်၏။ အရှေ့အရပ်သို့သော်လည်းကောင်း၊ တောင်အရပ်သို့သော်လည်းကောင်း၊ အရှေ့တောင်အရပ်သို့သော်လည်းကောင်း ခရီးထွက်နိုင်၏။ စီးပွားရှာလျှင် တိုးတက်ကြီးပွားမှုရှိမည်။ ကုန်သန်းရောင်းဝယ်နိုင်၏။ နိုင်ငံခြားကုန်သွယ်မှုပြုနိုင်၏။ အကျိုးထူးမှုရှိပါမည်။ လုပ်ပါ။ တွေးမနေဘဲနှင့် စေ့စပ်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

ကျားနှစ်မွေးသူနှင့် မပေါင်းရ။ စီးပွားမဖြစ်ပါ။ အရှေ့မြောက်စူးစူးသို့ မသွားရ။ စီးပွားမရှာရ၊ ခရီးမထွက်ကောင်း။ [illegible]တတ်၏။ လာဘ်တိတ်တတ်၏။ စေ့စပ်နိုင်ပါသော်ငြားလည်း ချက်ချင်း လက်မထပ်ရ။ ခဏခေတ္တ ရွှေ့ဆိုင်းပါဦး။ [illegible]ယုတ်တတ်၏။ အမှုပြဿနာတက်တတ်၏။ သတိနှင့်ရှောင်ပါလေ။ ထို့ပြင် စျေးဆိုင်သစ် ဆေးဆိုင်သစ် မဖွင့်ရ။ ဖွင့်လျှင် ပျက်စီးဆုံးရှုံးရပါလိမ့်မည်။

## ကြက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ခရီးထွက်နိုင်၏။ ဆံသခြင်း၊ ခေါင်းလျှော်ခြင်း ပြုနိုင်ပါသည်။ ခရီးထွက်လိုလျှင်ဖြစ်စေ၊ စီးပွားရှာလိုလျှင်ဖြစ်စေ တောင်ဘက်စူးစူးအရပ်သို့သော်လည်းကောင်း၊ အရှေ့တောင်အရပ်သို့သော်လည်းကောင်း၊ အနောက်ဘက်စူးစူးအရပ်သို့သော်လည်းကောင်း သွားပါ။ စီးပွားရှာလျှင် ကြီးပွားတိုးတက်မှုရှိမည်။

## ရှောင်ကြဉ်ရန်အချက်များ

ယုန်နှစ်မွေးသူနှင့် မပေါင်းရ။ စီးပွားဖက်စပ်မလုပ်ရ။ ကြီးပွားမည်မဟုတ်။ သတိနှင့် ရှောင်ကြဉ်ပါလေ။ ထို့ပြင် မြောက်စူးစူးအရပ်သို့ဖြစ်စေ၊ အရှေ့စူးစူးအရပ်သို့ဖြစ်စေ စီးပွားမရှာရ၊ ခရီးမထွက်ကောင်း။ စျေးဆိုင်သစ်မတည်ရ၊ မဖွင့်ရ၊ စီးပွားရေးလုပ်ငန်းသစ် မထူထောင်ကြရပါ။

## ခွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရိုးရာကန်တော့ပွဲ၊ ဆုတောင်းပွဲလုပ်နိုင်၏။ အလုပ်နှင့်အိမ်ရာ ပြောင်းရွှေ့နေထိုင် လုပ်ကိုင်နိုင်၏။ တစ်ရွာမပြောင်းသူကောင်းမဖြစ်ပါ။ အလုပ်သစ် စတင်ခံနိုင်၏။ အရှေ့စူးစူးအရပ်၊ အရှေ့တောင်အရပ်နှင့် အနောက်စူးစူးအရပ်များတွင် ကြီးပွားမည်။ ထို့ပြင် ထိုအရပ်များသို့ ခရီးထွက်နိုင်၏။ အကျိုးထူးမည်။

## ရှောင်ကြဉ်ရန်အချက်များ

နဂါးနှစ်မွေးသူများနှင့် မပေါင်းသင်းပါနှင့်။ စီးပွားရေးဖက်စပ်မလုပ်ကြရ။ ကြီးပွားတိုးတက်မည်မဟုတ်ပါ။ ထို့ပြင် အနောက်တောင်အရပ်သို့ ခရီးမထွက်ကြရ။ ဘေးအန္တရာယ်များလှ၏။ ခိုက်တတ်ပါသည်။ အထူးသတိနှင့် ဆင်ခြင်ပါလေ။

## ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိတ်ဆုံနိုင်၏။ မိတ်ဆုံခြင်းအားဖြင့် အကျိုးထူးမှုရှိမည်။ အလုပ်နှင့်အိမ်ရာ ပြောင်းရွှေ့နိုင်၏။ ပြောင်းရွှေ့လျှင်

www.burmeseclassic.com



ကောင်းမည်။ စိတ်ချမ်းသာမည်။ ကြီးပွားတိုးတက်မှုရှိပါမည်။ ခရီးထွက်နိုင်၏။ ထွက်လျှင်ကောင်းမည်။ အရှေ့တောင်အရပ်၊ အနောက်ဘက်စူးစူးအရပ်များတွင် ကြီးပွားတိုးတက်မည်။

## ရှောင်ကြဉ်ရန်အချက်များ

မြွေနှစ်မွေးသူများနှင့် မပေါင်းရ။ စီးပွားဖက်စပ်မလုပ်ရ။ အကျိုးယုတ်တတ်၏။ သတိနှင့် ရှောင်ကြဉ်ကြရပါမည်။ အရှေ့အရပ်သို့သော်လည်းကောင်း၊ မြောက်အရပ်သို့သော်လည်းကောင်း ခရီးမထွက်ကြရ။ ဘေးအန္တရာယ်များလာ၏။ ခိုက်တတ်ပါသည်။ သတိနှင့် ဆင်ခြင်တတ်ပါလေ။

## ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရိုးရာကန်တော့ပွဲ၊ ပူဇော်ပွဲ၊ ဆုတောင်းပွဲများ ပြုလုပ်နိုင်ပါသည်။ ခရီးထွက်နိုင်၏။ ထွက်လျှင်ကောင်း၏။ အကျိုးထူးမှုရှိပါမည်။ ထွက်ပေးပါ။ ဈေးဆိုင်သစ်၊ ဆေးဆိုင်သစ်ဖွင့်နိုင်၏။ အကျိုးပေးပါလိမ့်မည်။ အရှေ့တောင်အရပ်၊ အနောက်စူးစူးအရပ်များသို့ ခရီးထွက်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

မြင်းနှစ်မွေးသူများနှင့် မပေါင်းရ။ စီးပွားဖက်စပ်မလုပ်ရ။ အကျိုးယုတ်တတ်၏။ အရှေ့စူးစူးအရပ်သို့သော်လည်းကောင်း၊ အရှေ့မြောက်အရပ်သို့သော်လည်းကောင်း ခရီးမထွက်ကောင်း။ အကျိုးယုတ်တတ်၏။ သတိနှင့်ရှောင်ပါလေ။

## နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

လမ်းခင်း၊ တံတားခင်းနိုင်၏။ လက်ထပ်မင်္ဂလာပွဲပြုလုပ်ကျင်းပနိုင်၏။ ခရီးထွက်နိုင်၏။ နေအိမ်နှင့် မီးဖိုဆောင်၊ ဂိုဒေါင်ပြုပြင်နိုင်၏။ ငွေထုတ်ချေးနိုင်၏။ အကျိုးရှိ၏။ အနောက်စူးစူးအရပ်နှင့် မြောက်စူးစူးအရပ် သွားနိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

ဆိတ်နှစ်မွေးသူများနှင့် မပေါင်းကြရ။ စီးပွားဖက်စပ်လုပ်လျှင် အရှေးရှုံးနိမ့်မည်။ ကြပ်ကြပ်ရှောင်ပါလေ။ ဈေးဆိုင်သစ်မဖွင့်ရ။ မတည်ရ။ တောင်အရပ်သို့ ခရီးမထွက်ကြရပါ။

## ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင် ကံနိမ့်နေရာ၏။ ကုသိုလ်ကောင်းမှု များများလုပ်ပါ။ များများလှူဒါန်းပေးပါ။ စီးပွားရေးအလုပ် လျှော့လုပ်ပြီး ဘာသာရေးအလုပ်များ များများလုပ်ပေးပါ။ မကြာမီ ကံကောင်း၊ ကံမြင့်လာပါလိမ့်မည်။ မြောက်ဘက်စူးစူးအရပ်၊ အရှေ့စူးစူးအရပ်များသို့ ခရီးသွားနိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

မျောက်နှစ် မွေးသူများနှင့် မပေါင်းရ။ စီးပွားရေးဖက်စပ်မလုပ်ကြရပါ။ ကြပ်ကြပ်မရှောင်နိုင်လျှင် အကျိုးယုတ်တတ်ပါသည်။ အနောက်ဘက်သို့ ခရီးမထွက်ကောင်း။ ခိုက်တတ်၏။ ဘေးအန္တရာယ်များလာ၏။ ကြပ်ကြပ်ရှောင်နိုင်ပါစေ။

## ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရိုးရာကန်တော့ပွဲ၊ ပူဇော်ပွဲ၊ ဆုတောင်းပွဲ ပြုလုပ်နိုင်၏။ လက်ထပ်နိုင်၏။ မြောက်ဘက်စူးစူးအရပ်သို့သော်လည်းကောင်း၊ အရှေ့ဘက်စူးစူးအရပ်သို့သော်လည်းကောင်း ခရီးထွက်နိုင်၏။ စီးပွားရှာနိုင်၏။ ကြီးပွားတိုးတက်မည်။ ဈေးဆိုင်သစ်တည်နိုင်ဖွင့်နိုင်၏။ ကောင်း၏။

## ရှောင်ကြဉ်ရန်အချက်များ

ကြက်နှစ်မွေးသူများနှင့် မပေါင်းရ။ စီးပွားရေးဖက်စပ်မလုပ်ရ။ ပျက်စီးဆုံးရှုံးမည်။ အထူးသတိနှင့် ဆင်ခြင်ပါလေ။ အနောက်ဘက်အရပ်နှင့် တောင်ဘက်အရပ်သို့ ခရီးမထွက်ကောင်း။ ခိုက်တတ်ပါသည်။ ဘေးအန္တရာယ်များလာ၏။

ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်

*Ref:-*

တရုတ်နက္ခတ္တဗေဒင်ပညာ ၂၀၁၆ ခုနှစ် တရုတ် ဗေဒင်ဆရာကြီး မစ္စတာကြင်း(လီကော့ကျူ)၊ Hong Ko (China)

www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက် ကောင်းသောရက်

## ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွက်

နွယ်သာကီအောင်

မိုးရာသီကို ခဝါချလျက် ဆောင်းရာသီအား မျက်စပစ်နေသော ပွင့်လင်းကာလဟု ဆိုရလေမည်လား။ စိုစွတ်မှုများ၊ မှိုင်းရီအုံ့ဖွဲ့မှုများကို မျက်ကွယ်ပြုရင်း သွေ့ခြောက်မှုတို့ဖြင့် လောကတစ်ခွင်လုံး နွေးထွေးပေရော့မည်။

ပတ်ဝန်းကျင်မှာတော့ ကြာပန်းရနံ့တွေက မွှေးထုံလျက်ရှိ၏။ ကန်ရေပြင်ကား ငါးမည်ကြာတို့နှင့် တင့်တယ်ရှုမောဖွယ် ကောင်းနေသည်။ မကြာမီ ဆီမီးရောင်စုံ ထိန်ထိန်လင်းပေရော့မည်။ တာဝတိံသာနတ်ပြည်မှ မြန်းကြွလာသည့် ဘုရားရှင်အား ရည်မျှော်မှန်းလျက် ဆီမီးတို့ဖြင့် ပူဇော်ကြသည်မှာ မိမိတို့ ဗုဒ္ဓဘာသာဝင်များ၏ မြတ်နိုးနှစ်သက်ဖွယ် ဓလေ့ဝင် ဖြစ်၏။ ဤကာလ၌ လောကီကောင်းကျိုးအတွက် ဆောင်ရွက်ကြရာဝယ် ယျော်ကန်သင့်မြတ်သော နေ့ကောင်းရက်သာတို့အား ရွေးထုတ်ရသည်ရှိသော်…

**၁။ နေအိမ်တိုက်တာဝယ်ဖို့ရာ**

အောက်တိုဘာလ (၄)၊ (၈)၊ (၂၀)၊ (၂၅)၊ (၂၆) သောရက်များသည် နေအိမ်တိုက်တာများ ဝယ်ယူဖို့ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၂။ ကား/ယာဉ်စုံစွာ ဝယ်ဖို့ရာ**

အောက်တိုဘာလ (၄)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၂၂)၊ (၃၀) စသောရက်များသည် ကားများ၊ ယာဉ်များ ဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၃။ ရွှေတွင်း/ကျောက်တွင်း တူးဖို့ရာ**

အောက်တိုဘာလ (၆)၊ (၁၁)၊ (၁၆)၊ (၁၆)၊ (၂၀)၊ (၂၅) စသောရက်များသည် ရွှေတွင်း၊ ကျောက်တွင်းများ တူးဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၄။ ယှဉ်ပြိုင်ကိစ္စ ဆောင်ရွက်ရာ**

အောက်တိုဘာလ (၄)၊ (၆)၊ (၉)၊ (၁၆)၊ (၂၀)၊ (၂၈)၊ (၃၀) စသောရက်များသည် ယှဉ်ပြိုင်ကိစ္စများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၅။ ကျောင်း/အိမ်ဂေဟာ ဆောက်ဖို့ရာ**

အောက်တိုဘာလ (၁)၊ (၄)၊ (၆)၊ (၈)၊ (၁၁)၊ (၁၅)၊ (၁၆)၊ (၁၉)၊ (၂၀)၊ (၂၂)၊ (၂၅)၊ (၂၈)၊ (၃၀) စသောရက်များသည် ကျောင်းများ၊ အိမ်ဂေဟာများ ဆောက်လုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၆။ ပဋ္ဌာန်းစံရာ၊ ရှင်ပြုနားသရာ**

အောက်တိုဘာလ (၁)၊ (၆)၊ (၉)၊ (၁၂)၊ (၁၃)၊ (၁၆)၊ (၂၀)၊ (၂၇)၊ (၃၀) စသောရက်များသည် ပဋ္ဌာန်းစံ



www.burmeseclassic.com

www.burmeseclassic.com

ခြင်း၊ ရှင်ပြုခြင်း စသော ကောင်းမှုကိစ္စများ ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၇။ အိမ်ပြောင်းရွှေ့ရာ၊ အိမ်သစ်ဆောက်ရာ**

အောက်တိုဘာလ (၁)၊ (၄)၊ (၆)၊ (၁၁)၊ (၁၅)၊ (၁၆)၊ (၂၀)၊ (၂၈) စသောရက်များသည် အိမ်ပြောင်းရွှေ့ခြင်း၊ အိမ်သစ်ဆောက်ခြင်းတို့ ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၈။ အမည်ပေးရာ၊ ဆိုင်းဘုတ်တင်ရာ**

အောက်တိုဘာလ (၄)၊ (၆)၊ (၈)၊ (၁၁)၊ (၁၂)၊ (၂၀)၊ (၂၂)၊ (၂၅) စသောရက်များသည် အမည်ပေးခြင်း၊ ဆိုင်း ဘုတ်တင်ခြင်းတို့ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၉။ လက်ထပ်မင်္ဂလာ ကျင်းပရာ**

အောက်တိုဘာလ (၁၆)၊ (၂၀)၊ (၂၈)၊ (၃၀) စသောရက်များသည် လောကီရေးရာဖြစ်သော လက်ထပ်မင်္ဂလာ ကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၀။ ခရီးသွားလာ ကောင်းဖို့ရာ**

အောက်တိုဘာလ (၁) (၄)၊ (၆)၊ (၈)၊ (၁၁)၊ (၁၂)၊ (၁၄)၊ (၂၀)၊ (၂၂)၊ (၂၉) စသောရက်များသည် ခရီးသွားလာခြင်းကိစ္စအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၁။ လယ်ထွန်မင်္ဂလာပြုဖို့ရာ**

အောက်တိုဘာလ (၄) (၆)၊ (၈)၊ (၁၁)၊ (၁၂)၊ (၁၄)၊ (၂၀)၊ (၂၂)၊ (၂၅) စသောရက်များသည် လယ်ထွန်မင်္ဂလာပြုလုပ်ဖို့ရာ အကောင်းဆုံးရက်များဖြစ်ကြပါသည်။

**၁၂။ ရောင်းပန်းဝယ်ပန်း ပွင့်ဖို့ရာ**

အောက်တိုဘာလ (၄) (၆)၊ (၈)၊ (၁၁)၊ (၁၂)၊ (၁၄)၊ (၂၀)၊ (၂၂)၊ (၂၅)၊ (၂၈) စသောရက်များသည် အရောင်းအဝယ်ကိစ္စများဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၃။ သီးနှံမျိုးစေ့ကြဲဖို့ရာ**

အောက်တိုဘာလ (၄) (၆)၊ (၈)၊ (၁၁)၊ (၁၂)၊ (၁၄)၊ (၂၀)၊ (၂၅)၊ (၂၈) စသောရက်များသည် လယ်ယာ၊ တောင်ယာ၊ ဥယျာဉ်ခြံမြေများ၌ သီးနှံမျိုးစေ့များ ကြဲချစိုက်ပျိုးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၄။ ရေတွင်းရေကန် တူးဖို့ရာ**

အောက်တိုဘာလ (၁) (၄)၊ (၆)၊ (၈)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၄)၊ (၁၅)၊ (၁၆)၊ (၂၀)၊ (၂၅)၊ (၂၇)၊ (၂၈)၊ (၃၀) စသောရက်များသည် ရေတွင်းရေကန်များ တူးဖော်ခြင်းကိစ္စအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၅။ ပညာကောင်းစွာ သင်ဖို့ရာ**

အောက်တိုဘာလ (၄) (၁၁)၊ (၁၂)၊ (၁၃)၊ (၂၂)၊ (၂၅)၊ (၃၀) စသောရက်များသည် အတတ်ပညာများကို စတင်သင်ကြားရန် အကောင်းဆုံးရက်များ ဖြစ်ကြသည်။

**၁၆။ ရေသတ္တဝါ ဖမ်းဖို့ရာ**

အောက်တိုဘာလ (၆)၊ (၁၂)၊ (၁၃)၊ (၁၄)၊ (၁၅) (၂၂) စသောရက်များသည် မြစ်ချောင်း၊ ပင်လယ်ရှိ ေ[illegible] သတ္တဝါများအား ဖမ်းဆီးရန် အကောင်းဆုံးရက်များ ဖြ[illegible] ကြပါသည်။

**၁၇။ မင်္ဂလာအခါ ပေးသင့်ရာ**

အောက်တိုဘာလ (၁) (၄)၊ (၅)၊ (၆)၊ (၇[illegible] (၉)၊ (၁၀)၊ (၁၂)၊ (၁၄)၊ (၁၅)၊ (၁၆)၊ (၁၇)၊ (၂[illegible] (၂၃)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၂၇)၊ (၂၉)၊ (၃၀) စသော ရက်များသည် မင်္ဂလာအခါပေးရန် အကောင်းဆုံးရက်[illegible] ဖြစ်ကြပါသည်။

■ နှယ်သာ[illegible]



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ သည်လမှာ

## ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွက်

■ တောကကိုရင်

မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ မြေလွတ်မြေရိုင်းလည်း ပေါများလှ၏။ လယ်ယာမြေတို့မှာလည်း ဩဇာမြေဆီ ကြွယ်ဝသဖြင့် စိုက်ပျိုးသမျှ သီးနှံတို့ ဖြစ်ထွန်းကြသည်မှာလည်း အငြင်းပွားစရာ မရှိပါချေ။ သို့ရာတွင် စိုက်ပျိုးရာကိစ္စ၌ နည်းစနစ်မှန်ကန်ဖို့လိုသလို အခါကာလကောင်းကိုလည်း ရွေးချယ်တတ်ဖို့ လိုပေသည်။ သည့်အတွက် ကိုင်းသမား၊ ယာသမား၊ လယ်သမား၊ ဥယျာဉ်ခြံမြေစိုက်ပျိုးကြသူများအတွက် ရည်စူးကာ ဤကာလ အခါသမယ၌ သတိပြုဖွယ် စိုက်ပျိုးကိစ္စကို ဖော်ပြလိုက်ပါ၏။

၁။ အောက်တိုဘာလ (၄)၊ (၆)၊ (၈)၊ (၁၀)၊ (၁၂)၊ (၁၅)၊ (၁၉)၊ (၂၂)၊ (၂၄)၊ (၂၉) ရက်များ၌ အပွင့်၊ အသီးအနှံ၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ပျိုးခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၂။ အောက်တိုဘာလ (၁၀)၊ (၁၄)၊ (၂၂)၊ (၂၇) ရက်များ၌ ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များကို ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၃။ အောက်တိုဘာလ (၁)၊ (၄)၊ (၆)၊ (၈)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၅)၊ (၁၆)၊ (၂၀)၊ (၂၈)၊ (၃၀) ရက်များ၌ ထွန်ယက်ခြင်းစိုက်ပျိုး၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်၊ ချုံနွယ်တို့ကို မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥ၊ အမြစ်များ တူးဖော်ခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၄။ အောက်တိုဘာလ (၄)၊ (၆)၊ (၈)၊ (၁၁)၊ (၁၂)၊ (၁၄)၊ (၂၀)၊ (၂၂)၊ (၂၅)၊ (၂၈) ရက်များ၌ သီးနှံများ မျိုးစေ့ကြဲရန် သင့်လျော်လှပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

တောကကိုရင်



www.burmeseclassic.com

www.burmeseclassic.com

# အောက်တိုဘာလမှာ ဆောင်ရွက်ပါ

## ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွက်

**နေမျိုးထွဋ်ခေါင်**

၁။ အောက်တိုဘာလ (၁)၊ (၆)၊ (၁၁)၊ (၁၆)၊ (၂၀)၊ (၂၅)၊ (၃၁) စသောရက်များသည် "နန္ဒာတိထိ"တွင် ကျရောက်၏။ ထိုရက်များ၌ ဘုရား၊ ဂူ၊ ကျောင်း၊ ဇရပ်များ ဆောက်လုပ်ခြင်း၊ တံတားများခင်းခြင်း၊ မျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ မြေတူးဆွခြင်း စသော အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

၂။ အောက်တိုဘာလ (၂)၊ (၇)၊ (၁၂)၊ (၁၇)၊ (၂၁)၊ (၂၆) စသောရက်များသည် "ဘဒြာတိထိ"တွင် ကျရောက်၏။ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာပြုလုပ်ပခြင်း၊ ထိမ်းမြားမင်္ဂလာဆောင်နှင်းခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

၃။ အောက်တိုဘာလ (၃)၊ (၈)၊ (၁၃)၊ (၂၂)၊ (၂၇) စသောရက်များသည် "ဇယာတိထိ"တွင် ကျရောက်၏။ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုစမ်းထောက်လှမ်းခြင်း စသော အမှုကိစ္စတို့ကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ အောက်တိုဘာလ (၄)၊ (၉)၊ (၁၄)၊ (၁၈)၊ (၂၃)၊ (၂၈) စသော ရက်များသည် "ရိတ္တာတိထိ"တွင် ကျရောက်၏။ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိုင်းတင်ခြင်း၊ ပညာသင်ခြင်း၊ သစ်ပင်စိုက်ခြင်း၊ လေ့ကျင့်ဆောင်ခြင်း စသောအမှုကိစ္စများ ဆောင်ရွက်နိုင်ကြပါသည်။

၅။ အောက်တိုဘာလ (၅)၊ (၁၀)၊ (၁၅)၊ (၁၉)၊ (၂၄)၊ (၂၉)၊ (၃၀) စသောရက်များသည် "ပုဏ္ဏာတိထိ"တွင် ကျရောက်၏။ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဒ္ဒင်းခံခြင်း စသောအမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၆။ အောက်တိုဘာလ (၉)၊ (၂၀) ရက်များသည် "အမြိတ္တရိတ်"တွင် ကျရောက်၏။ ထိုရက်များ၌ မည်မျှပင် မကောင်းကြုံစေကာမူ မည်သည့်ကိစ္စမဆို ဆောင်ရွက်ရာ၌ အောင်မြင်ပြီးစီးနိုင်ပါသည်။

၇။ အောက်တိုဘာလ (၁)၊ (၄)၊ (၆)၊ (၁၁)၊ (၁၃)၊ (၁၈)၊ (၂၀)၊ (၂၅)၊ (၂၇) စသောရက်များသည် "ရက်ရာဇာ"တွင် ကျရောက်၏။ ထိုရက်များ၌ လူမှုရေး၊ ဘာသာရေး ကိစ္စအဝဝတို့ကို ဆောင်ရွက်လုပ်ကိုင်ပါက အောင်မြင်ပြီးစီးနိုင်ပါသည်။

ထို့ပြင်တစ်ဝ ကောင်းသောကမ္ဘာ့မြေခံနှင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ ကိတ် အစရှိသော တိထိမြေခံများတွင် အဆောက်အဦဆောက်လုပ်ခြင်း၊ မြေတူးဆွခြင်း လုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ပါသည်။

**နေမျိုးထွဋ်ခေါင်**



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင်အောင်မြင်ရန်

## ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွက်

■ **မဟိဒ္ဓိကျော်ခေါင်**

**တနင်္ဂနွေသားသမီးများအဖို့**

အောက်တိုဘာလ (၁)၊ (၄)၊ (၅)၊ (၈)၊ (၁၂)၊ (၁၅)၊ (၁၈)၊ (၁၉)၊ (၂၆)၊ (၂၉) စသောရက်များသည် ဝိသေသ အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**တနင်္လာသားသမီးများအဖို့**

အောက်တိုဘာလ (၃)၊ (၄၊ (၁၀)၊ (၁၁)၊ (၁၄)၊ (၂၁)၊ (၂၄)၊ (၂၅)၊ (၂၈)၊ (၃၁) စသောရက်များသည် ဝိသေသအောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**အင်္ဂါသားသမီးများအဖို့**

အောက်တိုဘာလ (၆)၊ (၉)၊ (၁၀)၊ (၁၆)၊ (၂၀)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၂၇)၊ (၃၀) စသောရက်များသည် ဝိသေသအောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**ဗုဒ္ဓဟူးသားသမီးများအဖို့**

အောက်တိုဘာလ (၁)၊ (၅)၊ (၈)၊ (၉)၊ (၁၀)၊ (၁၂)၊ (၁၅)၊ (၁၆)၊ (၁၉)၊ (၂၂)၊ (၂၃)၊ (၂၅)၊ (၂၆)၊ (၂၉)၊ (၃၀) စသောရက်များသည် ဝိသေသအောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**ကြာသပတေးသားသမီးများအဖို့**

အောက်တိုဘာလ (၄)၊ (၇)၊ (၈)၊ (၁၀)၊ (၁၁)၊ (၁၄)၊ (၁၅)၊ (၂၁)၊ (၂၂)၊ (၂၃)၊ (၂၅)၊ (၂၉)၊ (၃၁) စသောရက်များသည် ဝိသေသအောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**သောကြာသားသမီးများအဖို့**

အောက်တိုဘာလ (၁)၊ (၆)၊ (၇)၊ (၁၀)၊ (၁၃)၊ (၁၄)၊ (၂၀)၊ (၂၁)၊ (၂၄)၊ (၂၇)၊ (၂၈)၊ (၃၁) စသော ရက်များသည် ဝိသေသအောင်မြင်စေမည့် ရက်ကောင်း များဖြစ်ကြ၏။

**စနေသားသမီးများအဖို့**

အောက်တိုဘာလ (၁)၊ (၅)၊ (၉)၊ (၁၂)၊ (၁၆)၊ (၁၉)၊ (၂၀)၊ (၂၃)၊ (၂၆)၊ (၃၀) စသောရက်များသည် ဝိသေသအောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**ရာဟုသားသမီးများအဖို့**

အောက်တိုဘာလ (၁)၊ (၅)၊ (၉)၊ (၁၀)၊ (၁၅)၊ (၁၉)၊ (၂၃)၊ (၂၅)၊ (၃၀) စသောရက်များသည် ဝိသေသ အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

သို့ဖြစ်၍ အောက်တိုဘာလအတွင်း၌ မိမိတို့မွေးနံနှင့် ကံအားလျော်ညီစွာ ရက်ကောင်းများကို ရွေးချယ်လျက် တိုးတက်ကြီးပွားအောင် ကြံစည်လုပ်ဆောင်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါတော့၏။

■ မဟိဒ္ဓိကျော်ခေါင် ■



www.burmeseclassic.com

www.burmeseclassic.com

# သည်လဖွားအတွက် ကံဇာတာ

## ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွက်

■ ဆရာမိုးဟန်ကြွယ်

စာပေအနုပညာ၊ စာပေရေးသားခြင်းလုပ်ငန်းများကို လုပ်ကိုင်ရတတ်သည်။ လူကြီးသူမတို့၏ ဂုဏ်ပြုမြှောက်စားခြင်းကို ခံရတတ်၏။ ငွေဝင်တတ်၏ (သို့မဟုတ်) အမွေရရှိတတ်၏။ ဘာသာရေးလုပ်ငန်းများကို လုပ်ကိုင်ရတတ်၏။ ပညာရေးအထူးကောင်းမွန်လိမ့်မည်။ အမြင်အာရုံ ချို့ယွင်းအားနည်းလိမ့်မည်။ အမျက်ဒေါသဖြစ်နေတတ်၏။ အိမ်ထောင်ဖက်၏ ကျန်းမာရေး ထိခိုက်တတ်ပါသည်။ အလှူဒါနပြုရတတ်သည်။ အများအကျိုး သယ်ပိုးရတတ်၏။ ဘာသာရေးကို လုပ်ဆောင်ရတတ်၏။ ညီအစ်ကိုမောင်နှမများနှင့် အဆင်မပြေဖြစ်တတ်သည်။ ကျောက်မျက်ရတနာလုပ်ငန်း အကျိုးပေးတတ်ပါသည်။ စပ်တူလုပ်ငန်းများလည်း သင့်ပါသည်။

ပျို့ရွယ်သူများအဖို့ အချစ်ရေးတွင် ကံအခွင့်အလမ်း မသင့်သေးပါ။ သားသမီးများနှင့် ပျော်ပျော်ရွှင်ရွှင်နေရတတ်၏။ အိမ်ထောင်ဖက်၏ ကျန်းမာရေး အနည်းငယ်ညံ့နေပါသည်။ အိမ်ယာမြေများ ရရှိတတ်သည်။ နေအိမ်မကြာခဏ ပြောင်းရွှေ့နေထိုင်ရတတ်သကဲ့သို့ လုပ်ငန်းခွင်မှ ဘွဲ့ထူးဂုဏ်ထူးများလည်း ချီးမြှင့်ခြင်းခံရတတ်သည်။ လက်ဝတ်ရတနာများ ဝင်သကဲ့သို့ အိမ်ယာမြေများလည်း ဝင်လာတတ်၏။ သားချင်းတစ်ဦးအတွက် စိတ်ဆင်းရဲစရာကိစ္စ ကြုံရတတ်သည်။ လုပ်ငန်းခွင်၌ မလိုမုန်းထား ချောက်တွန်းစကားဆိုသူ ရှိလိမ့်မည်။ ရှိကြောင်း မည်သူမည်ဝါဆိုသည်ကိုသိပါက ရန်ဖြိုရန်ချင်း မတုံ့နှင်းဘဲ မေတ္တာကို စူးစူးစိုက်စိုက်ပို့ပါ။ အရောင်းအဝယ်လုပ်လျှင် ကြေးနီ၊ သန္တာ၊ ရွှေ အနီရောင် အဝတ်အထည်များ၊ ယာဉ်ကားတို့နှင့် ပတ်သက်၍ အမြတ်အစွန်း ရရှိတတ်သည်။

မမျှော်လင့်ဘဲ မင်္ဂလာကိစ္စများ ဆောင်ရွက်ရတတ်သည်။ နိုင်ငံခြားခရီး ထွက်ရတတ်သည်။ ထိုထိုပါ။ အစုစပ် ဝယ်ရောင်းလုပ်ငန်းများ အကျိုးပေးပါလိမ့်မည်။ ဆုံးရှုံးထားသည်များ ပြန်လည်ရရှိလာတတ်သလို မြှုပ်နှံထားသည်များလည်း ပြန်လည်အကောင်အထည်ပေါ်ပေါက်လာပါလိမ့်မည်။ အမှုဖြစ်နေသူကို အာမခံမလိုက်ရပါ။ အရောင်းအဝယ်လုပ်ကိုင်လျှင် သတိကြီးစွာထားပါ။ ဝယ်ရောင်းကိစ္စ၌ အဝယ်မှား အရောင်းမှား ဖြစ်တတ်သည်။ ကျန်းမာရေးမညံ့သေးလျှင် မညံ့အောင်၊ ညံ့နေလျှင်လည်း အန္တရာယ်မဖြစ်အောင် သတိထားရပါမည်။ နာတာရှည်ရောဂါအပါအဝင် ရောဂါစုံ ဖြစ်တတ်သည်။ ရောဂါတစ်မျိုးပြီးတစ်မျိုး ဖြစ်တတ်သည်။ ပျို့ရွယ်သူများအနေဖြင့် ချစ်သူ၏ အထင်အမြင်လွဲမှုကို ခံရတတ်၏။ အောင်ဘာလေထီ ထိုးမည်ဆိုပါက (၃)၊ (၆)ပါသော ဂဏန်းများကို ရွေးချယ်ပါ။

ယတြာအနေဖြင့် ဘုန်းတော်ကြီးကျောင်းသွား၍ ယပ်၊ ထီး၊ ဖိနပ်၊ နာနတ်သီး ထန်းလျက်တို့ကို လှူရပါမည်။

ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com

# အဘအောင်မင်းခေါင်၏
# ရန်အေးဟူသမျှ ကင်းဝေးစေသော
# ဝိဓုတ္တိအရိယာအင်း

မင်းထက်ကျော်(B.Sc)

| | | | | | | |
|---|---|---|---|---|---|---|
| | | | သံ | | | |
| | | ဂုံ | ပ | မ | | |
| | သဲ | ဗွာ | ယျ | စ | ဏ္ဍာ | |
| ပ | ဒိ | သာ | ဝ | တာ | ဓ | ၁ဝ |
| ဝိ | ဒ | ရ | တ | ဋ | ဒွိ | ဓ |
| ဘ | ဝံ | ဒွိ | ဂါ | ဗ | ထွ | ဒွိ |
| မှ | ဒါ | ဒိ | ငြော | ဗိ | မ | ဓ |
| န | ဒြ | ဓာ | ဟိ | ဒိ | ပီ | ဦ |
| ဝိ | ဇွေ | ဓ | ဝ | ဓ | ဓ | ဍ |
| ဓ | ဣ | ဒြ | ဂါ | ဗြ | ဗ | ဓ |
| ဉ | ဓ | ဓ | ဓ | ဓ | ဒ | ဒွေ |
| ဗြေ | ဒြ | ဒြ | ဝင် | ဝိ | ဗ | ဒြ |

တစ်နေ့တွင် ကျွန်ုပ် စာရေးသူသည် တောင်ဥက္ကလာပမြို့နယ်သို့ ရောက်ရှိသွားပါသည်။ မမွှေးဇိတ် ဆွေတစ်ယောက်မှ သိပ်စာပေးထားသော စွန်းလွန်းဆရာတော်ကြီး၏ တပည့်အိမ် သွားခြင်းဖြစ်သည်။ သူမ၏ အမည်မှာ ဒေါ်ရီရီမွန်ဖြစ်သည်။ စာရေးသူ ၁မိန့်တာကို စိတ်ရှည်လက်ရှည်ရှင်းပြသည်။ ထို့နောက် စာအုပ်တစ်အုပ် ထုတ်ပြသည်။ ကျွန်ုပ်လည်း ထိုစာအုပ်ကို စိတ်ဝင်စားသွား၍ ပြန်လည်ရောင်းပါရန် မေတ္တာရပ်ခံခဲ့သည်။ သူမမှ မြင်းခြံ ရောက်မှ ကျွန်မ ပြန်ဝယ်မယ်ဟုဆိုပြီး ပေးလိုက်ပါသည်။ ကျွန်ုပ်လည်း ငွေ ၅၀၀ဝိ/- ကျပ် ပြန်လည် ကျေးဇူးပြုလိုက်သည်။

ထိုစာအုပ်အမည်မှာ မြင်းခြံမြို့ မဟာအောင်မြေရတနာသေတင်္ဂါပန်ကျောင်းတော် ကမ္မဋ္ဌာနာစရိယ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ဦးလောကတိဿ သာသနာပြု

www.burmeseclassic.com

မှတ်တမ်း။ ရာပြည့်အထိမ်းအမှတ် ဖြစ်ပါသည်။ ထိုစာအုပ်တွင် ရွှန်းလွန်းဆရာတော်ဘုရား၏ တရားအားထုတ်နည်းကို အစိကာ ရေးသားဖော်ပြပေးထားပါသည်။ စာမျက်နှာ ၃၆ တွင် "ဝိမုတ္တိ အရိယာအလင်းတိုင်၏ အင်းဆံ ဂါထာတော်" နှင့် အင်းကွက်တစ်ခု ဖော်ပြထားသည်။ "အင်းဆံဂါထာတော်ကို ဖော်ပြထားသလို သိဒ္ဓိတင် ဂါထာတော်ကိုလည်း ဖော်ပြထားသည်။ ထိုအင်းကို အဘဘိုးမင်းခေါင် ချီးမြှင့်သော အင်း ဟုဆိုကြသည်။ ဤစာအုပ်တွင် ဝိမုတ္တိအလင်းတိုင်ပူဇော်ရန်ကို အပြည့်အစုံ ရေးပြထားသည်။

အဘအောင်မင်းခေါင် ကွင်းဆက်များ ဘဒ္ဒန္တကောသလ္လ (ကြည့်သာအေးမြဆရာတော်) စာအုပ်တွင် "အဘအောင်မင်းခေါင်အင်း" ဟု ရေးထားသည်။

အဘဘိုးမင်းခေါင်၏ ရန်အေးဟူသမျှ ကင်းဝေးစေသော "ဝိမုတ္တိအရိယာအင်း" ဟူ၍ရှိ၏။ ထို အင်းမှာ အောက်ပါအတိုင်းဖြစ်သည်။ ဆရာတော် ဦးလောကတိဿ၏ ရာပြည့်မှတ်တမ်းစာအုပ်တွင် ပါရှိသော အင်းပုံစံနှင့် အတူတူဖြစ်နေပါသည်။ စာရေးသူလည်း မိတ္တူကူး ဖယောင်းတိုင်ပတ်ပူဇော် ကြည့်သည်။ အကျိုးထူးတာ ထင်ရှားပါသည်။ အခက်အခဲဖြစ်နေသော ဂရုကိစ္စ အဆင်ပြေသွားသည်။

**အင်းဆံဂါထာ**

သံ ဂုံ ပ မ ယျ
ယေပုဂ္ဂလာ အဋ္ဌသတံ ပသဿတ္တာ
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ
တေ ဒက္ခိဏေယျ သုဂတဿ သာဝကာ
ဧတေသု ဒိန္နာနိ မ ဟ ပ္ဖ လာ နိ
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ယခင်ခေတ်ကတော့ ပျားဖယောင်းမှာအင်းချ ပြီး ဖယောင်းကိုလိပ်ကာ မီးထွန်းပူဇော်ကြသည်။ ယနေ့ခေတ် မှိုင်းခံစက္ကူမှာ အင်းချ ဖယောင်းတိုင်မှာ ပတ်ပြီး ပူဇော်နိုင်သည်။ အင်းမချနိုင်ပါက မိတ္တူကူး ဖယောင်းတိုင်မှာ ပတ်ပူဇော်၍ရသည်။ လက်တွေ့ ဆောင်ရွက်ကြည့်ပါ အကျိုးထူးသည်။ အဆိုပါ အင်းကို လေ့လာကြည့်သော အခါ မြတ်စွာ ဘုရားဟောကြားတော်မူသည့် ရတနသုတ်ပရိတ်တော်လာ သံဃာဂုဏ်တော်ကို ထုတ်ဖော်သစ္စာပြုသည့် ပါဠိတော်အား အခြေပြုစီရင်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

**မြန်မာပြည်အနက်အဓိပ္ပါယ်မှာ -**

သူတော်ကောင်းတို့ ချီးမွမ်းအပ်ကုန်သော အကြင် ရိယာပုဂ္ဂိုလ်တို့မှာ လေးစုံတို့သည် ဖြစ်ကုန်၏။ မြတ်စွာ ဘုရားတပည့် ဖြစ်ကုန်သော ထိုအရိယာ ပုဂ္ဂိုလ်တို့သည် ကံနှင့်အကျိုးမျှော်ကိုးရည်သန် အလှူကောင်း အလှူမွန်ကို ခံထိုက်ကြပေကုန်၏။ ထိုအရိယာပုဂ္ဂိုလ်တို့၌ လှူအပ်သမျှ အလှူဒါနတို့သည် အကျိုးကြီးကုန်၏။ အရိယာ သံဃာတော်၌ ဤ နှစ်သက်မွယ် ဂုဏ်တော်သည်လည်း ထူးမြတ် လှပါပေ၏။ ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာ ပါစေသတည်း။ ထိုအင်းကို မိတ္တူကူး ဖယောင်းတိုင်တွင်ပတ် ပြီးပါက သိဒ္ဓိတင်ဂါထာတော် ရွတ်ဆိုရမည်။ (၃) ခေါက် (သို့မဟုတ်) (၇)ခေါက်ရွတ်၍ သိဒ္ဓိတင်ပါ။

**သိဒ္ဓိတင်ဂါထာတော်**

ဥုံ -ဣတိသိဒ္ဓိ ဗုဒ္ဓံ။
ဣတိသိဒ္ဓိ ဓမ္မံ။
ဣတိသိဒ္ဓိ သံဃံ။
ဣတိသိဒ္ဓိ ပါရမီ မေတ္တာတိံသ။
ဣတိသိဒ္ဓိ သမ္ဗုဒ္ဓ မာဂဒါ။
ဣတိတေဇ မနုပ္ပါဒ်ဒေါ။
ဣတိပီသော စ တေ နမော။

အဘအောင်မင်းခေါင်စာအုပ်တွင် ထိုအင်း ဖယောင်း တိုင်ကို ဖယောင်းတိုင် (၆)တိုင်ထုပ်၊ ဖယောင်းတိုင်ကြီး (၅)တိုင်တွင်ပတ်၊ အောက်က ပန်းကန်ပြားခံ၍ (၅)ရက် ဆက် ပူဇော်ရတောင်းဟုဖော်ပြထားသည်။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဦးလောကတိဿမှာ ဝိသုဒ္ဓ

www.burmeseclassic.com

တရားနည်းပြ သတိပဋ္ဌာန်တရားနည်းပြ ဗွန်းလွန်းဆရာတော်ဖြစ်သော်လည်း လောကီရေးရာ မပစ်ပယ်ပါ။ ဝေဘူဆရာတော်၊ မိုးညှင်းဆရာတော်၊ တပ်ပေါင်းစု ဆရာတော်၊ မြဲတောင်ညီနှုဆရာတော် စသည့် ဆရာတော်ကြီးအား အသားအောင်မင်းခေါင်မှ ဓာတ်ပိုင်းဆိုင်ရာကိစ္စ ကူညီပေးခဲ့ပါသည်။ အင်း၊ စမ ဓာတ်ပညာနှင့် ဝိဇ္ဇာသည် ဆက်နွယ်နေပါသည်။ ဆရာတော်ကြီးတစ်ပါးသည် သူ၏ လက်ဝါးဖြင့် ငွေစက္ကူကို ရိုက်ပေးခြင်း၊ ကွမ်းရွက်ကိုရိုက်ပေးသောအခါ စမုံအင်းကွက်တွေပေါ်လာတာ တရေးသူ ကိုယ်တိုင်မြင်ခဲ့ရပါသည်။ထို့ကြောင့် ဆရာတော်ကြီးဦးလောကတိဿထိုလည်း အဘဘိုးမင်းခေါင်က လာရောက်ချီးမြှင့်မှုရှိနိုင်သည်ဟု ယူဆမိပါသည်။

ဝိမုတ္တိအလင်းတိုင်ပူဇော်ရန်

မီးတိုင်ကိုမလဲအောင် သေချာထွန်းညှိပါ။

"နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ" (၃)ခေါက်ရွတ်ဆိုပါ။ ငါးပါးသီလခံယူဆောက်တည်ပါ။

မြတ်စွာဘုရား၊ ဘုရားတပည့်တော်(အမည်) (ဘာ)နေ့သားမှာ (ဆိုလိုသည့် အကြောင်းကိစ္စကို ထည့်ပြောပါ)

အကြောင်းကိစ္စနှင့် ပတ်သက်၍ ဆင်းရဲပင်ပန်းစွာကြုံတွေ့နေရပါသဖြင့် (အလွန့်အလွန် ယုံကြည်အားကိုးထိုက်သော) (အလွန့်အလွန် အလေးဂရုပြု ထိုက်သော) (အလွန့်အလွန် ကောင်းကျိုးချမ်းသာကို ပေးစွမ်းနိုင်သော) (အလွန့် အလွန် အံ့ဩဖွယ်ရာနှင့်[ ]ပြည့်စုံကုန်သော) ဝိမုတ္တိအရိယာ အလင်းတိုင်ကို ယုံယုံကြည်ကြည် လေးလေးစွာဖြင့် ဆက်ကပ် လှူဒါန်းပူဇော်ပါကုန်၏ အရှင်ဘုရား။

အရိယာပုဂ္ဂိုလ်တို့သည် အပါယ်လေးပါးတည်းဟူသော ဆင်းရဲမှ အမြဲလွတ်ကင်းတော်မူကြပါ ကုန်၏။

ဤစကားသည် မှန်သောအားဖြင့်လည်းကောင်း၊ ငါးပါးသီလဆောက်တည်ရသော သီလ ကုသိုလ်ကံကြောင့်လည်းကောင်း၊ ဝိမုတ္တိအရိယာ အလင်းတိုင်ပူဇော်ရသောအနေကုသိုလ်ကံကြောင့်လည်းကောင်း၊ ဘုရားတပည့်တော်မှ ပင်ပန်းဆင်းရဲစွာ ကြုံတွေ့နေရသော (အကြောင်းအရာများထည့်ဆိုပါ) ကိစ္စအဝဝတို့သည် လျင်လျင်မြန်မြန် ပြီးစီးအောင်မြင်ပါစေသတည်း။

မြို့သူ မြို့သား၊ နယ်သူ နယ်သားအပေါင်းတို့ သည် ချမ်းသာကြပါစေကုန်သတည်း။ ဤကောင်းမှု ဤကုသိုလ်၏ အဖို့ဘာဂကို အမိအဖ၊ အဖိုးအဖွား၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ပိုင်းစောင့်နတ်၊မြို့စောင့်နတ်၊ ကျောင်းစောင့်နတ်၊ သာသနာတော်စောင့်နတ်၊ ဘုမ္မစိုရ်၊ ရုက္ခစိုရ်၊ အာကာသစိုရ်၊ အတွင်း(၃၇)မင်း၊ အပြင်(၃၇)မင်း၊ နေနတ်သား၊ လနတ်သား၊ မိုးနတ်သား၊ လေနတ်သား၊ သိကြားမင်း၊ ဗြဟ္မာမင်း၊ စတုလောကပါလနတ်မင်းကြီး လေးဦး၊ လောကမြေနတ်မင်း၊ ယမမင်းကြီး၊ သမုဒ္ဒရာ ပင်လယ်စောင့် မဏိမေခလာနှင့်တကွ (၃၁)ဘုံ ကျင်လည်ကြကုန်သော ဝေနေယျသတ္တဝါအပေါင်းတို့အား ကုသိုလ်အမျှ ပေးဝေပါကုန်၏ အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

(ကုသိုလ်အမျှ အမျှ အမျှ ယူတော်မူကြပါ ကုန်သော့) (၃)ခေါက်ရွတ်ဆိုပါ။

ဆီမီးထွန်းညှိထားစဉ် မိမိစွမ်းနိုင်သော ပရိတ် တော်၊ ဂါထာတော်တို့ကို ရွတ်ဖတ်ပူဇော်ပါလေ။ ပုတီးစိပ်ခြင်း၊ တရားအားထုတ်ခြင်းစသော ကောင်းမှုကိုပြုပါလေ။ လောကီအကျိုး၊ လောကုတ္တရာ အကျိုးတို့ကို ရရှိခံစားနိုင်ပါစေ။ ကျွန်ုပ်သည် အိမ်ဂရန်ကိစ္စအခက်အခဲ ကြုံတွေ့နေရာ ဝိမုတ္တိအလင်းတိုင်(၅)ရက်ပူဇော်မည်ဟု အဓိဋ္ဌာန်လိုက်သည်။ သို့သော်(၃)တိုင်ထွန်းပြီးသည်နှင့် ဖုန်းဆက်အကြောင်းကြားလာသည်။ အဓိဋ္ဌာန်မပျက် (၅)ရက်ပူဇော်ပြီး အိမ်၊ အဆောက်အဦ ကိစ္စ ဆုတောင်းပါသည်။ လိုအပ်သော ဆန္ဒ ကိစ္စအဝဝတို့သည် လျင်မြန်စွာပြီးစီးအောင်မြင်လေ၏။ ဖယောင်းတိုင်ထွန်းညှိပြီး ပုတီးစိပ်ခြင်း၊ ဂါထာရွတ်ဆိုခြင်းပြုလုပ်ပြီးပါက မေတ္တာပို့သပေးပါ။ အမျှအတန်းဝေပါ။ ဝိမုတ္တိဆိုသည်မှာ လွတ်မြောက်ခြင်းဟု အဓိပ္ပါယ်ရပါသည်။


ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ။

**မင်းထက်ကျော်** (B.Sc)



www.burmeseclassic.com

www.burmeseclassic.com



# မင်းဝမ္မတောင် နှင့် အဘအောင်မင်းခေါင်

## မောင်မောင်မြင့်ဓအား

ဝိဇ္ဇာရေဂ္ဂိရပညာရပ်များသည် လွန်စွာပင်ဆန်းကြယ် လှ၏။ ယခု ကျွန်ုပ်တို့ နေထိုင်သော ရန်ကုန်မြို့ကြီးသည် ပင်လျှင် နှစ်ပေါင်းရာကျော်ရှိနေပြီဖြစ်ရာ ခေတ်အဆက် ဆက်က အစိုးရမင်းများသည် ၎င်းတို့၏ အာဏာစက်များ နိုင်မြဲစေရန် အစီအရင်ပေါင်းများစွာဖြင့် ခေတင်ရှက်ခဲ့ သည်ကို အချို့မှာ ကြားဖူးနားဝဖြင့်လည်းကောင်း၊ အချို့မှာ မျက်ဝါး ထင်ထင်ဖြင့်လည်းကောင်း တွေ့မြင်ကြားသိခဲ့ရ ပေ၏။

အထူးသဖြင့် ထေရဝါဒ သာသနာဟု မည်မျှပင် ပြောဆိုနေစေကာမူ ဆရာတော် သမားတော်ကြီးများ ပင်လျှင် မြင်အပ်မမြင်အပ်သော ပုဂ္ဂိုလ်အပေါင်းတို့အား မေတ္တာသုတ်တော်များ ချီးမြှင့်ခြင်းများ အမျှအတန် ပေးဝေခြင်းများ ပြုလုပ်နေကြသည်မှာ တဖတ်သူမျ အသိပင်ဖြစ်၏။

လောကဌ် ဘုရား၊ တရား၊ သံဃာသည် အမြတ်ဆ ရတနာ ဖြစ်ကြောင်းကို ဆရာ၊ မိဘ တို့က လမ်းညွှန် ရှိသဖြင့် ကျွန်ုပ်တို့သည် ထို ရတနာမြတ်သုံးပါးတို့အ ဆည်းကပ် ကိုးကွယ်မှုကြောင့် ဗုဒ္ဓဘာသာဝင်များ ဖြစ်နေကြသည်မှာ မငြင်းနိုင်ခဲ့ပေ။

သို့ရာတွင် ခေတ်ကာလအလျောက် ဥပဒေရှိ နည်းဥပဒေရှိရမည်ဖြစ်ရာ ရတနာမြတ်သုံးပါးကိုဆည်းက ရာတွင်တလည်း နည်းဥပဒေကျကျ ဆည်းကပ်မှုကြော

www.burmeseclassic.com



လောကီလောကုတ္တရာ နှစ်ဖြာတွင် အကျိုးရှိရှိ နေနိုင်ခဲ့နိုင်ကြသည်ကို တွေ့ဖူး မြင်ဖူးမည်ဖြစ်၏။

ရတနာသုံးပါးကို ဆည်းကပ်ရာတွင် လုပ်ထုံးလုပ်နည်းမှန်စွာ ဆည်းကပ်ရန်မှာ မိဘ သို့မဟုတ် ဆရာသမားတို့၏ လမ်းညွှန်မှုများသည် အရေးကြီးလှ၏။ အထူးသဖြင့် ဆရာသမားများသည် ပိုပြီး လမ်းညွှန်သမှု ပြုကြ၏။

ထိုကဲ့သို့ ဆရာသမား ဆိုရာ၌လည်း လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ် အမျိုးမျိုးရှိကြရာ ၎င်းတို့သည် မှတ်ဖြင့်ဖြစ်စေ ကျမ်း အရာဖြင့်ဖြစ်စေပြသကြ၏။

မြန်မာ့သမိုင်း အစဉ်အလာတွင် ဗားမဲ့ဆရာတော်၊ ထက်လုံးကြွေ ဆရာတော်ခင်ကြီးဖျော် တို့သည် ဝိဇ္ဇာ ပညာရပ်တို့ကို လွန်စွာတတ်ကျွမ်းသဖြင့် မင်း မိဘုရား မှူးကြီးမတ်များ ဝန်ကြီး မှူးမတ် ဗိုလ်ပါတို့က ကိုးကွယ်ကြရ၏။ ထို့အတူ တို့၏ လောကီ အစီအရင်တို့သည်လည်း ဘုရား တရား သံဃာတို့ကို ဆည်းကပ်ခြင်းဖြင့် အောင်မြင်မှုများ ရရှိသော နည်းလမ်းများဖြစ်တော့၏။ ခေတ်စကားနှင့် ပြောရသော် လုပ်ထုံးလုပ်နည်း နည်းဥပဒေများဖြင့် ဆောင်ရွက်သဖြင့် အချိန်တိုအတွင်း အောင်မြင်မှုများ ရရှိသည်ကို တွေ့ရ၏။

အထက်က ဆိုခဲ့သည့်အတိုင်း မြို့တော် ရန်ကုန်ကြီးသည် ဥက္ကလာပမင်းကြီးက အစ ကုန်းဘောင်မင်းများ အလယ်၊ အင်္ဂလိပ်မင်းများအဆုံး အချိန်ရပ်ရွာဒေသများကို အစီအရင်များနှင့် ဆောင်ရွက်သွားသည်တို့ကို တွေ့ရ၏။

လွတ်လပ်ရေးရပြီးစကာလတွင် မြန်မာနိုင်ငံတဝှမ်း ဆူပူမှုများနှင့် ပြည့်နှက်နေရာ ရန်ကုန်မြို့ကြီးသို့ပင် ‘သောင်းကျန်းသူများ သိမ်းမည့်ဆဲဆဲတွင် ဆရာတော်ကြီး တစ်ပါးကလည်း ၎င်း တတ်ကျွမ်းသည့် ပညာရပ်များဖြင့် စီရင်ခဲ့ပုံမှာလည်း မှတ်သားလောက် သည်ဖြစ်၏။

ထိုဆရာတော်ကြီးမှာ ရာကျော်ဆရာတော် ဟု ဘွဲ့မည်ရှိသော ဣန္ဒာသယသိန္ဒိရှင် မဟိန္ဒရာကျော်ဆရာတော် ဦးသန္ဓမ္မဒေဝကိတ္တိ ပင် ဖြစ်၏။ ဆရာတော်ကြီးသည် ရှမ်းပြည်တောင်ပိုင်း ပင်းတယ လိုဏ်ဂူတော်ကြီး၏ အနောက်ဘက်မိုင် (၂၀)ခန့်အကွာတွင် “နဂါးမင်းကြီး” တောင် ဟူသော တောင်တစ်လုံးရှိသည်။

www.burmeseclassic.com



## အဘဘိုးမင်းခေါင်၏ ကမ္ဘာလုံးပေါ်တွင် အဘ အောင်မင်းခေါင် ဆေးတံသောက်နေပုံ

## “ထိုနေရာတွင် နိုင်ငံခြား သွားလိုသူများ နိုင်ငံခြားနှင့် အဆက်အသွယ်ပြု လုပ်သူများ လာရောက်အဓိဋ္ဌာန်ပြုပါက အောင်မြင်မှုများရသည်”

ထိုတောင်ရှိရာ နေရာသည် တောနက်ကြီးဖြစ်၍ လူသူ အရောက်အပေါက် နည်းလှသည်။ ထို တောင်ရှိ ရှေးဟောင်း စေတီတစ်ဆူကို ဆရာတော်ကြီးသည် ပင်းတယမှ ရှမ်းဘုန်းကြီး ဦးဥတ္တရနှင့်အတူ ပြန်လည်ပြုပြင် ထီးတော်တင်ခဲ့သည်။

နဂါးမင်းကြီးတောင် စေတီတော်ကြီး၏ ထီးတော် အဟောင်းအတွင်းမှ အလွန်တရာ ထူးခြား ဆန်းကြယ်လှသော ရှေးဟောင်း ဓာတ်သား ဆင်းတုတော်တစ်ဆူကို ရရှိခဲ့သည်။ စေတီတော်ကြီးနှင့် ထီးတော်ကြီးမှာ များစွာ ချွတ်ယွင်း ပျက်စီးနေလင့်ကစား ထိုဖူးတွေ့ရသော ဓာတ်သား ဆင်းတုတော် မြတ်မှာ ရွှေရောင်တဖိတ်ဖိတ်နှင့် ဝင်းလက်တောက်ပ လျက်ရှိသည်ကို တွေ့ခဲ့ကြရသည်။ ၎င်းဆင်းတုတော်မြတ်ကို ရှေးခေတ် လောကီပညာဖြင့် စီရင်ထားသော အဂ္ဂိရတ် ရွှေစင်ဓာတ်သားဖြင့် ထုဆစ်ထားခြင်းဖြစ်သဖြင့် အရောင်အဆင်းသာမက သိဒ္ဓိမြောက် ဆင်းတုတော်မြတ် ဖြစ်လေသည်။

ဆင်းတုတော်သည် “ဝရမုဒြာ” ကောင်းချီးပေးဟန် ဆုပေးဟန်ဖြစ်ပြီး ဇမ္ဗူပတိမင်း ချွတ်တော်ပုံဖြစ်၍ မင်းမြောက်တန်ဆာများ ဆင်ယင်ထားတော်မူလေသည်။ စွယ်၊ ဖောင်း၊ မကိုဋ်တော် စသည်တို့မှာလည်း လက်ရာမြောက်၍ အရည်အသွေး ကောင်းလှသည်။

ကျောက်မျက်ရတနာများ စီခြယ်ထားသဖြင့် နေရောင်မရှိသည့်အခါ၌ပင် ရွှေရောင်တဖိတ်ဖိတ်ဖြင့် ဝင်းလက်တောက်ပ နေသည်ဟု ဆိုကြသည်။

ဆင်းတုတော်မှာ တင်ပျဉ်ပေါ်တွင် လက်တော်နစ်ဖက်ကို ပက်လက်ထားရှိသည့် မုဒြာဖြစ်ပြီး လက်ဖဝါးပြင်တော်သည် မဟာိဒ္ဓိထူးများကိန်းနေသည့် ဓာတ်လုံးများထည့်ထားသော ရဓနာ ရွှေကြုတ်တော် တစ်ဆူပါရှိကြောင်းတွေ့ရသည်။

ဆရာတော်ကြီးသည် ၎င်းရှေးဟောင်းဆင်းတုတော်ကို အခြားတန်ခိုးကြီး ဆင်းတုတော်သုံးဆူနှင့်အတူ အင်းစိန်၊ ကြို့ကုန်း၊ မင်းဓမ္မတောင်ပေါ်တွင် (ဒုတိယ ခုနှစ်က တည်ထားသည့် မင်းဓမ္မတောင်သာသနာ



www.burmeseclassic.com

www.burmeseclassic.com

ဗောဓိပက္ခိယစေတီတော်တွင် ဌာပနာတော်မူခဲ့သည်ဟု သိရှိရလေသည်။

မှတ်ချက် ။ ။ ထိုစေတီလေးသည် ယခုတိုင် ကျောက်တော်ကြီးဘုရား၏ ရင်ပြင်တော်ပေါ်တွင် တည်ရှိနေပါသည်။

ထို့နောက် ရာကျော်ဆရာတော်ဘုရားကြီး သာသနာစာတ်ပန္နက်ရိုက်စဉ်က မင်းမေ့တောင်သည် လူသူအရောက်အပေါက်နည်းပြီး သစ်ပင် ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းနေသဖြင့် တောကြီး အသွင်သာ ဆောင်နေသည်။ သီတင်းသုံးသည့် ဝါတွဲကျောင်းကလေး တည်နေရာမှာ တောင်၏ အရှေ့မြောက်ဘက်ထောင့်၊ တောင်ခြေတွင် တည်ရှိသော "ဘိုးရာဇာကုန်း" တွင်ဖြစ်သည်။ တောင်ပေါ်သို့ တက်ရန်ကား အလွယ်တကူ ချုံနွယ်ပိတ်ပေါင်း ထူထပ်သည့်အပြင် မြွေဆိုး မြွေဟောက်ကြီးများ၊ ငန်းမြွေကြီးများကလည်း မင်းမူလျက်ရှိသောကြောင့် ဖြစ်ပေသည်။

ထိုစဉ်က စာတ်ပန္နက်တိုင်များ စိုက်ထူပြီးသည့်နောက် ရာကျော်ဆရာတော်ကြီး မိန့်ကြားသည့် နိမိတ်စကားမှာ . . .

"ငါ၏သား ကပည့်များတို့ လွန်စွာ အရေးကြီးတဲ့ သာသနာနိမိတ်၊ ဗြာဒိတ်စကား ငါမိန့်ကြားမည်။ အားလုံး သေချာစွာ နာခံမှတ်သားထားကြလော့ . . . ဒီနေရာ၊ ဒီဒေသ ဒီမင်းမေ့တောင်ကို ဗဟိုပြုလျက် နိုင်ငံတော်အဝှမ်းမှာ လမ်းကြီး လမ်းငယ် အသွယ်သွယ်၊ တံတားကြီး တံတားငယ် အထပ်ထပ်၊ တိုက်တာကြီးတွေ တရစပ်၊ အလစ်အဟာမရှိအောင် နောင်မှာ သံခမောက်ဆောင်းတွေ တည်ကြလုပ်ကြလိမ့်မယ်။

"ဆင်မ ဝမ်းခေါင် ဗိုလ်ခြေအောင်းလိမ့်မယ်" ဆိုတဲ့ ထီးနန်းတစ်ပြန် ဆိုက်လိမ့်မယ်၊ အလောင်းမင်းတရားကြီး သိမ်းပိုက်စဉ်က ရန်သူတွေကုန်လို့ ရန်ကုန်လို့ သမုတ်တော်မူပြီး မြို့ကြီးအစတည်ခဲ့တယ်။ နောင်တစ်ကြိမ်မှာလည်း ရန်တကာတွေကုန်လို့ ရန်ကုန်မှာ ဗိုလ်ခြေအောင်ပြီး မြို့ကြီးပြကြီးတည်လိမ့်မယ်၊ ရွှေတိဂုံဟံသာကျေးအနှံ့နဲ့ မြန်မာပြည် ရန်တကာကြေတဲ့ အောင်ဘုရားတွေတည်၊ ကျောင်းတွေဆောက်၊ လမ်းတွေဖောက်ပြီးတဲ့နောက် ဒီ မင်းမေ့တောင်ပေါ်မှာ အောင်ထူးဆန်းဘုရားကြီးတည်လိမ့်မယ်။

ဒီမင်းမေ့တောင်ဟာ ရှေးသမိုင်းဝင် အောင်ထူးဆန်းတောင်ထူး တောင်မြတ်၊ တောင်ကလာပ်၊ ဒုတိယသိဂုံတွာရတောင်ဖြစ်တယ်။ တောကိုးတော၊ ကုန်းကိုးကုန်း။ အင်းကိုးအင်း။ အစုံအညီနဲ့ နေရာထူး နေရာမြတ်ဖြစ်လို့ အနာဂါတ် သာသနာစာတ်ပန္နက် အခုလိုစိုက်ထူရတာ ဖြစ်တယ်" ဟူ၍ မိန့်တော်မူခဲ့လေသည်။

ထိုကဲ့သို့ ရာကျော်ဆရာတော်ကြီး သာသနာစာတ်ပန္နက် စိုက်ထူခဲ့သည့်အချိန်မှာ (၁၃၀၇) ခုနှစ်၊ ကဆုန်လပြည့်နေ့ နံနက်(၆)နာရီအချိန်ဖြစ်ပြီး ယခုအခါ ဆရာတော်ကြီး၏ သာသနာ့နိမိတ်စကားများ မှန်ကန်နေကြောင်းကို သိသာထင်ရှားစွာ မှန်ကန်နေပြီဖြစ်၏။

ဆရာတော်ကြီးသည် မင်းမေ့ကုန်းတော်ပေါ်တွင် သီတင်းသုံးနေစဉ် ခရစ်နှစ် ၁၉၄၆ ခုနှစ်က ကြို့ကုန်းလမ်းဆုံ အနောက်ဘက်ခြမ်းရှိဘုရား (စေတီငယ်) ကလေးများဖြင့် ဝန်းပတ်လည် တည်ထားသော ရာကျော်ဆရာတော်ကြီးကျောင်းတွင် တစ်နေ့သောနံနက်၌ ဆရာတော်ကြီးအခေါ် မောင်အောင်မင်းခေါင်ကြီးတို့နှင့် ဆရာတော်ကြီးနှင့် တွေ့ဆုံရာတွင် မိန့်ကြားတော်မူသော စကားအရ အင်းဝခေတ်က မောင်အောင်၊ မောင်ဝိုင်း (ဘိုးတော် ဦးဝိုင်း)တို့နှင့် ငယ်သူငယ်ချင်း (၃)ယောက် ရှိခဲ့ကြကြောင်း၊ တစ်ဦးက ရဟန်းဘဝနှင့်ဖြစ်ကြောင်း ထိုရဟန်းမှာ မိမိ(ဆရာတော်ကြီး)ဖြစ်ကြောင်းဖြင့် ရှင်းလင်းမိန့်ကြားတော်မူခဲ့သည်ဟု သိရပါသည်။

ဟံသာဝတီ ဦးအုန်းကြိုင်သည် မိမိ၏ မင်းမေ့တောင်တော် သာသနာပြုပုဂ္ဂိုလ်ကျော် ဆရာတော်ဘုရားကြီး၏ သူ့သာသနာ သူ့ဘဝ သူ့မေ့များ နက္ခတ်ဗွာရောင်ခြည်မဂ္ဂဇင်း ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ အမှတ်



www.burmeseclassic.com

www.burmeseclassic.com

(၁၇၅-၈၁)၏ ရေ-၇ တို့တွင် အတိအကျ ဖော်ပြခဲ့ကြောင်း သိရ၏။

## ဆေးပေါင်းခတော်

ကန်တော်ကြီးတွင် ဘုရားတည်၍ ရန်ကုန်မြို့ ၏ ဆည်းဆေး မြန်မာပြည်ကြီး အေးလိမ့်မည်ဖြစ်ကြောင်း တစ်နိုင်ငံလုံး တစ်ပြည်လုံး တစ်ကမ္ဘာလုံးရှိသော ဆေးဝိဇ္ဇာအပေါင်း တို့၏ ဆေးပေါင်းအုံကလည်း ဒီကျွန်းမှာရှိတဲ့ ဒီဆေးပေါင်းခ စေတီတော်မှာ ခသိမ့်မည်ဖြစ်ကြောင်း အဓိဋ္ဌာန်ဆုတောင်း များလည်းဖြန့် သိမ့်မည်ဖြစ်ကြောင်း အင်းစိန်ဘက်က သောင်းကျန်း သူများရန်လည်း အေးလိမ့်မည်ဖြစ်ကြောင်း ရာကျော် ဆရာတော်က မိန့်ခဲ့သည်။

ရန်ကုန်မြို့ကြီးသည် ထိုစဉ်က မငြိမ်းချမ်းသော ကြောင့် ရင်ကပ်သားဖြင့် ပန္နက်ရိုက်ခဲ့သောကြောင့် ရန်ကုန်နှင့်ရင်ကပ်တို့သည် ဓာတ်တူဟန် ဖြစ်သောကြောင့် ရင်ကပ်နှင့်ကရင်သည်လည်း ကက်ကင်းခါတ်ဖြစ်ကြောင်း နားလည်သူတို့က ပြောဆိုကြသည်။

ထိုစဉ် အင်းစိန်က သောင်းကျန်းသူများသည်လည်း ရန်ကုန်ကိုမသိမ်းပိုက်နိုင်တော့ကြောင်း ဆိုပါသည်။

## အဟိန်းဂါထာကြီး

အောင်ထူးဆန်း ဂါထာတော်ကြီးကို အဖွင့်အစ အခံဂါထာအဖြစ် သုံးတော်မူသည်။ ပြုဖွယ်ရာရာ သာသနာလုပ်ဆောင်ချက်အရပ်ရပ် အောင်မြင်ပြီး မြောက်သည့် အထိမ်းအမှတ်အဖြစ်မှာကား အောင် ထူးဆန်းဂါထာတော်ကို ဆရာတော်ကြီး ကိုယ်တော်တိုင် ရွတ်ဆိုသရဇ္ဈာယ်တော်မူသည့်

## အောင်ထူးဆန်းဂါထာတော်ကြီး

အောင်ထူးဆန်း မန်ညိုက်ဝင် ထင်ကျော်သောင်း
ဆောင်းထီးဖြူ လူထိဝိုး ဟိုးဟိုးကျော်၊ ပေါ်ထင်ရှား။
ပွားသောဂ၊ လသာများ မရှားလို၊ လူမိုလ်ချမ်
အပြစ်ကင်း၊ ပြည့်ထင်းထွား၊ နေမင်း လမင်းသာ။
သီကြွားလာ၍မစေသော်၊ နေမင်း လမင်း ငါ့ခံတွင်းသို့
ယခု ချက်ချင်း ဝင်စေသော် ...

ဟု ဆရာတော်ကြီးက ရွတ်လေ့ ရွတ်ထ ရှိသည်ဟု ဆိုပါသည်။

ထိုကဲ့သို့ ရာကျော်ဆရာတော်ကြီး သီတင်း သုံးရာ အရပ်သည် ယခုအခါတွင် မင်းခမ္မကုန်းတော် လောက ချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး စံတော် မူရာဒေသ ဖြစ်နေပြီဖြစ်၏။

ထို မင်းခမ္မကုန်းတော်ပေါ်တွင် ဆရာတော်ကြီး၏ ဓာတ်ပန္နက်စေတီတော်တွင် ဆုတောင်း အဓိဋ္ဌာန်ပြုပါက ရန်ကုန်မြို့ပေါ်တွင် ဆောင်ရွက်သမျှကိစ္စတို့ကို အောင်မြင်မှု များရရှိနိုင်သည်ကို ကိုယ်တွေ့ပင်ဖြစ်၏။

ထို့ပြင် ဆရာတော်ကြီးစံကျောင်း တည်နေရာ တွင်လည်း ယခုအခါ ဆရာတော်ကြီး ရုပ်တုတော်နှင့် တည်ဆောက်ထားသည်ကို တွေ့ရ၏။

ထိုတောင်နှင့် ရာကျော်ဆရာတော်ကြီး၊ အဘ ဘိုးမင်းခေါင်တို့ ဆက်စပ်မှုမှာလည်း အံ့ဩဖွယ်ရာ ဖြစ်ပေ၏။

အဘဘိုးမင်းခေါင်၏ ကမ္ဘာလုံးပေါ်တွင် အဘ အောင်မင်းခေါင် ဆေးတံသောက်နေပုံကို တည်ထား၏။ ကန်ထဲတွင် လိပ်များမွေးထားပြီး ကန်တွင် လိပ်+ကန် ဟု ရေးထား၏။


လိပ် နှင့် ကန်မှာ အင်္ဂလိပ်နှင့် အမေရိကန်ကို ရည်ရွယ်ထားဟန်တူ၏။ ထိုနေရာတွင် နိုင်ငံခြား သွားလိုသူများ နိုင်ငံခြားနှင့် အဆက်အသွယ်ပြု လုပ်သူများ လာရောက်အဓိဋ္ဌာန်ပြုပါက အောင်မြင်မှုများ ရသည်ကို တွေ့ရ၏။ ■

မောင်မောင်မြင့်အေး



www.burmeseclassic.com

www.burmeseclassic.com




ဆရာသိဟစကြာစိုးမြင့် (ပွဲကျော်း)

ငယ်ပဈ္ဈော ဇီနော့ဇီရော သဗ္ဗတ္ထ အပ္ပရာဇိတော၊

သောသန္တာနံ ငယ်ဒေတုး တေဇယန္တု ငယာမဟံ။

(ဇီရော)-ရဲရင့်တက်ကြွကြီးမားလှသော လုံ့လ ဝီရိယရှိတော်မူသော(ဇိနော)-ကိလေသာစစ်မှန်- တွင်းပရန်ကို တွန်းလှန်ခုတ်ထွင် အောင်ပွဲဝင်သည့် သုံးခွင်ကျော်ကြားရှင်တော်ဘုရားသည်။

www.burmeseclassic.com

(သံဃ္ဃ) အလုံးစုံသော မာရ်နတ်စစ်ပွဲ၊ အာဋ္ဌာဝက စစ်ပွဲ စသောအရပ်ရပ်သော စစ်ပွဲဟူသမျှတို့၌ (အမှုရ ဇိတော) ဘယ်အခါကာလကမှ ရှုံးကျဘူးသည်ဟူ၍ မရှိဘဲ (ဧဟံ)ဘုန်းကံအလျောက် ထမြောက် အောင်မြင်ခြင်းသို့ (ပဇ္ဇာ) အလွယ်တကူ ရောက်တော်မူနိုင် လေပြီးသော ထိုအောင်ပွဲသခင် ဘုရားရှင်သည်(သန္တာနံ) ပညာအရပ်ရပ် ဆည်းကပ်သင်ကြား အရှင့်တပည့်တော်များအား (ဧဟံ) လိုအင်ဆန္ဒရှိသမျှကို ပြည့်ဝစေမှု အောင်ပန်းဆုကို (ဓေတု) သနားကြည်ဖြူ ပေးတော်မူပါစေသတည်း။ (တေ)ထိုဘုရား သာသနာတော်နှင့်ဆန့်ကျင်ဖီလာ မဟုတ်ပါသော လောကီ ပညာ သေ့လာလိုက်စား တပည့်များတို့သည် (ဧဟမ္ဘု) ကြည်သာ ရွှင်လန်းအောင်ဆုပန်းကို ဆင်မြန်းနိုင်ကြပါစေ ကုန်သတည်း။ (အဟံ)သိဒ္ဓိပြီးကြောင်း။ စုဆောင်းအလုပ် အကျွန်ုပ်သည် (ဧဟာမိ) အောင်ပွဲမင်္ဂလာအမြဲပြုဝယ် ကြည်သာရွှင်မှု အောင်ပန်းဆင်ရပါလို၏။ ရွှေမြင့်ကြာမြင့်၊ သမ္မာတင့်သို့၊ ရှင်ပင့်သာသနာ၊ ကြံ့ခိုင်သာတည်း။ မိစ္ဆာ ရောင်ဝန်း၊ တဖြင့်ထွန်းလည်း။ နေဝန်းလတ္တာ၊ သာသနာကို၊ ဒါယကာမင်း။ မိစ္ဆာနွင်း၍ ထွန်းလင်းစေမှု၊ ပြုမည်မြဲစွာ၊ မေ့တာတည်း။ မိစ္ဆာရောင်ညစ်၊ ဓါပခေတ်ကား။ စင်စစ်မလွဲ၊ ပျက်မြဲမုန်စွာ၊ မေ့တာတည်း။ ။ (တီးပီဋကတ်ဆရာ)

အင်းဝခေတ်ကို တည်ထောင်တော်မူသော သတိုး မင်းဖျား သည်၊ သက္ကရာဇ် (၇၂၆) ခုနှစ်၌ စစ်ကိုင်းနှင့် ပင်းယ နှစ်ပြည်ထောင် အလုံးအရင်း ဆင့်မြင်းများနှင့် တကွ၊ တပ်ကြီးအရပ်တွင် တပ်နိုင်ဟပ်လုံတည်ပြီးလျှင် ရဲမက်တော်တို့ကို နေစေသည်။ ဘုရင်မင်းမြတ်မှာမူကား ရေဝတွင် နဝရတ်ရွှေဖောင်ဖြင့် နေတော်မူပြီးလျှင် ကျည်း အင်း၊ ကျောက်မော်အင်း၊ အင်းတူအင်း၊ ဥန္နဲအင်း များကို ဖို့စေသည်။ ဤမြစ်ဆုံဝယ် မင်းဝံတောင်ညွှန် လည်းဖြစ်သည်ဟု သက္ကရာဇ် ၇၂၆ ခုနှစ်၊ တပေါင်း လဆန်း ၆-ရက် အင်္ဂါနေ့ညဦး ဗဟိုရ်လွှန်တူ လိဂ်တွင် ရတနာပူရအင်းဝမြို့နန်းတော်ကို တည်ထူသည်။ သတိုး မင်းဖျား၊ မင်းကြီးစွာစော်ကဲ၊ ဆင်ဖြူရှင်တရားဖျား

မင်းခေါင်အထိ၊ မင်းလေးဆက်ဖြစ်ရာ မင်းခေါင်ကြီးမှာ ပဌမမင်းခေါင်၊ ဘုရင်မင်းခေါင်၊ သတိုးမင်းခေါင်ဟူ၍ အမည်အမျိုးမျိုးတွင် သောမင်းခေါ်ဖြစ်သည်။

ထို့နောက် ဆင်ဖြူရှင် သီဟသူ၊ မင်းလှငယ်၊ ကလေး ကျေးတောင်ညို၊ မိုးညှင်းမင်း၊ မင်းရဲကျော် စွာ နရပတိ (ပြည်စုံမင်း) သီတသူ၊ ဒုတိယမင်းခေါင် ဟူ၍အစဉ် အတိုင်းဖြစ်သည်။ အင်းဝခေတ် နောက်ဆုံး နန်းစံ၊ ဟံသာဝတီမင်း၏ ဘွဲ့တော်လည်း သတိုးမင်းခေါင် အမည်ဖြင့် စဉ့်ကိုင် အရပ်ကို ပေးလျှော်မှုတိုင်း သမုတ်၍ မင်းမြှုပ်သည်။ ထို့ကြောင့် မင်းခေါင်သုံးပါး ဖြစ်သည်။

အင်းဝမင်းဆက် (ညောင်ရမ်း)ပါ ၂၉-ပါးဖြစ်ရာ သက္ကရာဇ်(၇၂၆)မှ(၇၄၂)ခုနှစ်အထိ နှစ်ပေါင်း (၁၁၅)နှစ် အလွန် သုံးဆက်မြောက်ဘုရင်သည်ကား ရာဇဝင်တွင် အလွန်ထင်ရှားသော ဒုတိယမင်းခေါင်ဖြစ်၍ "ပြည်စုန်မင်း" သီဟသူ၏ သားတော်ဖြစ်သည်။

ဒုတိယမင်းခေါင်သည် သက္ကရာဇ် (၇၀၇)ခုနှစ်တွင် ဖွားတော်မူ၍(၇၄၂)ခုနှစ်တွင် (သီရိသုဓမ္မာရာဇဓိပတိ) ဟူသောဘွဲ့တော်ဖြင့် ရာဇာဘိသိက်ခံယူ တော်မူသည်။ နန်းတော်စံနေသားတည်း။ သက္ကရာဇ် ၇၆၃ ခုနှစ်၊ တန်ခူး လပြည့်ကျော် ၅-ရက်နေ့ နန်းစည်းစိမ် ၂၁-နှစ်တွင် အင်း စမအတတ်ဖြင့် ထွက်ရပ်လမ်းသို့ ကြွမြန်တော်မူသည်။

ယခုသက်တော် (၅၀၂)နှစ် ရှိတော်မူသော မုပ္ပါ အောင်မင်းခေါင်ဘိုးတော်ကြီး ဖြစ်တော်မူသည်။ ဘိုးတော် ကြီးသည် သက်တော် ၅၄-နှစ်ပြည့်မြောက် ၅၅-နှစ် အရောက်တွင် ထွက်တော်မူသည်။ (၁၀၇) နဝင်းဓာတ်ကို အလိုရှိတော်မူသဖြင့် ထက်ဝက်ဖြစ်သော နက္ခတ်ကြေ နဝင်းကြေ-ကာမဓိတ် ၅၄-ခု ကို ပယ်တော်မူခြင်းဖြစ် သည်။ ထိုအခါ လျှင် ခုနှစ်ရက်တိုင်တိုင်လှုပ်သည်။

ဒုတိယမင်းခေါင် (ဘိုးတော်မင်း)သည် ဟံသာဝတီ ပြည်ရှင် ဓမ္မစေတီမင်းနန်းစံ ၉-နှစ်၌ မင်းဖြစ်တော် လေရာ ဓမ္မစေတီမင်းနှင့် ၁၂-နှစ်လုံးလုံး ထီးမြို့ဖြစ် ဖြစ်သည်။ ၁၂-နှစ်အရွယ်မျှရှိသော သားတော် ... သီဟ



www.burmeseclassic.com

www.burmeseclassic.com

သူရကို မင်းမြှောက်၍ သားနှင့်အဘ ထီးမြှုနန်းခြား မထားဘဲ မင်းဖြိုင်ပြုတော်မူကြောင်းကို တပယ်ဖြို့ရှိ မှုရွှော ရွှေဂူဘုရားကျောက်စာတွင် ရေးထိုးထားသည်။ သားတော် မဟာသီဟသူရ ကား ဘိုးတော်ဘုရားထွက်ရပ်လမ်းသို့ မကြွမြန်းမီ သက္ကရာဇ် ၈၆၂ ခုနှစ်၌ နတ်ပြည်စံစုတော် မူသည်။ သားတော်ကို နန်းဖြိုင်ပြုတော်မူသည်မှာ ထွက်ရပ် လမ်းသို့ကြွမြန်းတော်မူရန် အခေင်သင့်စီမံတော်မူခြင်းဖြစ် သည်။ ဒုတိယသားတော် ရွှေနန်းကျော့ရှင်သည် သက္ကရာဇ် ၈၆၃ ခုနှစ်၌ ထီးရပ်နန်းမွေကို ခံယူတော်မူသည်။ ဘိုးတော်မင်းခေါင်နန်းစံ ၅-နှစ် သက္ကရာဇ် ၈၄၇ ခုနှစ်တွင် တောင်ငူဘုရင်ခံ မင်းကြီးညိုကို (မဟာသီရိဇေယျသူရ)ဟူသော ဘွဲ့တော်ဖြင့် ထီးမြှုဆောင်း မင်းဖြိုင်ပြုတော်မူစေသည်။ ဘိုးတော်မင်းခေါင်၏ ကောင်းမှုတော်ကား တံတားဦး မင်္ဂလာစေတီတော်ဖြစ်သည်။

|အင်းဝ ဒုတိယမင်းခေါင်သည် သီလ-သမာဓိ-ပညာ နှင့် ပြည့်စုံတော်မူ၏။ အတဲတ်(၁၈)ပါး၌ မတတ်သည်ကို မရှိ အထူးသဖြင့် လေးအတတ်နှင့် မြင်းစီးအတတ်ကို ကို၍ ကျွမ်းကျင်တော်မူသည်။ ထို့အပြင် ရေးမှု-သံမှု- မှတ်မှုတို့၌လည်း အလွန်တတ်တော်မူ၏ ဆင်အတတ် ကိုလည်း အပြီးတိုင်တတ်၏။ အတိုင်အပင် ဉာဏ် အကြံအစည်လျှင် မြန်တော်မူ၏။ ပညာရှိကို မြတ်နိုး၏ ဝိဇ္ဇာတတ်၊ ကျမ်းဂန်တတ်သူတို့ကို ချီးမြှောက်တော်မူ၏ ထိုမင်း လက်ထက်ပညာရှိပေါ်မှာ    င်းကောင်းမင်းမြတ် တည်း။| ဟု ပညာဝန်ဦးဘိုး    မြန်မာ့ဂုဏ်ရည် စာအုပ်တွင် ဖော်ပြထားသည်။

ဘိုးတော် ဒုတိယမင်းခေါင်နှင့် ဓမ္မစေတီမင်းတို့သည် ထီးဖြိုင်နန်းဖြိုင်ဖြစ်ကြရုံမက နှစ်ပါးစလုံး ပင်ထွက်ရပ်လမ်း သို့ကြွမြန်းတော်မူသဖြင့် ဓမ္မ စေတီမင်းခေါင်-အောင်မင်း ခေါင်-ဦးအောင်ရသေ့- ရှင်မထီး - ရှင်အဗ္ဗဂေါထ အစရှိ သည်ဖြင့် ဝိဇ္ဇာဂိုဏ်းဆိုင်ရာ ဆရာအသီးသီးတို့၏ ချီးကျူး ဖော်ပြကြရလေသည်။ ဘိုးတော်ဘုရား အင်းဝမြို့၌ စံတော်မူစဉ် (သာရာနန္ဒရသေ့ကြီး) တစ်ပါးရှိတော်မူသည်၊ ထို ရသေ့ကြီးထံတော်၌ လောကီပညာကို လိုက်စားကြသော တပည့်ပေါင်းဘိုးတော်မင်းခေါင်ပါ လေးဦးရှိလေသည်။

ဘိုးတော်ဘုရားမှာ ပညာပါရမီထူးကဲသည့် အား လျော်စွာ အင်းစမအတတ်ကို အပြီးတိုင်ပေါက်မြောက် လေရာ ဆရာတော်ရသေ့ကြီးကိုပင်လျှင် မိမိလောက်တတ် မည်မဟုတ်ဟု မနောက်ဖြင့် ပြစ်မှားတော်မူမိသည်။ ဆရာတော်ရသေ့ကြီးလည်း မနောဓာတ်ဖြင့်သိတော်မူရာ ဘိုးတော်ဘုရားအား အပြီးတိုင်ထွက်ရပ်လမ်းသို့ မကြွမြန်း နိုင်စေရန် အမိန့်ချထားတော်မူသည်။

ဘိုးတော်ဘုရားသည် သက္ကရာဇ် ၈၆၃ ခုနှစ်၌ မဟာဖြိုင်တောစခန်းသို့ကြွမြန်းတော်မူပြီးနောက် သက္ကရာဇ် ၁၁၄၃ ခုနှစ်၌ နန်းတက်တော်မူသော ဗဒုံမင်းခေါ် ဘိုးတော်ဦးဝိုင်း၏ လက်ထက်တော်၌ သက္ကရာဇ် ၁၁၉၄ ခုနှစ်တွင် စကြာမင်းကလေး အရေးတော်ပုံကြောင့် လူသူမနီး ဂါတောင်ကြီးမှာ မနေသာဘဲ (ပထမဦးအောင်) အမည်ဖြင့် ပြည်ဝင်တော်မူလာရ ပြန်ချေသည်။ ယခု ခေတ်တွင် (ဘိုးဘိုးအောင်) အမည်တွင်သော ပုဂ္ဂိုလ်မြတ် ကြီးပေတည်း။ ရသေ့ ဦးအောင်၊ ပြည်နဝင်း၊ ဦးရွှေအောင်၊ ပထမံဘိုးဘိုးအောင်တို့မှာ ပုဂ္ဂိုလ်တစ်ဦးစီဖြစ်ကြောင်း အောင် ၃-အောင်ရှိကြောင်း၊ ပထမံမဟာဗိန္ဒိုဂိုဏ်းဆရာကြီး ဦးစိန်ခန့်မှ ပြောကြားခဲ့ဖူးလေသည်။

အင်းဝမြို့တည် နန်းတည် သတို့းမင်းဖျား လက်ထက် မဓုသဒ်ရာတမည်သော ဘုန်းတော်ကြီးသည်၊ သုဝဏ္ဏ ဂီရိတောင်ထိပ်၌ သယ်ပြခါးကို ဖမ်း၍စီရင်ရာ ခုံးခန်းတိုင် ရောက် ပေါက်မြောက်သဖြင့် ၇-ကြိမ်တိုင်တိုင် ရွှေမိုယ်း- ငွေမိုယ်းရွာခဲ့စေသည်ဟု အာစရိယဝါဒ မှတ်တမ်းမှ တွေ့ရသည်။ ထို့အပြင် သက္ကရာဇ် ၇၆၂ ခုနှစ်တွင် နန်းတက်တော်မူသော ဆင်ဖြူရှင်တရုတ်များလက်ထက်၌ ကောင်းကင်ပျံ ဝိဇ္ဇာများတွေ့ကြောင်းကို သမန္တစက္ခုဒီပနီ တွင်ဆိုသည်။

သက္ကရာဇ် ၇၈၈ ခုနှစ်၌ နန်းတက်တော်မူသော မိုးညှင်းမင်းတရားကြီးလက်ထက် မွန်မိဖုရား ရှင်စောပုကို



www.burmeseclassic.com

www.burmeseclassic.com

မွန်ရဟန်းရှင်ဓမ္မရေ-ရှင်ဓမ္မညာဏ (ဓမ္မစေတီ-ဓမ္မပါလ) တို့ပဲသာဝတီကို ဆောင်ကြဉ်းပြေးကြသည်။ ထို ရဟန်းတော်များလည်း လောကီပညာကို သူမတူအောင် စွမ်းဆောင်နိုင်ကြပေသည်။ ထို့ကြောင့် အင်းဝနှင်မြူရှင်တရားများမှ နှစ်ပေါင်း (၈၀)အကြာတွင် နန်းထက်တော်မူသော ဘိုးတော်မင်းခေါင်လက်ထက်၌ ဂန္ဓာရီဝိဇ္ဇာမိုရ်ပညာများ ခေတ်စားလျက်ရှိကြောင်းကို ယုံမှားစရာမရှိချေ။

သက္ကရာဇ်၉၅၉ ခုနှစ်၊ ညောင်ရမ်းမင်းဆက် အနောက်ဘက်လွန်မင်း။ သာလွန်မင်းတရားကြီးတို့ လက်ထက်တော်၌ပင်လျှင် ဗားမဲ့ဆရာတော်ကြီးသည် လောကီပညာ၌ တစ်ဖက်ကမ်းခတ်တတ် မြောက်တော်မူပေသည်။ ရေနံနတ်စက်ရောင် ဆရာကြီးတို့လည်း ဝမ်းဘဲအင်းစံမင်း လက်ထက်၌ ထင်ရှားထက်မြက်သူများ ဖြစ်ပေသည်။

ဘိုးတော်ဘုရားအောင်မင်းခေါင် (ဝါ)ဘိုးဘိုးအောင်သည် စကြာမင်းကလေး၏ အရေးတော်ပုံ ပြီးသောအခါ မဟာမြိုင်တောင်၌ပင်လျှင် ဆရာတော် သာရဂန္ဓရသေ့ကြီး၏ အမိန့်တော်အတိုင်းစံမြန်းတော်မူရပြန်သည်။

ထိုအခါ မဟိန္ဒီအဖွဲ့ဝင်ပေါက် ဆရာကြီးများနှင့် သာသနာ့ဒါယကာ ဘိုးတော်သီကြားမင်းကြီး တို့၏ လျှောက်ထား တောင်းပန်ချက်အရ ရွှေဘိုမြို့တွင် ရဟန်းအသွင်ဖြင့် သီတင်းသုံးတော်မူခဲ့ပြီးနောက် နမ္မားမြို့တွင် လူအသွင်ဖြင့် နှစ်ပေါင်း (၃၀)ကျော်နေထိုင်တော်မူခဲ့သည်။ တစ်ခါတစ်ရံ ခြောက်လ တစ်နှစ်မျှကြာအောင် နမ္မားမြို့မှ ပျောက်ကွယ်၍ နေတတ်လေသည်။ နမ္မားမြို့တွင် ဘိုးတော်ကြီးဟု လူသိများခဲ့သည်။

သက္ကရာဇ် ၁၃၀၀ ခုနှစ်၊ ဝါဆိုလကစ၍ နမ္မားမှ ပုပ္ပါးတောင်မြတ်တောင်ကလပ်သို့ ကြွရောက်သီတင်းသုံးတော်မူသည်။ အမြို့မြို့အနယ်နယ်မှ လာရောက်ကြသော တပည့်ပရိသတ်တို့အား ပါရမီအနု အရင့်ညာဏ်မှာချင့်၍ အတွေ့ခံတော်မူသည်။ ပါရမီ ရင့်ကျက်သူများသည် ဘိုးတော်ဘုရား၏ တန်ခိုးသတ္တိထူးများကို ကိုယ်တိုင် သိမြင်ခဲ့ကြသူများဖြစ်သည်။ ဘိုးတော်ဘုရားသည် ပုပ္ပါးတောင်မြတ်တောင်ကလပ်မှနေတော်မူ၍ မန္တလေးတောင်ခြေ ဆရာဦးအေးမေအား ကိုယ်တော်စားအမှာပြုလုပ်စေပြီးလျှင် (ဘိုးမွား)ဟူသော အမည်ကိုခံယူစေလျက် မန္တလေးတောင်ခြေ မိုးထိကျောင်း တိုက်နတ်မလင်းကျောင်း၌ ဓာတ်စီးစခန်းဖွင့်တော်မူစေသည်။

တစ်ဖန် ရန်ကုန်မြို့ (ပထမံတပ်ဦးအဖွဲ့ကြီး)ကို ပထမကျော်ဆရာကြီးဦးစိန်ခန့်အား အမှူးထားလျက် ၁၃၁၀ ခု နယုန်လဆန်း ၁၅-ရက်နေ့၌ ဖွင့်လှစ်တော်မူ စေသည်။ [ပထမမဟိန္ဒီသာသနာပြုအဖွဲ့ကြီးကိုလည်း ပဲခူး-သထုံ-ပြည်မြို့များနှင့်တကွ အောက်နယ်မြို့များ၌ (ပထမံဓာတ်ကြီးကိုင်)စေတီတော်များကို ရွှေပြည်ဝင်-ရွှေပြည်စ-ရန်မြေမန်ပြေ-ကမ္ဘာ့ သစ္စာမဏ္ဍိုင်စေတီ-ကမ္ဘာ့ငြိမ်းချမ်းရေးစေတီ-အရိုး ဖော်ဒိုးပေါ်စေတီ-ပုစရာမရှိ စူဠာမဏိစေတီကာပ်ကျော်စေတီ-ကပ်လွတ်စေတီ- ၉တောင်ပြည့်စေတီ၊ ၁၀-တောင်ပြည့်စေတီ] အစရှိသော ဘွဲ့တော်များဖြင့် တည်တော်မူစေသည်။ သာသနာပြုလုပ်ငန်းစဉ် ပန္နက်သာသနာ့ဓာတ်တိုင် စေတီတော်များဖြစ်သည်။

ဘိုးတော်ဘုရားသည် အထက်၌ဖော်ပြခဲ့သည့် အတိုင်း "ဘိုးဘိုးအောင်"ဖြစ်ကြောင်းကို ထင်ရှားစေလို သော သဘောဖြင့်" ယခုအခါ(အောင်မင်းခေါင်)ဟူ သောဘွဲ့ကို ခံယူတော်မူသည်။ ဘိုးတော်ဘုရား နမ္မားမှ ပုပ္ပါးတောင် မြတ်၌ စံမြန်းတော်မူစဉ် ထူးခြားသော အချက်များမှာ အလွန်ပူပြင်းသောနွေအခါ အိမ်ခေါင် မိုးသွပ်ပြားပေါ်တွင် တစ်နေ့လုံး စက်တော်ခေါ်နေခြင်း။ ပုပ္ပါးတောင်မြတ်၌ လေအလွန်တိုက်၍ အေးချမ်းသော်ငြားလည်း အင် မဝတ်ဘဲ ၃-လ၊ ၄-လ စက်တော်ခေါ်ရာမှ ထတော် မမူခြင်း။ ရေကို ဘယ်တော့မှ ချိုးတော်မမူခြင်း။ ပွဲတော် မတည်ဘဲ ၄-လ၊ ၅-လတတ်တန်သည်နေတော်မူခြင်း။

သို့သော် ကိုယ်တော်မှာ ချေးညော် အနံ့အသ တစ်စုံတရာမျှမရှိခြင်း။ ၃-၄-ရက်မှ တစ်ကြိ ကျင်ကြီးကျင်ငယ်စွန့်ခြင်း။ အတွင်းနေ တပည့်ပါရမီ များမှ တစ်ပါး မည်သူ့ကိုမျှ ပွင့်ပွင့်လင်းလင်း မိန့်ကြ



www.burmeseclassic.com

www.burmeseclassic.com

တော်မမူခြင်း၊ ပရိသတ်များထဲမှ ကြည်ညိုသူပါလျှင် ကောသရေတ ခြင်္သေ့မင်းကဲ့သို့ ခန့်ညားစွာ နေတော်မူခြင်း၊ မကြည်ညိုသူလာလျှင် မရောက်မီကပင် အမူအရာ အသွင်တစ်မျိုးပြောင်း၍ မကြည်ညိုသည်ထက် မကြည်ညို အောင်နေထိုင်လေ့ရှိတော်မူခြင်း။ ယနေ့ထက်ရိုင်း တပည့်သားမြေးများအား နှမ်းဓာတ်ဖြင့် စေတီတည်နိုင်းခြင်း၊ ဆေးကုနိုင်း ခြင်းများဖြင့် စေနိုင်းလျှက်ရှိ နေပါသေးသည်။ [ဤသည်ကား အကျဉ်းမျှသာဖြစ်သည်။]

ဘိုးတော်အောင်မင်းခေါင်သည်၊ မကြာမီဓာတ်စခန်းများကို သိမ်းတော်မူ၍ ခါတ်ပေါင်းတော်မူပြီးလျှင် သာသနာ တစ်ဝက်ကျော် ဝိမုတ္တိယုဂခေတ်သို့ အရောက်တွင် [အဗ္ဗုဂ္ဂတမေ္မ] အမျိုးမျိုးတို့ကိုပြလျက် အပြီးတိုင်ထွက်ရပ်လမ်းသို့ ကြွမြန်းတော်မူမည်။ ဘုန်းကံပါရမီရှိသူများ ကိုယ်တိုင် ဒိဋ္ဌ တွေ့မြင်ကြရမည်။ ကိုယ်တိုင်သာသနာ ပြုကြရမည်။

* ကြာညိုမှုင့်ကင်းသာသည့်အင်း-ဆင်၍ဟသာ ချိုးလဗ္ဗူး။
* ဟသာ်ငှက်မျိုး-တောင်ပံကျိုး-မှဆိုးလေးနှင်ခွင်းလဗ္ဗူး။
* အံ့ဖွယ်တစ်မျိုး-ထိုမှဆိုး-ထီးမိုးပြန်၍ရိုက်လဗ္ဗူး။
* ငှင်းထိမ်းမိုး-တိမ်ညွှန့်ထိုး-မိုးကြိုးပစ်၍ လဲလဗ္ဗူး။
* မိုးကြိုးဓာတ်အောင်-အောင်မင်းခေါင်-လှအောင်ရွှေပြည် ဝင်လဗ္ဗူး။
* ငြိမ်းချမ်းသာယာ ထိုအခါ ရတနာရွှေမိုးသွန်းလဗ္ဗူး။

ဟူသော ကုန်းဘောင်သိုက်စာ အရသော်လည်းကောင်း။ [ကျယ်သူပြေးလို့ ပုန်းသူ ပေါ် သေသူ ရှင်မှ ပြည်သူလေးမိုမည်] ဟူသော ဓမ္မညာဏ (ဓမ္မပါလ) အရှင်သူမြတ်ထားခဲ့သော တလုချောင်းတွင်း ရပ်ကိုး တင်းစာ အရသော်လည်းကောင်း နတ်ရွာစံပြီးဟု ရာဇဝင်ဆရာတို့ ယူဆထားကြသော ဒုတိယမင်းခေါင်ဘုရင်မင်းမြတ်သည် ယနေ့တိုင် အသက်ရှင်လျက် ရွှေပြည်ဝင်၍ သာသနဝဓာတ်ကြီးကိုင် ဓာတ်တိုင်စေတီများကို တည်ထားတော်မူမည်။ ကျိုက်လတ်နယ်၊ တလုချောင်းတွင်း ရပ်ကိုးတင်းဗွာနကြီးကို ဘိုးတော်ဘုရားသည် ၁၃၄၃ ခု၊ သီတင်းကျွတ် လတွင် ဝိတ်တော်မူလိုက်သည်။

ထို့ကြောင့် အမြင်ပစ္စည်းပြဒါးရုပ်များမှတစ်ပါး ရွှေငွေရတနာ ပြဒါးရှင်လုံးအစရှိသော အတွင်းပစ္စည်းများကို မသမာသူများ ရရှိမသွားအောင် ဝိတ်လိုက်ခြင်းဖြစ်သည်။ ဘိုးတော်ဘုရား-ပြည်တော် ဝင်သာသနာပြုသောအခါ [မသိသူကျော်သွား၊ သိသူဖော်စား] တလုချောင်းတွင်း ရပ်ကိုးတင်းဗွာနကြီးမှ မြေကြီးကိုမတူးမဆွရဘဲ အစောင့်များ၊ သာသနာ ပြုသူများအား မေတ္တာဖြင့် ပြဒါးရုပ်မျိုးစုံကို ရယူ နိုင်ပေသည်။ ပြဒါးအရုပ်တိုင်းစမန့် အင်းကွက်များ ပါရှိသည်၊ ကပ်ကျော်မည်၊ လာဘ်သပ္ပကာကောင်း၍ မျက်နှာပွင့်လန်းမည်၊ ပယောဂအမျိုးမျိုးကို နိုင်မည်၊ အရောင်းအဝယ်ကောင်းမည်၊ ဉာဏ်ရှိ သလိုသုံးနိုင်သည်။

## ဘိုးတော်အောင်မင်းခေါင်၏
## စေတီသုံးဆူမှ အောင်မြေနင်းဂါထာ

**အောင်လှူဆန်း။ မန်းသိုက်ဝင်၊ ထင်ကျော်သောင်း။ ဆောင်းထီးမြူ**
**လှူထိပ်မိုး။ ဟိုးဟိုးကျော်၊ ကျော်ဝှမ်းတက်၊ ဘက်မရှောင်**
**ခေါင်ဘုန်းကြီး။ ထီးရွှေနန်း။ မှန်ကျော့ြရာဇာ၊ ဖော် ဖော်၊ ငါတို့ရှိရာ**
**ဒီမှာလာဟု၊ ငါတို့ရှိရာ ကြီးမှာလာဟု၊ ငါတို့ရှိရာ ပညာလာဟု၊**
**ငါတို့မှန်။ တစ်ရာတစ်ပါး လူမျိုးသားတို့ ရကျော်ရန်နိမ်နင်း။**
**စောရန်ခွင်း၍ မငြင်းမခံ၊ မခံမဝံ့ လွှန့်ကြောက်ရွံ့၍**
**တစ်စကြာဝဠာလုံး၊ တစ်ကမ္ဘာလုံး၊ တစ်နိုင်ငံလုံး၊ တစ်မြို့လုံး၊**
**တစ်ရွာလုံး၊ တစ်မိသားစုလုံး လက်ခုံးတန်းကာ၊ အောင်ပါစေသော်၊**
**အောင်စေသော် (အောင်စေယျတု)[၃] ၊ အောင်ရာပြဘာ၊**
**အောင်မင်္ဂလာမြင်၊ အောင်ချာပေါ်ထွန်း။ အောင်ဘုန်းကျွန်းထက်၊**
**အောင်ပန်းကြင်၊ အောင်ပန်းပန်ပြီး (အောင်ပါစေသော်)[၃]**
**(အောင်ရမည်)၃ ၊ (အောင်ပြီဟေ့)[၃]**

**ဆရာသီဟစကြာမိုးမြင့်** (ပွဲကျောင်း)

**မှီငြမ်း။**


ပထမံမဟိန္ဒီ သာသနာပြုတပ်ဦးအဖွဲ့
မဂ္ဂဇင်း ၁၃၁၀ ခု၊ အတွဲ-၁၊ အမှတ်-၁

www.burmeseclassic.com

# အဘဘိုးမင်းခေါင်အား

# ပူဇော်ခြင်း

**မြနန်းရှင်**



ငယ်စဉ် ကလေးဘဝကတည်းက ကျွန်မ ဘုရားရှိခိုး ပုတီးစိပ် လုပ်ဆောင်ခဲ့သည်။ အဘိုးနှင့် နေစဉ်ကာလ၊ မိဘနှင့်နေစဉ်ကာလမှာလည်း အိမ်မှာ ဘုရားကျောင်းဆောင်ကလွဲ၍ ဓာတ်၊ နတ် ဘာမျှ မကြားဖူး မသိဖူးပါ။

အိမ်ထောင်ကျပြီး (၁၄-၁၆)ခုနှစ်ကာလ အပတ်စဉ် ရွှေတိဂုံဘုရား သွားဖူးပါသည်။ တနင်္ဂနွေ ထောင့်၊ ထီးပုံစေတီအနီးမှာ လူရုပ်တုအား လူတော် တော်များများ ရှိခိုးကြ၊ ပူဇော်ကြ၊ အချို့ ရွှေများပင် ကပ်ကြသည်။ ကျွန်မ၏ အမြင့်အာရုံတွင် ဘဝင်မကျ ပါ။ ဗုဒ္ဓလေးဆူ၏ သရီရဓာတ်မြတ် ပူဇော်ထားရာ စေတီ အား ကျောခိုင်းပြီး ဒီရုပ်တုကြီးအား ရှိခိုးနေပုံကို မနှစ် သက်ခဲ့ပါ။ သူငယ်ချင်းက ရှင်းပြပါသည်။

"အဲဒါ ဘိုးဘိုးအောင်ကဲ့သို့ ပုဂ္ဂိုလ်ထူး ဘိုးမင်း ခေါင်ရုပ်တုပဲ"

ပုပ္ပားနယ်ဘက်က ဘိုးမင်းခေါင် ထွက်ရပ်ပေါက် သွားကြောင်း၊ သိသလောက် ပြောပြပါသည်။ ကျွန်မက လက်တွေ့မှ ယုံတတ်သည်။ ထို့ကြောင့် ဘိုးမင်းခေါင် ဆိုသူနှင့် အဆက်အသွယ်ရချင်သည်။ သူများထံမှာ နာမ်ချဉ်းပူးတာပြောတာမျိုး လက်မခံပါ။ မယုံကြည်ပါ။ ထို့ကြောင့် ဘုရားကအပြန် စောင်းတန်းမှာ ဘိုးမင်း ခေါင်ပန်းချီ မှန်ပေါင်အား ၁၅/- ပေးဝယ်ခဲ့သည်။

အိမ်၏ ဘုရားခန်းနှင့်ကပ်လျက် ကလေးများ စာကျက်ခန်းမှာ စားပွဲခုံပေါ်တင်ထားပြီး "အဘဘိုးမင်း

www.burmeseclassic.com

www.burmeseclassic.com

ခေါင် တကယ်ရှိတယ်ဆိုရင် အဘာပေးတဲ့ပိုက်ဆံနဲ့ ကျိုက်ထီး ရိုးဆံတော်ရှင်မှာ ခုနစ်ကြိမ်မြောက် ရွှေသင်္ကန်းကပ်လှူချင် ပါတယ်။ ငွေငါးထောင်ကျပ်ပေးပါ။ အခု တန်ဆောင်မုန်း လပြည့်နေ့ လှူချင်ပါတယ်။ အဓိဋ္ဌာန်ကိုးရက်ဝင်ပေးပါ့မယ်၊ မနက် ၉ နာရီမှာ ပုတီးစိပ်ပေးပါ့မယ်"

ဤသို့ ပြောတတ်သလိုပြောပြီး စကားအဆုံးမှာ သောတအာရုံမှာ "ပုတီးစိပ်ရင် အရပံ့သိဒ္ဓိစိပ်"ဟု ကြား လိုက်သည်။ အိမ်မှာလည်း မိမိတစ်ဦးတည်းရှိချိန်။ တခြား ကပြောတာ မဟုတ်ပေ။ နောက်နေ့ အဓိဋ္ဌာန်ဝင်ရန် စိတ် မနောမှာ အဘအား ပွဲပေးချင်လာသည်။ တစ်ခါမှ မလုပ်ဖူး၍ အုန်းသီး တစ်လုံး၊ ငှက်ပျောသုံးဖီး ဝယ်တင်လိုက်သည်။ ကွမ်းယာလည်း မပါပါ။ တစ်ဦးဦးက မနောစာတ်မှာ တိုက် တွန်းနေသလိုပင်။ ဆေးပြင်းလိပ် ကပ်ချင်လာသည်။ မနက် ၉ နာရီမှာ အလင်း ၉ တိုင်၊ အမွှေး ၉ တိုင်လှူ၊ "အရပံ့သိဒ္ဓိ" စိပ်သည်။ ပုတီး ၉ ပတ်၊ ည ၉ နာရီမှာ နေ့စဉ် အာစိဏ္ဏကံ ဘုရားဝတ်ပြုသည်။ အဓိဋ္ဌာန် စဝင်သည့်ညမှာ ထီလှည်းက ကျွန်မခြံဝမှာ ရပ်ပြီး သီချင်းဖွင့်ရောင်းနေသည်။ ကျော်ကြားချ ထားသည်။ အဲ့သည်တော့ ဘုရားရှိခိုးမရတော့။ အိမ်ပြင် ထွက်ကာ ထီထိုးသည်။ ထီဖွင့်ခါနီး အရင်းမရသေး၍ မိုးချုပ် ထိ ရောင်းရသည်ဟု ဆိုသည်။ ကျွန်မ အဓိဋ္ဌာန်ဆက်လုပ် သည်။

ထိုကာလက ထီဖွင့်ရက် ခုနစ်ရက်ကြာသည်။ အမြင့် ဆုံး သုံးသိန်းဆု၊ အနိမ့်ဆုံး ခုနစ်ရာဆု။ တစ်နေ့ ငါးကျပ် ဈေးဖိုးသုံး၍ ဆီပြန်ဟင်း စားနိုင်သည်။ ကျွန်မ အဓိဋ္ဌာန် နောက်ဆုံးနေ့။ ထီဖွင့်တာ နောက်ဆုံးနေ့။ ထီမပေါက်သေး ၍ "အဘဘိုးမင်းခေါင်ရေ···ထီဖွင့်တာ နောက်ဆုံးနေ့နော်။ အဘ တကယ်ရှိရင် လက်တွေ့ပြ။ မဟုတ်ရင် မယုံဘူးနော်" ဟူ၍ ပြောပြီး အိမ်ပေါ်က ဆင်းလာရာ ခြံတံခါးခေါင်းလောင်း သံကြား၍ လှမ်းကြည့်ရာ ညကြီးထီရောင်းလာသူ ဖြစ်နေ သည်။ "အစ်မကြီး···အစ်မကြီး ထီငါးထောင်ဆုပေါက် တယ်"ဟု လာပြောသည်။

အဘဘိုးမင်းခေါင် ကတိတည်သားပဲဟု ယုံကြည် လိုက်သည်။ ကျွန်မကတိအတိုင်း ကျိုက်ထီးရိုးဘုရား ရွှေ သင်္ကန်းကပ်လှူရန် စီစဉ်ရသည်။ (အမှန်က ခင်ပွန်းက ဒေါ်လာစား သင်္ဘောသားပါ။ ကိုယ့်ဘာသာ သုံးနိုင်ပါသည်။ အဘပေးသော သီးသန့်ငွေနှင့် လှူချင်၍ဖြစ်ပါသည်။)

ခုနစ်နှစ်ဆက်တိုက် အဓိဋ္ဌာန်ကပ်လှူမည်ဟု အဓိဋ္ဌာန်ထားရာ နောက်ဆုံး ခုနစ်နှစ်မြောက်အဓိဋ္ဌာန်ဖြစ် သည်။ ကျိုက်ထီးရိုးအသွားအပြန် ကားခ သုံးရာကျပ်ဖြစ် သည်။ ထမင်းတစ်ပွဲ ၁၅/- သာ ရှိသည်။

မသွားမီ နှစ်ရက်အလိုမှာ သားငယ် ချော်လဲပြီး လက် ကျိုးကာ ဆေးစည်းရသည်။ ကျွန်မ သွားဖို့ခရီးစဉ်မဖျက်ပါ။ အဖော်အဖြစ် ညီမဝမ်းကွဲကို ခေါ်ထားသည်။ နောက်တစ်နေ့ မနက် ၄ နာရီ သွားတော့မည်။ ည ၁၂ နာရီမှာ သမီးဖြစ် သူ ဗိုက်အောင့်ကာ လူးလိမ့်နေသည်။ ဆရာဝန်က မိုးချုပ် ၍ မလိုက်ပါ။ ဆေးရုံတင်ရမည့်အခြေအနေ။ အိမ်ရှေ့က ဆေးကွန်ပေါင်ဒါခေါ်ပြီး အကူအညီတောင်းရသည်။ စမ်းသပ် သည်။ ဆေးတိုက်ပြီး စောင့်ကြည့်သည်။ ည ၂ နာရီမှာ သမီးအိပ်ပျော်သွားသည်။ ကျွန်မ၏ အလှူဒါနခရီးစဉ်အား မဖျက်နိုင်ပါ။

ကျွန်မအပေါ် စမ်းသပ်ပုစ္ဆာပေးတာ ဖြစ်ပါသည်။ အဖေနှင့် အမေအား ဖုန်းဆက်လှမ်းခေါ်ပြီး ပိုက်ဆံအလုံ အလောက်ပေးခဲ့သည်။ မသက်သာလျှင် ဆေးရုံပို့လိုက်ပါ။ ယခုအဓိဋ္ဌာန်အား လုံးဝ မဖျက်နိုင်ပါဟု···။ ခရီးမသွားခင် သမီးရွှင်ရွှင်ပျပျ ထလာပြီး စိတ်ချလက်ချသွားပါဟု ဆိုသည်။

ယခုခရီးစဉ် စကတည်းက ယောဂီပဲဝတ်ချင်သည်။ ကျွန်မရုပ်ခန္ဓာမှာ ကျွန်မစိတ်ခန္ဓာမဟုတ်တာ သိနေသည်။ ကျိုက်ထီးရိုးသို့ နေ့ ၁၁ နာရီရောက်သည်။ ထမင်းစားပြီး နေ့ ၁၁ နာရီရောက်သည်။ ထမင်းစားပြီး နေ့ ၁ နာရီ ကုန်းကြောင်းတက်ရသည်။ (ကားလမ်းမပေါက်သေးပါ။) ပုံမှန် ည ၈ နာရီ၊ ၉ နာရီ တောင်ပေါ်ရောက်သည်။

ယခုတစ်ခေါက် တောင်တက်ရတာ လေထဲမှာ လိုက်ပါရသလို ခံစားရသည်။ မောပန်းခြင်းမရှိ၊ နားခြင်းမရှိ၊ တောင်ပေါ်ဘုရားရင်ပြင်သို့ ညနေ ၄ နာရီရောက်ရှိခဲ့သည်။ ညီမလေးက ဆိုသည်။

"မမရေ···ခုတစ်ခေါက်လာရတာ အရင်အခေါက်

www.burmeseclassic.com

တွေနဲ့ မတူဘူးနော်။ အစောကြီးရောက်တာရယ်၊ ခနွာကိုယ်နာတာ၊ ကျင်တာ မရှိဘူးနော်။ မမရော"

"အေး・・・ငါလည်း ဘာမှမဖြစ်ဘူး"

ဘုရားသွားကန်တော့ပြီး တည်းခိုရန် စိတ်ပူမိသည်။ မနက်ဖြန် တန်ဆောင်မုန်းလပြည့်နေ့ ကထိန်သင်္ကန်းကပ်ရန် ဘုရားဖူးများ တည်းစရာမရှိ။ ရင်ပြင်ပေါ်မှာ အချို့ ခင်းကျင်းနေကြသည်။

ကျွန်မ၏ မနောစာတ်မှာ အသိတစ်ခု တိုးလာသည်။ "မုဆိုးတောင်ဆင်းတဲ့လမ်းကနေ ဆင်းသွား။ ဝဲဘက် ဒုတိယမြောက်ဆိုင်မှာ နစ်ယောက်စာ အခန်းရှိတယ်"

ကျွန်မ ညီမကိုခေါ်၍ အထုပ်အပိုးသယ်ကာ သွားလိုက်သည်။ တည်းစရာနေရာရသည်။ အိပ်စရာခင်းကျင်းပြီး လဲ့မည်ပြုစဉ် ဘုရားဆီသွားပြီး ပုတီးစိပ်နိုင်း၍ ပုတီးကိုးပတ်စိပ်ရသည်။ ပြန်လာစဉ် မနက်အရုဏ်ဆွမ်းကပ်လှူရမည်။ ထိုကာလက ဆွမ်းချက်ရောင်းသူ မရှိပါ။ တည်းခိုရာဆိုင်ကို မှာသည်။ အစောကြီး မရနိုင်ဟု ပြောသည်။ စိတ်မကောင်းဖြစ်ရသည်။ အိပ်ရာဝင်ခဲ့ပြီး မနက်အရုဏ် ဘုရားသွားဖို့ထွက်လာရာ ဆိုင်ဝမှာ ဆွမ်းဗန်းကိုင်ပြီး ဆိုင်ရှင်က အဆင်သင့်စောင့်နေရှာ၍ ဝမ်းသာသွားရသည်။

ဆွမ်းဗန်းကိုင်သွားစဉ် ကျိုက်ထီးရိုးဘိုးဘိုးကြီးရှေ့ အာရုံခံတန်ဆောင်းသို့သွားရန် အဘက လမ်းညွှန်လာသည်။ စေတီလုံးတော်အား ကြည်ညိုစွာ ဖူးမြော်ကပ်လှူခွင့်ရသည်။

ဘုရားရှိခိုး၊ ပုတီးစိပ်၊ မေတ္တာပို့သ၊ အမျှဝေ၊ သာဓုခေါ်ခြင်း၊ ဘုရားစာများသည် ကျွန်မရွတ်ဆိုနေကျ ပါဠိများမဟုတ်တာ ဒုံ့ဩနေမိသည်။ အနီးရှိ ဘုရားဝတ်ပြုလာသူများက ငေးကြည့်နေတာ တွေ့ရပြီး ဘုရားရှိခိုးတာ နားထောင်လို့ကောင်း၍ နားထောင်နေကြတာဟု ဆိုသည်။

ပြီးလျှင် အဘအောင်မင်းခေါင်၏ အဓိဋ္ဌာန်ဂူသို့ သွားခိုင်းသည်။ လမ်းမသိ၍ မနောစာတ်မှာလာ၍ ရွှေနန်းကျင်ဗိမာန်အနီးသွားရသည်။ လူသိပ်မသုံးသော လှေကားလမ်းလေးမှ တောင်စောင်းအောက် ဆင်းရသည်။ လူသွားလမ်းတွေ့လျှင် ဝဲဘက်ချိုးပြီးသွားရာ ကျောက်ဂူဝတစ်ခု တွေ့ရပြီး စကျင်ကျောက်သားဖြင့်ထွင်း၍ "အောင်မင်းခေါင် အဓိဋ္ဌာန်အောင်ဂူ"ဟု ရေးထားပါသည်။ ဂူထဲမှာ ရသေ့တစ်ပါးတွေ့သည်။ လာမည်ဆို၍ စောင့်နေခြင်းဖြစ်ကြောင်း ဆိုသည်။ ထိုစကားကို ကျွန်မ မယုံပါ။ ကျွန်မအလုပ်လုပ်ရန် ရသေ့ကြီး အပြင်ဘက်ထွက်ကာ တောင်ကမ္ဘလေးမှာ နေစာလှုံနေသည်။

ပြီးလျှင် ရသေ့က ထိုင်ပါဦး။ စကားနည်းနည်းပြောပါဦးဆို၍ အားနာနာနှင့်ထိုင်ပြီး ရသေ့ပေးသော ရေနွေးကြမ်းကို သောက်ရင်း စကားပြောကြရာ ကျွန်မ ဘာမှမပြောရသေးဘဲ ကျွန်မနိုင်ငံရပ်ခြား အပြီးသွားမည့်ကိစ္စ လျှို့ဝှက်ချက်အား ဖွင့်ပြောလာပြီး သွား၍မရကြောင်း၊ ပုဂ္ဂိုလ်ပိုင်းဆိုင်ရာက ခွင့်မပြုကြောင်း၊ သာသနာပြုရန်ရှိကြောင်း၊ ဘဝဆက်ပဋ္ဌာန်းဆက် ဆရာတော်များနဲ့ သာသနာဖွင့်ဖော်ပေးရမည်ဟု ပြောလာသည်။

ကျွန်မ နိုင်ငံခြားသွားရန် အသေအချာ လုပ်ထားပြီးပါပြီ။ ရသေ့စကားကို လက်မခံချင်ပါ။ (နောက်ဆုံး၊ ကျွန်မလုံးဝမသွားဖြစ်ခဲ့ပါ။) ထိုရသေ့အား ပုဂ္ဂိုလ်ပိုင်းဆိုင်ရာမှ ချီးမြှင့်သော ပစ္စည်းသုံးမျိုး တောင်းကြည့်ခိုင်းပါသည်။ (အဘက မနောမှ မေးခိုင်းခြင်းပါ။) ရသေ့လည်း အနှစ်နှစ်အလလ လျှို့ဝှက်သိမ်းထားရသော ပစ္စည်းသုံးမျိုး ထုတ်ပြပါသည်။ သေသေချာချာ စစ်ဆေးကြည့်ပြီးမှ လက်ခံပြီး ဗလာစာအုပ်တောင်းကာ စာမျက်နှာလေးဆယ် တစ်ကြောင်းခြား စာများရေးတော့သည်။ မြန်မာစာများ မဟုတ်ပါ။ အလွန်ရှေးကျသော သင်္ကေတရိုက်စာလုံးများဟု နောက်မှသိရသည်။ သည်နေ့ တန်ဆောင်မုန်းလပြည့်နေ့တွင် အဘအောင်မင်းခေါင်မှ ရွတ်သက်၊ နာမ်ချဉ်း၍ ဂန္ဓာရီလျှောက်လှမ်းနေသော ရသေ့အား ပညာစဉ်တက်လှမ်းရန် နောက်တစ်ဆင့် တက်ခွင့်ရှိမရှိ စာမေးပွဲစစ်ခိုင်းခြင်းဖြစ်ရာ ရသေ့ခမျာ စဉ်းစားရလွန်း၍ နားရည်တွေ ထွက်ကျ၊ မြေမရလျှင် မျက်ရည်ကျနှင့် ကျွန်မဘဝမှာ အဘဘိုးမင်းခေါင်၏ စာမေးပွဲစစ်ခိုင်းခြင်းပုဏ္ဏာထူးကို ကြုံခဲ့ဖူးသည်။ ရသေ့လည်း နောက်တစ်နေ့ အရုဏ်မှာ ဘုရားလာဖူးပြီး နှုတ်ဆက်ပါသည်။ သူဂန္ဓာရီစခန်း ပြောင်းခွင့်ရသွားပြီဖြစ်ကြောင်း၊ နောက်ပိုင်း အိမ်မှာ အာစိဏ္ဏကံကျင့်ဆောင်နေစဉ်မှာ ရပ်ကွက်ထဲမှ ခြေထောက်ကျောက်ပတ်



www.burmeseclassic.com

www.burmeseclassic.com

တီးစည်းထားသူ မငယ်တာမှ "အဘက ဒိပ်မက်ပေးလာတယ်။ အစ်မဒိမ်မှာ အဘရှိတယ်။ သမီး လာကန်တော့ပြီး တောင်းပန်ပါ။ ဒါဆို ခြေထောက်ချက်ချင်းကောင်းသွားမယ်" ပြော၍ လာခွင့်ပြုဖို့တောင်း၍ ကျွန်မကတော့ ဘာမှမသိပါ။ မိမိတာသာ တောင်းပန်စေရာ လာတောင်းပန်ပြီး ခေါ်ခန့်သွားပြီသည်။ နောက်တစ်လကြာ စည်းရမည့် ကျောက်ပိတ်တီးပြေရပြီး ခြေထောက်ပြန်ကောင်းသွားသည်။

စာရေးသူသည် တစ်ခါတစ်ရံ ရွှေတိဂုံဘုရားသို့ နံနက် ၄ နာရီအရောက် အရုဏ်ဆွမ်း ၄၅ ရက် သွားကပ်လှူရာ ဖုတ်နှိစိပ်ပါသည်။ ခင်ပွန်းသည် ခရီးထွက်လျှင် အဖေက လိုက်ပို့ရသည်။ အဖေက ဘုရားကလွဲ၍ ပုတီးစိပ်လည်း ကြိုက်ပါ။ မပြောသာ၍ လိုက်ပို့ရသည်။ ကျွန်မ ပုတီးစိပ်နေချိန် ရွှေတိဂုံရင်ပြင်အနှံ့ ဘုရားအရှုရှု လိုက်ဖူးသည်။ နောက်ဆုံး ညောင်းလျှင် ရာဟုထောင့် စဥ္စကူမင်းခေါင်းလောင်းရှိ ရာပ်ကနေ ရွှေတိဂုံစေတီအား ဖူးသည်။

တစ်နေ့မှာ ပုဆိုးကွက်ကြီးနှင့် အဘိုးကြီး အနားလာထိုင်ပြီး -

"ငါ့သား။ ဘုရားလာဖူးတာလားကွဲ့"

"ဟုတ်ကဲ့ အဘ"

"ပုတီးလေးဘာလေး စိပ်ပါကွဲ့။ အရပ်ာစိပ်၊ အေးအေး...အဘကိုတွေ့ချင်ရင် တနင်္ဂနွေထောင့်မှာ ရှိတယ်ကွဲ့"

"ဟုတ်ကဲ့ အဘ"

အဖေလည်း အဲဒီကစပြီး ပုတီးစိပ်လာသည်။ အဘလာတွေ့သည်ဟု ဆိုသည်။ ပုတီး ိပ်နေကြောင်း ပြောပြချင်၍ လိုက်ရှာရာ တနင်္ဂနွေထောင့်ရှေ့ ဘိုးမင်းခေါင်ရုပ်တုတွေ့မှ အံ့အားသင့်သွားရသည်။ (ယခု ကျောက်စာတိုက်နားမှာ အဘရုပ်တု ရှိပါသည်။)

"သမီးရေ...သမီးအမိဗ္ဗာန်ဝင်ချိန်က အဖေ ဘယ်သူနဲ့ တွေ့ခဲ့လဲ သိလား"

ကျွန်မ စိတ်အထင်က မိတ်ဟောင်းဆွေဟောင်းများ ထင်ခဲ့သည်။

"အဖေ ဘိုးမင်းခေါင်နဲ့ တွေ့ခဲ့တာ"

"ဟင်...သမီးက တွေ့ချင်တာကို"

ထိုကာလကစ၍ အဖေသည် သာမန်ဘုရားဖတ်ပြုခြင်း မဟုတ်တော့ဘဲ သေသေချာချာ ဘုရားရှိခိုး ပုတီးစိပ်ခြင်း၊ နောက်ပိုင်း ဝိပဿနာများ အားထုတ်လာသည်။ ဘိုးမင်းခေါင်ရုပ်တု၊ ဘိုးဘိုးအောင်ရုပ်တု အိမ်မှာထားပြီး ပူဇော်သည်။ အရိယာပုဂ္ဂိုလ်ထူးများရှိကြောင်း အဖေ လက်ခံလာသည်။ မလှူဖူးသော အလှူဒါနများ လှူနိုင်ခဲ့သည်။ သေသည်အထိ သား၊ သမီး၊ မြေး၊ မြစ်အထိ ကျွေးမွေးပေးကမ်းနိုင်သည်။

လက်တွေ့မှ ယုံကြည်တတ်သော ကျွန်မနှင့် အဖေ၏ အရိယာသူတော်စင် အဘဘိုးမင်းခေါင်၏ တစ်စိတ်တစ်ဒေသမျှ ဖွင့်ဖော်ပြခြင်း ဖြစ်ပါသည်။

ကျွန်မ၏ ပဌာန်းဆက်ဆရာတော်ရှာတွေ့ရန် အဘဘိုးမင်းခေါင် လမ်းညွှန်ပေး၍ ကျိုက်ထီးဆောင်းဆရာတော်အား ဖူးမြော်ခွင့်ရခဲ့သည်။ ကျွန်မ၏ အဘဘိုးမင်းခေါင်နှင့် ဆံတော်ရှင်ကေလာသတောင် နိမိတ်တဘောင် လျှောက်ထားချက်များ အသံသွင်းထားရာ ဆရာတော်မှ တရားဟောချိန် မွေးပ်လွှင်မှာ မကြာခဏဖွင့်ပေးကြောင်း ဆရာမ လေးသူစံ ပြန်ပြော၍ သိရပါသည်။

အဘဘိုးမင်းခေါင် လမ်းညွှန်မှုဖြင့် ဘာသာ၊ သာသနာဖွင့်ဖော်ရန် စာပေကလောင်ရှင် "မြနန်းရှင်"ဖြစ်ခွင့်ရသဖြင့် ဤစာပေဖြင့် ဂါရဝပြု ကန်တော့ပါသည်။

အဘဘိုးမင်းခေါင်၏ သားသမီးများ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ရောဂါခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ သဘာဝဘေးအန္တရာယ်မှ ကင်းဝေးကြပါစေ...။

မြနန်းရှင်



www.burmeseclassic.com

www.burmeseclassic.com

# အဘဘိုးမင်းခေါင်၏ သိဒ္ဓိရှင်တောင်ဓေး နှင့် ရုပ်ရှင်ဒါရိုက်တာကြီး

**မြနန်းရှင်**

မြန်မာပြည်၏ အရိယာပုဂ္ဂိုလ်ထူးစာရင်းဝင် အဘဘိုးမင်းခေါင်နှင့် ဆက်နွယ်ကြသူ များစွာရှိပေသည်။ စာရေးသူသိခွင့်ရသူထဲမှာ "ရုပ်ရှင်ဒါရိုက်တာကြီး မောင်သီ"သည်လည်း အပါအဝင်ဖြစ်သည်။

စာရေးသူလည်း ဂမ္ဘီရလောကမဂ္ဂဇင်း၊ နေ့လာဂျာနယ်၊ ဇမ္ဗူဒိတ်ဂျာနယ်များမှာ "သိဒ္ဓိရှင်တောင်ဓေး"ဆိုသည့် ဂမ္ဘီရဝတ္ထုတို သုံးကြိမ်ဖော်ပြခံခဲ့ရပြီးပါပြီ။ ဒါရိုက်တာမောင်သီ၏ ကိုယ်တွေ့ဖြစ်ရပ်မှန် ဖြစ်ပါသည်။

× × ×



လွန်ခဲ့သော နှစ်များစွာဆီက ဂမ္ဘီရရုပ်ရှင်ဇာတ်ကား ရိုက်ကူးရန် ပုပ္ပားတောင်ဝန်းကျင်တစ်ဝိုက် ရိုက်ကွင်းရှာစဉ်ရာ အင်္ဂလိပ်ခေတ်ရှေးဟောင်းအိမ်အိုကြီးတစ်လုံး တွေ့ရှိရသည်။ လက်ထောက်ဒါရိုက်တာနှင့် ထုတ်လုပ်သူတို့အား ဒါရိုက်တာကြီးမောင်သီက ရိုက်ကွင်းရှာရင်း ရှေးခေတ်လက်ရာ ဂမ္ဘီရဆန်ဆန် တောင်ဓေးတစ်ချောင်းတွေ့က ဝယ်လာရန် မှာခဲ့သည်။

အိမ်အိုအိမ်ပျက်ကြီးထဲ ဝင်ကြည့်ရာ မည်သူမျှ မနေရဲသဖြင့် သည်အတိုင်းပစ်ထားခဲ့



www.burmeseclassic.com

www.burmeseclassic.com

ပုံရသည်။ ယိုယွင်းပျက်စီးမှုတွေက မြင်ရုံနှင့် စိတ်ချောက်ချား စရာပါ။ အိမ်ပေါ်တက်သည့် လှေကားအောက်ခြေရင်းမှာ အဘိုးအိုတစ်ဦး လဲလျောင်းအိပ်ပျော်နေရာမှ လူးလဲထလာပြီး "မင်းတို့ရောက်လာရင် ငါသွားရတော့မှာပေါ့ကွာ"ဟု ဆိုကာ တောင်ဝေးဘဲဒေါက်ဒေါက်ထောက်ကာ အိမ်ပြင်သို့ ထွက်ခွာသွားသည်။

ခပ်လှမ်းလှမ်းရောက်မှ သတိရကာ တောင်ဝေးမှာ လိုက်တာ သတိရပြီး လက်ထောက်ဒါရိုက်တာက "အဘ အဘ...ခဏနေပါဦး"ဟု အော်ခေါ်ကာ အဘိုးအိုနောက် ပြေးလိုက်သွားသည်။ အဘိုးအိုက ရပ်စောင့်ရင်း နားစွင့်နေသည်။

"အဘလက်ထဲက တောင်ဝေးရောင်းခဲ့ပေးပါလား"

"မင်းတို့ ဘယ်လောက်ပေးမလဲ"

စုတ်စုတ်ပြတ်ပြတ် အဘိုးကြီးက ဘာမဟုတ်တဲ့ တောင်ဝေးကို ဈေးလိုချင်ပုံရသည်ဟု ထင်မှတ်ပြီး "ငွေတစ် ထောင်ပေးမယ်ဗျာ"ဟုတ်လုပ်သူအိတ်ထဲမှာ ငွေသုံးသိန်းပါ ပါသည်။ ထိုစကားကြားလိုက်သော အဘိုးအိုသည် ခပ်တေ့ တေ့ပြုံးလိုက်ပြီး -

"ခြေ...မင်းတို့က ငါ့တောင်ဝေးကို ဒီလောက် ပဲ တန်တယ်ထင်တာကိုး"


ပြောပြီး မော်တော်ကားလမ်းတစ်ဖက်သို့ ကူးဖြတ် ရည့် ခွေးတစ်ကောင်ထံသို့ တောင်ဝေးဖြင့် လှမ်းချိန်ရင်း "ဟဲ..မင်းတို့ ဒီမှာကြည့်"ဟု ပြောလာသည်။ စောစောက ထမ်းကူးရန်သွားနေသော ခွေးသည် ရုတ်ချည်း ကြောက်ရပ် သွယ် ရပ်တန့်နေတော့သည်။ ကြည့်နေသူတို့ တအံ့တဩ အတန်ကြာ ငေးကြည့်နေစဉ် တောင်ဝေးကို ပြန်ရုပ်သိမ်း လိုက်ရာ "ကိန်း..ကိန်"ဟု အော်မြည်ကာ လမ်းတစ်ဖက် ရှိ ချုံပုတ်ငယ်အတွင်းသို့ တိုးဝင်ပုန်းကွယ်တော့သည်။

"ချုံပုတ်ထဲကခွေး သွားရှာချေ"

အဘိုးအိုအမိန့်ပေးသဖြင့် သူတို့ သွားရှာကြသည်။ ချုံပိတ်ရှုပ်တွင် ဝင်သွားသောခွေး ရှာမတွေ့တော့။ ထူးပေ ဆန်းပေသည်။

"ရော့...မင်းတို့ ဒါ-ရိုက်-တာ-ကြီးကို ပြောလိုက်။ ဆိုဘ တောင်ဝေးပေးလိုက်တယ်လို့"

ဒါရိုက်တာကြီးမှာလိုက်တယ်ဟု မပြောမိတာကို သိ



နေပုံက ထူးခြားနေသလို၊ သာမန်လူခေါ်သလို ဒါရိုက်တာ ကြီးဟု မသုံးဘဲ "ဒါ-ရိုက်-တာ-ကြီး"ဟု တစ်လုံးချင်း ခြား ပြီး ပြောဆိုပေးလိုက်ပုံက ဂုဏ်ရဆန်လှပေသည်။ တောင်ဝေး ရသဖြင့် ဝမ်းသာနေစဉ် အဘိုးအိုကိုကြည့်တော့ အနီးနားမှာ မရှိတော့ပေ။

တည်းခိုရာဟိုတယ်ရောက်တော့ ဒါရိုက်တာကြီး အရက်သောက်နေဆဲ တောင်ဝေးပေးကာ အကြောင်းစုံပြော ပြလိုက်သည်။ ဒါရိုက်တာကြီးအခန်းမှာ ထောင်ထားခဲ့သည်။ ညရောက်တော့ မမြင်ရသော နာမ်လောကသားများက နှောင့်ယှက်လာသည်။ ဇာတ်ပို့တစ်ဦးထံ ဝင်ပူးကာပ်သည်။ နားလည်သူအချို့က တောင်းပန်သည်။ ခဏနေ ထွက်သွား သည်။ နောက်တစ်ဦးထံ ဝင်ပူး။ ရေမန်းနဲ့လည်းမရ၊ ဂရိတ် ရေလည်း မတိုး။ ဇာတ်ပို့ဇာတ်ရံ၊ မှန်ထိုး၊ မီးထိုး၊ စက်အဖွဲ့ ရုပ်ရှင်အဖွဲ့သားစုံပြီး မအိပ်ကြရ။ သို့နှင့် ဒါရိုက်တာကြီးအား ပြောပြအကူအညီတောင်းရသည်။

မူးကာလည်းမူးနေ . တောင်ဝေးခွဲယူကာ ပူးကပ်သူ တွေကို ရိုက်မည်- ဟိုတယ်ဝင်းထဲမှာ လျှပ်ခါန်းထားသော

www.burmeseclassic.com

ခုနှ်။ ၄က်ပျောပွဲများကိုပါ တောင်ဝှေးနှင့် ခွဲရိုက်ပစ်သည်။ ပွဲသူ၊ ကပ်သူလည်း မရှိတော့။ ဟိုတယ်ထဲမှာ ပျက်စီးကုန်သည်။ မနက်မိုးလင်း နိုးလာတော့ တောင်ဝှေးမရှိတော့။ အိပ်မက်ပေးလာသည်။ "လူလေး…မင်းနဲ့ ဒီပစ္စည်း မတန်သေးဘူး"ဟူ၍ အဘိုးအိုတစ်ဦး ပြောလာသည်။

ထိုတောင်ဝှေးမရှိတော့မှ ဒါရိုက်တာကြီး နမြောတသဖြစ်မိသည်။ တတမ်းတတပြန်ရချင်မိသည်။ သို့နှင့် လမ်းစရှာရင်း ဘာသာရေးလိုင်းဘက်သို့ ခြေချလာခဲ့သည်။ ဆရာကောင်းများနှင့် တွေ့ဆုံခွင့်ရကာ အကျင့်စရုဏာများ ကျင့်ဆောင်လာသည်။ အရက်လည်း လွှတ်ကင်းခဲ့သည်။ ဂန္ဓာရတောင်ဝှေးကို မျှော်လင့်နေဆဲပင်။ သို့နှင့် တစ်နှစ်ကာလ အကြာမှာ ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ ကွန်နီမှာ အလုပ်ရုံးခန်းဖွင့်ပွဲ ကျင်းပမည့်ရက်မတိုင်ခင် အိပ်မက်ပေးလာသည်။ "လူလေး…မင်းရုံးခန်းဖွင့်ပွဲနေ့မှာ ကိုရင်တစ်ပါး တောင်ဝှေးလာပေးလိမ့်မယ်"ဟူ၍ ဖြစ်သည်။

တကယ်လည်း ရုံးခန်းဖွင့်ပွဲအပြီး နေ့လယ်ပိုင်းမှာ ကိုရင်တစ်ပါး ရောက်လာပြီး အဘိုးတစ်ဦးက တောင်ဝှေး ပို့ပေးပါပြောလို့ လာပို့ပေးရကြောင်း။ ကိုးထပ်ကြီးဘုရားအနီး နေနတ်သားစာသင်တိုက်မှ စာသင်ကိုရင်တစ်ပါး မြို့ထဲ စာအုပ်လာဝယ်ရင်း အကူအညီတောင်း၍ ပို့ပေးရခြင်းဖြစ်ပါသည်။

ဒါရိုက်တာကြီးသည် သိဒ္ဓိဝင် ဂန္ဓာရတောင်ဝှေး ပြန်ရပြီးနောက်ပိုင်း အချို့အိပ်မက်ပေးလာ၍ အဘဘိုးမင်းခေါင်နှင့် ဆက်စပ်ပစ္စည်းရောက်လာပုံကလည်း ထူးခြားပေသည်။ မှတ်တမ်းတင်ထားသည်များ ဖော်ပြပေးပါမည်။ ထူးခြားသော အဘဘိုးမင်းခေါင်နှင့် ဆက်နွယ်မှုရှိသည့် ပါရမီရှင်တစ်ဦးဖြစ်ကြောင်း ဒါရိုက်တာကြီးမောင်သီ၏ လက်ဝယ်ပစ္စည်းများက သက်သေပြနေပါသည်။ ခုနစ်ရက်သားသမီးများအား ကူညီပေးနေခွင့်ရတာ အဘဘိုးမင်းခေါင် ဓာတ်ချဉ်း၊ နာမ်ချဉ်း ပါရမီရှင်စစ် ဖြစ်ပေသည်ဟု ဆိုရပေတော့မည်။

ဒါရိုက်တာကြီးမောင်သီအား အဘဘိုးမင်းခေါင်ရှိစဉ်က ဝေယျာဝစ္စပြုပေးခဲ့သူက ပြောပြပါသည်။ အဘဘိုးမင်းခေါင်က ချမ်းသာလိုလျှင် "သရဏဂုံ"ထုံအောင် ပွားများရွတ်ကြပါဟု ပြောခဲ့သည်။

ဒါရိုက်တာကြီးက ပြောသည်။



"ကျုပ်တို့မြန်မာတွေက တစ်ခုတည်းကို စူးစိုက် မကျင့်ကြလို့ပါ။ သရဏဂုံကျင့်လျှင် တစ်ချက်ခုတ် ခြော ချက်ပြုတ်ပါတယ်ဗျာ။ ဘုရားကိုးကွယ် တန်ခိုးကြွယ်/အာဏ ကြွယ်၊ တရားကိုးကွယ် ပညာကြွယ်၊ သံဃာကိုးကွယ် ဉ ကြွယ်၊ သရဏဂုံစွဲမြဲစွာတည်ရင် အမိုက်လှည်းကျင်း ဂေ ဇောလည်းခင်းပေါ့ဗျာ။

ဒုဗ္ဘိက္ခန္တရကာပ်၊ သတ္ထန္တရကာပ်၊ ရောဂန္တရကာပ် ဆို သူများသတ်ဖြတ်ခြင်းခံရတဲ့ ဒုက္ခ၊ အနာရောဂါ၊ အစာ မွတ်ခြင်း ဒုက္ခဘေးက ကင်းဝေးစေပါတယ်။

ခုနစ်ရက်သားသမီး ဝင်ပေါက်၊ ထွက်ပေါက် ပျက် သရဏဂုံစွဲမြဲစွာ မတည်လို့။ သာသနာဝင်ပေါက်၊ ထွ ပေါက်ပျက်တာ သရဏဂုံစွဲမြဲစွာ မတည်လို့။ ခုနစ် သားသမီးများ စိန္တမဏိ အချိန်သာကြည့်၊ သတိနဲ့သ ပါဟု ဆိုလေသည်။

မြနန်း

www.burmeseclassic.com

### အဘအောင်မင်းခေါင် ဓာတ်ပန္နက်တစ်နေရာ ရန်ကုန်-ထောက်ကြန့် ပုပ္ပားကျောင်း

အဘအောင်မင်းခေါင်နှင့် ပတ်သက်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နှစ်ပေါင်းများစွာ အဘသက်ရှိထင်ရှားရှိနေစဉ်ကပင် ဓာတ်စခန်းများ၊ ဓာတ်နန်းများ၊ ဓာတ်ပန္နက်နေရာများ ရှိနေခဲ့ရာ အဘထွက်သွားပြီးသည့် နောက်ပိုင်းတွင်လည်း ဓာတ်ပန္နက်နေရာသစ်များ ဖြစ်တည်တိုးပွားနေခဲ့လေသည်။ အဘအောင်မင်းခေါင်၏ ဓာတ်ပန္နက်နေရာများတွင် ရန်ကုန်-ထောက်ကြန့် ပုပ္ပားကျောင်းသည် အဓိကကျလှသော နေရာထူးနေရာမြတ်တစ်ခု ဖြစ်ပါသည်။ အဘ၏ ညွှန်ကြားမှုများနှင့် မကင်းချေ။


### ပုပ္ပားကျောင်း တည်ထောင်မှုသမိုင်း

ပုပ္ပားတောင်ကလပ် ကုမရာ ရာမတိုက်ခွဲတွင် ခရစ်ယာန်ဘာသာမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းကာ ရန်ဟန်းဖြစ်လာခဲ့သော ဆရာတော်ဦးကုမာရ သီတင်းသုံးလျက်ရှိရာသို့

# ပုပ္ပားဆရာတော် ဦးဂျော်နီ (ခ) ဦးကုမာရ

## လမ်းဆုံတည်ရာ၊ သာသနာပြု


ကျော်စံလင်း





www.burmeseclassic.com

www.burmeseclassic.com



ပုပ္ပားဆရာတော် ဦးကျော်နီ (ခ) ဦးကုမာရ

ရန်ကုန်မြို့ရှိ တပည့် ဒကာ/ဒကာမများက ရန်ကုန်သို့ကြွရောက်ပြီး ဝါဆိုဝါကပ်ပါရန်နှင့် ဝါဆိုကျောင်းဆောက် လှူဒါန်းပါမည့်အကြောင်း ဝိုင်းဝန်းလျှောက်ထားခဲ့ကြပါသည်။ ဆရာတော်ဦးကုမာရက လက်ခံခြင်းမပြုခဲ့ပါ။ ၁၃၂၅ ခုနှစ် နယုန်လဆန်း ၁ ရက် ညနေ ၆ နာရီအချိန်တွင် ပုပ္ပားတောင်ကလပ် ကုမာရ ရာမတိုက် မှော်ရုံသို့ အဘအောင်မင်းခေါင် ကြွရောက်လာပါသည်။ အဘရောက်နေကြောင်း ရန်ကုန်ထမင်းဆိုင် ဦးမြင့်၊ ဒေါ်မြမ်းတို့က ဆရာတော် ဦးကုမာရကို သွားရောက်လျှောက်ထားကြပါသည်။

ဆရာတော် ဦးကုမာရက သေပြီးသောသူ ပြန်ရှင်သည်မှာ မဖြစ်နိုင်ဟု ငြင်းပယ်ပါသည်။ ည ၇ နာရီ အချိန်တွင် ဦးကုမာရ သီတင်းသုံးရာ နတ်မောက်တိုက်သို့ အဘကြွရောက်ကာ "မောင်ပဉ္စင်း ပါးစပ်ဟ" ဟုဆိုပြီး ရွှေမတ်စေ့တစ်စေ့ ပစ်ထည့်လိုက်သည်။ မိမိတစ်ပါးတည်းနေသောအခါမှ ထုတ်ကြည့်ရန် ပြောကြားသည်။ ထို့နောက် ရန်ကုန်တွင် ကျောင်းတိုက်တည်ဆောက်ရန်အတွက်

"သစ်ဆိမ့်ပင်နှစ်ပင်ကြား။ မင်းတစ်ထောက်နား။
မင်းမင်းတို့တကား၊ အောင်မြေတွေ့အောင်ရှာ၊
သချိုင်းဖြစ်မည်၊ ရှေ့ကိုတိုးလို့ မြောက်ကိုဆုတ်၊
မြို့ရှိအမြန်လုပ်၊ မောင်ပဉ္စင်း စိတ်စောင့်ချေ" ဟု

ပြောကြားကာ အဘထွက်သွားခဲ့ပါသည်။

တစ်ပါးတည်းနေချိန်၌ မတ်စေ့ကိုထုတ်ကြည့်လိုက်သောအခါ အဘ အသက်ထင်ရှားရှိစဉ်က ဦးကျော်နီ လူဝတ်ကြောင်ဘဝတွင် အဘက အိတ်ထဲမှနှိုက်ယူသွားသော ရွှေမတ်စေ့ဖြစ်နေသည်ကို တွေ့ရပါသည်။ ကျောင်းဆောက်ရန် ရန်ကုန်သို့ ဆရာတော်ဦးကုမာရ ကြွရောက်သောအခါ ကမာရွတ်တွင်ရှိသော မြေနေရာကို ကြွရောက်ကြည့်ရှုရာ သဘောမကျပါ။

ဒကာကြီးဦးဘိန်မိုးက သောက်ကြန့်တောင်ဘက်အထွက်တွင် သူပိုင်မြေ ငါးဧကရှိကြောင်း။ ကျောင်းဆောက်ရန် ဆရာတော်သဘောကျပါက လှူဒါန်းမည်ဖြစ်ကြောင်း လျှောက်ထားပါသည်။ ကြွရောက်ကြည့်ရှုသောအခါ ဆရာတော်က သဘောကျပါသည်။ သို့သော် အတိတ်တဘောင်ကို သတိရ၍ သစ်ဆိမ့်ပင်အနီးအနား ရှိ/မရှိ မြဲစောင့်ဒကာကြီး

www.burmeseclassic.com

ဦးဘိုးချစ်ကို မေးမြန်းသောအခါ ထောက်ကြန့်မြောက်ဘက် ဈေးအနီးတွင်တစ်ပင်၊ တောင်ဘက် ရွှေညောင်ပင်အနီးတွင် တစ်ပင်ရှိကြောင်း လျှောက်ထားရာ တဘောင်နှင့် ကိုက်ညီနေသဖြင့် ထိုနေရာကို ရွေးချယ်လိုက်ပါသည်။

နောင်တွင် တောင်ဘက်သစ်ဆိမ့်ပင်မှ တောင်ဘက်ကိုင်း၊ မြောက်ဘက်သစ်ဆိမ့်ပင်မှ မြောက်ဘက်ကိုင်းကိုယူ၍ ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ ထုလုပ်ပူဇော်ကာ တောင်မြောက်နေရာချ ပူဇော်ထားပါသည်။ ထိုရုပ်ပွားတော်နှစ်ဆူကို ရွှေမချရနိုင်ဘုရားတည်သည့်အခါ ဌာပနာခြင်းမပြုရန် ဆရာတော်ဦးကုမာရက မှာကြားခဲ့ပါသည်။ ထိုအထိမ်းအမှတ် ရုပ်ပွားတော်နှစ်ဆူကို ဆရာတော် ဦးပဏ္ဍိစ သီတင်းသုံးရာ အောင်သုခရိပ်သာ၌ အမြဲပူဇော်ထားပါသည်။ သစ်ဆိမ့်ပင်ကြီးနှစ်ပင်မှာ ယခုမရှိတော့ပါ။

## မန္တလေးမြို့ရိုးနှင့်အလားတူ

ငါးကျော်ခြံနှင့် တစ်ဆက်တည်းရှိသော ကိုးကော့ခြံကိုလည်းတွေ့၍ စုံစမ်းရာ ဟယ်လ်ပင်လမ်းနေ ဦးကြိုင်ပိုင်ခြံမြေဖြစ်ကြောင်း သိရှိရပြီး ဦးကြိုင်က သာသနာပြုလုပ်ငန်းများ ပြုလုပ်ရန် လှူဒါန်းပါသည်။ ၁၃၂၅ ခုနှစ်၊ နယုန်လပြည့်နေ့တွင် ဝါဆိုရှုချင်းကြီး ပြီးစီးအောင်မြင်ပါသည်။ ဝါဆိုလပြည့်နေ့တွင် ရန်ကုန်နှင့် သုံးဆယ်မှ ဒကာ၊ ဒကာမများက ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြပါသည်။ ၁၃၂၅ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်နေ့၌ မန္တလေးမြို့ရိုးနှင့်အလားတူ မဟာရံအုတ်တံတိုင်းခတ်ရန်အတွက် အရှေ့မျက်နှာစာတွင် ကားလမ်းနှင့် ပေ ၄၀ ခွာ၍ ပန္နက်ရိုက်ရန် ဆရာတော်ဦးကုမာရက မိန့်ကြားပါသည်။

ပန်းရန်ဆရာကြီး ဦးအေးက ကားလမ်းနှင့် မဟာရံတံတိုင်းပေ ၄၀ ခွာရမည်ဆိုလျှင် မြေအကျယ်များလွန်း၍ ပေ ၂၀ ခွာခွင့်ပြုရန် လျှောက်ထားနိုင်းရာ ဦးပခွင်းဦးပဏ္ဍိစက သွားရောက်လျှောက်ထားပါသည်။ ဆရာတော်ဦးကုမာရက နောင်တွင် နိုင်ငံတော်က ကားလမ်းချဲ့လျှင် လွတ်စေရန် တဘောင်အတိုင်း ပေ ၄၈ ခုတ်နိုင်းထားခြင်းဖြစ်သည်ဟု မိန့်ကြားပါသည်။ (နောင်တွင် နိုင်ငံတော်က ကားလမ်းချဲ့သောအခါ ကားလမ်းနှင့်လွတ်နေသည်ကို တွေ့ရပါသည်။)

ထောက်ကြန့်တောင်ဘက် ကိုးကော့ ပုပ္ပားကုမာရရာမတိုက်ခွဲ ကိုးကော့ ပုပ္ပားကျောင်းတိုက်မြေနှင့် သန်လျင်းမြေတို့သည် ခြံစည်းရိုးမရှိဘဲ တစ်ဆက်တစ်စပ်တည်းရှိနေပါသည်။ ၁၃၂၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၈ ရက်နေ့တွင် ဆရာတော်ဦးကုမာရ အောင်မြေကိုလိုက်ရှာသောအခါ မြက်သစ်ပင်မရှိ သန့်ရှင်းစွာတည်နေသော ကုန်းမြေမြင့်ကိုတွေ့ရ၍ ဝါခေါင်လဆန်း ၁၀ ရက်၊ တနင်္ဂနွေနေ့တွင် ကြာသပတေးသား၊ ဘဒ္ဒန္တပဏ္ဍိတနှင့် ဘဒ္ဒန္တပဏ္ဍိစ္စ နှစ်ပါးတို့ကို အောင်အတိတ်ဖြင့် သာသနာ့အောင်လံတော်ကြီးကို စိုက်ထူစေကာ မေတ္တာသုတ်နှင့် ပရိတ်ပဌာန်းတို့ ရွတ်ဆိုစေသည်။ အောင်သမြေအိုး သုံးအိုး၊ ရွှေဘိုအောင်မြေ တစ်အိုး၊ မဟာစေတီသုမင်းကြီး ဖောင်တော်ဦး ဘုရားအောင်မြေ ပျော်ဘွယ် ရန်အောင်မြို့အနောက် ဗုဒ္ဓဂယာ မဟာဗောဓိစေတီ အောင်မြေတို့ကို အုတ်မြစ်စီကြပါသည်။ ဝါခေါင်လကွယ်နေ့တွင် အောင်မြေပလ္လင်ကို ပြုလုပ်ပါသည်။ ကိုးဆော့ သံတိုင်ကြီးကိုလည်း ရတနာအောင်မြေများ ဝိုင်းရံလျက် တည်ထားစိုက်ထူပါသည်။ ၁၃၃၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်နေ့ ည ၉ နာရီ မိနစ် ၃၀ အချိန်တွင် ဆရာတော်ဦးကုမာရ ပျံလွန်တော်မူခဲ့ပါသည်။

## လမ်းဆုံတည်ရာ ရန်ကုန်မြို့အဝင် ဂိတ်စောင့်ကျောင်းသဖွယ်

ပုပ္ပားကျောင်းတိုက် တည်ရှိရာနေရာသည် မော်ဘီမှလည်းကောင်း၊ ပဲခူးမှလည်းကောင်း ရန်ကုန်မြို့သို့ဝင်ရောက်ရာ လမ်းဆုံတွင်တည်ရှိရာ ရန်ကုန်မြို့အဝင် ဂိတ်စောင့်ကျောင်းသဖွယ် ဖြစ်နေသည်ကိုလည်း တွေ့ရပါသည်။ နောင်တွင် မြို့အဝင်ဂိတ်များ ကျောင်းတိုက်ရှေ့၌ ပေါ်ပေါက်လာခဲ့သည်။ ထောက်ကြန့် (၇+၂)၊ သစ်ဆိမ့် (၆+၃)၊ မှလခြံမြေကိုးကော၊ ထောက်ကြန့်-ရန်ကုန် ဘတ်(စ်)ကားအမှတ် (၉) ဖြစ်သည့်ဖြင့် "ထောက်ကြန့်သည် ကိုးနဝင်းကျသောအသေကြီးဖြစ်သည်"ဟု ဆရာတော်ဦးကုမာရက မိန့်ကြားခဲ့ပါသည်။ ဆရာတော်ဦးကုမာရ ပျံလွန်တော်မူပြီးနောက် ယခုအခါ ဝါတော် ၅၁ ဝါ ရှိနေပြီဖြစ်သော ပဓာနနာယက ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

ဦးပဏ္ဍိစ္စက အစဉ်အလာမပျက် ကျောင်းတိုက် တည်တံ့ပြန့်ပွားထွန်းကားရေးအတွက် နှစ်ပေါင်း ၄၄ နှစ်လုံးလုံး စောင့်ရှောက်တော်မူခဲ့ပါသည်။

### ဘဘဘိုးမင်းခေါင်၏ တရားဓမ္မ

၁၃၁၄ ခု၊ ကဆုန်လဆန်း ၁ ရက်နေ့တွင် ကိုရင်ကြီးဦးဂျော်နီသည် ပုပ္ပားတောင်ကလပ် ဘဘဘိုးမင်းခေါင်ထံတွင် သီတင်းသုံးနေသည်။ ထိုစဉ် ချောက်မြို့မှ ဦးဘသော်၊ ခေါ်မိုတို့ ပုပ္ပားတောင်ကလပ်သို့ ရောက်လာပြီး "ကိုဂျော်နီ ဘယ်တုန်းက ကိုရင်ဝတ်ကြီးဖြစ်နေတုံး။ ဝမ်းသာလိုက်တာ" ဟု ပြောဆိုနှုတ်ဆက်ပြီး ကိုရင်ကြီးကို ကန်တော့ကြသည်။ အဘဘိုးမင်းခေါင်သည် နံနက်စာသုံးဆောင်နေစဉ် ယပ်ခတ်ကြ၊ ဝတ်ကြီးဝတ်ငယ် ပြုစုကြပြီးနေခိုက် ဦးဘသော်လည်း ဘဘဘိုးမင်းခေါင်ကို ကန်တော့ပြီးနေစဉ် ဘဘဘိုးမင်းခေါင် ထသွားသောအခါ လူတွေက တွဲသွားနေသည်ကိုမြင်တော့

ဦးဘသော်၏စိတ်ထဲတွင် ဒီအဘိုးကြီးက ခပ်ဝဝဖိုင့်ဖိုင့်သန်မာလျက် လူတွေကတွဲပြီးသွားနေရသလားဟု စိတ်ထဲမှ တွေးမိသဖြင့် မကြာမီ ဘိုးတော်သည် ၁၅ နှစ်တာအသွင်ဖြင့် ဖျတ်ဖျတ်လတ်လတ် ဇရပ်အပြင်ဘက် ခုတင်ပေါ်သို့ တက်သီတင်းသုံးနေ၏။ ထိုအချိန်တွင် ဦးဘသော်၏စိတ်တွင် ဘိုးတော်သည် မနောပေါက်သည်ဟု ကြားဖူးသည်။ စမ်းဦးမှပဲဟု စိတ်ထဲက အောက်မေ့၍ ဘိုးတော် ကျွန်ုပ်အား တရားဓမ္မ ဆုံးမတော်မူပါလို့ မနောက ညွှန်လိုက်ပါသည်။

ထိုအချိန်တွင် ဘိုးတော်သည် စစ်စောင်ကြီးဖြန့်၍ ကျွန်တော်မြင်အောင် သန်းရှာပြီး သန်းကို လက်နှင့်တုပ်ပြပါသည်။ သတ်ပြပါသည်။ ဦးဘသော်က ဘိုးတော် တရားဓမ္မ ဆုံးမပါဆို သန်းရှာပြီး သတ်ပြနေပါပြီ။ ဘိုးတော်ဟာ ပါထာတီပါတကံထိုက်နေပါပြီ။ ဘယ်လိုလုပ်ပြီး ဘိုးတော်ကို ကြည်ညိုနေပါလိမ့်မတုံးလို့ အောက်မေ့ပြီး ညနေ ၇ နာရီ အသိစိတ်ခံကောင်းဘဲ ဖြစ်နေပါသည်။ ဦးဘသော်က "ကိုရင်ကြီးဦးဂျော်နီ ဘိုးတော် တရားဓမ္မ ဆုံးမပါဆိုတာ သန်းရှာပြီး သတ်ပြနေတာကို မနောပေါက်တယ်ဆိုတာ ဘယ်လိုတုံးလို့ ကိုရင်ကြီး"

ကိုရင်ကြီး ဦးဂျော်နီက "ခင်ဗျားက တရားဓမ္မ ဆုံးမတော်မူပါဆိုတော့ ဘိုးတော်က သန်းရှာပြီး သတ်ပြတယ်ဟုတ်လား။ သန်းဆိုတာ (၆)၊ သတ်ဆိုတာလည်း (၆) ဇဆာန်း (သူသည် သတ္တဝါတွေကို သန်းရှာသလို)ရှာပြီး ကယ်တင် ဆုံးမ ကိလေသာတွေကို သတ်ပေးနေပါသည်" ဟု ကိုရင်ကြီး ဦးဂျော်နီက ပြောတော့မှ ဦးဘသော် သဘောကျ ကျေနပ်သွားပါတော့သည်။ ဦးဘသော်သည် ဘိုးတော်ထံ ကာယသိဒ္ဓိတောင်းသည်။ ဘိုးတော်သည် လက်ဖဝါးနှင့် ခေါင်းအုံးတွင် ရေးပေးသည်။ ဘာမျှ မထင်ရှားသောအဖြေကိုပေးသည်။ အဲဒါ ဘာသဘောလဲလို့ ကိုရင်ကြီးဦးဂျော်နီ ဖြေရှင်းပါဦးဟု ဦးဘသော်က ပြောသည်။

ကိုရင်ကြီးဦးဂျော်နီက "ခင်ဗျားက ကာယသိဒ္ဓိ၊ ဝီယသိဒ္ဓိတောင်းတယ်မဟုတ်လား။ လက်ဖဝါးတွင်ရေးပေးတာ အရာထင်ပါ့မလား။ မထင်ဘူး။ ခေါင်းအုံးတွင် ရေးပေးတာကော ထင်ပါ့မလား။ မထင်ဘူး။ ထိုနည်းတူစွာ လောကီကိစ္စသည် အရာမထင်ပါ။ အရာမရောက်ပါ။ ကာယသိဒ္ဓိဟာ အရာမရောက်ပါ၍ မတောင်းပါနဲ့" လို့ အဘဘိုးမင်းခေါင်က ပြောတာဖြစ်သည်။

### လောကီကိစ္စတွေ အရာမထင်ပါ

အဲဒီတော့မှ ဦးဘသော် ကျေနပ်သွားပါတော့သည်။ အထက်ဖော်ပြချက်တွင် ကိုရင်ကြီးဦးဂျော်နီသည် ဦးဘသော် မနောဖြင့် အဘအောင်မင်းခေါင်အား စမ်းသပ်ဆက်သွယ်မှုများနှင့် စပ်လျဉ်း၍ အဘ၏ ဝိဇ္ဇာပီပီ တုံ့ပြန်မှုများကို ဦးဘသော်အား ကျေနပ်အောင် ရှင်းပြနိုင်ခဲ့သည်ကို တွေ့ရသည်။ အဘသည် ဝိဇ္ဇာပီပီ တည့်မပြော၊ တည့်မပြ ပဟေဠိဖြင့်ပြသည်၊ ပြောသည်။ နိမိတ်ပုံနှင့်ပြသည်။ ဤကဲ့သို့ ဝိဇ္ဇာတို့၏ အပြုအပြောတို့ကို လူတိုင်းနားမလည်နိုင်၊ လူများစု နားမလည်နိုင်၊ လူသာမန်တို့ နားမလည်နိုင်ကြချေ။

ပါရမီဓာတ်ခံရှိသူများ၊ ဝိဇ္ဇာတို့နှင့် လက်ပွန်းတတီးရှိသူများ၊ ဝိဇ္ဇာဓာတ်သဘောကို ကျွမ်းဝင်သူများသာ နားလည်နိုင်ကြသည်။ သို့ဖြစ်၍လည်း အဘအောင်မင်းခေါင်၏ တုံ့ပြန်မှုများကို ဦးဘသာသည် နားလည်နိုင်စွမ်းမရှိဘဲ ကိုရင်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ဦးကျော်နီကသော နားလည်ပြီး တစ်ဆင့် ပြန်လည်ရှင်းပြခဲ့ရခြင်းဖြစ်သည်။ ကိုရင်ကြီးဦးကျော်နီသည် ပါရမီရှိသူဖြစ်၍ ဘာသာခြား၊ ခရစ်ယာန်ဘာသာဝင်အဖြစ်မှ အဘကိုကြည်ညိုပြီး ဗုဒ္ဓဘာသာဝင်ဖြစ်ခဲ့ကာ သာသနာ့ဘောင်အတွင်းသို့တိုင် ရောက်ရှိခဲ့သူဖြစ်သည်။ နောင်တွင် ဦးကုမာရဘွဲ့မည်ဖြင့် ဗုဒ္ဓသာသနာတော်အတွင်း ထင်ရှားကျော်ကြားသော ရဟန်းတစ်ပါးဖြစ်ခဲ့လေသည်။

ဦးကုမာရသည် အဘအောင်မင်းခေါင်ကို အထူးကြည်ညိုသော လက်ရင်းတပည့်တစ်ဦးဖြစ်သည်။ လူ့ဘဝကပင် အဘနှင့် လက်ပွန်းတတီးရှိခဲ့သည့်အလျောက် အဘ၏အထား အိုင်တို့၏အထာကို ကောင်းစွာကျွမ်းကျင်သူဖြစ်ခဲ့လေသည်။ သို့ဖြစ်၍လည်း အဘ၏ သာသနာပြုလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ခဲ့ပြီး အဘထွက်သွားပြီး နောက်ပိုင်းတွင်မှ အဘ၏ညွှန်ကြားချက်များကို ကိုယ်တိုင် ထူးထူးခြားခြားခံယူရရှိခဲ့ပြီး ပုပ္ပားမြို့နှင့် ပုပ္ပားမြို့အနီးရှိရွာတွင် ပုပ္ပားဖိုလ်ဝင်ဆေးဖုံးရှင်ဆရာတော် ဦးကုမာရ၏ ခရီးဆက် သာသနာပြုအစွဲဆိုပြီး ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့လေသည်။

ထို့အပြင် မန္တလေးမြို့ရှိးပုံစံ ပရိဂုဏ်ဖြင့် ရန်ကုန်ဆောက်ကြန့် ပုပ္ပားကျောင်းတိုက်ကြီးကို ခေတ်မနွက်စုံစွာတည်ထောင်ဖန်ဆင်းနိုင်ခဲ့ခြင်း ဖြစ်လေသည်။ ယင်းပုပ္ပားကျောင်းတိုက်ကြီးကို တည်ထောင်နိုင်ခဲ့ခြင်းသည် ဦးကုမာရအဖို့ ထူးခြားလေးနက်ခိုင်မာသော မှတ်ကျောက်တစ်ခုဖြစ်သကဲ့သို့ ပုပ္ပားကျောင်းတိုက်ကြီးသည်လည်း အဘအောင်မင်းခေါင်နှင့် ပတ်သက်သည့် အမိကရ ပုသော ခေတ်ပန္နက်နေရာကြီးတစ်ခု ဖြစ်နေပေသည်။

ပုပ္ပားကျောင်းတိုက်ကြီးသည် ခေတ်ပန္နက်ပြည့်စုံသည့်ကျောင်းတိုက်နေရာတစ်ခုဖြစ်သော်လည်း မန္တလေးမြို့ရှိးပုံစံ၏ အပယ်ကြီးမားမှုကြောင့်ပင်လော၊ သွားလာရေးအနေအထားကြောင့်လောမသိ ဖြတ်သွားဖြတ်လာသူများပြီး အတွင်းသို့ ဝင်ရောက်သူ နည်းနေသည်။ သို့ဖြစ်၍လည်း ၅၇ ကြိမ်မြောက် အမိဋ္ဌာန်အောင်ပွဲစာစောင်တွင် "မသိသူကျော်သွား" ဟူသော ခေါင်းစဉ်ဖြင့် စာတစ်ပုဒ်ရေးထုတ်တင်ပြထားသည်ကို အောက်ပါအတိုင်း ဖတ်ရှုရပါသည်။

**မသိသူကျော်သွား**

မသိသူကျော်ကာသွားတော့
သိသူတွေဖော်ကာစားပေါ့
ကြုံကြားပါတဲ့သာသနာ
မင်္ဂလာ(ဗိုလ်လမ်း)နိဗ္ဗာန်လမ်းကိုမြင်
ဝင်အောင်ကျင့်စမ်းပါ
သိသူတွေ ဝင်ကာသွားတော့၊
ကြုံညားပါတဲ့ပွဲတော်မဟာ
မင်္ဂလာလမ်းကိုမြင်၊ ဝင်အောင်ကျင့်စမ်းပါ။

ထို့ကြောင့် ပုပ္ပားကျောင်းတိုက်အတွင်းသို့ မဝင်မိကြဘဲ ကျော်သွားကြ၊ ဖြတ်သွားကြသဖြင့် ကျောင်းရှေ့မှ နေ့စဉ်မြေကျင်ဖြင့်လည်းကောင်း၊ ကားဖြင့်လည်းကောင်း အစုန်အဆန်သွားကြသူများသည် ရာပေါင်းထောင်ပေါင်းမကအောင်သွားကြပါသည်။

ကျောင်းတိုက်တွင် (မြို့ရှိး)တွင်းသို့ ဝင်ရောက်ဖူးကြသူနည်းသည်။ မဝင်တာကတစ်ကြောင်း၊ ပဋ္ဌာန်းဆက်သာသနာတော်ဆက် မရှိသေးတာကြောင့်၊ ကျောင်းထဲတွင် စေတီတော်များ၊ ဗုဒ္ဓရုပ်ပွားတော်များ၊ ဘဘဘိုးမင်းခေါင်၊ ပထမံဘိုးဘိုးအောင်တို့၏ ခေတ်နန်းများ၊ ပုပ္ပားမယ်တော်နှင့် သားနှစ်ပါး၊ အိမ်တွင်း သူရဿတီ၊ ရက္ခစိုး၊ ဝသုန္ဓေ၊ တရုတ်အန်းကုံး၊ ကွမ်ရင်မယ်တော်၊ မဟာပိန္နဲ၊ မြနန်းရှင်(သိုက်)နှင့် သိုက်ချုပ်ဘိုးတော်၊ အဘဘိုးမင်းခေါင်၏ (ခြေရာ)နှင့် အောင်မြေတို့ကိုအဝေးအပြင်မှ မမြင်ရသောကြောင့်လည်းကောင်း၊ မြို့ရှိးကွယ်နေသောကြောင့်လည်းကောင်း များစွာသော ပါရမီရှင်တို့နှင့်မသိသူများက ကျော်သွားကြသည်။ သိသူပဋ္ဌာန်းဆက်သာသနာဆက်ရှိကြသူများက ဝင်ရောက်ကြသည်။ အဘရာကျော်ဘိုးဘိုးငယ်၊ ဦးအောင်ချမ်းသာ၊ အဘဘိုးဝါယမ၊ ယက္ခန်းစင်တောင်၊ ဗားမဲ့၊ ဘိုးပေါက်ဆိန်၊ ဆရာတော်ဦးကုမာရဘို့၏စံမြန်းရာ(ခေတ်နန်း)ကြီးကိုလည်း ဝင်ရောက်၍ ခေတ်စစ်ခေတ်မှန်ဖြင့် သာသနာပြုနိုင်ရန် အဓိဋ္ဌာန်ပြု၍ရနိုင်သောနေရာဖြစ်လေတော့သည်။

ကျော်စံလင်း

www.burmeseclassic.com

# ဘိုးတော်အောင်မင်းခေါင်၏ ဖြစ်ရပ်ဆန်းများ

## ကမ္ဘာ့ရှင်ဘုရင် မဟာပထမံ အောင်မင်းခေါင်

### နန္ဒာမင်းခေါင်



ဝိဇ္ဇာတို့၏ ဦးစီးဥက္ကဋ္ဌသမ္ဗသိဒ္ဓိ ဝိဇ္ဇာဓရပါကဋတေဇ တိပိဋကတ်ဓရပိဋ္ဌ ကဏ္ဍာယသေက နာနာနယသိဗ္ဗ ကောဝိဒ ဓမ္မ စေတီယသာရပရစိတ္တ ဝိဇာနန ဘာသန္တရေပဟုသုတ ပါမောက္ခမဟာရ လောပမေတ္တာ ယျုံဖုဒ္ဓကိုရ်။

#### လောကဦးချွန် အောင်မင်းခေါင်

ကျိုက်ထီးဆောင်းဆံတော်ရှင်ကိုရောက်တော့ ကမ္ဘာ့ရှင်ဘုရင်ဟူသော စကားကို ကြားဖူးရပေသည်။ ကျိုက်ထီးဆောင်းဆရာတော်၏ဖခင်မှာ ဦးစံဖေ ဆိုသူဖြစ်ကြောင်း သိရပါသည်။ ဦးစံဖေမှာ အဘိုးမင်းခေါင် ထွက်ရပ်စခန်းသို့ မမြန်းခင်က ဇုတ်သုတ်ရွာတွင် အတူတကွ နေထိုင်ခဲ့ကြောင်း သိရပါသည်။ ထိုစဉ်က ဇုတ်သုတ်ရွာတွင် ရွာသူရွာသားများ ဝမ်း

ရောဂါကျရောက်ခဲ့စဉ်က အဘခေါင်နှင့်အတူ ရပ်တွင်း
တွင်းသို့လှည့်လည်ကာ ရွာသူရွာသားများကို ထို
အန္တရာယ်မှ ကယ်တင်ခဲ့ကြောင်း သိရ၏။ ထိုကဲ့သို့
ဖြစ်ရပ်ဆန်းမှာ အဆန်းတကြယ်ဖြစ်ရကား ယခုထက်
ပြောမဆုံးဖြစ်နေကြ၏။

ထိုအခါတွင် ထီးစုတ်ကြီးကို ဆောင်းကာ ရွာ
ပေါက် လျှောက်၍ လျှောက်၍ သွားနေကြသော ဘိုးမင်း
နှင့် ဦးစံဖေတို့ကို လူအားလုံးက အရူးဟူ၍ သမုတ်
ကြောင်း တစ်ဆင့်စကား တစ်ဆင့်ကြားရသူကမင်လျှင်
မောစရာကောင်းလှပါသည်။

ထီးစုတ်ကြီးပေါ်တွင် "ကမ္ဘာ့ရှင်ဘုရင်" ဟူသော
တန်းကြီးထိုးကာ လမ်းလျှောက်နေသော အဘမင်းခေါ
ဦးစံဖေတို့ ရယ်ရယ်မောမောသွားနေကြသည်ကို မြင်ရ
အခါ လူအပေါင်းတို့က အမြင်ဆန်းသဖြင့် အရူးထ
သည်မှာ မဆန်းကြောင်း။ ယခုတစ်ဖန် မိမိတို့သိခဲ့သမျှ
အတိုးချကာ လွမ်းနေကြရကြောင်း နောင်တသံကပေ
ပြောဆိုနေကြသည်ကို တစ်ဆင့်ပြန်၍ ကြားရသော
မှာ ကြက်သီးထမိပါ၏။

အရူးဟူ၍ထင်သောကြောင့် ရွာထဲဝင်တာ
လက်မခံချင်ကြသဖြင့် ရွာပြင်သို့ နှင်ထုတ်ခဲ့ကြသော
မှာ ယခုအခါ နောင်တရ၍မဆုံးကြောင်း ဆို၏။

ဘိုးမင်းခေါင်သည် မြတ်ရှင်ဇိနဲ့ အလောင်း
ကြောင်း အထောက်အထားအဖြစ် အဘအောင်မင်း
ကိုယ်တိုင်ရွတ်ဆိုပြောကြားခဲ့သော မန်ကျည်းတော
တစ်ပုဒ်။

သက္ကရာဇ် ၁၃၁၀ ခုနှစ် ကြာသပတေးနေ့တွင်

www.burmeseclassic.com

…ခေါင်သည် တောင်ကာလပ်ပေါ်မှ ဝေါစီး၍ဆင်းလာစဉ် ထိုယ်တော်တိုင် ရွတ်ဆိုသောကဗျာ

"မောက်လတ်တိမ်ငွေ့ကုတ်၍ ဝေ့သား
ပျော်မွေ့ဖွယ်ရာ တောင်သေလာကား
ယောမာဝိုက်ပင့် ပင်ချင်းဆင့်၍
ဖူးပွင့်အောင့် တောမှော်ရုံသည်
သင်းထုံပန်းနဲ့ ရှစ်ခွင်နံ့လျက်
နူးညံ့လွေ့လွေ့လေနှင့် ရွှေသော်
ကြံ့တွေ့လှိုင်စွာ ပန်းဝတ်လွှာသည်
နတ်ရွာပန်းနှင့် ပြိုင်ကာတင့်လို့
လှိုင်သရေတက် ဖြိုးဝေလျက်
ထွေထွေ ရပ်ရပ်ကျော်ထပ်ထပ်နှင့်
ကုလပ်ပုပ္ပါး တောင်တော်များမှာ
ပန်းများဘုရင် တောင်ဝင်နန်းဆက်
သန့်ဇင်ခက်သို့ ညှို့ညို့မှိုင်းမှိုင်း
မြင့်ပင်တိုင်းတွင် ရီးညှာမြန်နှိုင်း
ပုလဲဆိုင်းသွင် မြင်တိုင်းမျှော်လွမ်း
ရှုမပန်းတည့် စိမ့်စမ်းတံခွန်
ကျောက်ဆလွန်မှ သွန်သွန်ဖျန်းဝေ
ကျောက်စက်ရေတို့ စီးတွေပတ်ဝန်း
ပျော်ဖွယ်ထွန်း၍ ကျွန်းကျွန်းသရေ
တို့အောင်မြေဝယ် သဗ္ဗေခတ္တိ
နွယ်တော်ရှိလျက် သီရိဘုန်း မော်
ကမ္ဘာကျော်သား တေဇော်ထန် ပြင်း
သိန္ဓိဝင်းလျက် လူမင်းနတ်တို့
ဦးခိုက်ကြို၍ နစ်မြို့မွေ့မွေ့
လွန်ကြွေ့သဒ္ဒါ စေတနာနှင့်
ပူဇာသက်နှင့် မင်းမင်းဦးသျှောင် ဘမင်းခေါင်တို့
သိန်းတောင်တိုင်းရွာ လူများစွာ တို့
ရောက်လာသဲသဲ ရှုမစဲဘဲ
အောင်ပွဲသဘင် ညီလာဝင်ရှင့်
သွန်သင်သိပ္ပ များသိသကို
ဝေငှမေးအင် ဂုဏ်ထူးတင်သည်
မြတ်ရှင်ဇိန အလောင်းတော်။

## အထက်အညာနဘားမှ ရောက်လာသောကြောင့် အများအခေါ်ကြသော နဘားဘိုးဘိုးကြီး

ဘိုးတော်အောင်မင်းခေါင်အရှင်ကို ထိုခေတ်က နဘားဘိုးဘိုးကြီးဟုခေါ်ကြောင်း ဆို၏။ သက္ကရာဇ် ၁၃၀၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၀ ရက်နေ့တွင် အထက်အညာနဘားမှ ပြောင်းရွှေ့လာသော ဆရာခေါင် (ခေါ်) ပုဂ္ဂိုလ်ကြီးတစ်ဦး ဤတောင်ကာလပ်သို့ ဆိုက်ရောက်လာသည်။ နဘားမှလာသူဖြစ်၍ နဘားဘိုးဘိုးဟု ခေါ်ကြသည်။ အချို့ကလည်း ကျောက်ပန်းတောင်းမြို့နယ်လေးရှိ စင်မြင့်ရွာသားဟု ပြောကြ၏။

### (၁) အဘခေါင်၏ အနေအထိုင်

အဘသည် လုံချည်ကို နိုင်မြစွာမဝတ်ဘဲ ခါးတွင် တင်မိရုံမျှသာ စွပ်ထားသည်။

### (၂) အဘခေါင်၏ နိမိတ်ပြပုံ

ရေကြီးခွင်ကျယ်ကြောင်း တစ်စုံတစ်ရာ ပေါ်ပေါက်လတ္တံ့ ဖြစ်လျှင် ကြိုတင်၍ ပြောဆိုမြည်တွန်ခြင်းဖြင့်လည်းကောင်း၊ ကိုယ်အမူအရာဖြင့်လည်းကောင်း သိအောင်ပြုလုပ်၍ ပြသနင့်သည်ဟု ပြောကြသည်။

### (၃) ဥပမာ

အမှိုက်များကို သုတ်သင်ရှင်းလင်းသော နိမိတ်ကိုပြပြီးနောက် မကြာမြင့်မီ အမှိုက်ကဲ့သို့ ရွံရှာမုန်းတီးဖွယ်ရာ ဖြစ်သော လူလေလူလွင့်၊ လူခိုးသူခိုးများ ပျက်ပြားပြုန်းတီးသည်ကို မြင်ရသည်ဟု ပြောကြ၏။

### (၄) ပုတီးဆရာတော်၏ ပြောစကား

အနီးအနားတစ်ဝိုက်ရှိ ပတ်ဝန်းကျင် မြို့ရွာများအတွက် ကြွက်မကြီးက ကြက်သူငယ်ကို အတောင်ဖြင့်အုပ်၍ ကာကွယ်သကဲ့သို့ ထိုအတူ ဆရာခေါင်က ကာကွယ်ပေးနေသည်ဟု ပုတီးနာမည်ကြီးဆရာတော်တစ်ပါးက အမိန့်ရှိဖူးသည်။

### (၅) အဘ၏ ရုပ်ဆင်းအင်္ဂါ

အဘခေါင်သည် တစ်ခါတစ်ရံ ရုပ်ပျက်ဆင်းပျက် အဖုအပိမ့်တွေထွက်လျက် အရည်တစက်စက် ယိုထွက်နေ

www.burmeseclassic.com

သည်ကို မြင်ရသည်။ မကြာမီ ပကတိအသွင် မြင်ကြရသည်ဟု သိရ၏။

### (၆) အဘ၏ အစွမ်းသတ္တိ

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက လေယာဉ်ပျံများ လာရောက်ဗုံးကြဲစဉ် အဘ၏နေရာဖြစ်သော တောင်ကလပ် အခြေရှိ အာရုံခံတန်ဆောင်းနှင့်ကပ်လျက် အရှေ့ဘက်တွင် ရှိသော အဆောက်အအုံကို မီးသင့်လေသည်။ မီးစာသဖွယ် ဖြစ်သော မြက်ခြောက်များနှင့် စပ်၍နေသော်လည်း လောင်စာ ဘက်မှကြို၍ ပါးစပ်လေဖြင့် မှုတ်လွှင့်ရာ ကူးခတ်ခြင်းမရှိဘဲ မီးငြိမ်းသွားကြောင်း မျက်မြင်သူများထံမှတစ်ဆင့် ကြားရ၏။

### ကိုယ်ထိလက်ရောက် ကျူးလွန်ကြသူများ

အချို့သော သူတို့ကလည်း ရူးသွပ်သူပင်ဟု မှတ်ထားကြသည်။ လေးစားခြင်းမရှိရုံမျှသာမက ကိုယ်ထိလက်ရောက် ပြစ်မှားကျူးလွန်ကြသူများ ရှိကြသည်။

### ဘုရားအလောင်းဟုဝန်ခံသော ကဗျာ

၁။ ဗုဒ္ဓဂ္ဂိဉာဏ်ဇော်ညို့ သမ္မောဓိလောင်းလျာ
ဇာတ်ပေါင်းစုံစုံနှင့် ပဒုံကြာငုံအာရင့်ပွင့်မည့်ချိန်ခါ
သောင်းလောက စကြဝဠာ ထက်ပြဗ္ဗာတုန့်ဟည်း
စကျွဲငယ် ပညီခြေနှင့်
ထိန်သံမြေ သိရ်သရေ ကုဋ္ဋိများဆီက
ကြားလိမ့်သတည်း

၂။ မြူခြေငယ်ရှိန်းပါ မြဝန်းတဲ့ရစ်ခွေ
ဖောင်ပေါ် နေမရိပ်ခင်က
အောင်တော်မူ ရွှေကရဝိတ်ကို
ကြိုးတိတ်တိတ်ဖြေ
သို့ပါသော် တအားဆွဲတာကြောင့်
မသွားဘဲ ဆိုင်းရခြေ
လှိုင်းလေက ငြိမ်တုန်း
တဂ္ဂမကိုကိုင် ရွက်စမြိုင်မြိုင်နှင့်
ဆိုင်သူတွေ ခိုလို့ စီးရအောင် မီးပြပါဦး
သိမ်းလိုက်ပါအေ ခွေလိုက်ပါကြိုး
မြစည်သူကနက ရေဆွဲတဲ့ကြိုး

၃။ မွှေတဲ့သာလာ
အောင်သဘင် ဆင်ယင်တဲ့ပွဲနဲ့ကြွသူငါ
မြဘိုးတော်ဂုဏ်ဟိတ်ကြောင့်
ဒုန္နိမိတ်အနိဋ္ဌာ
တဆိတ်စာမသန်း
စီးပွားရွှေငွေနှင့် အထွေထွေရေလိုပေးခဲ့မယ်
အေးမြရှင်လန်း။

ဤကဗျာသုံးပုဒ်ကို အထက်မြန်မာပြည် နမ္မားချ ကျောင်းတွင် ခေတ္တနေထိုင်စဉ် သာသနာ့အောင်ပန္နက်ကို ဆောင်ရွက်တော်မူခိုက်မှာ ပါရမီရှင်အများ သိထားနှင့်ရန် ကြိုတင်၍ ရေးသားခဲ့သော ဗောဓိပင်လောင်း လင်္ကာများ ဖြစ်ပါသည်။

### အောင်မင်းခေါင်အရှင်၏ ထူးဆန်းသော အချက်တစ်ရပ်

၁၉၅၁ ခုနှစ်၊ မတ်လ ၂၄ ရက် စနေနေ့တွင် အောက်ပြည် ရန်ကုန်၊ သထုံ၊ ဇင်းကျိုက်စသော မြို့ရွာ ဒေသများမှ သာသနာပြုတာဝန်ခံဖြစ်သော တပည့်များသည် အောင်မင်းခေါင်အရှင်အား ကန်တော့ရန် ပုပ္ပားတောင်ကလပ်သို့ သွားရောက်ကြသည်ဟု ဆိုကြောင်း။

ထိုအချိန်ကား အထက်မြန်မာပြည်တွင် ရာသီဥတု အားဖြင့် အလွန်ပူအိုက်သောရာသီ ဖြစ်ပါသည်။ ပါရမီရေ စက်အားဖြင့် အောင်မင်းခေါင်အရှင်နှင့် အလွန်ရင်းနှီးသော ရန်ကုန်မြို့သူ တပည့်မတစ်ယောက်သည် သမထအလုပ် စခန်းကို တကယ်တမ်းအားထုတ်နေစဉ် အပူရှိန်ပြင်းထန်၍ အားထုတ်ရန် အခက်အခဲနှင့် တွေ့နေသည်ဆိုကြောင်း။

ထိုတပည့်မသည် အလွန်ပူအိုက်သဖြင့် ရန်ကုန်သို့ အမြန်ပြန်ရ၏။ အောင်မင်းခေါင်အရှင်ထံသို့ ခွင့်ပန်ကန်တော့ သွားသည် ဆိုကြောင်း။

ဤသို့ဖြင့် အောင်မင်းခေါင်သည် အဇ္ဈတ္တအာကာသ ကောင်းကင်ကို ရှုမှတ်ကြည့်ရှုနေစဉ် ငါးမိနစ်အတွင်းမှာပင် အရပ်လေးမျက်နှာမှ မိုးကြီးထစ်ချုန်း၍ တအုန်းအုန်းရွာသွန်း တော့သည်ဆိုကြောင်း သိရပါသည်။

နန္ဒာမင်းခေါ

www.burmeseclassic.com

# ကမ္ဘာ့ရှင်ဘုရင် မဟာအောင်မင်းခေါင်

**ဂမ္ဘီရဆရာစံ**

ပုဂ္ဂိုလ်ထူးကြီး အဘဘိုးမင်းခေါင်သည် မေတ္တာရှင် သူတော်စင်ပုဂ္ဂိုလ်ကြီးဖြစ်ပြီး ခုနစ်ရက်သားသမီးများကို ရင်ဝယ်သားကဲ့သို့ သဘောထားရှိပြီး သာသနာပြုခြင်း၊ သတ္တဝါများကို ကယ်တင်ခြင်း၊ ဘေးရန်အပေါင်းတို့မှ လွတ်ကင်းအောင် စောင့်ရှောက်ခြင်း၊ မေတ္တာထားခြင်း၊ နိုင်ငံအဝန်းသို့ မေတ္တာဖြန့်ဝေခြင်းတို့ကို အမြဲမပြတ် ဆောင်ရွက်ပြုလုပ်နေသော ပုဂ္ဂိုလ်ထူးကြီးလည်း ဖြစ်ပါသည်။ အထူးသဖြင့် အဘဘိုးမင်းခေါင်၏ မေတ္တာဓာတ်ကိုခံယူပြီး လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့ကို ပြုလုပ်ကြံစည် အားထုတ်ကြသူများမှာ အောင်မြင်မှုကို မလွဲကေန် ရကြမည်သာ ဖြစ်ပေသည်။

မေတ္တာရှင်၊ သိဒ္ဓိရှင် သာသနာပြု အဘဘိုးမင်းခေါင်သည် မည်သည့် သက္ကရာဇ်ခုနှစ်က မွေးဖွားခဲ့သည်ကို မည်သူမှ ဖော်ပြနိုင်ခြင်းမရှိ။ အဘအောင်မင်းခေါင်သည် ထွက်ရပ်ပေါက်မကြွမြန်းမီ ဘုရားတည်၊ သာသနာပြုကိစ္စများကို တိုက်ရိုက်ပြောကြားခြင်း၊ မှာကြားခြင်းမရှိဘဲ မနောမယသိဒ္ဓိ (စိတ်တန်ခိုး)ဖြင့်သာ ပြောကြားကြောင်း သိရှိကြရသည်။ ရုပ်ကို မသုံး၊ နာမ်ကိုသာသုံးသည်ဟုလည်း မိန့်ဆိုကြသည်။ ဉာဏစက္ခု(ဉာဏ်မျက်စိ)ဖြင့်သာ သိနိုင်သော့အရာဖြစ်၍ လူများ မယုံနိုင်သောစကား ဖြစ်ပေသည်။ သို့သော် ထွက်ရပ်ပေါက် ဝိဇ္ဇာကြီးများ၊ ဘိုးတော်များသည် တစ်ဦးနှင့်တစ်ဦး စိတ်ဖြင့်သာ ဆက်သွယ်ဆောင်ရွက်ကြပြီး သာမန်လူတစ်ဦးစိတ်ထဲတွင် ထင်မြင်ချက်၊ ဝေဖန်ချက်များကိုလည်း သိရှိနိုင်သော ပုဂ္ဂိုလ်ထူးများ ဖြစ်ကြရပေသည်။

အဘအောင်မင်းခေါင်သည် စင်မြင့်ရွာမှ ထွက်သွားသည့်အချိန်မှစ၍ နှစ်ပေါင်းသုံးဆယ်ခန့်ကြာအောင် မြန်မာပြည်အနှံ့အပြားသို့ လှည့်လည်သွားလာလျက် နေခဲ့သည်။ ထို့နောက် ၁၉၃၉ ခုနှစ်၊ မတ်လဝန်းကျင်လောက်တွင် ပုပ္ပားတောင်ကလပ်သို့ ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်ပေသည်။ နှစ်ပေါင်းသုံးဆယ်ခန့် နေရာအနှံ့ လှည့်လည်သွားလာ နေထိုင်ခဲ့သော အဘအောင်မင်းခေါင်သည် သထုံခရိုင်၊ ဘီးလင်းမြို့နယ်ရှိ ဗုတ်သုတ်ဟူသော ရွာကလေးသို့လည်း ရောက်ရှိခဲ့လေသည်။

သထုံခရိုင် ဘီးလင်းမြို့နယ်သည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မြန်မာနိုင်ငံသို့ အင်္ဂလိပ်စစ်တပ်များ ပြန်လည်ဝင်ရောက်လာသောအခါ အင်္ဂလိပ်တို့၏ အုပ်ချုပ်ရေးလောင်းရိပ်အောက်သို့ ကျရောက်ခဲ့ရသော မြို့တစ်မြို့ ဖြစ်သည်။ စစ်ဦးဘီလူးဆိုသကဲ့သို့ အချို့သော စစ်ဗိုလ်စစ်သားတို့သည် ဘီးလင်း မြို့သူမြို့သားများအား အမြဲလိုလို အနိုင်ကျင့်နှိပ်စက်မှု ပြုကြသည်။ သူလျှိုဟုစွပ်စွဲကာ မတရား အနိုင်ကျင့်နှိပ်စက်မှုများလည်း ရှိခဲ့သည်။

**ရွာသားများ၏ အမုန်းတရား**

တစ်နေ့တွင် အဖော်များနှင့်ကွဲကာ မြင်းတစ်စီးဖြင့် တစ်ယောက်တည်း တောထဲတွင် သွားလာနေသော အင်္ဂလိပ်စစ်ဗိုလ်တစ်ယောက်ကို ခြံအလုပ်သမားတစ်ယောက်က အမှတ်မထင်မြင် တွေ့လိုက်သည်။ ထိုစစ်ဗိုလ်သည် လက်နက်အားကိုးဖြင့် ရွာသူရွာသားများကို အမြဲအနိုင်ကျင့် နှိပ်စက်ခြင်း၊ သမီးပျိုများအား ဖျက်ဆီးခြင်း ပြုလုပ်နေသောသူ ဖြစ်သဖြင့် ရွာသူရွာသားများ၏ အမုန်းထားခြင်းကို ခံနေရသူဖြစ်သည်။ ယခုတော့ လက်စားချေရန် အခွင့်သာလေပြီ။ ခြံသမားလည်း လျှို့ဝှက်စွာဖြင့် ရွာသားအချို့ကို အသိပေးပြီး ထိုအင်္ဂလိပ်စစ်ဗိုလ် သွားရာနောက်သို့ ပုန်းကွယ်၍ လိုက်ခဲ့ကြသည်။ အင်္ဂလိပ်စစ်ဗိုလ်သည် မျက်စိလည်လမ်းမှားနေခြင်းဖြစ်ပြီး တဖြည်းဖြည်းဖြင့် တောနက်ထဲသို့ ရောက်မှန်းမသိ ရောက်လာခဲ့လေပြီ။ ရွာသားများကလည်း လုံခြုံရေးအတွက် စိတ်ချရသော တောနက်ထဲသို့ ရောက်ရှိသောအခါ နာကြည်းခံစားချက်ပြင်းစွာဖြင့် လက်နက်ကိုင်ထားသော အင်္ဂလိပ်မြင်းစီးစစ်ဗိုလ်ကို မကြောက်မရွံ့ ဝင်ရောက်တိုက်



www.burmeseclassic.com

www.burmeseclassic.com

နိုက်ပြီး သုတ်သင်ရှင်းလင်းပစ်လိုက်သည်။ လက်နက်ကိုလည်း ယူဆောင်သိမ်းဆည်းထားလိုက်ကြသည်။

ထိုကိစ္စနှင့် ပတ်သက်၍ အင်္ဂလိပ်စစ်တပ်ကလည်း ဇုတ်သုတ်ရွာသူရွာသားများကိုပင် သင်္ကာမကင်း ဖြစ်မိသည်။ မသင်္ကာသူများကို ဖမ်းဆီး၍ အနှိပ်စက်၊ အကြမ်းနည်း ညှဉ်းပန်းမှုမျိုးစုံတို့ဖြင့် ခေါ်ယူစစ်မေးခဲ့ကြသည်။ ကွင်းပြင်တစ်ခုတွင် တစ်နေကုန်နေလှန်းပြီး အပြစ်ပေးခဲ့သည်။ ထိုသို့ နေလှန်းပြီး အပြစ်ပေးသောနေရာမှာ ယခု ကျိုက်ထီးဆောင်းဆံတော်ရှင် တည်ရာ ကုန်းမြေတော်၏ ခြေရင်းနေရာမင် ဖြစ်လေတော့သည်။

## ထီးစောင်းဘုရား

ထိုအချိန်က ဇုတ်သုတ်ရွာတွင် သူပုန်သူကန်တို့က လည်း ကြီးစိုးလွှမ်းမိုးလျက်ရှိကြသည်။ ရွာသူရွာသားများမှာ ဟိုအဖွဲ့သည်းကြောက်ရ၊ ဒီအဖွဲ့ကိုလည်းကြောက်ရ၊ ကျီးလန့်စာစားဆိုသလို ကြောက်ကြောက်လန့်လန့်နှင့် လုပ်ကိုင်စားသောက်နေကြရသည်။ ညအိပ်ချိန်တွင်လည်း ကောင်းကောင်း မအိပ်ကြရ။ အန္တရာယ်ကင်းအောင် တောထဲတောင်ထဲ ချုံပုတ်ကြားတွင် ပုန်းအောင်းအိပ်ကြရသည်။ ဇုတ်သုတ် ရွာသူရွာသားများမှာ အစားဆင်းရဲ၊ အနေဆင်းရဲဖြင့် ဒုက္ခပေါင်းစုံ ခံစားနေကြရသည်။ တစ်ရွာလုံး၏ သုံးပုံနှစ်ပုံမှာလည်း ရောဂါမျိုးစုံ ခံစားနေကြရသည်။ ကပ်ရောဂါဆိုးကြီး ဤရွာတွင် ကျရောက်နေပြီဟုပင် ပြောရမလောက်ဖြစ်သည်။ ရွာတွင်း ရွာပြင်ရှိ မည်သည့်အိမ်ကိုကြည့်ကြည့် ခေါင်းရင်းတံခါး ပိတ်ထားကြသည်ကိုသာ တွေ့ရမည်ဖြစ်သည်။ ခေါင်းရင်းတံခါး ပိတ်ထားခြင်းသည် ဤအိမ်တွင် လူမမာရှိသည်ဟူသော အမှတ်သင်္ကေတပင် ဖြစ်သည်။ ထို့ကြောင့်လည်း ဤရွာတွင် အိမ်တိုင်း အိမ်တိုင်းတွင် လူမမာရှိနေသည်ဟု မပြောဘဲနှင့် သိရှိနိုင်သည်။

ယခု ကျိုက်ထီးဆောင်းဆံတော်ရှင်တည်ရှိရာ ကုန်းမြေမှာလည်း ချုံနွယ်ပိတ်ပေါင်းများ ဖုံးပြောလျက် သူနိုးဓားပြတို့ ခိုအောင်းနေထိုင်ကြရာ နေရာတစ်ခုဖြစ်ခဲ့သည်။ လူဆိုး သူခိုးများနှင့် မြွေမျိုးစုံ၊ ကင်းမျိုးစုံတို့၏ မှီတင်းနေထိုင်ရာ မြေတောကင်းတောကြီးလည်းဖြစ်ပြီး အဆိပ်ပြင်းလှသော တောကြီးမြွေဟောက်နှင့် ငန်းစောင်းမြွေကြီးများကို မကြာခဏ တွေ့မြင်နေရသည်။

ထိုအချိန် ကျိုက်ထီးဆောင်းဆံတော်ရှင် စေတီတော်ကြီးမှာ ပျက်စီးယိုယွင်းနေပြီး ထီးတော်ကလည်းစောင်း၊ စိန်ဖူးတော်ကလည်း အရောင်အဆင်းမရှိသည့်အပြင် ကွဲအက်၍ နေသည်။ ရွာဘုရား ရွာသားမကိုးကွယ်နိုင် ဆိုရုံမျှမက အခြားရွာသူရွာသားများကလည်း မကိုးကွယ်နိုင်ကြ။ စီးပွားရေး အခြေအနေ၊ နိုင်ငံရေးအခြေအနေများကြောင့်လည်း ဘုရားကို ငွေအကုန်အကျခံ၍ မည်သူမျှ ပြန်လည်မပြုပြင်နိုင်ကြပေ။ အခြားရွာသားများက ဇုတ်သုတ်ရွာသားများကို

"မင်းတို့ရွာက ဘုရားက ဘွဲ့ တော်ဘယ်လိုခေါ်သလဲ"

ဟုမေးလျှင် အားလုံးလိုလိုက

"ထီးဆောင်းဘုရားလေကွာ" ဟု ဖြေဆိုကြသည်သာ ဖြစ်သည်။ ဘုရား၏ထီးတော်ကလည်း အသေအချာ ကြည့်စရာပင်မလို။ စောင်း၍နေသည်ကို အသေအချာတွေ့နိုင်သည်။ ထို့ကြောင့်လည်း အလွယ်တကူပင် အမည်ပေးလိုက်ခြင်းမှာ ထီးစောင်းဘုရားဟူ၍ ဖြစ်သည်။ စေတီတော်ရင်ပြင်တွင် အဆိပ်ပြင်းသော မြွေဆိုးကြီးများ၊ ကင်းမလက်မည်းများက မင်းမူကျက်စားလျက်ရှိကြသလို ဘယ်နေရာကို ကြည့်ကြည့် ခွေးလေခွေးလွင့်များကလည်း အုပ်စုလိုက် ဟိန်းလိုက်ဟောင်လိုက်နှင့်ဖြစ်သည်။

## ကမ္ဘာ့ရှင်ဘုရင်

ထိုအချိန်တွင် လူပုဂ္ဂိုလ်နှစ်ဦးတို့သည် ထီးစုတ်ကြီးကိုဆောင်းကာ နှစ်ဦးအတူ လမ်းလျှောက်လျက် လာနေကြသည်။ သူတို့နှစ်ဦးကို မြွေဆိုးများကလည်း မကိုက်ရဲကြ။ ခွေးများကလည်း မဟောင်၊ ကင်းမလက်မည်းကြီးများကလည်း ဘယ်ဆီဘယ်ဝယ် ရောက်ကုန်ကြသည်မသိ။ ပျောက်ချင်းမလှ ပျောက်၍နေကြလေပြီ။ သူတို့နှစ်ဦးကလည်း မည်သည့်နေရာကိုမျှ ကြောက်သည်လန့်သည်မရှိကြ။ ထိုပုဂ္ဂိုလ်နှစ်ဦးတို့သည်ကား ဆရာခေါင်(အဘအောင်မင်းခေါင်ကြီး)နှင့် ဦးစံဖေ (ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီး၏ ခမည်းတော်)တို့ ဖြစ်ကြလေသည်။

ဆရာခေါင်နှင့် ဦးစံဖေတို့ ဆောင်းထားသော ထီးစုတ် အနက်ကြီးတွင် ထင်ရှားစွာ အဖြူရောင်ဖြင့်ရေးထားသော စာမှာ "ကမ္ဘာ့ရှင်ဘုရင်" ဟူ၍ပင် ဖြစ်သည်။ စာကလည်း ထူးထူးဆန်းဆန်း။ လူပုဂ္ဂိုလ်နှစ်ဦးကလည်း ထူးထူးခြားခြား။ ရေးထားသည့်စာကလည်း စာလုံးကြီးကြီးနှင့်ဖြစ်သည်။ ထို့

www.burmeseclassic.com

သို့ ကမ္ဘာ့ရှင်ဘုရင်ဟု စာတန်းထိုးထားသော ထီးစုတ်ကြီးကို နှစ်ဦးအတူဆောင်းကာ လှုပ်ရှားလည်သွားလာနေကြသော ဆရာခေါင်နှင့် ဦးစံဖေတို့၏ ရုပ်ပုံလွှာကို မျက်စိထဲတွင် မြင်ယောင်တွေးမြင်ကြည့်ကြလျှင် ထိုပုဂ္ဂိုလ်ကြီးနှစ်ဦးသည် စိတ်မှကောင်းပါလေစဟုထင်မြင်မိကြမည်မှာ မလွဲကေန်ဖြစ်ကြပေလိမ့်မည်။

အမှန်စင်စစ် တစ်ရွာလုံးနီးပါး ကပ်ရောဂါများဖြစ်သော ပလိပ်ရောဂါ၊ ဝမ်းရောဂါများ ကျရောက်နေစဉ် ထိုဘေးအန္တရာယ်ဆိုးကြီးမှ လွတ်မြောက်ကြစေရန်အတွက် မိမိနည်းမိမိဟန်ဖြင့် ကယ်တင်ခဲ့သည်ကို ပြန်လည်တွေးမိတိုင်း ကမ္ဘာ့ရှင်ဘုရင်ဟူသော စာလုံးများသည် ယခုထက်တိုင် အဓိပ္ပာယ်ကောင်းလျက်ရှိပေသည်။ ထိုမှတစ်ဆင့် မွန်မြတ်သော စိတ်စေတနာသသဘောတို့ကို တွေးတောကြည့်နိုင် သိနိုင်ကြလေပြီ။ အမှန်တွင်လည်း လောကဦးသျှောင် အဘအောင်မင်းခေါင်သည်ကား ကမ္ဘာ့ရှင်ဘုရင်ဟူသောဘွဲ့ဖြင့် ထိုက်တန်သူတစ်ဦးပင် မဟုတ်ပါလော။

## အထင်လွဲမှား ပုထုဇဉ်များ

ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီး၏ ဖခမည်းတော်ကြီး ဦးစံဖေသည် ဆရာခေါင် ထွက်ရပ်လမ်းသို့ မဖြန်းမီက ဇုတ်သုတ်ရွာကလေးတွင် အတူတကွ နေထိုင်ခဲ့ကြကြောင်း သိရှိရသည်။ ထီးစုတ်ကြီးပေါ်တွင် ကမ္ဘာ့ရှင်ဘုရင်ဟူသော စာတန်းကြီးကို စာလုံးကြီးကြီးနှင့်ရေးကာ လမ်းလျှောက်နေကြသော ဆရာခေါင်နှင့် ဦးစံဖေတို့ ရယ်ရယ်မောမောစကားတပြောပြောနှင့် သွားလာနေကြသည်ကို မြင်ရသော ရွာသားများက အမြင်ဆန်းနေကြသဖြင့် အရူးဟု ထင်နေကြသည်။ ယခုမှ ထစ်ဖန် အကျိုးအကြောင်းအမှန်ကို သိရှိလာကြသဖြင့် အတိုးချကာ လွမ်းနေမိကြသည်။ အရူးတွေဟု ထင်ကြသောကြောင့် ရွာထဲသို့ပင် အဝင်မခံဘဲ မောင်းထုတ်ခဲ့သည်များလည်း ရှိခဲ့ကြသည်။

တစ်ခုသော ညနေခင်းတွင် ဆရာခေါင်ကြီးနှင့် အဘဦးစံဖေတို့သည် ထုံးစံအတိုင်း ကမ္ဘာ့ရှင်ဘုရင်ဟု ရေးထားသော ထီးစုတ်ကြီးကိုဆောင်းကာ တောထဲမှ ရွာအဝင်လမ်းဆီသို့ တရွေ့ရွေ့ လမ်းလျှောက်လာကြသည်။ ထိုအချိန်တွင် ရွာတွင်းမှ အရက်သမား ဖိုးကျော်ဆိုသူသည် ယစ်ရွှေရည်မှီဝဲပြီး ရွာထဲမှထွက်လာချိန်နှင့် ကြုံနေသဖြင့် ရွာအဝင်ဝတွင် သူတို့သုံးဦး မျက်နှာချင်းဆိုင်မိကြသည်။ ထိုအခါ အရက်သမားဖိုးကျော်က -

"ဟာ . . . ဒီအရူးနှစ်ယောက်နဲ့ လာတွေ့နေပြန်ပြီ။ ခင်ဗျားတို့ ဒီရွာမှာရှိနေလို့ ကျုပ်တို့ရွာကို အရူးတွေရှိတဲ့ရွာ အရူးရွာလို့တောင် အပြောခံနေရပြီ။ ဇုတ်သုတ်ဆိုတဲ့ ရွာနာမည်ပျောက်ပြီး အရူးရွာလို့ပြောရင် လူတိုင်းသိနေကြပြီ။ ဘာတဲ့ ကမ္ဘာ့ရှင်ဘုရင်တဲ့။ တော်တော်ကြောင်တဲ့လူတွေ၊ သွား . . . ရွာထဲကိုမဝင်နဲ့။ ကျုပ်အဝင်မခံဘူး။ ရွာနာမည်ပျက်တယ်။ ပြောမရရင် ဓားတုတ်နဲ့ ရိုက်ရလိမ့်မယ်"

ဟု ပြောဆိုကြိမ်းမောင်း နှင်ထုတ်ခြင်းကို ခံခဲ့ရသည်။ ဆရာခေါင်ကြီးတို့က ဘာမျှပြန်မပြောကြ။ အခြားလမ်းမှ ရွာထဲသို့ဝင်ရန် ရွာအပြင်လမ်းမှ ရွာကိုတစ်ပတ်ပတ်ခဲ့ကြရသည်။ နှုတ်မှလည်း တစ်စုံတစ်ခုကို မတိုးမကျယ် ရွတ်ဆိုနေသည်ကိုတွေ့ကြရသည်။ နောက်တစ်ပတ်ခန့်အကြာတွင် အရက်သမားဖိုးကျော်မှာ ရွာအပြင်ဘက်တောစပ်တွင် ပိုးထိ(မြွေကိုက်)ခံရ၍ ကွယ်လွန်သွားကြောင်း သိရှိကြရသည်။

## သိဒ္ဓိအစွမ်းကြောင့် ရောဂါပျောက်

တစ်နေ့နံနက် စောစောတွင် သူတို့နှစ်ဦး ထီးစုတ်ကြီးကိုဆောင်းကာ ရွာလယ်ပိုင်း အရီးမြတို့အိမ်ဝိုင်းရှေ့သို့ ရောက်လာစဉ် အိမ်ရှေ့ကွပ်ပျစ်တွင်ထိုင်နေသော အရီးမြအား ဦးစံဖေက -

"မယ်မြ ဘာတွေလုပ်နေတာလဲ။ ကလေးတွေကော နေကောင်းကြရဲ့လား"

ဟု မေးလိုက်သည်။ ထိုအခါ မြေအိုးတစ်လုံးနှင့် ဆန်ပြုတ်အိုးတည်ရန် စဉ်းစားနေသော အရီးမြက -

"မပြောပါနဲ့တော့ ဦးစံဖေရယ်၊ ကလေးသုံးယောက်ရော သူ့အဖေရော ဝမ်းတွေသွားပြီး မထနိုင်ကြဘူး။ အားရှိအောင် ဆန်ပြုတ်ကလေးတိုက်မလားလို့။ ဆန်ကလည်းမရှိတော့ ရှိတဲ့ဆန်ကလေးနဲ့ ဆန်ပြုတ်အရည်ကျဲကလေးပဲ ကျိုရကောင်းမလားလို့ စဉ်းစားနေတာ။ အရည်တွေတိုက်လို့ ဝမ်းက ပိုသွားနေမှာလည်း စိုးရိမ်ရသေးတယ်။ ဘာလုပ်ရကိုင်ရမှန်းတောင် မသိတော့ပါဘူး ဦးစံဖေရယ်"ဟု ညည်းညူပြောဆိုလိုက်လေသည်။

ထိုအချိန်တွင် ဆရာခေါင်သည် အိမ်ရှေ့တွင်ပေါက်နေသော ရှောက်ပင်တစ်ပင်မှ အရွက်ကလေးလေးခက်ကို ခူးကာ မန်းမှုတ်နေသည်ကို တွေ့ရသည်။ ထို့နောက် ထိုရှောက်



www.burmeseclassic.com

www.burmeseclassic.com

ရွက်များကို ဦးစံဖေလက်ထဲသို့ ထည့်ပေးပြီး တစ်စုံတစ်ခုကို တီးတိုးပြောဆိုလိုက်သည်ကိုလည်း တွေ့လိုက်ရသည်။ ထို့နောက် ဦးစံဖေက အရီးမြဘက်သို့ လှည့်၍ -

"ကဲ…ရော့ မယ်မြ။ ဒီအရွက် လေးရွက်ကို တစ်ယောက်တစ်ရွက်စီပေးပြီး ဝါးစားခိုင်းလိုက်။ သူတို့ရောဂါတွေ အားလုံးပျောက်သွားလိမ့်မယ်"

ဟုဆိုကာ ပေးလိုက်သည်။ နောက်နှစ်ရက်လောက်ကြာသောအခါ ရောဂါပျောက်ကင်းသွားသော သူတို့မိသားစုတို့က ဆရာခေါင်နှင့် ဦးစံဖေကို ရွာလယ်လမ်းမကြီးပေါ်တွင် ထိုင်၍ကန်တော့နေသည်ကို မြင်ကြရသည်။ ထိုအဖြစ်ကို တွေ့ရှိရသော ရွာသားအချို့က "အရူးတွေကိုများ ကန်တော့နေကြသေးတယ်"ဟု ပြောကာ မှုန်ပြုံးပြုံးနေကြလေသည်။

အလားတူပင် ရွာထိပ်ရှိ ကိုဝတုတ်တို့ မိသားစုတစ်စုလုံးတွင် အဖုအကျိတ်များ ပေါက်လျက်ရှိကြသည်။ အချို့က ပုလိပ်ရောဂါဖြစ်သည်ဟု ပြောကြသည်။ ရောဂါကူးမည်စိုး၍ မည်သူမျှ အကူအညီမပေးရဲကြ။ ထိုအိမ်သို့ မဝင်ရဲ မထွက်ရဲ။ ယုတ်စွအဆုံး ထိုအိမ်ရှေ့မှပင် ဖြတ်၍ လမ်းမလျှောက်ရဲကြ။ အချို့သောသူများက ကိုဝတုတ်တို့မိသားစုကို ရွာပြင်ထုတ်ထားပြီး သူတို့အိမ်ကို မီးဖြင့်ရှို့ပစ်မှ ရောဂါပိုးများသေမည်ဟု သူကြီးဖြစ်သူ အဘိုးကျော်ကို တိုက်တွန်းပြောဆိုကြသည်။ သူကြီးဖြစ်သူမှာလည်း တစ်ရွာတည်းသားချင်း သံယောဇဉ်ကြောင့် မလုပ်ရက်။ ထိုအကြောင်းကို ကြားသိရသော ဆရာခေါင်နှင့် ဦးစံဖေတို့သည် ကိုဝတုတ်တို့အိမ်ရှေ့သို့ ရောက်လာကြသည်။ အကျိုးအကြောင်းကိုမေးမြန်းသိရှိပြီးသောအခါ ဆရာခေါင်သည် သူ၏လက်စွဲတော် ကမ္ဘာ့ရှင်ဘုရင်ထီးကြီးကို ဖိတ်လိုက်ပြီး အိမ်၏ခေါင်းရင်းတိုင်ဘက်သို့ လျှောက်သွားလိုက်သည်။ ထို့နောက် နှုတ်မှ -

"ဒီအိမ်မှာ ဘာရောဂါမှ လာမနေနဲ့။ သွားကြ သွားကြ" ဟုဆိုကာ အိမ်ခေါင်းရင်းတိုင်ကို ထီးစုတ်ကြီးနှင့် ကိုးချက်မျှ ရိုက်လိုက်သည်။ နောက်တစ်ပတ်မျှပင်မကြာလိုက် ကိုဝတုတ်တို့မိသားစု ရောဂါများပျောက်ကင်းသွားကြသည်ကို ထူးဆန်းစွာ တွေ့မြင်ရလေတော့သည်။ ဆေးမလိမ်း၊ ဆေးမတိုက်ဘဲ ရောဂါဆိုးကို သိဒ္ဓိအစွမ်းဖြင့် ကုသပေးလိုက်သော ဆရာခေါင်ကြီး၏ ကျေးဇူးကြောင့်ပင် ဖြစ်လေသည်။

စာရေးသူသည် ဇင်းကျိုက်ဆံတော်ရှင်ဘုရားကို ဖူးမြော်ရန် မိသားစုနှင့် ဘုရားဖူးထွက်ခိုက် သထုံမြို့သို့ ရောက်သောအခါ ထမင်းဆိုင်တစ်ဆိုင်တွင် ထမင်းဝင်စားကြသည်။ ကံအားလျော်စွာ ထိုထမင်းဆိုင်တွင် ဇုတ်သုတ်ရွာမှ အမိုးဆိုသူ အဘွားတစ်ယောက်နှင့် ဆုံမိကြသဖြင့် အဘခေါင်နှင့် ဦးစံဖေအကြောင်းကို စုံစမ်းမေးမြန်းကြည့်မိသည်။

"ကျုပ်တို့နဲ့တော့ မဆုံခဲ့ပါဘူး။ အဘိုးအဘွားတွေကတော့ ပြောကြတယ်။ အရူးလိုနေပေမယ့် တော်တော် တန်ခိုးကြီးတယ်လို့ ပြောတယ်။ သူတို့ ဆေးကုပေးလို့ ပျောက်တဲ့လူတွေဆိုတာ မနည်းဘဲတဲ့။ သူတို့ကိုတွေ့ရင် ထိုင်ကန်တော့ကြတဲ့လူတွေ များလာတယ်။" ဆောင်းထားတဲ့ထီးကလည်း ကိုင်းနှစ်ချောင်းကျိုးနေတဲ့ ထီးစုတ်ကြီးပဲ။ စာကလည်း ရေးထားလိုက်သေးတယ်။ ဘာတဲ့ ကမ္ဘာ့ရှင်ဘုရင်ဆိုလားပဲ"ဟူ၍ စာရေးသူအား သူသိခဲ့သမျှကို ပြောပြခဲ့သည်။

ဆရာခေါင် ဆိုသည်မှာ ဝိဇ္ဇာတို့၏ ဦးစီးဥက္ကဋ္ဌ လောကဦးသျှောင် အဘတိုးမင်းခေါင်ဖြစ်ကြောင်းကို ထိုအချိန်က သူတို့မသိကြသေးပေ။ နောက်မှသိရ၍ ပူဇော်ကန်တော့မရဖြစ်ခဲ့ကြရလေသည်။ အဘအောင်မင်းခေါင်နှင့် ပတ်သက်၍ ပုပ္ပားတောင်ကလပ် အဘထွက်ပွဲတစ်ခုတွင် ဦးမေဓာဝီ စေ့ပေးခဲ့သော မေတ္တာစာကလေးတွင် အဘအောင်မင်းခေါင်ကြီး၏ ဂုဏ်ပုဒ်များကို အထင်အရှား ဖွဲ့ဆိုထားခဲ့လေသည်။

တို့အောင်မြေဝယ် သမ္ဘေခတ္တိ ဆိပ်တော်ရှိလျက်
သီရိဘုန်းမော် ကမ္ဘာကျော်သား
တေဇာထန်ပြင်း သိဒ္ဓိဝင်းလျက်
လူမင်းနတ်တို့ ဦးခိုက်ကြို၍
နှစ်မြို့မွေ့မွေ့ လွှမ်းကျွေးသဒ္ဓါ စေတနာနှင့်
ပူဇာသက်နင်း၊ မင်းမင်းဦးသျှောင် ဘမင်းခေါင်ကို
သိန်းထောင်တိုင်းရွာ လူတကာတို့
ရောက်လာသဲသဲ၊ ရှမစဲဘဲ
အောင်ပွဲသဘင် ညီလာဝင်ရှင့်…။

ဟူ၍ ဖွဲ့ဆိုထားသော မေတ္တာစာကလေးသည်လည်း အဘအောင်မင်းခေါင်သည် အမှန်ပင် ကမ္ဘာ့ရှင်ဘုရင်ကြီးဖြစ်ကြောင်း ထင်ရှားစွာ ဖော်ပြနေ လတော့သည်။

ဂမ္ဘီရဆရာစံ

**မှီငြမ်းပြု**

၁။ ဝိဇ္ဇာပေါင်းချုပ်ကြီး (ပထမတွဲ) မောင်ပန်းမွှေး
၂။ ကိုယ်တိုင်လေ့လာတွေ့ရှိချက်များ



www.burmeseclassic.com

www.burmeseclassic.com

# ဘိုးမင်းခေါင်နှင့် နိမိတ်တဘောင် ကဗျာများ

ချစ်မှုန်းငြိမ်း

"သက္ကရာဇ် တွက်စစ်ခါ အကုန်မပြချင်ဘု
သုညငယ်နှစ်လီကျော်တော့
ပြည်တော်ကိုကလော်မယ့် ကိန်းဟာက
တစ်ခုမှာ ကပ်သိမ်းလို့ နှစ်ခုကိန်းဓာတ်ပါ
သုံးခုကိန်းနှစ်မဟာရယ်
လေးခုမှာ ဝိဇ္ဇာမင်း
ငါးခုမှာဘုရားလှူ သိကြားကူစိတ်ဓာတ်သန့်ရှင်း
ဇမ္ဗူဒိပ်ကျွန်းလက်ျာမှာ ထွန်းတက်ခါပ ဝင်း
လွှမ်းလျက်သာ ဓမ္မမင်းတို့ ခဏချင်းပေါ် မယ်
လူမတန်တူတန်မှုကိုဖြင့်
ပူရန်စသိမ်းပါတော့မယ်
နာမ်ဓာတ်က ရုပ်ခြယ်လျှင် ဟုတ်တ ကယ်ဂုဏ်ပြလို့
မနုဿတူနှစ်ဖော်ကွဲရတော့နော်
ဖြဟ္မာမင်း မေတ္တာခေါ်သည်
သစ္စာတော်ထိန်းကြတော့လေး။"

"ဘကြီးသိုက်က ကဗျာတွေ ဘာတွေ ရွတ်လို့ပါလား။ မင်္ဂလာင်းတိုက် ပို့ဖို့နဲ့တူတယ်"

"ဟကောင်ရ…ဒါ ငါ့ပါးစပ်ထဲက ကဗျာမဟုတ်ဘူးကွ။ ဘိုးတော်အောင်မင်းခေါင် မပေါ်ခင်က တို့တိုင်းပြည်မှာ ပုဂ္ဂိုလ်ထူးတစ်ယောက် ပေါ်လာမယ့် ပုဗ္ဗနိမိတ်ကဗျာလေးကွ။ အေး…ဘိုးမင်းခေါင်ပေါ်လာပြီးနောက်မှာ ဒီကဗျာလေးနဲ့ ကိုက်ညီမှုရှိမရှိ ရွတ်ဆိုပြီး တွေးကြည့်နေတာပါကွာ"

"ဘကြီးသိုက်ပဲ အစကပြောတော့ ဒါတွေမယုံဘူးဆို"

"ယုံတာ၊ မယုံတာထက် ဒီပုဂ္ဂိုလ်ဟာ တို့တိုင်းပြည်မှာ အမှန်တကယ်ရှိခဲ့တဲ့လူတစ်ယောက်ကွ။ ထူးခြားမှုတွေလည်း အများကြီးရှိခဲ့တယ်။ သတ္တဝါတွေကိုလည်း တတ်နိုင်သလောက် စောင်မကြည့်ရှုခဲ့တယ် မဟုတ်လား။ တစ်ခုတော့ရှိတာပေါ့ကွာ။ ဒါနမျိုးစေ့ မရှိခဲ့တဲ့သူကို ဘယ်လောက်ပဲ ချမ်းသာအောင်လုပ်ပေးချင်ပေမယ့် လုပ်ပေးလို့မရပါဘူး။ ဒီလိုပဲ သီလမျိုးစေ့မရှိတဲ့သူကို အသက်ရှည်ရာ အနာမဲ့ကြောင်း လုပ်ပေးလို့မရပါဘူး။ မြတ်စွာဘုရားဟောခဲ့တဲ့ ကံ ကံ၏အကျိုးကို ကျော်လွန်ပြီးကတော့ ဖြစ်မလာနိုင်ပါဘူး"

"ဟုတ်ပါပြီအဘရာ။ ဘိုးမင်းခေါင်အကြောင်း ဆက်ပြောပါဦး။ ကျွန်တော်သိချင်လို့ပါ"

"အေး…စောစောက ကဗျာလေးအကြောင်း ပြန်ကောက်ရအောင်။ သုညငယ်နှစ်လီကျော်တော့ ဆိုတာက ၁၃၀၀ ပြည့်ကျော်တဲ့နှစ်တွေမှာ တိုင်းပြည်မငြိမ်းချမ်းဘဲ ဘေးဒုက္ခတွေ ကျရောက်မယ်လို့ အဓိပ္ပာယ်ရတယ်ကွ။ ဒါကြောင့် အောင်မင်းခေါင်အရှင်ဟာ သူ့ရဲ့ စရဏအလုပ်တွေ လုပ်နေတဲ့ နမ္မခရချောင်းကနေ ၁၃၀၀ ပြည့်နှစ်မှာ ထွက်ခွာလာတာ ပုပ္ပားတောင်ကို တစ်ရွာဝင်တစ်ရွာထွက်နဲ့ ခြေလျင်လျှောက်ခဲ့ရတယ်။ တောင်ခြေရောက်တော့ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှာ ခွင့်တောင်းပြီး တည်းခိုနေတယ်။ အဲဒီအခါမှာ အနီးအနားမှာရှိတဲ့ ရွာသူရွာသားတွေက သူ့ကို အရူးကြီးဆိုပြီး ပြောဆိုနောက်ပြောင်ကြပြန်တယ်။

ဒါနဲ့ သူဟာ ရွာသူရွာသားတွေ အပြစ်ဖြစ်မှာစိုးရိမ်ပြီး ကျောင်းဝင်းအတွင်းမှာရှိတဲ့ ပစ်ထားတဲ့ကားပျက်ကြီးကို စက်နှိုးပြီး ကျောင်းပန်းတောင်းနဲ့ အသွားအပြန် မောင်းပြလိုက်တော့မှ ရွာသားတွေလည်း ထိတ်လန့်ပြီး ဝန်ချတောင်းပန်ကြသတဲ့။ အဲဒီကစပြီး ဘိုးမင်းခေါင်ရယ်လို့ ထင်ရှားကျော်ကြားလာခဲ့တယ်။ ဒါကို ကျောက်ပန်းတောင်းမှာရှိတဲ့ ပုလိပ်အဖွဲ့က မသင်္ကာဘဲ ခဏခဏ သွားရောက်စစ်မေးကြပြန်ရော။ ဒီတစ်ခါတော့ ဘိုးတော်အောင်မင်းခေါင်ဟာ ကျောက်ပန်းတောင်း ဂိတ်တဲရှေ့မှာ ဦးထုပ်တစ်လုံးကို ပက်လက်ဆောင်းပြီး သွားထိုင်နေသတဲ့။ မကြာပါဘူး ပုလိပ်မိန်းမ



www.burmeseclassic.com

www.burmeseclassic.com

တွေဟာ ဝါးလုံးကို မြင်းလိုစီးပြီး လမ်းပေါ်မှာ မြင်းလှိမ်းက ကြတော့ လူတွေက ဝိုင်းကြည့်ပြီး ရယ်ကြတာပေါ့။ ဒီတော့မှ ဘိုးမင်းခေါင်ဟာ ဦးထုပ်ကို အတည့်ပြန်ဆောင်းလိုက်တယ်။ ကနေတဲ့မိန်းမတွေ ရက်ပြီးပြန်ပြေးကြသတဲ့။ ဘိုးမင်းခေါင်လည်း ချက်ချင်း ပျောက်သွားတယ်။ နောက်တော့ မှုလိပ်တွေဟာ ဘိုးမင်းခေါင်ကို စစ်ဆေးတာတွေ မေးမြန်းတာတွေ မလုပ်ပါဘူးတဲ့။

ကဗျာအကြောင်း ပြောနေရင်းက ဘေးချော်သွားပြန်ပြီ။ ဘိုးမင်းခေါင်ရဲ့ သိဒ္ဓိအစွမ်းတွေက ပြောရင်ကုန်နိုင်စွမ်း မရှိဘူးကွ။ ကဗျာမှာ ကျန်တဲ့အပိုဒ်တွေက သိပ်ပြီး အဓိပ္ပာယ်ဖော်စရာ မလိုပါဘူး။ ၁၃၀၀ ပြည့်နှစ်ကျော်ပြီး ၁၃၀၄ ခုမှာ ဝိဇ္ဇာတစ်ပါးပေါ်မည့်အကြောင်း။ ၁၃၀၅ ခုမှာ သိကြားမင်းရဲ့အကူအညီနဲ့ သာသနာပြုလုပ်ငန်းတွေ လုပ်မည့်အကြောင်း။ ပြီးတော့ သိပ်ကြာကြာမနေဘဲ ထွက်ရပ်စခန်းကို ကြွမြန်းမယ့်အကြောင်း ပေါ်ထွက်လာတဲ့ ဗုဒ္ဓနိမိတ်ကဗျာလေးပါ။ နာမ်ဓာတ်က ရုပ်ချယ်လျှင် ဟုတ်တကယ်ဂုဏ်ပြလို့ ဆိုတဲ့အပိုဒ်က နာမ်ဓာတ်က ရုပ်ခန္ဓာကို စွန့်ခွာသွားခါနီးမှာ ထူးခြားမှုတွေ ပြသွားမယ်လို့ အဓိပ္ပာယ်ရတယ်။

တကယ်လည်း ဘိုးတော်အောင်မင်းခေါင်ဟာ သူ့တပည့်တွေကို သာသနာပြုလုပ်ငန်းတွေလုပ်ဖို့ မြန်မာပြည်အရပ်ရပ်ကို လွှတ်ခဲ့တယ်။ တပည့်တွေဆိုတာကလည်း ဆရာကျင့်ကြံနေတဲ့ လုပ်ငန်းစဉ်အတိုင်း တစ်သဝေမတိမ်း လိုက်နာအားထုတ်နေတဲ့သူတွေဆိုတော့ တော်ရုံပုဂ္ဂိုလ်တွေတော့ မဟုတ်ကြဘူး။ ထွက်ရပ်လမ်းကို သွားခါနီးမှာ တပည့်တွေဆီ စာပို့ လူကြုံပါးခြင်းမရှိဘဲ သူ့အနားကို ရက်ပိုင်းအတွင်း လူစုံတက်စုံ ရောက်လာကြတယ်။ တပည့်တွေက ဆရာပင်မှန်းမှာစိုးလို့ ရေ့ဆက်လုပ်ရမယ့် လုပ်ငန်းစဉ်တွေကို စိတ်နဲ့လျှောက်ထားကြသတဲ့။ အဲဒါကို ဆရာလုပ်တဲ့သူက ကိုယ်အမူအရာနှင့် ဖြေကြားအမိန့်ပေးတာလည်း ထူးခြားချက်တစ်ရပ်ပဲ။

တပည့်တွေကြားထဲမှာ ထိုင်နေတဲ့ ဓာတ်ပုံဆရာတစ်ယောက်က ဘိုးတော်အောင်မင်းခေါင်ကို ဓာတ်ပုံရိုက်ချင်ကြောင်း စိတ်ထဲက ခွင့်တောင်းလိုက်တော့ ဘိုးမင်းခေါင်ဟာ ထထိုင်ပြီး ကိုယ်ကိုမတ်မတ်ထားလိုက်တယ်။ အဲဒီနောက် ဓာတ်ပုံဆရာဟာ တောင်ပေါ်မှာရှိတဲ့ စေတီတစ်ဆူကို ဓာတ်ပုံရိုက်ပြန်တယ်။ ဒီတစ်ခါတော့ စေတီနေရာမှာ စေတီပုံမပေါ်ဘဲ ဝိဇ္ဇာတစ်ပါးရဲ့ပုံ ပေါ်နေသတဲ့။ ဒါပေမယ့် ဒီလိုထူးခြားမှုတွေဟာ ဘိုးတော်ရဲ့တပည့်တွေအတွက် သိပ်မထူးခြားဘူးလို့ ဆိုရမှာပဲ။ ဒါကြောင့် သူတို့က လူကြားထဲမှာ ဖြစ်ရပ်တိုင်းကို ချမပြကြဘူး"

"အဘသိုက်ကို ဖြတ်ပြီးမေးရဦးမယ်။ ဘိုးတော်အောင်မင်းခေါင်ကို ဘယ်နှစ်မှာ မွေးခဲ့တာလဲ။ ထူးခြားတဲ့ ပုဂ္ဂိုလ်ဆိုတော့ မှတ်တမ်းမှတ်ရာတွေ ရှိမှာပေါ့"

"ရှိပါပြီလားကွာ။ ဘိုးတော်အောင်မင်းခေါင်ကို ၁ဂဂဝ ပြည့်နှစ် မေလ ၂ ရက်မှာ အဘဦးအောင်ပု၊ အမိ ဒေါ်မြင်းသစ်တို့က ပုပ္ပားတောင် အရှေ့မြောက်ဘက်မှာရှိတဲ့ စင်မြင့်ရွာမှာ မွေးဖွားတယ်လို့ သိရတယ်။ ဒါပေမယ့် ဘိုးတော်အောင်မင်းခေါင် ထွက်ရပ်လမ်းကိုသွားပြီးနောက် သုံးလလောက်အကြာမှာ စာပြုဆရာကြီး ဦးပေါ်ဦးရေးတဲ့ ထွက်ရပ်ပေါက်ရာဝင်မှာတော့ ဘိုးတော်အောင်မင်းခေါင် ဘယ်နှစ်မှာမွေးခဲ့တယ်ဆိုတာကို အတိအကျပြောနိုင်သူမရှိလို့ ရေးထားတယ်ကွ။

ထားပါတော့ကွာ။ ဝိဇ္ဇာတွေအတွက် ရုပ်ဟောင်းစွန့်ပြီး ရုပ်သစ်နဲ့ နေရတဲ့ကိစ္စက ခက်ခဲခဲရှိပုံ မတွေ့ပါဘူး။ ရုပ်ကိုမသုံး နာမ်ကိုသုံးမည်လို့ ဆိုထားတဲ့အတွက် နာမ်သက်ကို သူတို့ကိစ္စတွေ မပြီးမချင်း ဆန့်ချင်ဆန့်ထားမှာပေါ့။

ငါသိသလောက် ဘိုးတော်အောင်မင်းခေါင်ရဲ့ သာသနာပြုလုပ်ငန်းအစက ငါတို့ရဲ့ သီပေါဘုရင်ပါတော်မူပြီး တစ်တိုင်းပြည်လုံး နယ်ချဲ့အင်္ဂလိပ်လက်အောက် ရောက်သွားတဲ့အချိန်မှာ သာသနာတော်ကြီး မြန်မာနိုင်ငံက ကွယ်ပျောက်သွားမှာ စိုးရိမ်သွားတယ်။ ဒါကြောင့် ၁၂၅၀ ခုနှစ်မှာ ရှင်မထီးဆရာတော်၊ ဆံရှည်ဆရာတော် ဦးကောဏ္ဍညပထမံပြည်ရသေ့ဦးအောင်၊ တောင်ငူဦးအောင်၊ ဗန်းမော်ဦးအောင် စတဲ့ ဝိဇ္ဇာဓိုရ်တွေနဲ့ တိုင်ပင်ပြီး ဝိဇ္ဇာဓိုရ်အဖွဲ့ကြီးကို စတင်ဖွဲ့စည်းခဲ့တယ်။ ၁၂၆၆ မှာ သာသနာပန္နက်ရိုက်နက်ရမည်းသင်းနယ် ရွှေရမြတင်တောင်မှာ သီတင်းသုံးနေတဲ့ ရဟန်းတော် ဦးခန္တီကို သာသနာ့ဓာတ်ဝင် ပါရမီရှင်တစ်ယောက် ဖြစ်နေလို့ သာသနာပြုဖို့ ရွေးချယ်လိုက်ကြတယ်



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအခါမှာ ဦးခန့်လည်း ရဟန်းဘဝကနေ ရသေ့ပြောင်းဝတ်ပြီး ဝိဇ္ဇာမိုရ်ရတွေရဲ့ ညွှန်ကြားချက်အတိုင်း မန္တလေးတောင်ကစလို့ ဘုရားတည်၊ ကျောင်းဇရပ်တွေဆောက်ပြီး သာသနာ့စာတိုက်ကြီးကို စိုက်ထူတော့တယ်။

အဲဒီအချိန်မှာပဲ ဘိုးတော်ငအောင်မင်းခေါင်နဲ့ ယင်းကွန်းစင်တောင်ဆရာကြီး ဦးစီးတဲ့ ဝိဇ္ဇာမိုရ်အဖွဲ့ကြီးဟာ တိုင်းပြည်ကို ကြေညာစာတွေဝေလိုက်တယ်။ မင်းလည်း ကြားဖူးမှာပေါ့ နားထောင်

"ဘုရားလေးငယ်ငယ်၊ ကိုးတောင်ပြည့်တည်၊
ငယ်သာငယ် ကယ်ဆယ်မည့်ဘုရား။
မာတ်ကောလီ သုံးဆယ်ပြည့်အောင်ကွယ် ဖူးကြအများ" . . . တဲ့။

တိုင်းသူပြည်သားတွေ ကပ်ကြီးသုံးပါးကနေ ကျော်လွှားရအောင် တိုင်းပြည်အနှံ့အပြားမှာ ကိုးတောင်ပြည့်စေတီတော် တည်ထားကိုးကွယ်ဖို့ တိုက်တွန်းနှိုးဆော်လိုက်တဲ့ ကြေညာဆိုပါတော့။ အဲဒီအချိန်ကစပြီး ဘိုးတော်အောင်မင်းခေါင်ရဲ့တပည့်တွေဟာ နိုင်ငံအနှံ့ နေရာခွဲပြီး ကိုးတောင်ပြည့်စေတီတွေ တည်ကြတော့တယ်။

တကယ်တော့ ဘိုးတော်အောင်မင်းခေါင်ဟာ ဘုရားဆုပန်ထားတဲ့ ယောက်ျားမြတ်ကွ။ သမထနဲ့ ဝိပဿနာကို တောထဲတောင်ထဲမှာ စွမ်းစွမ်းတမံအားထုတ်ခဲ့တယ်။ ဒါကြောင့်လည်း ထူးထူးခြားခြား စွမ်းပကားတွေ ရခဲ့တာပေါ့။ ရခဲ့တဲ့ စွမ်းပကားတွေကို သာသနာပြုခြင်းဆိုတဲ့ အလုပ်နဲ့ ပါရမီတွေဖြည့်တယ်။ ဘိုးတော် ဘင်မင်းခေါင်ဘဝမှာ ဘိုးတော်အောင်မင်းခေါင်ရဲ့အသိ၊ ပုဂ္ဂိုလ်ကော်အောင်မင်းခေါင်ရဲ့ ဉာဏ်နဲ့ပဲ ပါရမီဖြည့်လို့ရမှာပေါ့။

သူကိုယ်သူ ဘုရားလောင်းဖြစ်ကြောင်း ဝန်ခံထားတဲ့ ကဗျာတစ်ပုဒ် ကို သူကိုယ်တိုင် စပ်ခဲ့တယ်။ နားထောင်ပါဆိုပြမယ်။

၁။ ဗုဒ္ဓဂုဏ်ဉာဏ်တော်ညီ၊ သမ္မောဓိလောင်း လျာ
ဇာတ်ပေါင်းစုံစုံနှင့်၊ ပဒုံကြာဝံအာရင့် ပွင့်မည့်ချိန်ခါ
သောင်းလောကစကြဝဠာ၊ ထက်မြဟ္မာတုန်ဟည်း။
စကျွယ်ပည်ခြေနှင့်၊
ထိန်သပြေ သိရ်သရေကုဏ္ဍိုဖျားဆီက
ကြားလိမ့်သတည်း။
၂။ မြူခြေငယ်ရှန်းပါ မြဝန်းတဲ့ရစ်ခွေ
ဖောင်ပေါ်နေမရိပ်ခင်က၊
အောင်တော်မူ ရွှေကာရဝိက်ကို
ကြိုးတိတ်တိတ်ဖြေ၊
သို့ပါသော် တအားဆွဲတာကြောင့်
မသွားဘဲဆိုင်းရခြေ၊ လှိုင်းလေကငြိမ်တုန်း
တက်မကိုကိုင်၊ ရွက်စမြိုင်မြိုင်နှင့်
ဆိုင်သိတွေ နိုလို့စီးရအောင် မီးပြပါဦး
သိမ်းလိုက်ပါအေ၊ ခွေလိုက်ပါကြိုး
မြစည်သူကန်က၊ ရေခွဲတဲ့ကြိုး။
၃။ မမွှတဲ့သာလာ၊ အောင်သဘင်ဆင်ယင်တဲ့ပွဲ
နွဲ့ကြသူငါ၊ မြတ်ဘိုးတော်ဂုဏ်ဟိတ်ကြောင့်
ဒုန္ဒုမိတ်အနိဋ္ဌာ၊ တဆိတ်စာမသန်း
စီးပွားရွှေငွေနှင့်၊ အထွေထွေရေလိုပေးခဲ့မယ်
အေးမြရွှင်လန်း။

တဲ့။ ဒီကဗျာကို နမ္မားခရကျောင်းမှာ ခေတ္တနေထိုင်ပြီး သာသနာအောင်ပန္နက် ဆောင်ရွက်နေခိုက် ပါရမီရှင်တွေ သိထားနှင့်ရအောင် ကြိုတင်ရေးထားတဲ့ ဗောဓိလောင်း လမ်းညွှန်ကဗျာလို့ သိရတယ်။ တစ်အပိုဒ်က ဘုရားလောင်းဖြစ်ကြောင်း ဝန်ခံထားတာပဲ။ နှစ်အပိုဒ်ကျတော့ ဝိဇ္ဇာတို့ပျော်တဲ့ အရပ်မှာပဲ သူနေချင်တော့ပေမယ့် သာသနာအတွက် နောက်ကြောင်းမအေးပုံကို ပြထားတယ်။ သုံးမှာက တိုင်းသူပြည်သားတွေကို ကယ်တင်ဦးမယ်လို့ အဓိဋ္ဌာယ်ရတယ်မောင်ရ။

ဘိုးတော်အောင်မင်းခေါင်ကို အများက အရိမေတ္တယျ ဘုရားလောင်းရယ်လို့ ယူဆကြတယ်။ ဒါပေမယ့် တချို့သော ပညာရှိကြီးတွေက ဒီဘဒ္ဒကမ္ဘာမှာ ငါးဆူမြောက်ဖြစ်တဲ့ အရိမေတ္တယျဘုရားလောင်း ပွင့်ပြီးမှ နောက်လာမယ့်တစ်ခုသော မဏ္ဍကမ္ဘာမှာ စန္ဒကူးဗောဓိပင်ရင်းမှာပွင့်မယ့် ရာမဘုရားဖြစ်တယ်။ အဲဒီအချိန်ဟာ လူတို့ရဲ့ အသက်ဟာ ကိုသောင်းတန်းမှာရှိတယ်လို့ ဆိုကြပြန်တယ်။ အေးလေ ဘာပဲဖြစ်ဖြစ် ငါတို့ဘုရားရှင်ဂေါတမရဲ့ ကျန်ရစ်တဲ့သာသနာကို စောင့်ရှောက်ကြဖို့သာ အဓိကပါ။

ချစ်မုန်းငြိမ်း



www.burmeseclassic.com


www.burmeseclassic.com

# အောင်မင်းခေါင်အောင်မွေစေတီတော်

# ဗုဒ္ဓပူဇနိယပွဲ ကျင်းပပူဇော်

မင်းတိုင်ပင်(မြရောင်မြေ)

ပထမံဆရာကြီး ဦးအောင်သူ၏ ဗိတ်ကြားချက်အရ ကျွန်ုပ် ရန်ကုန်မြို့ ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဘက်ကမ်းသို့ ချယ်ရီ-၃ သင်္ဘောစီး၍ သွားခဲ့၏။ ထို့နောက် ဆိုင်ကယ်ကယ်ရီ ညီလေးအား ညောင်သာယာကွင်းသို့ ခေါ်ကာ ကျွန်ုပ်တို့လမ်းမှားပြီး သပြေကုန်းရွာသို့ ရောက်သွားကြသည်။ ထိုရွာတွင် အလွန်သပ္ပာယ် တင့်တယ်လှသော စေတီတော်များစွာကိုဖူးခဲ့ရပြီး ထိုစေတီမဟာတ်၍ ဆိုင်ကယ်ပြန်လှည့်ကာ လက်ခုပ်ကုန်း-ဒလလမ်းအတိုင်း မောင်းနှင်ပြီးမှ ကွင်းထဲတွင် မဏ္ဍပ်နှင့် သာသနာ့အလံ ထိုးထားသည်ကို တွေ့ရပြီးနောက် ဆရာဦးအောင်သူမှ လက်ပြနှုတ်ဆက်နေသည်ကို မြင်ရပါသည်။ ထို့နောက် ကျွန်ုပ်တို့ ကွင်းထဲသို့ ဝါးတံတားလေးကိုကျော်ပြီး လယ်ကွင်းကို ဖြတ်လိုက်ရတော့၏။ လယ်ကွင်းထဲတည်းကြီးထဲ အိမ်နှစ်လုံးသာရှိ၏။ မဏ္ဍပ်သို့ဝင်လိုက်သည်နှင့် ဆရာတော်များ ကြွရောက်သီတင်းသုံးနေသည်ကို တွေ့ရပြီး ဦးခင်မောင်မှ စေတီအား ကြည်ညိုနိုင်ရန် ခေါ်ဆောင်ခဲ့၏။ ကျွန်ုပ် စေတီလေးအား ကြည်ညိုပြီးနောက် မဏ္ဍပ်သို့ပြန်ဝင်



အောင်မင်းခေါင် အောင်မွေစေတီတော်

www.burmeseclassic.com

www.burmeseclassic.com



နဂါးရုံဘုရားနှင့် ရဟန္တာပုံတော်များ

သောအခါ ဆရာတော်ကြီးမှ တရားတော်များ ချီးမြှင့်၊ ငါးပါးသီလခံယူကြပါသည်။ ထို့နောက် လှူဖွယ်ဝတ္ထု အစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေကာ သာဓုအနုမောဒနာ ခေါ်ဆိုကြပါတော့သည်။ ပြီးနောက် နေ့ဆွမ်းဆက်ကပ်၍ ဆရာတော်ခြောက်ပါး ဆွမ်းများဘုဉ်းပေးနေစဉ် ကျွန်ုပ် မှတ်တမ်းဓာတ်ပုံများ ရိုက်ခဲ့၏။

"ကဲ…ဆရာ၊ မှတ်တမ်းဓာတ်ပုံ လိုသလိုရိုက်ပါ။ ဟိုမှာကန့် အဲဒီနားမှာ ဘုရားရုပ်ပွားတော်တွေလည်း ဖူးပါ။ နောက်ပြီး…ကိုခင်မောင်နဲ့ ဒေါ်ဒေအးကြည်တို့ မိသားစုပုံတွေလည်း မှတ်တမ်းတင်ပါ"

"ဟုတ်ကဲ့ပါ ဆရာ၊ စိတ်ချပါ"

"ဆရာတို့လာတာကို ကျွန်တော် သိပ်ကျေးဇူးတင်ပါတယ်။ ဒါက ကျွန်တော့်ဇနီး မဒေအးကြည်လို့ ခေါ်တယ်။ ဟိုဟာက ကျွန်တော့်သား မောင်မောင်အေး။ သူ့ဇနီးစန်းစန်းအေး။ ဒါက ကျော်ကျော်အောင်၊ သူ့ရဲ့ဇနီးက အေးအေးအောင်။ နောက်တစ်ယောက်က သားပဲ။ သူက ကျော်ကျော်မောင်။ သူ့ဇနီးက စန်းစန်းဝင်း။ ဟိုဟာတွေက ပုစုခရ



ထူးခြားဆန်းပြား ဘိုးတော်အောင်မင်းခေါင်ပုံတော်

သူတို့မွေးထားတဲ့ ကလေးတွေ၊ မြေးတွေပေါ့ဗျာ။ ကျွန်တော့်ဇနီးက လေငန်းလိုလို အာရုံကြောဖြစ်နေတယ်"

"အေးကွ…ဒေါ်အေးကြည်က သိပ်စိတ်ကောင်းရှိတာ။ ပဲဟင်းချက်လည်း သိပ်ကောင်းတယ်ကွ။ လက်ရာနဲ့ စေတနာကတော့ လွန်ပါရော။ မင်းတို့ကို စားစေချင်တယ်"

"တစ်ခုပြောရဦးမယ်။ ခု ဘုရားပွဲတော်ကို ကျွန်တော့်သား မောင်မောင်အေးက ကမကထလုပ်ပြီး လှူပါတယ်။ သူက ဟိန္ဒူ နွားဈေးမဲ့လွှတ်ပွဲမှာလည်း ဥက္ကဋ္ဌပါ။ သူ ဦးဆောင်ပါတယ်။ ကျွန်တော်တို့ကတော့ အသက်လည်းကြီးပြီဆိုတော့ ကြည်ညိုရုံပါပဲ"

"ဘုရားပွဲက ဘယ်တုန်းက စကျင်းပတာလဲခင်ဗျ"

"နှစ်စဉ် ယခုလို တပေါင်းလဆန်း ၅ ရက်နေ့ ၁၃-၃-၂၀၁၆ နေ့မှာပဲ ကျင်းပပါတယ်။ နှစ်ရှက်တည်းပါ။

www.burmeseclassic.com



ဆရာတော်ကြီး ဦးပဏ္ဍိတအား ဦးခင်မောင်၊ ဒေါ်အေးကြည်မိသားစု၊ ပထမဆရာကြီး ဦးအောင်သူတို့ ဆွမ်းကပ်နေစဉ်

သူရှေ့ပဲ"

"ဦးအောင်သူကတော့ ပြောပြီး ဟုတ်တယ်…ဟုတ်တယ်၊ ဟားဟား ဟား"

"ကျွန်တော် ပိစိလေးကတည်းက ဒီကွင်းမှာနေတာ။ လူပျိုဖြစ်ပြီး အိမ်ထောင်ကျတော့ မအေးကြည်နဲ့ အကြောင်းပါ။ ဒီလယ်ပဲလုပ်။ နွေမိုး ကွင်းထဲမှာပဲ နေကြတာ။ ကျွန်တော်တို့ က ဘာလုပ်သလဲ စပါးစိုက် စပါးရိတ် ပြီး အလုပ်ကမရှိတော့ဘူး။ ကလေး တွေကလည်း များများလာတော့ ကြိုး စားရှာကြ ရုန်းကြ လုပ်ရတာပေါ့။ ဒီတော့ ကျွန်တော်တို့ဆီမှာ ရေရဖို့က အဓိက။ ဟော ဒီရေကန်ထဲကရေကို အကောင်း ထားပြီး သောက်ရ ချိုးရတာ။ ရေက နည်းတယ်။ စစ်သုံးရတယ်။ မိုးရေကို ရေကန်နဲ့ လှောင်ထားရတယ်။ အဲ…

ခပ်ကျဉ်းကျဉ်း ရှိရှိလေးပါ။ တောဘုရား ပွဲလေးပါပဲ။ ဆွေမျိုးမိသားစုတွေနဲ့ပဲ ကျင်းပပါတယ်။ အခု ဘုရားတည်ကတ် တည်းက ဦးဆောင်တဲ့ဆရာတော်ကြီး က သပြေကုန်းကျောင်းတိုက် ဆရာ တော်ကြီးဦးပဏ္ဍိတပဲ အစစဆောင် ရွက်တယ်။ ဩဝါဒခံယူပါတယ်။ ခုနက တရားဟောတဲ့ ဆရာတော်ကြီးပါပဲ ခင်ဗျာ"

"ဆရာ့ဦးခင်မောင်တို့ ဒီညောင် သာယာကွင်းမှာနေတာ ဘယ်လောက် ကြာပြီလဲခင်ဗျာ"

"ဒီလို ဆရာရေ…ဟိုဘိုးစဉ် ဘောင်ဆက်ကတည်းကဗျ။ ကျွန်တော့် အဖေက ဦးမှတ္တကြီး(ပအိုဝ်း) ကျွန်တော့် အမေက ဒေါ်စောရင်(ကရင်) တိုင်းရင်း သားတွေ။ အဖေတို့က လယ်ဧက ၁၀၀ ကျော်ပိုင်တာ။ ဒီတစ်ကွင်းလုံး ညောင် ကားယားကွင်းမှာလည်း အမေ့လယ် တွေပဲဗျ။ ခုတော့ နည်းသွားပါပြီ"

"ဟုတ်တယ်ကွ။ ကိုခင်မောင်တို့ လယ်တွေချည်း။ ခုလည်း လယ်ဧက ၅၀ ကျော်ကျန်သေးတယ်။ သူက



ဗုဒ္ဓပုံတော်များရှေ့ ဆရာပထမဦးအောင်သူ၊ ဒေါ်အေးကြည်နှင့် ဦးခင်မောင်တို့ အတူတွေ့ရစဉ်



www.burmeseclassic.com

www.burmeseclassic.com

အဲ···အဲ ဒါမှ သုံးရတာဗျ။ ဒီကွင်းက ကျိန်စာသင့်ထားတယ်လို့ ရှေးလူကြီးတွေက ပြောခဲ့တာကို မှတ်ထားရပါတယ်"

"ဟုတ်ကဲ့၊ ကွင်းကြမ်းတယ်ဆိုတာကရော ခင်ဗျာ"

"ဒီလိုဆရာရဲ့ ဟောဒီ ညောင်ကားယားတို့ ညောင်ပင်သာယာကွင်းတွေက မြွေပွေး မြွေဟောက်၊ ငန်းတော်ကျားမြွေတွေ့ သိပ်ပေါတာ။ ညစ်ညစ်ညှမ်းညှမ်းဆိုရင် မသိလိုက်ရင် ခွင့်လွှတ်တယ်။ သတိပေးတယ်။ သိလျက်သားနဲ့ လုပ်လို့ကတော့ မာကာလသွားမယ်။ အဲဒီလောက်ကြမ်းတယ်၊ သတိထားရတယ်ဗျ"

"ဟုတ်လားခင်ဗျာ တော်တော်ကြမ်းတာပဲ"

"မှားလို့ရှိရင် ခု ကိုခင်မောင် အိမ်ရှေ့ မြေပက်ကွဲထဲက မြွေဟောက်ကြီး ထွက်ပြီး ပါးပျဉ်းခွက်ပြတယ်။ တောင်းပန်လိုက်မှ ငြိမ်ငြိမ်သွားပြီး ပြန်ဝင်သွားတယ်"

"ဟုတ်တယ် ဆရာ။ ဆရာဦးအောင်သူ အသိဆုံး။ ဒီဘုရားတည်တုန်းက ဆရာကိုယ်တိုင် ရှိတာပဲဗျ"

"ဟုတ်ကဲ့ ဆက်ပါဦး"

"အဲဒီလို နွေရာသီရောက်ပြီဆိုရင် ကျွန်တော်တို့ သောက်ရေ သုံးရေ ရှားပါးလို့ အိမ်နားမှာ ကန်တူးကြရတယ်။ ဒါမှ မိုးတွင်းမိုးရွာတော့ ရေပြည့် နွေကျတော့ အဆင်သင့် သောက်လို့သုံးလို့ရတာ မဟုတ်လား။ ရေအသက် တစ်မနက်လေ ဆရာရဲ့ ဟဲဟဲဟဲဟဲ"

"အောင်မင်းခေါင်ဓမ္မစေတီ စတည်ပုံလေး ရှင်းပါဦး"

"အဲဒီလို နွေရာသီမှာ ကန်တူးတော့ နွေခင်းဘက် သိပ်ပူတော့ ညကျရင် လသာသာနဲ့ သီချင်းလေးတအေးအေးနဲ့ တူးတာက သိပ်ပြီး ပြီးလွယ်တယ်။ မော်ရပန်းရမှန်းလည်း မသိဘူးဗျ။ ဒီတော့ ကျွန်တော်နဲ့ ကျွန်တော့်ဇနီး မအေးကြည်တို့ တစ်ယောက်ကတူး၊ တစ်ယောက်သယ်ပေါ့ဗျာ။ တူးကြဖို့ကြတာ ညတိုင်းလိုလိုပဲ။ ငယ်လည်းငယ်သေးတော့ နင်လားငါလား အလုပ်လုပ်နိုင်ကြပါတယ်"

"ကိုခင်မောင်တို့ အဲဒီဘုရားတည်ဖို့ စတဲ့ ခုနှစ်က မှတ်မိသေးလား"

"၁၉၉၂ ခုနှစ် ခုလို တပေါင်းလမှာပဲ။ တစ်ညမှာ ကျွန်တော်တို့ ထုံးစံအတိုင်းတူးနေရင်း ကျွန်တော့်မိန်းမ မအေးကြည်က ဘာကြီးပါလိမ့်ဟု ဆိုတဲ့အသံကို ကြားတော့ ကျွန်တော်ပြေးပြီးတော့ မှန်းစမ်း မှန်းစမ်းဆိုပြီး ကိုင်ကြည့်တော့ ရုပ်တုဗျ။ တင်ပျဉ်ခွေထိုင်လို့။ ဒါကို ကျွန်တော် လရောင်နဲ့ကြည့်လိုက်တော့ အဘဘိုးမင်းခေါင်ရုပ်တု ဖြစ်နေတာ။ အံ့အားသင့်ပြီးတော့ မအေးကြည်···အဲဒါ အဘဘိုးမင်းခေါင် ရုပ်တုပဲ့။ တို့ကိုးကွယ်တဲ့ ဘိုးတော်ပုံ။ လာ·· လာ အိမ်ပြန်ကြမယ်။ တို့မနက်ကျရင် ရန်ကုန်က အမေစိန်ဆီ သွားပြမယ်လို့ ပြောပြီး ပြန်ခဲ့တာပေါ့"

"ဒါဆိုရင် ဘုရားကျောင်းပေါ်မှာ တင်ထားပေါ့ရှင်လို့ မအေးကြည်က ကျွန်တော့်ကို ပြောတယ်။ သူလည်း အားရဝမ်းသာ ရှိခိုးပြီး ဆုတွေတောင်းတော့တာပေါ့"

"နောက်နေ့ ရန်ကုန်သွားပြရော လား"

"ဟုတ်တယ်။ ကျွန်တော်တို့လင်မယား အဘရုပ်တုကို ရေချိုးသန့်စင်ပြီး သန့်ရှင်းတဲ့ မျက်နှာသုတ်ပဝါနဲ့သုတ်ပြီး ရန်ကုန်က ဟို···ဗိုလ်အောင်ကျော်လမ်းမှာနေတဲ့ အမေဒေါ်မြစိန်နဲ့ သူ့သား သိပ္ပံဦးမြင့်ဦးတို့ဆီ ယူသွားတယ်။ ကျွန်တော်တို့ ဟို···သူတို့တိုက်ရှေ့ ရောက်တော့"

"အမေစိန် အမေစိန်ရေ ကျွန်မတို့ပါ"

"ဟဲ့···ဘယ်သူတွေလဲတော်။ ဩော်···မအေးကြည်တို့ လင်မယားပါလား။ လာကြ···လာကြ···ထိုင်ထိုင်။ ညည်းတို့က ဘာကိစ္စရှိလို့လဲ။ ရေကြီးသုတ်ပျာနဲ့ မလာစဖူး အလာထူးတော့ ငါ ဘာကူရမလဲ"

"ဒီမှာကြည့်ပါဦး အမေ။ ရှေ့·· ယူကြည့်ပါ"

"ဟာ···အေးကြည်မရယ်။ ဝမ်းသာလိုက်တာကွယ်။ အဘက မို့ဆီလာမယ်လို့ အိပ်မက်ပေးထားတယ်။ ကဲ···ကဲ···နင်တို့ အဘပုံတော်ကို ဘယ်လိုရခဲ့သလဲ ပြောစမ်းပါဦးဟဲ့"

"ကျွန်တော်တို့ ဖြစ်ကြောင်းကုန်စင်ကိုပြောပြလိုက်တော့မှ အမေကြည်က လှေကားအပေါ်သို့ ခေါ်သွားပြီးတော့ ဘုရားကျောင်းဘက်ရှိ ဝိဇ္ဇာကြီးများ စင်နန်းမှာ အဘဘိုးမင်းခေါင်ပုံတော်ကိုတင်ပြီး ဦးချကန်တော့ပြီးမှ"

www.burmeseclassic.com

"အဘရေ··သမီး ဒီနေ့ကစပြီး အဘအမည်နဲ့ ဘုရားတစ်ဆူတည်ပါရစေဘုရား။ အဘ မစတော်မူပါ"

"အဲဒီလိုဆို အဘနဲ့ ဝိဇ္ဇာကြီးတွေကို ကန်တော့ပါတယ်ဗျာ"

"နောက် ဒေါ်မြစိန်က ဘာပြောသေးလဲ ဦးခင်မောင်"

"ဒီမှာ ငါ့သားနဲ့သမီး နင်တို့ကို ငါ ထူးခြားတာပြောဦးမယ်။ မကြာခင်က ငါအိပ်မက်မက်တယ်။ နင်တို့ကွင်းထဲမှာ ဘုရားတည်ရမယ်။ ဒါတင်ဘယ်ဟုတ်မလဲ။ ခု နင်တို့နေတဲ့နေရာမှာ မြို့သစ်ကြီး ဖြစ်လာလိမ့်မယ်။ ကြက်ပျံမကျစည်ကားလိမ့်မယ်လို့ အဘက အိပ်မက်ထဲမှာ ပြောဖူးတယ်။ ဒီတော့ ငါ ခုတစ်ခါတည်းမေးမယ်။ နင်တို့ ဘုရားတည်ဖို့ မြေလှူနိုင်မလား"



ဘိုးတော်အောင်မင်းခေါင်ကြီးနှင့် နာဂရိုင်း

"ဟုတ်ကဲ့ လှူပါ့မယ်လို့ ကတိပေးပါတယ်လို့ ဖြိုင်တူ ပြောလိုက်ပါတယ်"

"ဒါဆို ဘယ်နှစ်က တည်ထားသလဲခင်ဗျ"

"ကျွန်တော်နဲ့ အမေဒေါ်မြစိန်သူ့သား သိပ္ပံမြင့်ဦးတို့ သားအမိက ၁၉၉၂ ခုနှစ်မှာ ဘုရားဒါယကာ၊ ဒါယိကာမအဖြစ်နဲ့ ဒီအဘဦးအောင်သူက ဦးစီးနာယကပြုလို့ ကိုးတောင်ပြည့်စေတီတစ်ဆူ တည်ထားခဲ့ပါတယ်။ ကိုးနဝင်း မိုးလင်းမှသိမယ် ဆိုတာပေါ့ဆရာ"

"ဘွဲ့တော်ကို ဘယ်သူက ပေးခဲ့တာလဲခင်ဗျာ"

"ဟောဒီ···ပထမံဆရာကြီး ဦးအောင်သူနဲ့ ဆရာတော်ကြီး ဦးပဏ္ဍိတတို့ ညှိနှိုင်းပြီး အောင်မင်းခေါင်ရုပ်ပုရတဲ့အတွက် အောင်မင်းခေါင် မွေစေတီလို့ ပေးလိုက်ပါတယ်။ ခုတော့ ရွှေဘုရားလေးလို့ လူသိများလာကြတယ်"

"မြေကိုတော့ ဦးခင်မောင်တို့လှူတာပါလား"



ပထမံဆရာကြီး ဦးအောင်သူ တည်ထားသော မုစ္စလိန္ဒပွားတော်များ



www.burmeseclassic.com

www.burmeseclassic.com

"မြေကိုတော့ ပဟာဒီ ဆာဒူး ခင်မောင်၊ ဇနီးဒေါ်အေးကြည်၊ သားကြီး မောင်အေးနှင့်ဇနီး၊ အစိုးကားနှင့်ဇနီး၊ ထကြွားနှင့်ဇနီးတို့က လှူဒါန်းကြပါတယ်"

"ဆရာ ခုနကပြောတဲ့အထဲ ဒလ မြို့သစ် တည်မယ်ဆိုတာရော"

"ဟုတ်တယ် ဘုရားပန္နက်တော် တင်တဲ့နေ့ ဒလမြို့သစ် မြေတိုင်းထွာ ရေး ပြုလုပ်တည်ထားတာနဲ့ တစ်ပြိုင် နက်ပါပဲ ခုတော့ ကြက်ပျံမကျ စည် ကားနေတာကို မောင်ရင်တို့ တွေ့ကြ ပြီမဟုတ်လား။ ဝိဇ္ဇာဓာတ်နဲ့ ကြိုတင် နိမိတ်ပေးခဲ့တာ သိပ်မှန်တာပဲ မလွဲ သွားဘူးလေ"

"ဆရာ ဆာဒူးဆရာခင်မောင်လို့ ဘာလို့ခေါ်တာလဲ"

"ဒီလို ဆရာခင်မောင်က ဟိန္ဒူ လူမျိုးတို့ယုံကြည်မှုအတိုင်း သီဝဘုရား၊ ပါရာဝတီနဲ့ ကာလီမန်မယ်တော်၊ သူရ သတီ၊ လက်ချပ်မီးမယ်တော်၊ အပြင် မှာ အဘဘိုးမင်းခေါင်၊ ဘိုးဘိုးအောင် တို့ ဝိဇ္ဇာကြီးတွေပုံတွေလည်း ကိုး ကွယ်တယ်။ လာ . . . ဆရာခင်မောင် ဘုရားကျောင်းသွားဖူးကြမယ်။ ဒီ ကျောင်းမှာ ဘုရားတွေ ငါတည်ထား တာ"

"ဟုတ်ကဲ့ လာပါ လာပါ ဆရာ တို့ ဒီနေရာမှာ ကျွန်တော် ကန်တော့ရင်း ပါတယ်။ အဲဒါ အခု ကျွန်တော်ကိုး ကွယ်ထားတဲ့ အဘဘိုးတော်အောင် မင်းခေါင် ရုပ်တုပါခင်ဗျာ ဒီမှာကြည့်ပါ"

"ဟုတ်တယ် ဆရာဦးခင်မောင် ကျွန်တော် လေးစားကြည်ညိုတာ ပဲ။ ဒါကြောင့် ဆရာဦးအောင်သူက ဆာဒူးလို့ခေါ်တာနဲ့ တူပါရဲ့။ လူမျိုးခြား ပေမယ့် ဘာသာအယူဝါဒ တူသူထဲမှာ ဆရာ့ကို ကျွန်တော်လေးစားမိပါတယ်"

"အဲ . . . တစ်ခုပြောရဦးမယ်။ ဘုရားတည်နေစဉ်မှာ ဘာလို့ ဓာတ် ပျက်တယ်မသိဘူး။ လူတွေ သေကြ တယ်။ သိုက်ကခေါ်တာနဲ့တူပါရဲ့။ တော် တော်ကို စိတ်ဓာတ်ကျစရာဖြစ်တယ်။ တချို့ဆိုရင် ဘယ်ဆက်တည်တော့မှာ လဲ"

"ဟုတ်တာပေါ့ ဆရာရယ်။ ကျွန် တော်တို့က ဇွဲကောင်းကောင်းနဲ့မို့ တည် နိုင်ကြတာ"

"ခုတော့ အောင်မြင်သွားပါပြီ။ အားလုံး စိတ်ချမ်းသာပြီမဟုတ်လား"

"ဟုတ်ကဲ့ဆရာ တော်တော် ပျော်သွားပါတယ်။ ဆရာတို့က ကျွန် တော့်ကိုအားပေးတာ ပိုပြီးပျော်ပါတယ် ခင်ဗျာ။ ဒီလို တကူးတကလာကြတယ်။ ကျွန်တော်တို့ချက်တဲ့ ထမင်းနဲ့ ပဲဟင်း ကို မြိန်မြိန်သုံးဆောင်ပါဦး"

"ဟုတ်ကဲ့ ထပ်တူ ဝမ်းမြောက် ပါတယ်ခင်ဗျာ။ အကြိမ်ကြိမ် သာဓုခေါ် ပါတယ် ဦးခင်မောင်ခင်ဗျာ"

"ကဲ . . . ဆရာ ထမင်းသုံးဆောင် ဖို့ ကြွပါခင်ဗျာ"

ဆာဒူးဦးခင်မောင်သည် အသား မည်းမည်း၊ အရပ်ရှည်ရှည်၊ ဆံပင်များ တွန့်လိမ်ကွေးကောက် ရှပ်ထွေးလျက်ရှိ၏။ စေတီ ရင်ပြင်တော်ပေါ်တွင် နေ့စဉ် တံမြက်လှည်း၊ ဘုရားပန်း၊ ရေချမ်း၊ ဆီ မီး ကပ်လှူပူဇော်ခြင်း၊ သူ၏ကျင့်စဉ် သည် နေ့မိုးဆောင်း ဘယ်သောအခါမှ ခန္ဓာကိုယ်အပေါ်ပိုင်းတွင် အင်္ကျီဝတ် လေ့မရှိ။ ထိုသို့ နိစ္စဓူဝ ဆောင်ရွက်ပြီး လျှင် ရန်ကုန်ဘက်သို့ ခြေလျင်လျှောက် ၍လာသည်က သူ့ရဲ့နေ့စဉ်အလုပ်။ ဒါ လည်း မြေလျှောက်ဝိဇ္ဇာတို့၏ ကျင့်စဉ် တစ်ခုပါ။ ယခု အောင်မင်းခေါင် ဓမ္မ စေတီတော်တွင် ရွှေသင်္ကန်းကပ်လှူ ခြင်း၊ ကျောက်ပြားခင်းခြင်း၊ ရုပ်တုများ အသစ်ပူဇော်ခြင်း၊ အမေမြနန်းနွယ်နှင့် ဘုမ္မိယတို့နန်း ဆောက်လုပ်လှူဒါန်းခြင်း၊ ဘုရားကြည်ညိုပြီး မြန်မာလူမျိုး ဗုဒ္ဓ ဘာသာကဲ့သို့ လေးစားကြည်ညိုတတ် သူတစ်ဦးကို ကျွန်ုပ်တို့ မျက်ဝါးထင်ထင် တွေ့ခဲ့ရသဖြင့် ဆရာခင်မောင်သည် ဗုဒ္ဓ ၏သားတော်အစစ်၊ ဘိုးတော်ဝိဇ္ဇာကြီး များ၏ သားတပည့်တစ်ဦး ဖြစ်နေပါ မည်။ ဘုရား၊ တရား၊ သံဃာ ရတနာ မြတ်သုံးပါး ကြည်ညိုလေးစားသူ ဖြစ် ၏။ ကျွန်ုပ်တို့ ဆရာခင်မောင်၏ အောင် မင်းခေါင်ဓမ္မစေတီ ဗုဒ္ဓပူဇနီယပွဲတော်မှ သည် သာဓုသံမြိုင်မြိုင်ခေါ်ကာ ကောင်း ချီးထောပနာပြု မှတ်တမ်းတင်လိုက်ပါ တော့၏။

အောင်မင်းခေါင် ဓမ္မစေတီတော် အား ဖူးမြော်မှတ်တမ်းတင် ရေးသားနိုင် ရန်စီစဉ်ပေးသူ ပထမံဆရာကြီးဦးအောင် သူနှင့် ဆာဒူးဆရာဦးခင်မောင် မိသား စုတို့အားလုံး၏ လှူဒါန်းမှုအစုစုတို့အား သာဓုအကြိမ်ကြိမ် ခေါ်ဆိုပြီး ကျေးဇူး ဥပကာယ တင်ရှိပါကြောင်း မှတ်တမ်း တင် ဂုဏ်ပြုအပ်ပါသည်။

မင်းတိုင်ပင်(မြရောင်မြေ)



www.burmeseclassic.com

www.burmeseclassic.com

# ဝိဇ္ဇာထိပ်ခေါင် ဘိုးတော်အောင်မင်းခေါင်

## တည်ထားပူဇော် သုံးပါးကပ်ကျော်

# ကိုးနဝင်း ကမ္ဘာအေးစေတီတော်

မင်းတိုင်ပင်(မြရောင်ရော)



"အရှေးဘုရား မဖူးကြွား ဘီလူးစားလိမ့်မယ်"

"ဘုရားလေးငယ်ငယ် ကိုးတောင်ပြည့်တည်၊ ငယ်သာငယ် ကယ်ဆယ်မယ့်ဘုရား ဓာတ်ကောလီ သုံးဆယ်ကူးရအောင်ကွယ် ဖူးကြအများ"

လွန်ခဲ့သော နှစ်ပေါင်း ၆၀ကျော်က ကျွန်ုပ်တို့ ဒေသတစ်ခုလုံး ဆိုကောင်း ရွတ်ကောင်းနှင့် တေးထပ်လိုလို၊ သဖြန့်လိုလို၊ မြိုင်ထလိုလို ဆိုကောင်းကောင်းနဲ့ ဆိုခဲ့ကြ၏။ အဓိပ္ပာယ် မေးတော့ ရေရေရာရာမသိကြပေ။ အရှေးဘုရားဆိုတော့ အံ့ဩစရာပါ။ မဖူးရင် ဘီလူးစားခံရလိမ့်မယ်။ အဲဒီတုန်းက ဟိုရေကြည်ကုန်း ဟသာ်ာတဘက်မှာက မယ်ကုဝဏ်ဘီလူးမကြီး ပေါ်ခဲ့ဖူးတော့ သူ့ဂုဏ်ပဲစားတော့မလိုလို၊ နောက်ထပ်ရောက်လာပါလက အိမ်ရှေ့မှာ ထွက်ဝက်သားတစ်ပိဿာချက်နဲ့ ဆန်တစ်ပြည်ချက်ပြီး မြှောက်ရမတဲ့။ ဒါလည်း မယ်ကုဝဏ်ဘီလူးမကြီးနဲ့ ဦးရှင်ကြီး ညားတော့သလိုလိုပြောကြတော့ ကြောက်ကြောက်နဲ့ ထွက်မြှောက်။



www.burmeseclassic.com

www.burmeseclassic.com

...ကြိတ်မှာ စက္ကူလေးကိုကွင်း ခွဲ ...ဘီလူးက မစားဘူး၊ ကလေးတွေ ...ရွှေစားမှာဆိုတော့ မိဘတွေက ...တို့ရင်နှစ်သည်းချာ သားသမီးရတနာ ...ကို အထိမခံ၊ စေတနာမေတ္တာတွေ ...ထဲတော့ ကြားထဲက ဝက်တွေ သေ ...ကြရတာ မပြောပါနဲ့။

နီတော့ အရှုံးဘုရား မဖူးကြား ...ဘီလူးစားလိမ့်မယ်ဆိုတဲ့ တဘောင်က ...ည်း ရေပန်းစားပြန်။ ဟိုအတိတ်နှစ် ...၆၀ ကျော်ကာလကို ပြန်ဆန်းစစ် ...အောင် ကြည့်လိုက်ကြပါစို့။

...တော ညောင်ရွှာသည် သမုဒ္ဒ ...နှင့် ဥမ္မာဒန္တီတို့ နန်းစိုက် ...သော ပုသိမ် ၃၂ မြို့တွင် ...သည့် ပန်းတောရွာ မွန်တို့ ...၍ မွန်အခေါ်အရ ကျိုက် ...ဟု သမုတ်ခဲ့၏။ နန်းမြို့ရိုး ...နေရာဟောင်းများရှိနေဆဲ ...ဆိုမင်း၊ မိဖုရားနှစ်ပါးတို့၏ ...ကျေးဇူးကြောင့်၊ ကုသိုလ်ပြု လှူဒါန်းခဲ့ ...စေတီတော်၊ ရွှေပါရုံစေတီ ...ဗိုင်းကြီးစေတီတော်၊ လှေတော် ...တော်၊ နန်းဦးစေတီတော်တို့ ...သမိုင်းဝင် ရှေးဟောင်းအမွေ ...များ ဖြစ်ကြပါသည်။ ထိုမြင် ...တိုက်ကျောင်းတော်ကြီးသည်း ...ဘုရားကြီးကျောင်း၊ မြို့ရိုးဒွါရ ...ကျောင်းတိုက်၊ ထန်းတောကျောင်းတိုက် ...ည့် သမိုင်းဝင်များ ဖြစ်ပါ၏။

ယခု ပုသိမ်-မုံရွာ ကားလမ်းမ ...ညာဘက် ရေကြည်မြို့အဝင် ...ကျောင်းကုန်းရွာအနီးရှိ လယ်ကွင်း ...လမ်းဘေးမှ ဦးဆိုင်းအုတ်ကြီး အားမြင်ရလျှင် သုံးပါးကပ်ကျော် ကိုး နဝင်းကမ္ဘာအေး ဆုတောင်းပြည့်စေတီ တော်သည် အတိတ်က အရှုံးဘုရားဟု မှည့်ခေါ်ခဲ့ခြင်းဖြစ်၏။ ဤနေရာ စာတ် ပန္နက်စိုက်ရာတွင် အဘိုးကြီးတစ်ဦးနှင့် ပုဆိုးကွက်တုံး အင်္ကျီညစ်ပေပေနှင့် လွယ်အိတ်ကြီးကိုလွယ်ကာ ကလိုက် ခုန်လိုက်နှင့် ရှုံ့စေးများဖြင့် စေတီ၊ တန်ဆောင်း၊ ဂူကျောင်းပြာသာဒ်၌ စုလစ်မွမ်းချွန်၊ ကနုတ်ပန်း၊ ယိုးဒယား ပန်း၊ ခြူးပန်းခြူးနွယ် စိသုကာပညာရှင် တစ်ဦး၏ လက်ရာမွန်ဖြင့် ထုဆစ်ရေး ခြယ်ထားသလို မြင်ရသူတိုင်း အံ့ဩ ချီးမွမ်းကြရ၏။ ထိုအဘိုးကြီးက အရှုံး ဘုရား မဖူးကြား ဘီလူးစားလိမ့်မယ်၊ ဘုရားလေးငယ်ငယ် ကိုးတောင်ပြည့် တည်၊ ငယ်သာငယ် ကယ်ဆယ်မယ့် ဘုရား၊ ဓာတ်တော်လီ သုံးဆယ်ကူး ရအောင် ကွယ်မှုကြအများ တတွတ် တွတ်ဆို၍ အသံမျိုးစုံ လေယူလေသိမ်း မျိုးစုံဖြင့် ဆိုပြနေ၏။ ထိုသို့ ဆိုနေသည့် ကြားက မကြာခဏ ပျောက်၍ပျောက် ၍ သွားတတ်၏။

ရှင်ပြုရဟန်းခံပွဲ

အဘကိုယ်တိုင်ဆင်နွှဲ

ရေကြည်မြို့ နေဝင်းရပ်ကွက် (၃) လမ်း၊ ယခင် ကုန်သွယ်ရေး မြို့နယ် မန်နေဂျာ ဦးကြီးမြင့်၊ ဒေါ်မြင့်မြင့်အုန်း (က/သ လယ်ယာ)တို့၏ ရင်နှစ်သည်း ချာ သားလေးများကို ပဗ္ဗဇ္ဇတအမွေ ရှင် သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်မည်။ ထိုမှတစ်ဆင့် မြင့်မြတ်သော ရဟန်း ဘဝသို့ သွတ်သွင်းမည်ဟူသော ရည် ရွယ်ချက် စေတနာဖြင့် ရှင်ပြုရဟန်းခံပွဲ ကျင်းပနေသည့်နေ့၌ ပုဆိုးကွက်တုံး၊ တိုက်ပုံအင်္ကျီ ပင်နီရောင်၊ ဘိုကောခံ တောက်နှင့် လွယ်အိတ်ကြီးကိုလွယ်၍ ထိုအလှူအိမ်သို့ မဖိတ်ကြားပါဘဲ တန်း တန်းမတ်မတ်ဝင်၍ အိမ်ရှေ့ဘုရားခန်း ရှေ့တွင် တင်ပျဉ်ခွေ ချိတ်ထိုင်နေပါ၏။ ထိုဧည့်မောင်နှံသည် ဗုဒ္ဓဘာသာအပေါ် ယုံကြည်အားထား ကြည်ညိုလေးစား ခြင်း၊ ရဟန္တာကြီးများနှင့် စိဒ္ဓါကြီးများ အား ကိုးကွယ်ဆည်းကပ်ခြင်းတို့တွင် သူမတူအောင် ဆောင်ရွက်ကြသူများ ဖြစ်ကြပါသည်။ ထို့နောက် ထိုခေါင်းရင်း



www.burmeseclassic.com

တွင်ထိုင်နေသော အဘိုးအိုကြီးကပင် စကားစလိုက်ပါတော့သည်။

"အဟမ်း . . .အဟမ်း၊ ငါ့သားတွေ၊ သမီးတွေ ရဟန်းခံရှင်ပြုအလှူကို အဘကိုယ်တိုင် ကြွရောက်ချီးမြှင့်မယ်ဟေ့"

"ဝမ်းသာပါတယ် အဘခင်ဗျာ၊ ကြွပါ. . .ကြွပါ"

"အေး. . .အဘ သားတွေ၊ သမီးတွေဆိုတော့ အဘလာချီးမြှင့်ရမှာပေါ့"

"မှန်ပါတယ် အဘ"

"ကဲ. . .ဟောဒီ ညာဘက်အင်္ကျီအိတ်ထဲမှာ မင်းလို့အလှူမှာကျွေးဖို့ ဆန်နှံ့ဆီတစ်လုံး။ ဟောဒီမှာက မန်ကျည်းရွက် လက်တစ်ဆုပ်၊ ဒီမှာ ကြက်သွန်နီ၊ မြေပဲနဲ့ထောင်းပြီး သုပ်ကျွေး။ ဒါက ဆီတစ်ပုလင်း။ အဲဒါကျွေးရင် လာတဲ့ပရိသတ် လောက်ပါတယ်။ ပိုတောင်ပိုဦးမယ် ဟားဟားဟားဟား"

"ဟုတ်ကဲ့ အဘ၊ ကျေးဇူးတင်ပါတယ်။ ရေနွေးကြမ်းနဲ့ လက်ဖက်သုပ် သုံးဆောင်ပါဦး"

"အေး . . .ဝမ်းသာတယ်ဟေ့။ ကဲ. . .ဒီတော့ ဟောဒီမှာ ရွှေမိုးငွေမိုး ရွာဖို့ ပိုက်ဆံတွေ။ ကဲ. . .သမီးယူပါ။ ယူပြီးလှူပါ။ အဘ ဝမ်းသာတယ်ကွယ်"

"အဘခင်ဗျာ ထမင်းသုံးဆောင်ပြီးမှ ပြန်ပါ အဘ"

"အိုကွယ်. . .အဘမှာ ကိစ္စတွေများသဟ။ ဒီတော့ လှူပြီးပြန်မှာ၊ ကျေနပ်ပါကွယ်"

ထိုအဘိုးကြီးသည် မည်သူမည်ဝါဆိုသည်ကို မသိရဘဲ လမ်းထဲမှနေ၍ ပျောက်သွားတော့၏။ ထိုအဘိုးအိုပေးခဲ့



သော ဆန်စေ့နှင့် အကြွေစေ့၊ မတ်စေ့၊ မူးစေ့၊ ဆယ်ပြားစေ့များ ထိုအိမ်ရှင်များ အိမ်တွင် ယနေ့တိုင် ရှိနေသေးကြောင်း မြေဝိုင်းအင်စပက်တော် အစ်ကိုကြီး ဦးတင်ဦး မကွယ်လွန်မီက ကျွန်ုပ်ကို ပြောပြသွားခဲ့ပြီး သူတို့က တစ်လမ်းတည်းနေသူများဖြစ်၍ ခင်မင်ရင်းနှီးသူများဖြစ်ကြောင်း ပြောပြခဲ့ဖူးပါသည်။

## သမိုင်းရာဇဝင်ထဲက မြို့တော်

ရေကြည်မြို့သည် ရှေးဟောင်းသမိုင်းဝင် မြို့တစ်မြို့ဖြစ်ပြီး သက္ကရာဇ် ၆၂၅ ခုနှစ်တွင် သမုဒ္ဒယောသမင်းနှင့် ဥမ္မာဒန္တီမိဖုရားတို့ နန်းစိုက်၍ ပုသိမ် ၃၂ မြို့တွင် ပါဝင်သောမြို့ ဖြစ်၏။ ရှေးမွန်အခေါ် ကျိုက်တမော့ဟု ထင်ရှားပြီး ပန်းတောမြို့ ပန်းပေါ်မြို့ဟု ပန်းများ အလွန်ပေါသည်တို့ အကြောင်းပြု မှည့်ခေါ်ခဲ့၏။ ထိုမှတစ်ဆင့် ငဝန်မြစ်မှ စီးဆင်းသောချောင်းကို ဖြတ်ကျော်စဉ် ဥမ္မာဒန္တီမိဖုရား ချောင်းရေကို ကြည်လှ

တဲ့ရေဟုဆိုသဖြင့် ထိုရေကို ကြည့်၍ မျက်နှာသစ် ခေါင်းဖြီးလိမ်းခြယ်ပြုလုပ် ခြင်းကို အစွဲပြု၍ ပန်းတောမှ ရေကြည် သို့ ပြောင်းလဲလာခြင်း ဖြစ်သည်ဟု အဆိုရှိပါ၏။ သမုဒ္ဒယောသနှင့် ဥမ္မာဒ မိဖုရားတို့ သံတိုက်မှ ဒွေးရဇာရာ နှင့် စစ်ထိုးကြခြင်းဖြင့် စစ်နိုင်သော ဖြစ်၍ အထိမ်းအမှတ် စေတီပုထိုး ကျောင်းဇရပ်များကို တည်ထားပြီး နန်း စိုက်သော မြို့ဖြစ်ခဲ့ပါ၏။ ငဝန်မြစ်က ၁၉၀၂ ခုနှစ် အင်္ဂလိပ်အစိုးရလက် ထက်မှ ရေကာတာကြီးတည်ဆောက် ရေကြည်ချောင်းနှင့် အဆက်ပြတ်သွား ပြီး ချောင်းကောဖြစ်သွား၏။ ပုသိမ် ကြံခင်း မီးရထားလမ်းသည်လည် ၁၉၀၂ ခုနှစ်တွင် ဖောက်လုပ်ခဲ့ကြောင် ထို့ကြောင့် ရေကြည်မြို့ပတ်လည်တွင် ထူးခြားသော ဝိုင်းရံထားသည့် ကန်း ကန်။ ချောင်းကိုးချောင်း၊ ငှက်ကိုးငှက်ရှိသော ဒေသဖြစ်နေပါသည်။ ထိုကန်း ကန် အား ရေတွက်ကြည့်သော် (၁) ဘုရာ

www.burmeseclassic.com

ကြီးကုန်။ (၂) ချင်းကုန်။ (၃) ရုပ်သေးကုန်။ (၄) စလင်းကုန်။ (၅) နတ်ထမင်းကုန်။ (၆) ဘိုးသူတော်ကုန်။ (၇) ရွှေကျောင်းကုန်။ (၈) အင်းလျားကုန်။ (၉) ကွင်းခြံကုန်းတို့ ဖြစ်ကြ၏။ ထို့အတူ ချောင်းကိုးချောင်းမှာ (၁) ဘုရားချောင်း။ (၂) သံဒင်းချောင်း။ (၃) ကျားချောင်း။ (၄) ကုလားချောင်း၊ (၅) ဝီတောက်ချောင်း။ (၆) ပန်းတောချောင်း။ (၇) လက်ပံချောင်း။ (၈) ဆင့်ကူးချောင်း။ (၉) သပြေချောင်းတို့ ဖြစ်၏။

တစ်ခါ ငူကိုးငူကို ရေတွက်ကြည့်လျှင် (၁) ညောင်ငူ၊ (၂) ကိုင်းငူ၊ (၃) သက်နိန်းငူ၊ (၄) ဘုရားငူ၊ (၅) နတ်စင်ငူ၊ (၆) ကညင်ငူ၊ (၇) ကြို့ငူ၊ (၈) ထိန်ငူ၊ (၉) ပေါက်ငူတို့ ဖြစ်ကြပါသည်။ ထိုသို့ ထင်ရှားသော အကြောင်းအရာများကြောင့် ယခုတင်ပြမည့် ရွှေကျောင်းကုန်းနှင့် ညောင်ငူအနီး၌ ထိုအဘိုးအိုကြီးက တဘောင်ကိုရွတ်၍ ကိုးတောင်ပြည့်စေတီအား ကိုးရက်နှင့် အပြီးတည်ထားပြီး ကိုးနဝင်း မိုးလင်းမှ သိမယ်ဟုဆိုကာ ဘုရားဖူးပရိသတ်များအား ရွတ်ဆိုပြခဲ့ပါသည်။

ထိုဘုရားဒါယကာ ပုဂ္ဂိုလ်ထူးကြီးသည် အရှုးယောင်ဆောင်၍ ကိုးနဝင်းစေတီတော် ကိုးတောင်ပြည့်စေတီအား အပြီးသတ်တည်ထားကာ ပျောက်ချင်းမလှ ပျောက်သွားခဲ့သည်။ ထိုအဘိုးအိုကြီးသည် ဦးကြီးမြင့်၊ ဒေါ်မြင့်မြင့်အုန်း အိမ်ဂေဟာ အလျှုမဏ္ဍပ်သို့ ကြွရောက်ချီးမြှင့်သွားခဲ့သော ဝိဇ္ဇာထိပ်ခေါင် အဘဘိုးတော်အောင်မင်းခေါင်ကြီးပင် ဖြစ်ပါတော့သည်။

ပုဂ္ဂိုလ်ထူးကြီး ပျောက်သွားပြီး ဘုရားဂေါပကအဖွဲ့ အနီးဝါးတောရွာမှ ဦးအေးမောင်၊ ဦးတုတ်ကြီး၊ ဦးသောင်းကြည်၊ ဦးခင်သိန်းတို့ လိုက်လံစုံစမ်းကြည့်ကြရာ ပုသိမ်အနောက်ဘက် ဆင်မရေတိကောင်းရွာတွင် ဘုရားတည်၍ ကိုးနဝင်း မိုးလင်းမှသိမယ်ဟူသော တဘောင်ကို ရွတ်ဆိုသူသည်လည်း အဘအောင်မင်းခေါင်ကြီးသာ ဖြစ်နေသည်ကို တွေ့ရပါသည်။

## လိပ်စာမရှိတဲ့ ဝိဇ္ဇာ ဝင့်ကြွေးဆပ်ခံရခြင်း

ပုသိမ်အောက်ဘက် ငပုတော မြို့နယ် အုန်းချောင်းရွာတွင် အဘိုးကြီးတစ်ဦး မြုံးစုတ်ကြီးကို ပခုံးလွယ်၍ စည်ယွန်းကာ ကိုးနဝင်း မိုးလင်းမှသိမယ်။ ကြက်ကြီးနှစ်ခါတွန်တော့ တံငါကွန်ချောင်းရေဝဲရယ်က ဆွဲလျက်သာကယ် အစချီကာ စည်တော်ကြီးသီချင်းဖြင့် တို့လူလေးများ ဆိုသလေလေဟုဆိုကာ ကလေးများက နောက်မှနေ၍ ဝေလေလေဟု အော်ကြဟစ်ကြနဲ့ ရွာထဲရှုရှု ညံညံဖြင့် စည်ကားနေ၏။ ထိုအဘိုးကြီးက စည်ယွန်း၊ ကလေးများကအော်၊ ထိုကလေးများကို သိကြားလုံး၊ မုန့်များကျွေး၊ ကလေးများက အသံကုန်အော်ဟစ်၍ နေ့တိုင်းကြားနေရ၏။

တစ်နေ့တွင် ကမ်းခြေတစ်ရာ၌ အရက်ကိုးမောင်းသောက်၍ မူးလဲနေသော ထွန်းစိန်ဆိုလူသည် ထိုအဘိုးကြီးနှင့် ကလေးများ အော်ဟစ်ကြသည်ကို နားညည်းတယ်ဟုဆိုကာ ထ၍ ဝါးတုတ်ဖြင့်ရိုက်ခဲ့၏။ နေကာပူပူ သွေးကဆူနှင့် ရိုက်ချက်ပြင်းပြင်း ရိုက်သဖြင့် ခွပ်ခနဲဆို လဲသွားပါတော့၏။ ကျလိုက်တဲ့သွေး ခြင်းခြင်းနီလို့။ ထိုအဘိုးကြီးသည် လဲသွားပြီးနောက် ဖုန်ထဲတွင် လူးနေရ၏။ ကျလာသောသွေးများကို သူ၏ ပုဆိုးကွက်တုံးအဖြူနှင့်သုတ်၍ ကွဲသွားသောထိပ်အား ဖက်နှင့်ဖိလိုက်ရုံနှင့် ပြန်စေ့၍သွားသည်။ သွေးတိတ်ကာ အကောင်းပကတိ ဖြစ်သွား၏။ ထိုဖြစ်ရပ်ကို ရင်သပ်မနာဖြစ်ခဲ့သူသည် အိမ်ပေါ်မှကြည့်နေသူ ကိုအုန်းတင်ဟုသိရသည်။ သူက အတင်းပြေး၍ ပွေ့ထူပြီး



www.burmeseclassic.com

www.burmeseclassic.com

အဘာအား တွဲခေါ်ခဲ့သည်။ သို့သော် အဘိုးအိုက ဤသို့ပြောပါ၏။

"ထွန်းစိန်ရယ် . . . မင်းကို ငါ လိုက်ရှာနေတာ နှစ်ဘယ်ရှိပြီ [illegible] မင်းကို [illegible] တယ်ကွာ [illegible] ပါပြီကွာ၊ မင်း ငါ့ကိုခွင့်လွှတ်ပါ [illegible] နှင်ပါ"

ထိုနေ့မှစ၍ ရွာထဲတွင် ထိုအဘိုးအိုကြီး မတွေ့ရတော့။ ပျောက်ချင်းမလှ ပျောက်သွားခဲ့ပါတော့၏။ မှောက်တစ်လခန့်အကြာ . . .

ခင်မရေတော်ကောင်းအောက်တွင် ဘုရားတည်နေသည်ကို ဘုရားဖူး ပရိသတ်များဖြင့် [illegible] ကိုအုန်းဆောင် သွားရောက်ဖူးလိုသည့် အတွက် ဘုရားဖူးထွက်ခဲ့၏။ မဏ္ဍပ် ကြီးရှေ့တွင် နေရာမရသဖြင့် နောက် ဆုံးတွင် ထိုင်မည်ပြုရာတွင် အဘိုး အိုကြီးတစ်ဦးက ကိုအုန်းဆောင်အား လှမ်း၍ လက်[illegible]သည်။

"[illegible] . . . [illegible]ခဲ့ပါ မောင်အုန်းတင်၊ လူလေး၊ အတူထိုင်ကွ"

ကိုအုန်းဆောင် အဘာဆိုသော ပုဂ္ဂိုလ်ကြီးထံ သွားသည့်အခါ သူ့အိမ် ရှေ့တွင် ထွန်းစိန်ရိုက်ခဲ့သော အဘိုးအို ကြီး ဖြစ်နေပါ၏။

"ဟာ . . . အဘ . . . အဘက"

"ဟုတ်တယ် လူလေး၊ မင်း အရက်[illegible]ရောကွ"

"အဘကို ရိုက်ပြီးလို့ ခုနစ်ရက် လောက်အကြာမှာ ရေနစ်သေပါပြီ အဘ"

"အေး . . . သူ့ကြွေးရှိကဆပ်၊ ဝဋ်ကြွေးရှိ[illegible]ကျအောင်ဆပ်ရတယ်။ အဘတို့မှာ လိဝ်စာမရှိဘူး။ ငါ့သားနဲ့ တွေ့တာ ဝမ်းသာတယ်ကွယ်"

ဆိုဘုရားတည်သော အဘိုးအို ကြီးသည် ရေကြည့် ရွှေကျောင်းကုန်း ရွာ၌ အရှုဘုရား မဖူးခြား ဘီလူးစား လိမ့်မယ်ပဲ တဘောင်ရှုက်ဆို ကြည်ဖေး ခဲ့သော သုံးပါးကပ်ကျော်ဆုတောင်းပြည့် ကမ္ဘာ့အေးစေတီတော် ဘုရားဒါယိကာ ကြီး ဝိဇ္ဇာထိပ်ခေါင် ဘိုးတော်အောင်မင်း ခေါင်ကြီးပင် ဖြစ်နေပြန်ပါသည်။

## မျက်မှောက်ခေတ် သုံးပါးကပ်ကျော်စေတီ

ခေတ်အဆက်ဆက် ဘုရားဝေ ပက အမျိုးမျိုးတို့ [illegible] စောင့်ရှောက်ထိန်းသိမ်း၍ မြင့်လာခဲ့ ခြင်းကြောင့် ယခုအခါ ဉာဏ်တော် ၁၁ တောင်အထိ မြင့်လာပြီး ရင်ပြင်တော်၌ အဂ်တောများ [illegible] ဘုရား၏ နောက်ဘက်တွင် ရေမှာ၍ သစ်သားဖြင့် ဆောက်လုပ်[illegible]ကြောင့် အရှုများ နေထိုင်ကြပါသည်။ မှန်ပြီသည့် ဘုရား ကောကြီးဦးသော်ပြည့် ဥက္ကဌအဖြစ် ဆောင်ရွက်စဉ်က တည်ဆောက်ထား ပြီး မဟာရံတံတိုင်းအပြည့် မကာနိုင်၊ ရွှေစင်ရွှေသား လုံးတော်ပြည့် ကပ်ရွှေ ပူဇော်နိုင်ခြင်းမရှိ ဖြစ်နေပါ၏။

နှစ်စဉ် တပို့တွဲလဆန်း ၁၂ ရက် မှ ပြည့်နေ့အထိ ဗုဒ္ဓတိသောကာ ဘုရား ပူဇနီယပွဲတော် ကျင်းပခဲ့ကြပါသည်။ ရပ်[illegible] [illegible] ပတ္တာန်းပွဲ များဖြင့် ကျင်းပကြပါ၏။ ထိုအနီးရှိ ဝါး တောင်၊ ညှောင်ပုံ၊ ရှပ်သေးကုန်း၊ သစ် ခြောက်ပင်၊ ရွှေတောင်ကုန်းရွာတို့မှ [illegible] ပုသိမ်မှ [illegible] လမ်းဘေးတွင် အလှူခံမဏ္ဍပ်ထိုး၍ အလှူငွေ ကောက်ခံလှူဒါန်းလျက်ရှိပါ ၏။ မိုးအခါ ရေဝပ်၍ ချုံနွယ်ပိတ်ပေါင်း များနှင့် ဂါရဝမှ အဂါရဝအသွင် ဖူးမြော် နေရခြင်းမှာ စိတ်ထဲ၌ မဖကောင်း[illegible] သို့သော် အဘ ဘိုးတော်အောင်မင်း ခေါင်ကြီး ဓာတ်ပန္နက်ရိုက်၍ တဘောင် ကိန်းခန်းဖြင့် တည်ထားကိုးကွယ်သွား သည့် အရှုဘုရား မဖူးခြား ဘီလူးစား လိမ့်မယ်ပါသော သုံးပါးကပ်ကျော် ဆု တောင်းပြည့်ကိုးနဝင်း ကမ္ဘာအေးစေတီ တော်အား ရွှေသင်္ကန်းရောင် ဝင်းထိန် ပြောင်စို၍ သာသနိက အဆောက်အအုံ များနှင့် [illegible]ဆယ်သပ္ပာယ်စွာ ဖူးမြော် ရိုလိုပါသည်။

ထို့ကြောင့်လည်း အဘအောင် မင်းခေါင်၏ ဝိဇ္ဇာသားသမီး ပါရမီရှင်များ အဘကျေးဇူး[illegible]။ အဘခိုင်းရင်လုပ်၊ အဘပေးသလိုနေကြပြီး အဘ၏ပါရမီ တို့ အစွမ်းတန်ပြည့်ဆည်းနိုင်သော ဂုဏ်ရှိသိပါရမီရှင်များ၊ ပေါ်ပေါက်နိုင်ပါ [illegible] နေလို လလို ထွန်းလင်းနိုင်ပါစေ၊ ဘုရားဒါယကာ၊ ဒါယိကာမများအဖြစ် ခံယူပြီးပြင် မှမ်း မံလှူဒါန်းသူများ ပေါ်နိုင်ပါစေလို့ တရေး [illegible] ဆုတောင်းရင်း ကိုးနဝင်း မိုးလင်း မှသိလိမ့်မည်။ အရှုဘုရား မဖူးခြား ဘီလူးစားလိမ့်မယ်ဆိုသော နိမိတ် တဘောင်အရ သွားရောက်ကြည်ညို ပူဇော်နိုင်ရန် တင်ပြအစီရင်ခံ ဂါရဝပြု အပ်ပါသည်။

သာသနာတော်မြတ် ဝိဇ္ဇာခေတ် ထွန်းလင်းကမ္ဘာတည်ပါစေ . . .။

မင်းတိုင်ပင်(မြရောင်ခြေ)



www.burmeseclassic.com

www.burmeseclassic.com

# ပဒေသရာဇ်တို့၏ အုပ်ချုပ်ရေးယန္တရားစက်ဝန်းထဲက အတိတ်နိမိတ်ဆိုးများနှင့် မဟာမုနိရုပ်ပွားတော်

စိမ်းသူဟန်




ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ် ဆင်ခြေဖုံးအတွင်းရှိ ညောင်ကိုးပင် အခြေခံပညာမူလတန်းကျောင်းဟူ၍ ရှိပါသည်။ ယင်းမူလတန်းကျောင်းအနီး မျက်နှာစာနားတွင် ရေးနှစ်ပေါင်း ၉၀ ခန့်ဟု မှန်းဆရသော အင်္ဂတေဖြင့် ထုဆစ်ထားသည့် အနှံးပေါင်မြို့တည် နှန်းတည် ရှေးဟောင်း "ဆုတောင်း ပြည့် မဟာမုနိရုပ်ပွားတော်" တစ်ဆူ ရှိပါသည်။ တစ်ချိန်က စော်ဘွားများ အာဏာမစွန့်မီက တည်ထားခဲ့သည်ဖြစ်၍ သမိုင်းဝင် အင်္ဂတေပန်းတော့လက်ရာဟု ဆိုရမည်ဖြစ်သည်။ အဆိုပါ ရုပ်ပွားဆင်းတုတော်၏ ထူးခြားချက်မှာ-

"ဒီဘုရားက ထူးခြားပါတယ်။ ဟိုတုန်းက စော်ဘွားခေတ်ကပေါ့။ ပြစ်မှုကြီးတဲ့ ရာဇဝတ်သားတွေ၊ သေဒဏ်သင့်တဲ့ တရားခံတွေကို မကွပ်မျက်ခင် နောက်ဆုံးအခွင့်အရေးအနေနဲ့ ဘုရားမှာ ဝတ်ပြုဆုတောင်းနိုင်ဖို့ ဒီဘုရားဆီ ပို့ပေးပါတယ်။ လိုရာဆုတောင်းပေါ့။ ပြီးမှ လူသတ်ကုန်းခေါ်သွားပြီး စီရင်တယ်။ သိမီလိုက်တဲ့ ရှမ်းအဘိုးအဘွားတွေက ပြောပြကြတာပါ"


ဘုရားအနီးရှိ မူလတန်းကျောင်းတွင် တာဝန်ကျသော ကျောင်းဆရာမ တစ်ဦးက ဘုရားအကြောင်းကို ကြားဖူးနားဝဖြင့် ပြောပြခြင်းဖြစ်သည်။ အမှန်က စာရေးသူတို့ အသက်အရွယ်နှင့် သိမီနိုင်သောကာလမဟုတ်ပါ။ မှတ်သားလေ့လာမိသမျှ ဆိုရပါက ပဒေသရာဇ်စော်ဘွားများ အာဏာရှိန်းခဲ့သည့်အချိန်သည် ပါတော်မူမတိုင်မီဟု ဆိုရပါမည်။ သီပေါမြို့သည်ပင် မူလ ကနဦးတည်နေရာမှာ လက်ရှိမြို့တည်နေရာ၏ အနောက်ယွန်းယွန်းရှိ "လွယ်မုတ်"တောင်ထု ဆိုပါသည်။ ကာလအားဖြင့် သာသနာသက္ကရာဇ် ၄၈၅ ဟုဆိုသဖြင့် လွန်ခဲ့သောနှစ်ပေါင်း ၂၀၆၄ က တည်ထားခဲ့သည့် မြို့ဖြစ်သည်။ မှန်မမှန်တော့မသိ။ ယောရှခရစ်တော်မွေးဖွားခဲ့သည်မှာ သာသနာ ၅၃၇ ဖြစ်ရာ ခရစ်တော်မမွေးမီကပင် တည်ခဲ့သည့် မြို့ဟု ဆိုရမည်ဖြစ်သည်။ ဤသည်မှာ ဒေသခံစာရေးဆရာ သီပေါကိုလတ်၏ တအုပ်ထွင်ရေးသားထားသည့် သူ၏ အတ္တနောမတိကို ဖော်ပြခြင်းဖြစ်သည်။ ယင်းအဆိုအရ စတုတ္ထသင်္ဂါယနာတင်ပြီး [illegible]

www.burmeseclassic.com





ဆယ်တောင်ပြည့်စေတီ



လေးကျွန်းစကြာ



အောင်မင်းခေါင်စေတီ

အရပ်နေရာဒေသစုံ စစ်ကိုင်း၊ မန္တလေး၊ ထီးချိုင့်၊ ကသာ၊ ကချင်ပြည်နယ်၊ ပဲခူး၊ စသဖြင့် မြို့ရွာအရပ် ဒေသဌာနနေရာများ၊ ရာထောင်ချီတို့၌ သာသနာ့ခေတ်တိုင်များ၊ ခေတ်ပန္နက်စေတီများ၊ ကိုးတောင်ပြည့် ကိုးနဝင်းစေတီများ၊ ဘုရားများကို တည်ထားပူဇော်၊ လှူဒါန်းခဲ့ပါသည်။ အဖေကြီး အောင်မင်းခေါင်၊ ဘိုးမင်းခေါင်သည် တပည့်သားမြေး ဒါယိကာတို့နှင့် အောင်မင်းခေါင်စေတီကို ပဲခူးမြို့၌လည်းကောင်း၊ ဗုံးစေတီကို မိုးညှင်းမြို့နယ်၌လည်းကောင်း၊ ကမ္ဘာလုံးစေတီကို ပုပ္ပားတောင်ကလပ်၌လည်းကောင်း၊ ခေတ်စေတီများကို ပေါင်းတည်မြို့၌လည်းကောင်း၊ အောင်မင်းခေါင်စေတီ၊ ထပ်တိုးစေတီတော်ကို ပြည်မြို့၌လည်းကောင်း၊ ဆယ်တောင်ပြည့်စေတီကို သယ်န်းကျွန်းမြို့နယ်၌လည်းကောင်း၊ လေးကျွန်းစကြာပြည်တော်ဝင် အောင်စေတီကိုး ရွှေတောင်မြို့၌လည်းကောင်း၊ ခေတ်ပေါင်းစု တာဝတိံသာစေတီကို မန္တလေးမြို့၌လည်းကောင်း၊ ဘုရားစေတီပေါင်းများစွာကို တည်ထား၊ ပူဇော်၊ လှူဒါန်းခဲ့မှုတို့ကို သက်ဆိုင်ရာ ခေတ်ပုံပါ မှတ်တမ်းများတွင် အရ နာယူလေ့လာ သိရှိရပါသည်။ ခေတ်ပုံများကို ယှဉ်တွဲ၍ ပူဇော်တင်ပြထားအပ်ပါသည်။

"မဟာသိဒ္ဓိ၊ မဟာမဟိဒ္ဓိ၊ မဟာဝိဇ္ဇာမယ ခေတ်သိဒ္ဓိ ပညာရှင် ဝိဇ္ဇာမိုရ်ကြီး အဖေကြီးအောင်မင်းခေါင်၊ ဘိုးမင်း

www.burmeseclassic.com



ဘော်ဂေါင်းမှ တာဝတိံသာစေတီ
ရွှေလေးမြို့။



တညှာရုံးစေတီ
မှည်းတောင်တလောင်။

ဒီသည် ကြီးမားလှသော မေတ္တာဓာတ်သိဒ္ဓိများဖြင့် တော
ရှင်း၏ ယုန်သတ္တဝါကလေးများကို အနားသို့လာကြရန်
ဆွဲဆောင်နိုင်စွမ်းရှိခဲ့သည်။ သိဒ္ဓိ၊ မဟိဒ္ဓိ၊ ဝိဇ္ဇာမယ၊ ဂန္ဓီရ သိဒ္ဓိ
စွမ်းပကားတို့နှင့် ချက်ပြုတ်ရန် လို ဟ်ခုတ်ထစ်ထားပြီးပင်
ဖြစ်ကြသော ကြက်သားအသားတုံးများကိုပင် အသက်သွင်း၍
ရှင်ပြန်ရန် ပြန်ရှင်အောင် လုပ်ပြနိုင်ခဲ့သည်။ ကျားကို
ကြောင်ငယ်လေးဖြစ်အောင် ပြောင်းလဲပြနိုင်ခဲ့သည်။ သစ်တုံး
ကြီးကို တက်ကာစီး၍ အထက်ရေဆန်ရာသို့ တက်ပြသွား
နိုင်ခဲ့သည်။ တပွက်ပွက်ထွက်နေသော ဓာတ်ရာက သွေးတွေ
ကို တိတ်ရပ်အောင် လုပ်ပြနိုင်ခဲ့သည်။ ရေအေးကို ပွက်ပွက်
ဆူသော ရေနွေးပူဖြစ်အောင် မန်းမှုတ်ပြနိုင်ခဲ့သည်။ အလွန်
ပူသော ရာသီကာလ နေ့ရက်တို့၌ ရေထဲ၌ စိမ်ပြ၍ နေ
ပြနိုင်ခဲ့သည်။ အလွန်ပူပြင်းသော ရာသီကာလနေ့ရက်
တို့၌ ပူလောင်လှသည့် ခေါင်မိုးပြင်ထက်ပေါ်မှာ အိပ်ပြနိုင်
ခဲ့သည်။

ရက်အတန်ကြာမျှ အဝတ်အစားမဝတ်၊ အစာမစားသုံး၊
စကားမပြောဘဲ နေပြနိုင်ခဲ့သည်။ ဒုက္ခရောက်နေသူ၊ ပစ္စည်း
ဆက်အကြောင်းပါသူ၊ ကိုးကွယ်ဆည်းကပ်သူ၊ သာသနာပြု
သူ၊ သီလ,ဒါန,အကျင့်သိက္ခာ,စရဏရှိ၍ တရားအားထုတ်
သူ၊ ဘာသာရေးဆောက်တည်ကျင့်ကြံသူများကို နည်းမျိုးစုံ
တို့နှင့် ဝိဇ္ဇာမယဓာတ်သိဒ္ဓိပညာ စွမ်းပကားတို့နှင့် တွေ့ဆုံ
ခြင်း၊ ဂါထာအဆောင်ယစ္စည်း၊ အိပ်မက်၊ လက်ဖွဲ့ထူးများ ပေး
အပ်ခြင်း၊ ပညာပေးခြင်း၊ ကယ်တင်စောင့်ရှောက်ခြင်းများကို
လည်း လုပ်ဆောင်ခဲ့ကြောင်းကိုလည်း သိမြီချဉ်းကပ်ခဲ့ဖူးသူ
များ၊ စာပေများ၊ တစ်ဆင့်စကားများ၊ ဩဝါဒလာများ၊ ဆရာ
သမားတို့ထံမှ နာယူသိရှိ လေ့လာရပါသည်။ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

လည်း ဖြစ်ပါသည်။

ဒုတိယမြို့တည်နေရာမှာ လက်ရှိသီပေါမြို့၏ မြောက်အရပ်တွင်ဖြစ်၍ သက္ကရာဇ် ၁ဂဂဂ ခုနှစ်ကို အမှန်ယူပါက သာသနာ ၁၂၅၀ ပြည့်နှစ် ဖြစ်ပါမည်။ ရတနာပုံ မန္တလေးမြို့ကို အတုယူ ပုံစံတူဖြင့် ဂ၅ ဆက်မြောက် စော်ဘွားကြီး စဝ်ခွန်ဆိုင် (ခ) စဝ်ကြာခိုင် လက်ထက်တွင် မြို့တည်ပါသည်။ ယခု လက်ရှိနေရာသို့ ခရစ်နှစ် ၁၉၂၄ ခုနှစ် ကောဇာသက္ကရာဇ် ၁၂ဂ၆ ခုနှစ်တွင် ဟော်ခမ်း အဆောက်အအုံနှင့်အတူ ဒေသပြည်သူတို့၏ အသက်အိုးအိမ် ကာကွယ်စောင့်ရှောက်မှု အထောက်အကူပြု ကျင့်ထုံးဥပဒေအရ ပြစ်မှုကျူးလွန်ရာဇဝတ်သားများ စီရင်ချမှတ်ရာ တစ်စိတ်တစ်ဒေသအဖြစ် အထက်တွင်ဆိုခဲ့သည့်အတိုင်း ဤရုပ်ပွားဆင်းတုတော် ပါဝင်ပတ်သက်ရသည်ဟု ယူဆရပါမည်။

မူလကပင် သက်ဦးဆံပိုင် မင်းဧကရာဇ်တစ်ဆူဖြစ်သော စော်ဘွားများ၏ စီရင်ကွပ်မျက်မှုခံရသူများ နောက်ဆုံး မှီခိုအားထားရာ ကောက်ရိုးတစ် မျှင်၊ မြက်တစ်ပင်အဖြစ် တည်ခဲ့ရသော ဤရုပ်ပွားတော်သည် သမိုင်းကြောင်းအရ လာရောက်ကြည်ညိုဝတ်ပြုသူ၏ ဘဝသံသရာခရီးသွားကို အတိတ်နိမိတ်များ ဖတ်သကဲ့သို့ရှိပေရာ ယခင် စာရေးသူ ရောက်ဖူးစဉ်က ထုံးသင်္ကန်းများကွာကျ၊ ရွှေသိုင်းတက်၊ ဘုရားပန်းအိုးပင်မရှိ။ အဖူးအမြော်ကင်းမဲ့နေခြင်းအတွက် ဝမ်းနည်းရမည်လား။ ဝမ်းသာရမည်လား ဝေခွဲမရ ဖြစ်ခဲ့ဖူးပါသည်။ အမှန်က ပဒေသရာဇ်တို့၏ အုပ်ချုပ်မှုယန္တရားအခင်းအကျင်းမှာ ဘုရားရတနာဆင်းတုတော်တစ်ဆူအဖြစ်ကိုသာ မြင်ရမည်ဖြစ်သည်။

သို့သော် အချို့သောသူတို့ကမူ ယင်းကဲ့သို့ ဘဝနောက်ဆုံးချိန် ဝတ်ပြုဆုတောင်းကြရာတွင် ပြည့်ဝကြသဖြင့် သာဟုယူဆကြသူများလည်း ရှိနေပါသည်။ အကောင်းဘက်မြင်သူများဟု ဆိုရပါမည်။ သို့ဖြင့် တစ်ဆင့်စကား တစ်ဆင့်ကြားကာ လူတို့၏ ဓမ္မတာလိုဘအရ တောင့်တမဆုံး ဆိုသည့်အတိုင်း တစ်ဆင့်စကား တစ်ဆင့်နားဖြင့် လူသိများလာကာ ပန်း၊ ဆီမီးမပြတ် ပြန်လည်စည်ကားလာပြန်ပါသည်။ အနီးအနားနေထိုင်ကြသော ကိုးကန့်လူမျိုးများထဲက ဗုဒ္ဓဘာသာမဟုတ်သော်လည်း ယုံကြည်မှုဖြင့် ဝေယျာဝစ္စများဆောင်ရွက်လာသည်။ ဘုရားဝန်းကျင် သန့်ရှင်းစိုပြည်လာသည်။

အထူးသဖြင့် ယခုအခါမှာမူ အတိတ်ဟောင်း နိမိတ်ဟောင်းများကို ပြည်ဖုံးကားချလျက် တစ်စုံတစ်ယောက်သောလူ့သဘာဝ ပူမှုအနန္တအတွက် ဘုရားရှင်ထံဝတ်ပြုဦးချ ဆုတောင်းမိသူတစ်ဦး၏ ဒိဋ္ဌအကျိုးပြု အာနိသင်ကြောင့် ချုံရှင်း၊ အမိုးပြင်၊ ထုံးသင်္ကန်းသာမက ရွှေသင်္ကန်းကိုပါ ကပ်လှူသဖြင့် ဖြူလာကြသည်။ ကာလက ၁၃၆၀ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက် (မတ် ၃၁/၁၉၉၉) နေ့ဖြစ်၍ သဒ္ဓါပေါက် အလှူရှင် ဦးမြမောင်+ဒေါ်ခင်စန်းတင့် အပါအဝင် ၁၀ ဦး၏ ကုသိုလ်တို့အရ ရောင်တော်ဖွင့်ကာ ပြန်လည်မွမ်းမံခဲ့ခြင်းဖြင့် ဤသို့ဤနယ် ကြည်ညိုဖွယ် သပ္ပာယ်ခဲ့ရပါသည်။ (ပုံ)

ထို့အတူ ပရိဝုဏ်အတွင်း ရုပ်ပွားဆင်းတုတော်၏ အနောက်တောင်ထောင့်ရှိ ဒေါင်မြေကိုးနဝင်းစေတီ ငယ်များသည်လည်း စေတနာရှင်များမွမ်းမံမှုဖြင့် ပေါ်ပေါက်လာခဲ့ပြီး ကာလရှည်လျားမှု အတိုင်းအတာကို ဖော်ညွှန်းနေသော ညောင်ပင်ကြီးဝါးမျိုထားသည့် စေတီပျက်မှာ ရှေးလက်ရာ အုတ်ချပ်များကို တွေ့မြင်နိုင်ပေသည်။

မည်သို့ဆိုစေ ရည်ရွယ်ချက် ကောင်းကောင်းဖြင့် ဘဝတစ်ပါးသို့အကူးအပြောင်း လက်ရှိဘဝကို ဦးချနှုတ်ဆက်ရာအဖြစ် တစ်ဆူတည်းသော ထေရဝါဒဗုဒ္ဓသာသနာ အစဉ်အလာ ဘုရားရှင်ကိုယ်ပွား အင်္ဂါတော်ပန်းတမော့လက်ရာ ဆင်းတုတော်မှာမူ လူတကာချီးမြှောက်သည်ဖြစ်စေ၊ အတိတ်နိမိတ်ဆိုးကြောင့် ပစ်ပယ်ရှောင်ကွင်းလိုကြသည်ဖြစ်စေ ဘဝသံသရာခရီးသွား လူသားတို့အပေါ် တူမျှသော မေတ္တာမပျက် အငြိမ်းဓာတ်ကမ်းလက်ဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သမိုင်းထဲက ဂန္ဓဝင်မြို့သီပေါ၊ ချောင်ကျကျ ညောင်ကိုးပင် (ညောင်ပင်ကွင်း) မူလတန်းကျောင်းအနီးတွင် ထာဝရစံပယ်လျက်သာ ရှိပါကြောင်း ရှိခိုးဦးခိုက်လိုသူ မေ့မိတ်ဆွေများကို အသိပေးရေးသားရပါသည်။

**စိမ်းသူဟန်**

၀၉-၂၅၆၆၄၉၉၂



www.burmeseclassic.com

www.burmeseclassic.com

# အဘဘိုးမင်းခေါင် ပုတီးစိပ်

## သုတေသီမြင့်ထွန်း

(၁၉၅၀) ခုနှစ်ခန့်က ဖြစ်၏။

တစ်နေ့သ၌ ကျွန်ုပ်သည် ကိစ္စဝိစ္စတစ်ခုရှိ၍ ရန်ကုန်မြို့၊ ရေကျော်ရပ်၊ မြောင်းကြီးလမ်းရှိ မိတ်ဆွေတစ်ဦး၏ နေအိမ်သို့ ရောက်ရှိသွားခဲ့သည်။ ထိုစဉ် နံဘေးအိမ်တွင် လူဆယ့်ငါးယောက်ခန့် စုရုံးရောက်ရှိနေကြသည်ကို တွေ့ရ၏။

### ရေဖျင်းရောဂါ

အကျိုးအကြောင်းကို သိရှိလို၍ စုံစမ်းလေ့လာကြည့်ရာ ထိုအိမ်တွင် ဧရာဝတီတိုင်း၊ မြစ်ဝကျွန်းပေါ်ရှိ မြို့တစ်မြို့မှ ဆန်စက်သူဌေး ဦးဝက်မ ဆိုသူ နေထိုင်ကြောင်း၊ ဦးဝက်မသည် ကျန်ခဲ့သော ငါးနှစ်ခန့်မှစ၍ ရေဖျင်းရောဂါ စွဲကပ်လာခဲ့ရာ ဆေးဆရာ အမျိုးမျိုးတို့ကို အိမ်သို့ ပင့်ဆောင်ကုသခဲ့ပါသော်လည်း မပျောက်တင်းဘဲ ယခုအခါ ဝမ်းဗိုက်ကြီးမှာ ရေဖျင်းရောဂါကြောင့် ပေါက်၍ ထွက်ကျမတတ်အောင် ပူနေကြောင်း၊ ထို့ကြောင့် မိတ်ဆွေတစ်ဦးက 'ဝိဇ္ဇာဆရာနှင့် ကုသချည်လား' ဟု၍ မေးရာ ဦးဝက်မက ကုသမည်ဟု ကတိပေးသဖြင့် ထိုမိတ်ဆွေက ဝိဇ္ဇာဆရာကို သွားရောက်၍ ပင့်ဆောင်နေကြောင်း၊ ထိုဝိဇ္ဇာဆရာ၏ အမည်မှာ 'ဘိုးမင်းခေါင်' ဖြစ်ကြောင်း၊ မျှားမကြာမီ ဤအိမ်သို့ ရောက်၍ ဆေးကုသမည် ဖြစ်သဖြင့် လူများ စုဝေးရောက်ရှိနေခြင်းဖြစ်ကြောင်း သိရှိခဲ့ရသည်။

### ကြွလာပြီ

တဖြည်းဖြည်းနှင့် ဦးဝက်မအိမ်၏ ဧည့်ခန်းတွင် လူပေါင်း (၂၀)ခန့် စုဝေးရောက်ရှိနေကြလေပြီ။

(၁၅)မိနစ်ခန့်အကြာတွင် ဦးဝက်မ နေအိမ်ရှေ့တွင် ဂျစ်ကားတစ်စင်းသည် ဆိုက်ရောက်လာခဲ့သည်။ ထူးထူးခြားခြား ဂျစ်ကား၏ စက်ခေါင်းအဖုံးပေါ်တွင် ကန်တော့ပွဲတစ်ပွဲ တင်ထားပြီး ကြိုးများဖြင့် လွှင့်စင်၍ ကျမသွားအောင် ဆိုင်းထားသည်ကို မြင်တွေ့လိုက်ရ၏။

ဂျစ်ကား၏ ရှေ့ပိုင်းတွင် မောင်းသူနှင့်အတူ လူတစ်ယောက် ပါရှိသည်။ ဂျစ်ကားနောက်ပိုင်း အလယ်ခုံတွင် ပင်ဖြူအင်္ကျီကို ဝတ်ဆင်ထားသော ပုဂ္ဂိုလ်ကြီးတစ်ဦး လိုက်ပါလာ၏။

အိမ်ရှေ့တွင် ဂျစ်ကားရပ်တန့်လိုက်သည်နှင့် အိမ်တွင်းရှိလူများက 'အဘ ကြွလာပြီ' ဟု ပြောဆို၍ လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြသည်။ ဂျစ်ကားပေါ်မှ လူနှစ်ယောက် ဆင်းလာသည်။

ရှေ့ဆုံးမှ တစ်ယောက်မှာ အရပ်ထောင်ထောင်မောင်းမောင်း၊ အသားဖြူဖြူနှင့် တရုတ်ကပြားကဲ့သို့သော လူတစ်ယောက်ဖြစ်သည်။ နောက်မှ လိုက်ပါလာသည့် လူကြီးမှာ အသက်အရွယ်အားဖြင့် (၆၀)ကျော်ခန့်ရှိသည်။ အသားညိုညို၊ မျက်နှာဝိုင်းဝိုင်းပြည့်ပြည့်၊ ဆံပင်ကောက်ကောက်၊ မျက်မှောင်ကုပ်ကုပ်နှင့် စူးရှသော မျက်လုံးပိုင်ရှင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုပုဂ္ဂိုလ်ကြီးသည် ဆွတ်ဆွတ်ဖြူဖွေးသော စွပ်ကျယ်အင်္ကျီကို ဝတ်ဆင်ထားပြီး ပင်ဖြူအင်္ကျီကိုလည်း ဝတ်ဆင်ထား၏။ လုံကွင်းမှာ အဖြူရောင် ပလေကပ်လုံချည် ဖြစ်သည်။ လည်ပင်းတွင် ကြိမ်ပုတီးတစ်ကုံးကို စွပ်ထားလျက် ရှိသည်။ ယင်းပုဂ္ဂိုလ်ကြီးအိမ်အတွင်းသို့ ဝင်ရောက်လာသည်နှင့် လူများစုက ဦးချကန်တော့ကြ၏။

ထိုပုဂ္ဂိုလ်ကြီးသည် ဘုရားခန်း ရှိရာသို့ သွားရောက်ပြီး ဦးချဝတ်ဖြည့်ကာ ဧည့်ခန်းသို့ ပြန်ထွက်လာပြီး လူတစ်ယောက်၏ နံဘေးတွင် ဘယ်ခြေပေါ်၌ ညာခြေတင်၍ တင်ပျဉ်ခွေချိတ်၍ ထိုင်လိုက်သည်။ ယင်းပုဂ္ဂိုလ်ကြီး ထိုင်နေသော နေရာမှာ ကျွန်ုပ်တို့ ထိုင်နေသည့် နေရာနှင့် လူတစ်ယောက်ကျော် နေရာတွင် ဖြစ်သည်။

အိမ်ရှင်များက ထိုပုဂ္ဂိုလ်ကြီးရှေ့တွင် လက်ဖက်သုပ်၊ လက်ဖက်ရည်ကြမ်း၊ ကွမ်းအစ်၊ ဆေးပြင်းလိပ်ထုပ်၊ စီးကရက် သံဘူးတစ်ဘူးကိုချ၍ ဝတ်ပြုသည်။

ထိုပုဂ္ဂိုလ်ကြီးက ဘာမျှမပြော။ စီးကရက်ဘူးအတွင်းမှ စီးကရက်တစ်လိပ်ကို ထုတ်ယူမီးညှိ၍ သုံးဖွာခန့် ရှိုက်သောက်လိုက်ရာ စီးကရက်မှာ တစ်ဝက်ခန့် ပြာဖြစ်သွားခဲ့သည်။ ပြီးမှ မီးစွဲလောင်နေသော စီးကရက်တစ်ဝက်ခန့်ကို ကျွန်ုပ်အား လှမ်းပေးရင်း. . .

"ရော့ ငါ့မြေး သောက်လိုက်"

ရင်ခေါင်းသံဖြင့် ထိုပုဂ္ဂိုလ်ကြီးက ပြောလိုက်သည်။ ကျွန်ုပ်က လှမ်းပေးသည့် စီးကရက်ကို ယူလိုက်ပြီး ဖွာရှိုက်သောက်လိုက်သည်။ အခန်းတွင်းရှိ လူအများက ကျွန်ုပ်နှင့် ထိုပုဂ္ဂိုလ်ကြီးအား စိတ်ဝင်စားစွာဖြင့် ကြည့်ရှုနေကြသည်။

ထိုပုဂ္ဂိုလ်ကြီးက စီးကရက်တစ်လိပ်ကို သံဘူးတွင်းမှ ထုတ်ယူ၍ မီးညှိသောက်လိုက်ပြန်ပြီး ကျွန်ုပ်ဘက်သို့ လှည့်ကာ. . .

"ငါ့မြေး ဘဘကို တွေ့ဖူးသလား"

"တွေ့ဖူးတယ်"

"ဘယ်အိမ်မှာ တွေ့ဖူးသလဲ"

"အိမ်တွေမှာ ဘဘ တင်ပျဉ်ခွေချိတ်ထိုင်နေတဲ့ ဓာတ်ပုံရှေ့မှာ ကန်တော့ပွဲ ပြင်ထားတာကို တွေ့ဖူးတယ်"

"အေး ဟုတ်တယ်၊ ဘဘ နာမည်ကိုလည်း မှတ်ထားဦး၊ ဘိုးမင်းခေါင် ဆိုတာ ဘဘပဲ၊ ကဲ ဆေးကုသမယ်ဆိုတဲ့ ဒုက္ခသည်ကို ခေါ်လိုက်ကြပါဦး"

**ဦးဝက်မ**

ယင်းသို့ ဘဘ ဘိုးမင်းခေါင်က မိန့်ဆိုလိုက်သည်နှင့် အိမ်ရှင်များက ဦးဝက်မ ဆိုသော တရုတ်အဘိုးကြီး တစ်ဦးကို ဘေးတစ်ဖက်တစ်ချက်စီတွင် တစ်ယောက်စီ တွဲခေါ်ထုတ်လာကြသည်။

ဦးဝက်မဆိုသော တရုတ်အဘိုးကြီးမှာ အသက်အရွယ်အားဖြင့် (၆၀)ခန့် ရှိပြီဟု ထင်မှတ်ရသည်။ စွပ်ကျယ်အင်္ကျီ၊ အင်္ကျီလက်တို၊ ပလေကပ်လုံချည်ချောကို ဝတ်ဆင်ထား၏။ ဝမ်းဗိုက်ကြီးမှာ မြင်တွေ့၍ မကောင်းလောက်အောင် ပူနေသည်။ အမျိုးသမီး ကိုယ်ဝန် နှစ်စေ့လစေ့ ဝမ်းဗိုက်ကြီးကဲ့သို့ပင် ဖြစ်နေသည်။

ဦးဝက်မသည် ဘဘဘိုးမင်းခေါင်ရှေ့တွင် ထိုင်၍ လက်နှစ်ဖက်ယှက်ပြီး ဦးချကန်တော့လိုက်သည်ကို မြင်တွေ့ရ၏။

ဘဘဘိုးမင်းခေါင်က ဦးဝက်မအား စေ့စေ့ကြည့်လိုက်ပြီး. . .

"ရောဂါဖြစ်တာ ငါးနှစ်လောက်ရှိပြီ မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"အဘနဲ့တွေ့ရင် ပျောက်ရမယ်ပေါ့ကွယ်"

ယင်းသို့ပြောပြီး ဘဘ ဘိုးမင်းခေါင်က ငိုင်၍



www.burmeseclassic.com

www.burmeseclassic.com

ထိုင်နေသော ဧည့်သည်များအား မျက်လုံးဝေ့ရမ်းကြည့်လိုက်ကာ ဧည့်သည်တစ်ယောက်၏ နံဘေးရှိ လက်ကိုင်တုတ် တောင်ဝှေးကို လက်ကမ်း၍ တောင်းယူလိုက်သည်။

ဧည့်သည်က သူ့နံဘေးရှိ လက်ကိုင်တုတ်တောင်ဝှေးကို ဘဘ ဘိုးမင်းခေါင်အား ပေးလိုက်သည်။ လက်ကိုင်တုတ် အရိုးလက်ကိုင်တွင် ကြေးဖြင့် ပြုလုပ်ထားသည့် မြင်းခွာပုံသဏ္ဌာန်လေး ဖြစ်နေသည်ကို ကျွန်ုပ် သတိထားလိုက်မိသည်။

"ဒီလက်ကိုင်တုတ်နဲ့ရိုက်ရင် ကွဲပါ့မလားကွယ့်"

ဝိုင်း၍ ထိုင်နေသော ဧည့်သည်များက တုတ်တုတ်မျှ မလှုပ်၊ အားလုံးက ဘဘ ဘိုးမင်းခေါင်ကို ကြောင်ပြီး ကြည့်နေကြသည်။

သို့အတွက်ကြောင့် ကျွန်ုပ်ဘက်သို့ လှည့်ကာ-

"ဘယ့်နှယ်လဲ ငါ့မြေး၊ ရိုက်ရင် ကွဲပါ့မလား"

"ရိုက်တဲ့နောက်ကျော့ ကွဲတာပေါ့"

"ငါ့မြေး ပြောတာ မှန်တယ်ဟေ့"

ထိုသို့ပြောပြီး ဘဘ ဘိုးမင်းခေါင်သည် သူ့ရှေ့မှောက်တွင် လက်နှစ်ဖက်ယှက်၍ ထိုင်နေသော ဦးဝက်မ၏ ဘယ်ဘက် ဦးချိုခေါင်းကို လက်ကိုင်တုတ်ကြေးရိုးဖြင့် ရိုက်လိုက်ရာ သွေးများ ဖြာစီးဆင်းထွက်လာပြီး အင်္ကျီလက်တို ပခုံးပေါ်သို့ ကျဆင်းလာ၏။

ဤတွင် ဘဘ ဘိုးမင်းခေါင်သည် တင်ပျဉ်ခွေ ခြေထောက်ချိတ်၍ ထိုင်နေရာမှ ထလိုက်ပြီး ဘုရားခန်းတွင် သွားရောက်၍ ထိုင်နေလေသည်။

အမှတ်မထင် တွေ့မြင်လိုက်ရသော မြင်ကွင်းကြောင့် အားလုံးသော ဧည့်သည်များက အံ့အားသင့်သွားကြ၏။ ဘဘ ဘိုးမင်းခေါင်ကို တာဝန်ယူ၍ ခေါ်ဆောင်လာခဲ့သော ဦးဝက်မ၏ မိတ်ဆွေဆိုသူသည် ယင်းအပြုအမူကြောင့် ဘာလုပ်ရမှန်း မသိနိုင်လောက်အောင် ဖြစ်သွားပြီး ဘဘ ဘိုးမင်းခေါင်ရှိရာ ဘုရားခန်းအတွင်းသို့ ပြေးဝင်သွားကာ. . .

"အဘ ဦးခေါင်းက သွေးတွေကျနေတယ်"

"သွေးထွက်နေရင် သွေးဆေးနဲ့ သကြားနဲ့ သိပ်ပေးလိုက်ပေါ့၊ ပြီးတော့ သူ့ကို ဘယ်သူမှ မကိုင်နဲ့၊ သူ့ဟာသူ အင်္ကျီ၊ လုံချည်အသစ်တွေ ဝတ်ပါစေ"

ဟူ၍ အဘ ဘိုးမင်းခေါင်က မိန့်ဆိုလိုက်သည်။

အိမ်ရှင်နှင့် ဧည့်သည် သုံးလေးယောက်က ဦးဝက်မ ဦးခေါင်းချိုစောင်းတွင် ပေါက်ပြဲသွားသော ဒဏ်ရာကို ရေနှင့် အဝတ်ကိုစိမ်ကာ ထိုအဝတ်စဖြင့်ပင် သုတ်၍ သန့်စင်အောင် ပြုလုပ်ပေးနေကြသည်။ ထို့နောက်မှ သွေးဆေးနှင့် သကြားကို ရောစပ်ကာ ဦးခေါင်းမှ ဒဏ်ရာကို ဆေးထည့်ပေးသည်။

## ရောဂါပျောက်

အလုံးစုံသော ကိစ္စများကို ပြုလုပ်ပြီးသော် အင်္ကျီအသစ်၊ လုံချည်အသစ် တစ်စုံကို အိမ်ရှင်ဖြစ်သူက ယူလာပြီး ဦးဝက်မကို မည်သူတစ်ဦးတစ်ယောက်ကမှ မကိုင်တွယ်စေဘဲ အင်္ကျီ၊ လုံချည်များကို လဲစေသည်။ ဧည့်ခန်းတွင်းရှိ ဧည့်သည်များ အားလုံးက ဦးဝက်မကို ဝိုင်းပြီးကြည့်နေကြသည်။

ဦးဝက်မသည် ထိုင်၍နေရာမှ ကုန်းထပြီး လုံချည်ကို လဲပြီး ပြင်ဆင်ဝတ်လိုက်သည်နှင့် မြင်တွေ့နေခဲ့သော လေဖျင်းစွဲနေသည့် ကိုယ်ဝန်ဆောင် ဗိုက်ကြီးကဲ့သို့ စူ၍ထွက်နေသော ဝမ်းဗိုက်ကြီးသည် မျက်လှည့်ပြလိုက်ဘိအလား အံ့ဩဖွယ်ကောင်းလောက်အောင် လူအများရှေ့မှောက်တွင် ပျောက်၍သွားသည်ကို တွေ့မြင်လိုက်ကြရ၏။

ဧည့်ခန်းတွင်းရှိ လူအများမှာ အံ့ဖွယ်ကောင်းသည့် ဆန်းကြယ်သော မြင်ကွင်းဆန်းကြောင့် အားလုံး မျက်လုံးပြူးကျယ်သွားကြပြီး ပါးစပ်အဟောင်းသားနှင့် ဖြစ်ကုန်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါမှ အဘဘိုးမင်းခေါင်သည် ဘုရားခန်းအတွင်းမှ ထွက်၍လာသည်။ ဦးဝက်မ၏ မျက်နှာသည် ကြည်လင်ဝင်းထိန်သွားသည်။ ကိုယ်လက် ပေါ့ပေါ့ပါးပါးနှင့် အိမ်ခန်းအတွင်းသို့ ပြေးဝင်သွား၏။

အိမ်အတွင်းခန်းမှ ပြန်၍ထွက်လာသောအခါ ဦးဝက်မ၏လက်ထဲတွင် ငါးထောင်ခန့် ဆယ်တန်ငွေစက္ကူအထုပ်ကြီး ပါရှိလာပြီး ဘဘ ဘိုးမင်းခေါင်အား ဦးချကာ လှူဒါန်းလေ၏။

ဤတွင် အဘ ဘိုးမင်းခေါင်က. . .

"ငါ အသပြာဆရာ မဟုတ်ဘူး၊ မင်း လှူတဲ့ငွေလည်း မလိုချင်ဘူး၊ ပြန်ယူသွား"

"ဒါဖြင့် ဘဘ တစ်ခုခု သုံးဆောင်ပါ၊ ဒါနပြုပြီး လှူဒါန်းပါရစေ"

"မင်းက ငါ့ကို တကယ်ပဲ ကျွေးမှာလား"

"ကျွေးပါ့မယ် ဘဘ"

"ကဲ ဒါဖြင့်ရင် မနက်ဖြန် ကိုးနာရီမှာ ဒီအိမ်မှာလာပြီး ကြာဇံကြီးခေါက်ဆွဲ လေးဆယ့်ငါးပိဿာကို ငါတစ်ယောက်တည်း သုံးဆောင်မယ်၊ အားလုံး အဆင်သင့်လုပ်ထား"

ထိုသို့ မိန့်ဆိုပြီး အဘ ဘိုးမင်းခေါင်က ပြန်ရန် ဟန်ပြင်လိုက်စဉ် အခန်းတွင်းရှိ ညှော်သည် တော်တော်များများက ရှိုးကန်တော့ကြသည်။ အဘ ဘိုးမင်းခေါင်သည် အခန်းတွင်းမှ ပြန်ထွက်ခွာစဉ် ကျွန်ုပ်၏ ဦးစွန်းကို သူ့လက်ဖြင့် တစ်ချက် ရိုက်နှက်ပြီး ဂျစ်ကားပေါ်သို့ တက်ကာ ထွက်သွားတော့သည်။

## ၄၅ ပိဿာ

နောက်တစ်နေ့ နံနက်(၉)နာရီအချိန်၊ ရန်ကုန်မြို့ရှိ ရေကျော်ရပ် မြောင်းကြီးလမ်းရှိ ဦးဝက်မနေအိမ်သို့ ကျွန်ုပ် ရောက်ရှိလာခဲ့သည်။ ဦးဝက်မ နေအိမ်တွင် မနေ့က သတင်းစကားကြောင့် လူပေါင်း (၃၀၀)ခန့်က ကြိုတင်၍ ရောက်နှင့်နေကြ၏။

နံနက်(၉)နာရီ ထိုးသည်နှင့် အဘ ဘိုးမင်းခေါင်သည် မနေ့က စီးလာခဲ့သော ဂျစ်ကားဖြင့်ပင် ရောက်ရှိလာပြီဖြစ်၍ ပရိသတ်ကြီးမှာ အုန်းအုန်းကျွက်ကျွက်ဖြစ်ကုန်သည်။

အဘ ဘိုးမင်းခေါင်သည် ဦးစွာပထမ ဘုရားခန်းသို့ ဝင်ရောက်၍ ဘုရားကို ဝတ်ဖြည့်လိုက်ပြီး ပြန်ထွက်လာသောအခါ မနေ့က အဘ ဘိုးမင်းခေါင်အား ကြာဇံကြီးခေါက်ဆွဲ (၄၅)ပိဿာ လှူဒါန်းမည်ဟု ကတိပြုထားသော ဦးဝက်မကိုယ်တိုင် ရွှင်လန်းချမ်းမြေ့စွာဖြင့် ကြာဇံကြီးခေါက်ဆွဲ ပန်းကန်များကို ကိုယ်တိုင်ပြင်ဆင်ကာ အဘ ဘိုးမင်းခေါင်အား ကပ်လှူသည်။

အဘ ဘိုးမင်းခေါင်ကလည်း ဦးဝက်မ ဆက်ကပ်သော ကြာဇံကြီးခေါက်ဆွဲ တစ်ပန်းကန်ပြီး တစ်ပန်းကန်ကို စဉ်ဆက်မပြတ် တစ်ပွဲပြီး တစ်ပွဲ သုံးဆောင်၍နေသည်။ နေ့လယ် (၁၂)နာရီခန့်တွင် ကြာဇံကြီးခေါက်ဆွဲ (၄၅)ပိဿာသည် တစ်ဖတ်မျှ မကျန်အောင် ကုန်သွားတော့သည်။

## ကျွန်ုပ်ကို ခေါ်ပြီ

အဘ ဘိုးမင်းခေါင်သည် တင်ပျဉ်ခွေခြေချိတ်၍ ထိုင်နေရာမှ ထလိုက်ပြီး ပြန်ရန် ဟန်ပြင်ရင်း ကျွန်ုပ်နားသို့ တိုးကပ်လာကာ. . .

"ငါ့မြေး အဘ ရွှေတိဂုံ အလယ်ပစ္စယံကို ပြန်သွားမယ်၊ ငါ့မြေး အခု အဘနဲ့ အတူလိုက်ခဲ့"

ဟူ၍ ခေါ်ဆောင်သဖြင့် ကျွန်ုပ်သည်လည်း အဘ ဘိုးမင်းခေါင်နှင့်အတူ ရွှေတိဂုံဘုရား တောင်ဘက်မုခ်ဦးသို့ ဂျစ်ကားဖြင့် ရောက်ရှိသွားခဲ့သည်။

အလယ်ပစ္စယံတွင် တည်ထားဆဲ ကိုးနဝင်းဘုရားသို့ ရောက်ရှိသွားရာ ကုလားဖျင်း မဏ္ဍပ်ကြီးအတွင်းဝယ် လူများမှာ ပြည့်နှက်၍ စည်ကားနေသည်ကို



www.burmeseclassic.com

www.burmeseclassic.com

တွေ့မြင်ရ၏။

အဘ ဘိုးမင်းခေါင်က ဦးဆောင်၍ ခေါ်ဆောင်သွားသဖြင့် ကျွန်ုပ်သည် မဏ္ဍပ်အတွင်းရှိ ဘုရားဆောင်ရှေ့သို့ ရောက်ရှိသွားခဲ့သည်။ ဘုရားဆောင်နံဘေးတွင် ကြေးမောင်းကြီးတစ်လုံး တပ်ဆင်ထားပြီး ထိုမောင်းကြီးပေါ်၀ယ် (သစ္စာ+မေတ္တာ=အဓိဋ္ဌာန်) ဟူသော စာတန်းကို သဘော်ဆေးအဖြူနှင့် ထင်ရှားစွာ ရေးသားထားသည်ကို တွေ့မြင်ရပြီး ထိုမောင်းကြီးကို စိတ်ဖြူစွင်ကြယ် ၀တ်ထားသော အဘိုးကြီးနှစ်ဦးက ထမ်းဒုတ်ဖြင့် ထမ်းနှက်၍နေကြသည်။

အဘ ဘိုးမင်းခေါင်က ဘုရားစင်ရှေ့နားတွင် ထိုင်လိုက်သည်။ ကျွန်ုပ်ကလည်း အဘ ဘိုးမင်းခေါင်နှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်စဉ် သူ့နံဘေးတွင် ဝိုင်းရံကပ်၍နေသော လူများကို လက်ခါပြပြီး ခပ်ဝေးဝေးတွင် သွားနေရန် အချက်ပြလိုက်သည်နှင့် ဝိုင်းအုံနေသော လူများက ရှဲ၍သွားကြတော့သည်။

ဤတွင် အဘ ဘိုးမင်းခေါင်က ကျွန်ုပ်အား ခေါင်းညိတ်၍ သူ့အနားသို့ ခေါ်ယူလိုက်ပြီး လေသံ တိုးမကျယ်ဖြင့်. . .

"ငါ့မြေးကို ဘဘ ဘာဖြစ်လို့ခေါ်ခဲ့သလဲ သိလား"

"မသိဘူး ဘဘ"

"မှတ်တမ်းဇာတ်လမ်းက ရှည်တယ်ကွာ၊ ငါ့မြေးစိတ်ထဲမှာ သိချင်တာတွေ ရှိတယ်၊ အဘကို မေး"

"အဘ - ဝိဇ္ဇာဆိုတာ ဘာလဲ"

"ဝိဇ္ဇာဆိုတာ အမျိုးမျိုး အဓိပ္ပာယ်ဖွင့်လို့ရတယ်။ အမျိုးမျိုး အဓိပ္ပာယ် ဖွင့်ရလို့လည်း ဝိဇ္ဇာခေါ်တာပဲ၊ ငါ့မြေး သိအောင် ဘဘ ပြောရရင် ဝိဇ္ဇာဆိုတာ သိခြင်းကိုလည်း ခေါ်တယ်၊ ပြီးမြောက်ခြင်းကိုလည်း ဝိဇ္ဇာခေါ်တယ်။ နတ်တို့ရဲ့ သိဒ္ဓိတန်ခိုးတွေရတဲ့ ပုဂ္ဂိုလ်ကိုလည်း ဝိဇ္ဇာ ခေါ်တယ်ကွယ့်။ သူတို့က ကဝိလမိုင်းမျိုးတွေ့"

"ကဝိလမိုင်း ဆိုတာ ဘာလဲ ဘဘ"

"မြွေတွေ အရေခွံလဲနိုင်သလို မနောမယသိဒ္ဓိတန်ခိုး ပေါက်ရောက်လို့ ရုပ်ပြောင်းရုပ်လဲ အတတ်ကို ဖန်ဆင်းနိုင်တယ်။ ဝိဇ္ဇာတွေဟာ လူတွေနဲ့ သာသနာပြုမယ့်အချိန်မှာ လူလိုနေ၊ လူလိုပြော၊ လူ့ခန္ဓာရုပ်ကို ဖန်ဆင်း၊ လူတွေနဲ့ နီးစပ်စွာ နေတယ်၊ နောက်တစ်ခါ ထွက်ရပ်လမ်းကို ကြွမြန်းရပြန်တယ်။ ဒါတွေ ပြောပြရရင် အရှည်ကြီးပါ ငါ့မြေးရာ"

"ဘဘကို လူတွေက ဝိဇ္ဇာလို့ ပြောကြတယ် ဟုတ်သလား"

"လူတွေက ပြောကြတာပါပဲကွာ၊ ဘဘက တော့ မသိပါဘူး"

"မနေ့က ဘဘကို ဦးဝက်မတို့အိမ်မှာ တွေ့တုန်းက ဘဘရဲ့လည်ပင်းမှာ စိပ်ပုတီးတစ်ကုံး ဆွဲထားတာ တွေ့မိတယ်၊ ဘဘ ဘာကို ပုတီးစိပ်သလဲ"

အဲဒါကို ပြောပြချင်လို့ ငါ့မြေးကို ဘဘ ဒီကို ခေါ်ခဲ့တာပဲ၊ ငါ့မြေးက ပါရမီရှိတယ်။ ဘဘ သေသေချာချာ ပြောပြမယ်။ မမေ့အောင် စွဲစွဲမြဲမြဲ မှတ်ထားပေတော့။ ဘုရားဝတ်ပြုပြီးရင် ပထမ နာရီဝက်လောက် အသက်ရှူတဲ့အခါ 'အရဟံ' လို့ စိတ်ထဲကမှတ်၊ လေကို ပြန်ထုတ်တဲ့အခါမှာ 'အရဟံ' လို့ စိတ်ထဲကမှတ်ပြီး ထုတ်၊ ဒုတိယ ပုတီးစိပ်တဲ့အခါမှာ 'ဥုံ-အရဟံ-သိဒ္ဓိ' (၁၀၈)လုံးရှိတဲ့ ပုတီးကုံးနဲ့ 'ဥုံ-အရဟံ-သိဒ္ဓိ' လို့ ဆိုပြီး ပုတီးတစ်လုံးချ၊ (၉)ပတ်ပြည့်အောင်စိပ်၊ ပြီးတော့ ပုတီးမစိပ်ခင်က ပထမလုပ်ခဲ့တဲ့နည်းအတိုင်း နာရီဝက်လောက် အသက်ရှူတိုင်း လေကို ပြန်ထုတ်တိုင်း 'အရဟံ' လို့ စိတ်ထဲကမှတ်၊ တတိယ ခု ဘဘ ပြောတာတွေ လုပ်ပြီးရင် (၃၁)ဘုံမှာ ရှိတဲ့ လူ၊ နတ်၊ ဗြဟ္မာ၊ ဝိဇ္ဇာအပေါင်းတို့ကို မေတ္တာပို့ အမျှဝေပြီး ငါ့မြေး လိုတဲ့ဆုကိုတောင်းပြီးပြည့်စုံလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

အဘ ဘိုးမင်းခေါင် မိန့်ဆိုနေသော စကားများကို ကျွန်ုပ်က မလှုပ်မယှက် သေချာစွာ မှတ်သားနေမိသည်။ အဘ ဘိုးမင်းခေါင်သည် ဘုရားစင်ပေါ်မှ ခပ်ရွှယ်ရွှယ် ကြိမ်ပုတီး အသစ်တစ်ကုံးကို ယူ၍ ကျွန်ုပ်အား လှမ်းပေးလိုက်ပြီး . . .

"ရော့ ငါ့မြေးကို ဘဘ ပါရမီ ဆက်ပေးလိုက်မယ်၊ ငါ့မြေး ပြန်နိုင်ပြီ"

ကျွန်ုပ်အား အဘ ဘိုးမင်းခေါင် ချီးမြှင့်လိုက်သော ကြိမ်ပုတီးကို ယူ၍ လည်ပင်းတွင် စွပ်ထားလိုက်မိသည်။ ကျွန်ုပ် စိတ်ထဲ၌ အဘ ဘိုးမင်းခေါင်ကို ကြည်ညိုသဒ္ဓါစိတ်ဆန္ဒများ အလိုအလျောက် ဖြစ်ပေါ်လာသည်ကို သတိထားလိုက်မိ၏။ ထို့ကြောင့် ဘုရားကို ဝတ်ဖြည့်ကာ အဘ ဘိုးမင်းခေါင်ကို ဦးသုံးကြိမ်ချကန်တော့ကာ အိမ်သို့ ပြန်လာခဲ့တော့သည်။

## ပုတီးစ၍ စိပ်ပြီ

တစ်ပတ်ခန့် ရှိလေပြီ။

အဘ ဘိုးမင်းခေါင်နှင့် ကျွန်ုပ် အမှတ်မထင်ကံဆုံ၍ ကြုံခဲ့ရချိန်မှစပြီး စိတ်ထဲတွင် ပုတီးစိပ်ချင်သော ဆန္ဒအာသီသများသာ ဖြစ်ပေါ်၍နေခဲ့သည်။ မည်၍မည်မျှဝင် လူမှုကိစ္စ ဝိစ္စများ ရှိနေစေကာမူ ကျွန်ုပ်သည် မိမိနေအိမ်က ဘုရားစင်ရှေ့တွင် ည (၉) နာရီ ရောက်တိုင်း အဘ ဘိုးမင်းခေါင် စိပ်သော ပုတီးစိပ်ကို (၁၀၈)လုံး ရှိသည့် ပုတီးကုံးဖြင့် နေ့စဉ်မှန်မှန် မပျက်မကွက် (၄၅)ရက် ပုတီးစိပ် အဓိဋ္ဌာန်ဝင်ရန် ဆုံးဖြတ်ချက် ချမှတ်ထားလိုက်၏။

ဤနေရာတွင် ကျွန်ုပ် တစ်ခုတင်ပြလိုသည်။ အဘ ဘိုးမင်းခေါင်က ကျွန်ုပ်အား ပုတီးကို မှန်မှန်စိပ်ပါ။ ပုတီးစိပ်လျှင် မည်သို့သော အကျိုးကျေးဇူးတရားများ ဖြစ်ထွန်းမည်ဆို၍ လိုချင်တပ်မက်သော စိတ်ဆန္ဒဖြင့် ပုတီးအဓိဋ္ဌာန်ဝင်ခြင်း မဟုတ်ပါ။ မိမိ၏စိတ်က အဓိဋ္ဌာန်ဝင်လိုသော ဆန္ဒများ ဖြစ်ပေါ်လာ၍ (၈၁) ရက် ပုတီးစိပ် အဓိဋ္ဌာန်ဝင်မိခြင်း ဖြစ်သည်။ ယင်းသို့ ပုတီးစိပ် အဓိဋ္ဌာန်ဝင်သည့်အတွက် 'ဘာဖြစ်ရပါလို၏' ဆိုသော ရည်ရွယ်ချက် မပါရှိပါ။ ပုတီးစိပ်ခြင်းအလုပ်ကို စတင်ပျိုးထောင်ခြင်းဟုသာ ကျွန်ုပ် သဘောထားမိ၏။

ကျွန်ုပ်၏ မွေးနေ့မှစ၍ မိမိနေအိမ်ရှိ ဘုရားစင်ရှေ့တွင် ဘုရားဝတ်ဖြည့်ပြီး နေရာမှန်၊ အချိန်မှန် ရောက်တိုင်း အဘ ဘိုးမင်းခေါင်က မိန့်ဆိုခဲ့သည့်အတိုင်း (၈၁)ရက်တိတိ ပုတီးစိပ် အဓိဋ္ဌာန်ကို မပျက်မကွက် ဝင်ခဲ့သည်။

## အိပ်မက်ထူး

ကျွန်ုပ်၏ ဘဝဝယ် ပုတီးစိပ်ခဲ့ဖူးသော်လည်း ပုတီးအဓိဋ္ဌာန် မဝင်ခဲ့ဘူးပါ။ ဤ(၈၁)ရက် ပုတီးအဓိဋ္ဌာန်ဝင်ခြင်းသည် ကျွန်ုပ်၏ ဘဝဝယ် ပထမဆုံးအကြိမ် ဖြစ်သည်။ (၄၅)ရက် အဓိဋ္ဌာန် ပြီးမြောက်သည့်နေ့ ညတွင် ထူးခြားဆန်းကြယ် အံ့ဖွယ်ကောင်းသော အိပ်မက်ထူးကို မြင်မက်ခဲ့၏။

ယင်းအိပ်မက်မှာ ကျွန်ုပ်သည် ဝါးတောင်ဝှေးတစ်ချောင်းကို အဖော်ပြု၍ တောတောင်ထဲသို့ တစ်ယောက်တည်း ရောက်ရှိသွားပြီး မတ်စောက်သော ကျောက်တောင်ကုန်း တစ်ခုပေါ်သို့ ခက်ခက်ခဲခဲ တက်လှမ်းခဲ့ရသည်။ ကျောက်တောင်ကုန်းထိပ်သို့ ရောက်ရှိလေသောအခါ (၂၇)တောင်ခန့် ရှိသော ရွှေဟောင်းစေတီတစ်ဆူကို ဖူးတွေ့လိုက်ရချိန်ဝယ် ကျွန်ုပ်၏ ရင်တွင်းမှာ အမောအပန်း ပြေပျောက်ပြီး အေးမြ ချမ်းမြေ့သောစိတ်ကို ခံစားလိုက်ရသည်။

ကျွန်ုပ်သည် စေတီတော်ကို ကြည်ညိုသဒ္ဓါစိတ်



www.burmeseclassic.com

www.burmeseclassic.com

များ ဖြစ်ပေါ်လာပြီး ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုး ကန်တော့လိုက်ချိန်တွင် စေတီတော်၏ ထီးတော်ထိပ် စိန်ဖူးတော်မှ အဖြူ အလင်းရောင်ခြည်တန်းတစ်ခုသည် မှောင်ထဲတွင် အားကောင်းသော လက်နှိပ်ဓာတ်မီး၏ အရောင် ထိုးလိုက်ဘိအလား ကျွန်ုပ်၏ နဖူးပြင် အလယ် ဗဟိုတည့်တည့်သို့ ထိုးချိန်လိုက်ချိန်တွင် တစ်ကိုယ်လုံး သည် အေးစိမ့်သော အထိအတွေ့ကို ခံစားလိုက်ရပြီး အိပ်ရာမှ လန့်၍နိုးလာခဲ့သည်။ မှားမကြာမီ နံနက် (၅)နာရီ ထိုးသံကို ကျွန်ုပ် ကြားလိုက်ရသည်။

ထိုသို့ (၈၁)ရက် ပုတီးအဓိဋ္ဌာန် ပြီးမြောက် သည့်နေ့ ညတွင် ကျွန်ုပ်သည် အိပ်မက်ထူးကို မြင်မက် ပြီးချိန်မှစ၍ အနာဂတ်ကာလတွင် ဖြစ်ပေါ်လာမည့် ကျွန်ုပ်၏ ကိုယ်ရေးကိုယ်တာ ကိစ္စရပ်များကို ကြိုတင် အိပ်မက်ချက်များ မှန်ကန်နေသည်ကို အံ့သြဖွယ် တွေ့ မြင်ခဲ့ရသည်။ တစ်ကြိမ် နှစ်ကြိမ် မှန်ကန်ခြင်းမျိုးကို တိုက်ဆိုင်မှုဟုပင် ထားပါဦး၊ အကြိမ်ကြိမ်အခါခါ မှန် ကန်နေသည်ကို တွေ့ရသောအခါ ကျွန်ုပ်သည် အထူး အံ့သြလာမိပြီး မိမိကိုယ်မိမိပင် မယုံကြည်နိုင်လောက် အောင် ဖြစ်လာမိတော့သည်။

ဥပမာ ကျွန်ုပ်သည် အလုပ်တစ်ခုကို အောင် မြင်မည် ထင်၍ လုပ်သည်။ ထင်သည့်အတိုင်း အောင် မြင်ခဲ့သည်။ ထားပါဦး၊ အလွ[illegible]က်သော မိတ်ဆွေ တစ်ဦးကို ငွေများ ချေးမိသည်။ ထိုမိတ်ဆွေသည် သူများ ငွေများကို ချေးယူပြီးလျှင် ပြန်၍မဆပ်ဟု သတင်းကြီး နေသည်။ ကျွန်ုပ်ကလည်း ထိုမိတ်ဆွေကိုမှ အလုပ်ကိစ္စ တစ်ခုကို အကြောင်းပြု၍ ငွေများ ထောင်သောင်း ချေး ယူထားသား ဖြစ်နေသည်။ တခြားသူ တစ်ဦးတစ်ယောက် သာဆိုလျှင် ဤသို့ ကိစ္စများ ကိုယ်တွေ့ကြုံလေသော် သင်းမီးတောက်မည်မှာ အမှန်ပင် ဖြစ်၏။ ကျွန်ုပ်က [illegible] ထိုမိတ်ဆွေထံတွင် ချေးထားသော ငွေထောင် သောင်းများ ပြန်လည်ရမည်ထင်သောအချိန်တွင် သွား ရောက်တောင်းခံခဲ့သည်။ ကျွန်ုပ် ထင်သည့်အတိုင်းပင် ချေးယူထားခဲ့သော ငွေထောင်သောင်းကို တစ်ပြား မကျန် ထိုမိတ်ဆွေက ပြန်လည်ပေးဆပ်ခဲ့သည်။

တစ်ကြိမ်က ကျွန်ုပ်နှင့် လွန်စွာခင်မင်ရင်းနှီး သော မိတ်ဆွေတစ်ဦး ဆေးရုံသို့ တက်ရောက်၍ ဆေး ကုသခံနေကြောင်း သတင်းစကား ကြားသိရသည်။ မိတ်ဆွေတို့ ဝတ္တရားရှိသည့်အတိုင်း ကျွန်ုပ်က ယင်း လူမမာမိတ်ဆွေကို သတင်းမေးရန် ဆေးရုံသို့ သွားနေ ချိန် ထိုမိတ်ဆွေသည် အမှန်တကယ် သေဆုံးတော့မည် ကို ကြိုတင်သိနှင့်နေ၏။ ကျွန်ုပ် ဆေးရုံသို့ သတင်းမေး ပြီး နောက်တစ်နေ့တွင် ထိုမိတ်ဆွေသည် ကွယ်လွန် အနိစ္စရောက်ကြောင်း ကြားသိခဲ့ရသည်။

တစ်ခါကလည်း ကျွန်ုပ်၏ သူငယ်ချင်း (၃) ယောက်သည် စုဝေး၍ ကျွန်ုပ် နေအိမ်သို့ ရောက်ရှိလာ ကြသည်။ ထိုအထဲမှ သူငယ်ချင်းတစ်ယောက်က သူ သည် မန္တလေးသို့ သွားမည့်အကြောင်း၊ ကျွန်ုပ်အနေဖြင့် အလိုရှိနေသော ပစ္စည်းများရှိလျှင် မှာလိုက်စေလို ကြောင်း၊ မန္တလေးတွင် (၃)ရက်ခန့်သာ နေထိုင်မည့် အကြောင်းကို စေတနာကောင်းဖြင့် ပြောကြားခဲ့သည်။

ကျွန်ုပ်က. . .

"ခင်ဗျား ပြောတာကို ကျေးဇူးတင်ပါတယ်၊ ခင်ဗျားဟာ မန္တလေးကို မရောက်နိုင်ပါဘူး"

ထိုအခါ သူငယ်ချင်းဖြစ်သူက အံ့သြစွာဖြင့်-

"ကျွန်တော် ရထားလက်မှတ် ယူထားပြီးပြီ"

"အေး ကြည့်ကြသေးတာပေါ့ဗျာ"

ထိုအခါ သူငယ်ချင်း(၃)ယောက်သည် ကျွန်ုပ် နေအိမ်မှ အပြန်တွင် မန္တလေးသို့ သွားမည်ဆိုသော သူငယ်ချင်းအား ကားတိုက်၍ ရုတ်တရက် ကွယ်လွန် အနိစ္စ ရောက်ရှိသွားကြောင်း ဝမ်းနည်းဖွယ် ကြားသိ



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရတော့သည်။

ယင်းအချိန်ကစပြီး ကျွန်ုပ်တွင် ပြဿနာ ဝင်လေတော့ပြီ။

ဤကိစ္စကို အကြောင်းပြု၍ ကျွန်ုပ်နှင့် ပတ်သက်သော သတင်းစကားများ ကျယ်ပြန့်လာကာ ကျွန်ုပ်နှင့် ကျေးဇူးမကင်းသူများ၊ ခင်မင်ရင်းနှီးကြသော မိတ်ဆွေအပေါင်းအသင်းများသည် စုရုံးရောက်ရှိလာကြပြီး ကျွန်ုပ်အား သူတို့ သိရှိလိုသော ကိစ္စအဝဝကို လာရောက်၍ မေးမြန်းကြတော့သည်။

သူတို့ သိရှိလို၍ မေးမြန်းသော အကြောင်းခြင်းရာ မျိုးစုံတို့တွင် အိမ်ပေါ်က စိတ်ဆိုး၍ ဆင်းသွားသော မိန်းမကို ရှာဖွေလျှင် တွေ့,မတွေ့၊ သားသမီးများ စာမေးပွဲ ဖြေဆိုထားသည်မှာ အောင်,မအောင်၊ အမှုအခင်း ဖြစ်နေသည်မှာ နိုင်, မနိုင်၊ အလုပ်လျှောက်ထားသည်မှာ ရ,မရ အလုပ်တွင် ရာထူး တက်,မတက်ကအစ တရားဥပဒေနှင့် မလွတ်ကင်းသော အလုပ်မျိုးကို လုပ်ဆောင်သော် အောင်မြင်မှု ရ,မရအထိ ပါရှိလာတော့သည်။

ကျွန်ုပ်အနေဖြင့် အခက်ကြုံလေတော့ပြီ။ မဟောပြန်လျှင်လည်း ခက်၊ ဟောပြန်လျှင်လည်း ခက်၍နေတော့သည်။ ကျေးဇူးတရားရှိ၍ မနိုင့်ရင်ကာ မိတ်ဆွေများကိုကား ကျွန်ုပ်သည် သူတို့ သိရှိလို၍ မေးမြန်းသည့် အချက်များကို ဟောပြောခဲ့ရသည်။ ယင်းသို့ ဟောပြောမိသည်နှင့် ကျွန်ုပ်နေအိမ်တွင် နံနက်မိုးလင်းက မိုးချုပ်သည့်တိုင်အောင် ဧည့်သည် မစဲတော့ပါ။ ကျွန်ုပ်အနေဖြင့် စားဝတ်နေရေး အလုပ်များကိုပင် လုပ်ချိန်မရတော့။ တစ်နေ့ တစ်နေ့ ဧည့်သည်များဖြင့်သာ အချိန်ကုန်နေရတော့ပြီ။ ကျွန်ုပ်ကိုယ်တိုင်ကလည်း ဗေဒင်ဆရာယောင်ယောင်၊ အကြားအမြင်ဆရာယောင်ယောင် ဖြစ်၍နေတော့သည်။ ကျွန်ုပ်ကိုယ်တိုင်က အနေအထိုင် အပြောအဆို မတတ်မှုကြောင့် မကြာမီသော ကာလတွင် ဒုက္ခတွေ့တော့မည်ကို ကြိုတင်သိနှင့်နေတော့သည်။

ကျွန်ုပ်သည် ပုတီးစိပ်ခြင်းအလုပ်ကို စွန့်လွှတ်လိုက်ပြီး ဘုရားကိုပင် မှန်မှန်မရှိခိုးတော့၊ ကြုံကြိုက်မှသာ ဦးသုံးကြိမ်ချ၍ ကန်တော့၏။ လူပေလူတေ တစ်ယောက်ကဲ့သို့သော ရပ်ရွာသိအောင် နေပြခဲ့သည်။ ဤသို့ နေပြသော်လည်း မရ ကျွန်ုပ်၏ အကြောင်းကို သိရှိသူများက ကျွန်ုပ်အပါးမှ မခွာဘဲ အတင်း မရမက သူတို့ သိရှိလိုသည့် တရားဥပဒေနှင့် မလွတ်ကင်းသော ကိစ္စဝိစ္စများကို မေးမြန်းကြတော့သည်။ နောက်ဆုံးတွင် ကျွန်ုပ်သည် ကြံရာမရတော့ဘဲ နံနက်မိုးလင်းမှ မိုးချုပ်သည့်တိုင်အောင် ကျွန်ုပ် မကြိုက်သော အရက်ကို ဖွတ်မှိတ်၍ အမူးအလဲ သောက်ပြရတော့သည်။ ဤတွင်တော့မှ ကျွန်ုပ်အား ပတ်ဝန်းကျင်က အမူးသမား ကဇော်အိုးကြီးဟု မှတ်ထင်ကာ ရှောင်ဖယ်သွားကြတော့သည်။ တချို့ကလည်း 'ဒီလူ အကြားအမြင် ရှိတယ်ဗျ၊ အရက်က ဖျက်သွားလို့ ပျက်သွားတာ' ဟူ၍ ဆိုသူက ဆို၏။

အမှန်အတိုင်း ဝန်ခံရလျှင် ပတ်ဝန်းကျင်က ထင်မြင် ယူဆကြသည့်အတိုင်း ကျွန်ုပ်တွင် ထူးခြားသော အသိ၊ အမြင်၊ အကြား လုံးဝမရှိတော့ပါ။ အရက်သောက်မှုကြောင့် အားလုံး ပျက်စီးသွားလေတော့ပြီ။ ယင်းသို့ ပျက်ပြယ်သွားသည့်အတွက် ကျွန်ုပ်သည် ဝမ်းနည်းခြင်း မဖြစ်မိပါ။ တစ်ဒုက္ခ အေးပြီဟုသာ ခံယူထားခဲ့မိ၏။

လပိုင်း အတော်ကြာလာ၍ ပတ်ဝန်းကျင်နှင့် နေသားတကျ ဖြစ်လာသောအခါ ကျွန်ုပ်သည် နေ့စဉ် ရက်ဆက် သောက်သုံးနေသော အရက်ကို စွန့်လွှတ်လိုက်တော့ပြီ။ တချို့က ကျွန်ုပ်အား အရက်ပြတ်သွားပြီဟု ဆိုသူက ဆို၏။ အမှန်မှာ ကျွန်ုပ်သည် နဂိုကတည်းက

www.burmeseclassic.com

အရက်ကို 'စွဲသူမဟုတ်၍ ဖြတ်စရာလည်း မလိုပါ။ အရက်သောက်သည့် အလုပ်ကို စွန့်လွှတ်ခြင်းသာ ဖြစ်သည်။

ကျွန်ုပ်သည် ပုတီးစိပ် အမိဋ္ဌာန်မဝင်ရဲသေးပါ။ အဘ ဘိုးမင်းခေါင် ချီးမြှင့်ခဲ့သော ပုတီးစိပ်နည်း နိဿျအတိုင်း နေ့စဉ်ရက်ဆက် မပျက်မကွက် နေရာမှန်တွင် အချိန်မှန် တစ်နေ့လျှင် ပုတီး (၉)ပတ်တိတိကိုသာ မှန်မှန်စိပ်ခဲ့သည်။ လိုလည်း မစိပ်၊ ပိုလည်း မစိပ်ပါ။ အဘ ဘိုးမင်းခေါင် ကျွန်ုပ်အား မှာခဲ့သည့်အတိုင်းသာ စိပ်ခဲ့သည်။ ဤတွင်စော့မှ ကျွန်ုပ်၏ ဘဝသည် ပုံမှန်အနေအထားသို့ ရောက်ရှိသွားပြီး ကျွန်ုပ်နှင့် ထိုက်တန်သော အကျိုးကို ပေးတော့၏။ အဘ ဘိုးမင်းခေါင် ပုတီးစိပ် ကျွန်ုပ်ကို အကျိုးပေးပုံမှာ ဆန်းဆန်းပြားပြား မဟုတ်ပါ။ ရိုးရိုးလေးသာ ဖြစ်သည်။ ကျွန်ုပ်စိတ်မှ ကြံရွယ်လေသမျှ ကျွန်ုပ်ကိုယ်ကာယမှ လုပ်ဆောင်သမျှ အတုသိုလ်အလုပ် မဟုတ်လျှင် အပျက်အစီး မရှိ အလုံးစုံ ပြီးစီးအောင်မြင်ခဲ့တော့သည်။

ထို့နောက်ပိုင်းကာလတွင် ကျွန်ုပ်သည် လူမှုရေး ကိစ္စဝိစ္စများ ရှုပ်ထွေးနေ၍ အဘ ဘိုးမင်းခေါင်နှင့် မတွေ့ဆုံဖြစ်တော့ပါ။ ဆုံစည်းနိုင်စရာ အကြောင်းလည်း မရှိပါ။ တစ်ခါတစ်ရံ လူကြီးသူမများ ပြောဆိုနေကြသော စကားဝိုင်းများတွင် အဘ ဘိုးမင်းခေါင်အကြောင်း နားစွန်နားဖျား ကြားသိခဲ့ရသည်။ 'ပုဂံမှာ ပေါ်၊ ပဲခူးမှာ ငုပ်၊ သထုံမှာ လင်း' ဆိုသော တဘောင်စကားအရ မော်လမြိုင် ခေါင်းဆေးကျွန်းမှစ၍ နေပြည်တော်ဝင်ခဲ့သော အဘ ဘိုးမင်းခေါင်သည် ဘီးလင်းနယ်တွင် ရတင်၍ မြန်မာနိုင်ငံတော်တစ်ဝန်းကို သာသနာပြုသတ္တဝါ ကယ်ခဲ့သည် ဆို၏။ အဘ ဘိုးမင်းခေါင်သည် ဓာန်ခိုး သိဒ္ဓိ အမျိုးမျိုးတို့ကို ပြသခဲ့သည် ဆို၏။ ဘုရားဆုပန်၊ သာသနာပြုသော ဝိဇ္ဇာကြီးဖြစ်၍ *'မင်းခေါင်အကြောင်း၊ ဗောဓိလောင်း၊ အပေါင်းလူတို့ သိ'* ခဲ့သည်ဟု ဆို၏။ ပြည်သူအများ ကပ်သုံးပါး ကျော်လွှားနိုင်ရန်အတွက် အနယ်နယ်အရပ်ရပ်သို့ လှည့်လည်၍ သွားလာပြီး ဓာတ်ပန္နက်များ ရိုက်ခဲ့သည် ဆို၏။

*'အရှေ့မှာ ခေါင်၊ အနောက်မှာ အောင်၊ အလယ်မှာ ရွှေကျောင်းဆောင်'* ဟူ၍လည်း အဘ ဘိုးမင်းခေါင်နှင့် ပတ်သက်၍ ဆိုသူက ဆိုကြသည်။ *'မြူခိုးတိမ်တောင်၊ နဂါးရစ်တောင်၊ မင်းခေါင်ကြွ၍ လာလိမ့်မည်'* ဆိုသော တဘောင်စကားအရ ပုပ္ပားတောင်မြတ်သို့သွား၍ အောင်ဓာတ်စခဲ့သော အဘ ဘိုးမင်းခေါင်သည် ဓာတ်ပေါင်းစုံ စေတီများကို တည်ပြီး (သက္ကရာဇ် ၁၃၁၄ ခုနှစ်၊ တော်သလင်းလဆုတ် ၂ ရက်နေ့)တွင် ပုပ္ပားတောင်တော်တွင် စခန်းဝင်ခဲ့သည်ဟူ၍ ဘဘ ဘိုးမင်းခေါင်နှင့် ပတ်သက်ပြီး လောကီဂန္ဓာရီပညာကို လေ့လာလိုက်စားကြသူများ၏ ပြောစကားအချို့ကို ကျွန်ုပ် ကြားသိ မှတ်သားထားခဲ့သည်။ ယင်းစကားများသည် မည်သို့သော အနက်အဓိပ္ပာယ်ဆောင်သည်ကို ကျွန်ုပ်ကိုယ်တိုင် သေချာစွာ မသိရှိခဲ့ပါ။

ဤကား ကျွန်ုပ်ဘဝတစ်ကွေ့ဝယ် အမှတ်မထင် ဘဘ ဘိုးမင်းခေါင်နှင့် မမျှော်လင့်ဘဲ ကြုံခဲ့ဆုံခဲ့ ဖူးတွေ့ခဲ့ရပြီ၊ ပေးခဲ့သော ပုတီးစိပ်ကို စိပ်ခဲ့ရကျွန်ုပ်ကိုယ်တွေ့ အဖြစ်အပျက်ကို တင်ပြခြင်းမျှသာ ဖြစ်သည်။

ဤကား အဘ ဘိုးမင်းခေါင်၏ ပုတီးစိပ်သောနည်း ဖြစ်သည်။

ဤကား အဘ ဘိုးမင်းခေါင် ပုတီးစိပ်၍ရသော အကျိုးဖြစ်သည်။

သုတေသီမြင့်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



# မိစ္ဆာဒိဋ္ဌိတရားတော်

## အပိုင်း(၂)

### အရှင်ဝိမလ

ပဲခူးမြို့ ဥဿာမြို့သစ်နေ ဒကာမကြီး ဒေါ်ညွန့်ရီနှင့် သမီးကြီးသဉ္ဇာလွင်၊ သမီးငယ်စန္ဒာလွင်တို့သည် စာရေးသူ သီတင်းသုံးရာ ဥဿာမြို့သစ် တပင်ရွှေထီးလမ်းရှိ ဥဿာမြို့ဦး ကျောင်းတိုက်သို့ ဘုရားပန်းများယူဆောင်၍ ရောက်ရှိလာကြပြီး စာရေးသူအား ကန်တော့ကြပြီးနောက် -

"ဒီနေ့က ၃၁-၇-၂၀၀၅ နေ့ဖြစ်တယ်။ ဒုတိယဝါဆို လပြည့်နေ့လည်းဖြစ်တယ်ဘုရား။ အဲဒါ တပည့်တော်တို့ ကုသိုလ်ပြုပါတယ်ဘုရား မနက်ပိုင်းက"

"ကောင်းတယ် သမီးသဉ္ဇာလွင်။ သမီးတို့အမေ အတွက် ဘုန်းကြီးလျှုခိုင်းတဲ့ သင်္ကန်းတစ်စုံ ထီးအရည်တ ချောင်းကော လျှုခဲ့ရဲ့လား"

"လျှုခဲ့ပါတယ်ဘုရား"

"အေး‥ဘုန်းကြီးလည်း ကုသိုလ်လိုချင်လို့ပဲ

"တပည့်တော်မတို့ ဘုရားပန်းလဲလှယ်လျှုလိုက်ပါ မယ် ဘုရား"

"ကောင်းပြီ ဒကာမကြီး ဒေါ်ညွန့်ရီ။ ဟိုတလော ဒကာမကြီးတို့အိမ်မှာ ဟောခဲ့တဲ့ မိစ္ဆာဒိဋ္ဌိတရားတော် ပြန်ဆက်ဟောရအောင်"



www.burmeseclassic.com

www.burmeseclassic.com

"မှန်လှပါဘုရား။ တပည့်တော်ရော ဒီကာသမီးတွေ ထပါ သိချင်နေကြပါတယ်ဘုရား"

သားအမိသုံးယောက်သည် စာရေးသူ သီတင်းသုံးရာ ဓမ္မာရုံရှိ ဘုရားခန်းသို့ လာရောက်ပါတော့သည်။ စာရေးသူသည် ဤသားအမိတို့၏ဒါနကို သာဓုခေါ်ရင်း မေတ္တာပို့ ပေးနေပါသည်။ မကြာမီ စာရေးသူရှိရာသို့ ရောက်ရှိလာကြပြီး ဦးချကန်တော့၍--

"မြတ်စွာဘုရားက တရားဟောလိုက်တော့ မိစ္ဆာဒိဋ္ဌိဖြစ်ကြတဲ့ သဿတဒိဋ္ဌိသမားက တွန့်သွားတယ်။ ဥစ္ဆေဒဒိဋ္ဌိ သမားက လွန်ထွက်သွားတယ်။ အဲဒါ ဘာကြောင့်လဲဆိုတာ ဘုန်းဘုန်းက ဟောမယ်ဆိုလို့ နာကြားပါရစေဘုရား"

"အင်း···သမီးသဥ္ဇာလွင်က လျှောက်လိုက်တော့ ဘုန်းဘုန်းက ဟောကြားရမှာပေါ့။ အင်း···ဒါနဲ့ သဿတ ဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိတို့ရဲ့ သဘောတရားတော မှတ်မိကြရဲ့လား"

"သဿတဒိဋ္ဌိက ဘဝဆိုတာ ခိုင်တယ်မြဲတယ်ဆိုတဲ့ သဘောရှိတယ်။ ဥစ္ဆေဒဒိဋ္ဌိကတော့ ဘဝဆိုတာ ပြတ်တယ်။ အဆက်အစပ်မရှိဘူး သဘောရှိပါတယ်ဘုရား"

"အေး···မြတ်စွာဘုရားရှင်က နိဗ္ဗာန်ဆိုတာ ဘဝတွေချုပ်ငြိမ်း ရုပ်သိမ်းကုန်တာ။ ရုပ်တွေနာမ်တွေ မရှိတော့ဘူး။ ချုပ်ငြိမ်းကုန်လို့ မရှိတော့ဘူးလို့ ဟောလိုက်တာ မဟုတ်လား"

"မှန်လှပါဘုရား"

"ဒီတော့ သဿတသမားက တွန့်သွားတယ်။ ဥစ္ဆေဒ သမားက လွန်ထွက်သွားတယ်။ အဲဒီနေရာကနေ စမှာနော်။ ဟုတ်လား သမီးစန္ဒာလွှင်"

"မှန်လှပါဘုရား"

"အဲဒါဟုတ်လား ဒကာမကြီး ဒေါ်ညွှန့်ရီ"

"ဟုတ်ပါတယ်ဘုရား"

"ဘုရားရှင်က နိဗ္ဗာန်ဆိုတာ ရုပ်တွေလည်းမရှိတော့ဘူး။ နာမ်တွေလည်း မရှိတော့ဘူး။ ဒီလိုဟောလိုက်တာ။ အဲဒီမှာ သဿတသမားတွေက ဟင်း···ဒီလိုနိဗ္ဗာန်ကြီးမျိုး မလိုချင်ပါဘူး။ ရုပ်တွေလည်းမရှိ၊ နာမ်တွေလည်းမရှိဘူးတဲ့။ အဲဒီလိုဆိုရင် အမေတို့ အဖေတို့နဲ့ အတူမနေရတော့ဘူး။ ညီအစ်ကို မောင်နှမတွေနဲ့လည်း ကွဲသွားပြီ။ သူငယ်ချင်းတွေလည်း မတွေ့ရတော့ဘူး။ ဒီလိုနိဗ္ဗာန်မျိုးကြီး မလိုချင်ပါဘူး။ နိဗ္ဗာန်ဆိုတာ ဘာမှမရှိဘူးတဲ့။ အဲဒါ တွန့်တာပေါ့။ သူက လူအများကြီးနဲ့ ပျော်ပျော်ပါးပါးနေချင်တာ။ ဒီလိုနိဗ္ဗာန်မျိုး မလိုချင်ဘူးဆိုတာ တွန့်တာပဲပေါ့။ ဘယ်လိုပုဂ္ဂိုလ်မျိုးက တွန့် တာလည်း သမီးစန္ဒာလွှင်"

"သဿတသမားက တွန့်တာ ပါဘုရား"

"သဿတသမားက စေးတွဲနေချင်တာ၊ ခိုင်မြဲနေချင်တာ မဟုတ်လား။ ဘုရားက တရားဟောလိုက်တော့ ပေါ် ပြီးလာတယ်။ သဿတသမားက တွန့်သွားပြီ ဒကာမကြီး ဒေါ်ညွှန့်ရီ"

"မှန်လှပါဘုရား"

"ဥစ္ဆေဒသမားက လွန်ထွက်သွားတယ်။ ဘယ်လို လွန်သလဲဆိုရင် အေး···ဘာမှမရှိတာကောင်းတယ်။ ရုပ်မရှိ နာမ်မရှိ၊ ရုပ်ရောနာမ်ရော ဘာမှမရှိတာကောင်းတယ်။ ဒီရုပ်တွေ၊ နာမ်တွေရှိလို့ ခက်နေတာပေါ့။ သူတို့အတွက် စားဖို့ရှာရ၊ ဝတ်ဖို့ရှာရ၊ နေဖို့ရှာရနဲ့။ အိုး···လူ့မှုရေးတွေက ရှုပ်ပါ တယ်။ ဒီကြားထဲ ရန်ဖြစ်ရ၊ တိုက်ရခိုက်ရနဲ့။ အဲဒါ ဒီရုပ် တွေ၊ နာမ်တွေ ရှိနေလို့ပေါ့တဲ့။ ဘာမှမရှိတာကောင်းတယ်။ ဘာဆိုဘာမှမရှိတာကောင်းတယ်ဆိုတော့ လွန်မသွားဘူးလား"

"လွန်သွားပါတယ်ဘုရား"

"ဥစ္ဆေဒသမားက ဘဝဆိုတာ ပြတ်တယ်၊ အဆက် အစပ်မရှိဘူး။ ဒီဘဝသေရင်ပြီးရော ဘဝပြတ်ပြီ။ ဒီအယူ အဆမဟုတ်လား သမီးသဥ္ဇာလွင်"

"မှန်လှပါဘုရား"

"သဿတသမားက အမြဲတမ်း ကြည့်နေချင်တယ်။ ရှိနေစေချင်တယ်။ ဥစ္ဆေဒသမားကျတော့ ဘာမှမရှိတာ ကောင်းတယ်နဲ့ လွန်ထွက်သွားရော။ ဒါဆိုရင် မေးမယ်။ နိဗ္ဗာန်ဆိုတာ ဘာမှမရှိတာလား သမီးသဥ္ဇာလွင်။ သမီးက သိနိုင်မယ်"

"ဆရာတော်တွေ ဟောတာကတော့ ရုပ်ရော၊ နာမ် ရော ဘာမှမရှိဘူး။ အေးငြိမ်းမှုသဘောရှိတယ်တဲ့"

"ဟုတ်တယ်။ အေးငြိမ်းတာနဲ့ အေးချမ်းတာနဲ့ သဘောမတူဘူး။ ဒီနေရာမှာ ပြောချင်တာလေးတစ်ခုရှိတယ်။ ဆရာတော်ဆန္ဒာဓိကဟောကြားတဲ့ တရားတစ်ပုဒ်မှာ ယောဂီ

www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးကြီးက ဆရာတော်ကိုလျှောက်တယ်။ တပည့်တော်မ ကြားဖူးတာက နိဗ္ဗာန်ဆိုတာ အေးမြတယ်တဲ့။ တပည့်တော်မအနေနဲ့ နိဗ္ဗာန်ကို မသွားချင်ပါဘူးတဲ့။ ဆရာတော်ဆန္ဒာဓိကက ဘာဖြစ်လို့လဲ ဒကာမကြီးလို့မေးကြည့်တော့ တပည့်တော်မရောဂါ အေးရင်မရဘူးဘုရားတဲ့။ ကဲ့··အဲဒါကြည့်တော့။ နိဗ္ဗာန်ဆိုတာ နေရာဘုံဌာနတစ်ခုမှတ်ပြီး ပြောနေတာ မဟုတ်လား"

"မှန်လှပါဘုရား"

"နိဗ္ဗာန်ဆိုတာ ကောင်းကင်မှာ နေရာဘုံဌာနတစ်ခုလား၊ သမီးစန္ဒာလွင်"

"မဟုတ်ပါဘူးဘုရား"

"ဒီဘဝကွယ်လွန်ပြီး နောက်ထပ် ရုပ်ခန္ဓာ၊ နာမ်ခန္ဓာအသစ် မဖြစ်တာမဟုတ်လား"

"မှန်လှပါဘုရား"

"လူ့လောကမှာ တချို့ အသက်သာကြီးတယ်။ နိဗ္ဗာန်ဆိုတာ ဘာလဲ၊ ဘယ်လိုဟာလဲ မသိသူတွေ အများကြီးပဲကွ"

"မှန်လှပါဘုရား"

"မိစ္ဆာဒိဋ္ဌိ အယူရှိသူတွေ ပိုဆိုးသကိုး"

"မှန်လှပါဘုရား"

"ဒီတော့ နိဗ္ဗာန်တားတယ်ဆိုတာ အဲဒါပဲ။ နိဗ္ဗာန်တားတယ်ဆိုတာ လက်ကြီးနဲ့ ဆီးတားတာမဟုတ်ဘူး။ နိဗ္ဗာန်ရောက်တဲ့လမ်းကို မသွားချင်ကြတာပဲ ဟုတ်လား"

"မှန်လှပါဘုရား"

"သဿတလမ်းကကော နိဗ္ဗာန်ရောက်ပါ့မလား"

"မရောက်ပါဘူးဘုရား"

"ဉစ္ဆေဒလမ်းကကော နိဗ္ဗာန်ရောက်ပါ့မလား"

"မရောက်ပါဘူးဘုရား"

"ဒိဋ္ဌိတွေက နိဗ္ဗာန်ကိုတားနေတယ်ဆိုတာ ပြောတာပဲ"

"မှန်လှပါဘုရား"

"သဿတဒိဋ္ဌိရှိနေရင် နိဗ္ဗာန်မရနိုင်ဘူး။ ဉစ္ဆေဒဒိဋ္ဌိရှိနေရင်လည်း နိဗ္ဗာန်မရနိုင်ဘူး။ အဲဒါကိုပြောတာ"

"မှန်လှပါဘုရား"

"ကဲ··သဿတဒိဋ္ဌိသမားအကြောင်း ပြောရအောင်။ သဿတသမားက ဘဝထဲမှာပျော်တယ်။ ဘုံဘဝမှာပျော်တယ်။ အဖေ၊ အမေ၊ ညီအစ်ကို၊ မောင်နှမတွေနဲ့ တတွဲတွဲ မခွဲချင်ဘူး။ ဘုံစဥ်လှည့်ပြီးတော့လည်း စံနေချင်တယ်။ တတွဲတွဲအမြဲ စေးကပ်တဲ့သဘော မှတ်နော်"

"မှန်လှပါဘုရား"

"ဉစ္ဆေဒသမားကျတော့ အဲဒီလို မဟုတ်ဘူး။ အဖေအမေကိုလည်း မခင်ဘူး။ ညီအစ်ကို မောင်နှမတွေ လည်း မခင်ဘူး။ သူငယ်ချင်းမိတ်ဆွေ အပေါင်းအသင်းတွေနဲ့လည်း ရောရောနှောနှော မနေဘူး။ နောက်ဆုံး ကိုယ့်ကိုယ်ကိုတောင် မခင်တဲ့သူ။ ဒီလူက ကြောက်စရာကောင်းတယ်။ ဆရာကောင်းနဲ့တွေ့မှ တော်ကာကျမယ် ဒကာမကြီးဒေါ်ညွှန့်ရီ"

"မှန်လှပါဘုရား"

"ဉစ္ဆေဒသမားဆိုတော့ ဟိုဘက်ဘဝ၊ ဒီဘက်ဘဝ အကျိုးပြုတယ်ဆိုတာ ယုံကြည်ရဲ့လား"

"မယုံကြည်ပါဘူးဘုရား"

"အဲဒါကြောင့် သူ့ကို ကုသိုလ်လုပ်ပါဆိုလည်း မလုပ်ဘူး။ ပိုက်ဆံကုန်တယ်တဲ့။ သဿတသမားကျတော့ ကုသိုလ်လုပ်ပါဆိုရင် လုပ်တယ်။ နောက်ဘဝရှိတယ်ဆိုတာ ယုံကြည်ထားသူဆိုတော့ နောက်ဘဝ စည်းစိမ်ချမ်းသာတွေပေါ် အောင်ကုသိုလ်လုပ်တယ်။ ဉစ္ဆေဒသမားကို သီလဆောက်တည်ပါဆိုရင် ထမင်းငတ်တယ်။ လူလည်း အနေအထိုင် ကျဉ်းကျပ်တယ်တဲ့။ မဆောက်တည်ဘူး။ သဿတသမားကို သီလဆောက်တည်ပါဆိုရင် ဆောက်တည်တယ်။ နောက်ဘဝ ရုပ်ချောဖို့၊ အမျိုးမြင့်မြတ်ဖို့ ဆောက်တည်တယ်။ သဿတသမားက ကုသိုလ်လုပ်တယ်။ ဉစ္ဆေဒသမားက ကုသိုလ် မလုပ်ဘူး"

"မှန်လှပါဘုရား"

"သဿတသမားကို အကုသိုလ်လုပ်ခိုင်းကြည့် မလုပ်ဘူး။ ငှက်ကောင်ကို ဆားနဲ့ပက်ခံရသလိုကြောက်တယ်။ နောက်ဘဝမှာ ဒုက္ခတွေမှဖြင့် ဒီလိုတွေးပြီး မလုပ်တာ။ ဉစ္ဆေဒသမားကို အကုသိုလ်လုပ်ခိုင်းကြည့်၊ လုပ်တယ်။ အခုဘဝ ကောင်းကောင်းစားဖို့ အရေးကြီးတယ်။ သူက ဟိုဘက်ဘဝနဲ့ ဒီဘက်ဘဝ ဆက်စပ်မှုမရှိဘူး။ ကြားထဲ ပြတ်နေသည့်သဘောကို ယူထားတာလေ။ ဒီတော့ ဉစ္ဆေဒသမားက



www.burmeseclassic.com

www.burmeseclassic.com

အကုသိုလ်များတယ်။ သဿသတသမားက ကုသိုလ်များတယ်။ ဒီလိုမဟုတ်လား"

"မှန်လှပါဘုရား"

"သူတို့နှစ်ဦးကို ဘုရားရှင်ကိုယ် တော်မြတ်ကြီးကပဲဖြစ်ဖြစ်၊ တပည့်ရဟန်း သံဃာတွေကပဲဖြစ်ဖြစ် တရားထိုင်ရမယ် လာကြဆိုရင် လာရတယ်။ တရားထိုင်ရင် ဒီလိုရှု ဒီလိုမှတ် ဆိုပြီး အနားကနေ ကြီးကြပ်စောင့်ကြည့်တယ်။ ဒီနှစ်ယောက် ကြိုးစားပမ်းစား တရားအားထုတ်လိုက်တာ ဥစ္ဆေဒသမားကပဲ အရင်တရားရသွားတယ်"

"ဥစ္ဆေဒသမားက အကုသိုလ်များတယ်၊ သဿတ သမားက ကုသိုလ်များတဲ့ဥစ္စာ ဘယ့်နှယ့်ကြောင့် သူက ရှေ့ဦး စွာ တရားရသွားတာလဲဘုရား"

"သမီးသဍ္ဍာလွင် မေးမယ်ဆိုလည်း ဒါဟာ မေးသင့် တယ်။ ဒီနေရာမှာ သဿတသမားက တရားမရဘူးလို့ မဆို လိုဘူးနော်။ ဥစ္ဆေဒသမားက အရင်တရားရသွားတယ်။ ရှေ့ဦး စွာတရားရတယ်။ သဿတသမားက ရချင်လည်းရမယ်။ ဒါပေမယ့် သူက နှေးမယ့်သဘောရှိမယ် ဟုတ်လား"

"မှန်လှပါဘုရား"

"ဥစ္ဆေဒသမားက အရင်တရားရသွားတယ်ဆိုတာ သူက အစေးအတွဲ မထားလို့တဲ့။ အစေးအတွဲဆိုတာ သိတယ် နော်"

"သိပါတယ်ဘုရား"

"အဖေ၊ အမေ၊ ညီအစ်ကို မောင်နှမတွေမထားဘူး။ ကိုယ့်ကိုယ်ကိုတောင် အစေးအတွဲမထားတဲ့သူမဟုတ် လား။ အဲဒါကြောင့် ဥစ္ဆေဒဒိဋ္ဌိသမားက အရင်တရားရသွားတာပဲ။ သဿတသ မားက အစေးအတွဲတွေများတယ်။ ဆွေမျိုးတွေ၊ ညီအစ်ကိုမောင်နှမတွေနဲ့ ပျော်မယ်၊ သံသရာထဲမှာပျော်မယ်။ သေအ တူရှင်မကွာ ဘဝသံသရာထဲမှာ လည်ချင်တဲ့သဘော ရှိနေတဲ့ လူစားမျိုး။ တရားရချင်ရင် အစေးအတွဲ ထားရမှာ လား မထားရဘူးလား"

"မထားရပါဘူး ဘုရား"

"ဒီညီမနှစ်ယောက်က သဿတအုပ်စုလား၊ ဥစ္ဆေဒ အုပ်စုလား။ မဟုတ်ရင်ကောင်းမယ်။ မဟုတ်ရင် နိဗ္ဗာန်ရ နိုင်မယ်။ ဟုတ်ရင် နိဗ္ဗာန်မရနိုင်ဘူး။ အစေးအတွဲတွေလျှော့ ရမယ်။ ဒီလိုမှမဟုတ်ဘဲ ဒီလင်၊ ဒီမယား။ ဒီသားသမီးတွေနဲ့ ဘဝသံသရာထဲမှာ နောက်ထပ် ဆုံစည်းချင်ပါသေးတယ်။ တချို့က ငှက်ဖြစ်ရင်လည်း တစ်ကိုင်းတည်းပဲဆိုတာတွေ တရားရနိုင်ပါ့မလား"

"မရနိုင်ပါဘူးဘုရား"

"ချစ်တာတို့ ခင်တာတို့ဆိုတဲ့ အစေးအတွဲတွေများနေ ရင် လျှော့ဖို့ ဘုန်းကြီးကပြောတာပါ။ ယခုလက်ရှိ ဖြတ် တောက်ရမယ် မဟုတ်ဘူးနော်"

"တင်ပါ့ဘုရား"

"ဘယ်သူတွေ ဘာပဲပြောပြော လူတွေဟာ ကိုယ့် ကိုယ်ကို အချစ်ဆုံးပါ။ ကြည့်လေ။ မလ္လိကာမိဖုရားကြီးနဲ့ ကောသလဘုရင်ကြီး အကြောင်းလေ။ ဘုရင်က မိဖုရားကြီး ကိုမေးတယ်။ လောကကြီးမှာ ဘယ်သူ့အချစ်ဆုံးလဲတဲ့။ မိ ဖုရားကြီးကပြောတယ်။ ကိုယ့်ကိုယ်ကို အချစ်ဆုံးတဲ့။ ရှင် ဘုရင်က စိတ်ဆိုးရော။ နောက်ဆုံး ဘုရားရှင်ဆီရောက်တော့ ကိုယ့်ကိုယ်ကို အချစ်ဆုံးဆိုတာ မှန်တယ်လို့ ထောက်ခံချက် ပေးတယ်။ အဲဒါ ဘာဒိဋ္ဌိလဲ သမီးသဍ္ဍာလွင်"

"သဿတဒိဋ္ဌိပါဘုရား"

"လူအများကို လိုက်လံစာရင်းကောက်ရင် သဿတ ဒိဋ္ဌိ များမယ်နော်"

"မှန်လှပါဘုရား"

"အဲဒါကြောင့် မိစ္ဆာဒိဋ္ဌိစွဲတဲ့ ပုဂ္ဂိုလ်ဟာ ဒီကနေသေ၊ အဝီစိကျ၊ နက်ဖြန်ခါ ကမ္ဘာကြီးပျက်ရင် မပျက်တဲ့ ကမ္ဘာ ရွှေ့ခံရတယ်ဆိုတာ တို့တစ်တွေ မှတ်သားပြီး ကိုယ့်ရင်ထဲမှာ မိစ္ဆာဒိဋ္ဌိများရှိရင် မြန်မြန်ဖယ်ရှားပစ်ဖို့ ဘုန်းကြီးက မှာကြား ရင်း တရားနိဂုံးချုပ်လိုက်တော့မယ်"

"သာဓု…သာဓု…သာဓု"

**အရှင်ဝိမလ**

*(ဝန်ခံချက် ။ ။ ဆရာတော် ဦးယောသိတ၏ ၆၂ ပါးသော မိစ္ဆာဒိဋ္ဌိများ တရားတော်ကို မှီငြမ်းပူဇော်ပါသည်။ မှတ်ချက်။ ။ ပဲခူးမြို့ ဥဿာမြို့ဦးရပ်က ဒကာမကြီးဒေါ်ညွန့်ရီ၊ သမီးသဍ္ဍာလွင်၊ စန္ဒာလွင်တို့အတွက် အမှတ်တရ။)*



www.burmeseclassic.com

www.burmeseclassic.com



# ခြင်္သေ့အကြောင်း တစေ့တစောင်း

နတ်ထီးလှိုင်

ခြင်္သေ့ပုံများကို စေတီပုထိုးများ၏ ထောင့်များ၊ စောင်းတန်းထိပ်များတွင် တွေ့မြင်ရတတ်ပါသည်။ သို့နှင့် ခြင်္သေ့များအကြောင်းကို သိချင်လာ၏။ အဘယ်ကြောင့် ခြင်္သေ့ပုံများကိုမှ ရွေးချယ်ထုလုပ်ထားရပါသနည်း။ ခြင်္သေ့ လေးမျိုးရှိကြောင်းကို သမန္တစက္ခုဒီပနီကျမ်း၏ စာမျက်နှာ ၆ဂ၁ တွင် မုံရွေးဇေတဝန်ဆရာတော်ကြီးက မုံရွာသီရိမာလာ၏ အမေးတို့ကို ဤသို့ဖြေကြားထားပါ၏။

(၁) တိဏသီဟ၊
(၂) ကာဠသီဟ၊
(၃) ပဏ္ဍုသီဟ၊
(၄) ကေသရသီဟ၊

တိဏသီဟသည် ညိုသောအဆင်းရှိသော နွားမနှင့်တူ၏။ မြက်ကိုစား၏။ ကာဠသီဟသည် မည်းနက်သော နွားမနှင့်တူ၏။ မြက်ကိုပင်စား၏။ ပဏ္ဍုသီဟသည် သစ်ရွက်ရောင်အဆင်းနှင့်တူသော နွားမနှင့်တူ၏။ တိရစ္ဆာန်တို့အသားကို စား၏။ ကေသရသီဟသည် ချိပ်ရည်ဖြင့် အပျစ်အပျစ်ပြုသကဲ့သို့ နီသောခံတွင်း၊ မြီးစည်း၊ လေးချောင်းသော ခြေဖျားတို့သည် ရဲရဲနီကုန်၏။ ဦးခေါင်းမှစ၍ ချိပ်ရည်ဖြင့် ရေးသားဘိသကဲ့သို့ သုံးခုသော အရေးတို့သည် ကျောက်ကုန်း(ကျောကုန်း)၏ အလယ်ဖြင့်သွားလေ၍ ဝမ်း၏အောက်သို့ ရောက်သောကား လက်ယာရစ်လှည့်၍ တည်လေ၏။ လည်ကုပ်၌ကား အဖိုး တစ်သိန်းထိုက်သော ကမ္ဗလာထည်ဖြင့် လွှမ်းရုံဘိသကဲ့သို့

www.burmeseclassic.com

ထည့်ထားရှိ၏။

ဆိုခဲ့ပြီးသည့်မှ ကြွင်းသောအရပ်တို့သည်ကား အလွန်စင်ကြယ်လှစွာသော သလေးဆန်မှုန့်ညက်သကဲ့သို့ အလွန်မြူစင်သန့်ရှင်းစွာ၏။

ထိုကောသရသီဟာသည် မိမိနေမြဲဖြစ်သော ရွှေဂူ၊ ငွေဂူ၊ မြဂူ၊ ဖန်ဂူ၊ ဆေးဒန်းမြင်းသီလာဂူ ဟူသော ဂူတစ်ခုခုတို့ကိုမှ လေးပါးသောအကြောင်းတို့ဖြင့် ထွက်ကုန်၏။

(က) အမိုက်တိုက်ဖြင့် နှိပ်စက်ခြင်းကြောင့် အလင်းကို အလိုရှိ၍လည်းကောင်း။

(ခ) ဥစ္စာရသဖြင့် နှိပ်စက်ခြင်းကြောင့် (ကျင်ကြီး ကျင်ငယ်) ခါစွန့်အံ့သောဟုလည်းကောင်း။

(ဂ) ငတ်မွတ်ခြင်း၊ နှိပ်စက်ခြင်းကြောင့် အစာရှာအံ့သောဟုလည်းကောင်း။

(ဃ) အသဒ္ဓမ္မပွင့်ဘောဝန (မေထုန်မှီဝဲရန်) အလို့ဌာလည်းကောင်း နေမြဲဂူတို့မှ ထွက်ကုန်၏။

ထွက်သည်ရှိသော် ဂူရှေ့ ကျောက်ဖျာအပြင်(ကြမ်းပြင်)၌ နောက်ခြေနှစ်ဖက်တို့ကို ညီညွတ်စွာ ထိစေ၍ ရှေ့ခြေနှစ်ဖက်တို့ကို ရှေ့သို့ဆန့်၍ ကိုယ်၏နောက်အဖို့ကို အားသစ်ပြီး၍ ရှေ့အဖို့ကို အားယူဆန့်၍ ကျောက်ကုန်း(ကျောကုန်း)ရိုးကို ညွတ်ပြီးလျှင် လည်ကိုချီ၍ မိုးကြိုးသံကိုပြုသကဲ့သို့ နှာခေါင်းတိုးခါ၍ ကိုယ်၌ကပ်သော မြေမှုန့်ကို ခါထုတ်လျက် စံပယ်၏။

(စေတီ၊ ပုထိုးတို့တွင် ထုလုပ်ထားသော ပုံသဏ္ဌာန်မျိုး)

စံပယ်ရာမြေအရပ်၌ကား နွားသားငယ်ကဲ့သို့ ထိုမှဤမှ ပြေး၏။ ထိုသို့ပြေးသော ခြင်္သေ့မင်း၏ မှင်ဆံသည်ကား ညဉ့်အခါ အမိုက်တို့၌ ထိုမှဤမှ လှည့်၍ယမ်းသော မီးစက်ကဲ့သို့ထင်ရ၏။ ဤသို့ စံပယ်ကွန့်မြူးပြီးလျှင် ခြင်္သေ့သံကို ဟစ်၏။

ထိုအသံသည်ကား ထက်ဝန်းကျင် သုံးယူဇနာ ၂၄ မိုင်အရပ်သို့ တစ်ပြိုင်နက် ပဲ့တင်ထပ်ခြင်းကိုပြု၏။ ထိုပဲ့တင်ထပ်သံကြားသော သုံးယူဇနာတွင်း ရှိ ခြေနှစ်ချောင်း၊ လေးချောင်း သားငှက်အပေါင်းတို့သည် မိမိနေရာ၌ရပ်နေခြင်းမှာ မတတ်နိုင်ကြကုန်။

ယခုအခါ ငါတို့အား လာလတ်ဖမ်းယူလတ္တံ့ဟု ကြောက်လန့်ကုန်လျက် ခရီးကိုကြည့်ကုန်၏။ တွင်းနေကုန်သော မြွေ၊ မြွေပါ၊ ပုတတ်စသော တိရစ္ဆာန်တို့သည် တွင်းသို့ဝင်အောင်းလေ၏။ ရေနေ ငါး၊ လိပ် စသည်တို့သည် ရေသို့ငုပ်လျှိုး ပြေးကြလေကုန်၏။ တောနေသော ဆင်၊ မြင်း၊ နွား၊ ဆတ်၊ သမင်၊ ဒရယ် စသည်တို့သည် တောချုံပိတ်ပေါင်းတို့သို့ ဝင်ကြလေ၏။ ငှက်အပေါင်းတို့သည်လည်း ကောင်းကင်သို့ ပျံတက်လေကုန်၏။

အကြွင်းသားမျိုးတို့သည် ထိတ်လန့်ကြ၏။ ထိုသားမျိုးတို့သည် ရွာ၊ နိဂုံး၊ ရာဇဓာနီ စသည်တို့၌ မြဲခိုင်စွာ သားရေဖြင့်ပြီးသောကြိုး၊ လွန်း၊ နှယ်တို့ဖြင့် နှောင်ဖွဲ့အပ်ကုန်သော ဆင်၊ ပြောင် စသည်တို့သည်လည်း ထိုကြိုးလွန်းတို့ကို ဖြတ်ကုန်၍ ကြောက်လန့်ကာ ကျင်ကြီး၊ ကျင်ငယ်တို့ကို စွန့်ကုန်လျက် ထိုထိုဤဤအရပ်သို့ ပြေးကြလေကုန်၏။

ဤသို့လျှင် ခြင်္သေ့မင်း၏အသံကို ကြားကုန်၍ များစွာသော သတ္တဝါတို့သည် ကြောက်လန့်ကြကုန်၏။ မကြောက်သော သတ္တဝါတို့နည်း၏။ မကြောက်သူတို့မှာ ဇာတ်တူသော ခြင်္သေ့၊ အာဇာနည်ဆင်၊ အာဇာနည်မြင်း၊ ဥသဘနွားလား၊ ပုရိသအာဇာနည်၊ ရဟန္တာ ဤငါးမျိုးတို့တည်း။

မကြောက်ကြသနည်းဟူမူ ဇာတ်တူခြင်္သေ့တို့သည် ရဲရင့်သော သဘောတူမှုကြ၍ မကြောက်ကုန်။

အာဇာနည်ဆင် စသည်တို့ကား မိမိတို့၏ မာန်မာန အစွဲအားကြီးသောကြောင့် မကြောက်ကုန်။

ရဟန္တာတို့သည် သက္ကာယဒိဋ္ဌိ(မာနအစွဲ)ကို ပယ်ပြီးသောကြောင့် မကြောက်တတ်။

ထိုခြင်္သေ့သည် မြူးတူးရာဖြစ်သော မြေပြင်၌ရပ်လျက် လက်ဝဲ၊ လက်ယာသို့ ခုန်ပျံသော် တစ်ဥသဘသို့ရောက်၏။ အထက်သို့ခုန်သော် လေးဥသဘမှ ရှစ်ဥသဘသို့ရောက်၏။ မြေပြင်ညီ၌ခုန်သော် ၁၆ ဥသဘသို့ ရောက်နိုင်၏။

တောင်ထိပ် ကုန်းထိပ်တို့မှ လှမ်းခုန်သော် ၆၀ ဥသဘမျှ ရောက်နိုင်၏။ ထိုသို့ခုန်ရာ ခရီးကြား၌ သစ်ပင်၊ တောင်ကုန်းတို့ကို ရှောင်ရှားသော် လက်ဝဲ၊ လက်ယာအထက်သို့ တစ်ဥသဘမျှလောက်ပဲ ရှောင်နိုင်၏။

ထိုခြင်္သေ့သည် သုံးကြိမ် ခြင်္သေ့သံကိုဟစ်၍ ထိုအသံနှင့်တစ်ပြိုင်နက် သုံးယူဇနာ ၂၄ မိုင် အရပ်သို့ရောက်နိုင်၏။ ထိုသုံးယူဇနာအရပ်သို့ ရောက်ပြီးလျှင် ပြန်လှည့်ခဲ့ပြီး ရပ်နိုင်၏။ မိမိဟစ်အော်သောအသံ၏ ပဲ့တင်ထပ်သံကို ပြန်ကြား၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအသံမစဲပီ ရောက်လာနိုင်၏။

(ပုံတင်ထပ်အသံ၏ အလျင်နှုန်းထက် လျင်မြန်သော အပြေးနှုန်းရှိ၏။)

ဤသို့ ရဲရင့်သောအဖြစ် စသောဂုဏ်တို့ကြောင့် ခြင်္သေ့သုံးမျိုးထက် ကေသရာခြင်္သေ့က လွန်ကဲထူးမြတ်၏။ (ဝီဝမျိုးကွဲစုံ လျော့နည်းကျဆင်းနေမှုကြောင့် ဤလိုခြင်္သေ့မျိုး မရှိနိုင်တော့ပါ)

ခြင်္သေ့တို့သည် တန်ခိုးဖြင့် လုံ့လပြု၏။ အိပ်သောအခါ ရှေ့ခြေနှစ်ချောင်းကို နေရာတစ်ခု၊ နောက်ခြေနှစ်ချောင်းကို နေရာတစ်ခုထားပြီး အမြီးကို ဝမ်းအောက်၌ထား၍ လက်၊ ခြေ၊ အမြီးတို့ တည်နေရာကိုမှတ်၍ ရှေ့လက်နှစ်ခုထက်၌ ဦးခေါင်းကိုထား၍အိပ်၏။

နေ့အခါအိပ်ပြီး နိုးသောအခါ ထိတ်လန့်ပြီးနိုးခြင်းမရှိ။ ဦးခေါင်းကိုချီ၍ ခြေ၊ လက်၊ အမြီးတို့ကို ဆင်ခြင်၏။ အကယ်၍ တစိုးတစိ နေရာပေါင်းက ပြောင်းပြီးတည်အံ့ "ဤသို့အိပ်ခြင်းသည် အမျိုးဇာတ်ရဲရင့်သောအဖြစ်များနှင့် မလျောက်ပတ်"ဟု နှလုံးမသာမယာ၍ ကျက်စားခြင်းငှာ မသွားမူ၍ တစ်ဖန်ပြန်အိပ်လေ၏။ နိုးသောအခါ နေရာမှ မဖောက်ပြန်သည်ရှိသော် "သင့်အား ဇာတိရဲရင့်သောအဖြစ်အားဖြင့် အိပ်ခြင်းသည် လျောက်ပတ်လေပြီ"ဟု ဝမ်းမြောက်ဖွာထ၏။ ခြင်္သေ့၏ စံပယ်ခြင်းဖြင့် လည်ဆံကိုခါထွက်၍ သုံးကြိမ်ဟောက်လျက် ကျက်စားခြင်းငှာ သွားလေ၏။ ဤသို့ သာရတ္ထသင်္ဂဟကျမ်းတွင်လာ၏။ (အိပ်ပြီးရင်း အိပ်ချင်နေသူများအတွက် ခုခံပြောဆိုချက် ရရှိသွားပါပြီ။)

## ခြင်္သေ့၏ အင်္ဂါခုနစ်မျိုး

ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ခြင်္သေ့၏ အင်္ဂါခုနစ်ပါးကဲ့သို့ ကျင့်သုံးဆောက်တည်အပ်သည်ဟု မိလိန္ဒပဉှာ စာမျက်နှာ ၄၀၇ တွင်လည်း ပါရှိနေ၏။

(၁) ခြင်္သေ့သည် ဖြူဖြူဖွေးဖွေး ညစ်ကြေးမတင်၊ စင်ကြယ်စွာဖြူသကဲ့သို့ ယောဂီပုဂ္ဂိုလ်သည်လည်း ဖြူဖြူဖွေးဖွေးညစ်ကြေးမတင် စင်ကြယ်စွာသော ဖြူသောစိတ်ဖြင့် ယုံမှားမှုကင်းသည်ဖြစ်ရာ၏။

(၂) ခြင်္သေ့သည် ခြေလေးချောင်းရှိ၍ အလွန်ရဲရင့်စွာလှည့်လည် သွားလာသကဲ့သို့ ယောဂီပုဂ္ဂိုလ်သည် ဣဒ္ဓိပါဒ်လေးပါးတည်းဟူသော အခြေရှိသည်ဖြစ်ရာ၏။ (ဆန္ဒိဒ္ဓိပါဒ်၊ ဝီရိယိဒ္ဓိပါဒ်၊ စိတ္တိဒ္ဓိပါဒ်၊ ဝီမံသိဒ္ဓိပါဒ်)

(၃) အလွန်လှပ၍ နှစ်သက်ဖွယ်ဖြစ်သော လည်ဆံရှိသကဲ့သို့ ယောဂီသည် အလွန်လှပ၍ နှစ်သက်ဖွယ် သီလတည်းဟူသော လည်ဆံရှိရာ၏။

(၄) အသက်ထက်ဆုံးသော်လည်း တစ်စုံတစ်ဦးသော သတ္တဝါကိုမျှ မညွတ်မကိုင်းသကဲ့သို့ ယောဂီသည်အဝတ် (သင်္ကန်း)၊ ဆွမ်း၊ ကျောင်း၊ ဆေးတို့ ကင်းပြတ်သော်လည်း တစ်စုံတစ်ယောက်ကိုမျှ မကိုင်းညွတ်ရာ။

(၅) ခြင်္သေ့သည် အစဉ်အတိုင်းစား၏။ ကျရာအရပ်၌သာလျှင် အလိုရှိတိုင်းစား၏။ မွန်မြတ်သောအသားကို မရွေးချယ်သကဲ့သို့ ယောဂီသည် အစဉ်အတိုင်းစားရာ၏။

ပေးလှူသူကို မရွေးချယ်အပ်။

ရှေ့ဦးအိမ်ကိုပယ်၍ နောက်မှ ပေးလှူသူတို့ကို မချဉ်းကပ်အပ်။ ဘောဇဉ်(ဆွမ်း)ကို မရွေးချယ်ရာ။ ဆွမ်းလုတ်ကိုယူရာအရပ်၌သာလျှင် ခန္ဓာကိုယ်မျှတခြင်းငှာ စားရာ၏။ မွန်မြတ်သော ဘောဇဉ်ကိုသာ မရွေးချယ်ရာ။

(၆) ခြင်္သေ့သည် အစာကို သိုမှီးသိမ်းဆည်းထားခြင်းမရှိ။ တစ်ကြိမ် ကျက်စားရာအရပ်၌ စားပြီးသော် တစ်ဖန်ထိုအရပ်သို့ မချဉ်းကပ်သကဲ့သို့ ယောဂီသည် သိုမှီးခြင်းမပြုဘဲ သုံးဆောင်မှီဝဲလေ့ရှိရာ၏။

(၇) ခြင်္သေ့သည် အစာကိုမရသည်ရှိသော် မပူပင်၊ မတောင့်တ။ အစာကိုရသော်လည်း မတပ်မက်။ မတွေဝေ။ လောဘအလွန်မသက်ရောက်ဘဲ စား၏။

ဤအတူ ယောဂီသည် ဘောဇဉ်ကိုမရသောကြောင့် မပူပင် မတောင့်တရာ။ ဘောဇဉ်ကိုရသော်လည်း မတပ်မက် မတွေဝေဘဲ လောဘအလွန်မသက်ရောက်စေဘဲ အပြစ်ကိုရှုကြည့်လျက် ဝဋ်မှ လွတ်ကျွတ်ထွက်မြောက်ကြောင်း ပညာဖြင့် ဆင်ခြင်သုံးဆောင်ရာ၏။

(အရှင်မဟာ ကဿပမထေရ်ကြီးကို ဘုရားရှင်က ဤအချက်များဖြင့် ပြည့်စုံသူဟူ၍ သံယုတ္တနိကာယ်၌ ဟောမိန့်ထားခဲ့သည်။)

အထက်ပါ အကြောင်းအချက် အလက်များကြောင့်


www.burmeseclassic.com

www.burmeseclassic.com

ဖင် ခြသေ့ပုံကြီးများကို စေတီ၊ ပုထိုးများတွင် ထုလုပ်ထားခြင်းများလော့။

မနုဿသီဟ

မနုဿသီဟ အမိပ္ပာယ်မှာ လူ၊ ခြသေ့ဖြစ်သည်။ စေတီပုထိုးအချို့တွင် ထုလုပ်ထားသည်ကို တွေ့ရ၏။ လူဦးခေါင်းနှင့် ခြသေ့ကိုယ်နှစ်ခုဖြစ်၏။ အီဂျစ်ပြည်ရှိ ပိရမစ်ကြီးများနားတွင်လည်း လူမျက်နှာ၊ ခြသေ့ကိုယ် ကျောက်ရုပ်(စဖင့်)ကြီးများရှိနေ၏။ သူတို့ပုံများက ပို၍သဘာဝကျ၏။ ခြသေ့ကိုယ်နှစ်ခု မဖြစ်နေခြင်းကြောင့် ဖြစ်၏။

မနုဿသီဟနှင့် ပတ်သက်သော အကြောင်းအရာ ဝေဖန်ချက်များကို မှန်နန်းရာဇဝင်တော်ကြီး ဒုတိယတွဲ၊ စာမျက်နှာ ၁၄၇ တွင် ဤသို့ရေးထား၏။ သောဏထေရ်သည်လည်း ဥတ္တရထေရ်နှင့်တကွ သုဝဏ္ဏဘုမ္မိအရပ်သို့ သွားတော်မူ၏။ သုဝဏ္ဏဘုမ္မိကို ကလျာဏီကျောက်စာ မှန်ရာဇဝင်တို့၌ သထုံပြည်တွင်ဆို၏။

ထိုသုဝဏ္ဏဘုမ္မိအရပ်၌ ရက္ခိုသ်မတစ်ယောက်သည် သမုဒ္ဒရာမှထွက်၍ မင်းအိမ်၌ သူငယ်ဖွားတိုင်း စားလေသတတ်။ ထိုမထေရ်တို့သွားသော နေ့ရာ၌လည်း မင်းအိမ်၌ သူငယ်ဖွားနိုက် ကြုံကြိုက်လေ၍ လူတို့သည် မထေရ်ကိုမြင်လျှင် ရက္ခိုသ်တို့၏ အဖော်မှတ်၍ လက်နက်စွဲလျက် လာကြကုန်၏။

သောဏထေရ်ကား ထိုသူတို့ကို "အဘယ်ကြောင့် လက်နက်စွဲ၍ လာကြကုန်သနည်း"ဟု မေးတော်မူ၏။

"မင်းအိမ်၌ ဖွားတိုင်းဖွားတိုင်းသော သူငယ်ကို စားကုန်သော ရက္ခိုသ်၏အဖော်မှတ်၍ လာကုန်သည်"ဟု ဆိုလျှင် -

"ငါတို့ကား ရက္ခိုသ်တို့၏အဖော်မဟုတ်။ ရဟန်းတို့တည်း။ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာကိုခိုးယူခြင်း၊ ယုတ်မာသော ကာမဂုဏ်အကျင့်ကို ကျင့်ခြင်း၊ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်း၊ သေအရက်ကိုသောက်ခြင်းမှ ကြဉ်ရှောင်ကုန်၏၊ နေအရဏ်တက်သည်မှ မွန်းတည့်တိုင်ရုံကာလ အတွင်း၌သာ စားလေ့ရှိကုန်၏။ သီလနှင့် ပြည့်စုံကုန်၏။ မြတ်သောအကျင့်ကို ကျင့်လေ့ရှိကုန်၏"ဟု မိန့်ဆိုပြီးမှ ငြိမ်သက်စွာ နေကြကုန်၏။

ထိုသို့နေစဉ်တွင် ရက္ခိုသ်မသည် အခြံအရံနှင့်တကွ သမုဒ္ဒရာမှထွက်၍ မင်းအိမ်၌ဖွားသော သူငယ်ကို စားအံ့ဟု လာလတ်သည်ကို လူတို့မြင်ကြ၍ "အရှင်ဘုရားတို့ ရက္ခိုသ်မလာခဲ့ပြီ"ဟု ကြောက်ကြ၍ ငိုမြည်းတမ်းကြကုန်၏။ ထိုအခါ သောဏထေရ်သည် ရက္ခိုသ်မတို့ထက် နှစ်ဆထက် ကိုယ်ကို ဖန်ဆင်း၍ ပရိသတ်နှင့်တကွ ရက္ခိုသ်မတို့အလယ်ကထား၍ လက်ဝဲ၊ လက်ယာ နှစ်ဘက်ညှပ် ရုံတော်မူ၏။

ထိုသို့ရုံသည်မြင်လျှင် ရက္ခိုသ်မက ဤသို့ကြံလေ၏။ "ဤသူတို့ကား ဤအရပ်ကို ဝေသာဝဏ္ဏနတ်မင်းထံမှ မချတ် အပိုင်စားရသည်ဖြစ်အံ့သတည်း။ ယင်းသို့ဖြစ်သော် ငါတို့သည် သူတို့အစာဖြစ်ကုန်လတ္တံ့"ဟု ကြောက်ထိတ်လန့်ခြင်းရှိလေရကား အလုံးစုံသော ရက္ခိုသ်တို့သည် တစ်ဟုန်ထိုး ပြေးကြလေကုန်၏။

သောဏထေရ်သည်လည်း လူတို့မတွေ့မမြင်သော အရပ်တိုင်အောင် ပြေးစေ၍ သုဝဏ္ဏဘုမ္မိကျွန်း၏ ထက်ဝန်းကျင်မှ ရက္ခိုသ်တို့ တစ်ဖန်မလာနိုင်ဝံ့အောင် စောင့်ရှောက်တော်မူ၍ အစောင့်အရှောက်ထားတော်မူ၏။ ထိုအခါ စည်းဝေးလာသော လူအပေါင်းကို ဗြဟ္မဇာလသုတ္တန်ဒေသနာဖြင့် စိတ်၏ကြည်လင်ခြင်းကိုဖြစ်စေ၍ သရဏဂုံသီလ၌ တည်တော်မူ၏။

ထိုအစည်းအဝေး၌ ခြောက်သောင်းသော သူတို့သည် သောတာ ပတ္တိဖိုလ်ကို မျက်မှောက်ပြုကြလေကုန်၏။ သုံးထောင့်ငါးရာသော ယောကျ်ားတို့သည်လည်းကောင်း၊ တစ်ထောင့်ငါးရာသော မိန်းမတို့သည်လည်းကောင်း ရဟန်းပြုကြလေကုန်၏။ ထိုအခါမှစ၍ မင်းအိမ်၌ဖွားကုန်သော သူငယ်တို့၏အမည်ကို သောဏုတ္တရဟု မှည့်ကြကုန်သတည်း။

ဤအရပ်၌ သောဏထေရ်၊ ဥတ္တရထေရ်တို့သည် ရက္ခိုသ်ဘီလူးတို့ထက် ထမ်းပိုးနှစ်ဆထက်ကြီးအောင် ကိုယ်ကိုဖန်ဆင်းသည်ဟူ၍သော ပါရာဇိကာဏ်အဋ္ဌကထာ၌ လာသည်ကို အထင်မှား၍ နှစ်ခုနှစ်ခုကို ပြုလုပ်ဖန်ဆင်းလေသည်အယူနှင့် ထိုမထေရ်တို့ ဖန်ဆင်းဟန် မနုဿသီဟရုပ်တုလုပ်သည်ဟု ဥဒါန်းစဉ်ရှည်စွာ ပြောဆိုမှတ်သားကြလေသတည်း။ ဤတန်ခိုးသည် ဗိကုဗ္ဗနိဒ္ဓိမဟုတ်။ အဓိဋ္ဌာန်နိဒ္ဓိ တန်ခိုးသာ ဖြစ်သည်။

နန္ဒောပနန္ဒနဂါးကို အရှင်မဟာမောဂ္ဂလာန် ချွတ်သည့်



www.burmeseclassic.com

www.burmeseclassic.com

ထာလ နန္ဒပန္နထက် ကိုယ်ကို နစ်ဆထက်ကြီး အောင် ဝိကုဗ္ဗနိဒ္ဓိတန်ခိုးဖြင့် ဖန်ဆင်း၍ ချတ်သည်ဆိုရာ၌လည်း မြတ်စွာဘုရား ခွင့်ပြုတော်မူသော အရာဖြစ်သည်။

ဤကား ဓမ္မဒိပ်ကျွန်း၌ ပစ္စန္တရာဇ်ဗွာနတည်း။

ဤသို့ မှန်နန်းရာဇဝင် အဆိုအရ မနုသီဟကျိုယ်နစ်ခွ မဟုတ်ကြောင်း ထင်ရှား၏။ မထေရ်တို့သည် မနုသီဟ ပုံသဏ္ဌာန် မဖန်ဆင်းခဲ့ကြပါ။ ရက္ခိုသ်တို့ထက် နှစ်ဆကြီး သောကိုယ်၊ နစ်ဆများသော အင်အားအရေအတွက်ကိုသာ ဖန်ဆင်းခဲ့ကြောင်း သိရ၏။ ပစောက်ပုံ ဝိုင်းညှပ်ပြီး ရက္ခိုသ် တို့ကို မောင်းနှင်၊ ခြောက်လှန့်လုတ်ခဲ့ပြီး ပြန်မလာနိုင်အောင် အဓိဋ္ဌာန်ပြုထားခဲ့ကြပါသည်။

ကျိုက်ထီးရိုး သမိုင်းတွင်လည်း မနုသီဟနှင့်ပတ် သက်၍ ဤသို့ တွေ့ရှိပါ၏။

(ဗွာ)သီရိမာသောကမင်း လက်ထက်တွင် သုဝဏ္ဏ ဘုမ္မိ နေပြည်တော်၏ အရှေ့မြောက်ထောင့် တောင်ထိပ်တွင် ရဟန္တာမထေရ်မြတ်တို့၏ အစီအမံ ဖြင့် မနုသီဟကျောက် ရုပ်တုကြီးတစ်ခုကို ပင်လယ်ဘက် မျက်နှာလှည့်ကာ စိုက်ထူ ထားခဲ့လေသည်။ (ဤရုပ်တုကြီးကို ရုပ်သုရှာသားများက ရဟန္တာများ ဖန်ဆင်းပုံမျိုးဟု ထင်မြင်ဟန်ရှိ၏။)

ထိုမနုသီဟ ကျောက်ရုပ်တုကြီးကို ခရစ်နှစ် ၁၅ ရာစုတွင် ပဲခူးမင်း ဓမ္မစေတီက သုဝဏ္ဏဘုမ္မိမြို့ဟောင်းတွင် တွေ့ရှိခဲ့ကြောင်း ကျောက်စာတွင် ဖော်ပြခဲ့သည်။

၁၈ ရာစုသို့ ရောက်သောအခါ ကျောက်စာဝန် ဒေါက် တာဖော့ချမ်းမားကလည်း ဤမနုသီဟကျောက်ရုပ်ကြီးကို ဤသုဝဏ္ဏဘုမ္မိမြို့ဟောင်းတွင် တွေ့ရှိကြောင်း မှတ်တမ်း တင်ခဲ့ပြန်သည်။

ဤ သုဝဏ္ဏဘုမ္မိမြို့ဟောင်းတွင် ခုတ်ဝံတိုင်းရာများ နှင့် ကလျာဏီကျောက်စာလာ ရုပ်တုကြီးသာကျန်တော့ ကြောင်း။ ထိုထူးဆန်းသော ကျောက်တုံးရုပ်ပုံကြီးမှာလည်း ကုမာရစေတီ၏ တောင်ဘက် ရေကန်ငယ်ကလေးအနီး မြေကြီးထဲတွင် တစ်ဝက်မြုပ်နေပြီဖြစ်ကြောင်း။ ကျိုက်တုမယ် (ခေါ်) ကုမာရစေတီမှာ ကေလာသတောင်၏ အနောက် မြောင်ထောင့် တောင်စွန်းပေါ်တွင်ရှိကြောင်း အဆိုပါစေတီ ကို ယခုအခါ ပြုပြင်ထားပြီးဖြစ်ကြောင်း စသည်ဖြင့် အတိ အကျ သုတေသနပြုကာ မှတ်တမ်းတင်ခဲ့ပါသည်။

ယခု မျက်မှောက်ကာလတွင် သုဝဏ္ဏဘုမ္မိမြို့ဟောင်း ယက္ကန်းသည်မ၊ ဝင်းကာ၊ ကျောက်လုံးကြီးရွာထဲရှိ သက် ကြီးရွယ်အိုတို့ကို စုံစမ်းကြည့်သောအခါ ၎င်းတို့ဘိုးဘွား လက်ထက်များတုန်းက မနုသီဟကျောက်ရုပ်ကြီးကို မုန်ကူ တောင်ပေါ်တွင် တွေ့ခဲ့ကြောင်း။ ထိုတောင်ပေါ်မှ တောင် အောက် ချောက်ထဲသို့ လိမ့်ကျသွားကြောင်း ပြောသူက ပြော၊ ကုမာရစေတီ၏ တောင်ဘက်ရေ ကန်ငယ်ထဲသို့ မနုသီဟ ကျောက်ရုပ်ကြီး(ဦးခိုက်ဖောက်ထိုး)ကျပြီး နစ်မြုပ်နေကြောင်း ဆိုသူကဆို ဖြစ်နေပါသည်။

ယခုအခါ ကုမာရစေတီအနီးတွင်လည်း ရေကန်မရှိ တော့ပါ။ ရေကန်မှာလည်း မြေပို့သွားပြီ။ ၎င်းကုမာရစေတီ ၏တောင်ဘက် လယ်ကွင်းစပ်တွင် သုဝဏ္ဏဘုမ္မိမြို့ဟောင်း ခုတ်တိုက် အမှတ်(၄)ကို တူးဖော်သုတေသနပြုခဲ့ကြောင်း တွေ့ရပါသည်။

ကုမာရစေတီအနီးမှ ဖားလိုလို၊ ကျားလိုလို ထူးဆန်း သော ဂဝံရုပ်ကြီးတစ်ခုကို တူးဖော်တွေ့ရှိခဲ့လေသည်။ (၎င်းကို မနုသီဟဟု ယူဆပါ၏။) ကုမာရစေတီမှာကား ရှားပါးသော ဂဝံ ခုတ်ကျောက်သက်သက် လက်ရာတစ်ခုဖြစ်လေ၏။ (ရာဇမုနိဟု ဘွဲ့တော်သစ်နှင့် စေတီဖြစ်ပါသည်။)

ဘန်ကောက် ပြတိုက်ထဲက မနုသီဟကြေးရုပ်ကိုမူ ၁၄ ရာစု လောက်က မြန်မာထံက ကူးယူထားကြောင်း ထိုင်း သမိုင်းပါမောက္ခ ဒေါက်တာရိုင်ရစ်က ရေးထား၏။

မနုသီဟကို ပြဟ္မာဇာလသုတ်ဟောခဲ့ရာ ကျောက် ရုပ်တုအဖြစ် ယူဆမိပါသည်။ အိန္ဒိယမှ ဒုတိယသင်္ဂါယနာ တင်ရာ ဝေသာလီရှိ အသောကကျောက်တိုင်မှာ ခြင်္သေ့ ရုပ်နှင့်ဖြစ်၏။


နတ်ထီးလှိုင်

၀၉-၇၉၇၉၂၀၃၃



www.burmeseclassic.com

www.burmeseclassic.com



# အနန္တငါးအင် ကျေးဇူးရှင်

## မောင်အောင်မြင့်(မိတ္ထီလာ)

ကတညုတ၊ ကတဝေဒီ၊ ကတကာရီ - သူတစ်ပါး၏ ကျေးဇူးကိုသိခြင်း၊ ထုတ်ဖော်ပြောဆိုခြင်း၊ တုံ့ပြန်ကျေးဇူးဆပ်ခြင်းတို့သည် မင်္ဂလာဖြစ်သည်ဟု မြတ်စွာဘုရားအရှင် ဟောကြားတော်မူခဲ့သည်။

လူ့လောကနယ်ပယ် ကျယ်ဝန်းလှသည်နှင့်အမျှ မိမိတို့ရရှိခံစားခဲ့ကြသော ကျေးဇူးတရားများစွာသည် ပေးဆပ်ကျေနိုင်အောင်ပင် များပြားလှသည်။ ထို့ကြောင့်လည်း သူတစ်ပါး၏ ကျေးဇူးများကို နည်းမျိုးစုံဖြင့် ကျေပွန်အောင် ပေးဆပ်နိုင်ပါမှ ကျေးဇူးသိတုံ့ပြန်ရာရောက်မည်။ မိမိတို့၏ ဘဝသက်တမ်းတစ်လျှောက် ကျေးဇူးပြုထိုက်သော ကျေးဇူးရှိသူ၊ ကျေးဇူးရှင်များကို အများနည်းတူ ကျေးဇူးတုံ့ပြန်ပေးဆပ်နိုင်ရန် ရည်ရွယ်၍ ဤကျေးဇူးရှင်ခေါင်းပါးကို ရေးသားပြုစု တင်ပြခြင်း ဖြစ်ပါသည်။

**(၁) မြတ်ဗုဒ္ဓ(ဘုရားရှင်)၏ ကျေးဇူးတော်များ**

လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ ကိုးကွယ်အားထားရာ ဖြစ်တော်မူသော သဗ္ဗညုဘုရားရှင်သည် မိမိကိုယ်တော်တိုင် စွန့်လွှတ်အနစ်နာခံလျက် ပစ္စက္ခကာလတိုင် ကိုးကွယ်မှီခို ဆည်းကပ်ရာ ဘာသာ၊ သာသနာတော်ကို ဖော်ထုတ်ရင်း ကျွတ်သင့်ကျွတ်ထိုက်သော သတ္တဝါများအား တရားရေအေး တိုက်ကျွေး ချီးမြှင့်၍ ကယ်တင်စောင့်ရှောက်တော်မူခဲ့သည်။ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားတော်များ



www.burmeseclassic.com

www.burmeseclassic.com

အနက် သိက္ခာတော်သုံးပါး (ဝါ) မဂ္ဂင်ရှစ်ပါးတို့သည် မိမိတို့ နိစ္စဓူဝ (အစဉ်အမြဲ) ကျင့်ကြံဆောင်ရွက်ရမည့် ဒါန၊ သီလ၊ ဘာဝနာ စသော လုပ်ငန်းစဉ်များဖြစ်ပေသည်။ ထိုနည်းတူစွာ ပညာ၊ သီလ၊ သမာဓိပိုင်းတို့နှင့် ပတ်သက်၍···

"ပညာ"ရှာဖွေမှုအပိုင်းတွင် ကောင်းစွာသိမြင် ကြံစည်လျှင် စွမ်းအင်မြတ်ပညာ။ "သီလ"ပိုင်း လုပ်ဆောင်မှုတွင်လည်း ကောင်းစွာပြောမှု-ကောင်းစွာပြု၊ သက်မွေးမှုမှန်-ဤသုံးတန်။ "သမာဓိ"ပိုင်းအနေဖြင့်လည်း ကောင်းစွာကြိုးစား- သတိထား။ ကောင်းမြားတည်ကြည် ဤသုံးလီတည့်-သမာဓိ၊ ကျင့်ဘိ မြတ်သိက္ခာ။ စသဖြင့် အသိ၊ အလုပ်၊ အမှတ်တို့နှင့် ပတ်သက်၍ ဆင်ခြင်၊ ကျင့်သုံး၊ စောင့်ထိန်းလုပ်ဆောင်မှု ဟောကြားချက်ကို ကဗျာစပ်ဆိုဂုဏ်ပြုထားရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့်ပင် မြတ်ဗုဒ္ဓ၏ လွန်စွာကြီးမားမြင့်မြတ်လှသည့် ဂုဏ်ကျေးဇူးတော်များကို ထူးမခြားနား၊ သမ္မုဒ္ဓေ၊ အောင်ခြင်းရှစ်ပါး စသည့် မြတ်စွာဘုရား၏ တန်ခိုးတော်၊ ရောင်ခြည်တော်၊ ဂုဏ်တော်ဘွဲ့များကို ရေးသားသီကုံးစပ်ဆို ကြည်ညိုပူဇော်ခဲ့ကြ၍ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အစုံ ဂုဏ်တော်အနန္တစသည်ဖြင့် မပြတ်ရွတ်ဆို ပူဇော်ကျေးဇူးဆပ် ဂုဏ်ပြုခဲ့ကြသည်။ အတိုင်းမသိ ကျေးဇူးကြီးမားလှသော ကျေးဇူးရှင်အဖြစ် အကျဉ်းအားဖြင့် ပူဇော်ဖော်ပြနိုင်မှုသာ ဖြစ်ပါသည်။

(၂) ဓမ္မ(တရားတော်)၏ ကျေးဇူးများ

တရားတော်မြတ်သည် ဗုဒ္ဓမြတ်စွာ၏ တပည့်သား သံဃာတို့မှနေ၍ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့အား အလင်းရောင်း ပေါင်းကူးပေးခြင်းဖြစ်သည်။ ဗုဒ္ဓ ၏လမ်းညွှန်မှုနှင့်အညီ သွားရမည့်လမ်းကြောင်း၊ ရည်ရွယ်ချက်၊ လုပ်ဆောင်ရမည့် စည်းကမ်းမှု(ဘောင်)တွေကို တရားတော်မှ တံတားသဖွယ် ပေါင်းကူးဆက်သွယ်ပေးခြင်းဖြစ်သည်။

မြတ်ဗုဒ္ဓမရှိတော့သည့်နောက် အရိယာနှင့် သမုတိ သံဃာတော်များအား ဘာသာရေးအရ ဆည်းကပ်၊ မြတ်နိုး ကိုးကွယ်တတ်ဖို့ အလင်းရောင်ထွန်းညှိပေးခြင်း။ သက်တော် ထင်ရှားမရှိတော့သည့် မြတ်ဗုဒ္ဓအား သက်တော်ထင်ရှား မြတ် ဘုရားပုံတော်ကို မြင်အောင်ကြည့်တတ်ဖို့ ဓမ္မ(တရားတော်)မှ လမ်းညွှန် (လမ်းမှန်ရောက်အောင် ပြနေခြင်းဖြစ် သည်။) ဓမ္မရတနာ၏ ဂုဏ်ကျေးဇူးတော်ကြောင့် မြတ်ဗုဒ္ဓ၏ သာသနာတော်ဝယ် ဗုဒ္ဓရတနာ၊ ဓမ္မရတနာအပြင် သံဃာရတနာပါ စတင်ပေါ်ထွန်းလာရခြင်း ဖြစ်သည်။

ဓမ္မမြတ်သားမှ အရိယာသံဃာတော်များကို မဖူးတွေ့ရ ဖူးသူများအနေဖြင့် သမုတိသံဃာတော်များကို ဖူးတွေ့ရချိန်တွင် ဗုဒ္ဓနှင့် အရိယာသံဃာတော်တို့၏ဂုဏ်ကို အာရုံပြုပြီး ကြည်ညိုပူဇော်နိုင်မှာဖြစ်သည်။ ဓမ္မ(တရားတော်)၏ အလင်း ရောင်ကောင်းမှုကြောင့် တည်ထားကိုးကွယ်လျက်ရှိကြသည့် စေတီပုထိုးများ၊ ကြေး၊ သံ၊ ကျောက်၊ သစ်သားတို့ဖြင့် ထုဆစ် ပုံဖော်ထားသည့် မြတ်စွာဘုရားသခင်၏ ကိုးကွယ်ရာပုံတော် များ၊ ရုပ်ပွားတော် စသည်တို့ကို ကြည်ညိုကိုးကွယ်ရာတွင် သဒ္ဓါတရားနှင့် ယုံကြည်မှုများ ဖြစ်ပေါ်စေမှာဖြစ်ပါသည်။

သို့အတွက် ဓမ္မ(တရားတော်)၏ စွမ်းအင်သည် ခန့် မှန်း၍မရနိုင်အောင်ပင် အလွန်ကြီးမားလှသည်။ ဓမ္မ၏ စွမ်း အင်ကျေးဇူးသည် အလွန်ထက်မြက် တန်ဖိုးရှိလှသည်။ အကယ်၍သာ ဓမ္မ၏ စွမ်းအင်အားနည်းလျှင် အထက်ပါ ဗုဒ္ဓ၏ရုပ်ပွားတော်များသည် ကိုးကွယ်ရသူများအား သဒ္ဓါ တရားကြည်ညိုမှု ထက်သန်လာအောင် စွမ်းဆောင်နိုင်မည် မဟုတ်ပေ။

ဓမ္မ၏စွမ်းအင်သည် ဒါနကို ဒါနနှင့်တူညီအောင် လှူ တတ်ဖို့၊ သီလကို သီလနှင့်တူညီအောင် ကျင့်တတ်ဖို့၊ စောင့် ထိန်းတတ်ဖို့၊ သမာဓိကို သမာဓိနှင့် တူညီမှန်ကန်အောင် ပွားများတတ်ဖို့နဲ့ ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ဝိပဿနာ အလုပ်နှင့်တူအောင် ရှုမြင်ကျင့်တတ်ဖို့၊ မိမိဘဝကိုလည်း ဘဝနှင့် အဆင်ပြေအောင် ကြည့်တတ်၊ မြင်တတ်၊ သိတတ် ဖို့အတွက် အလင်းရောင် ထွန်းညှိလမ်းပြပေးသည်မှာ မြတ် ဗုဒ္ဓဟောကြားရစ်ခဲ့သည့် ဓမ္မတရားတော်၏ ကျေးဇူးကြော ဖြစ်သည်။

တရားရတနာမြတ် (ဓမ္မသရဏံဂစ္ဆာမိ)ကို ကိုးကွယ် ရာဟု၍ ဆည်းကပ်ကိုးကွယ်ခြင်းမှ အရိယာသံဃာတော်များ ဖြစ်လာခြင်းမှသည် သံဃာတော်အရှင်သူမြတ် (သံဃံသ



www.burmeseclassic.com

www.burmeseclassic.com

ဏ္ဍာမိ)တို့ကို ဆည်းကပ်ကိုးကွယ်ရာ သရဏဂုံသုံးပါး ဖြစ်ပေါ် လာရသည်။

ထို့ကြောင့်လည်း တရားဓမ္မ၏ ဂုဏ်ကျေးဇူးတော်များ ထို ဂုဏ်ပြုသော တေးဘုမ္မာကို ရေးစပ်သီကုံးပူဇော်ကြခြင်း ဖြစ်သည်။ ဤကဲ့သို့ လူ့လောကနယ်ပယ်တွင် အလင်းရောင် ထွန်းညှိ၊ လမ်းမှန်ရောက်အောင် လမ်းညွှန်ပြတော်မူနေသည့် "ဓမ္မ"တရားတော်၏ ဂုဏ်ကျေးဇူးတော်မှာလည်း ကြီးမားလှ သော ကျေးဇူးဖြစ်သည်။

## (၃) သံဃာတော်များ၏ ကျေးဇူးများ

မြတ်ဗုဒ္ဓ၏ သာသနာတော်ကို တရားတော်နှင့်အတူ ထိန်းသိမ်းစောင့်ရှောက်နေကြကုန်သော ပုဂ္ဂိုလ်များသည် အနေအားဖြင့် "မဂ္ဂဌာန်"၊ "ဖလဋ္ဌာန်" နှစ်ဌာန်ထင်ပေါ် "အရိယာသံဃာတော်များ"နှင့် ပရိယတ်၊ ပဋိပတ်ကျင့်သုံး ဆောက်ရှိကြသော "ကလျာဏ"ပုထုဇဉ် "မသုတိ"သံဃာတော် မြတ်များ ဖြစ်ကြသည်။ မြတ်စွာဘုရား၏ သာသနာတော်ကို စောင့်ရှောက်ထိန်းသိမ်းရာ ဘုရားရှင်သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ သည့် ကျင့်ဝတ်သိက္ခာနှင့်အညီ ပရိယတ်၊ ပဋိပတ် လုပ်ငန်း များကို ကျင့်ကြံအားထုတ်ရင်း မြတ်ဗုဒ္ဓ၏ တန်ဖိုးမဖြတ်နိုင် အောင် ထင်ရှားရှိခဲ့သော ဓမ္မ(တရားတော်)အမွေကို လူအများ သိရှိကျင့်ကြံအားထုတ် အလုပ်လုပ်နိုင်ရန် စေတနာ၊ မေတ္တာ၊ ကရုဏာ၊ သဒ္ဓါ၊ ပညာ၊ လုံ့လအားကောင်းစွာဖြင့် ရေးသား ဖြန့်ဝေ ဟောပြောပို့ချ ဆိုဆုံးမ၍ မတိမ်းစောင်းအောင် ထိန်း ကိုင်လမ်းညွှန်ပေးလျက်ရှိကြသည်။ မြတ်ဗုဒ္ဓ၏ "ဓမ္မ"တရား တော်များ ရေရှည်တည်တံ့ ကြီးပမ်းအားထုတ်ထိန်းသိမ်း စောင့်ရှောက်ပေးလျက်ရှိကြသည်။

သို့အတွက် "မြတ်သံဃာ"အစရှိသော သံဃာပူဇာ တေးများ စပ်ဆိုသီကုံးမှုဖြင့် ပူဇော်ခဲ့ကြသည်။ အဆိုပါ သမ္မ တိသံဃာတော်အရှင်မြတ်များ၏ ကျေးဇူးဂုဏ်တော်တို့မှာ လည်း ကျေးဇူးဆပ် မကုန်နိုင်သည့် ကျေးဇူးရှင်များ ဖြစ်ကြ သည်။

ဗုဒ္ဓ(ဘုရား)၊ ဓမ္မ(တရား)၊ (သံဃာ) စသည့် ရတနာ သုံးပါးတို့ကို အာရုံပြုရာတွင် မိမိတို့ရဲ့နှလုံးသားအတွင်း ကိန်းဝပ် စွဲမြဲရှိအောင် အလေးအနက်ထားပြီး အာရုံပြုတတ်လျှင် ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးတန်ဖိုးမှာ လွန်စွာ ကြီးမားမြင့် မြတ်သည့်အတွက် အာရုံပြုသူမှာ "ဂုဏ်ကျက်သရေရှိခြင်း"၊ "ခံ့ညားထည်ဝါခြင်း"၊ "ဂုဏ်ရှိန်ကြီးမားခြင်း"စသည့် အကျိုး ထူးများ ရရှိစေနိုင်ပါသည်။

ထို့ကြောင့် ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ ရတနာသုံးပါး၏ ကျေးဇူး တော်များသည် အတိုင်းအဆမရှိ ကြီးမားမြင့်မြတ်လှ၍ တန်ဖိုး မဖြတ်နိုင်သော သံဃာရတနာ ကျေးဇူးရှင်ကြီးများအဖြစ် ထာဝစဉ် ကျေးဇူးအထူးပြုနေရမှာ ဖြစ်ပါသည်။

## (၄) မာတာပီတု(ကျေးဇူးရှင်မိနှင့်ဖ)တို့၏ ကျေးဇူးများ

မြင်းမိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးရှင် မိနှင့်ဖ တို့၏ ကျေးဇူးသည် ပေးဆပ်၍မကုန်နိုင်အောင် ကြီးမားများ ပြားလှသည်။ မိနှင့်ဖတို့၏ ကျေးဇူးကို ပြန်လည်ပေးဆပ်ရာ တွင် သာမန်လူပုဂ္ဂိုလ်များ မဆိုထားနှင့် လူ၊ နတ်၊ ဗြဟ္မာတို့၏ ကိုးကွယ်အားထားရာ အတုမရှိတရားရှင် သဗ္ဗညုမြတ်စွာ ဘုရား ကိုယ်တိုင်ပင် မယ်တော်မိနတ်သားရှိရာ "တာဝတိံသာ" နတ်ပြည်သို့ သွားရောက်ပြီး ဝါတွင်းသုံးလတိုင် မယ်တော်မိ နတ်သားနှင့် နတ်၊ ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရား ဟောတော်မူ၍ မွေးကျေးဇူးဆပ်ခဲ့ရာ မိခင်၏ နို့တစ်လုံးမျှသာ ဖြည့်ဆည်းပေးနိုင်သည်ဟု ဖတ်မှတ်လေ့လာ သိရှိရသည်။

အမိ၊ အဖတို့၏ ကျေးဇူးကား လွန်စွာကြီးမားလှသည်။ လူ့ဘဝမရောက်သေးမီ အမိ၏ဝမ်းကြာသိုက်တွင် ပဋိသန္ဓေ တည်နေစ ဂလလရေကြည် ဘဝမှစ၍ သတ်မှတ်ရမည်ဖြစ် သည်။ သန္ဓေတည်စမှသည် မမွေးဖွားမီ ၁၀ လခန့်တွင် မိခင်ဝမ်းကြာသိုက်ဝယ် ပိုက်ထားသော သန္ဓေသား ပျက်စီး ဆုံးရှုံးမှု မရှိရအောင်၊ ကိုယ်အင်္ဂါချွတ်ယွင်းမှုမရှိအောင် အပူ အစပ် စသော အစာများရှောင်ခြင်း၊ သန္ဓေသား ကြီးထွား ဖွံ့ဖြိုးမှုနှင့် ကျန်းမာရေးကောင်းစေဖို့အတွက် သန္ဓေသား အတွက် သင့်တော်မည့် အစားအစာနှင့် ဆေးများ မှီဝဲစား သုံးခြင်း၊ ဥတုသပ္ပာယမျှအောင် နေထိုင်ခြင်း၊ လေးပင်သော အရာဝတ္ထုများ ကိုင်တွယ်ချီမမှုကို ရှောင်ခြင်း စသည်တို့သည် မျက်စိဖြင့်မင် မမြင်ရသေးသော ရင်သွေးရတနာအတွက် ကြို တင်ဆောင်ရွက်ခဲ့သည့် မွေးမိခင်တို့၏ ဖြူစင်သန့်ရှင်း မွန်မြတ် လှသည့် "မေတ္တာ"၊ "စေတနာ"၊ "ဂရုဏာ"၊ "သဒ္ဓါ"စသည့်

www.burmeseclassic.com

ကျေးဇူးတရားများဖြစ်သည်။

မွေးဖွားပြီးသည်မှ အရွယ်ရောက်သည်ထိ "ပညာရေး"၊ "ကျန်းမာရေး"၊ "လူမှုရေး"၊ "ဘာသာရေး"၊ "ယဉ်ကျေးမှု"၊ "ပေါင်းသင်းဆက်ဆံရေး"မှအစ လူ့ဘဝနယ်ပယ်တွင်/နောက်ကျမကျန်ရစ်အောင် တင့်တောင့်တင့်တယ် သာယာချမ်းမြေ့စွာ ဘဝခရီးလျှောက်လှမ်းစေနိုင်ဖို့ "မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း။ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင် ဖခင်မယ်တို့တာ" စသည့် မိနှင့်ဖတို့၏ တာဝန်ဝတ္တရားများကို သံပေါက်နှင့်အညီ ပြည့်စုံစွာ ဆောင်ရွက်ပေးလိုကြသည်။ အိမ်တစ်ဆောင်၊ မီးတစ်ပြောင် သာယာချမ်းမြေ့တဲ့ အိမ်ထောင်သည်ဘဝအဖြစ် မြင်တွေ့လိုကြသည်မှာ မိနှင့်ဖတို့၏ "မုဒိတာ"စေတနာများဖြင့် ကြိုးပမ်းချက်များ ဖြစ်သည်။

စေတနာ၊ မေတ္တာဖြင့် ဆောင်ရွက်ပေးကြလည်း နားခံမှုမရှိဘဲ ပေတေဆိုးမိုက်သော စုန်းပြူးသားသမီးဆိုးများကိုပင် အရာရာကို သည်းခံခွင့်လွှတ်၍ "ကံ"အကြောင်းမကောင်းသဖြင့် အပေါင်းအသင်းကြောင့် ဖြစ်ရသည် (ပျက်စီးရသည်)ဟူသော ခွင့်လွှတ်စိတ်ထား "ဥပေက္ခာ"ပြုနိုင်ကြသည့် စေတနာ၊ အနစ်နာတို့သည် မိနှင့်ဖတို့၏ သားသမီးများအပေါ် ထားရှိသော ကျေးဇူး များဖြစ်သည်။

ထို့ကြောင့်လည်း မိဘတို့၏ ကြီးမားသော မေတ္တာဂုဏ်ကျေးဇူးကို ဖော်ကျူးသည့် "ကလလရေကြည်တည်နေဆဲက"စသဖြင့် သီကုံးစပ်ဆို ပူဇော်ခဲ့မှုများ တွေ့ရှိရသည်။ မိမိတို့ သားသမီးများအနေဖြင့် ကုသိုလ်ကောင်းမှုပြု လုပ်၍ အမျှပေးဝေတိုင်း "ဤသို့ပြုရ- မြတ်ပုညကြောင့် ကြီးထမြင့်ခေါင်၊ မြင်းမိုရ်တောင်ဦး။ မကကြူးသား။ ကျေးဇူးအရှင် မွေးမိခင်နှင့် ဖခင်တို့အား။ ရကြပါစေ အမျှဝေ"ဟု သာဓုခေါ်ဆိုနိုင်ရန် ရည်မှန်းကျေးဇူးဆပ်မှုလည်း ရှိပါသည်။ မိဘတို့၏ ကျေးဇူးကား ပေးဆပ်၍ပင်မကုန်နိုင်အောင် မြင်းမိုရ်တောင်ကြီးပမာ ကြီးမားလှပေသည်။

(၃) အာစရိယ(ဆရာများ) ကျေးဇူးရှင်များ

ကျောင်းသားအရွယ်ငယ်စဉ် ကျောင်းသားဘဝမှသည် အသိ၊ အတတ်ပညာပြည့်စုံသည့် လူကြီးဘဝထိတိုင် မိမိ၏ ရင်မှဖြစ်သော သားသမီးပမာ၊ အိုးဖုတ်သမားမှ မိမိအိုးများ လှပကောင်းမွန် ခိုင်ခံ့စေဖို့ ပယ်ပယ်နယ်နယ် ရိုက်ပုတ်ခတ်ပေးသလို အာစရိယ(ဆရာ)များကလည်း "ခုံးမပဲ့ပြင် သွန်သင်နည်းပြ ဘေးအန္တရာယ်အသွယ်သွယ်မှ လွတ်ကင်းအောင် ကာကွယ် စောင့်ရှောက်ပေးကြသည်။ ထို့ကြောင့်လည်း "အတတ်လည်းသင်၊ ပဲ့ပြင်ခုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ဖို့၊ ကျင့်ဖို့ဆရာ ဝတ်ငါးဖြာ" စသည်ဖြင့် အတတ်ပညာများ ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားပေးသလို မကောင်းသော အကျင့်စရိုက်များ မစွဲကပ်အောင် မိမိရင်မှဖြစ်သော သားသမီးရင်းပမာ "ပဲ့ပြင်"ထိန်းကျောင်း လှကောင်းလှဖော်များဖြစ်အောင် ဆိုဆုံးမ၍ ဘေးအန္တရာယ်မှ လွတ်ကင်းအောင် စောင့်ရှောက်ကာကွယ်ပေးသည့် အာစရိယ(ဆရာ) ကျေးဇူးရှင်များ၏ ကျေးဇူးကလည်း ကြီးမားလှသဖြင့် ကုန်စင်အောင် ကျေးဇူးဆပ်နိုင်ရန် ခဲယဉ်းလှသည်။ ထို့ကြောင့်ပင် "နမာမိပါ အာစရိယာ"ဆိုသည့် အာစရိယပူဇာတော်ဖြင့် မြန်မာမှုနယ်ပယ်တွင် သီကုံးစပ်ဆိုရခြင်း ဖြစ်သည်။ ဤမျှပင် အနန္တဂိုဏ်းဝင် အာစရိယဆရာများ၏ ကျေးဇူးဂုဏ်အင်ကား ကြီးမားမြင့်မြတ်လှ၍ အနန္တော အနန္တငါးပါးနှင့် တစ်ဂိုဏ်းတည်းထား၍ ပူဇော်ရခြင်းလည်း ဖြစ်ပါသည်။

မိမိ(စာရေးသူ)အနေဖြင့် လူ့ဘဝနယ်ပယ်တွင် အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အခြေခံပညာမှသည် သက်မွေးဝမ်းကျောင်းအတတ်ပညာထိ သိရှိတတ်ကျွမ်းအောင် သင်ကြားဆုံးမ ပေးခဲ့ကြသည့် ကျေးဇူးရှင် မိနှင့်ဖ၊ အာစရိယတို့၏ ကျေးဇူးတရားများကို ဗုဒ္ဓ၊ ဓမ္မ၊ သံဃာတည်းဟူသော ရတနာမြတ်သုံးပါးတို့နှင့်အတူ ကျေးဇူးတုံ့ပြန်ပေးဆပ်၍ မကုန်နိုင်သော ထာဝရကျေးဇူးတော်ရှင်များ ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

**မောင်အောင်မြင့်(မိတ္ထီလာ)**

(မှတ်ချက် ။ ။ ယောဆရာတော်၏ နှလုံးသားဘုရားတည်ကို မိုငြမ်းပြုပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

## စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ကြာတကန်ကျေးရွာအနီး

# ရှေးဟောင်းစေတီတော် ပြုပြင်တည်ဆောက်ရေးအတွက်

# ကုသိုလ်ပြု လှူဒါန်းရန် ဖိတ်ခေါ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ကြာတကန်ကျေးရွာအနီး၌ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်ကဟု ခန့်မှန်းရသော ရှေးဟောင်းစေတီပျက်တစ်ဆူ ရှိပါသည်။

ထိုစေတီပျက်အား ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ ၂၂-ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၆၇)ရှိ ဓမ္မဝါစီကျောင်းတိုက်မှ သီလရှင် 'ဒေါ်နန္ဒဝတီ' သည် ပြုပြင်လိုသောဆန္ဒ ဖြစ်ပေါ်ခဲ့ရာ ကျေးရွာရှိ ဆရာတော် 'ဦးသီဟ' နှင့် ရပ်ရွာလူကြီးများကို တိုင်ပင်လျက် ၁၃၇၆-ခုနှစ်၊ နတ်တော်လဆုတ် ၁၃ ရက်နေ့တွင် မြို့နယ်သံဃနာယက ဆရာတော် အပါအဝင် ပင့်သံဃာ ၉ ပါးတို့နှင့် မြေသန့်မင်္ဂလာ ပြုလုပ်ပြီး စေတီပျက် ပရိဂ္ဂဏ်ကိုငုံလျက် စေတီရင်ပြင်ဘောင် အုတ်ရိုးစီလုပ်ငန်းကို ၅၅ ပေ ပတ်လည် ကာရံပြုပြင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့ပြင် လိုအပ်သည့် အဝီစိတွင်း တူးဖော်ခြင်း၊ ရေလှောင်ကန် ဆောက်လုပ်ခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ပါသည်။

ဤတွင် ခုနစ်ရက်သားသမီးအပေါင်းတို့အနေဖြင့် သာသနိကအဆောက်အအုံများ တိုးတက်ဖွံ့ဖြိုးလျက် ဗုဒ္ဓသာသနာ အဓွန့်ရှည်ရန် ပါဝင်လှူဒါန်းလိုကြပါက အောက်ပါပုဂ္ဂိုလ်အသီးသီးထံ လှူဒါန်းနိုင်ကြပါကြောင်း စေတနာလောင်း၍ နှိုးဆော်အပ်ပါသည်။

__ဆက်သွယ်လှူဒါန်းရန် လိပ်စာများ__

(၁) ဆရာတော် ဦးသီဟ (၀၉-၄၀၃၇၇၃၀၂၅၀)
(၂) ဆရာလေး ဒေါ်နန္ဒဝတီ(ဓမ္မဝါစီ သီလရှင်ကျောင်း) (၀၉-၄၂၁၁၆၆၉၈၈)
(၃) ဒေါ်ကြင်တင်(၂၄၊ နတ်စင်လမ်း၊ ကျောက်မြောင်း တာမွေ) (၀၉-၅၄၄၆၀၉)
(၄) ဒေါ်တင်တင်အေး(၇/မေညီး ငွေလရောင်လမ်း၊ ဗွတ္တလစ်) (၀၁-၄၀၀၉၂၃)
(၅) ဒေါ်နွဲ့နွဲ့ဝင်း(၈၇၊ ကျောက်တောလမ်း၊ ကျောက်မြောင်း) (၀၉-၃၁၄၈၇၀၉)
(၆) ဦးအောင်ရွှေ(၅၄၊ လမ်း ၁၂၀၊ မင်္ဂလာတောင်ညွန့်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ထောင်မှူးများ အလိုရှိသည်

## အပိုင်း(၁၁၂) နိဂုံးပိုင်း

### တူးတူးတို့ ပြန်လည်ဆုံတွေ့ရမည့်နေရာ

■ ဗဟိုစော

တူးတူးတို့ရေ…

အဲဒီလို မယူမနေရ ပင်စင်ပေးလိုက်ပြီဆိုမှ ဝန်းထမ်းဘ၀ ဇာတ်သိမ်းပြီပေါ့ဗျာ။ ဒီတော့ အချိန်တန် အိမ်ပြန်ဖို့ပဲ ရှိတော့တာပေါ့လေ။ အဲ…တစ်ခုတော့ရှိတယ်။ ဥပဒေနဲ့အညီ အယူခံပိုင်ခွင့်တော့ ရှိသေးသပေါ့လေ။ ဒါပေမယ့် ဘာလုပ်နေတော့မလဲ။ သက်ပြည့်ပင်စင်ပြည့်ဖို့ကပဲ တစ်နှစ်လောက်ပဲ လိုတော့တာဆိုတော့ သိပ်ပြီးအကြောင်း မထူးလှတော့ပါဘူး။

အဲဒီအချိန်မှာ ကိုယ်တို့ ၆၆ ယောက်သော တူးတူးအဖွဲ့ဝင်တွေကို လှမ်းကြည့်လိုက်တော့ သက်ပြည့်ပင်စင်သွားဖို့ သိပ်မကျန်တော့တာ တွေ့လိုက်ရတယ်။ လက်ချိုးရေတွက်လို့တောင် ရနေပြီ။ တချို့ကျတော့လည်း အသက်မပြည့်ခင် ကိုယ့်ဟာကိုယ် နှစ်ပြည့်ပင်စင်တင်ပြီး ထွက်သွားကြလေရဲ့။

ဘာဖြစ်လို့လဲဆိုတော့ ခေတ်က မိုးကျရွှေကိုယ် ခေတ် ဖြစ်နေတော့ ရှေ့က တက်လမ်းတွေမှန်သမျှ အားလုံး စီးကာပိတ်ဆို့ထားကြပြီလေ။ ဒီတော့ ရှေ့ဆက်လုပ်နေလို့လည်း ပြဿနာတွေနဲ့ပဲ တွေ့စရာရှိတော့တယ်။ ကံမကောင်းရင်ပင် စင်လေးတောင် မစားရဘဲ ပြုတ်ထွက်သွားနိုင်တဲ့ အခြေအနေမဟုတ်လားဗျာ။

အကျဉ်းဦးစီးဌာနမှ တစ်ခေတ်တစ်ခါက တူးတူးရွှေခေတ်တစ်ခေတ် ရှိခဲ့ဖူးတယ်ဆိုတာ ဒီနေ့ခေတ် မျိုးဆက်သစ် ထောင်မှူးတွေအတွက် ပုံပြင်လိုလို၊ ဒဏ္ဍာရီလိုလိုတောင် ဖြစ်နေပြီလား မပြောတတ်ဘူး။ ခုတော့ အဲဒီ တူးတူးခေတ် နေဝင်ချိန်ရောက်လာခဲ့ပြီမဟုတ်လား။ ကြည့်စမ်း…ဘယ်လောက်တရားကျစရာ၊ သံဝေဂရစရာကောင်းလဲဗျာနော်။

ဒီလိုအချိန်မှာမှ ကိုယ်တစ်ယောက်ကတည်း အယူခံတွေ၊ စာဒကတွေတက်ပြီး စာတိုစာရှည်တွေနဲ့ အချိန်ကုန်ခံနေတော့မလဲဗျာ။ ကံကောင်းထောက်မပြီး ပြန်ရတယ်ပဲထားပါဦး။ တော်လောက်ပါပြီ။ နှစ်ပေါင်းသုံးဆယ်လောက်တာဝန်ထမ်းဆောင်ခဲ့တဲ့ မိခင်အကျဉ်းဦးစီးဌာနကြီးကို လွမ်းသလို၊ ဆွေးသလို ခံစားမိပေမယ့် အပြစ်ရှာလိုတဲ့လူတွေနဲ့တော့ ဆက်လုပ်ဖို့ စိတ်ကုန်ခန်းသွားပြီပေါ့ဗျာ။

ဒီတော့ အဲလို စိတ်ဖုံးဖုံးချပြီးတဲ့အခါမှာတော့ ကိုယ့်မျက်နှာကို ရှေးနှစ်ပေါင်းနှစ်ထောင်ကျော်က အနော်ရထာမင်းကြီးနဲ့တကွ ပုဂံမင်းဆက် ၅၅ ဆက်တို့ တည်ထားကိုးကွယ်ခဲ့တဲ့ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေဘက် လှည့်လိုက်မိပါတော့တယ်။

အဲဒီနေ့ကစပြီး ကိုယ်တို့မိသားစု ပုဂံရှေးဟောင်းဘုရားတွေကို တစ်ဆူပြီးတစ်ဆူ နေ့စဉ်ရက်ဆက် ဖူးမြော်ပါတော့တယ်။ ထူးခြားတာက ဒီဘုရားတွေကို အရင်



www.burmeseclassic.com

www.burmeseclassic.com

ကတည်းက အကြိမ်ပေါင်းမနည်းမနော ဖူးမြော်ခဲ့ပြီးပေမယ့် ခုတစ်ခေါက် ဖူးရသလောက် ကြည်နူးဖွယ်မကောင်းခဲ့ဘူးဗျ။

ဘာကြောင့်များလဲ။ သေချာစဉ်းစားကြည့်တော့ ဟိုတုန်းက တာဝန်အရ ညွှန်ချုပ်၊ ဒုချုပ်၊ ညွှန်မှူးတွေကို ဘုရားဖူးလိုက်ပို့ခဲ့ရတာလေ။ ခုတော့ ခေါင်းပေါ်မှာ တာဝန်ဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကြီးမရှိတော့လို့ စိတ်လက်ပေါ့ပါးပြီး လေထဲလွင့်မျောနေသလို ခံစားရပြီး ဘုရားကို ပိုပြီး အာရုံစိုက်ဖူးမြော်ရလို့ပါပဲ။

အဲဒီတော့မှပဲ ကိုယ် ဆယ်စုနှစ် သုံးစုစာလောက် ထမ်းပိုးထားခဲ့ရတဲ့ တာဝန်ဆိုတဲ့အရာဟာ အတော့်ကို ကြီးမားလေးလံခဲ့ပါကလားလို့ တွေးမိပါတော့တယ်။

ဒီလိုနဲ့ နောက်ရောက်လာတဲ့ ထောင်မှူးကြီးကို ကိုယ့်တာဝန်ဝတ္တရားတွေ လွှဲအပ်ခဲ့ပြီးတာနဲ့ အိမ်ပြန်ဖို့ စီစဉ်ရတော့တယ်။ ပုဂံညောင်ဦး-ရန်ကုန် ရထားကြီးနဲ့ပေါ့ဗျာ။ ပြန်မယ့်နေ့မှာ ညောင်ဦးထောင်ကိုနှုတ်ဆက်၊ ထောင်ရှေ့က ဓမ္မာရုံက နီးဘုရားကို နောက်ဆုံးအနေနဲ့ ဝင်ဖူးမြော်ခဲ့တယ်။ ဒီဘုရား ကျောင်းဆောင်ကို ကိုယ်တိုင် အသစ်မွမ်းမံ ကုသိုလ်ယူခဲ့တာဖြစ်ပြီး နေ့စဉ် နံနက် ထောင်ထဲမဝင်ခင် ဖူးမြော်ပူဇော်နေကျ ဖြစ်ပါတယ်။

အဲလို နောက်ဆုံးနှုတ်ဆက် ခွဲခွာခဲ့ရတော့လည်း သုံးနှစ်လောက် တာဝန်ထမ်းဆောင်ခဲ့တဲ့ ထောင်အုတ်ရိုးတွေကို လှမ်းမျှော်ကြည့်ရင်း ရင်ထဲမှာ လွမ်းသလို၊ ဆွေးသလိုလိုတော့ ဖြစ်မိပါသေးတယ်။ တကယ်တမ်း သေချာတွေးကြည့်တော့ ညောင်ဦးထောင်ကို နှုတ်ဆက်ခြင်းဟာ ကိုယ်နှစ်ပေါင်းသုံးဆယ်လောက် တာဝန်ထမ်းဆောင်ခဲ့တဲ့ မိခင်အကျဉ်းဦးစီးဌာနကြီးကို နောက်ဆုံးနှုတ်ဆက် ကျောခိုင်းခဲ့ရတာပါပဲဗျာ။

အပြန်ခရီးမှာတော့ ထူးထူးခြားခြား ကိုယ့်စိတ်တွေ ကြည်လင်ပေါ့ပါးပြီး လွတ်လပ်နေသလိုပါပဲ။ ဒီပုဂံညောင်ဦး ရထားကြီးနဲ့ပဲ ရန်ကုန်ရုံးချုပ်ဆီ တာဝန်အရ မကြာခဏ သွားရောက်ခဲ့ဖူးပါရဲ့။ ဒါပေမယ့် ခုတစ်ခေါက်လောက် စိတ်လက်ပေါ့ပါး လွတ်လပ်မှုမရှိခဲ့ဘူးလေ။ အေးလေ။ ကိုယ့်မှာ တာဝန်ဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကြီးမှ မရှိတော့တာပဲဟာ။ လွတ်လပ်ရေးရဲ့ အရသာဆိုတာ ဒါမျိုးထင်ပါရဲ့။

ရန်ကုန်ပြန်ရောက်ပြီး အင်းစိန်ရုံးချုပ်ရေးဌာနစုမှာ ပင်စင်ကိစ္စဆောင်ရွက်တော့မှ မယူမနေရပင်စင်နဲ့ သက်ပြည့်ပင်စင်ဆိုတာ နာမည်သာကွဲတယ်။ ဝန်ထမ်းလက်စွဲ ဥပဒေအရ ခံစားပိုင်ခွင့်တွေက အတူတူပဲတဲ့ဗျ။ အဲ... တစ်ခုတော့ရှိတယ်။ ကိုယ်က သက်ပြည့်ပင်စင်ပြည့်ဖို့ တစ်နှစ်လောက်တော့ လိုသေးတယ်မဟုတ်လား။ ဒါကလည်း ကိုယ်အရင်က ကျောင်းဆရာလုပ်ခဲ့တဲ့ လုပ်သက် ခြောက်နှစ်ကျော်ကို အမှုထမ်းသက် ဆက်ထားတာဆိုတော့ ကိုယ့်ပင်စင်ကို လုပ်သက် ၃၅ နှစ်အပေါ်မှာ တွက်ချက်ရမှာပေါ့ဗျာ။ ဒါဆို စောစော ပင်စင်ရလိုက်တာကပဲ ကောင်းသလိုဖြစ်သွားသေးတောင် ပြောရမလားပဲ။

ကဲ...တူးတူးတို့ရေ...

ကိုယ် ခုထိရေးလာခဲ့တဲ့ ထောင်မှူးများအလိုရှိသည် မာရသွန်ဆောင်းပါးရှည်ကြီးကလည်း အခုဆို အပိုင်း ၁၁၂ တောင် ရောက်လာခဲ့သလို ကိုယ်တို့ တူးတူးတွေနဲ့ ထောင်လောကအကြောင်းကလည်း အတော်လေး စုံလာခဲ့ပြီမဟုတ်လားဗျာ။ ဒါ့အပြင် ကိုယ်တောင်မှ ပင်စင်စားကြီးဘဝနဲ့ မိခင်ဌာနက ထွက်ခွာရတော့မှာဆိုတော့ ကိုယ်တို့ တူးတူးတွေအကြောင်းလည်း ဒီလောက်နဲ့ နိဂုံးချုပ်သင့်ပြီမဟုတ်ပေလားဗျာ။

ရာထူးအနေနဲ့ ပြောရရင်တော့ ဒီ ၆၆ ယောက်ထဲက ညွှန်ကြားရေးမှူးနှစ်ယောက်၊ ဒုတိယညွှန်ကြားရေးမှူးတစ်ယောက်၊ လက်ထောက်ညွှန်ကြားရေးမှူးက ၁၁ ယောက်ထိ တိုးမြှင့်ခဲ့ရတယ်နော်။ ကျန်တဲ့အများစုကတော့ ဦးစီးအရာရှိ(ထောင်ပိုင်)တွေပဲ မဟုတ်လား။

ရာထူးတက်တဲ့နေရာမှာ ထောင်ဇာတာ နဖူးမှာကပ်ပါလာတဲ့သူတွေများ တစ်ဆင့်ပြီးတစ်ဆင့် တက်သွားလိုက်ကြတာ မြန်လိုက်ပါဘိ။ ထောင်ဇာတာမကောင်းတဲ့သူတွေကျတော့ ရာထူးတစ်ခုမှာ ကျောက်ချထားသလို ၁၄/၁၅ နှစ်နဲ့ နောက်တစ်ဆင့် မတက်နိုင်တော့ဘူး။

ကိုယ်ထောင်မှူးက ထောင်မှူးကြီးဖြစ်တဲ့အချိန် ကိုယ်တို့ တူးတူးအဖွဲ့ဝင် ကိုမောင်သိန်းက ပြောခဲ့တဲ့စကား



www.burmeseclassic.com

www.burmeseclassic.com

သတိရမိသေးသဗျ။ ဘာတဲ့။ "ဒေးဗျား၊ ကျွန်တော်တို့များ အခုထိ ဘဲဥမကွဲနိုင်သေးဘူးဗျာ" . . . တဲ့။

ဟုတ်ပါ့ဗျာ။ ကိုမောင်သိန်းခများလည်း နှစ်ပေါင်းအတန်ကြာအောင် ထောင်မှူးဘဝက မတက်နိုင်ခဲ့ဘူးလေ။ အဲ. . .နောက်တော့လည်း ဘဲဥတွေ တစ်လုံးပြီးတစ်လုံးကွဲပြီး ခုတော့ ဦးစီးအရာရှိဘဝနဲ့ အငြိမ်းစားနေလေရဲ့။

ဒီထဲမှာ ကံဇာတာပဲ ညံ့လို့လား မပြောတတ်ဘူး။ ထောင်မှူးကြီးဘဝ မတက်နိုင်ခဲ့တဲ့ တူးတူးတွေ လေးငါးခြောက်ယောက်တောင် ရှိခဲ့သေးတယ်လေ။ ထောင်မှူးကြီးဘဝနဲ့ပဲ ကွယ်လွန်ကုန်တာတို့ ဌာနဆိုင်ရာ အရေးယူခံရလို့ အပြင်လောက ရောက်သွားတာတို့ပေါ့ဗျာ။

သွားလေသူ ဦးစီးအရာရှိ ကိုဝင်းဆန်းက ဘာပြောခဲ့ဖူးသလဲဆိုတော့ "ကျွန်တော် အခု ထောင်မှူးကြီးဖြစ်နေပြီဗျ။ ထောင်မှူးထဲမှာ အသက်အကြီးဆုံးလေဗျာ" တဲ့။ ဟုတ်ပုံ။ ကိုဝင်းဆန်းလည်း ထောင်မှူးရာထူးမှာတင် အသက်လေးဆယ်ကျော်တဲ့အထိ မတက်နိုင်ခဲ့ဘူးမဟုတ်လား။

အဲ. . .အားလုံးထဲမှာ ကံဆိုးသူမောင်ရင်တွေကတော့ ထောင်မှူးဘဝမှာတင် ၃/၄ ယောက် ကျန်ခဲ့သေးတာပဲနော်။ ထောင်မှူးဘဝမှာပဲ ကွယ်လွန်ကုန်တာရှိသလို အသက်ပြည့်ပင်စင်ယူတဲ့အထိ ထောင်မှူးရာထူးနဲ့ပဲ အငြိမ်းစားသွားရသူအချို့လည်း ရှားရှားပါးပါး ရှိခဲ့သေးတယ်လေ။ သဗ္ဗေသတ္တာ ကံမသကာပေါ့ဗျာ။

ဒီရာထူးတွေထဲမှာ လက်ထောက်ညွှန်ကြားရေးမှူးရာထူးက အတော်လေး နတ်ကြီးတာနော်။ တချို့များ ရာထူးတက်လို့ ပျော်လို့မော်လို့၊ ကျွေးလို့မွေးလို့ မပြီးသေးဘူး မူလဦးစီးအရာရှိဘဝကို တစ်ဆင့်လျှော့ပြီး ပြန်ကျလာတာနော်။ ရက်စက်တဲ့ ကံဇာတ်ဆရာလို့ပဲ အပြစ်တင်ရလေမလားမသိဘူး။ ကိုယ်တို့ တူးတူးတွေထဲ ဒါမျိုး နှစ်ယောက်လောက် ကြုံခဲ့ရသေးသဗျ။

ကဲ. . .ရာထူးကိစ္စတွေပြီးတော့ အခု နှစ်ပေါင်းလေးဆယ်ကျော်ကြာလာတဲ့အခါ ၆၆ ယောက်ထဲက ကိုယ်တို့တူးတူးတွေရဲ့ ဒီနေ့ကျန်နေသေးတဲ့ စာရင်းကို တွက်ကြည့်ရအောင်ဗျာ။

တူးတူး ၆၆ ယောက်ကို သုံးပုံပုံကြည့်ရင် တစ်ပုံကို ၂၂ ယောက်မဟုတ်လား။ အဲ. . .သုံးပုံတစ်ပုံကျော်ကျော်ကတော့ ခုချိန်မှာ မရှိကြရှာတော့ဘူး။ ဘဝတစ်ပါးကူးပြောင်းသွားခဲ့ကြပြီပေါ့။

ဒုတိယ သုံးပုံတစ်ပုံကတော့ ဘယ်ရောက်လို့ ဘယ်ပျောက်နေသလဲ သေသလား ရှင်သလားလည်း မသိရဘူး။ အဆက်အသွယ်ပြတ်နေခဲ့တာ ကြာလှပေါ့ဗျာ။ ပျောက်ဆုံးနေသူတွေဆိုပါတော့။

အခု ကိုယ်တို့ တူးတူးအဖွဲ့တွေ နှစ်စဉ်တွေ့ဆုံပွဲလုပ်နေကြတာက နောက်ဆုံးလက်ကျန် သုံးပုံတစ်ပုံနဲ့ပဲဗျာ။ ဒီလို တူးတူးအဖွဲ့တွေကို စုရုံးပြီး ပြန်တွေ့ချင်နေတာက ကိုယ့်အိပ်မက်ပဲလေ။ ကိုယ်ပင်စင်ယူပြီးကတည်းက အဲလိုတွေ့ဆုံပွဲမျိုးတွေလုပ်ဖို့ ကြံစည်နေခဲ့တာဗျ။ ဒါပေမယ့် ကိုယ့်အိပ်မက်ကို လက်တွေ့အကောင်အထည်မဖော်နိုင်ခင်မှာ တူးတူးတစ်ယောက်က လက်ဦးမှု ရယူသွားခဲ့တယ်လေ။

အဲဒါ ဘယ်သူလဲ၊ တူးတူးတို့သိတဲ့အတိုင်း သူက တခြားလူမဟုတ်ဘူးလေ၊ ကိုယ်တို့ရဲ့ဘော်ဒါကြီး ကိုဗိုလ်နောင်ပဲ မဟုတ်လား။ သူ တူးတူးတွေ့ဆုံပွဲ လုပ်မယ့်အကြောင်း ဖုန်းဆက်ပြောတော့ ကိုယ်က ခင်ဗျား ကျွန်တော့်အိပ်မက်ကို လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူတဲ့အကြောင်း ပြောလိုက်ရသေးတယ်ဗျ။

ကိုဗိုလ်နောင်ကြီး ဦးဆောင်ကျင်းပခဲ့တဲ့ ပထမဆုံးတွေ့ဆုံပွဲကိုတော့ အင်းစိန်မြို့နယ်က အောင်ဆန်းတပ်ဦးကျောင်းမှာ ကျင်းပခဲ့တာပါ။ အဲဒီပွဲမှာတော့ ဆရာကြီးဦးအုန်းကျော်၊ ဆရာကြီးဦးဝင်းမြင့် စတဲ့ ဝါရင့်အငြိမ်းစားထောင်ပိုင်ကြီးတွေကိုပါ ဖိတ်ကြားတက်ရောက်ခဲ့ကြလို့ အတော်လေး စည်စည်ကားကား ရှိခဲ့ပါတယ်။ အဲဒီတုန်းက တက်ရောက်ခဲ့တဲ့ တူးတူးဦးရေကတော့ ကိုယ်စောစောကပြောတဲ့ သုံးပုံတစ်ပုံထက် ကျော်ခဲ့ပါသေးတယ်။ အဲဒီပွဲကစပြီး ဥက္ကဋ္ဌ၊ အတွင်းရေးမှူး စသဖြင့် တူးတူးအဖွဲ့ကို စဖွဲ့ဖြစ်ခဲ့တာပေါ့ဗျာ။

နောက်ပိုင်း နှစ်တွေမှာတော့ မရမ်းကုန်းမြို့နယ် ရှစ်မိုင် ကိုဗိုလ်နောင်အိမ်နားက ရွှေနှင်းဆီလမ်းမှာရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးကျောင်းမှာ နှစ်စဉ် ဆက်ကျင်းပခဲ့ပါတယ်။ အဲဒီပွဲတွေမှာ ကိုယ်တို့ အင်းစိန်သောင်ပိုင်ကြီး(ငြိမ်း) ဆရာဦးလှဖေနဲ့ စိမ်းကိန်းဗြာနက ဂုရုကြီး ဆရာဦးစိန်ဌေးတို့တောင် တက်ရောက်ခဲ့သေးတယ်နော်။

အဲဒီနောက်မှာတော့ သွားလေသူ လက်ထောက်ညွှန်ကြားရေးမှူး ကိုမြဦး ဥက္ကဋ္ဌအဖြစ် ဆက်ခံတာဝန်ထမ်းဆောင်ခဲ့သေးတယ် မဟုတ်လား။ အဲဒီတုန်းက ကိုမြဦးက အကျဉ်းဦးစီးဌာန စွမ်းအားရှင် သမဝါယမအသင်းမှာ တာဝန်ထမ်းဆောင်နေတာဆိုတော့ တူးတူးတို့နဲ့ ဆက်သွယ်ရတာ အဆင်ပြေတယ်လေ။ တူးတူးတွေ့ဆုံပွဲကိုလည်း စွမ်းအားရှင်အဆောက်အဦမှာပဲ လုပ်ခဲ့တာ ကုန်ကျစရိတ်ပါ သက်သာခဲ့တာပေါ့။

အဲဒီအချိန်က သွားလေသူ တူးတူးတို့ရဲ့ ဇနီးနဲ့ သားသမီးတွေကိုပါ ဖိတ်ခေါ်ကျင်းပခဲ့တာဆိုတော့ ပိုပြီးစည်ကားခဲ့သလို တူးတူးတို့ရဲ့ ရင်ထဲမှာလည်း အတိတ်က အရိပ်တွေဟာ အသစ်အသစ်ပြန်ဖြစ်လာပြီး လွမ်းမောဖွယ် နေ့ရက်များ ဖြစ်ခဲ့ကြသေးတာပေါ့ဗျာ။

ကိုမြဦးမရှိတော့တဲ့အခါကစပြီး ညွှန်ကြားရေးမှူး (ငြိမ်း) ကိုတင်ထွတ်က တာဝန်ယူ နှစ်စဉ် အင်းစိန်ကဈောင်းပင်သာ ဘုန်းတော်ကြီးကျောင်းမှာ ကျင်းပပေးနေတာ ဒီနေ့အထိပါပဲ။ ခုချိန်မှာတော့ တူးတူး အယောက် ၂၀ တောင် မပြည့်နိုင်တော့ပေမယ့် တစ်နှစ်တစ်ခါ တွေ့ဆုံပွဲဆိုတော့လည်း တူးတူးစိတ်ဓာတ် ပြင်းထန်ကြသူတွေကတော့ နှစ်စဉ် ဆုံတွေ့ပြီး ရေးဖြစ်နှောင်းကြောင်းတွေ ပြောနေကြလေရဲ့။ ဒါတောင် နယ်ကနေ တကူးတကန့် လာခဲ့ကြတဲ့ ကိုသန်းစိုးတို့၊ ကိုဝင်းမြင့်၊ ကိုထွန်းငြိမ်းတို့၊ ကိုတင်အောင်တို့၊ ကိုမောင်သိန်းတို့ တက်ရောက်လာနိုင်ကြသေးလို့နော်။ နို့မို့ဆို တွေ့ဆုံပွဲတွေမှာ ဒါ့ထက် အရေအတွက်လျော့နည်းသွားနိုင်သေးသဗျ။

ကိုယ့်ရင်ထဲ စိုးရိမ်တာတစ်ခု တူးတူးတွေဟာ အခုဆို အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ်တန်းကို တဖြည်းဖြည်း ချဉ်းနင်းဝင်ရောက်လာနေကြပြီဆိုတော့လည်း မမြဲတဲ့ သင်္ခါရတရားနဲ့လည်း တရွေ့ရွေ့ နီးကပ်လာနေတာကိုပါပဲ။

တစ်ခါတုန်းက ရွှေနင်းဆီလမ်းက ဆရာတော်ကျောင်းမှာ တူးတူးတွေဆုံပွဲတစ်ခုမှာ သွားလေသူ လက်ထောက်ညွှန်ကြားရေးမှူး ကိုကျော်အုန်း သံဝေဂစကားတစ်ခွန်းပြောခဲ့ဖူးသဗျ။ "ခင်ဗျားတို့ကျုပ်တို့ နောက်ဆို အသုဘမှာပဲ ဆုံဖို့ရှိတော့တယ်"တဲ့ဗျ။

မှန်ပါတယ်။ ဒါဟာ အကြွင်းမဲ့တဲ့ ပရမတ္ထသစ္စာတရားတစ်ခုပါ။ ကိုယ်တို့တစ်တွေဟာ ဘဝရေစက်မကုန်မချင်း တက်ကနေကြရတဲ့ ဇာတ်သမားတွေလိုပါပဲ။ ကိုယ့်အလှည့်ကျလို့ တက်ကပြီးရင် ဇာတ်ခုံပေါ်က ဆင်းသွားရမှာပါ။ တခြားဇာတ်ခုံအသစ်တစ်ခုပေါ်မှာ ဆက်ပြီး သရုပ်ဆောင်နေကြရဦးမှာပါ။ ၃၁ ဘုံ ကစွတ်ကွင်းက မလွတ်မချင်းဆိုပါတော့။

အဲဒီတော့ တူးတူးတို့ရေ . . .

လွန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်ကျော်က ကိုယ်တို့တစ်တွေ အင်းစိန်ဗဟို အကျဉ်းထောင်ဝင်းထဲက ထောင်မှူးသင်တန်းကြီးမှာ ဆုံတွေ့ခဲ့ကြသလို ခုချိန်မှာတော့ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး မိန့်ကြားခဲ့တဲ့အတိုင်း အသေမဦးခင် ဉာဏ်ဦးကျဖို့ ဝိပဿနာတရားစခန်းတွေမှာ ပြန်လည်ဆုံတွေ့ကြဦးစို့လားဗျာ။

သင်တို့ရဲ့

**ဗဟိုစော**

**မှတ်ချက်** ။ ။ ဤထောင်မှူးများအလိုရှိသည် ဆောင်းပါးရှည်ကို ၂၀၀၅ ခုနှစ်မှစ၍ အစဉ်မပြတ် ၁၁ နှစ်တိုင်တိုင် ထည့်သွင်းဖော်ပြပေးခဲ့ကြသော မြစ်မှုမဂ္ဂဇင်း အယ်ဒီတာချုပ် ဦးမောင်မောင်မြင့်အေးနှင့် မြစ်မှုမဂ္ဂဇင်း အယ်ဒီတာအဖွဲ့အား ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုဖော်ပြအပ်ပါသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# ရွှေကိုမလို ရေကိုသာလိုသည်

တက္ကသိုလ်သန်

သကြံန်ရုံးပိတ်ရက်အတွင်း မဂ္ဂဇင်း၊ သတင်းစာနှင့် ဂျာနယ်တိုက်များ ပိတ်ထားသဖြင့် အပြင်မထွက်ရဘဲ အိမ်တွင်းအောင်းနေရသည်ကိုပင် ဝမ်းသာမိသည်။ သင်္ကြန်နားရက်အတွင်း စာရေးမည်၊ စာဖတ်မည်ဟု ခဲထားသော်လည်း စိတ်သွားတိုင်း ကိုယ်မပါနိုင်ခဲ့ပေ။

စာရေးမည်၊ စာဖတ်မည် ကြံရွယ်မိတိုင်း ပူသည့်ဒဏ်ကို မခံနိုင်သဖြင့် စာရေးချင်စိတ်၊ စာဖတ်ချင်စိတ် ပျောက်သွားသည်။ ထိုကြားထဲမှပင် ရုံးပြန်ဖွင့်လျှင် မဂ္ဂဇင်း၊ သတင်းစာနှင့် ဂျာနယ်တိုက်တို့ကို ပေးရမည့် စာမူများကို ရေးဖြစ်အောင် ရေးရ၏။

နေ့စဉ် ညစဉ်လိုပင် ရုပ်မြင်သံကြားသတင်း၊ ရေဒီယို သတင်းတို့ကို ကြည့်ဖြစ်သည်။ နားထောင်ဖြစ်သည်။ အထူး သတိထားကြည့်မိသည်က မိုးလေဝသသတင်း ဖြစ်၏။ မြန်မာနိုင်ငံသည် အယ်လ်နီညိုရာသီဥတု အခိုးဝါးခံရသည့် နိုင်ငံများအနက် အပါအဝင်ဖြစ်သဖြင့် ၂၀၁၅ ခုနှစ်နောက်ပိုင်း ကာလမှစ၍ အပူဒဏ်ကို ခံစားခဲ့ရ၏။ ယနေ့ဆိုလျှင် အပူဒဏ် ခံစားရမှုက အထွတ်အထိပ်သို့ ရောက်နေပေပြီ။

အထက်အညာဒေသဖြစ်သည့် မကွေးတိုင်းဆိုလျှင် နေ့အပူချိန် ၄၄ ဒီဂရီ စင်တီဂရိတ်ရှိနေသည်။ ရန်ကုန်မြို့၏ နေ့အပူချိန်မှာ မတ်လအတွင်းက ၃၈ ဒီဂရီ စင်တီဂရိတ်ရှိရာမှ ဧပြီလတွင် ၃၉-၄၀ ဒီဂရီစင်တီဂရိတ်သို့ တိုးလာသည်။ ထို့ပြင် ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းတွင် နေပြည်တော်နှင့် မန္တလေးမြို့တို့၌ ၇.၇ သာ ရှိသော်လည်း ရန်ကုန်မြို့တွင် ၉ အထိရှိသည်။ ရန်ကုန်မြို့သည် မည်မျှအပူဒဏ် လွန်ကဲနေသည်ကို ဖော်ပြပါအညွှန်းကိန်းများကိုကြည့်၍ သိနိုင်၏။

သို့ဖြစ်ကြောင့်ပင် သက်ဆိုင်ရာ ကျန်းမာရေးဌာနက အပူဒဏ်ကာကွယ်နိုင်ရန် ဆောင်ရန်ရှောင်ရန် အချက်များကို သတိပေးထုတ်ပြန်လျက်ရှိ၏။ အစွန်းရောက်ရာသီဥတုဖြစ်သည့် အယ်လ်နီညိုကြောင့် ၂၀၁၅ ခုနှစ်တွင် နေရာဒေသအသီးသီး၌ မိုးလောင်မှုများ နေ့စဉ်လိုလို ဖြစ်ပွားခဲ့သည်။ မီးဘေးကြောင့် ပြည်သူများ အိုးမဲ့အိမ်မဲ့ဖြစ်ကာ ပစ္စည်းဥစ္စာများ ဆုံးရှုံးခဲ့ကြရ၏။ တစ်ဖန် အပူဒဏ်ကြောင့် မြန်မာနိုင်ငံဒေသအတော်များများတွင် ရေရှားပါးမှုပြဿနာနှင့် ကြုံတွေ့ကြရ၏။ ကန်ရေများကိုသာ အားထားအသုံးပြုကြရသည့် ပြည်သူများအနေဖြင့် ရေအခက် အခဲနှင့် တွေ့ကြရသည်။ အချို့သော ကျေးရွာများတွင် နောက်ကျိနေသော ရေကိုပင် ပင်ပန်းကြီးစွာ ခပ်ယူသုံးစွဲနေရကြောင်း ရုပ်မြင်သံကြားသတင်းများတွင် တွေ့မြင်ရသည်မှာ စိတ်မချမ်းမြေ့ဖွယ်ရာပင် ဖြစ်ပါ၏။

ယခုအခါ ရေရှားပါးသောဒေသများသို့ တပ်မတော်နှင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့က ကျေးရွာများအရောက် သောက်သုံးရေများကို ဖြန့်ဝေပေးလျက်ရှိသည့်သတင်းများကိုလည်း တွေ့မြင်သိရှိရသဖြင့် စိတ်ချမ်းမြေ့ရပါ၏။

နယ်မြို့ရှိ ကျေးရွာတစ်ရွာတွင်နေထိုင်သည့် သားတစ်ဦးထံ မကြာခဏ ဖုန်းဆက်သည့်အခါ ရေအဆင်ပြေမှုရှိမရှိ မေးမြန်းရ၏။ သူတို့ရွာတွင် ရေတွင်းကိုသာ အားထားရသဖြင့် ရေတွင်း ရေခန်းသွားမည်ဆိုပါက ရေပြဿနာ မည်သို့ဖြေရှင်းမည်ကို စိုးရိမ်မိ၏။ သူ့အဆိုအရ ယနေ့အချိန်အထိ ရေပြတ်လပ်မှုမရှိသေးကြောင်း သိရသဖြင့် စာရေးသူ စိတ်အေးရပါ၏။

ရုပ်မြင်သံကြား သတင်းတစ်ပုဒ်ကို ကြည့်ရှုရသည့်အခါ မြန်အောင်မြို့တွင် ရေလုံးဝပြတ်လပ်နေသဖြင့် ထမင်းဟင်း ချက်ရန် အခက်အခဲရှိကြောင်းသိရ၏။ ရေရှားပါးမှုကြောင့် ပြီးခဲ့သည့် သင်္ကြန်ကာလတွင် ကလေးများ ရေမကစားနိုင်ဟုသိရ၏။

အယ်လ်နီညို ရာသီဥတုကြောင့် ရေရှားပါးမှုပြဿနာသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံအချို့တွင်လည်း ခံစားနေရကြောင်း နိုင်ငံခြားမှလာသော သတင်းများအရ သိရ၏။ အထူးသဖြင့် ဟေတီနိုင်ငံတွင် ရေရှားပါးပြတ်လပ်မှုကြောင့် ရေချိုးရန် ရေမရှိသည့်အတွက် သက်ကြီးရွယ်အိုများ အခက်အခဲ

www.burmeseclassic.com

တွေ့ရကြောင်း သိရ၏။

၂၀၁၅ ခုနှစ် နှစ်လယ်လောက်ကပင် ထိုင်းနိုင်ငံတွင် ရေရှားမှုကြောင့် အစိုးရမှ နေရာဒေသအတော်များများတွင် ရေတွင်းများ တူးဖော်ပေးခဲ့ရသည်ဟုသိရ၏။ ထို့အပြင် ပြည်သူများ အသုံးချသက်သာစေရန် ဈေးပေါပေါ်ဖြင့် မိုးကာများ ရှာချပေးခြင်းကိုလည်း အစိုးရမှ ဆောင်ရွက်ပေးခဲ့သည်ဟု သိရ၏။

မြန်မာနိုင်ငံရှိ ကျေးရွာတစ်ရွာတွင် ရေရှားပါးမှုကြောင့် တစ်နေ့ကို နို့ဆီခွက်ဖြင့် တစ်ခါရေချိုးလျှင် သုံးခွက်သာချိုးရကြောင်း ရုပ်မြင်သံကြားသတင်း တစ်ပုဒ်တွင်တွေ့လိုက်ရ၏။

မြန်မာနိုင်ငံဒေသအချို့နှင့် ကမ္ဘာ့နိုင်ငံအချို့တို့တွင် ရေရှားပါးမှုကြောင့် အခက်အခဲများတွေ့နေရသည့်အချိန်တွင် စာရေးသူတို့၏ ရန်ကုန်မြို့၌ ရေရှားသိပ်မတွေ့ရဘဲ ရေကို ဖြုန်းတီးသုံးစွဲနေကြသည်။ အချို့ဆိုလျှင် နေ့စဉ် လမ်းရေဖျန်းခြင်း၊ ကားကိုရေပိုက်ဖြင့်ဆေးခြင်းတို့ကို ဆောင်ရွက်နေကြသည်မှာ ရေဖြုန်းတီးခြင်းဖြစ်သည်ဟု ဆိုချင်ပါ၏။ အများသူငါတို့ သောက်သုံးရေ ရှားပါးပြတ်လပ်နေချိန်တွင် ရန်ကုန်မြို့နေလူအချို့တို့က ရေကို မဆင်မခြင်သုံးစွဲနေကြသည်ကို မည်သူကမျှ တားမြစ်ခြင်း၊ ဆွေးနွေးပညာပေးခြင်း မရှိကြသည်မှာ တာဝန်မဲ့ရာကျသည်ဟု ထင်မိ၏။

လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ရေကို ချွေတာသုံးစွဲကြရန်၊ မလိုအပ်ဘဲ ရေဖြုန်းတီးခြင်းမပြုရန် မြန်မာ့ရုပ်မြင်သံကြားမှ နေ့စဉ်သတိပေးနိုး ဆော်နေသော်လည်း ရေအခက်အခဲ မကြုံဘူးသေးသည့် ရန်ကုန်မြို့နေ လူအချို့တို့သည် ဂရုမစိုက်ဘဲ ရေဖြုန်းတီးနေကြသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှ၏။

စာရေးသူသည် ရေအခက်အခဲကြုံဖူးသဖြင့် ရေကိုချွေတာသုံးစွဲရန် မိမိအပါအဝင် အိမ်သူအိမ်သားများကို ဆွေးနွေးထား၏။ စာရေးသူသည် ၁၉၄၇ ခုနှစ်တွင် နယ်မှ ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်ခဲ့၏။ ၁၉၇၆ ခုနှစ်တွင် လက်ရှိနေထိုင်လျက်ရှိသော မင်္ဂလာတောင်ညွန့်မြို့နယ်သို့ ပြောင်းရွှေ့ခဲ့၏။ ပြောင်းရွှေ့ခဲ့ပြီး သိပ်မကြာလှပါ။ ရေအခက်အခဲနှင့် တွေ့ရတော့၏။ ထိုအချိန်က ရန်ကုန်မြို့လှည်းရေမှာ တစ်သန်းကျော် နှစ်သန်းမျှသာ ရှိသေး၏။ သို့တစေ ရေကို ပြည့်လုံအောင် မဖြန့်ဝေနိုင်ခဲ့ပေ။ အဘယ့်ကြောင့်ဆိုသော် လှော်ကားနှင့် ကျိုက်ဖြူရေလှောင်ကန် နှစ်ခုကသာ ရေဖြန့်ဝေပေးနိုင်သောကြောင့် ဖြစ်ပါ၏။

ယခုအခါ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တိုးတက်များပြားလာသော ရန်ကုန်မြို့လူဦးရေကို ရေ ပြည့်လုံစွာ ဖြန့်ဝေပေးနိုင်ရန် လှော်ကားနှင့် ကျိုက်ဖြူရေကန်များအပြင် ငမိုးရိပ်နှင့် ဖူးကြီးတို့ကို တိုးချဲ့၍ ရေပေးဝေခဲ့သဖြင့် ရေအခက် အခဲမရှိလှဟု သိရ၏။ ထို့အပြင် တိုးပွားလာသော ရန်ကုန်မြို့ နေ လူထုအတွက် လိုအပ်မည့် သောက်သုံးရေကို တိုးမြစ်နှင့် ကုက္ကိုဂမြစ်တို့မှရေကို သန့်စင်ထုတ်လုပ်ပေးနိုင်ရန် စီစဉ်နေ သည်ဟု သိရှိရ၏။

သို့မို့ကြောင့်ပင် ရန်ကုန်မြို့နေလူထုအတွက် ရေ လှောင်ကန်ကြီးများတွင် ရေကို လုံလောက်စွာ သိုလှော် ထားရှိကြောင်း ရုပ်မြင်သံကြားမှ သတင်းထုတ်ပြန်ချက်တ ရပ်ကို သိလိုက်ရသဖြင့် ရေအတွက် စိတ်အေးရပါ၏။ သို့တစေ ရေကို သုံးချင်တိုင်းသုံး၍ ဖြုန်းချင်တိုင်းမဖြုန်းကြဖို့တော့လိုမည်

ရေနှင့်ပတ်သက်၍ လူကြီးသူမများ ပြောကြားထား ခဲ့သော ရှေးထုံးစကားများကို ဂရုထားဖို့လိုပါမည်။ "ထမင် အသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်" ဟူသော စကား ဖြစ်သည်။ ထိုစကားမှန်သည်။ ထမင်းဆာလွန်းလျှင် ရေကို ဗိုက်တင်းအောင်သောက်လိုက်လျှင် အဆာပြေသွားနိုင်သေ လည်း ရေငတ်လျှင် မည်သို့မျှလုပ်၍မရနိုင်ပေ။ တစ်ဖန် "ရေ နှင့်ဖိနပ်မပါ နွေအခါမှသိ၊ ဒါနနှင့်သီလမပါ သေခါမှသိ" ဟူသေ စကားသည်လည်း ရေ၏အရေးပါမှုကို ပြဆိုခြင်းပင်ဖြစ်သည်

ဆိုရလျှင် ရေသည် လူသားများအတွက်သာ အရေ ကြီးသည်မဟုတ်။ တိရစ္ဆာန်များနှင့် ပန်းမန်သစ်ပင်များ အတွက် လည်း မရှိလျှင်မဖြစ်ပေ။ ရေရှားပါးသောဒေသများတွင် စ ပင်၊ သီးပင်များကို ရေမလောင်းနိုင်သဖြင့်လည်းကောင်း၊ အိမ်မွေ တိရစ္ဆာန်များကို ရေမတိုက်နိုင်သဖြင့်လည်းကောင်း သေဆေ ပျက်စီးကြရသည်ဟု သိရ၏။ ထို့ကြောင့် အချို့ဒေသများတွ ရေသည် လွန်စွာမှ အဖိုးတန်လှသောကြောင့် ရွှေကိုမလို ရေ သာလိုသည်ဟု ဆန့်ပြူတောင်းဆိုနေကြခြင်းဖြစ်ပါ၏။

အချုပ်ဆိုရလျှင် ရေကို အလကားနီးပါး ရရှိနေသဖြ ရေတန်ဖိုးကိုမသိဘဲ ရေကို ဖြုန်းချင်သလိုဖြုန်း၊ သုံးချင်သလ သုံးနေမည်ဆိုလျှင် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ရေအခက်အ နှင့် တွေ့ကြုံရမည်ဖြစ်၍ ရေကို အကျိုးရှိရှိ အသုံးပြုကြရ ကြောင်း ပြုရပါ၏။

တက္ကသိုလ်သ

ဝ၉၄၁၃၉၂၂၆



www.burmeseclassic.com

www.burmeseclassic.com



# တရားစောင့်သောမင်း

ခင်မောင်အေး(မန္တလေး)

ဗာရာဏသီပြည်ကြီးတွင် ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံ မင်းလှ အုပ်ချုပ်နေစဉ်အချိန် ဖြစ်သည်။ မိဖုရားကြီး ကိုယ်ဝန်ဆောင်နေစဉ် မြတ်စွာဘုရားလောင်းလျာသည် မိဖုရားကြီး၏ဝမ်းတွင်း ပဋိသန္ဓေယူလေသည်။ နေ့လအချိန့်အခါတိုင်သောအခါတွင်မှ ဖွား ဘုရားလောင်း ဖွားမြင်တော်မူသည့်အခါ ဗြဟ္မဒတ်မင်းသားဟု အမည်ပေးလိုက်ကြသည်။ အသက်တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်သည့်အခါ ဆရာ တစ်ဆယ့်ရှစ်ရပ်ကို တတ်မြောက်ခဲ့ပြီလည်း ဖြစ်သောကြောင့် ခမည်းတော်မင်းမြတ်က မိမိ၏ သားတော်အား အိမ်ရှေ့မင်းသားအဖြစ် ချီးမြှင့်မြှောက်စား ပေးအပ်လိုက်လေသည်။

ထိုခေတ်အခါ ထိုကာလတွင် ဗာရာဏသီမြို့သူမြို့သားတို့သည် ကြက်၊ ဝက်၊ ဆိတ် စသော သတ္တဝါများကို သတ်ဖြတ်ပြီး ယဇ်ပူဇော်တတ်သည့် ဓလေ့ရှိကြပါသည်။ ဗာရာဏသီ အိမ်ရှေ့စံက ယင်းသို့သော ယဇ်နတ်ပူဇော်သည့် ဓလေ့ကို နှစ်မြို့ခြင်းမရှိချေ။ နောင်တစ်နေ့ မိမိထီးနန်းဆက်ခံရသောအချိန်တွင် မည်သူ့ကိုမျှ ညှဉ်းပန်းနှိပ်စက်ရာမရောက်သော နည်းလမ်းတစ်မျိုးမျိုးဖြင့် မနှစ်မြို့ဖွယ်ရာသည့်ဓလေ့ဆိုးကြီးကို ဖယ်ရှားပစ်လိုက်မည်ဟု စိတ်တွင်းမှ မှတ်သားထားသိုက်လေသည်။

တစ်နေ့၊ ဗာရာဏသီအိမ်ရှေ့မင်းသားသည် မြင်းလေးကောင် ကသော မင်း၏ စီးတော်ရထားဖြင့် မြို့တွင်းမှ ထွက်ခွာလာခဲ့၏။ မြို့ပြင်တစ်နေရာသို့ ရောက်သည့်အခါ လူအများစုစုဝေးဝေး အုတ်အုတ်ကျက်ကျက်ရှိ

www.burmeseclassic.com

## သင်တို့အထဲမှ ငါပြောပြခဲ့သော အမှုများကို ကျူးလွန်သူ လူတစ်ယောက်ကို ရှာဖွေကာ ညောင်ပင်စောင့်နတ်မင်းအား ယာဇ်နတ်ပူဇော်ရန် ရှာဖွေဖော်ထုတ် ဆက်သကြ . . .

နေကြသည့် ညောင်ပင်ကြီးတစ်ပင်ရှိရာသို့ ရောက်ရှိလာလေသည်။ ညောင်ပင်အောက်တွင်ကား ပြည်သူအများက ပန်းနံ့သာ၊ ဆီမီး စသည်တို့ဖြင့် ပူဇော်ပသလျက် လိုရာဆုများတောင်းနေကြခြင်းကို မြင်တွေ့လိုက်ရလေသည်။ မင်းသားလည်း မြင်းရထားထက်မှဆင်းလျက် ပြည်သူအများကဲ့သို့ ပန်း၊ နံ့သာ၊ ဆီမီးများဖြင့် ညောင်ပင်အောက်သို့ ဝင်ရောက်ပူဇော်ပြီး တစ်စုံတစ်ခု ဆုတောင်းဟန်ပြုနေလိုက်၏။ ထိုနေ့ နောက်ပိုင်းအချိန်များတွင်လည်း အိမ်ရှေ့စံသည် ထိုညောင်ပင်ရှိရာသို့ မကြာမကြာ လာရောက်လျက် ပူဇော်ဟန်ပြုလေသည်။

ဗာရာဏသီပြည့်ရှင် မင်းကြီးသည် တစ်နေ့သောအခါ နာမကျန်းဖြစ်လျက် နတ်ထီးစံသွားလေသည်။ မင်းကြီး နတ်ရွာလားပြီးနောက် အိမ်ရှေ့စံသည် ပြည့်ရှင်မင်းကြီး အရိုက်အရာကို ဆက်ခံလေသည်။ မင်းကြီးသည် တစ်နေ့တွင် မှူးကြီးမတ်ရာ သေနာပတ္တိများကို စုစည်းလျက် ညီလာခံကျင်းပပြုလုပ်လေသည်။ ယင်းညီလာခံတွင် မင်းကြီးက အချင်းတို့ ငါအဘယ်အတွက်ကြောင့် သင်တို့အား ယခုကဲ့သို့ ညီလာခံခေါ်ယူသည်ကို သိရှိလိုကြပါသလားဟု အမေးတော်ရှိ၏။ မင်းချင်းများ၊ မှူးမတ်များနှင့် ညီလာခံသို့ တက်ရောက်လာကြသူအပေါင်းက မသိကြပါကြောင်း ဖြေကြားတင်လျှောက်ကြ၏။ ဆက်လက်ပြီး မင်းကြီးက "အချင်းမှူးမတ်အပေါင်းတို့ . . . ငါသည် မည်သည့်အကြောင်းကြောင့် မင်းအဖြစ်သို့ ရောက်ရှိခဲ့ရသည်ကိုရော သိကြပါ၏လော"ဟု မေးတော်မူလေသည်။

မှူးမတ်တို့ကလည်း "မသိရှိကြရပါကြောင်း" လျှောက်တင်ဖြေကြားကြ၏။ မင်းကြီးက ဆက်လက်ပြီး "ငါသည် မကြာခဏမြို့ပြင်ဘက်မှ ညောင်ပင်ကြီးရှိသည့်နေရာသို့ သွားရောက်လျက် ညောင်ပင်အောက်တွင် ပူဇော်ပသသည်ကိုရော မြင်ဖူးကြပါသလော"ဟု မေးသည်။ မှူးမတ်တို့က မြင်ဖူးကြပါကြောင်း လျှောက်တင်ဖြေကြားကြ၏။ ထိုသောအခါ မင်းကြီးက "ငါသည် မင်းအဖြစ်သို့ ရောက်ရှိလာသောအခါ ငါ၏ နိုင်ငံတိုင်းကားအတွင်း ပါဏာတိပါတအစရှိသည့် ကံငါးပါးကို ဖောက်ဖျက်ကျူးလွန်သူများ အကုသိုလ်လကမ္မပထတရားဆယ်ပါးတို့ကို ကျူးလွန်သူတို့အား သတ်ဖြတ်လျက် ထိုသူတို့၏ ဝမ်းတွင်းကလီစာ၊ အသား၊ အသွေး၊ အသည်း၊ အဆုပ်၊ အူသိမ်၊ အူမတို့ဖြင့် ညောင်ပင် စောင့်နတ်မင်းအား ပူဇော်ပသပါမည်ဟု ကတိပေးထားခဲ့ပါသည်။ ယခု ငါ မင်းအဖြစ်သို့ ရောက်ရှိခဲ့ပြီ၊ ငါ၏ကတိအတိုင်း ဆောင်ရွက်ရန် အချိန်တန်နေပြီ။ သင်တို့အထဲမှ ငါပြောပြခဲ့သော အမှုများကို ကျူးလွန်သူ လူတစ်ယောက်ကို ရှာဖွေကာ ညောင်ပင်စောင့်နတ်မင်းအား ယာဇ်နတ်ပူဇော်ရန် ရှာဖွေဖော်ထုတ် ဆက်သကြ"ဟု အမိန့်တော်ပြန်လိုက်လေသည်။

မှူးကြီးမတ်ရာ သေနာပတိတို့ကလည်း အမိန့်တော်မြတ်အတိုင်းပါဘုရားဟု ဝန်ခံကတိပြုလျက် ဗာရာဏသီမြို့အတွင်း စည်တော်တီးလျက် ယာဇ်ကောင်များရှိ ရှာဖွေကြလေသည်။ သို့ပင်ဖြစ်စေ ဗာရာဏသီပြည်သူပြည်သားအပေါင်းက ယာဇ်ပူဇော်ခံရမည်ကို ကြောက်လန့်ကြသဖြင့် ငါးပါးပဉ္စသီကို ခါးဝတ်ပုဆိုးအလား မြဲမြဲခိုင်ခိုင် ချည်နှောင်ကြကာ အကုသလကမ္မပထ တရားများကို ကျူးလွန်ခြင်း မပြုကြတော့ဘဲ ရှောင်ကြဉ်ကြသည်ဖြစ်သဖြင့် ညောင်ပင်စောင့်နတ်ယာဇ်ပူဇော်ခြင်း မခံရတော့ပေ။

**ခင်မောင်အေး(မန္တလေး)**

ကျမ်းကိုး

နိပါတ်တော်လာ ဇာတ်တော်ငါးရာငါးဆယ် ဒုမ္မေဓဇာတ်။



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# သူ့ပရိယာယ် သူ့မာယာ

## မနသသဲကျော်ဝင်း(အမျိုးသားစာပေဆုရ)

ဒီကနေ့ည ကျွန်မရဲ့ရင်တွေ သိပ်ခုန်နေတယ်။ အစကတော့ ဒေါသအဟုန်ကြောင့် ရင်ခုန်ခဲ့ရတာပါ။ ဒေါသဆိုတာလည်း ကျွန်မရဲ့ ခင်ပွန်းသည် ကိုဝင်းဇော်အပေါ် ပေါက်ကွဲခဲ့ရတဲ့ ဒေါသ။ အခုတော့ အဲဒီဒေါသ အစိုင်အခဲကြီးက အရည်ပျော်သွားပြီး တစ်ယောက်တည်းမို့ အားငယ်စိတ်၊ ကြောက်စိတ်တွေက ဝင်လာကြတယ်။ ကြောက်စိတ်နဲ့ စိုးရိမ်စိတ်ကြောင့် ရင်ခုန်နေရတာပါ။ ဒဂုံမြို့သစ်ရဲ့ ညဟာ လရောင်အောက်မှာ တောက်ပပြီး လှနေတယ်။ အေးအေးချမ်းချမ်း သာသာယာယာရှိနေတယ်။ ဒါပေမယ့် ကျွန်မရဲ့ရင်ထဲမှာတော့ မအေးချမ်း မသာယာနိုင်ပါဘူးလေ။ မောင့်(ကိုဝင်းဇော်)အပေါ် နာကြည်းမိတာရော၊ ကျွန်မရဲ့ ဘဝရှေ့ရေးအတွက် တွေးပြီးရင်လေးမိတာတွေကြောင့်ပါ ရတက်မအေးနိုင်အောင် ဖြစ်နေရပါတယ်။

ကျွန်မနဲ့မောင် အိမ်ထောင်ကျခဲ့တာ ၁၅ နှစ်သက်တမ်း ကျော်ခဲ့ပါပြီ။ သူ့အငယ်တန်းအရာရှိ ဘဝကတည်းကပါ။ ရွယ်ချင်းကလည်း မေတ္တာရှိ၊ လူကြီးချင်းကလည်း သဘောတူဆိုတော့ ကျွန်မတို့ရဲ့အိမ်ထောင်ရေးဟာ အစစအရာရာအဆင်ပြေခဲ့ပါတယ်။ အင်း.. တစ်ခု အလိုမပြည့်ကြရတာကတော့ ကျွန်မတို့ဇနီးမောင်နှံမှာ သားသမီးရတနာ မထွန်းကားခဲ့တာပါပဲ။ အခုဆိုရင် ကျွန်မရဲ့အသက်က ၃၅ နှစ်ကျော်လာခဲ့ပေမယ့် ကိုယ်လုံးကိုယ်ပေါက် အချိုးအစားက မပျက်မယွင်းရှိနေသေးတယ်။ အပျိုလေးတစ်ယောက်လို လှနေသေးတယ်လို့ သူငယ်ချင်းတွေက ချီးကျူးကြပါတယ်။ ဒါပေမယ့် သားသမီးမထွန်းကားတာကိုတော့ ကျွန်မလုံးဝ မကျေနပ်ခဲ့ပါဘူး။ ကျွန်မတို့ရဲ့အိမ်ထောင်စုကို မိသားစုဘဝအဖြစ် တိုးမြှင့်ချင်တယ်။ အိမ်ထောင်စုခိုင်မြဲအောင် အနှည်းဆုံး သံယောဇဉ်ကြိုးလေးတစ်ပင်လောက်နဲ့ဖြစ်ဖြစ် ချည်နှောင်ထားချင်ပါတယ်။ ဒါပေမယ့် အခုတော့.. အခုတော့။

မောင်ဟာ အစက ရိုးရိုးသားသားနဲ့ အိမ်ထောင်ကို ဦးစီးဦးဆောင်ပြုခဲ့ပေမယ့် ကြာလာတော့ အလုပ်ထဲက အပေါင်းအသင်းတွေကြောင့် အသောက်အစားဖက်လာတယ်။ လုပ်ထောက်ညွှန်ကြားရေးမှူးအဖြစ် ရာထူးတိုးမြှင့်ခံရချိန်က စပြီး ပိုဆိုးလာတယ်။ အိမ်ပြန်မအိပ်တဲ့ ညများတွေတောင် ရှိလာပြီး အိမ်ပြန်လာတဲ့ ညများတွေမှာလည်း လူမှန်းသူမှန်း မသိအောင် မူးပြီးမှ ပြန်လာလေ့ရှိပါတယ်။ အဲဒီအထိတော့ ကျွန်မ ခွင့်လွှတ်နိုင်ပါသေးတယ်။ ဒါပေမယ့် တစ်စထက်တစ်စ သူ့အခြေအနေက ပိုဆိုးလာပါတယ်။ တစ်ခါတလေ လူစိတ်သူ့စိတ်ကင်းပြီး ကျွန်မကို ရက်ရက်စက်စက် ရိုက်နှက်တဲ့အထိ လွန်လာတယ်။ ဒီကနေ့တော့ ကျွန်မ သူ့ကို လုံးဝသည်းမခံနိုင်တော့ပါဘူး။ နေ့ခင်းမှာ သူမူးပြီးပြန်လာတယ်။ ကျွန်မကို ပါးရိုက်တယ်။ အဲဒီအထိလည်း ကျွန်မ သည်းခံနိုင်ပါသေးတယ်။ ကျွန်မအသည်းဆတ်ဆတ်ခါ နာသွားခဲ့ရတာကတော့

"သားသမီးမမွေးနိုင်တဲ့ အလကားကောင်မ၊ အမြုံမ" ဆိုပြီး ဆဲလိုက်တဲ့စကားကြောင့်ပါပဲ။ အဲဒီအချိန်ကစပြီး ကျွန်မ သူနဲ့ခပ်ဝေးဝေးနေဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒါကြောင့် ညနေခင်းမှာ အဝတ်အစားတွေကို လက်ဆွဲအိတ်တစ်လုံးနဲ့ ထည့်ပြီး ဒဂုံမြို့သစ်မြောက်ပိုင်းက အိမ်ကလေးဆီကို ထွက်လာခဲ့တယ်။ အမှတ် ၂၈ ရပ်ကွက်ထဲမှာ ကျွန်မတို့ရဲ့ တစ်ထပ်အုတ်ညှပ်တိုက်ကလေးတစ်လုံး ရှိနေတယ်လေ။ ကိုဝင်းဇော်ရဲ့နာမည်နဲ့ ရထားတဲ့ မြေကွက်မှာ သူ့ရုံးကချေးငွေရယ်၊ ကျွန်မရွှေရောင်းပြီး စုထားတဲ့ငွေရယ်ပေါင်းပြီး ဆောက်ခဲ့တာကြောင့် သပ်သပ်ရပ်ရပ်နဲ့ နေချင်စဖွယ် တိုက်အိမ်ငယ်ကလေးတစ်လုံး အဖြစ်တင်ခဲ့ရတာပါ။ အပြီးသတ်အချောမကိုင် မမွမ်းရသေးပေမယ့် လုံလုံခြုံခြုံတော့ ရှိနေပါပြီ။

အရင်နှစ်ကတော့ ကျွန်မနဲ့ကိုဝင်းဇော်ဟာ တနင်္ဂနွေလို ညများတွေမှာ

www.burmeseclassic.com

ဒီတိုက်ကလေးဆီကို လာပြီး ညအိပ် ညနေ အနားယူခဲ့ကြဖူးပါတယ်။ သူ အသောက်အစားဖက်လာတဲ့ နောက်ပိုင်းမှာတော့ ကျွန်မတို့ဟာ ဒီတိုက်ကလေးနဲ့ အနေဝေးခဲ့ရပါတော့တယ်။ စိတ်မချတာကြောင့် ကျွန်မသာ တစ်လ တစ်ခါလောက် စနေ-တနင်္ဂနွေလို နေ့ခင်းဘက်မှာ လာကြည့်ပေမယ့် ကိုဝင်းဇော်ကတော့ လုံးဝလှည့်မကြည့်တော့ပါဘူး။

ကျွန်မတစ်ယောက်တည်း ဒဂုံအိမ်မှာ ညအိပ်ဖို့အတွက် လာတာကတော့ ဒီတစ်ခါ ပထမဆုံးအကြိမ်ပါဘဲ။ ရင်ထဲမှာ နာကြည်းလွန်းလို့သာ ထွက်ခွာလာခဲ့မိပေမယ့် နေဝင်ချိန်မှာတော့ အထီးကျန်ပြီး ကြောက်သလိုလို ဖြစ်လာရပါတယ်။ ကျွန်မတို့ရဲ့ တိုက်ကလေးနားမှာ တခြားအိမ်တွေရှိပေမယ့် လူမနေကြသေးတော့ ပိုပြီးအားငယ်စရာကောင်းနေပါတယ်။ ကျွန်မတို့ရဲ့ ရှေ့နောက်ဝဲယာ နှစ်အိမ်ကျော်စီလောက်မှာတော့ အမြဲတမ်းနေထိုင်ကြတဲ့ မိသားစုတွေ ရှိနေကြပါပြီ။ ဒါပေမယ့် တိုယ့်အကြောင်းနဲ့ကိုယ် ထွက်လာခဲ့တာမို့ သူတို့ အိမ်တွေကိုလည်း ကျွန်မ အသိမပေး အပူမရှာတော့ပါဘူး။ ဒါကြောင့် ကိုယ့်ဟာကိုယ် တိုက်တံခါးလုံအောင်ပိတ်ပြီး နေလိုက်ပါတယ်။ ဝမ်းဟာပြီး ဗိုက်ဆာလာတာကြောင့် အိမ်ကပါလာတဲ့ ကော်ဖီမစ်ကို ရေနွေးတည်ပြီး ဖျော်သောက်တယ်။ ဓာတ်ဘူးထဲမှာလည်း ရေနွေးဖြည့်ပြီး လက်ဖက်ခြောက်ကို နှပ်ထားလိုက်တယ်။

တဖြည်းဖြည်းနဲ့ ညဦးနက်လာပြီ။ ခါးတဲ့ ကော်ဖီမစ်ကြောင့်လား မသိဘူး။ ကျွန်မရဲ့မျက်လုံးတွေကြောင်ပြီး အိပ်မပျော်နိုင်အောင် ဖြစ်နေရတယ်။ နဂိုကမှ ငြိမ်သက်လှတဲ့ ရပ်ကွက်ကလေးဟာ ပိုပြီးတိတ်ဆိတ်လာတယ်။ ကျွန်မရဲ့ရင်ထဲမှာလည်း ပိုပြီး တိတ်ဆိတ်လာတယ်။ ကျွန်မရဲ့ရင်ထဲမှာလည်း ပိုပြီး လှုပ်ရှားလာတယ်။ ငါတစ်ယောက်တည်း ထွက်လာတာ မှားလေပြီလားရယ်လို့ အတွေးဝင်ပြီး စိတ်မကောင်းဖြစ်ရပြန်တယ်။ ကိုဝင်းဇော်ကို နာကြည်းမုန်းတီးမိပေမယ့် အခုလို အားငယ်စရာကောင်းတဲ့အချိန်မျိုးမှာတော့ သူ့ကို သတိရလာတယ်။ အနားမှာ ရှိနေစေချင်တယ်။ အခုအချိန်မှာ သူလိုက်လာပြီး ကျွန်မကို ချော့မော့နှစ်သိမ့်ရင် ဘယ်လောက်ကောင်းလိုက်မလဲလို့ ကျွန်မ တွေးနေမိတယ်။ ဒါပေမယ့် ည ၁၂ နာရီထိုးခါနီးအထိ သူ့ရဲ့အရိပ်အယောင်ကိုတောင် မတွေ့မြင်ရပါဘူးလေ။ ဒီတော့ သူ့ကို ကျွန်မ ပိုပြီးနာကြည်းလာမိတယ်။

အဝေးက ည ၁၂ နာရီ သံချောင်းခေါက်သံကို ကြားရပြီး မကြာခင်မှာပဲ ခွေးဟောင်သံနဲ့အတူ ခပ်လှမ်းလှမ်းက လျှောက်လာတဲ့ခြေသံကို ကြားလိုက်ရတယ်။ ထိတ်လန့်စိုးရိမ်မှုနဲ့အတူ ကျွန်မရဲ့ ရင်ခုန်သံတွေက ပိုပြီးမြန်လာတယ်။ ခြေသံဟာ ကျွန်မတို့ရဲ့ခြံနဲ့ နီးသထက်နီးလာနေပြီ။ ဟော …အခုဆိုရင် ခြံထဲဝင်လာနေပြီ။ ကျွန်မဟာ ခေါင်းရင်း တရုတ်ကပ်မှန်ပြတင်းပေါက်က အသာလေးချောင်းကြည့်လိုက်မိတယ်။

“ဘုရား…ဘုရား မောင်လိုက်လာတာပဲ ဖြစ်ပါစေတော့”

စိတ်ထဲက ဆုတောင်းမိရတာ အမောပါပဲ။ ဒါပေမယ့် ကျွန်မရဲ့ဆုတောင်း မပြည့်ခဲ့ပါဘူးရှင်။ အိပ်ခန်းခေါင်းရင်းဘက်တည့်တည့် နှစ်ကိုက်လောက်အကွာမှာ မားမားကြီးရပ်နေသူကဟာ မောင်(ကိုဝင်းဇော်)မဟုတ်ပါဘူး။ ကျွန်မလည်း တရုတ်ကပ်မှန်ကြားကနေ အရဲစွန့်ပြီး -

“ခြံထဲကိုဝင်လာတာ ဘယ်သူလဲ”

လို့ အသံခပ်အုပ်အုပ်နဲ့ မေးလိုက်တယ်။ အဲဒီတော့ သူကလည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး -

“ခြေသံ…အိမ်ထဲမှာ လူရှိနေသလား။ ဒီည မဝေတို့ ဒီမှာ လာအိပ်ကြတယ်ပေါ့။ ကျွန်တော် လမ်းထိပ်ခြံနံပါတ် ၃၄ က အောင်သန်းပါ။ အိပ်မပျော်တာနဲ့ ဒီဘက်ကို လမ်းလျှောက်ထွက်လာတာ။ မဝေတို့အိမ်ထဲမှာ လူရိပ်လိုလို လှမ်းမြင်လိုက်လို့ အခြေအနေကို စုံစမ်းချင်တာနဲ့ ခြံထဲကို ဝင်လာခဲ့မိတာပါခင်ဗျာ”

အခုမှပဲ ကျွန်မရဲ့ရင်ထဲကအလုံးကြီး ကျသွားရပါတော့တယ်။ ဦးအောင်သန်းကို ကျွန်မ ကောင်းကောင်းကြီးသိတယ်။ သူဟာ လူကြီးလူကောင်းတစ်ယောက်ပါ။ လမ်းထိပ်ကခြံထဲမှာ တပည့်တစ်ယောက်နဲ့ အေးအေးဆေးဆေး နေထိုင်တဲ့(--)ဌာနက အရာရှိကြီးတစ်ယောက် ဖြစ်ပါတယ်။ အိမ်ထောင်မရှိသေးတဲ့ လူပျိုကြီးတစ်ယောက်ဆိုတာကိုလည်း သိထားရပါတယ်။ ကျွန်မတို့ ဒဂုံမြို့သစ်မှာ တိုက်စဆောက်ကတည်းက ဦးအောင်သန်းနဲ့ ရင်းနှီးခင်မင်ခဲ့ကြပါတယ်။

“အိမ်ထဲကို ဝင်ထိုင်ပါဦးလား ဦးအောင်သန်း”



www.burmeseclassic.com

www.burmeseclassic.com

ဘာကြောင့်မှန်းမသိ။ ညအချိန် မသင့်တော်ဘူးဆိုတာ စဉ်းစားမိပေမယ့် ကျွန်မ သူ့ကို ဖိတ်ခေါ်လိုက်မိတယ်။ အဲဒီနောက် တံခါးမကြီးကိုလည်း အလို အလျောက် ဖွင့်ပေးမိရက်သား ဖြစ်သွား ပါတယ်။

"မဝေတစ်ယောက်တည်း လာ အိပ်သလား။ ဦးဝင်းဇော်ရော မပါဘူး လား" 

သူက စူးစမ်းသလိုမေးရင်း အိမ် ထဲကို မဝံ့မရဲဝင်လာ ပါတယ်။ အဲဒီ နောက် ညှို့ခန်းထဲက ကုလားထိုင်တစ် လုံးမှာ ခြေပစ်လက်ပစ် ထိုင်ချလိုက် တယ်။ ကျွန်မတစ်ယောက်တည်း ရှိနေ တယ်ဆိုတာ အဖြေမပေးရသေးပေမယ့် သူက ရိပ်မိသွားပုံရပါတယ်။ ဒါကြောင့် ဆက်မမေးတော့ဘဲ ကျွန်မညှို့ ထားတဲ့ ကော်ဖီမစ်ကို အရသာခံသောက် နေရင်း -

"မဝေ မျက်စိကြောင်ပြီး အိပ် မပျော်သေးတာ မဟုတ်လား။ ကျွန်တော့် အဖို့ကတော့ အဲဒီလို အိပ်မပျော်တဲ့ည တွေ အတော်များခဲ့ပါပြီဗျာ"

သူက သက်ပြင်းတစ်ချက်ကို ခပ် ဖွဖွလေးရှိုက်လိုက်ရင်း ပြောလိုက်တာ ပါတယ်။

"အဲဒီလို အိပ်မပျော်တဲ့ညတွေ မှာ ကျွန်တော်ဟာ မဝေတို့ရဲ့ခြံထဲကို ရောက်လာခဲ့မိတယ်။ ဟောဒီအိမ်ခန်း လေးရင်းဘက်မှာ ရပ်နေမိခဲ့တယ်။ မဝေတစ်ယောက်တည်း ဒီအိမ်မှာများ အိပ်လေမလားရယ်လို့ စိတ်ကူး ယဉ် မျှော်ခဲ့မိတယ်။ အဲဒီလို မျှော်ခဲ့ရ တဲ့ညတွေ မနည်းတော့ပါဘူး မဝေ ဒီညတော့ ကျွန်တော်မျှော်ခဲ့ရတဲ့ မဝေတကယ်ရောက်လာခဲ့ပြီလေ။ ဝမ်း သာလိုက်တာဗျာ"

သူ့စကားကြောင့် ကျွန်မရဲ့မျက်နှာ ထူအမ်းအမ်းဖြစ် သွားခဲ့ရပါတယ်။ ဒီ စကားမျိုးတွေကို ဒီအချိန်မှာ သူဘာ ကြောင့်များ လာပြောနေရတာပါလိမ့် လဲလို့ တွေးနေမိတယ်။ ဒါပေမယ့် စိတ် ထဲမှာတော့ သာယာသလို ဖြစ်နေမိ တယ်လေ။

"အဲဒါ ဘာ့ကြောင့်လဲ သိလား မဝေ။ ကျွန်တော်ဟာ မဝေကို လိုက် လိုက်လှဲလှဲ ချစ်နေမိလို့ပါပဲ။ အဲဒီ အချစ်ဟာလည်း မဝေကို စမြင်စတွေ့ ကတည်းက ရင်ထဲမှာ ကိန်းအောင်းနေ မိခဲ့တဲ့ အချစ်ပါဗျာ"

"အို…ဦးအောင်သန်းကလည်း ဒီအချိန်မှာ ဒီလိုစကားမျိုးတွေ မပြော သင့်တော့ပါဘူးရှင်။ ကျွန်မမှာ ကာမ ပိုင်လင်ယောက်ျား ရှိနေတယ်ဆိုတာ လည်း ဦးအောင်သန်း သိပြီးသားဘဲ"

"မသင့်တော်ဘူးဆိုတာ ကျွန် တော်သိပါတယ် မဝေရယ်။ ဒါပေမယ့် အချစ်စိတ်ဆိုတာ ဆန်းကြယ်လှပါ တယ်။ အပြစ်ရှိမှန်းသိပေမယ့် အဲဒီ အပြစ်ကို ကျူးလွန်ဝံ့တဲ့သတ္တိက အပြည့် ရှိနေတတ်တယ်ဗျ"

ပြောပြောဆိုဆိုနှင့် သူဟာ ကျွန်မ ရဲ့အနားကို လာပြီး ကပ်ထိုင်တယ်။ ကျွန်မရဲ့ လက်ဖဝါးနုနုကလေးတွေကို တယုတယဆုပ်ကိုင်တယ်။ ရင်ထဲမှာ တဒုတ်ဒုတ်ခုန်နေပေမယ့် ကျွန်မ ငြိမ်နေ မိတယ်။ နောက်တော့ သူဟာ ကျွန်မရဲ့ ညာဘက်ပါးပြင်ကို ခပ်ရွရွကလေး နမ်း လိုက်တယ်။ ဒီတော့မှ ကျွန်မလည်း သတိဝင်လာပြီး သူ့ကို တွန်းထုတ်ပစ်

သူပြုသမျှ နေရမယ့် အခြေအနေမျိုးမှာ သူ့ဆီက ဒီလိုစကားမျိုးတွေကို ကြားလိုက်ရတော့ ကျွန်မ သိပ်ပြီး အံ့အားသင့်သွားမိတယ် သူ့ကိုလည်း သိပ်ပြီး လေးစား ကြည်ညိုသွားမိတယ်။

လိုက်မိတယ်။ နေရာကထပြီး သူနဲ့ ခပ် လှမ်းလှမ်းမှာ သွားရပ်နေလိုက်တယ်။

"ရှင်ပြန်ပါတော့ ဦးအောင်သန်း ရယ်။ ကျွန်မက ရှင့်ကို လူကြီးလူ ကောင်းတစ်ယောက်အနေနဲ့ ဒီလို အချိန်မဲ့အခါမဲ့မျိုးမှာ ညှို့ခံနေမိတာ ရှင်က ဘယ်လိုများယူဆသွားသလဲ မသိပါဘူး။ ကျွန်မမှာ ကာမပိုင်လင် ယောက်ျားရှိနေတာ ရှင်လည်းအသိပဲ။ ဘယ်လိုအခြေအနေမျိုးပဲဖြစ်ဖြစ် ကျွန်မ က သူ့အပေါ်မှာ သစ္စာစောင့်သိရမှာဘဲ။ ကဲ…ရှင်ပြန်တော့။ ဆက်ပြီး အတင့် ရဲလာမယ်ဆိုရင်တော့ အိမ်နီးချင်းတွေ ကြားသွားအောင် ကျွန်မ အော်လိုက်ရ လိမ့်မယ်"

"ကျွန်တော် သတိလက်လွတ် ဖြစ်သွားခဲ့မိတာကို ခွင့်လွှတ်ပါ မဝေ။ ကျွန်တော် အခုပဲပြန်ပါတော့မယ်။ အခု



www.burmeseclassic.com

www.burmeseclassic.com

လို့ ပြန်မှာကလည်း မဝေအော်မှာကို ကြောက်လို့တော့ မဟုတ်ဘူး။ မဝေနဲ့ ပတ်သက်လာရင် ကျွန်တော် ဘာကို မဆို ရင်ဆိုင်ဝံ့ပါတယ်။ ဒါပေမယ့် မဝေ အလိုမတူဘဲနဲ့တော့ ကျွန်တော် ဘယ် တော့မှ ဖွတ်တရွတ်ဆန်မှာ မဟုတ်ဘူး။ ဘာ့ကြောင့်လဲဆိုတော့ မဝေ စိတ်ပြိုကြွေ သွားမှာကို ကျွန်တော် မလိုလားလို့ပါပဲ"

သူပြုသမျှ နုရမယ့် အခြေအနေ မျိုးမှာ သူ့ဆီက ဒီလိုစကားမျိုးတွေကို ကြားလိုက်ရတော့ ကျွန်မ သိပ်ပြီး အံ့ အားသင့်သွားမိတယ်။ သူ့ကိုလည်း သိပ်ပြီး လေးစားကြည်ညိုသွားမိတယ်။ သူက ဘာမှဆက်မပြောတော့ဘဲ အိမ် ထဲကနေ ချာခနဲ လှည့်ထွက်သွားတယ်။ ကျွန်မလည်း အိမ်တံခါးကို ပြန်ပိတ် ထားလိုက်ပြီး ညှိခန်းထဲမှာ ငုတ်တုတ် ထိုင်နေလိုက်တယ်။ ပြန်အိပ်လို့လည်း မရတော့ပါဘူးလေ။ ငုတ်တုတ်ထိုင် နေရင်းနဲ့ ကျွန်မ သူ့အကြောင်းတွေကိုပဲ တွေးနေမိတယ်။ သူ့(ဦးအောင်သန်း) အကြောင်းတွေကို သေသေချာချာ မသိ ရသေးပေမယ့် သူဟာ လူပျိုကြီးတစ် ယောက်ဖြစ်တယ်ဆိုတာရယ်၊ ရုပ်ရည် သန့်ပြန့်တာရယ်၊ နောက်ပြီး အခွင့်သာ ပေမယ့် ဖွတ်အတင်း အခွင့်အရေးမယူ တတ်တဲ့ မိတ်သဘောထားကြီးမြင့်မှု တွေကြောင့် ကျွန်မ သူ့ကို အထင်ကြီး နေမိပါပြီ။ ကျွန်မရဲ့ခင်ပွန်းသည် ကိုဝင်း ဇော်ရဲ့ ဆိုးသွမ်းမှု၊ ရက်စက်မှုတွေက အခုအချိန်မှာ ဘေးတီးပေးသလို ဖြစ်နေ ရတာကြောင့် ကျွန်မဟာ ဦးအောင်သန်း အပေါ် စိတ်ညွတ်ချင်သလို ဖြစ်နေပြီ လေ။

ဒါပေမယ့်...ဒါပေမယ့် ကျွန်မ ဟာ ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီး တစ်ယောက်။ နောက်ပြီး ကာမပိုင်ရှိတဲ့ အိမ်ထောင်ရှင်တစ်ယောက်။ ကိုဝင်း ဇော်နဲ့က တရားဝင်ကွာရှင်းရသေးတာ မဟုတ်ဘူး။ အခုအချိန်မှာတော့ ဘယ် လိုပဲဖြစ်ဖြစ် ကိုဝင်းဇော်အပေါ်မှာ သစ္စာ စောင့်သိရဦးမယ်လေ။ ဒါကြောင့် ကျွန်မ ဟာ ဘာကိုမှ ဆက်မတွေးတော့ဘဲ ခေါင်းအုံးအောက်က စိပ်ပုတီးကိုထုတ် ပြီး စိပ်နေလိုက်မိတယ်။ နောက်တော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတယ်။

နောက်ညတွေမှာတော့ ဦးအောင် သန်း ပေါ်မလာတော့ပါဘူး။ စိတ်ကို အသိတရားနဲ့ ထိန်းချုပ်ထားပေမယ့် ကျွန်မ သူ့ကိုတော့ မျှော်နေမိသလို ဖြစ် ခဲ့ရသေးတယ်လေ။ အင်း...ကျွန်မ အတွက် ထိတ်လန့်အံ့ဩစရာကောင်း တဲ့ သတင်းကတော့ ဦးအောင်သန်း တစ်ယောက် ရုတ်တရက် ကွယ်လွန် သွားပြီဆိုတဲ့ သတင်းကို တစ်ပတ် လောက်အကြာမှာ ကြားလိုက်ရတာပါပဲ။ ဦးအောင်သန်းဟာ သွေးတိုးရောဂါ ကြောင့် ဦးနှောက်သွေးကြောပြတ်ပြီး ရုတ်တရက် ကွယ်လွန်သွားတာလို့ ကြား သိရတယ်။ ကျွန်မ သူ့ရဲ့အသုဘကို လိုက်မပို့ခဲ့ပါဘူး။ ကိုယ့်ဟာကိုယ် လိပ် ပြာမသန့်တာရယ်၊ မျက်ရည်မထိန်းနိုင် မှာကို စိုးရိမ်မိတာရယ်ကြောင့်ပါပဲ။ ဒါပေမယ့် ဦးအောင်သန်း ရက်လည်ပြီး နောက်တစ်နေ့မှာတော့ သူ့ခြံဘက်ကို ထွက်လာခဲ့မိတယ်။ "အိမ်ရောင်းမည်" ဆိုတဲ့ ဆိုင်းဘုတ်ကလေးက သူ့ခြံရှေ့ ကနေ ကျွန်မကို ရင်နာစရာ ဆီးကြို နေတယ်လေ။

သူ့ခြံတံခါးကို တွန်းဖွင့်ပြီး ဝင်သွား တော့ သူ့ခြံရဲ့ ခြံစောင့်ကလေးက အိမ် ဝယ်မယ့်လူလို့ထင်ပြီး ပျူပျူငှာငှာ ဆီး ကြိုရှာတယ်။ ကျွန်မက သူ့ခြံထဲမှာ လျှောက်ကြည့်ရင်း ပန်းပင်တွေအများ ကြီးကြားထဲမှာ ကျွန်မရဲ့ ခြံထဲက ပျောက်သွားခဲ့တဲ့ နှင်းဆီပန်းအိုးကလေး သုံးလုံးနဲ့ တခြားပန်းပင်ကလေးတွေကို သွားတွေ့တယ်။ ကျွန်မရဲ့ပန်းအိုးကလေး တွေမှာ သူများမသိနိုင်တဲ့ အမှတ်အသား လေးတွေလုပ်ထားခဲ့တာကြောင့် ကျွန်မ ကောင်းကောင်းကြီး မှတ်မိနိုင်တာပါ။ ဒီပန်းအိုးကလေးတွေ ဒီခြံထဲကို ဘယ် လိုလုပ် ရောက်လာခဲ့တာလဲ။

"အန်တီရေ..ကျွန်တော့်ရဲ့ဆရာ ကတော့ ပန်းပင်စုတာ သိပ်ဝါသနာပါ တယ်လေ။ ပန်းပင်တွေကို ရတဲ့နည်းနဲ့ စုခဲ့တာပဲ။ ဝယ်လို့မရတဲ့ အပင်မျိုးတွေဆို ရင် ညဘက်မှာ တိတ်တိတ် လိုက်ပြီး ခိုးသတဲ့ဗျာ။ မသင့်တော်လို့ ကျွန်တော် က တားမြစ်တာတောင် သူက နား

ကျွန်မရဲ့ပါးစပ် အပေါင်းသား ဖြစ်သွားခဲ့ရပါတယ်။ ဒီလိုဆိုရင် ဟိုညက ချစ်စကားတွေ တဖွဖွပြောပြီး ကျွန်မရဲ့ပါးကို နမ်းသွားခဲ့တာဟာ ပရိယာယ်မာယာတစ်ခုကို ပြုသွားခဲ့တာပဲပေါ့။

www.burmeseclassic.com

ခေါင်ခဲ့ပါဘူး"

သူတပည့်ကောင်ကလေးရဲ့ စကား ကို ကြားလိုက်ရတော့ ကျွန်မ အံ့အား သင့်သွားမိတယ်။

"အေးလေ…ဒါကတော့ သူ့ရဲ့ ထီးသနားကို။ ဘယ်သူ့တားလို့ ရပ်မလဲ ကွယ်။ ပြော…ဒါထက် သူက ဘာ ဖြစ်လို့ အိမ်ထောင်မပြုဘဲ တစ်ယောက် တည်းနေခဲ့ရတာလဲ"

ကျွန်မရဲ့ အမေးစကားကြောင့် ကြွေစောင့်လေးက ပြုံးတုံ့တုံ့ဖြစ်သွားတယ်။ အဲဒီနောက် ရှက်စနိုးမျက်နှာလေးနဲ့ -

"အခုမှတော့ မထူးတော့ပါဘူး အန်တီရယ်။ သူလည်း ကွယ်လွန်သွား ခဲ့ပြီမို့ ကျွန်တော် အမှန်အတိုင်း ပြော ပြမယ်။ တကယ်တော့ ကျွန်တော့်ဆရာ ဟာ အင်မတန်မှ ကပ်စေးနဲတဲ့ ကေး (စိန်းမရှာ)ကြီးခင်ဗျ။ ဒါပေမယ့် သူ့ဉပမိ ရှုံက ကောင်းတယ်။ ယောက်ျားပီသ တယ်လို့ ထင်ရတယ်။ မှင်ကောင်း ကောင်းနဲ့ ပိပိရိရိ နေထိုင်သွားတော့ ဘယ်သူမှ မရိပ်မိခဲ့ကြဘူးလေ"

"ဟယ်"

ကျွန်မရဲ့ပါးစပ် အဟောင်းသား ဖြစ်သွားခဲ့ရပါတယ်။ ဒီလိုဆိုရင် … တ ချစ်စကားတွေ တဖွဖွပြောပြီး ကျွန်မ ရဲ့ပါးကို နမ်းသွားခဲ့တာဟာ ပရိယာယ် မာယာတစ်ခုကို ပြုသွားခဲ့တာပဲပေါ့။ တကယ်တော့ သူဟာ ကျွန်မရဲ့ပန်းခြံ ထဲက ပန်းတွေလာခိုးတာကို မရိပ်မိ အောင် ကျွန်မကို ဟန်ဆောင်လှည့် ဖြားသွားခဲ့တာပေါ့။ ကျွန်မ အခုတော့ တောင်းကောင်းကြီး ဇာတ်ရည်လည် သွားခဲ့ရပါပြီ။ ရယ်ချင်သလိုလည်း ဖြစ် လာခဲ့ပါတယ်။

ကျွန်မ သူ့ခြံထဲက ထွက်လာခဲ့ ပြီး အိမ်အပြန်လမ်းမှာ နောက်နားက ခပ်သုတ်သုတ်လိုက်လာတဲ့ ခြေသံတစ် ခုကို ကြားလိုက်ရတယ်။ အဲဒီခြေသံနဲ့ အတူ -

"ဝေရေ… မောင့်ကို စိတ်ဆိုးနေ တုန်းပဲလားကွယ်။ မောင် အခု အရက် ဖြတ်လိုက်ပြီလေ။ ကျူးလွန်ခဲ့မိသမျှ မောင့်ရဲ့အပြစ်တွေကို ခွင့်လွှတ်ဖို့ မောင် အနူးအညွတ်တောင်းပန်ပါတယ် ဝေ ရယ်"

ကျွန်မဟာ မယုံကြည်နိုင်တဲ့ စကားတွေကြောင့် သူ့ကို တအံ့တဩ ငေးမောကြည့်နေမိပါတယ်။

"အံ့ဩသွားသလား ဝေ။ မောင် အခုလို အရက်ဖြတ်သွားခဲ့ရတာဟာ တကယ်တော့ ဟောဒီသစ္စာရှင် ဇနီး ကောင်းဇနီးမြတ်ကလေး ဝေရဲ့ ကျေးဇူး ကြောင့်ပါပဲကွယ်။ ဦးအောင်သန်း ဝေ့နဲ့ လာတွေ့တဲ့ညက မောင်ဟာ အိမ်ရဲ့ အနောက်ဘက်ဘေးအခွေယ် စတိုခန်း ထဲမှာ ရှိနေခဲ့တယ်။ ဝေနဲ့မောင် ရန်ဖြစ် ပြီးတဲ့နောက် အဲဒီနေ့ခင်းမှာ မောင်ဟာ မူးမူးနဲ့ ဒဂုံမြို့သစ်က မောင်တို့ရဲ့ အိမ် ကလေးဆီကို ထွက်လာခဲ့တယ်။ စတို သော့ပဲ မောင့်မှာပါလာတော့ အဲဒီ အခန်းကိုပဲဖွင့်ဝင်ပြီး အထဲမှာ ခွေအိပ် နေခဲ့မိတယ်။ နိုးလာတော့ စတိုထဲမှာ မောင်သိမ်းထားခဲ့တဲ့ ရမ်ပုလင်းကိုဖွင့်ပြီး ထပ်သောက်တယ်။ အဲဒီနောက် စတို ခန်းက အထဲကသော့ပိတ်ပြီး မူးမူးနဲ့ အိပ်ပျော်သွားခဲ့တာ ဘယ်လောက်ကြာ သွားတယ်မသိဘူး။ အမူးပြေပြီးနိုးလာ တော့ အိမ်ထဲမှာ စကားပြောသံတွေ ကြားရတာကြောင့် အံ့ဩသွားမိတယ်။

နောက်တော့ အခြေအနေမှန်ကိုသဘော ပေါက်သွားပြီး ဘာတွေဆက်ဖြစ်မလဲဆို တာ သိရအောင် ငြိမ်ပြီး နားထောင်နေ မိခဲ့တယ်လေ။ အဲဒီလို နားထောင်နေမိခဲ့ တာကြောင့်လည်း မောင့်ဇနီးချောလေး ဝေဟာ မောင့်အပေါ် ဘယ်လောက် သစ္စာရှိသလဲဆိုတာ သိခဲ့ရတာပေါ့။ ဒီလို အဖိုးတန် ဇနီးတစ်ယောက် ရထားပါ လျက်နဲ့ တန်ဖိုးမထားခဲ့မိတဲ့ မောင်ဟာ ဘယ်လောက်မိုက်မဲသလဲလို့ သံဝေဂရမိ တာနဲ့အတူ နောင်ကို ဝေစိတ်ဆင်းရဲ အောင် ဘယ်တော့မှမလုပ်ဖို့ ဆုံးဖြတ် လိုက်မိတော့တယ်။ နောက်တစ်နေ့ မနက်အစောကြီး ဝေ အိပ်မောကျနေ တုန်း မောင်ဟာ စတိုခန်းထဲကနေ အသာလေးထွက်ပြီး အိမ်ကိုပြန်သွား ခဲ့တယ်။ စိတ္တဇဆေးရုံကိုသွားပြီး ဆရာ ဝန်တွေနဲ့ ပြတယ်။ အရက်ဖြတ်ဖို့ ကုသ မှုခံယူတယ်။ အရက်အလွန်အကျွံမစွဲ သေးတဲ့မောင်ဟာ အမြင်လှနှာအနေ နဲ့ပဲ အကုသခံပြီး အရက်ဖြတ်နိုင်ခဲ့ရ တယ်။ ဒါကြောင့် ဝေ့ဆီကို ဒီကနေ့ လိုက်လာနိုင်ခဲ့တာပါ။ မောင်နဲ့ပြန်လိုက် ခဲ့ပြီး ရာသက်ပန် စိတ်ချမ်းချမ်းသာသာ နေပါတော့ ဝေရယ်"

ကျွန်မ မောင့်ကို ဘာပြန်ပြောရ မှန်းတောင် မသိတော့ပါဘူး။ မျက်လုံး အိမ်ထဲက မျက်ရည်တွေသာ ပါးပြင် ပေါ်ကို တစ်ပေါက်ချင်း စီးကျလာတယ်။ အဲဒီမျက်ရည်တွေကို မောင်က တယု တယ သုတ်ပေးနေပြန်တော့ ကျွန်မရဲ့ ရင်ထဲမှာလေ ရင်ထဲမှာလေ…။

မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)

www.burmeseclassic.com



## ပြည်တွင်းပြည်ပ

# ဝိညာဉ်လောက ယုံကြည်ချက်များ

လှတိုး(စိတ်ပညာ)

**အမှတ်ရမိသော ထိုစာအုပ်**

စာရေးသူသည် ဝိညာဉ်လောက ယုံကြည်ချက်များ အတွက် ခေါင်းပါးတစ်ပုဒ်ရေးမည်ဟု စာရေးစားပွဲတွင် ထိုင်ရင်း အတွေးထုတ်စဉ် စာရေးစားပွဲပေါ်၌ရှိနေသော စာအုပ်တစ်အုပ်ကိုတွေ့၍ ကောက်ကိုင်ကြည့်မိလိုက်သည်။ စာအုပ်အမည်က အသူရကာယ်ပြည်သို့ ရောက်ခဲ့သူနှင့် အံ့ဩဘနန်းဖြစ်ရပ်ဆန်းများစာအုပ်။ စီစဉ်သူ တိုးတက်တဲ့။ ခြေသံ...စာရေးသူကိုယ်တိုင် စီစဉ်ထုတ်ဝေခဲ့သည့် ၁၉၉၉ ဇန်နဝါရီလက ဒုတိယအကြိမ်ထုတ် စာအုပ်ပါလား။ ထိုစာအုပ်ကို ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလက ပထမအကြိမ် ထုတ်ခဲ့သည်။ ဂုဏ်ထူးစာပေမှ ထုတ်ခဲ့ခြင်းဖြစ်သည်။ စာရေးသူကိုယ်တိုင် ရန်အောင်စာပေထုတ်ဝေရေးကို ၁၉၉၈ တွင် လုပ်သောအခါ ယင်းစာအုပ်ကို ဒုတိယအကြိမ် ပြန်ထုတ်ခဲ့ခြင်းဖြစ်သည်။

၁၉၉၈ ခုနှစ်သည် မိမိ၏ဘဝ၌ တစ်ဆစ်ချိုးပြောင်းလဲစေခဲ့သောနှစ်ဟု ဆိုရပေမည်။ နှစ်ပေါင်း ၂၀ ကျော်ကြာ နိုင်ငံ့ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့သော လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီးရုံးအဖွဲ့မှ မိမိသဘောဆန္ဒဖြင့် နုတ်ထွက်ခဲ့သောကာလ။ ထိုစဉ်ကာလက ကျွန်တော်သည် ရုံးဌာနတွင်လုပ်ရင်း တစ်ဖက်က စာပေပိုးဝင်ကာ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များတွင် စာပေများ ရေးသားပြုစုနေသောကာလ။ ကျွန်တော် စီစဉ်ရေးသားပြုစုသော စာအုပ်သုံးအုပ်ခန့်ကိုလည်း ဂုဏ်ထူးစာပေက စတင်ထုတ်ဝေခဲ့သော အချိန်ကာလ။ တစ်ဖန် ၁၉၉၇ ခုနှစ်တွင် ကွယ်လွန်သူ စာရေးဆရာကြီး ဦးရန်အောင် နှစ်နှစ်မြောက် အထိမ်းအမှတ်အဖြစ် စာရေးဆရာကြီး ဦးရန်အောင် အလွမ်းပြေစာအုပ်ကို စီစဉ်ထုတ်ဝေခဲ့ရာမှ ရန်အောင်စာပေ ထုတ်ဝေရေးလုပ်ငန်းကို စတင်လုပ်ကိုင်ဖြစ်ခဲ့သောကာလ။ သည်လိုဖြစ်ရပ်တွေနှင့် တိုက်ဆိုင်ပြီး ပြည်သူ့ဝန်ထမ်းဘဝမှ နုတ်ထွက်ကာ စာပေလောကထဲသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

ကျွန်တော်သည် မိမိစီစဉ်ထုတ်ဝေခဲ့သည့် အဆိုပါ အသူရကာယ်ပြည်သို့ ရောက်ခဲ့သူစာအုပ်ကို လှန်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com

သော် မာတိကာအဖွင့်တွင် စီစဉ်သူ ကျွန်တော်၏ အမှာစာကို ဤသို့ဖတ်ရလေသည်။

**အမှာစာ**

ဤစာအုပ် စီစဉ်သူသည် လူဝင်စားနှင့် စိတ်ဝိညာဉ် ဖြစ်ရပ်ဆန်းများနှင့် တမလွန်နှင့်အံ့ဖွယ်ကိုယ်တွေ့ ဖြစ်ရပ်များ စာအုပ်နှစ်အုပ်ကို ပြုစုထုတ်ဝေခဲ့ပြီးပါပြီ။ ယခုစာအုပ်မှာလည်း ထိုစာအုပ်များကဲ့သို့ပင် အံ့ဖွယ်သုတရသများကို စီစဉ်တင်ဆက်ထားပါသည်။ ဤစာအုပ်ပါ ဖြစ်ရပ်ဆန်းကြယ်ကဏ္ဍတွင် သေရွာပုဂ္ဂိုလ်၏ အံ့ဩဘနန်းဖြစ်ရပ်ဆန်း အတွေ့တွေ့ကိုလည်းကောင်း။ ဝိညာဉ်လောက ကဏ္ဍ၌ တစ္ဆေသရဲ ကိုယ်တွေ့ကြုံသူများ၏ ခံစားချက်တို့ကိုလည်းကောင်း။ လူဝင်စားကဏ္ဍတွင် ဆရာတော်ကြီး အရှင်သေဋ္ဌိလ၏ လူဝင်စား ပြဿနာဟောကြားချက်ကိုလည်းကောင်း။ ပရိတ်ဂုဏ်တော် ကဏ္ဍတွင် မြန်မာလူမျိုးတို့၏ ရှေးအစဉ်အဆက်ကတည်းက ရွတ်ဖတ်သရဇ္ဈာယ်လေ့ရှိခဲ့သော ဂါထာ၊ မန္တန်နှင့် ပရိတ်တရားတော်များ၏ အံ့မခန်းတန်ခိုးအကြောင်းကိုလည်းကောင်း။ သံဝေဂအခန်းတွင် ဝဏ္ဏကျော်ထင် ဒေါက်တာဦးမြင့်ဆွေ၏ ကိုယ်တွေ့ဝိပဿနာအကျိုးကိုလည်းကောင်း တင်ပြထားရာ ဤစာအုပ်ပါ သုတ၊ ရသ ဆောင်းပါးစုတို့ကို ဖတ်ရှု၍ စာဖတ်သူတို့တွင် အကျိုးကျေးဇူးတစ်စုံတစ်ရာ ရရှိနိုင်ပါကြောင်း ဖော်ပြထားပါသည်။

**အဖိုးတန်စာအုပ်**

အမှာစာပြီးလျှင် စာအုပ်အဖွင့်၌ စာရေးဆရာကြီးရန်အောင်က အဖိုးတန်စာအုပ်ဟူသော ခေါင်းစဉ်ဖြင့် ကျွန်တော့်စာအုပ်အား စာဖတ်သူများနှင့် မိတ်ဆက်ထားချေသေး၏။

**အဖိုးတန်စာအုပ်**

- ကောင်းနိုးရာရာမှန်သမျှ
မကျန်ရကုန်စင်။
သိရှိမှ အကျိုးထင်မည်၊
အရိုးအစဉ်မှတ်စွဲ။
တိုးထက်က ရေးစီရင်
အံ့ဖွယ်ပင် ထူးပေလွန်ကဲ။
- မှတ်ဖွယ်ပင်၊
သိစေချင်တာနဲ၊
အံ့ဖွယ်တွေပိုကဲလို့၊
အမြဲပ သိရန်။
စိတ်နယ်လွန်ဖြစ်ရပ်ဆန်း။
အံ့မခန်းတွေ့ရဖန်ဖန်။ ။
- ထူးဆိုမှထူးပြန်၊
အံ့ဖွယ်လွန်ကြောင်းရာများကိုလ၊
ထူးထူးခြား ရေးစီမံ၊
ထုတ်သည့်စာသဝဏ်။
ဖတ်မိမှ အကျိုးလွန်မည်၊
အဖိုးတန်စာအုပ်ကွယ့်လေး။ ။

ရန်အောင်

**ဆရာတော်ဘုရားကြီးများ၏ပုံတော်များ**

ဆရာရန်အောင်၏ အဖွင့်ကဗျာပြီးလျှင် ဆရာတော်ဘုရားကြီးများ၏ ပုံတော်များကို ဖော်ပြထားသည်။ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး ဆရာတော် ဘဒ္ဒန္တသေဋ္ဌိလာဘိဝံသနှင့် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးများ၏ ပုံတော်များဖြစ်ကြသည်။ ဤစာရေးသူသည် မင်းကွန်းဆရာတော် ဘုရားကြီးဆို၍ ထိုစာအုပ်ပါ ပထမအကြိမ် အကျွတ်အလွတ်နှင့် အတွေ့အကြုံများ ဆောင်းပါးရေးသားသူ ဆရာမကြီးဒေါ်မြတ်မွန် (လူမှုဝန်ထမ်း ညွှန်ကြားရေးမှူးအငြိမ်းစား)ကို သွားသတိရမိပါသည်။

**အမေ ဆရာမကြီးဒေါ်မြတ်မွန်**

ဆရာမကြီးကား ယခုအခါ ကွယ်လွန်ခဲ့သည်မှာကြာပါပြီ။ သို့သော် ဆရာမကြီး၏ ဆောင်းပါးကလေးကား ကျွန်တော်၏စာအုပ်တွင် တင်ကျန်လျက်ရှိနေပါသည်။ ဆရာမကြီး ဒေါ်မြတ်မွန် ဦးဆောင်ကျင်းပသော ပထမအကြိမ် အကျွတ်

www.burmeseclassic.com

အလွှတ်ဒါနပြုပွဲကို ၂၅-၁၀-ဂ၀၊ ၁၃၄၂ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် စနေနေ့နံနက် ၇း၃၀ နာရီတွင် ရန်ကုန်တိုင်း ကမာရွတ်မြို့နယ်၊ ကြံတောသုသာန်ဇရပ်တွင် ကျင်းပခဲ့ပါသည်။

အဆိုပါ အကျွတ်အလွှတ်ဒါနပြုပွဲသို့ ကြွရောက်ချီးမြှင့်တော်မူသော ဆရာတော်ကြီးများမှာ အဘိဓဇမဟာရဋ္ဌဂုရုတိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ (မင်းကွန်းဆရာတော်)အပါအဝင် ဆရာတော်ကြီး ကိုးပါးတို့ဖြစ်ပါသည်။ ဆရာတော်ကြီး ဦးစိတ္တသည် အလှူပွဲကို ဦးဆောင်ကာ ကျင်းပသွားသည်။

ဆရာတော်ကြီးကိုယ်တိုင် သီလပေးခြင်း၊ တရားရေအေးတိုက်ကျွေးခြင်း၊ အလှူရေစက်ချပေးခြင်းများကို ဦးဆောင်ပေးသွားသည်။ မှတ်သားဖွယ် အောင်မြင်လေးနက်သော အသံပြဒါနှင့် ပြည့်စုံလှစွာသော ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ အသံတော်သည် အလှူဇရပ်အတွင်းဝယ် ကြည်ညိုဖွယ် လွှမ်းမိုးလျက်ရှိနေပါတော့သည်။

ဆရာမကြီး ဒေါ်မြတ်မွန်သည် ရေစက်ခွက်ကိုကိုင်ရင်း "သက်ဆိုင်သူတို့ လာမှလာကြပါမည်လား၊ အမျှမှ ရယူနိုင်ကြပါမည်လား" ဟု တွေးနေမိသည်။ လာမည်ဟုလည်း ယုံကြည်သည်။ ရှိနေကြမည်ဟုလည်း သိနေသည်။ သို့ရာတွင် ကိုယ်တိုင်မမြင်ရ၍ မကျေနပ်နိုင်ဘဲ စိတ်ပူမိခြင်းဖြစ်ပါသည်။

မကြာပါချေ၊ သူတို့ရောက်ရှိပါကြောင်း၊ သိရှိကြကြောင်း သူတို့စွမ်းသမျှ အသိပေးကြပါသည်။ ဖြစ်ပုံမှာ -

## သူတို့ရောက်ကြရှာပါသည်

ရေစက်ချပြီး အားလုံးကြားကြားသမျှ အမျှ အမျှ အမျှဟု ဆရာတော်ဘုရားကြီးက ဦးဆောင်၍ ပရိသတ်အားလုံးက သုံးကြိမ်အမျှပေးဝေကြရသည်။ တစ်ကြိမ် အမျှပေးဝေပြီးတိုင်းလည်း သာဓုသုံးကြိမ်ခေါ်ကြရပါသည်။ ယုံကြည်မှုအပြည့်ဖြင့် အကျွတ်အလွှတ်ဒါနပြုပွဲသို့ ပါဝင်ရောက်ရှိကြသူ ပရိသတ်ကြီးသည် ရင်တွင်းမှဖြစ်ပေါ်လာသော မေတ္တာဖြင့် တိုက်ဇရပ်ကြီးအတွင်းမှ သုသာန်တစ်ခွင်လုံးကြားအောင် လိုက်လံ၍ဟစ်-အမျှပေးဝေကြပါသည်။ သုံးကြိမ်အမျှပေးဝေပြီးသည်နှင့် တစ်ပြိုင်နက် ကြိုတင်ချိန်းချက်ထားသည့်အတိုင်း ခိုးပါးလှသော အပုပ်နံ့ကြီးသည် ဇရပ်နေရာပိုင်း စည်းသားထားသော သူတို့နေရာမှစ၍ ထွက်လာသည်ကို လူတိုင်း သတိထားမိနေပါတော့သည်။ ဤတွင် သူတို့ရောက်ရှိနေကြသည်ကို အားလုံးသိသွားရပါတော့သည်။

ထိုခဏတွင် ဆရာမကြီး အမေဒေါ်မြတ်မွန်၏ ရင်တွင်းဝယ် ဝမ်းသာကြည်နူးမှုနှင့် ဝမ်းနည်းကြေကွဲမှုကို ပြိုင်တူခံစားမိပါတော့သည်။ ဝမ်းသာကြည်နူးမှုမှာ သူတို့တစ်တွေ ရောက်ရှိနေကြောင်း အလှူရှင်များ သိရှိရခြင်းဖြစ်ပြီး ဝမ်းနည်းခြင်းမှာ သူတို့၏ဘဝကို သနားမိခြင်းဖြစ်ပါသည်။ သူတို့တွေသည် ခွေပောင်းမျိုးပောင်းတို့ကို မြင်နေကြရပါလိမ့်မည်။ သူတို့ ယခု အမျှအတန်းဝေပွဲသို့လည်း ရောက်ရှိလာကြောင်းကို သိရှိစေလိုကြပါလိမ့်မည်။ အကုသိုလ်ကံဆိုးကြောင့် အရုပ်ဆိုးလှသော သူတို့ရုပ်ကိုလည်း မမြင်စေလိုမပြလိုကြ။ ကံမတူသဖြင့် သာမန်လူတို့ကလည်း မမြင်နိုင်ကြ။ သူတို့ရောက်ရှိကြောင်း သိစေလိုသောခများများမှာ သူတို့ပိုင် အနံ့ဆိုးကို လွှင့်ထုတ်ပေးကြခြင်းသာ ဖြစ်ပါလိမ့်မည်။ သနားဖွယ်ကောင်းလှသော သူတို့ဘဝကို တွေးမိရင်း ဝမ်းနည်းကြေကွဲမိပါတော့သည်ဟု အမေဒေါ်မြတ်မွန်က ရေးသားဖော်ပြလေသည်။

လွန်ခဲ့သော နှစ်ပေါင်း ၃၆ နှစ်က ပထမအကြိမ် အကျွတ်အလွှတ်ဒါနပြုပွဲကို ဦးဆောင်ကျင်းပခဲ့သော လူမှုဝန်ထမ်းဗွာနမှ အငြိမ်းစား အမေဆရာမကြီး ဒေါ်မြတ်မွန် ကောင်းရာသုဂတိလားပါစေ။

စာရေးသူသည် လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်က ဆရာမကြီးဒေါ်မြတ်မွန်နေထိုင်ရာ ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်ဘုရားအနီးနေအိမ်သို့ မကြာခဏ ရောက်ရှိခဲ့ပြီး ယခု မကြာခင်က ဆရာမကြီး၏အိမ်နေရာသို့ ရောက်သွားသည်တွင် ယခင်က ပျဉ်ထောင်အိမ်ကလေး မဟုတ်တော့ဘဲ ကွန်ဒိုတိုက်ခန်းကြီးများက နေရာယူထားပေပြီ။ ခေတ်နှင့်အမီ တိုးတက်ပြောင်းလဲခြင်းများက အံ့ဩဖွယ်ကောင်းလေစွ။

လှတိုး(စိတ်ပညာ)



www.burmeseclassic.com

www.burmeseclassic.com

# ဘ၀အမောစင်မယ့် လှေတော တစ်ခွင် ဟာသများ

ဦးကောင်းထူး

### ရာရှင်ပေးတဲ့အတိုင်းပဲ

နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပါပြီ။

ထိုသို့သော ကြာမြင့်ခဲ့သည့် တစ်ခုသောကာလ၌ လှေတောရွာ အနောက်ပိုင်းအား ဓားပြဝင်တိုက်သွားခဲ့သည်။ ထိုသတင်းသည် နောက်တစ်ရက်တွင် လှေတောရွာ လက်ဖက်ရည်ဆိုင်၊ အကြော်ဆိုင်တို့၌ ထိပ်တန်းသတင်းတစ်ပုဒ် ဖြစ်သွားခဲ့၏။

ဟိုနေရာမှာလည်း ဓားပြတိုက်သွားသည့်သတင်း၊ သည့်နေရာမှာလည်း ဓားပြတိုက်သွားသည့်သတင်း။

"ဓားပြတွေက အင်အားမနည်းဘူးတဲ့မောင် ...။ မသကာ ဆယ်ယောက်အောက်လျော့မယ်မထင်ဘူး"

"ဒါပေမယ့်ကွာ ... နောက်ဆုံးတော့ တို့လှေတောသားတွေ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ပြန်လည်တိုက်ပွဲဝင်လိုက်တော့ မင့်ဓားပြတွေ ဘာခံနိုင်မှာလဲ၊ လက်နက်ပစ်ပြီး ကိုယ်လွတ်ရုန်းပြေးတဲ့သူကပြေး၊ မပြေးနိုင်လို့ ဝိုင်းအခုတ်ခံရသူက ခံရနဲ့"

ဤတွင် စစ်သားလူထွက် လှေတောသားတစ်ဦး ပြောလိုက်သည်ကား –

"ဟာလိုလေ၊ ... ဓားပြတွေကို ရွာသားတွေ တစ်ယောက်တစ်လက် ဝင်ခုတ်ကြတာများ အတုံးတုံး အတစ်တစ်နဲ့ ဓားပြသားအတုံးတွေများ စစ်တပ်ထဲ ရာရှင်ပေးတဲ့အတိုင်းပဲ"

ဟူသတည်း။

### ပိုးမစားဘူးဆိုသော်လည်း

ခနီများ တင်ဆောင်လာသော ကားတစ်စီးသည် လှေတောရွာသို့ဝင်လာပြီး အိမ်တစ်အိမ်ရှေ့၌ ထိုးရပ်လိုက်လေ၏။ ထိုအခါ အိမ်ထဲ၌ လှေတောသူမိန်းမကြီးတစ်ဦးထွက်လာပြီး–

"သည်တစ်ခါခနီတွေက ကောင်းရဲ့လား"

"ကောင်းလိုက်တာမှ ဒေါ်ကြီးရယ် ... ပြောဖို့တောင်မလိုပါဘူး။ ရေငန်ဝနေတာမို့ ပိုးစားမှာ မပူရဘူး။ တစ်ခါမိုးထားရင် ငါးနှစ်လောက်ကပြန်လို့တောင် လှည့်မကြည့်နဲ့၊ ခွေးကို မခွေးဘူး"

"တော်စမ်းပါဟယ် ... ဟုတ်မှလည်း ပြောပါ"

"အပိုမပြောပါဘူး ဒေါ်ကြီးရယ်။ ဒေါ်ကြီးရဲ့အိမ်ကို ကျွန်တော့်ခနီတွေ မိုးသာထားစမ်းပါ၊ အထုမြူမှုံး ပြုတ်ကျတာတောင် ပေါက်မသွားဘူး"

"အလိုလေ ... အပြောကတော့ ကောင်းမှကောင်း။ မနှစ်ကသိပ်ကောင်း တယ်လို့ပြောတဲ့ မင်းရဲ့ခနီတွေလေ မိုးတောင်မှ မမိုးရသေးဘူး။ ပုံထားတာ၊ နှလွန်းလို့-ဆိတ်တွေစားသွားတာ ခနီတံတွေပဲကျန်တော့တယ်"

"ဟောဗျာ ..."

### စိတ္တမာလာတောင် ပြုံးလိမ့်မယ်

လှေတောသူတစ်ယောက် ကျပ်ညပ်လွန်းလှသော ရထားကိုစီးမိသဖြင့် အကြီးအကျယ် စိတ်ညစ်ရပုံကို လက်ဖက်ရည်ကြမ်းဝိုင်း၌ ဖောက်သည်ချနေ၏။

"ငါ့နှယ်အေ ... သက်တမ်းတစ်လျှောက်လုံး သည်ရထားတစ်ခေါက်စီးမိပါမှ ငါးပါးကို မှောက်တော့တာပါပဲအေ ..."

"ဘယ်လိုများ တွေ့ကြုံခဲ့ရလို့လဲ အရီးရဲ့ ... လုပ်စမ်းပါဦး"

"ဖြစ်ပုံများတော့ ပြောမပြောချင်ပေါင်အေ။ ရထားတစ်စင်းလုံးဆိုတာ အပ်ချစရာတောင် မရှိဘူး။ သေးပေါက်ချင်တာတောင် ပေါက်လို့မရ။ မှောင်ခိုတွေကလည်း အိမ်သာကို အိမ်လုပ်ထားတာကလား။ သူတို့မှ နံနံစော်



www.burmeseclassic.com

www.burmeseclassic.com

စော်ကို မရှုံ့မရှာတော်။ အချင်းချင်း ရန်ဖြစ်တာကလည်း ကုလားသိုက်ထဲ ကျားဝင်ကိုက်သလိုပဲ။ ခေါင်မိုးပေါ်မှာ ကလည်း တစ်အုပ်တစ်မကြီး။ ငှါနှယ့် ရထားပေါ်က ခုန်ချလို့များရရင် ခုန်ချ ပြီး ကုန်းကြောင်းတောင်ဆင်းလျှောက် ချင်စိတ် ပေါက်လာတယ်။ ဒုက္ခကြီးပုံ များ အငီစိငရဲမှာ စိဋ္ဌမာဏငရဲခံရတာ ငှါအဖြစ်ကိုများ တွေ့မြင်ရရင် ပြုံးများ ပြုံးမလားဘဲ''

ဩော် . . . လုတောသူတို့များ နိူင်းစရာရှားလို့။

**အထင်တော် မသေးလိုက်ကြပါနဲ့**

လုတောနှင့်ပတ်သက်၍ ကလေး တွေဆိုပြီး အထင်သေး၍ မဖြစ်ပါချေ။

လုတောရွာမှ လုတောဖခင်၊ လု တောမိခင်တို့မှ ဆင်းသက်ပြီး လု တောမြေမှာနေ လုတောရေကို သောက် ကြကုန်သော ကလေးများမှာလည်း လုတော၏ ဗီဇသွေးတွေက အပြည့် အဝ စိမ့်ဝှင်နေလေသည်။ သူတို့တွေး ခေါ် ထင်မြင်ပြောဆိုသမျှသည် လူ ကြီးတွေထက် မကျော်လျှင်သာ ရှိ ကောင်းရှိမည်။ လူကြီးတွေနှင့် တန်း တူအဆင့်လောက်ပင် ရှိပါသည်။ လူ ကြီးတွေပြောဆိုနေကြသော လုတော လေလောက်ကိုတော့ ပျင်းတောင်ပျင်း သေးတယ်ဟုဆိုကာ ထကြပါလိမ့် မည်။

တစ်နေ့သ၌ လုတောရွာ၌တည် ဆောက်ထားသော ဆေးပေးခန်းရှိရာ သို့ မြို့ပြမှ လူကြီးများ ကြည့်ရှုရန် ရောက်ချလာရာ ရွာခံလူကြီးများက လိုက်လံပို့ဆောင်ပေးကြလေ၏။ ထို အခါတွင် ကလေးမင်းများကလည်း 'နေသာသပ လေညာက'ဟု မခံယူ ဘဲ 'ငါတို့ရွာက ဆေးခန်းကိစ္စ ငါတို့နဲ့ လည်း ပတ်သက်သဟ'ဟူသော စိတ် ဓာတ်ဖြင့် ကလေးမင်းအချင်းချင်း လွှက်တို့မနေရဘဲ လူကြီးတွေနှင့် မလှမ်းမကမ်းနေ၍ မသိမသာ လိုက် ပါလာကြလေ၏။

ဆေးခန်းသို့ရောက်သော်. တာ ဝန်ရှိလူကြီးတွေက ဆေးခန်းအား လိုက်လံကြည့်ရှုကြလေ၏။

ဤတွင် ကလေးမင်းများမှ တစ် စခန်းထကြလေပြီ။

''ဟာလိုလေး . . . လေး . . . ဆေးခန်းသာဆိုတယ်၊ ဆေးရုံကြီးနဲ့ ဘာခြားလို့လဲ။ နာဋ္ဌာဂီရိဆင်နဲ့ သူ့ ဘော်ဒါတွေ မှူးယစ်သောက်စားပြီး ရှေ့ကျွမ်း၊ နောက်ကျွမ်း ထိုးလို့တောင် ရသပေါ့''

ဤသို့ ကလေးမင်းတစ်ယောက် က စ,ထောင်သည့်ရှိသော် ကျန်တစ် ယောက်ကလည်း မနေပြီ။ လူကြီးတွေ နား အရောက်ကြားအောင် စကား ပေါက်ပေါက်ဖောက်ပါလေပြီ။

''အေးကွ . . . ဒါပေမယ့် ဆေး ခန်းကသာ ကျယ်ချင်တိုင်းကျယ်နေ တာပါကွာ . . . ဆေးဆိုလို့ လျက်ဆား တစ်ဖုံတောင် ရှိတာမဟုတ်ပါဘူး''

လူကြီးတွေ နားစွင့်ကြလေပြီ။

ကျန်သည့် ကလေးမင်းတစ် ယောက်ကလည်း ခေသူမဟုတ် ကြောင်း စကားသက်သေပြပါလေပြီ။

''ဆေးအတွက်တော့ မပူပါနဲ့ ကွာ၊ သမားတော်ကြီးဖိုးကကို လက် ဖက်ရည်ဖိုးပေးပြီး ဆေးမြစ်သွားတူး ခိုင်းနေပါပြီ''

လူကြီးတွေ ခေါင်းထောင်လာ ကြပြီ။

နောက်ကလေးမင်းတစ်ယောက် ကလည်း 'ငါကွ' ဟူသောမာန်ဖြင့်–

''ဒါတင်ဘာကဦးမှာလဲကွာ။ ဒီ ဆေးခန်းမှာ အမှုထမ်းမယ့် ဆရာဝန် တောင် ခုဆိုမူကြိုကျောင်းကို တက် နေပြီကွ'' . . . တဲ့။

ဤတွင် လုတောရွာလူကြီးများ လည်း ဧည့်သည်တော်တို့အား မျက် နှာပူသည့်အတွက် ကလေးမင်းတို့ အား မောင်းထုတ်လိုက်ရလေသတည်း။

**မယားငယ်ကို လစာပေးတဲ့အတိုင်း**

တစ်ခေတ်တစ်ခါက ပွဲလမ်း သဘင်များ၌ ဘေးပတ်ပတ်လည်တွင် ရှိုင်ပတ်ကြီးများ ကာရံပြီး ပိတ်ကား ထောင်ရုပ်ရှင်ကို သက်သာသော ငွေ ကြေးနှုန်းထားနှင့် ပြသလေ့ရှိသည်။

ယခုလည်း လုတောရွာနှင့် မနီး မဝေးရှိ ရွာဘုရားပွဲတွင် သုံးကားပေါင်း မိုးအလင်း ပိတ်ကားထောင်ရုပ်ရှင်ကို အဆက်ပါအတိုင်းလာ၍ ပြသသည်။ ဇာတ်ကားတွေက လုတောသားများ အကြိုက်။ မင်းသားခင်မောင်ဖင်နှင့် ကြည်ကြည်ဌေးတို့ပါဝင်သည့် မဟော သဓာ၊ ပြီးတော့ ပြည်တော်ချစ် ဇာတ် ကြမ်းမင်းသားကြီး ရွှေဘ၏ဇာတ်ကား က နှစ်ကားတိတိ။ သျှောင်ကြီးဖွေ မောင်မောင်ရွှေနှင့် 'တောကဖိုးရှုပ်'ဆို သည့် ဇာတ်ကား။ သည်တော့ ရွာခံ များသာမက လုတောသားရုပ်ရှင်ဝါ သနာအိုးများပါလာရောက် အားပေး ဆိုတော့ ရုံပြည့်ရုံလျှံ။



www.burmeseclassic.com

www.burmeseclassic.com

သို့ရာတွင် အဆိုပါ ဇာတ်ကား ထုပ်(ဖလင်)များမှာ ဘယ့်ကလောက် ထောင် ဖန်တစ်ရာတေအောင် ပြခဲ့ လေသည်မသိ။ ငါးမိနစ်လောက်ပြရ သေး … ထောက်ဆို ဖလင်က ပြတ် သွားသည်။ ပြန်ဆက်တာက ဆယ် မိနစ်လောက် ကြာသည်။

ဖလင်ပြတ်သည့်အခါ မီးကိုပြန် ဖွင့်တာ ဖလင်ဆက်ရသည်။ ဆက်ပြီး ပြီဆိုတော့မှ တစ်ရုံလုံး မီးပြန်မှိတ်ကာ ပြန်ပြရသည်။ ထိုသို့ ခဏခဏ ပြတ် လိုက်၊ ဆက်လိုက် လုပ်နေလေရာ လူတောသားတစ်ဦးမှာ သည်းမခံနိုင် တော့။ ထို့ကြောင့် –

"ဟမလေးလေး … ရွှေဘ တားကြည့်ချင်လို့လာခဲ့ပ ရုပ်ရှင်ရယ်၊ ခင့်ဟာက နည်းနည်းပြလိုက်၊ ပြတ် သွားလိုက်၊ ပြန်ဆက်ပြီး နည်းနည်း လေးပြန်ပြလိုက်နဲ့ မယားငယ်ကို လစာ ပေးတဲ့ အတိုင်းဖါပဲလား။

ဟူ၍ အော်ဟစ် ညည်းတွား လိုက်လေ၏။

## ကျုပ်မယားသာ ဆိုပါလျှင်

လူတောသားတစ်ယောက်သည် ငွေစကြေးစလေး ပိုလျှံသဖြင့် နွားမ ပေါက်ကလေးတစ်ကောင်အား သင့် တင့်သောဈေးဖြင့် ဝယ်ကာ နွားခြံ တွင်း၌ သီးသန့်ထားမွေးမြူလေ၏။

နွားမပေါက်ကလေးက ထိပ် ပြောက်အဖြူ၊ တစ်ကိုယ်လုံး အမွေးနီနီ ဖြင့် ကြည့်ရှု၍ကောင်းလှသည်။ ထို့ ကြောင့်လည်း ဖြတ်သွားဖြတ်လာများ က နွားမပေါက်ကလေးကို မြင်လျှင် ခြေရောက်ပွတ်သပ်ကာ ချီးမွမ်းခန်းဖွင့် လေ၏။ နွားမကလေးကား အယု အယကို နှစ်သက်သည်ထင့်။ မည်သူ ပဲ ပွတ်သပ်ပွတ်သပ် မျက်လုံးကလေး မှေးစင်းကာ ငြိမ်သက်နေလေ့ရှိစမြဲ။

"တော်ကွ် … ချောလိုက်တဲ့ နွားမကလေးကွာ။ မျက်လုံးကလေး တွေဆိုရင် အနော်ဝတတ် ရေအိုင် အတိုင်းပဲ။ ကြည်လဲ့နေလိုက်တာ"

ဟူ၍ ခရီးသွားဟန်လွဲ ချီးမွမ်းသူ ရှိသလို ရေနွေးကြမ်းသောက်ရင်း လည်း –

"ဟာ … ကိုရင့်နွားမကလေး လှချက်ကတော့ဗျာ … နွားလား ဥသဖတို့နဲ့မှ လိုက်ဖက်မယ့်အလှ"

ဟုပြောဆိုရင်း ပွတ်သပ်ပေးပြန် ၏။ နွားမကလေးလည်း မှိန်းနေ၏။

ဤတွင် နွားရှင်လည်း မနေသာ တော့။

"ဟလိုလေး … နွားမဖြစ်လို့ ဖေ့ါကွာ၊ ကျုပ်မယားသာဆိုရင် အပြော ကောင်း၊ အယုယကောင်းတဲ့ လင် ငယ်နောက် လိုက်သွားတာကြာပြီ"

ဟူ၍ ဟောဟောဒိုင်းဒိုင်းကြီး ပြောချလိုက်လေသတည်း။

## ဖားဗိုကြီးလိုပါပဲလား

လူတောရွာသား ဝက်ကုန်သည် ဦးခွန်းထစ်တစ်ယောက် သူ့တူ မောင်ပိန်နှင့်အတူ မန္တလေးဘုရားဖူး ထွက်ခဲ့၏။ မန္တလေး၌ ရွာခံ ဦးပဥ္စင်း တစ်ပါး၏ ကျောင်း၌ တည်းခိုခဲ့၏။ နှစ်ပတ်ခန့်ထိတည်းခိုပြီး ပြန်မည်ပြု သော် ခင်မင်မှုသံယောဇဉ်ကြောင့် ဦးပဥ္စင်းခဗျာ ပုထုဇဉ်ရဟန်းပီပီ မျက် နှာမကောင်းတော့။

ဤတွင် ဦးခွန်းထစ်ခဗျာမှာ လည်း မျက်နှာကြီးနီရဲလာပြီး ရှိုက်သံ တသဲ့သဲ့ဖြင့် ဝက်ကြီးအီသလိုမျိုး ငိုပါ လေတော့၏။ ထိုမြင်ကွင်းကို ကြည့်၍ စိတ်မသက်မသာဖြစ်ရသူမှာ သူ့တူ တော်မောင် မောင်ပိန်ပင် ဖြစ်ချေ၏။

"ဦးလေးရာ … ငိုမှဖြင့်လည်း ပြောင်ဖွင့်ပြီး ငိုချလိုက်ပါလား။ ခုတော့ ဦးလေးဟာက ဗိုက်ကြီးက ပြားချပ် သွားလိုက်၊ ပြီးတော့ ဖောင်းကားလာ လိုက်နဲ့၊ ဦးလေးကိုကြည့်ရတာ ပန်းထိမ် ဆိုင်က ဖားဖိုကြီးအတိုင်း … ပိန် လိုက်ဖားလိုက်နဲ့ မြင်ရသူ စိတ်မသက် သာတော့ဘူးဗျာ"

ထိုစကားကိုကြားရတော့ ဦးပဥ္စင်း ခဗျာလည်း မျက်နှာညိုနေရာမှာ ပြန် လည် ကြည့်ရွှင်သွားလေသတည်း။

## လူရိုင်းတွေကို ခေါ်သွားချင်တယ်

လူတောသားတစ်ယောက် ရန် ကုန်သို့ရောက်ခိုက် မိတ်ဆွေရန်ကုန် သားက သမ္မတရုံ၌တင်နေသော လူ ရိုင်းဇာတ်ကားကို ပြသရန် ခေါ်သွား လေ၏။

ရုပ်ရှင်ရုံသို့ရောက်သော် ဦးစွာ ရုံ တင်ပိုစတာကြီးကို ငေးမော့ကြည့်ရှု ကြလေ၏။ ရန်ကုန်သားက –

"တော်တော်ကြမ်းတဲ့ကားဗျ။ ရုံတင်တာနဲ့ကြုံလို့ ကြည့်ခွင့်ရတာ။ သည်ကားထဲမှာ သွေးသံရဲရဲနဲ့ အသတ်အဖြတ်တွေက တင်းကြမ်းပဲ။ မြားပစ်တာ၊ လှံပစ်တာများ တကယ် ကို လက်ဖြောင့်တာ"

ဟူ၍ ဇာတ်ကားကောင်း ကြောင်း ချီးမွမ်းခန်းဖွင့်၏။



www.burmeseclassic.com

www.burmeseclassic.com

ဤတွင် လှတောသားလည်း –

"အလိုလေး ‥ လေး၊ အဲသည် ဗိုလ်ကလူရိုင်းတွေ ကျုပ်တို့ဆီခေါ်လို့ ရရင် ခေါ်သွားချင်သဗျာ။ ဟိုရောက်တာနဲ့ သူတို့ကို အမဲလိုက်နိုင်းရင် ကျုပ်တို့လှတောတစ်ရွာလုံး ဟင်းစားဘယ်တော့မှ မပြတ်တော့ဘူး"

ဟု ဆိုလိုက်လေသတည်း။

## ဒေဝဒတ်ရဲ့ ငယ်ထိပ်

လှတောတစ်ရွာလုံးသည် တောင်ယာစပါးစိုက်ခြင်း၊ မွေးမြူခြင်း၊ ဥယျာဉ်ခြံမြေစိုက်ပျိုးခြင်း၊ ကုန်ရောင်းကုန်ဝယ်ပြုခြင်းတို့ဖြင့် ဝမ်းစာရှာဖွေကြသကဲ့သို့ အချို့သောမိန်းမတို့မှာလည်း ကိုယ့်အုပ်စုနှင့် ကိုယ်အဖွဲ့များဖွဲ့လျက် ဝက်မြေဥတူး ထွက်လေ့ရှိကြ၏။

ဝက်မြေဥကို နေပူပူအောက် မြေကြီးခဲအမာကြီးများအား သံတူရွင်းနှင့်လှန်ပြီး တူးယူရခြင်းဖြစ်ပေသည်။ ဝက်မြေဥများ မြေစာဥနှင့်မတူပေ။ မုန်ညင်းဥနှင့်မူ ပုံသဏ္ဌာန်ချင်း တူပေသည်။ ဝက်မြေစာဥကို တူးရသည်က ဇာကယ်တမ်းကျတော့ လွယ်ကူသောအလုပ်မဟုတ်။

တူးသူတွေအဖို့ နေပူရှိန်အောက်၌ ကိုယ်ကာယအားအင်ကို လွန်စွာစိုက်ထုတ်ရသည်မို့ ချွေးတို့ တဒီးဒီးကျရသည်။

သို့သော် စိတ်ပျက်သွားသည် မရှိပေ။

ဝက်မြေစာဥ တူးရင်းမှာပင် ရောက်တတ်ရာရာ ပါးစပ်ထဲတွေ့ရာ သီချင်းတွေကို အော်ကြီးဟစ်ကျယ်သီဆိုကြသည်။ တစ်ယောက်အတင်းကို တစ်ယောက်ချ၍ ရယ်လားမောလား တဟားဟား ဖြစ်နေကြသည်။ သူ့စရိုက်၊ သူ့ဘာသာ၊ သူ့ဓလေ့နှင့် သူတော့ ဟုတ်နေသားပါပဲလား။

ထိုသို့ မနက်ခင်းမှာ တောင်းပလုံး၊ သံတူရွင်းနှင့်ဓားကွ ထမင်းထုပ်၊ ရေဘူးတို့ကိုဆောင်လျက် အိမ်မှထွက်၊ ညနေ့နေဝင်ခါနီးမှပင် အလုပ်သိမ်းကြရတော့သည်။ သူဘယ်လောက်ရသည်၊ ကိုယ်ဘယ်လောက်ရသည်ကို မေးမြန်း စပ်စုကြသည်။

"ဟဲ့ …အေးကြည်မ၊ နင်ဘယ်လောက်ရသလဲ"

ကာလသမီးခေါင်း ခင်နှင်းက မေးတော့ အေးကြည်မက –

"ဆယ်ပြည်သာသာတော့ ရလိမ့်မယ်ထင်တာပဲ အစ်မခင်နှင်းရယ်"

ဟုဖြေသည်။ သူမကို မေးတော့

"ထင်သလောက်မရပါဘူး အစ်မရယ်။ မသကာရှိလှ သုံးလေးပြည်ပေါ့"

ဟုဖြေ၏။

"ဟဲ့ …နက်နက်တူးပြီး နှိုက်ရတယ်ဟဲ့။ ဒါမှ ရမှာပေါ့။ ကေသွ …ညည်းအပေါ်ယံတိမ်တိမ်ကလေးပဲ ရှပ်တူးလို့ အရနည်းတာ"

ဤတွင် ဘုမလည်း–

"အလိုလေး …လေး အစ်မရယ်၊ နက်နက်တူးရမှန်းသိလို့ နက်နက်တူးပြီးမှ နှိုက်တာပါတော်။ ဘယ်လောက်တောင် နက်အောင်တူးသလဲဆိုတော့ တူရွင်းထိပ်ဖျားက အဝီစိတောင်ရောက်သွားတယ်၊ ကျွန်မလည်းကုန်းပြီးနှိုက်လိုက်တာ အလိုလေးတော် …ဒေဝဒတ်ငယ်ထိပ်ကိုတောင် သွားစမ်းမိပါသေးရဲ့"

ဟူ၍ ပြောချလိုက်ရာ လှတောသူမအုပ်စု တစ်အုပ်စုလုံး ဝါးခနဲပွဲကျသွားပါလေတော့သတည်း။

## အဝတ်ပတ်ထားတဲ့ အာပြခြောက်

လှတောသူတစ်သိုက် ရန်ကုန်မြို့ ကုန်တိုက်ကြီးကို ဝင်ရောက်လေ့လာကြည့်ရှုစဉ် ‥ ကြုံတုန်းကြုံခိုက် မော်ဒယ် ရှိုးပွဲနှင့်ကြုံသဖြင့် ဗဟုသုတအလို့ငှာ ငေးမောကြည့်ရှုနေမိကြလေ၏။

အတန်ကြာကြည့်ရှုပြီး ကုန်တိုက်မှပြန်အထွက်တွင် တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုနေကြလေ၏။

"အမယ်လေး …လေး၊ မော်ဒယ်ရှိုးဆိုလို့ ဘာများလဲဆိုပြီး အထူးအဆန်းအနေနဲ့ ကြည့်မိပါသတော်။ ငါတို့ လှတောက ဖိုးဆောင်းသမီး မိကြွက်ကမှ အပုံကြီးသာပါသေး"

"ဟုတ်ပါရဲ့ …မော်ဒယ်လျှောက်တဲ့သူတွေများ ဘယ်လောက်တောင် အစာရေစာတွေ ငတ်ပြတ်နေရှာလဲ မသိပါဘူး။ ငါ့မျက်စိထဲမှာတော့ အာပြခြောက်တွေကို အဝတ်တွေပတ်ထားသလိုပဲ"၊

နံဘေးရှိ လူများ ထိုစကားကို ကြားရလေသော် ပြုံးစေ့စေ့ဖြစ်ကုန်ကြလေ၏။

**ဦးကောင်းထူး**



www.burmeseclassic.com

www.burmeseclassic.com

# ရေသည်ရှယ်သည်မှာ

## ဒေါ်မမှုစာရှိ(သမီးပဂျိအောင်စိုး)

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် အလှူပေးခြင်းကို သတ်မြတ်နိုးတတ်ကြပြီ ကုသိုလ်ကောင်းမှုကို အမြဲပြုလုပ်ကြသော၊ အလှူရေစက် လက်နှင့်မကွာ လှူဒါန်းနေကြသော လူမျိုးများဖြစ်ပါသည်။ ဗုဒ္ဓဘာသာကိုးကွယ်သော တိုင်းရင်းသားလူမျိုးစုများကလည်း အလှူအတန်းဝါသနာပါတတ်ကြပါသည်။ တိုင်းရင်းသား လူမျိုးစုတစ်စုဖြစ်သော ရှမ်းတိုင်းရင်းသားများတွင် စကားပုံပင်ရှိပါသေးသည်။ "တစ်မူးရလို့ တစ်ပဲလှူ တို့ရှမ်းတောင်သူ လှူနိုင်ရိုးလား"ဟူ၍ ဖြစ်ပါသည်။ အလှူလှူရာတွင် နည်း၍မလှူချင်၊ များ၍မလှူနိုင်သေးဟု စိတ်ထားမနေဘဲ လှူဒါန်းနိုင်သရွေ့ လှူဒါန်းရမှာဖြစ်ပါသည်။ ကုသိုလ်ကောင်းမှုသည်ကား နောင်ဘဝအတွက် အထုပ်ထုပ်နေကြခြင်းပင် ဖြစ်ပါသည်။

"ညောင်ပင်ကြီးလောက် လှူသော်လည်း ညောင်စေ့လောက်သာ ရတတ်ပြီး ညောင်စေ့လောက်လှူသော်လည်း ညောင်ပင်ကြီးလောက် ရတတ်သည်"ဟူသော စကားပုံအရ စိတ်ထားမထားတတ်လျှင် ငွေကြေးအမြောက်အများ အကုန်ခံ၍ လှူသော်လည်း အကျိုးပေးနည်းတတ်ပါသည်။ စိတ်ထားကောင်းလျှင် မိမိတတ်နိုင်သမျှ အလှူလှူရခြင်းကြောင့် အကျိုးများစွာ ခံစားရတတ်သော ဘုရားဟောတရားတော်များလည်း ရှိသည်မဟုတ်ပါလား။ အဓိကမှာ စိတ်ထားကောင်းဖို့သာ ဖြစ်ပါသည်။

အလှူလှူရာတွင် မည်သို့သော အလှူမျိုးကိုလှူလှူ စိတ်ထားကောင်းကောင်းဖြင့် လှူဒါန်းကြသော အလှူရှင်များ၏ အကျိုးပေးကောင်းစွာ ရရှိတတ်ကြရာ အလှူအမျိုးမျိုးမှာလည်း အောက်ပါအတိုင်း ရှိပါသည်။

၁။ အစားအသောက် ပေးလှူခြင်းအလှူ။

၂။ မော်တော်ယဉ်အလှူ၊ နေရာထိုင်ခင်းပေးခြင်း အလှူ၊ ထီး၊ ဖိနပ်၊ ကား၊ ရထား၊ သင်္ဘော၊ လေယာဉ်ပျံ စသည်များ ပေးလှူခြင်းအလှူ။

၃။ အဝတ်အထည်လှူခြင်းအလှူ။

၄။ အလင်းအလှူပေးခြင်းအလှူ။

၅။ ဇရပ်၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဆောက်လုပ်လှူဒါန်းခြင်းအလှူ။

၆။ တရားအလှူ လှူဒါန်းခြင်းအလှူ စသည်တို့ဖြစ်ပါသည်။

ဤအလှူများကို လှူဒါန်း၍ အကျိုးသက်ရောက်ပုံများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ အစားအသောက်ပေးလှူသူသည် ခွန်အားကို လှူရာရောက်ပါသည်။ ထို့ကြောင့် မိမိမှာ ခွန်အားဗလကြီးမား တတ်ပါသည်။

၂။ အဝတ်အထည်ကို လှူသူသည် ရုပ်ရည်အဆင်းကို လှူရာရောက်သောကြောင့် မိမိမှာ ရုပ်ရည်ချောမောလှပ ပါမည်။

၃။ မော်တော်ယာဉ်ကို ဆရာတော်ကြီးများအား ချမ်းသာကြွယ်ဝသူများက လှူဒါန်းကြခြင်း၊ ရဟန်းသံဃာများအား ထီး၊ ဖိနပ် လှူဒါန်းကြခြင်း၊ မော်တော်ကားစီးသွားသောအခါ နေရာမှထ၍ ရဟန်း၊ သီလရှင်၊ သက်ကြီးရွယ်အိုများအား ထိုင်ခိုင်းခြင်း၊ မော်တော်ကား၊ မီးရထား၊ သင်္ဘော၊ လေယာဉ်ပျံ လှူဒါန်းခြင်းများသည် ချမ်းသာသုခကို လှူရာရောက်၍ မိမိမှာလည်း ချမ်းသာသုခဖြင့် ပြည့်စုံတတ်ပါသည်။

၄။ အလင်းရောင်လှူသူသည် စေတီတော်အား လျှပ်စစ်မီးထွန်းရန် ငွေလှူဒါန်းခြင်း၊ ဆီမီးဖယောင်းတိုင် လှူဒါန်းပူဇော်ခြင်းတို့ကြောင့် မျက်စိကိုလှူရာရောက်၍ မိမိမှာလည်း မျက်စိနှစ်ကွင်း အလင်းတတ်များကို ကြည်လင်စွာ ခံစားရတတ်ပါသည်။

၅။ ဇရပ်၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဆောက်လုပ်



www.burmeseclassic.com

www.burmeseclassic.com

လှူဒါန်းသောသူသည် အလုံးစုံကို လှူဒါန်းရာရောက်သောကြောင့် မိမိမှာ နေရာထိုင်ခင်း ကောင်းမွန်စွာဖြင့် နေထိုင်ရတတ်ပါသည်။

၆။ တရားအလှူလှူဒါန်းသူသည် အမြတ်ဆုံးဖြစ်သည်ဟု ဆိုထားသောကြောင့် တရားဓမ္မအားထုတ်ရာနေရာ၊ အဆောက်အအုံလှူဒါန်းကြသော ပုဂ္ဂိုလ်များသည် တရားအလှူရော၊ ကျောင်းအလှူပါ နှစ်မျိုးစလုံး လှူဒါန်းရာရောက်သဖြင့် အကောင်းဆုံး အမြတ်ဆုံးဟူ၍ ယုံကြည်သဒ္ဓါပွားများကာ လှူဒါန်းနိုင်ကြလျှင် နောင်ဘဝအတွက် စိတ်အေးချမ်းသာစရာများ ရရှိနိုင်ကြပါသည်။

မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက ကျောင်းလှူရကျိုး ရှစ်မျိုးဟု ကဗျာလင်္ကာစပ်၍ အောက်ပါအတိုင်း ရေးသားထားပါသည်။

**ကျောင်းလှူရကျိုး ရှစ်မျိုး**

ရွှေဘုံပေါ်ပေါက်၊ ထိတ်ကြောက်လန့်ကင်း၊ ဘေးရန်ရှင်း၏၊ ကြောက်ခြင်းယကွ၊ ပါပမမက်၊ ဘဝဆက်သိ၊ မြဲသတိသည်၊ ရရှိကျောင်းလှူ အကျိုးရှစ်မျိုးတည်း။

*မဟာဝိသုဒ္ဓါရုံဆရာတော်*

အဓိပ္ပာယ်မှာ မိမိ ယခုဘဝမှ ကွယ်လွန်ခဲ့သည်ရှိသော် စိတ်စေတနာသုံးတန်ဖြင့် အလှူပေးရာတွင် ဖြူစင်စွာလှူဒါန်းခဲ့လျှင် လူပြည်၊ နတ်ပြည်တို့၌သာ ကျင်လည်ရပြီး ရွှေအုံရွှေနန်းဖြင့် နတ်ပြည်တွင် နေထိုင်ရတတ်ပါသည်။ လူပြည်တွင်လည်း စိတ်က တောင့်တသည့်အတိုင်း အဆောက်အအုံကို ရတတ်ပါသည်။ ဖြစ်ရာဘဝတွင် ကြက်သီးထမှု၊ တုန်လှုပ်ချောက်ချားမှု၊ ကြောက်လန့်မှုများ ကင်းရှင်းပါမည်။ ဘေးအပေါင်း ရန်အပေါင်းမှလည်း ကင်းဝေးတတ်ပါသည်။

သားရဲတိရစ္ဆာန်၊ ဖုတ်၊ ပြိတ္တာ၊ အဆိပ်ပြင်းသော သတ္တဝါ ဘီလူး၊ ကုမ္ဘာန်ယက္ခတ် စသော ဖန်ဆင်းတတ်သော ရန်သူတို့ ဘေးမှလည်း ကင်းဝေးလွတ်မြောက်တတ်ပါသည်။ အိပ်မက်ဆိုးများလည်း မမက်တတ်ပါ။ သတိမမေ့မလျော့တော့ဘဲ သတိကောင်းတတ်ပါသည်။ ရူးသွပ်မှု မရှိတတ်ပါ။ အရဟတ္တဖိုလ်ကို ရရှိနိုင်သည်ဟု ဆိုထားပါသည်။

နေရာအနှံ့အပြား လှည့်လည်၍ ပစ္စည်းလေးပါး လှူဒါန်းနေကြသော အလှူရှင်များကို ဆရာလေး တွေ့ရှိခဲ့ရ၍ [illegible]လှူရှင်များအား သန်လျင်မြို့ သောက်တော်ကွင်းရပ်ကွက်နံ့သာကုန်း(၃)လမ်းတွင် တည်ရှိသော "ရွှေနံ့သာ ပရိယတ္တိမိုးကုတ်ဓမ္မရိပ်သာကျောင်း"တွင် တရားဝင် တရားအားထုတ်လျက်ရှိသော ယောဂီဦးရေ များပြားသော အခါကာလတွင် နေထိုင်ရန် နေရာအခက်အခဲ ရှိပါသောကြောင့် ရွှေနံ့သာဆရာတော် နေထိုင်သီတင်းသုံးရန်ကျောင်းနှင့် သံဃာတော်များ၊ ယောဂီများယောဂီများနေထိုင်ရန် အဆောက်အအုံကို တိုးချဲ့ဆောက်လုပ်ရန်အတွက် အောက်ပါအတိုင်း လှူဒါန်းနိုင်ကြကြောင်းကို သိရှိစေရန် ရေးသားဖော်ပြလိုက်ရပါသည်။

- အသစ်ဆောက်လုပ်မည့် ကျောင်းဆောင်ပုံစံနှင့် လှူဒါန်းနိုင်သော ငွေကြေးပမာဏများကို ရေးသားဖော်ပြအပ်ပါသည်။ အဆောက်အဦးအတိုင်းအတာမှာ ၁၀ ပေပတ်လည် အခန်း ၂၀ = ၁၀ ပေ × ၂၀ = ၂၀၀ ပေပတ်လည်။ လှူဒါန်းနိုင်သော ငွေကြေးပမာဏမှာ နည်းများမဆို တစ်ဦးတည်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း လှူဒါန်းနိုင်ပါသည်။

(၁) ဘေးအုတ်နံရံအကာ ၁၀ ပေ အခန်းတစ်ခန်းလျှင် ၅ သိန်းကျပ်ဖြင့် အခန်း ၂၀ စာ။ (၂) ကြမ်းခင်း ၁၀ ပေပတ်လည်တစ်ခန်းလျှင် ၃ သိန်းကျပ်ဖြင့် ၁၂ ခန်းစာ။ (၃) အမိုး တစ်ခန်းလျှင် ၁၀ သိန်းကျပ် ဖြစ်ပါသည်။

ရွှေနံ့သာဆရာတော် ဘဒ္ဒန္တ[illegible]သည် (အဂ္ဂမဟာကမ္မဋ္ဌာနစရိယ)ဘွဲ့ကို ရရှိထားကာ ပြည်တွင်းပြည်ပ သာသနာပြု နယ်လှည့်ဓမ္မကထိက ဆရာတော်တစ်ပါးဖြစ်ပြီး ဤရွှေနံ့သာဓမ္မရိပ်သာ တရားစခန်းကို လွန်ခဲ့သော ၂၄ နှစ်၊ ၁၃၅၄ ခုနှစ်မှစ၍ ဖွင့်လှစ်ခဲ့ပြီး ယောဂီများ တရားအားထုတ်နိုင်ခဲ့ပါသည်။ ဤရိပ်သာသို့ သန်လျင်မှ ဓမ္မမိတ်ဆွေများသာမက ရန်ကုန်မှပင် လာရောက်တရားအားထုတ်ကြပါသည်။ ရန်ကုန်မှ ဒကာ၊ ဒကာမများ၏ ကိုးကွယ်မှုကိုလည်း ရရှိခဲ့ပါသည်။

ထို့ကြောင့် စာရေးသူ ရည်ရွယ်သည်မှာ ရပ်ဝေးရပ်နီးမှ ဓမ္မမိတ်ဆွေများ လာရောက်၍ တရားဝင်၊ တရားအားထုတ်ကြရန်၊ အလှူရေစက် လက်နှင့်မကွာ လှူဒါန်းလိုကြသော အလှူရှင်များကိုလည်း ကျောင်းဒကာ၊ ဒကာမများဖြစ်စေရန် ဆန္ဒဖြင့် ရေးသားလိုက်ပါသည်။

ဒေါ်မွှေစာရီ(သပိတ်ပေါက်ကျိုးအောင်နိုင်)



www.burmeseclassic.com


www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စိတာမြင့်ဦး



www.burmeseclassic.com

www.burmeseclassic.com

# ဝိညာဉ်လိပ်ပြာ ဝေဒနာသည်

မိတ္တာမြဦး

တစ်နေ့ည သန်းခေါင်ကျော်ခန့်တွင် အိမ်ရှေ့ဧည့်ခန်းရှိ တယ်လီဖုန်း မြည်လာသည်။

"ကလင် ဂရင် ကလင် ဂရင်"

ကျွန်ုပ် စကားပြောခွက်ကိုကောက်ကိုင်လိုက်သည်။

"ဟဲလို"

"ဆရာ ကျွန်တော် ထောင်မှူးဆန်းထွန်းပါ။ တာဝန်မှူးပါ"

"အေး . . .ပြော ကိုဆန်းထွန်း ဘာဖြစ်လဲ"

"ကျွန်တော် စောစောက ထောင်ထဲ တစ်ပတ်ပတ်ပြီး ညကင်းတွေစစ်ပြီး ပြန်လာတော့ အမျိုးသမီးဆောင်ထဲက ကြောက်လန့်တကြားအော်လိုက်သံ ကြားလိုက်ရတယ်။ ဒါနဲ့ ညတာဝန်ကျတဲ့ တပ်ကြပ်ခေါ်ပြုံးကို လှမ်းမေးကြည့်တော့ အကျဉ်းသူမဖြူပြာ အော်တာတဲ့ဆရာ"

"ဘာလို့ အော်တာတဲ့လဲ"

"သရဲတွေလို့တဲ့ဆရာ"

"ဘာ . . .သရဲတွေ့တယ် ဟုတ်လား"

"ဟုတ်ကဲ့ဆရာ"

"အင်း . . .ခင်ဗျားတို့ထောင်က ကျုပ်ပြောင်းလာတာဖြင့် နှစ်ပတ်တောင် မပြည့်သေးဘူး။ မဟုတ်တာနဲ့စပြီထင်တယ်။ နေပါဦး အဲဒီအကျဉ်းသူ ဘယ်နားမှာ ဘယ်လိုတွေ့တာတဲ့လဲ"

"အဲဒါတော့ ကျွန်တော်လည်း သေချာမသိရသေးဘူး။ ခေါ်ပြုံးပြောသလောက်နဲ့ ခာရာ့ဆီ သတင်းပို့လိုက်တာပါ။ ဒါဆို ကျွန်တော် တာဝန်ကြပ်ခေါ်ပြီး အမျိုးသမီးဆောင်ထဲ ဝင်စစ်လိုက်ရမလားဆရာ"

"နေဦး ကျုပ် အခုလာခဲ့မယ်"

အကျဉ်းထောင်တွင် ထောင်ပိတ်ပြီးနောက် ညအကာလအချိန်တွင် တံခါးဖွင့်ဝင်ရာ၌ အလွန်သတိထားရသည်။ အကွက်ချောင်းနေသော အကျဉ်းသားများရှိပါက တံခါးဖွင့်စဉ် အပြင်သို့ ရုတ်တရက် တွန်းထိုးထွက်ပြေးသွားနိုင်သည်။ အထူးသဖြင့် ဆန့်ကျင်ဘက်လိင်ဖြစ်သော အမျိုးသမီးဆောင်ထဲ ညဘက် ဝင်ရောက်ရလျှင် အထူးသတိထားရသည်။ ညအခါအချိန်ဖြစ်၍ မလိုလားအပ်သော ကိစ္စများ ဖြစ်ပေါ်လာနိုင်သည် မဟုတ်ပါလား။

"ကဲ . . .ခေါ်ပြုံး မဖြူပြာကို ခေါ်လာခဲ့ပါ"

ကျွန်ုပ် အမျိုးသမီးဆောင် ရုံးခန်းတွင်း ရောက်လာပြီးနောက် တပ်ကြပ်ခေါ်ပြုံးအား အကျဉ်းသူ မဖြူပြာဆိုသူကို ခေါ်ခိုင်းလိုက်သည်။ မဖြူပြာ အသက်နှစ်ဆယ်ခန့်ရှိ နဖူးကျဉ်းကျဉ်း နှာတံစင်းစင်းနှင့် ကုပ်ဝဲဆံပင်ကို ပခုံးနှစ်ဖက်ပေါ် လွှားတင်ထားသော မဖြူပြာဆိုသူ ရောက်လာ၏။

"သမီးက ဘာမှုဖြစ်လာတာလဲ ကွယ့်"

"မူးယစ်ဆေးဝါး သုံးစွဲမှုပါရှင်"

"ထောင် ဘယ်လောက်ကျလဲ"

"ငါးနှစ်ပါ"

"ထောင်ရောက်တာ ဘယ်လောက်ကြာပြီလဲ"

"တစ်နှစ်လောက် ရှိပါပြီဆရာ"

"အမှုက ဘယ်မှာဖြစ်တာလဲ"

"ပဲခူးမှာပါ"

"အဖြူပေါ့နော်"

"ဟုတ်ကဲ့ပါ ဆရာ"

"သုံးစွဲတယ်ဆိုတာ ဘယ်လိုသုံးတာလဲ။ စီးကရက်ထဲထည့်ပြီး ရှူတာလား။ ဖင်ဂျိုင်းသေးလား"

"တစ်ခါတစ်ရံ ဖင်ဂျိုင်းပါတယ်"

"အမှုတွဲ ဘယ်နှယောက်လဲ"

"လေးယောက်ပါဆရာ"

"မိန်းကလေး ဘယ်နှယောက်ပါလဲ"

"ကျွန်မ တစ်ယောက်တည်းပါ"

"ကျန်တဲ့ သုံးယောက်ကကော"

"တစ်ယောက်က ဒီထောင်ထဲမှာရှိတယ်။ ကျန်တဲ့နှစ်ယောက်က စိတ်ရောဂါကု ဆေးရုံမှာပါ"

"ဟုတ်လား ဘာဖြစ်လို့ စိတ်ရောဂါဆေးရုံ ရောက်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မတို့လေးယောက် မန်စ်က ပဲခူးဝိုင်းကနိုင်းက အိမ်တစ်အိမ်မှာ ဆေး သုံးနေတုန်း အဖမ်းခံလိုက်ရတယ်။ တရားရုံးမှာ အမှုရင်ဆိုင်လို့ သုံးလကျော် လောက်အကြာမှာ ကျွန်မတို့ထဲက ကိုထူးဆိုသူ စိတ်ကယောင်ချောက်ချား ဖြစ်လာတယ်။ သူ့မျက်စိထဲမှာ သရဲဖြူ ဖြူကြီးတစ်ကောင် သူ့နောက်က တကောက်ကောက် လိုက်နေတယ်တဲ့။ ညအိပ်နေတုန်း သရဲရောက်လာရင် အိပ် ရာက လန့်နိုးတယ်တဲ့။ တရားရုံးမှာ လည်း သူ့ရှေ့နေကမေးရင် အမှုနဲ့မဆိုင် တာတွေ အဓိပ္ပာယ်မရှိတာတွေလျှောက် ပြောတယ်။ တစ်ခါတလေ သီချင်း ထအော်ဆိုတယ်။ ကြာတော့ တရား သူကြီးက ဆရာဝန်နဲ့ခေါ်ပြပြီး စိတ် ရောဂါဆေးရုံကို ပို့လိုက်တာပါဆရာ"

"ဟုတ်လား။ ဒါနဲ့ နောက်တစ် ယောက်ကကော ဘယ်လိုဖြစ်တာလဲ ကွယ့်"

"သူကတော့ ကိုထူးလောက်မဆိုး ပေမယ့် ဘာမှ မည်မည်ရရမဖြေနိုင်ဘဲ ကြောင်တိကြောင်တောင် ဖြစ်နေတာနဲ့ တရားသူကြီးက အဲဒီဆေးရုံ ပို့လိုက် တာပါ"

မဖြူပြာစကားကြောင့် ကျွန်ုပ် တွေးမိသွားသည်။ အကျဉ်းထောင်သို့ မူး ယစ်ဆေးစါးမှုဖြင့် ရောက်လာသူအချို့ မှာ ဆေးထ၊ ဆေးကြောင်တတ်ကြပြီး အချို့မှာကား မဖြူပြာပြောသလို သရဲမြင် ၍ ညည ထအော်တတ်သည်များရှိ၏။

"ဒါနဲ့ စောစောက မဖြူပြာ ဘာ လို့ထအော်တာလဲ သရဲခြောက်လို့လား"

"သရဲခြောက်တာ မဟုတ်ပါဘူး။ ကျွန်မ သရဲကို ရိပ်ခနဲမြင်လိုက်ရလို့ပါ ဆရာ"

"ဘယ်လို ရိပ်ခနဲ မြင်လိုက်တာ လဲ"

"ည ၁၁ နာရီကျော်လောက်မှာ ကျွန်မ အိမ်သာသွားတော့ မီးလွှာချောင် နဲ့ မှလှမ်းမကမ်းမှာ ဖြူဖြူအရိပ်သဏ္ဌာန် တစ်ခု ရိပ်ခနဲမြင်လိုက်ရတယ်။ ကျွန်မ ကြောက်ကြောက်နဲ့ ကြည့်နေတုန်း ဆံပင်ဖားလျားချထားတဲ့ ထမီရင်လျားနဲ့ ပုပုဝဝ မိန်းမကြီးတစ်ယောက် တွေ့ လိုက်ရတယ်။ ကြည့်နေရင်း မီးလွှာ ထောင့်က အုတ်နံရံထဲ တိုးဝင်ပြီး ပျောက်သွားတယ်။ အဲဒီမှာ လန့်ပြီး တအားအော်လိုက်မိတာပါဆရာ"

"အရင်ကရော ဒါမျိုး ဘယ်နှခါ တွေ့ဖူးခဲ့လဲ"

"ဒါပထမဆုံးတွေ့ဖူးတာပါ ဆရာ"

ကျွန်ုပ်က အနီးရှိ ထောင်မှူး ဆန်းထွန်းနှင့် တပ်ကြပ်ဒေါ်ပြုံးတို့အား

"ခင်ဗျားတို့ကကော ဒီထောင်မှာ သရဲခြောက်တာ ကြားဖူးခဲ့လား"

"ကျွန်တော်ရောက်တာ တစ်နှစ် ရှိပါပြီ။ တစ်ခါမှ မကြားဖူးပါဘူး"

ထောင်မှူးဆန်းထွန်းက ပြော သည်။

"ကျွန်မ ဒီထောင်မှာ နှစ်နှစ် ကျော်နေပါပြီ။ သရဲခြောက်တာ တစ်ခါ မှ မကြားခဲ့ဖူးပါဘူးဆရာ"

တပ်ကြပ်ဒေါ်ပြုံးက ပြောသည်။

ကျွန်ုပ်အနေနှင့် ဤထောင်သို့ ရောက်လာသည်မှာ မကြာလှသေးသော် လည်း ယခင်က ဤထောင်တွင် သရဲ နှင့်ပတ်သက်၍ ကြားဖူးခဲ့မှုမရှိခြင်း၊ ယခု ထောင်မှူးဆန်းထွန်းနှင့် တပ်ကြပ် ဒေါ်ပြုံးတို့၏ပြောစကားအရလည်း သရဲ ကိစ္စမကြားဖူးခြင်းတို့ကို ပေါင်းစပ်သုံး သပ်ကြည့်ရာ မဖြူပြာမှာ မူးယစ်ဆေး ဝါး၏ ဘေးထွက်ဆိုးကျိုးကြောင့် အမြင် အာရုံချို့ယွင်းပြီး အထင်မှားအမြင်မှား ကာ သရဲတွေ့သည်ဟု ထင်နေကြောင်း သုံးသပ်မိပါသည်။

ထို့ကြောင့် မဖြူပြာအား ဂုဏ် တော်ပုတီးစိပ်ပါက စိတ်ငြိမ်ကာ စိတ် ဝေဒနာများ တစ်ဖြည်းဖြည်းပျောက် သွားမည်ဟု နှစ်သိမ့်အကြံပြုပြီး ပြန် လွှတ်လိုက်သည်။

သို့တစေ ကျွန်ုပ်အထင်နှင့် အမြင်ကား လွဲမှားခဲ့ပြီလားမသိ။ ထိုနေ့ မှ ရက်သတ္တတစ်ပတ်အတွင်း မဖြူပြာ ညသန်းခေါင်ကျော်များတွင် ထိတ်လန့် တကြားရအော်ဟစ်သံ သုံးကြိမ်ဖြစ်ပေါ် ခဲ့လေသည်။ စုံစမ်းကြည့်တော့ ပထမ နေ့ညကအတိုင်း ထမီရင်လျားနှင့် မိန်း မဖြူဖြူကြီး အုတ်နံရံကြား ဝင်ရောက် ပျောက်ကွယ်သွားသည်ချည်း ဖြစ်နေ လေသည်။

ထို့ကြောင့် နောက်တစ်နေ့တွင် ခရိုင်ဆရာဝန်ကြီးကို အကျဉ်းထောင်သို့ ပင့်ဖိတ်ကာ မဖြူပြာအား ပြသခဲ့သည်။ ဆရာဝန်ကြီးက အတန်ကြာအောင် စစ် ဆေးမေးမြန်းပြီးနောက် -

"ဒီမိန်းကလေးမှာ အမြင်အာရုံ အားလုံးကောင်းတယ်။ ဘာမှ ချို့ယွင်း တာမရှိဘူး။ ကျွန်တော့်စိတ်ထင် ဦးနှောက်နဲ့အာရုံကြော ဆရာဝန်နဲ့ ပြ ကြည့်ရင် ပိုကောင်းမယ်ထင်တယ်ဗျာ"

"အဲဒါက ရန်ကုန်မှာပဲရှိတာလေ ဆရာ။ ဒီမှာက နယ်မြို့လေးဆိုတော့"

"အဲဒါတော့ မပူနဲ့။ ရန်ကုန်က ဦးနှောက်နဲ့အာရုံကြော အထူးကုဆရာ ဝန်ကြီး ဒေါက်တာသန်းထွန်း မကြာခင် ဒီမြို့ကိုရောက်လာလိမ့်မယ်။ ဒီမြို့[illegible] သူ့ ဇာတိလေ။ ပြီးတော့ ကျွန်[illegible]သွယ်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တည်းဖြစ်တယ်။ သူ မကြာခင် ခွင့်ပြန်လာမယ်ကြားတယ်။ သူလာရင် ကျွန်တော် ခေါ်လာခဲ့မယ်"

"ကျေးဇူးပါပဲဆရာ"

အချိန် တစ်ပတ်ခန့်အကြာတွင် အထူးကုဆရာဝန်ကြီး ရောက်ရှိလာသည်။ မဖြူပြာအား ပြသကြည့်သည်။ ဆရာဝန်ကြီးက အချိန်အတော်ကြာအောင် စစ်ဆေးမေးမြန်းပြီးနောက် -

"အင်း . . . ထောင်ပိုင်ကြီးထင်သလို မဖြူပြာမှာ အမြင်အာရုံ ဘာမှမဖြစ်သလို မြင်လွှာနဲ့ သူငယ်အိမ်တွေလည်း အားလုံး ပုံမှန်အတိုင်းပါပဲ။ ပြီးတော့ ဦးနှောက်နဲ့ အာရုံကြောတွေမှာလည်း ဘာမှထူးခြားတာ မတွေ့ရဘူး။ ဒါပေမယ့် မဖြူပြာကတော့ ထဘီရင်လျားနဲ့ မိန်းမကြီးကို သူကိုယ်တိုင်သေချာမြင်ရတယ်ချည်း ပြောနေတယ်ဗျ"

"ဟုတ်ကဲ့ဆရာ"

"ကျွန်တော့်အနေနဲ့ နာနာဘာဝတို့ ဘာတို့ကို ကိုယ်တွေ့ကြုံဖူးတာ မရှိတော့ သိပ်တော့ မယုံချင်ဘူးပေါ့ဗျာ။ ဒါပေမယ့် ဆေးရုံမှာ လူနာတွေပြောတာ မကြာခဏ ကြားကြားနေရတော့လည်း မယုံလို့မရပြန်ဘူးဗျ။ အဲဒါကြောင့် ကျွန်တော် တစ်ခုမေးချင်တာက ဒီမိန်းမထောင်မှာ အကျဉ်းသူတွေ ဘာတွေ ကွက်တရက်သေဆုံးပြီး မကျွတ်မလွတ်ဖြစ်နေတာမျိုးများ ရှိခဲ့သလားလို့ပါ"

"အဲဒါတော့ ကျွန်တော်လည်း ရောက်တာမကြာသေးတော့ ခဏလေးဆရာ"

ကျွန်ုပ်က တစ်ကြိမ်ခေါ်ပြုံးအား ခေါ်မေးကြည့်ရာ ဒေါ်ပြုံးက -

"ကျွန်မလည်း အဲဒါတော့ မသိဘူး ဒါပေမယ့် လူသတ်မှုနဲ့ ထောင်ဆယ်နှစ်ကျနေတဲ့ မသူဇာများ သိမလား မသိဘူးဆရာ"

ထို့ကြောင့် ဆရာဝန်ကြီးရှေ့သို့ အကျဉ်းသူမသူဇာအား ခေါ်မေးကြည့်ရာ

"ဟုတ်ကဲ့ / လွန်ခဲ့တဲ့ လေးနှစ်လောက်က ထင်ပါရဲ့ ဒေါ်ပုမဆိုတဲ့ အကျဉ်းသူတစ်ယောက် ရှိခဲ့ဖူးတယ်။ သူက နှလုံးရောဂါသည်ဖြစ်ပြီး ပုလို့ဆိုပြီး အမြဲလိုလို အင်္ကျီမကပ်နိုင်ဘဲ ထဘီရင်လျားနဲ့ နေတတ်တယ်။ တစ်နေ့ မူးလဲပြီး သတိမရတော့လို့ ဆရာဝန်ခေါ်ရတယ်။ ဆရာဝန်ရောက်တော့ အသက်မရှိတော့ဘူးတဲ့ဆရာ။ ဆရာဝန်က ရုတ်တရက် နှလုံးတိုက်ခိုက်ခံရတာလို့ ပြောတယ်"

"အဲဒီ ဒေါ်ပုမဆိုတာ ဘယ်လိုပုံသဏ္ဍာန်လဲဗျ"

ဆရာဝန်ကြီးက မေးသည်။

"အသက်ငါးဆယ်လောက် ပုပုဝဝပဲဆရာ"

"ဒါဆို အဲဒီဒေါ်ပုမက မကျွတ်မလွတ်ဖြစ်ပြီး လူတွေကို ခြောက်လှန့်တာမျိုး ကြားဖူးလား"

"ဟင့်အင်း အဲလိုတော့ တစ်ခါမှ မကြားဖူးဘူးရှင့်။ ဒါပေမယ့် . . ."

"ဒါပေမယ့် ဘာဖြစ်လဲ"

"အခု မဖြူပြာ ညညမြင်နေရတယ်ဆိုတဲ့ သရဲဖြူကြီးက အဲဒီဒေါ်ပုမနဲ့ အရမ်းတူနေသလားလို့ပါ"

ဆရာဝန်ကြီးက လက်ဖျောက်တစ်ချက်တီးကာ ကျွန်ုပ်အား -

"ဟုတ်ပြီဆရာ"

"ဟုတ်ကဲ့"

"ကျွန်တော်ထင်တာ ပြောရရင် မဖြူပြာက ဒေါ်ပုမကို တကယ်မြင်တာများ ဖြစ်နေမလားဘဲ"

"ဗျာ"

ကျွန်ုပ် အလွန်အံ့အားသင့်သွားမိသည်။ ဆရာဝန်ကြီးက -

"ဒီလိုဗျ။ မဖြူပြာမှာ တစ်ခါတစ်ရံ နာနာဘာဝကိုမြင်တွေ့နိုင်တဲ့ စူပါပါဝါ(Super Power)တစ်ခု ထူးထူးခြားခြား ဖြစ်ပေါ်နေတယ်ထင်ပါရဲ့ ထောင်ပိုင်ကြီး"

"ဟုတ်လား ဒါက ဘယ်လိုလုပ်ပြီး"

"အဲဒါက များသောအားဖြင့် မူးယစ်ဆေးဝါးရဲ့ ဒဏ်ချက်ကြောင့် အာရုံကြောကတစ်ဆင့် အတွင်းစိတ်အလွှာကို ထိခိုက်ပြီး သာမန်မျက်စိနဲ့ မမြင်နိုင်တဲ့ဝိညာဉ်လိပ်ပြာတွေကို မြင်နိုင်တဲ့ စိတ်နယ်လွန် ဝေဒနာမျိုးဖြစ်တတ်တယ်ဗျ"

"ဟုတ်လား။ ဒါဆို ဒီဝေဒနာ ပျောက်အောင် ဘယ်လိုလုပ်ရမလဲ"

"အဲဒါက ဆေးရုံမှာ အချိန်ယူကုသရလိမ့်မယ်။ ကျွန်တော် ဒီကပြန်တာနဲ့ ဆေးရုံအုပ်ကြီးဆီ တင်ပြပြီး ထောင်ပိုင်ကြီးဆီ တရားဝင်စာထုတ်ပေးပါ့မယ်။ ထောင်ပိုင်ကြီးက အထက်ခွင့်ပြုမိန့်ရတာနဲ့ မဖြူပြာကို ကျွန်တော်တို့ဆေးရုံကို ပို့ပေးပါ"

နောက်ထပ် ရက်သတ္တနှစ်ပတ်ခန့်အကြာတွင် သာမန်လူတို့မမြင်နိုင်သော နာနာဘာဝကိုပင် မြင်တွေ့နိုင်သည်ဆိုသော စိတ်နယ်လွန်ဝေဒနာရှင် မဖြူပြာအား အထက်ဌာန၏ ခွင့်ပြုမိန့်တောင်းခံပြီး လုံလောက်သော ရဲအစောင့်အရှောက်ဖြင့် ရန်ကုန်မြို့ရှိ စိတ်ရောဂါအထူးကုဆေးရုံကြီးသို့ ပြောင်းရွှေ့ပို့ပေးလိုက်ရပါတော့သည်။

ဝိတာမြဦး

www.burmeseclassic.com



# ရင်ထဲက ဆူး

□ အောင်ကျော်ညို(ဆင်ချဆိပ်)

"အဲဒီဆရာကြီး ရင်ထဲမှာ ဆူးတစ်ချောင်းအမြဲရှိနေတယ်" ပညာတန်ဆောင်မဂ္ဂဇင်းတိုက်သို့ရောက်စဉ် အကြောင်းတိုက်ဆိုင်၍ ကြားခဲ့ရသည့် ဆရာကြီးတစ်ဦး၏ မှတ်ချက်ပြုစကား။ "ကိုကိုးကျွန်းမှာ နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ပြီးမှ အထက်တန်းကျောင်းအုပ်နဲ့ ရန်ကုန်ရောက်လာတယ်။ မိုးရာသီ ကျောင်းအဝင်လမ်းမှာ ရေဝပ်နေတာလေးတစ်ခု တွေ့တာနဲ့ အရေးယူအပြစ်ပေးခံလိုက်ရတယ်။ မင်္ဂလာတောင်ညွန့်ကနေ လှိုင်သာယာ အပြောင်းခံလိုက်ရတယ်။ ဒီအကြောင်း တမြေ့မြေ့နှင့် သူ့ရင်ထဲမှာ ခုထိရှိနေတုန်းပဲ" အငြိမ်းစားဆရာကြီးတစ်ဦး၏ ရင်ထဲမှာ စူးနစ်ဝင်နေဆဲ ဆူးတစ်ချောင်း။ ကိုကိုးကျွန်းမှာ အနှစ်နှာခံ တာဝန်ထမ်းဆောင်ခဲ့သာ ဖြစ်စဉ်ကိုမှမထောက် မဆိုစလောက်လေးနှင့် အရေးယူခံလိုက်ရမှုကို တအုံနွေးနွေး ခံစားနေရသူတစ်ဦးအကြောင်း။

လူတိုင်းရင်ထဲမှာ အနည်းနှင့်အများဆိုသလို ခံစားချက်မာန၊ ဆူးကလေးတွေကိုယ်စီနှင့်။ တချို့ ထိုဆူးရှိနေသည်ကို သတိမထားမိကြ။ တချို့ သိပါလျက်နှင့် ဖယ်ရှားပစ်ပယ်ရမှန်းမသိ။ ရင်ထဲမှာ တငွေ့ငွေ့နှင့်။ အမြတ်တနိုးသိမ်းဆည်းထားကြသူများလည်း ဒုနှင့်ဒေး။ ချစ်ခြင်းမုန်းခြင်းနှင့်ဆိုင်သော

www.burmeseclassic.com

သံယောဇဉ်ဆူး။ အာယာတဆူးများ။ တချို့ ဆက်ဆက်ထိမခံ မိုက်မာနပဟုဆိုကြလည်း နုတ်ပယ်ရလွယ်ကူသည့် အပေါ်ယံဆူးလေးများသာ ဖြစ်နေသလို တချို့က နာနာကြည်းကြည်း ခံစားချက်များနှင့် နှလုံးသားမှာ နက်နက်ရှိုင်းရှိုင်း စူးနစ်နှုတ်ပယ်ရခက်သည့် အာယာတဆူး ဖြစ်နေသည်။ ကိုးကိုးကျွန် ဖြိုးသရာကြီး၏ ခံစားချက်မျိုး။ အတ္တမာန၊ မိုက်မာနပဟု မဲဖြော ရက်ပါ။ ကိုယ်တိုင်ခံစားချက်တွေမှို့ ကိုယ့်ဝမ်းနာ ကိုယ်သာ အသိဆုံး။ အများအမှန်ကို ဝေဖန်ပိုင်းခြား ကြားဝင်ဖျန်ဖြေ ရေစကောင်းသောအရာ။ စိတ်၏ဒဏ်ရာများ။

ထိုစိတ်ဒဏ်ရာများကို ကုစားနိုင်သည့် သမားတော် အစစ်အမှန်မှာ မိမိကိုယ်တိုင်သာလျှင် ဖြစ်သည်။ သို့သော် လူတိုင်း မစွမ်းဆောင်နိုင်ကြပါ။ တချို့ဆိုလျှင် နာကြည်းချက်ထို သားစဉ်မြေးဆက် လက်ဆင့်ကမ်း လက်ဆောင်ပေးသွားတတ်ကြသည်။ လက်စားချေ တုံ့ပြန်လိုက်ရမှ နေသာထိုင်သာဖြေလျော့နိုင်ကြသူများ။

အငြိုးအတေး အာယာတနှင့် အဆိပ်ရည်လူး ရင်ထဲမှာဆူးများကို ခွဲနုတ်နိုင်သည့် နည်းနာများမှာ ဗုဒ္ဓဟောကြား မေတ္တာတရားနှင့် သည်းခံခွင့်လွှတ်ခြင်း၊ ခန္တီတရားများသာ ဖြစ်ပါသည်။ ထိုတရားနှစ်ပါး စွဲမြဲတည်နေဖို့ဆိုလျှင် အကြင် ပုဂ္ဂိုလ်အတွက် လောကအမြင် ကြည်လင်ရှိနေဖို့လည်း လိုအပ်ပါလိမ့်မည်။ တစ်နည်း လူ့ဘဝ၏ အနှစ်သာရကို အတိုင်းအတာထိ ခြုံငုံမိပြီဆိုလျှင် ဘဝတစ်ခု၏ အင်္ဂါသုံးရပ် "ဖြစ်၊ တည်၊ ပျက်" ဤသုံးချက် မည်သူမှ မလွန်ဆန်နိုင်သော မွေးဖွားခြင်း၊ ရှင်သန်ခြင်း၊ သေဆုံးခြင်း ဖြစ်စဉ်နိယာမတရား။ ဤသဘောကို ခြုံငုံမိပြီဆိုပါလျှင် လောဘ၊ ဒေါသ အယုတ်တရားနှစ်ပါးကို ကောင်းစွာ ထိန်းသိမ်းလာနိုင်ပါပြီ။ အရာရာ၌ မေတ္တာတရားနှင့်ယှဉ် သည်းခံခွင့်လွှတ် နားလည်မှုပေးနိုင်သူ ဖြစ်လာပါလိမ့်မည်။

မွေးဖွားခြင်းနှင့် သေဆုံးခြင်း ခြားကာလကို ပညာရှိများက "ရေပွက်ပမာ တစ်သက်လျာတည်"ဟု နှိုင်းနှိုင်းတင်တင် ဆိုခဲ့ကြသည်။ ထိုခဏတာ ကာလတိုလေးတွင် မြင်တွေ့ဆုံဆံ ခရီးသွားများ အချင်းချင်းကြား လောဘ၊ ဒေါသ ကင်းစင် မေတ္တာပွား သည်းခံခြင်းတရားသည်သာ လူပီသမှုရှိ၏ ဘဝနေနည်းအစစ်အမှန်ဟု ဆိုရပါမည်။

တစ်ဦးနှင့်တစ်ဦးကြား ဘဝတိုတိုမှာ ဆွေမျိုးမတော်စပ်ခဲ့ကြသည်ဟူ၍မရှိ။ ဘဝတစ်ခုခုမှာ ဆုံကြတွေ့ကြ၊ မျက်မှောက်ဘဝမှာလည်း ဘဝေဘဝက ပတ္တန်းဆက်တွေကြောင့် လာဆုံကြရပြန်နှင့်။ သူစိမ်းတစ်ရံဆံများ ဆိုကြလည်း မြင်မြင်ချင်း ကြင်နာသနား မိသားစု အရင်းအခြာနှင့်မခြား။ တချို့က ထိုသို့မဟုတ် တစ်အူထုံ့ဆင်း မိသားစုအရင်းအချာများမှ ရန်သူဖြစ်သွားကြရနှင့် လောကသံသရာ၏ မာယာသဘော။ အဘယ်ကြောင့်နည်း။ အလှူရေစက်၏ အကျိုးသက်ရောက်မှု၊ အလှူသန့်မှု၊ မသန့်မှုက အဆိုးအကောင်းကို အဆုံးအဖြတ်ပေးသွားသည်။ ဤသဘောသဘာဝကို မမြင်မသိနိုင်သူများ လတ်တလော ဖြစ်စဉ်အပေါ် ကွက်ပြီး အဖြေထုတ်တတ်ကြသည်။ ဤသို့ဖြင့် ရင်ထဲမှာ ဆူးများဖွဲ့တည် အခြေနိုင်မာဖြစ်သွားရသည်။

ဘဝတန်ဖိုးကို ဉာဏ်မီသလောက် ထောက်စမ်းကြည့်မိသည်။ ရယူမှုနှင့် ပေးဆပ်မှု ဤနှစ်ခုသာရှိသည်။ ကျေနပ်သန့်စင် ကြည်ဖြူစွာရယူတတ်ဖို့လိုအပ်သလို ပေးဆပ်ချိန်မှာလည်း ထိုအတိုင်း ဖြစ်နေရပါမည်။ မြန်မာ့သမိုင်းမှာ ဆရာတော်ဦးဗုဒ်နှင့် နန်းမတော်မယ်နုအကြောင်း။ "မနသူ့ကြွေးရှိက ဆပ်ရတယ်" ဆရာတော်ဘုရားကြီး၏ အကြွေးဆပ်နည်းတရား။ နန်းမတော်မယ်နု ကျေနပ်စွာလက်ခံ သေခြင်းတရားကို မတုန်မလှုပ် ရင်ဆိုင်သွားနိုင်ခဲ့သည်။ အကြွေးကို သံသရာထိ ယူဆောင်မသွား။ ဤဘဝ ဤခန္ဓာနှင့် အပြီးပေးဆပ် ဖြတ်တောက်နိုင်ခဲ့ခြင်း။

ဗုဒ္ဓလက်ထက်တော်က လက်ဝဲတော်ရံ ရှင်မောဂ္ဂလန်မထေရ်မြတ် ခိုးသားတွေသတ်၍ နိဗ္ဗာန်စံခဲ့ရသည်။ ဘဝေဘဝက ဝဋ်ကြွေးကို နောက်ဆုံးဘဝမှာ ပေးဆပ်ခဲ့ရခြင်း။ ဗုဒ္ဓ၏လမ်းညွှန်စကား မရဏာနုဿတိကို အမြဲမပြတ်စီးဖြန်း နေကြသူများအတွက်ကား လောဘဒေါသ နည်းပါး၊ ချစ်ခြင်း၊ မုန်းခြင်း၊ ဘက်လိုက်ခြင်းတရားနှစ်ပါးမှ လွတ်ကင်းသွားကြပြီ။ နောက်ဆုံး သေခြင်းတရားကိုတောင် တည်ငြိမ်စွာ ကျွန်ရေရနှင့် ရင်ဆိုင်သွားနိုင်ကြသည်။ ထိုပုဂ္ဂိုလ်များရင်ထဲမှာ ဆူးဟူသမျှ နတ္ထိ၊ ငြိမ်းချမ်းမှုအတိနှင့် ကြည်လင်ရွှင်ပြ အစဉ်ရှိနေကြသည်။ ဤကဲ့သို့ ဖြစ်တည်လာအောင် တစ်စုံတစ်ဦးက လုပ်ဆောင်ပေး၍မရ။



www.burmeseclassic.com

www.burmeseclassic.com

မိမိကိုယ်တိုင် ဉာဏ်သတိနှင့်ယှဉ် တည်ဆောက်မှ ရယူနိုင်ခြင်း။

မိဘ ဆရာများက အကြောင်းအကျိုးနှင့် အဆိုးအကောင်း လမ်းနှစ်သွယ်ကို လမ်းညွှန်ပြပေးနိုင်သူများသာ။ ရွေးချယ်လျှောက်လှမ်းရမည်က မိမိတို့၏တာဝန်။ ထို့နည်းတူ ရင်ထဲမှ အငြိုးအတေး ဆူးဟူသမျှကိုလည်း မည်သူမျှ ဆွဲနုတ်ယူပေး၍မရနိုင်။ ကိုယ်တိုင်ခံစားသိလာမှ စွန့်ပယ်ရနိုင်သည့်အရာ။ ဗုဒ္ဓနှင့် ကိသာဂေါတမီဖြစ်စဉ်မှာ အထင်အရှား မြင်တွေ့နိုင်ပါသည်။ သားသေကို ဘုရားရှေ့မှာချပြီး ပြန်ရှင်လာအောင် ဆေးကုပေးပါဟု ပြောလာသူ သောကပရိဒေဝနှင့် အရူးတစ်ပိုင်း ကိသာဂေါတမီ။ လတ်တလောမှာ တရားပြ၍ အပူမီးကို မငြိမ်းနိုင်သေး။ သားသေကို ရှင်အောင်ကုစားဖို့ လူမသေသောအိမ်မှ မုန်ညှင်းဆံကို ရှာခိုင်းလိုက်ရသည်။ ဗုဒ္ဓ၏ မိန့်ဆိုစကားကြောင့် ရာဇဂြိုဟ်တစ်မြို့လုံးအနှံ့ အပြေးအလွှားရောက်သွားသည်။ တစ်မြို့လုံးမှာ လူမသေသောအိမ် ဟူ၍မရှိ။ ပင်ပင်ပန်းပန်းနှင့် ကိသာဂေါတမီတစ်ယောက် သေခြင်းတရားကို ကိုယ်တိုင်ဆင်ခြင် သိမြင်လာခဲ့သည်။ ထိုအချိန်မှ တရားပြဗုဒ္ဓ၏ အဆုံးအမအောက်မှာ အကျွတ်တရားရသွားခဲ့သည်။ ရင်ထဲက သောကဆူးကို ကိုယ်တိုင်ဆွဲနုတ် ငြိမ်းချမ်းမှုကို ရယူနိုင်ခဲ့သူ။

မျက်မှောက်ကာလတွင်လည်း ထိုကဲ့သို့ လူစွမ်းကောင်းပုဂ္ဂိုလ်ထူးတစ်ဦး ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်မှာ ရှိခဲ့ဖူးပါသည်။ တောင်အာဖရိကနိုင်ငံမှ နယ်လဆင်မင်ဒဲလား။ "သင်မဖြတ်နိုင်သောလက်ကို နမ်းလိုက်ပါ" အာဖရိကစကားပုံအတိုင်း လက်တွေ့လိုက်နာ ကျင့်ကြံနိုင်ခဲ့သူ။ လူဖြူ လူမည်း ကျဉ်းမြောင်းသော လူမျိုးရေးအမြင်ကိုဖယ်ရှားကာ လူသားအမြင်ကို ရှေ့တန်းတင်နိုင်ခဲ့သူ။ ဤသို့ဖြင့် နယ်လဆင်မင်ဒဲလား၏ "သင်ပုန်းချေလိုက်ကြပါ။ ဒါပေမယ့် မမေ့နဲ့" နှစ်ဖက်လုစကားကို ကမ္ဘာက ကြားလာခဲ့ရသည်။ တောင်အာဖရိကနိုင်ငံသား လူမည်းများ၏ ရင်ထဲစူးဝင် နာကြည်းချက်ဆူးပေါင်းများစွာကို ဆွဲနုတ်ပစ်လိုက်ပါဟု ပြည်သူများသို့ ပန်ကြားခဲ့သလို တစ်ဖက်မှလည်း မမေ့ကြနှင့်ဆိုစကားမှာ သမိုင်းဖြစ်စဉ်ဖြစ်ရပ်များသည် မမေ့အပ်၊ မမေ့စကောင်းသော အရာ။ သို့သော် ထိုနာကြည်းဖြစ်စဉ်ဖြစ်ရပ်များသည် ပစ္စုပ္ပန်နှင့် အနာဂတ်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်မနေသင့်။ သင်ခန်းစာကောင်းများသာ ဖြစ်ရမည်ဟု ဆိုလိုက်ခြင်း။ ဤသို့ဖြင့် လူဖြူလူမည်း ကြည်ဖြူလက်တွဲ တောင်အာဖရိကနိုင်ငံသစ်ကြီးသည် ကမ္ဘာ့အလယ် ဝင့်ထည်လာခဲ့ ယနေ့ထိတိုင် ဖြစ်ပါသည်။

ဘဝဟူသည် နေ့နှင့်ညပမာ လင်းတစ်ခါ မှောင်တစ်လှည့်နှင့်။ ဒီရေလားပမာ ရေစီးတစ်ခါ ရေသာတစ်လှည့်နှင့်။ ထို့အတူ ခေါက်ရှာငှက်(သစ်တောက်ငှက်) ပျံဘိသကဲ့သို့ နိမ့်တုန်တစ်ခါ၊ မြင့်တုန်တစ်လှည့်နှင့်။ မတည်မြဲသော လောကဓံ၏ သဘောသဘာဝ။ ဖြစ်ချိန်တန်ဖြစ်၊ ပျက်ချိန်ပျက် လောကနိယာမ။ ထာဝရဟူသည်မရှိ။ သူ့သဘောသူဆောင် ဖြစ်ရိုးဖြစ်စဉ်အတိုင်း ဖြစ်ပျက်နေခြင်း။ ပိုဆိုးမသွားအောင်၊ ပိုကောင်းလာအောင်သာ ပစ္စုပ္ပန်မှာ ဉာဏ်သတိနှင့်ယှဉ် လုပ်ဆောင်ရနိုင်ကောင်းလည်း ဖြစ်ခြင်းပျက်ခြင်း နိယာမသဘောကိုကား တားဆီး၍ မရနိုင်စကောင်းပါ။ ဤသဘောကို ခြင်္သုံးသပ်ခံယူနိုင်စွမ်းသူအတွက် သူ့ရင်ထဲမှာ မည်သည့် အာဃာတဆူးမှ ရှိနေတော့မည်မဟုတ်ပါ။ သို့သော် ထိုသို့ အမြင်ကြည်လင်မရှိ မကျင့်သုံးနိုင်ကြသူများအတွက်မူကား ဘဝမှာ ဖြစ်ချင်သလို ဖြစ်မလာ၍ တစ်ခါနာရနှင့် ထိုသို့ဖြစ်ရကောင်းလားဆိုပြီး မကျေမချမ်းဆိုလျှင် "မိအေးနှစ်ခါနာ" ဖြစ်သွားရပြီ။

လူတစ်ဦးကဲ့သို့ပင် လူ့အဖွဲ့အစည်းတစ်ခုတွင်လည်း ရင်ထဲမှာ ဆူးများကိုယ်စီနှင့် အာဃာတအမုန်းတရားများ လွှမ်းခြုံနေမည်ဆိုပါလျှင် ကောင်းမွန်သော လူ့အဖွဲ့အစည်းတစ်ခုကို ဖွံ့တည်လာနိုင်ဦးမည် မဟုတ်သေး။ ရွှေပြည်တော် မျှော်တိုင်းဝေးနေရပါဦးမည်။ ဆင်ခြင်နိုင်ကြပါစေ။

ရင်ထဲကဆူးများကို ဖယ်ရှားရှင်းလင်း ငြိမ်းချမ်းနိုင်ကြပါစေ။


**အောင်ကျော်ညို(ဆင်ချဆိပ်)**

၀၉-၇၇၅၀၉၂၁[illegible]

www.burmeseclassic.com

# အတိတ်မှ ဖြစ်ရပ်မှန်မှုခင်းများ

**လှမိုး(ပညာရေး)**



ယခုရေးသားဖော်ပြမည့် ဖြစ်ရပ်မှန်မှုခင်းကြီးမှာ ကိုလိုနီခေတ်နှောင်းဟု ခေါ်ရမည်ဖြစ်သော ၁၉၃၈ ခု၊ ဒီဇင်ဘာလအတွင်း ရန်ကုန်ရာဇဝတ်တရားရုံးများဆိုင်ရာ အမှုလိုက်မင်းစပက်တော် မစ္စတာဟုတ်ရှမ် ’အုန်းဖေအား တင့်လမ်း(မြို့ကျောင်းလမ်း)အနီးတွင် လူ[illegible]များက ရက်ရက်စက်စက်သတ်ထားခဲ့သော အမှုဖြစ်ပါသည်။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် ကိုလိုနီခေတ်ရန်ကုန်မြို့ပြ ပုလိပ်(ရဲ)အဖွဲ့အကြောင်း အနည်းငယ်ရေးသားရမည်ဖြစ်ပါသည်။ သမိုင်းသုတေသီများကမူ ကိုလိုနီခေတ်အား လေးပိုင်းပိုင်းခြားခဲ့ရာ မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်သောခေတ်၊ ဒုတိယဘုရင်ခံအုပ်ချုပ်သောခေတ်၊ ဒိုင်အာကီခေတ်နှင့် ၉၁ ဌာန အုပ်ချုပ်ရေးခေတ်များ ဖြစ်ပါသည်။ ၉၁ ဌာန အုပ်ချုပ်ရေးခေတ်အား ကိုလိုနီခေတ်နှောင်းပိုင်းကာလ၊ သို့မဟုတ် ဗြိတိသျှကိုလိုနီခေတ်၏ နိဂုံးပိုင်းဟုလည်း သမိုင်းသုတေသီများက ကင်ပွန်းတပ်ခဲ့ကြပါသည်။ အမှုလိုက်မင်းစပက်တော် မစ္စတာဟုတ်ရှမ်/အုန်းဖေအသတ်ခံရမှုမှာ ထို ၉၁ ဌာနအုပ်ချုပ်ရေးခေတ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုကာလ ဗြိတိသျှမြန်မာနိုင်ငံ ပုလိပ်(ရဲ)အဖွဲ့အား ရန်ကုန်မြို့ မြို့ပြရာဇဝတ်အဖွဲ့ "Rangoon City Police Force" နှင့် မြန်မာနိုင်ငံ မြို့ပြပုလိပ်အဖွဲ့ဟု ခွဲခြားသတ်မှတ်ထားပြီး ထိုစဉ်က အရပ်အခေါ် ပုလိပ်ဗိုလ်ချုပ် (Inspector General of Police) တစ်ဦးစီ (ယခု ရဲညွှန်ကြားရေးမှူးချုပ်) အုပ်ချုပ်ခဲ့ကြသည်။ ရန်ကုန်မြို့ မြို့ပြရာဇဝတ်အဖွဲ့ဟုခေါ်သော ရန်ကုန် ပုလိပ် (ရဲ) အဖွဲ့တွင် ပုလိပ်ဗိုလ်ချုပ် (ပုလိပ်မင်းကြီး)တစ်ဦး၊ ရာဇဝတ်ဝန်နှစ်ဦးအပါအဝင် ပုလိပ်(ရဲ)အင်အား ၁၅၇၅ ဦး ရှိသည်ဟု ဆိုသည်။ ပုလိပ်သား(ရဲ)သား ၁၂၆၃ ယောက်တွင် မြန်မာအမျိုးသား ၂၅၀ ယောက်သာရှိရာ ကျန်ပုလိပ်(ရဲ)သား အများမှာ အိန္ဒိယတိုင်းရင်းသားများနှင့် အခြားလူမျိုးများသာ ဖြစ်၏။ စာသင်(ဆာဂျင်) ၃၈ ဦးတို့မှာ ဥရောပတိုက်သားများသာ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ ထိုအင်အားနှင့် တခြားတိုးတက်လာသော ရန်ကုန်လူထုအား စနစ်တကျစည်းကမ်းထိန်းသိမ်းရန် မလွယ်ကူပေ။

ထိုကာလက ရန်ကုန်သည် လူဆိုးလူမိုက်များ ကြီးစိုးသောခေတ်ဟု သတင်းမီဒီယာများက ဆိုကြ၏။ ရန်ကုန်အနောက်ပိုင်းတွင် ပုဏ္ဏားဘကွန်းဆိုသူက ကြီးစိုးလျက်ရှိသည်။ လမ်းမတော်တွင်မူ လမ်းမတော်ဖိုးတုတ်ဆိုသူ နာမည်ကျော်လျက်ရှိ၏။ ထိုလူမိုက်နှစ်ယောက်နှင့်အတူ ဦးဘိုးဆင်ကြီး ဆိုသူလည်းရှိသည်။ ယင်းလူမိုက်သုံးယောက်သည် နောက်လိုက်နောက်ပါများဖြင့် ရာဇဝတ်မှုအမျိုးမျိုး ကျူးလွန်ခဲ့ကြသည်။ သက်ဆိုင်ရာ ဂတ်(ရဲစခန်း)မှာ တာဝန်ရှိသူများနှင့်လည်း အဆင်ချောမွေ့အောင် ပေါင်းသင်းဆက်ဆံထားရကား ထိုလူဆိုးလူမိုက်ဂိုဏ်းများသည် ရပ်ကွက်အသီးသီးရှိ ကပွဲရုံများ၊ အရက်ဆိုင်များ၊ လောင်းကစားပိုင်းများ၊ ဘိန်းခင်းများအား ဆက်ကြေးတောင်းကြသည်။

ဤလူမိုက်အဖွဲ့များတွင် လမ်းမတော်ဖိုးတုတ်၏အဖွဲ့မှာ ဟိုးဟိုးကျော်ခဲ့သည်။ ထိုအဖွဲ့များနှင့်အတူ ရန်ကုန်မြို့လယ် လူစည်ကားရာရပ်ကွက်တွင် နေထိုင်သော ကုလားလူမျိုး ကန်ထရိုက်တာ မတ်စတီခန်ဆိုသူမှာလည်း လူမိုက်ခေါင်းဆောင်ဖြစ်သည်ဟု နာမည်ကျော်ခဲ့၏။ သူတပည့်လူမိုက်များသည်လည်း ဟိုတယ်များ၊ အရက်ဆိုင်များ၊ ကွမ်းယာဆိုင်များ၊ ထမင်းဆိုင်များကို ဆက်ကြေးတောင်းလေ့ရှိရာ ထိုစဉ်က နာမည်ကျော် သတင်းစာကြီးများဖြစ်သော မြန်မာ့အလင်းသတင်းစာနှင့် သူရိယသတင်းစာကြီးများက ထိုလူမိုက်များကြီးစိုးမှုကို ပြောင်ပြောင်တင်းတင်း ရေးသားဖော်ပြခဲ့သော်လည်း ဗြိတိသျှအာဏာပိုင်များက အရေးယူခြင်းမရှိခဲ့ဟု သိရ၏။ ဤကဲ့သို့ လူဆိုးလူမိုက်များ ကြီးစိုးမှုအား မြန်မာဘာသာနှင့်ထုတ်ဝေသော သတင်းစာများ၊ အင်္ဂလိပ်ဘာသာနှင့်ထုတ်ဝေသော သတင်းစာများ၊ အိန္ဒိယတိုင်းရင်းသားဘာသာ၊ တရုတ်ဘာသာများနှင့် ထုတ်ဝေသော သတင်းစာများက ပြောင်ပြောင်တင်းတင်း ဝေဖန်ရေးသားခဲ့ကြသော်လည်း ဗြိတိသျှအာဏာပိုင်များက ဟန်ပြသာအရေးယူခဲ့ကြသည်ဟု သိရ၏။

အင်္ဂလိပ်-မြန်မာ ကပြားပုလိပ်(ရဲ)အရာရှိများ၊ အင်္ဂလိပ်-အိန္ဒိယကပြား ပုလိပ်အမှုထမ်းများနှင့် မြန်မာပုလိပ်(ရဲ) အမှုထမ်းများကလည်း လူဆိုးလူမိုက်ဂိုဏ်းများနှင့် လာဘ်ပေးလာဘ်ယူများ ရှိခဲ့ကြရကား တရားသူကြီးများနှင့် ဥပဒေလောကမှ တာဝန်ရှိသူများအဖို့ တရားဥပဒေစိုးမိုးရေးကို တိတိပပ မဆောင်ရွက်နိုင်ကြ။ သတင်းမီဒီယာသမားများကိုပင် လူဆိုးလူမိုက်များက ခြိမ်းခြောက်ခြင်းများ ပြုလုပ်ခံရကာ ထိုခေတ်ကို လူမိုက်များဘုန်းကြီးသောခေတ်ဟု လူထုက ကင်ပွန်းတပ်ခဲ့ကြသည်။

၁၉၃၈ ခု၊ ဒီဇင်ဘာလ ၁၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာနှင့် သူရိယသတင်းစာ မျက်နှာဖုံးတွင် ခြောက်လိုင်းစာလုံးမည်းကြီးများဖြင့် "ရန်ကုန်ရာဇဝတ်တရားရုံးများဆိုင်ရာ အမှုလိုက်အင်စပက်တော် မစ္စတာဟုတ်ရှမ်/အုန်းဖေ၏ အလောင်းအား တင့်လမ်း(မြို့မကျောင်းလမ်း) ချုံနွယ်ပိတ်ပေါင်းများ ရှုပ်ထွေးနေသော လမ်းဘေးတွင် တွေ့ရခြင်းဟူသော သတင်းခေါင်းစဉ်ဖြင့် ဖော်ပြထားသော သတင်းကို ဖတ်ရှုခဲ့ကြရသော ရန်ကုန်မြို့တော်လူထုမှာ တအံ့တသြဖြစ်သွားကြသည်။ အချို့ကလည်း ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့သွားကြသည်။ သာမန်အရပ်သား အမှုထမ်းတစ်ဦးမဟုတ်၊ ရန်ကုန်ဥပဒေလောကတွင် ရှုသိများသော ဥပဒေဘက်တော်သားတစ်ဦးအား တစ်နေရာတွင်သတ်ခဲ့ပြီး လူသွားလူလာဖြစ်သော တင့်လမ်းတစ်နေရာတွင် စွန့်ပစ်ထားခဲ့ခြင်းသည် ရန်ကုန်မြို့မ ပုလိပ်အဖွဲ့အား ပြောင်ပြောင်တင်းတင်း စိန်ခေါ်ခြင်းဖြစ်ပေသလောဟု ရန်ကုန်လူထုက ယူဆခဲ့ကြ၏။

ထိုသတင်းကိုပင် အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာ၊ ဟိန္ဒီဘာသာတို့ဖြင့် ထုတ်ဝေသော သတင်းစာကြီးများကလည်း အကျယ်တဝင့်ရေးသားဖော်ပြခဲ့သဖြင့် သတင်းစာဖတ်ပရိသတ် စိတ်ဝင်စားဖွယ်သတင်း ဖြစ်ခဲ့သည်။ အင်စပက်တော် မစ္စတာဟုတ်ရှမ်/အုန်းဖေမှာ ရာဇဝတ်တရားရုံး အမှုလိုက်ဖြစ်သဖြင့် ထိုစဉ်က ထုတ်ဝေလျက်ရှိသော သတင်းစာကြီးများ၏ မှခင်းသတင်းထောက်များနှင့် ခင်မင်သူဖြစ်ရကား သူသေဆုံးရသော သတင်းအား သတင်းစာကြီးများ၏ မျက်နှာဖုံးမှ နေ့စဉ်အသေးစိတ် ရေးသားဖော်ပြခဲ့ကြသည်။ အထူးသဖြင့် ထိုစဉ်ကာလက စောင်ရေအများဆုံး ထုတ်ဝေခဲ့ရပြီး ဩဇာတိက္ကမကြီးမားသော သတင်းစာကြီးများဖြစ်သော မြန်မာ့အလင်းသတင်းစာနှင့် သူရိယသတင်းစာကြီးများက မစ္စတာ



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ရှမ်/အုန်းဖေ အသတ်ခံရမှုကို အပြိုင်အဆိုင် စုံစမ်းထောက်လှမ်းခြင်းများပြုလုပ်၍ အထောက်အထား သာဓကနိုင်နိုင်မာမာနှင့် ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြခဲ့ကြ၏။

ထိုသတင်းစာများ၏ ဖော်ပြချက်အရ မစ္စတာဟုတ်ရှမ်/အုန်းဖေ အလောင်းအနီးမှ ဖိနပ်တစ်ရန်၊ ဦးထုပ်တစ်လုံးနှင့် ထိုကာလက ရန်ကုန်တွင်နေထိုင်ကြသော အိန္ဒိယတိုင်းရင်းသား ပန်ချာပီအမျိုးသားများ ကိုင်ဆောင်လေ့ရှိသော လမ်းလျှောက်တုတ်တစ်ချောင်းနှင့် မော်တော်ကားဘီးရာများ တွေ့ရသည်ဟု ဖော်ပြခဲ့သည်။ သို့ဖြစ်၍ လူသတ်သမားများသည် မစ္စတာဟုတ်ရှမ်/အုန်းဖေအား တစ်နေရာတွင် သတ်ခဲ့ပြီး မော်တော်ကားဖြင့် သူ့အလောင်းအား တင်ဆောင်၍ ထိုနေရာတွင် စွန့်ပစ်ခဲ့သလော၊ သို့မဟုတ် မစ္စတာဟုတ်ရှမ်/အုန်းဖေအား ဖြားယောင်းသွေးဆောင်၍ လူအသွားအလာပြတ်သော တင့်လမ်းဘက်သို့ မော်တော်ကားဖြင့် ခေါ်ဆောင်လာကာ ထိုနေရာတွင် သတ်ဖြတ်ခဲ့ခြင်းလောဟု အမျိုးမျိုးယူဆခဲ့ကြ၏။ ထိုစဉ်က ပုလိပ်(ရဲ)အဖွဲ့နှင့် ရန်ကုန်ဆေးရုံကြီးမှခွင်းဆေးဘက်ဆရာဝန်တို့၏ စုံစမ်းတွေ့ရှိချက်အရ ဆိုရလျှင် မစ္စတာဟုတ်ရှမ်/အုန်းဖေ၏အလောင်းတွင် ထိုးသွင်းဒဏ်ရာတစ်ချက်နှင့် ကိုယ်ပေါ်တွင်လည်း တုတ်ဒဏ်ရာများ တွေ့ကြရသည်ဟု ဆိုသည်။ ပုလိပ်(ရဲ)တို့ကမူ စနစ်တကျ အမှုကိုတည်ဆောက်နိုင်ရန် စီစဉ်ဆောင်ရွက်ကြသည်။

အထက်ဖော်ပြပါအတိုင်း သတင်းစာကြီးများက အသေးစိတ်ဖော်ပြချက်များကို အခြေခံ၍ ကောလဟာလသတင်းအမျိုးမျိုးလည်း ထွက်ပေါ်လာခဲ့ရာ ရန်ကုန်လူထုအဖို့ စိတ်လှုပ်ရှားဖွယ်ရာ သတင်းဖြစ်ခဲ့သည်။ ထိုကာလက မှတ်တမ်းများအရ ဟိုက်ကုတ်(ယခု ဗဟိုတရားရုံး)မှ ဗြိတိသျှအမျိုးသား တရားသူကြီးများသည် မစ္စတာဟုတ်ရှမ်/အုန်းဖေအသတ်ခံရမှုအား အထူးစိတ်ဝင်စားခဲ့ရာ မြန်မာ့အလင်းသတင်းစာနှင့် သူရိယသတင်းစာကြီးများပါ ယင်းလူသတ်မှုနှင့်သက်ဆိုင်သော သတင်းများ၊ သတင်းဆောင်းပါးများကိုသက်ဆိုင်ရာ တာဝန်ရှိသူများက အင်္ဂလိပ်ဘာသာ ပြန်ဆိုပေးခဲ့ကြရသည်ဟု ဆိုသည်။ ထိုကာလက ရန်ကုန်မြို့ပြပုလိပ်(ရဲ)အဖွဲ့၏ မှတ်တမ်းများအရ ရန်ကုန်မြို့အား အရှေ့ပိုင်း၊ အလယ်ပိုင်း၊ အနောက်ပိုင်းဟူ၍ ခွဲခြားပြီး ပုလိပ်ဝန်ထောက်သုံးယောက် (Sub Divisional Police Officer) က တာဝန်ယူထား၏။ ရန်ကုန်အရှေ့ပိုင်း ပုလိပ်အဖွဲ့ဝန်ထောက်မှာ မြန်မာအမျိုးသား ဦးထွန်းအုံးဖြစ်သည်။ အလယ်ပိုင်း ပုလိပ်ဝန်ထောက်မှာ ဗြိတိသျှအမျိုးသား လု(ဒ်)ဒါ ဆိုသူဖြစ်၏။ ရန်ကုန်အနောက်ပိုင်း ဝန်ထောက်မှာမူ ဗြိတိသျှအမျိုးသား မစ္စတာစမက်သော်မင် ဆိုသူဖြစ်သည်။

သတင်းမီဒီယာများနှင့် ဗြိတိသျှအာဏာပိုင်များ၏ ဖိအားပေးမှုကြောင့် ရန်ကုန်မြို့ပြ ပုလိပ်အဖွဲ့အဖို့ မစ္စတာဟုပ်ရှမ်/အုန်းဖေ အသတ်ခံရမှုအား ပိုက်စိပ်တိုက်စုံစမ်းမှုများပြုခဲ့ကြရသည်။ အထက်ဖော်ပြပါ ပုလိပ်(ရဲ) ဝန်ထောက်သုံးယောက်ကိုယ်တိုင် အမှုလိုက်အင်စပက်တော်ကြီး ဟုပ်ရှမ်/အုန်းဖေသတ်မှုအား စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြရာ ပတ်ဝန်းကျင် လေ့လာမှုများအရ မစ္စတာဟုပ်ရှမ်/အုန်းဖေသည် ရန်ကုန်လူမိုက်လောကတွင် ဟိုးဟိုးကျော်နေသော လမ်းမတော်ဖိုးတုတ်နှင့် ရင်းနှီးခင်မင်သူဖြစ်သည်ဟု သိကြရသည်။ ထိုစဉ်က လူမိုက်ခေါင်းဆောင်များသည် နယ်မြေတာဝန်ခံပုလိပ်(ရဲ) "Survellance" အရပ်အခေါ် သွားပုလင်းနှင့် စာသင် Sergeant များကိုပါမက အမှုလိုက်များကို ရင်းနှီးအောင် ပေါင်းသင်းထားကြရ၏။

သဲလွန်စများအရ မစ္စတာဟုပ်ရှမ်/အုန်းဖေမှာ အပျော်အပါး အသောက်အစား ခုံမင်သူဖြစ်ရာ ညနေရုံးဆင်းသည်နှင့် လမ်းမတော်ရပ်ကွက်သို့ လာရောက်ပြီး လူမိုက်ခေါင်းဆောင် လမ်းမတော်ဖိုးတုတ်နှင့်အတူ အရက်ဝိုင်းထောင်လေ့ရှိသည်ဟု ဆိုသည်။ အတည်မပြုနိုင်သေးသော သတင်းအရ အချင်းဖြစ်ပွားသောနေ့ကလည်း မစ္စတာဟုပ်ရှမ်/အုန်းဖေသည် လမ်းမတော်ဖိုး တုတ်နှင့်အတူ သွားလာသည်ဟု သိရှိရကား မစ္စတာဟုပ်ရှမ်/အုန်းဖေသတ်မှုတွင် လမ်းမတော်ဖိုးတုတ်သည် အဓိကတာဝန်ရှိသူတစ်ယောက်ဖြစ်သည်ဟု ပုလိပ်(ရဲ)တို့က ကောက်ချက်ချခဲ့သည်။ ထိုအခြေအနေ အရပ်ရပ်ကြောင့် လမ်းမတော်ဖိုးတုတ်အား စစ်ဆေးရန် စီစဉ်ခဲ့ကြရ၏။ ထိုစဉ်က ပုလိပ်သတင်းပေးများကလည်း အချင်းဖြစ်ပွားသည့်နေ့က လမ်းမတော်ဖိုးတုတ်နှင့် တပည့်နှစ်ဦးဖြစ်သော အုန်းဖေနှင့် ထွန်းတင်တို့သည် လမ်းမတော် မော်တော်ကားအငှားယာဉ်ဂိတ်မှ မော်တော်ကားတစ်စီးကို ငှားရမ်း၍ ထွက်

www.burmeseclassic.com

ခွာသွားကြောင်း ထိုစဉ်က သူတို့သုံးယောက်မှာ အရက်မူး လျက်ရှိသည်ဟု ဆိုသည်။ ထိုသတင်းအရ ပုလိပ်ဝန်ထောက် သုံးယောက်အဖွဲ့သည် လမ်းမတော်ဖိုးတုတ်အား စုံစမ်းမေး မြန်းရန် ဆုံးဖြတ်ချက်ချခဲ့ကြသည်။ ပုလိပ်ဝန်ထောက်များ သည် မိမိတို့အဆက်အသွယ်များ၊ နည်းလမ်းများဖြင့် ပတ် ဝန်းကျင်လေ့လာခြင်း၊ သတင်းပေးများထံမှ သတင်းယူခြင်း၊ သင်္ကာမကင်းဖြစ်သူများကို ခေါ်ယူစစ်ဆေးခြင်းများ ပြုလုပ် ခဲ့ကြသည်။

ထိုကာလက လမ်းမတော်နယ်မြေတွင်း နေထိုင်သူ အများမှာ တရုတ်အမျိုးသားများ၊ မြန်မာအမျိုးသားများ၊ အိန္ဒိ ယတိုင်းရင်းသား ဂေါ်ရင်ဂျီအများ နေထိုင်ကြသည်။ မှတ်တမ်း များအရ ထိုဂေါ်ရင်ဂျီကုလားအများသည် လန်ခြားဆွဲခြင်း (ပထမတွင် လန်ခြားဆွဲခြင်းကို တရုတ်အမျိုးသားများက စုပေါင်းကန့်ကွက်ရာမှ တရုတ်အမျိုးများ လန်ခြားဆွဲခြင်းမပြု လုပ်ဟု သိရ၏။) ခါးပိုက်နှိုက်ခြင်း၊ ပစ္စည်းများ အလစ်ခိုးယူ ခြင်း၊ အရက်သောက်ခြင်း၊ ဖဲရိုက်ခြင်း၊ လောင်းကစားခြင်း များ ပြုလုပ်ကြသည်။ ယင်းဂေါ်ရင်ဂျီကုလားများသည် ၁၅ လမ်း၊ ၁၆ လမ်းနှင့် ကမ်းနားလမ်းထိပ်တွင် သင်္ဘောကုန် တင်၊ ကုန်ချ အလုပ်သမားအတွက် ထမင်းဆိုင်များဖွင့်ခြင်း၊ ကြက်များရောင်းခြင်း၊ အရက်ပုန်းရောင်းခြင်း၊ လူစုလူဝေးဖြင့် ခိုက်ရန်ဖြစ်ပွားခြင်း၊ အနိုင်ကျင့်ခြင်း ပြုလုပ်ကြ၏။ တရုတ်လူ မျိုး အချို့ကမူ တရားဝင်အစိုးရခွင့်ပြုချက်ဖြင့် ဘိန်းခန်းထောင် ခြင်း၊ အရက်ဆိုင်ဖွင့်ခြင်း၊ လက်ဖက်ရည်ဆိုင်၊ ခေါက်ဆွဲဆိုင်၊ ကုန်စုံဆိုင်ဖွင့်ကြသည်။ အချို့ကလည်း တိတ်တိတ်ပုန်း ဘိန်း ခန်းများဖွင့်ခြင်း၊ လောင်းကစားဝိုင်းဖွဲ့ခြင်း စသည်တို့ပြုလုပ်ကြ ပြီး အချို့မြန်မာများကလည်း ပြည့်တန်ဆာခန်းများလည်း ဖွင့်ကြ၏။ လမ်းထောင့်များတွင်မူ အိန္ဒိယတိုင်းရင်းသားများ ဖွင့်ထားသော ကွမ်းယာဆိုင်များ ရှိကြ၏။

ဤကဲ့သို့ လူအဝင်အထွက် ရှုပ်ရှုပ်ထွေးထွေးဖြစ်ခဲ့ရာ အုပ်စုလိုက်ရိုက်ပွဲများ၊ အရက်ဆိုင်များတွင် ဆူပူသောင်း ကျန်းမှုများ၊ ပစ္စည်းလုယက်မှုများ ဖြစ်ပွားကြ၏။ ဤသို့ ဆူပူ မှု၊ တရားဥပဒေလက်လွတ်ပြုမှုများ၊ အနိုင်ကျင့်မှုများကို ရန်ကုန်မြို့ပြ ပုလိပ်များအနေဖြင့် ထိထိရောက်ရောက် ကာ ကွယ်ပေးနိုင်မှုမရှိခဲ့။ ကာကွယ်ပေးနိုင်ရန်လည်း အင်အားမရှိ။

သို့ဖြစ်၍ အထက်ဖော်ပြပါ ဆူပူမှု၊ အနိုင်ကျင့်မှု၊ ခိုက်ရန် ဖြစ်ပွားမှု၊ လုယက်မှုများကို လမ်းမတော်ဖိုးတုတ်နှင့် သူ့ တပည့်များက အကာအကွယ်ပေးကြသည်။ ဤကဲ့သို့ အကာ အကွယ်ပေးသည့်အတွက် အရက်ဆိုင်ပိုင်ရှင်များ၊ ဘိန်းခန်း၊ လောင်းက စားခန်းပိုင်ရှင်များ၊ ကုန်စုံဆိုင်များ စသည်တို့က ကျေးဇူးတင်သောအနေဖြင့် ဖိုးတုတ်နှင့် တပည့်များအား လစဉ်ကြေးပေးကြသည်သာမက မိမိတို့ဆိုင်များတွင် အခမဲ့ စားသောက်ခွင့်ပေးကြ၏။ အထက်ဖော်ပြပါ ဆိုင်ပိုင်ရှင်များ၊ ကပွဲရုံများ၊ လောင်းကစားဝိုင်းများ၊ စားသောက်ဆိုင်များ၊ ဟိုတယ်များသည် လမ်းမတော်ဖိုးတုတ်နှင့် တပည့်ဆိုသူများ ၏ အကာအကွယ်မယူလိုပါက မိမိအစီအစဉ်ဖြင့် မိမိတို့ ကာကွယ်နိုင်သည်။ သို့သော် ထိုဆိုင်များ၊ လောင်းကစားဝိုင်း များတွင် ဖိုးတုတ်တပည့်များက နည်းလမ်းအမျိုးမျိုးဖြင့် ဆူပူ ရန်ပွဲများဖန်တီးကာ လုယက်ခြင်း၊ ပစ္စည်းများအား ဖျက်ဆီး ခြင်းများ ပြုလုပ်ကြတော့သဖြင့် နောက်ဆုံးတွင် ထိုဆိုင်များ၊ လောင်းကစားဝိုင်းများသည် ဖိုးတုတ်နှင့်တပည့်များအား ဆက်ကြေးပေးကြရတော့သည်။ ဤသည်ကိုက ထိုကာလက အခြေအနေဖြစ်၏။

အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော ပုလိပ်ဝန်ထောက်သုံးယောက်သည် မစ္စတာဟုတ်ရှမ်/အုန်းဖေ အသတ်ခံရမှုတွင် လမ်းမတော်ဖိုးတုတ်နှင့်အဖွဲ့ ပါဝင်နိုင်သည် ဟု ယူဆထား၏။ သို့မဟုတ် ဖိုးတုတ်အား စစ်ဆေးမည်ဆို ပါက ထိုအမှုတရားခံမှာ ပေါ်ပေါက်လာနိုင်ကောင်းသည်ဟု ကောက်ချက်ချ၍ လမ်းမတော်ဖိုးတုတ်အား ခြေရာခံ၍ ရှာ ကြရသည်။ သို့သော် လမ်းမတော်ဖိုးတုတ်မှာ သူနေသော လမ်းမတော်ရှိ နေအိမ်တွင် မတွေ့ရသဖြင့် အခက်ကြုံရသည်။ ဖိုးတုတ်တစ်ယောက် ခြေရာပျောက်သွားခဲ့ပြီလော။ ဖိုးတုတ် သည် လာမည့်ဘေး ပြေးတွေ့လေ့ရှိသူဖြစ်ရကား ခြေရာ ပျောက်သွားခြင်းမရှိဟု ပုလိပ်ဝန်ထောက်အဖွဲ့က မှတ်ယူထား ပြီးဖြစ်၏။ နောက်ဆုံးတွင် အမူးလွန်၍ အိပ်ပျော်နေသော လမ်းမတော်ဖိုးတုတ်အား လမ်းမတော်ကျုံးကြီးလမ်းရှိ တရုတ် အမျိုးသားပိုင် လင်ဟိုင်းဟိုတယ်အပေါ်ထပ်ရှိ အခန်းတစ်ခန်း၌ အိပ်နေသည်ကို တွေ့ရတော့သည်။

ထိုအချိန်တွင် လမ်းမတော်ဖိုးတုတ်မှာ အရက်အလွန်



www.burmeseclassic.com

www.burmeseclassic.com

အကျွံသောက်ထားသဖြင့် စကားကောင်းစွာပြောနိုင်သော အခြေအနေမရှိ ဖြစ်နေသည်။ သို့ဖြစ်၍ ပုလိပ်ဝန်ထောက်များ အဖွဲ့သည် ဖိုးတုတ်အား အရက်မူးပြေစေရန် ရန်ကုန်ဆေးရုံကြီးသို့ ယာယီတက်ရောက် ဆေးကုသစေခဲ့၏။ မစ္စတာဟုတ်ရှမ်/အုန်းဖေသတ်မှုတွင် လမ်းမတော်ဖိုးတုတ်သည် အရေးအင်ရေးပါသူဟု ပုလိပ်တို့က ယူဆနေသည်ဖြစ်ရကား သူ့အား အထူးစောင့်ရှောက်ထားသည်သာမက သူ့တပည့်များ သူ့အိမ်သားများနှင့် တွေ့ခွင့်မပေးခဲ့။

ဖိုးတုတ်အား ပုလိပ်(ရဲ)တို့က ခေတ္တဖမ်းဆီး၍ စစ်ဆေးနေသည်ဟူသော သတင်းအနံ့ရသွားသော မှုခင်းသတင်းထောက်များသည် ထိုသတင်းရရှိရေးအတွက် နည်းလမ်းအမျိုးမျိုးနှင့် သတင်းယူကြသည်။ ထိုသတင်းကိုလည်း သတင်းစာများတွင် အကျယ်တဝင့်ဖော်ပြခဲ့သည်။

လမ်းမတော်ဖိုးတုတ်အား ရန်ကုန်ဆေးရုံကြီးမှ တာဝန်ရှိသူများက ဆေးရုံမှဆင်းခွင့်ပြုသည်နှင့် ပုလိပ်အဖွဲ့မှ အမှုထမ်းများသည် ဖိုးတုတ်အား နည်းလမ်းအမျိုးမျိုးနှင့် စစ်ဆေးကြသည်။ နောက်ဆုံးတွင် လမ်းမတော်ဖိုးတုတ်သည် အချင်းဖြစ်ပွားခဲ့သည့်နေ့က ဖြစ်စဉ်ကို အမှန်အတိုင်းထွက်ဆိုခဲ့၏။ ထိုနေ့က လမ်းမတော်ဖိုးတုတ်သည် "တပည့်များဖြစ်သော မောင်အုန်းဖေနှင့် မောင်ထွန်းတင်တို့နှင့်အတူ အငှားမော်တော်ကားတစ်စီးဖြင့် လေညှင်းခံထွက်ခဲ့ကြသည်။ ထိုအချိန်တွင် သူတို့သုံးယောက်မှာ အရက်သောက်ထားကြသဖြင့် အတော်အသင့် မူးနေကြပြီဖြစ်၏။

သူတို့သုံးယောက် စီးနင်းလာသော မော်တော်ကားသည် မြေနီကုန်း ကားမှတ်တိုင်အနီးတွင် သေခုံးသူ မစ္စတာဟုတ်ရှမ်/အုန်းဖေကို တွေ့ကြရ၏။ ထိုအချိန်တွင် မစ္စတာဟုတ်ရှမ်/အုန်းဖေမှာ အရက်မူးလျက်နေသည်။ သို့သော် ဖိုးတုတ်တို့အဖွဲ့နှင့် တွေ့ကြပြန်သဖြင့် သူတို့နှင့်အတူ လိုက်ပါလာ၍ အရက်ဆိုင်တစ်ဆိုင်ဝင်၍ အရက်သောက်ကြသည်။

အရက်ဝိုင်းတွင် မစ္စတာဟုတ်ရှမ်/အုန်းဖေသည် လမ်းမတော်ဖိုးတုတ်၏တပည့်များဖြစ်သော မောင်အုန်းဖေ၊ မောင်ထွန်းတင်တို့နှင့် ငြင်းခုံရာမှ စကားအချေအတင်ဖြစ်လာသည်။ ဤတွင် လမ်းမတော်ဖိုးတုတ်က ဝင်ရောက်ဖျန်ဖြေခဲ့၏။ သို့သော် အရက်ရှိန်ရလာသော မစ္စတာဟုတ်ရှမ်/အုန်းဖေသည် ဖိုးတုတ်တပည့် နှစ်ယောက်အား ဆဲဆိုကြိမ်းမောင်းခဲ့သည်။

ဤတွင် သူတို့အဖွဲ့သည် မော်တော်ကားနှင့် တင့်လမ်း (မြို့မကျောင်းလမ်း)ဘက်သို့ ထွက်လာခဲ့ကြရာ မစ္စတာဟုတ်ရှမ်မှာ ဖိုးတုတ်တပည့်များအား ဆက်လက်ဆဲဆိုခဲ့ပြန်သည်နှင့် မောင်အုန်းဖေက သူဆောင်ထားသောဓားနှင့် မစ္စတာဟုတ်ရှမ်/အုန်းဖေ၏ရင်ဝကို တစ်ချက်ထိုးလိုက်ပါတော့သည်။ လမ်းမတော်ဖိုးတုတ်ကမူ သူ့တပည့်များအား နောက်ထပ်ဓားဖြင့်ဆက်မထိုးရန် တားမြစ်ခဲ့သည်။ သို့သော် မစ္စတာဟုတ်ရှမ်/အုန်းဖေမှာ သေဆုံးတော့မည့်အခြေအနေ ရောက်ရှိနေပြီကိုသိသော ဖိုးတုတ်သည် မော်တော်ကားအား လူရိပ်လူခြေပြတ်သော တင့်လမ်းဘက်သို့ မောင်းနှင်စေ၏။ မစ္စတာဟုတ်ရှမ်/အုန်းဖေအား အဆုံးစီရင်ရန်မှတစ်ပါး အခြားနည်းလမ်းမရှိတော့သဖြင့် အသင့်ပါသောတုတ်ဖြင့် ရိုက်ခဲ့ကြပြီး အလောင်းအား တင့်လမ်းချုံတောများအနီး ထားခဲ့ခြင်းဖြစ်သည်ဟု ထွက်ဆိုခဲ့၏။ ပုလိပ်ရဲအဖွဲ့မှ တာဝန်ရှိသူများသည် အခင်းဖြစ်ပွားစဉ်က ပါဝင်သော မောင်အုန်းဖေနှင့် မောင်ထွန်းတင်တို့အား သွားရောက်ဖမ်းဆီးခဲ့သည်။ မောင်အုန်းဖေကမူ ထိုအခင်းဖြစ်ပွားသောညက သူ့အားဆဲဆိုသော မစ္စတာဟုတ်ရှမ်/အုန်းဖေအား ဒေါသအလျောက် သတ်မိပါသည်ဟု ဖြောင့်ဆိုချက်ပေးခဲ့သည်။ ဤအမှုအား ပုလိပ်(ရဲ)တို့က ခိုင်မာစွာတည်ဆောက်၍ ရာဇဝတ်တရားရုံးသို့ တရားစွဲဆိုခဲ့သည်။ ရာဇဝတ်တရားရုံးကလည်း မောင်အုန်းဖေ၏ဖြောင့်ဆိုချက်ကို အဓိကထား၍ စစ်ဆေးခဲ့ပြီး ဟိုက်ကုတ်သို့ ဆက်လက်တင်ပြခဲ့၏။

ဟိုက်ကုတ်တွင် ဖိုးတုတ်တို့အမှုအား စစ်ဆေးသော စက်ရှင်တရားဝန်ကြီးသည် ဂျူရီလူကြီးများ၏ သဘောထားအရ ဖိုးတုတ်အား ခုံးမ၍ ပြန်လွှတ်ခဲ့သည်ဟု ဆိုကြပါကြောင်း။

**လှမိုး(ပညာရေး)**


ကျမ်းကိုး

(၁) ကျွန်တော်သတင်းထောက် လူထုဦးလှ

(၂) သတင်းစာမှတ်တမ်းများ

(၃) The Burma Gagette (1937) (1938)




www.burmeseclassic.com

www.burmeseclassic.com



ကဂ - ၅

ှ်က်ရတော့။ ယ်ခုနှစ်
ားခဲ့၏။ စာရေးဆရာ
၂၀၁၃ တုန်းက ဆန်
ှုဟောပြောခဲ့ကြသည်။
ှနှစ်တစ်ခု မကာမီကပင်
မသက်ဇင်က ဇင်အာရှ
ာုန်မျိုးစုံဆိုင် ဖွင့်ရောင်း
ကဗျာရေး၊ ကဗျာဖတ်နှင့်
တ်)ဝိန်းတွင် မြန်မာနိုင်ငံ
ာရင်၊ ချင်း၊ ရခိုင် စသည်)
နိုင်ငံသား သည်ဟောက်များ

www.burmeseclassic.com

www.burmeseclassic.com

သလို အခြားမည်သည့်ပြည်နယ်တွင်မျှ သည်လောက်များများမရှိသော မြန်မာကုန်မျိုးစုံစတိုးဆိုင် Groceries ၁၃ ဆိုင်ရှိသည်။ စားသောက်ဆိုင် သုံးဆိုင်ရှိသည်။ ဆံပင်ညှပ်ဆိုင်နှင့် ဆံပင်အလှပြင်ဆိုင် နှစ်ဆိုင်၊ ကားအရောင်းဆိုင်တစ်ဆိုင် ရှိသည်ဟု မြန်မာတိုင်းရင်းသားများ အကျိုးဆောင် Burma Advocay Centre ၏ မှတ်တမ်းတွင်တွေ့ရှိရသည်။

သူ၏ဆိုင်သည် မြန်မာစားသောက်ကုန်မျိုးစုံ(စားကုန်) အဝတ်အထည်၊ ဆေးဝါး၊ အိမ်သုံးပစ္စည်း စသည်ဖြင့် စုံလင်လှရာ သိမ်ကြီးဈေးက ကုန်မျိုးစုံဆိုင် တစ်ဆိုင်ကို ရောက်နေရသလိုပင်။ သူ(ဆောင်းဝင်းလတ်)က ကျွန်တော်က ဆိုင်အကူ မသက်ဇင်က ဦးဆောင်နေတာဟု ဆို၏။ ဟုတ်ပေမည်။ စာရေးဆရာ၊ ကဗျာဆရာဆိုသော သူများစွာသည် ထိုအတိုင်းပင် ဖြစ်နေတတ်၏။ ဇနီးသည်တို့က အိမ်ထောင်ကို ကျားကန်ပေးထားတတ်ကြရသည်ပင်။

ဖို့(တ်)ဝိန်းသည် အင်ဒီယားနားပြည်နယ်တွင် ဒုတိယအကြီးဆုံးနှင့် ဒုတိယလူဦးရေအများဆုံး မြို့ဖြစ်သည်။ မြို့တော်မှာ အင်ဒီယားနားပိုလစ်(Indianapolis) ဖြစ်၍ လူဦးရေ ရှစ်သိန်းကျော်ရှိ၏။

အသေးဆုံးမြို့ကလေးဖြစ်သည့် Cannelton မြို့ကလေးသည် လူဦးရေ ၁၅၀၀ ကျော်ပဲ ရှိသည်ဟု ဖော်ပြထား၏။ ဖို့(တ်)ဝိန်းရှိ လူဦးရေ ၂ ဒသမ ၅ သိန်းခွဲတွင် မြန်မာရှစ်ထောင်ဆို၍ သုံးရာခိုင်နှုန်းလောက်ဟု ဆိုနိုင်ပေသည်။ (အမေရိကန်ပြည်ထောင်စုတွင် အာရှတိုက်သားခြောက်ရာခိုင်နှုန်းကျော် ရှိသ- ဆို၏။)

ဖို့(တ်)ဝိန်းကို ရောက်ကတည်းက မိုးတဖွဲဖွဲနှင့် ကြုံရ၏။ ညနေတိုင်း မိုးရွာသည်။ ယခု ဇွန်လဆိုတော့ မြန်မာလို နယုန်လ ဖြစ်သည်။ ဇူလိုင်လတွင် ဖို့(တ်)ဝိန်း၌ မိုးအများဆုံးဆို၏။ အပူချိန်ကလည်း ၇၀ ဒီဂရီ ၉၀ ဒီဂရီ ဖာရင်ဟိုက်အကြား ရှိသည်။ မြန်မာနိုင်ငံနှင့် တူလှ၏။ သည်မှာရှိနေကြသော မြန်မာနိုင်ငံမှ လာသူများသည် မိမိတို့ အိမ်ဝင်း၌ မုန်လာ၊ ခရမ်း၊ ရုံးပတီ၊ နံနံ၊ ဂေါ်ဖီ စသော လပိုင်းအတွင်း ခူးဆွတ်နိုင်သည့် သီးနှံများကို စိုက်ပျိုးကြကာ ကုန်စုံဆိုင်များတွင် လာသွင်းကြသည်။ နောက်ပြီး မုန့်ကျွဲသည်း၊ ရေချောက်ကျော်၊ သာကူ၊ ခါဂျာမုန့်၊ ပဲကြော် စသည့်မုန့်မျိုးစုံတို့ကို ပြုလုပ်ကြော်ချက်ကာ ဘူးကလေးများဖြင့် ဆိုင်မှာ လာသွင်းကြသည်။ မြန်မာအစားအစာ စုံအောင်ရသည်။

ဖို့(တ်)ဝိန်းရောက်ပြီး မကြာမီ ကိုမျိုးမြင့်နှင့် သူ့ဇနီး ကာရင် (Karen) တို့ လိုက်ပို့သော နေရာများစွာတွင် မြန်မာပြည်ကို သတိရစေသော မြစ်ဆုံအကြောင်း ရေးချင်သည်။

ဖို့(တ်)ဝိန်းသည် မြစ်သုံးသွယ်ကို ပိုင်ထား၏။ အရှေ့မြောက်မှ စီးလာသော St. Joseph River မြစ်နှင့် မြို့အလယ်တည့်တည့်တွင် ပေါင်းဆုံမိသည်။ ထိုမြစ်သွယ်နှစ်စင်းဆုံရာမှ မြစ်ကြီးတစ်စင်း Maumee Laumee River ဖြစ်လာပြီး မြို့ကို အနောက်မှ အရှေ့သို့ ဖြတ်သန်းစီးဆင်းကာ OHio ပြည်နယ်ထဲရှိ Lake Erie ထဲသို့ စီးဝင်လေသည်။ ထို့ကြောင့် မြစ်သုံးသွယ်သည် မြောက်၊ တောင်၊ အရှေ့ အနောက် ဝန်းရံထားသလို ဖြစ်နေရာ မေခ၊ မလိခ နှင့် ရောဝတီမြစ်တို့၏ ပေါင်းဆုံစီးဆင်းခြင်းကို သတိရမိလေ၏။

ကျွန်တော်တို့သည် မြစ်ဆုံကိုကြည့်ရန် Columbia Avenue လမ်းပေါ်ရှိ တံတားကြီးသို့ သွားရောက်ကြပြီး ထိုတံတားပေါ်မှ မြစ်ဆုံရှိရာကို ကြည့်ခဲ့ကြသည်။ ထိုတံတားကြီးမှာ ၁၉၂၆ ခုနှစ်ကပင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၁ ခုနှစ်က အသစ်တစ်ဖန် မွမ်းမံတည်ဆောက်ခဲ့သည်။ (၁၉၇၂ ခုနှစ်ကမူ အတန်ငယ်ပြင်ဆင်ခဲ့သေးသည်။) မြစ်နှစ်မြွာ ဆုံပေါင်းရာ ကျွန်းထိပ်သစ်တောရိပ်ကလေးသည် လှပနေသည်။ မြစ်ရေက ကြည်နေသည်။ ရေက မကြည်လင်။ မြစ်၏ ကမ်းဘေးတစ်ခု (St. Joseph မြစ်ကမ်း)တွင် လူလျှောက်လမ်းကို သပ်ရပ်လှပစွာ လုပ်ထားလေသည်။ မြစ်ကမ်းဘေးများရှိ သစ်ပင်တို့သည် တိုက်တာတို့ကို နောက်ခံပြုထားသော ရှုခင်းပေတည်း။ ဖို့(တ်)ဝိန်းမြို့ကို တည်ခဲ့သူဟု ဤစာ၏ အစ၌ ဆိုခဲ့သည့် Anthony Wayne နှင့် မကြာမီက တွေ့ရလေသည်။

မြို့လယ် Main St. နှင့် Clinfon St. တို့၏ ဆုံရာ လမ်းထောင့်တွင် Freimann Square အမည်ရှိ ပန်းခြံကလေးရှိသည်။ ရေပန်းများသည် ကန်အလယ်မှ မြင့်တက်စွာ ပန်းထွက်လေသည်။ နေလယ်အပူရှိန်ကို မြင်လိုက်ရုံဖြင့် လျော့ပါးစေသည်။ မြက်ခင်းစိမ်းစိမ်းတို့အလယ်တွင် ဖန်တီးထားသည်။ သစ်ရိပ်အောက် ရေကန်ပတ်လည်၌ ထိုင်ခုံ

www.burmeseclassic.com

ကလေးများပေါ်တွင် အပန်းဖြေအနားယူနေသူများစွာ ရှိလေသည်။ ထိုသူတို့နှင့် မနီးမဝေး မိန်းလမ်းကို ဘေးတိုက်ပြုလျက် မြင်းစီးနေသော စစ်ဗိုလ်ချုပ် Maj-General Anthony Wayn ကို ကျွန်တော်တွေ့လိုက်ရသည်။ သူသည် ခုနစ်ပေခန့်မြင့်သော မြင်းကြီးထက်တွင် စစ်ဗိုလ်ချုပ်ဝတ်စုံဖြင့် လက်ယာလက်က ဓားကိုကိုင်လျက်၊ လက်ဝဲဘက်က မြင်းဇက်ကြိုးကို ဆွဲကာ အသားကျစီးလျက်ရှိ၏။ သူ့မျက်နှာကား မာန်ထည်လှ၏။ သူ့မြင်းကလည်း ဟန်ထည်လှ၏။ မြင်ရသူတို့အား "ငါကား အောင်မြင်သူ"ဟု ပြောနေသလိုရှိတော့၏။ တကယ်လည်း အန်သိုနီဝိန်းသည် အောင်မြင်သူ ဗိုလ်ချုပ်ဖြစ်ခဲ့သည်။ အမေရိကန်ပြည်ထောင်စု၏ ပြည်နယ်တစ်ခုထဲမှ ဤမြို့ကလေးဖြစ်လာမည့် တောဇနပုဒ်ကလေးသည် ရှေးဦးနေ Native American တို့၏ ဇာတိတည်း။

လူနီ (Red India) တို့၏ ခေါင်းဆောင် Little Turtle က ဦးဆောင်လျက် ထိုဒေသတွင် လူနီမျိုးနွယ်ဝင်တို့က Kekiong ခေါ် (Black Berry Buoh ဟု အဓိပ္ပာယ်ရသည်)၌ လူဦးရေ စုစုကလေးဖြင့် နေထိုင်ခဲ့၏။

၁၆၈၀ ပြည့်လွန်နှစ်ကာလတွင် ပြင်သစ်ကုန်သည်တို့ ရောက်လာသည်။ ထုံးစံအတိုင်းပါပဲ။ အင်္ဂလိပ်တို့ ရောက်လာပြန်သည်။ ထိုဒေသတွင်ရှိသော လူနီတို့နှင့် ထုံးစံအတိုင်းပင် စစ်ဖြစ်နေခဲ့ပြန်သည်။ Mission များ၊ Merchant များ နောက်တွင် Military များ ပါစမြဲတည်း။ ထိုသို့ ပြင်သစ်လက်မှ အင်္ဂလိပ်က လုပြီးအုပ်ချုပ်သည်။ အင်္ဂလိပ်တို့ အုပ်ချုပ်ခဲ့ပြန်၏။

လွတ်လပ်ရေးရလာသော အမေရိကန်တို့သည် ထိုဒေသသို့ ဗိုလ်ချုပ်အန်သိုနီဝိန်းကို ၁၇၉၀ ပြည့်နှစ်တွင် စေလွှတ်လိုက်တော့သည်။ (၁၇၇၆ တွင် အမေရိကန်ပြည်ထောင်စု ရှေးဦးပြည်နယ်များ လွတ်လပ်ရေးရသည်။) ထို ၁၇၉၀ ပြည့်လွန်နှစ်များတွင် ဗိုလ်ချုပ်ဝိန်းသည် ဒေသခံ "လူနီ" "လိပ်ကလေး"တို့နှင့် စစ်ပွဲများ ဆင်နွှဲပြီး သိမ်းပိုက်လိုက်တော့၏။ အောင်မြင်သူပဲပေါ့။ သို့သော် ဝိန်း၏ Nick Name မှာ MAD ဟူသတည်း။ မည်သို့အဓိပ္ပာယ်ဖြင့် အကြောင်းပြုခေါ်သနည်းဆိုသည်ကို ရှာမဖတ်တော့ပါ။

ဗိုလ်ချုပ်ဝိန်းသည် သူအောင်မြင်သော ထိုဒေသကို ၁၇၉၄ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်တွင် ဖို့(တ်)ဝိန်း (ဝိန်း၏ ခံတပ်မြို့)အမည်သညာဖြင့် မြို့တည်ခဲ့လေသည်။ ယခုသော် မြို့သက် ၂၁၂ နှစ် ပြည့်တော့မည်။ သူ၏အမည်သည် အမေရိကန်မြို့သမိုင်းတွင် နှစ် ၂၂၀ ကျော်နှင့်အတူ တည်ရှိနေဆဲပင်။ ထိုစဉ်က လူဦးရေ ၁၀၀၀ ကျော်သာ ရှိခဲ့သော ဝိန်းခံတပ်မြို့ကလေးသည် ယခု နှစ်သိန်းခွဲကျော်နေပေပြီ။ မြို့လမ်းများတွင် Wayne ဟု တစ်မျိုး၊ Anthony ဟုတစ်သွယ်၊ အပြည့်အစုံ Anthony Wayne ဟု တစ်နည်း အမည်များရှိသည်။

၁၉ ရာစု၏ အထိမ်းအမှတ် ဘုရားကျောင်းများ (Church) များစွာရှိသည်။ ၁၈၅၉ ခုနှစ်က တည်ခဲ့သော ဂေါ့သစ်ဟန်ကာသီဒရယ်ဘုရားကျောင်း။ ၁၉၀၂ ခုနှစ်က တည်ခဲ့သော Allen County Counthouse တရားရုံးကြီးတို့သည် ဖို့(တ်)ဝိန်းတွင် ဘုရားနှင့် တရားနှင့်ဟု ပြောရမည့် မှတ်တမ်းများပင် ဖြစ်သည်။

ထူးထူးခြားခြား မှတ်မိလိုက်သည်က ယခုရှိမြို့တော်ဝန် Tom Henry သည် ၂၀၀၇ ခုနှစ်ကပင် စတင် တာဝန်ထမ်းဆောင်ခဲ့ရာ သက်တမ်း နှစ်ဆက်တိုက်ဆက်တည်း ရှိခဲ့လေပြီ။ သူသည် ဒီမိုကရက်တစ်ပါတီဝင် ဖြစ်သည်။

ဖို့(တ်)ဝိန်းသည် ယခုအခါ အမေရိကန်ပြည်ထောင်စုတွင် အေးချမ်းသော မြို့ငယ်ကလေးတစ်မြို့ဟု ဆိုနိုင်သော်လည်း (အမေရိကန်ပြည်ထောင်စုတစ်ခုလုံးအနေဖြင့် ၇၇ ဆင့်ရှိသော လူဦးရေအများဆုံး တန်းစီဇယားအရကြောင့်) ဖွံ့ဖြိုးတိုးတက်မှုသည် သင့်တင့်ကောင်းမွန်သည်ဟု ဆိုနိုင်ပေသည်။

ဗိုလ်ချုပ်ဝိန်းတည်ခဲ့သော ခံတပ်မြို့ကလေးသည်ကား အတော်ဟောင်းနွမ်းနေလေပြီ။ သမိုင်းဝင်ရှေးဟောင်း အဆောက်အအုံများသည်လည်း ပေါများနေလေပြီ။ နေစရာ၊ ကြည့်စရာ၊ ပြောစရာ အသင့်အတင့်ရှိ၏။

ထို့ကြောင့် ဖို့(တ်)ဝိန်း (ခံတပ်မြို့)ဟု ခေါ်ပါသည် ဟုဆိုရပါကြောင်း...။

**မောင်ကောင်းမြင့်**



www.burmeseclassic.com

www.burmeseclassic.com

**စာရေးဆရာမောင်စိန်ဝင်း(ပုတီးကုန်း)ထံမှ နှစ်ပေါင်း(၂၀)နီးပါးက စာတစ်စောင်**

ဆရာဦးအောင်မိုးဇော်(အသက်တန်း နက္ခတ္တဗေဒ၊ လက္ခဏာပညာရှင်)အား
၁၉၉၃-ခုနှစ်တွင် တွေ့ဆုံ၍ ဘဝရေးရာများကို
မေးမြန်းခဲ့ရာ ကျွန်တော့်အား ၁၉၉၄ ခု ဖြတ်လာအတွင်း
မြန်မာပြည် အရှေ့မြောက်ဘက်ရှိ တိုင်းပြည်သို့
ပညာတော်သင်ခရီး သွားရောက်ရမည်ဟု ဟောကြားခဲ့ပါသည်။
ယခုအခါတွင် ဆရာ၏ ဟောကြားချက်များအတိုင်း
အရှေ့တိုက်ပြည်သူ့သမ္မတနိုင်ငံသို့ (၁၅-၈-၁၉၉၄)နေ့တွင်
ပညာတော်သင်အဖြစ် သွားရောက်ခဲ့ရပါသဖြင့်
ထိရောက်မှန်ကန်စွာ ဟောကြားခဲ့သော ဆရာ၏ပညာရပ်များကို
လေးစားစွာ ဂုဏ်ပြုလိုက်ပါသည်။

သိန်းဝင်း
B.E (Mech.)
စက်ပစ္စည်းစက်ရုံ အမှတ်(၁)

၂၁ ရာစု

# ဆရာဦးအောင်မိုးဇော်

(Ex. တပေဗိမာန်)

အသက်တန်း လက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်
ASTRO-PALMIST EXPERT
သင်တန်း နည်းပြ

အလုပ်ခန်းနေရာ
အမှတ်(၁၄)၊ ရွှေဘုန်းပွင့်ဘုရားရှေးတန်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အလုပ်ချိန် - နံနက်(၈း၃၀)မှ ညနေ(၆း၀၀)နာရီထိ

# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

## လိပ်ခေါင်းရောဂါမှန်လျှင် ဒိဋ္ဌိပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလိုးမဖြတ်၊ မြန်မာ့နည်း မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများစွာ၏ ဓာတ်ပုံနှင့် ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့ လာရောက်လေ့လာနိုင်ပါသည်။(နိုင်ငံခြားမှ ခွဲစိတ်ကုသမှုခံသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနာဟယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

မှတ်ချက်။ ။လိပ်ခေါင်းရောဂါသည် တားဆေးသက်သက်ဖြင့် လုံးဝပျောက်ကင်းပါ။

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန်(လိပ်ခေါင်းအထူးကုပိဋ္ဋကာ)

**ရန်ကုန်ဆေးခန်းဌာနခွဲ**
အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၈၉၃၉၃၊ ၀၉-၂၅၀၁၃၄၂၄၊ ၀၉-၈၇၂၄၆၄၆၁၁
၃၃-၁၄လမ်းကြား၊ ၈၀-၈၁လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၀၊ ၀၉-၉၁၀၄၄၀၂၅

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဆည်းဆာရနံ့ သင်းပျံ့မွှေးကြည်

လေးသူစံ

"ဟယ်…မလေး တစ်ကိုယ်လုံး လည်း ပရုပ်ဆီစော်တွေ ဆေးစော်တွေ မွှေးလို့ပါလား။ လူမရောက်ခင်ကတည်းက အနံ့တွေရလို့၊ ဘယ်လိုဖြစ်နေရတာလဲ"

စန်းက ကျွန်မတစ်ကိုယ်လုံးကို စေ့စေ့စပ်စပ်ကြည့်ရင်း နှာခေါင်းတရှုံ့ရှုံ့ဖြစ်နေသည်။ ခါးလည်းနာ၊ လက်ပြင်ကလည်းအောင့်၊ လက်ကလည်း ကိုက်နေခဲ့သဖြင့် တေဇောဘမ်းတွေကို အားပါးတရ လူးလာခဲ့ခြင်းပင်။ လုပမွှေးပျံ့နေပါသောစန်းကိုကြည့်ကာ အားနာသွားရသော်လည်း မတတ်နိုင်။

"မခံနိုင်လောက်အောင် နံ့နေလားဟင်"

"နံ့တာအရေးမကြီးပါဘူး။ မလေး လိုက်နိုင်ပါ့မလား"

"လိုက်နိုင်ပါတယ်။ လုပ်နိုင်ပါတယ်။ ခါးက ထုံးစံအတိုင်း နည်းနည်းနာတာပါ။ ရပါတယ် သွားကြမယ်လေ"

ကျွန်မက သိပ်မဖြစ်လေဟန်နှင့် ပြောလေမှ စန်းကလက်ခံပြီး ကရဝိက်သို့ခေါ်ခဲ့ပါသည်။ သည်နေ့ ကရဝိက်မှာ အရေးကြီးသည့် ညစာစားပွဲရှိသည်။ တွေ့ဆွေးဧည့်ခံရမည့်ဟင်းတွေကို စစ်ဆေးကြည့်ရှုခြင်း၊ ဧည့်ခံဖျော်ဖြေမည့် သီချင်းတွေ၊ အကတွေကို စစ်ဆေးခြင်း။ မင်းသား၊ မင်းသမီး စသည့် ဖျော်ဖြေမည့် အနုပညာရှင်တို့၏ အဝတ်အစားတွေကို အသစ်ဝယ်ပေးရခြင်းနှင့် ပြုပြင်ပေးရခြင်းများ။ လိုက်ကာအသစ်များ တပ်ဆင်ပေးရခြင်း စသည့်အလုပ်တွေကို စန်းက ပြုလုပ်ရမည်။ ထိုအခါ စန်းအနားမှာနေရသည့် ကျွန်မလည်း ထိုလုပ်ငန်းများကို ကျွမ်းကျင်နေရပါလေသည်။

စန်းနှင့်ကျွန်မတို့ ကရဝိက်နန်းတော်တွင် အလုပ်များနေခဲ့ကြသည်မှာ တစ်ပတ်ခန့်ရှိခဲ့ပြီ။ မနေ့က တစ်နေကုန်ပင် လိုက်ကာကြီးမှာ နှင်းဆီပန်းပွင့်တွေကို သီပေးခဲ့ကြရသည်။ အဲဒီမှာ ခါးနာသွားခဲ့ခြင်းဖြစ်သည်။ ကျွန်မက ခါးဆစ်ရိုး နံပါတ်နှစ် ကျိုးထားသည်ကြောင့် ခါးပတ်နှင့် နေနေရသည့်သူ။ အချိန်မရွေး အလွယ်တကူ ခါးနာတတ်သည့်သူ။

အလုပ်ရှင် စန်းကိုယ်တိုင်က မင်းသားပခုံးတင်တွေမှာ ဘော်ကြယ်တွေထိုးနေသည်ဆိုလေတော့ ကျွန်မတို့လည်း ပန်းပွင့်တွေ သီရသည်မှာ မဆန်း။ အလုပ်တွေများမည့် သည်နေ့မှ တစ်ကိုယ်လုံး ကိုက်ခဲနေခဲ့ရသည်။ စန်းက အားနာပြီး ထားခဲ့မှာစိုး၍သာ ဘာမှမဖြစ်လေ ဟန်ဆောင်ထားရသော်လည်း အသက်ရှူလိုက်တိုင်း ညာဘက်ကျောပြင်က အောင့်နေခဲ့ရပါသည်။ ထို့ကြောင့် တေဇောဘမ်းတွေကို လိမ်းလာခဲ့ရခြင်းပင်။

ကျွန်မတစ်ကိုယ်လုံး လိမ်းဆေးစော်တွေ နံ့နေရသည့်အခါ အဘိုးကြီး၊ အဘွားကြီးတွေအနား ကပ်လိုက်လျှင် သည်လိုဆေးစော်တွေ နံ့နေတတ်သဖြင့် နှပျို့စဉ်အရွယ်တုန်းက နှာခေါင်းပိတ်ထားမိတတ်တာကို သတိလည်းရ၊ နောင်တလည်းရနေခဲ့ရပြီ။ ယခုအချိန်မှာ ကိုယ်တိုင်ပင် ဆေးလိမ်းတာတွေ-သွေးဆေးတွေ ကြိုင်လှိုင်နေတတ်သည့် အဘွားအိုပေါက်စဘဝသို့ ချဉ်းနင်းဝင်ရောက်ခဲ့ပြီရော။

တစ်ဆက်တည်းမှာပင် လွန်ခဲ့သော ဆယ့်ငါးနှစ် ၁၉၉၃ ခုနှစ်က ရွှေမင်းဝံရိပ်သာမှာ တရားထိုင်နေခဲ့စဉ်က တွေ့ဆုံခဲ့ရဖူးသည့် အချိန်ပြည့်ဆေးစော်တွေနံ့နေတတ်ပါသော အဘွားအိုတစ်ယောက်ကို ဖျတ်ခနဲ သတိရသွားမိခဲ့တော့တာ…။

****

အဝတ်အစား ဗိုသီဖတ်သီ ညစ်



www.burmeseclassic.com

www.burmeseclassic.com

ထပ်ထပ်၊ ခေါင်းကစုတ်ဖွား၊ ပုဆိုးဟောင်းနှင့်ရုထပ်ထားသည့် အထုပ်ကြီးကတစ်ထုပ်၊ ခြင်းခပ်ယိုင်ယိုင်က တစ်လုံး။ ချေးတွေ ရွှဲနစ်နေသည့် မျက်နှာကြီးကလည်း ရယ်လိုက်သည့်အခါ သွားတစ်ချောင်းမှမရှိတော့သဖြင့် ထိတ်လန့်စရာပင် ကောင်းနေတော့သည်။

မြင်လျှင်မြင်ချင်း စိတ်ညစ်ညူးခဲ့ရပြီရော။ သည်လိုမျိုး နံနံစော်စော် အဘွားကြီးတစ်ယောက်ကိုမှ အခန်းထဲပို့လိုက်ရသတဲ့လား။ အတူနေရမှာတဲ့လား။ ရက်စက်လိုက်တာ အဆောင်မှူးရယ်ဟု မြည်တမ်းမိပြီးမှ ဒါ...တရားလာရှာတဲ့ ယောဂီရဲ့စိတ်ထားလား။ မွှေးမွှေးကြိုင်ကြိုင်၊ နံနံစော်စော်၊ ချမ်းသာသာ၊ ဆင်းရဲရဲ၊ ငယ်ငယ်ကြီးကြီး တရားရိပ်သာမှာ ရှာန်ရွေးနေလို့ မဖြစ်ဘူးလေဟု ဆင်ခြင်ရပြန်သည်။

တရားရှာတဲ့အခါမှာ မိမိကိုယ်ကို သည်းခံရမည်။ သဘာဝကိုသည်းခံရမယ်။ ပတ်ဝန်းကျင်ကိုလည်း သည်းခံရမယ်ဟု ဆရာတော်ဘုရား မိန့်ထားခဲ့သည်ပဲ။ သည်းခံ...သည်းခံ...အင်း။

ဟင်...ဝေါ့...နံလိုက်တာ။ ဘာနံ့ကြီးလဲ။ အော်ဂလီဆန်သွားရသည်။ အဘွားကြီးကို ကျောပေးပြီး အဝတ်အစားလဲလှယ်နေရင်းမှနေ အမှတ်တွေ လွှတ်သည်ထက်လွှတ်စွာ လှည့်ကြည့်မိသွားသည်...။ အဘွားကြီးက ပုလင်းကြီးတစ်ခုကို ဖွင့်ကြည့်နေ၏။

"ဟင်...အဘွား...ဘာတွေလဲ ဘာနံ့ကြီးလဲ။ ခေါင်းကိုကိုက်လာရော"

"ရောက်သီးကို ဆေးနဲ့ ပျားရည်စိမ်ထားတာပါ။ အဘွားက လေအောင့်တတ်လွန်းလို့ပါကွယ်"

ပုလင်းကို ကမန်းကတန်းပြန်ပိတ်ပြီး ပြောနေသည့် အဘွားကြီး၏စကား၊ မဆုံးခင်မှာပင် ရေချိုးခန်းသို့ ထွက်ခဲ့သည်။ ဒုက္ခပါပဲ။ ဒီလောက်နံစော်နေတာကြီးကို စားဦးမယ်တဲ့။ လူကန်၊ ဆေးကန်။ သူ့ဘာသာစားတာ ဘာဖြစ်လဲ။ အို...တစ်ခန်းတည်းဆိုတော့ သူစားတဲ့အချိန်မှာ နံနေမှာပေါ့။ မခံနိုင်ရင် အခန်းအပြင်ထွက်နေ။ ဒါမှမဟုတ်၊ တို့မရှိတဲ့အချိန်မှာ သူ့ကို စားခိုင်း။ အဲဒါ ကောင်းတယ်။ ကျွန်မ တရားသလား။ မတရားဘူးလားဟုတွေးရင်း လိပ်ပြာမလုံ။

"သမီး ခေါင်းသိပ်ကိုက်သွားလား။ အဘွား အားနာလိုက်တာ။ ပုလင်းကို ခုတင်အောက် ဟိုးချောင်ထဲပို့ထားလိုက်ပြီ။ ရောက်သီးက မနူးသေးလို့ မစားဖြစ်သေးပါဘူး။ သမီးမကြိုက်တာ ရှိခဲ့ရင် အဘွားကို ချက်ချင်းပြောနော်။ အဘွားလေ အိမ်ကထွက်ကတည်းက ဆုတောင်းလာခဲ့တယ်။ ရိပ်သာရောက်ရင် အခန်းဖော်ဟာ သူတော်ကောင်းဖြစ်ပါစေ၊ ညာတာတဲ့သူနဲ့သာ ဆုံပါစေလို့"

ကျွန်မ အခန်းတွင်းသို့ပြန်ရောက်လာသောအခါ အဘွားပြောသည့်စကားတို့ကို နားထောင်ရပြီး မနေတတ်ဖြစ်နေရတော့သည်။

****

"အဘွားနာမည် ဒေါ်သောင်းပါ။ သက်နှင်းကျွန်းမှာနေပါတယ်၊ အဘွားခင်ပွန်း ဆုံးသွားခဲ့တာကြာပါပြီ...။ ယောက်ျားကပါလာတဲ့ သားသမီးတွေနဲ့ နေပါတယ်။ အားတော့ မကိုးရပါဘူး။ ခင်ပွန်းဆုံးသွားခဲ့ပေမယ့် သူက ဆိပ်ကမ်းအလုပ်သမားမို့ ပင်စင်တစ်ရာကျော် ထားခဲ့ရှာပါတယ်။ သူ့ပင်စင်ရယ်၊ မွေးစားသမီးလေး ဈေးရောင်းကျွေးတာရယ်နဲ့ ရုန်းကန်လာခဲ့ကြတာပဲလေ။ အခု မွေးစားသမီးလေး ဆုံးသွားတဲ့အခါ ပူလောင်နေတဲ့သောကတွေကို ငြိမ်းချင်တယ်။ နောက်ထပ်ဘဝတွေထပ်ရမှာကို ကြောက်နေမိပြီ။ ဒီခန္ဓာကြီးကိုလည်း ရွံမုန်းနေခဲ့ပြီသမီး။ ဒါကြောင့် ရိပ်သာဝင်ခဲ့တာ။ ဆွမ်းစရိတ်ကို ဟိုလူက ဆန်တစ်ပြည်လှူ၊ ဒီလူက ဆန်တစ်ပုလင်းလှူ၊ ဆပ်ပြာလှူကြနဲ့ အဲဒါတွေကိုရောင်းချပြီး အင်း...ငွေကုန်တာနဲ့ အထုပ်ပိုက်ပြန်ရတော့မှာပါလေ။ ဥစ္စာစဉ်မနာနိုင်တောင်မှ တစ်လလောက် အားထုတ်ကြည့်ချင်တာ"

စကား၊ အစား၊ အအိပ်တို့ နည်းပါးရမည့် တရားနယ်မြေတွင် တတွတ်တွတ် ညည်းညူပြောဆိုနေလေ့ရှိသူ အဘွားကြောင့် သနားလည်းသနား။ စိတ်လည်းညစ်ခဲ့ရပါသည်။

ဤရွှေမင်းဝံတရားရိပ်သာကို ခိုလှုံခဲ့သောကျွန်မသည် အဘွားကဲ့သို့ပင် ဘဝတွေထပ်ရလာမှာကို ကြောက်ရွံ့ခဲ့လို့လား။ ဒီခန္ဓာကြီးကို ရွံမုန်းနေလို့လား။ ဤကဲ့သို့ ဆန်းစစ်ကြည့်သောအခါ ဘဝကို၊ ခန္ဓာကိုမြတ်နိုး၍ ရောက်လာခဲ့ရခြင်းဟု အဖြေထွက်တော့သည်။

www.burmeseclassic.com

အဘယ့်ကြောင့်ဆိုသော် ကျွန်မတွင် ခွဲစိတ်ကုသရမည့် ရောဂါတစ်ခုရှိနေသောအခါ တရားထိုင်လျှင် မခွဲစိတ်ရဘဲနှင့် ရောဂါများ ပျောက်ကင်းချမ်းသာသွားကြောင်းကို လက်တွေ့မြင်ရကြားရသည့်ကြောင့် ဤခန္ဓာကြီး တည်မြဲလုပနေစေရန် ရည်ရွယ်ချက်ဖြင့် ရောက်လာခဲ့ရသော ကျွန်မက ရက်ရှည်နေခဲ့ပြီး ထကယ်တရားလိုလားသည့် အဘွားက ဆယ်ရက်စာ ဆွမ်းစရိတ်ကုန်တာနှင့် ပြန်ရမည်ဆိုတာက သဘာဝမကျ။

ထို့ကြောင့် နောက်ထပ်ဆယ်ရက်စာ ဆွမ်းစရိတ်ကို ကျွန်မလှူလိုက်သည်။ ပြီးတော့ မိတ်ဆွေအချို့ကို အဘွားအကြောင်း ပြောပြမိခဲ့သည်။ ထိုအခါ ဆွမ်းစရိတ် ဆယ်ရက်စာလှူသူတွေ၊ ဥဿစင်တရားနာသည်အထိ ထောက်ပံ့သူတွေ၊ စောင်၊ အထည်၊ အစရှိ သဖြင့် လှူဒါန်းကြသူတွေ ပေါ်ပေါက်လာခဲ့ကြပါသည်။

တရားရိပ်သာဆိုသည်မှာ ကိလေသာတဏှာတွေ၊ သံယောဇဉ်တွေကို ဖြတ်သတ်နိုင်ရမည့်နေရာ ဆိုသော်လည်း ကျွန်မမှာ သံယောဇဉ်တွေ ရစ်ပတ်နှောင်ဖွဲ့နေခြင်း ခံနေရသည်။ ဖြစ်နိုင်လျှင် အခန်းဖော်နှင့်တောင်မှ စကားမပြောမိစေရန် ဝစီပိတ်ကျင့်နိုင်လျှင် အကောင်းဆုံးပဲဟု ဆရာတော်ဘုရား ဆုံးမိန့်နေသည့်ကြားထဲကနေ ကျွန်မ တည့်မှုအလုပ်တွေ ရှုပ်ပွေနေခဲ့ပါသနည်း။

"အဘွား ခေါင်းစုတ်ဖွားကြီးနဲ့ ဆွမ်းခံပေါ်မတက်နဲ့နော်။ ခေါင်းကို သပ်သပ်ရပ်ရပ်လေးလုပ်သွား။ ရေလည်း နေ့တိုင်းချိုးပါ။ လူလည်းလန်းဆန်းတယ်။ အဘွားရဲ့ ဆေးတွေကြောင့်လည်း မန်စေတော့ဘူးပေါ့။ ကြည့်စမ်း တဘက်ပတ်ထားလိုက်တာ တွန့်ကြေလို့။ တဘက်ကို ခေါင်းအုံးအောက်ထားအိပ်မှ မီးပူတိုက်သလိုဖြစ်မှာပေါ့။ သူများတွေက အဘွားကို ကဲ့ရဲ့ပြစ်တင်ကြလိမ့်မယ်။ အခုဆို အဘွား တရားမှတ်နိုင်၊ ထိုင်နိုင်တာရယ်၊ သန့်ရှင်းနေတာရယ်ကြောင့် လှူနေကြတာမို့လား။ ဟော···အဘွားကတော့ လုပ်ပြန်ပြီ။ ဆံပင်မွေးတွေ ဟိုလွင့်၊ ဒီလွင့်နဲ့ ရှိတယ်။ အဘွားရဲ့ ကွမ်းမှော်တွေကလည်း ကြည့်ထွေးဦး။ အင်း··ခက်တယ်"

တကယ်ခက်နေတာက သိပ်ကို ဇီဇာကြောင်လွန်သည့် ကျွန်မပဲ ဖြစ်မည်။ သို့သော် တတွတ်တွတ်နှင့် ဆရာလုပ်နေသည့်ကျွန်မကြောင့် ရိပ်သာရောက်မှ အဘွားပုံစံနှင့် လားလားမှ မတူတော့ဘဲ သန့်ရှင်းသပ်ရပ်လာခဲ့သည်။ ဆရာတော်ဘုရား၏ ဆုံးမဩဝါဒတရားတွေကြောင့် အချိုးကျနေသည့် ယောဂီအသွင်မို့လည်း မြင်သူတိုင်းက ကြည်ညိုချစ်ခင်စွာ လှူဒါန်းသွားကြပါသည်။ တရားကို ရိုသေစွာ ကျင့်ကြံခဲ့သဖြင့် တရားတော်က ပြန်လည်စောင့်ရှောက်ခဲ့ခြင်း ဖြစ်ပါတော့သည်။

****

"ဘုရားရှင်က ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်ကြီးမှာ သီတင်းသုံးနေတော်မူစဉ် အရုဏ်တက်ခါနီးအချိန်မှာ သမာပတ်ကထပြီး မဟာကရုဏာဉာဏ်စက္ခုနဲ့ လောကကို ကြည့်ရှုတော်မူပါတယ်။ ဒီအခါမှ မြို့တွင်းလှည့်လည်တောင်းစားနေတဲ့ စဏ္ဍာလအမယ်အိုကြီးဟာ ဘုရားရှင်ရဲ့ ဉာဏ်တော်မှာ ထင်လာခဲ့ပါတယ်။ အမယ်အိုကြီးဟာ နာရီပိုင်းအတွင်းမှာပဲ သေဆုံးတော့မယ်။ သူ့မှာ အားကိုးလောက်တဲ့ ကုသိုလ်ရယ်လို့မရှိ။ မကောင်းမှုအကုသိုလ်တွေကသာ များစွာရှိနေပြီး ဆိုးကျိုးတွေပေးဖို့အတွက် စဏ္ဍာလီရဲ့သေဆုံးချိန်ကို ငံ့လင့်နေသလို ဖြစ်နေပါတယ်။

"ငါဘုရားဟာ··စဏ္ဍာလီကို အပါယ်ကျမယ့်ဘေးမှ တားမြစ်ပေးရတော့မယ်"လို့ရည်ရွယ်ပြီး နောက်ပါသံဃာတော်များနှင့်အတူ မြို့တွင်း ဆွမ်းခံကြွတော်မူပါတယ်။ ဒီအချိန်မှာ စဏ္ဍာလီကလည်း တောင်ဝှေးကို အဖော်ပြုပြီး အိမ်စဉ်လှည့်လည်တောင်းဖို့ ထွက်လာပါတယ်။ ဘုရားရှင်နဲ့ လမ်းကြားမှာ ရင်ဆိုင်တွေ့ကြပြီး ဘုရားရှင်ကလည်း သွားလမ်းကို ပိတ်ဆို့ထားသလို စဏ္ဍာလီရဲ့တည့်တည့်မှာပဲ ရပ်နေတော်မူပါတယ်။

ဒီအခါ ဘုရားရှင်ရဲ့ရည်ရွယ်ချက်ရယ်၊ စဏ္ဍာလီသက်တမ်းကုန်ဆုံးချိန်ကို သိနေတာရယ်တို့ကို သိရှိတော်မူတဲ့ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်က အခုလိုပြောဆို တိုက်တွန်းတော်မူပါတယ်။ "အို···စဏ္ဍာလီ၊ သင်ဟာ လောကသုံးပါးရဲ့ ကိုးကွယ်ရာဖြစ်တော်မူတဲ့ ဘုရားရှင်ရဲ့ခြေတော်အစုံကို ရှိခိုးလိုက်ပါတော့လား။ မြန်မြန်ဆန်ဆန်ပဲ ရှိခိုးလိုက်ပါ။ သင့်ရဲ့အသက်ဟာ အင်မတန် တိုတောင်းလှပါတော့တယ်" ဆိုတဲ့ မိန့်စကားကိုကြားရတဲ့အခါ စဏ္ဍာလီဟာ ထိတ်လန့်တုန်လှုပ်ပြီး ဘုရားရှင်



www.burmeseclassic.com

www.burmeseclassic.com

အပေါ်မှာ ကြည်ညိုစိတ်နဲ့ ရှိခိုးဦးချလိုက်ပါတယ်။

ပြီးတော့ အသာအယာထပြီး လက်အုပ်ချီမိုးရှိခိုးရင်း လမ်းဘေးဖယ်ဖာရပ်လျက် ဘုရားဂုဏ်တော်ကို အာရုံပြုပြီး ဖြစ်ပေါ်လာတဲ့ နှစ်သက်မှုပီတိနှင့် တည်ကြည်ငြိမ်သက်နေပါတယ်။ ဘုရားရှင်လည်း ဆက်လက်ပြီး ဆွမ်းခံဝင်တော်မူသွားခဲ့ပါတယ်။ စဏ္ဍာလီသူအိုမကြီးကလည်း ဘုရားရှင်နှင့်တကွ သံဃာတော်များကိုကြည်ညိုရင်း လမ်းဖယ်ပေးရတဲ့ ကုသိုလ်စိတ်ရယ်၊ ဘုရားရှင်ရဲ့ခြေတော်အစုံကို ရှိခိုးပူဇော်လိုက်ရတဲ့ ကုသိုလ်စိတ်တို့ရယ်ကြောင့် ပီတိသောမနဿတွေ ဖြစ်ပေါ်နေစဉ်မှာပဲ နောက်လိုက်သားငယ်ရှိနေတဲ့ နွားမတစ်ကောင်က စဏ္ဍာလီကို ဝှေ့သတ်လိုက်ပါတော့တယ်။ စဏ္ဍာလီဟာ လူ့ပြည်က သေသွားတာနှင့်တစ်ပြိုင်နက် တာဝတိံသာနတ်ပြည်မှာ နတ်သမီးတစ်သိန်းခြံရံတဲ့ ဘုံဗိမာန်ကြီးကို စဏ္ဍာလီအမည်နှင့်ပဲ နတ်စည်းစိမ်တွေကို ခံစားစံစားရရှိသွားပါတော့တယ်"

ကျေးရွာရှင် ရွှေမင်းဝံဆရာတော် ဘုရားဟောကြားနေသည့် တရားတော်ကို ရိုသေစွာနာယူရင်းနှင့် ရင်ထဲမှာပီတိတွေ တစ်စိမ့်စိမ့်၊ တစ်သိမ့်သိမ့် ကြက်သီးကလည်း ဖျင်းခနဲ။

သက်တမ်းအရကြည့်လျှင် . . . အဘွား ဒါသောင်း၏ နေဝင်ချိန်က နီးခဲ့ပြီရော။ သည်လိုနေဝင်ချိန်မျိုးမှာ တရားတော်ကို ပြည့်စုံစွာအားထုတ်နိုင်စေရန် ကူညီဆော်ဩပေးခဲ့မိသည့် ကျွန်မ၏ကုသိုလ်စိတ်ကို အားရကျေနပ်သွားခဲ့ရပြီ။

စဏ္ဍာလီနှင့် အဘွားဒေါ်သောင်းတို့ကဲ့သို့ ဘဝနေဝင်ချိန်ကို ရောက်နေပြီဖြစ်ရှာသော အဘွားအိုကြီးတစ်ယောက်ကိုလည်း သတိရသွားပြန်သည်။

****

ရတနာမြတ်သုံးပါးကို လုံးဝမသိနိုင်ရှာသည့် အဘွားကြီးအား သာကေတတံတားကုန်းဆင်းဘေး တဲလေးတစ်လုံးတွင်းမှာ တွေ့မြင်နေခဲ့ရသည်မှာ နှစ်နှစ်ခန့်ရှိခဲ့ပြီ။

အလုပ်လုပ်သည့် မဂ္ဂဇင်းတိုက်နှင့်အိမ်က သိပ်မဝေးလှသဖြင့် တစ်နေ့ကုန်ထိုင်ခဲ့ရသော ကျွန်မ၏အိမ်အပြန်ခရီးက ခြေလျင်ဖြစ်သည်။ ကျွန်မကဲ့သို့ ကုန်းကြောင်းပြန်သူတွေ များလှသောကြောင့် သာကေတတံတားပေါ်မှာ စည်ကားနေလေ့ရှိပါသည်။ ဈေးသည်လေးတွေကလည်း စီတန်းနေလို့။

တဲလေးအတွင်းမှ အဘွားကြီးခမျှာ ဆံပင်ဖြူတွေ ဖွာရရာကျဲနေသည်။ မည်းပြီး တုတ်ခိုင်ကြမ်းတမ်းလှသည့် ခန္ဓာကိုယ်ပေါ်မှာလည်း ညစ်နွမ်းလျက်ရှိသည့် လုံချည်တစ်ထည်သာ ရင်လျားထား၏။ ဘေးမှာ သံပန်းကန်ပြားနှင့် ခွက်တစ်ခု။ သားထောက်သမီးခံမရှိလို့ ထင်ပါရဲ့၊ ဒီတဲလေးကလည်း အမြင်မတော်သူတွေ ဝိုင်းဝန်းဆောက်ထားပေးရှာသလား။ အမေတို့အရွယ်ပဲ။ သည်စိတ်တွေနှင့် ငွေလှူခဲ့ရန်ပြင်လိုက်သည်။ သို့သော် သဒ္ဓါစိတ်တို့ ချက်ချင်းတွန့်ဆုတ်သွားခဲ့ရပြီရော။ သူ့တဲဘေးရှိ တို့ဟူးသုပ်သည်လေးကို မကြားဝံ့မနာသာအောင် ဆဲလိုက်ဆ[...] လိုက်သည်မှာ မှုန်ထူသွားတော့သည်[...]

သည်လိုနှင့် သူ့တဲဘေးမှာ ဈေ[...] သည်လေးတွေ ပါးသွားသည်။ ရာသ[...] ဥတု ပူသည်ဖြစ်စေ၊ အေးသည်ဖြစ်စေ[...] အမြဲတစေ ရင်လျားထားလျက်။ ပါး[...] မှုလည်း ဘာတွေရေရွတ်ပြည်တမ်း[...] မှန်း မသိ။ တစ်ခါတစ်ရံမှာလည်း [...] ရေးသံတွေ ပီပီသသကြားနေရသည်[...] မျက်လုံးနီကြီးနှင့် အဘွားကြီးပုံစံ[...] ရှိနေခဲ့သော်လည်း တဲလေးနားမရောက်[...] ခင် ခပ်လှမ်းလှမ်းမှနေ လှမ်းမကြည့်[...] မနေနိုင်။

သြော် . . . စဏ္ဍာလီနှင့် အဘွ[...] သောင်းတို့ကဲ့သို့ပင် ဤအဘွားကြီး[...] လည်း ဘဝနေဝင်ချိန်တွင် တရား[...] သည့် ကုသိုလ်စိတ်တို့ဖြင့် ငြိမ်းချမ်း[...] ချင်ခဲ့ပါသည်။

သည်အကြောင်းအရာတွေ[...] "အဘွားအိုသုံးဦးနှင့်သူမ" ဆိုပြီး ဝ[...] ရေးဖွဲ့ခဲ့ဖူးသည်။ ယခုအချိန်မှာတေ[...] အဘွားအိုလေးဦး ဖြစ်ခဲ့ရပြီ။ ကျွန်မ[...] လည်း နေဝင်ဆည်းဆာကို ရောက်[...] ကြပြီ။ ကျွန်မတို့၏ နေဝင်ဆည်းဆ[...] အရွယ်တွေမှာ ပရုပ်ဆီတွေ၊ တေ[...] ဘမ်းတွေ၊ သွေးဆေးနဲ့တွေနှင့်အတူ ဒ[...] သီလ၊ ဘာဝနာတည်းဟူသော ရနံ့[...] ပါ သင်းပျံ့မွှေးထုံနေမှ စိတ်ချရပါမည်[...]

မြန်မာအို ကျောင်းကြီးကျော[...] ကြား ရိပ်သာသွား မဟုတ်ပါလား။

**လေးသူစံ**

www.burmeseclassic.com

www.burmeseclassic.com



## လာဇာဒေဝီနတ်သမီး
# အတ္တုပ္ပတ္တိ
## (ဓမ္မဝဒပါဠိတော်ပါ ဝတ္ထု)

**ဦးသန့်ဇင်(BA)**

ပဉ္စလောကာစီရပ္ပုံ ရုပ်ရှင်တော်မြတ်ဘုရားအကြောင်း ရေးသားခဲ့ရာတွင် ဘုရားသမိုင်းနှင့်ပတ်သက်သော လာဇာဒေဝီနတ်သမီး အတ္တုပ္ပတ္တိကို သီးခြားဖော်ပြပါမည်ဟု ပြောခဲ့သည့်အတိုင်း အောက်ပါအတိုင်း ဖော်ပြလိုက်ရပါသည်။

ရာဇဂြိုဟ်ပြည်၌ သလေးလယ်စောင့်သော မိန်းမတစ်ယောက်သည် သလေးနှံတို့ကိုယူပြီးလျှင် ပေါက်ပေါက်တို့ကိုပြု၍ အသက်မွေးသတတ်၏။ ရာဇဂြိုဟ်ပြည်အနီး၌ တစ်ခုသောလိုဏ်ရှိ၏။ ထိုလိုဏ်သည် တံခါးအနီး၌တစ်ခုသော ညောင်ကြတ်ပင်ရှိပါသည်။ ဤအဖြစ်ကြောင့် ပိပ္ပလိလိုဏ်ဟုတွင်၏။ ထိုလိုဏ်၌ အရှင်မဟာကဿပသည် ခုနစ်ရက်နိရောဓသမာပတ်ကို ဝင်စား၍ သမာပတ်မှထ၍ ဒိဗ္ဗစက္ခုဖြင့် ဆွမ်းခံရာအရပ်ကို ကြည့်တော်မူသည်ရှိသော် ထိုမိန်းမကို



www.burmeseclassic.com

www.burmeseclassic.com

မြင်တော်မူ၍ သပိတ်၊ သင်္ကန်းကိုယူ၍ လယ်၏အနီး၌ရပ်၏။ ထိုမိန်းမသည် မထေရ်မြတ်ကိုမြင်၍ ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ မထေရ်၏သပိတ်၌ ပေါက်ပေါက်တို့ကိုလောင်း၍ "အရှင်ဘုရား…အရှင်တို့သိမြင်အပ်သော တရားကို၊ သိမြင်ပါရစေသတည်း"ဟု ဆုတောင်း၏။ အရှင်မဟာကဿပမထေရ်သည် ဆုတောင်းတိုင်းဖြစ်စေသတည်းဟု မိန့်တော်မူ၍ ကြွသည်ရှိသော် မိမိအလှူကိုဆင်ခြင်လျက် ပြန်လှည့်စဉ် လယ်ကန်သင်းရိုးခရီး၌ တစ်ခုသော တွင်းမှထွက်သော ကြမ်းတမ်းသော အဆိပ်ရှိသောမြွေသည် ခဲ၏။ ထိုအရပ်၌ပင်လျှင် လဲ၍သေလေသော် တာဝတိံသာနတ်ပြည်၌ နတ်သမီးတစ်ထောင်တို့ဖြင့် ခြံရံသော ရွှေဗိမာန်၌ အိပ်ပျော်ရာမှ နိုးသောသူကဲ့သို့ ခပ်သိမ်းသောနတ်၏ တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော သုံးဂါဝုတ်အတိုင်းအရှည်ရှိသော ကိုယ်ဖြင့်ဖြစ်၍ တစ်ဆယ့်နှစ်ယူဇနာရှိသော တစ်ခုသော နတ်အဝတ်ကို ဝတ်ရုံ၍ ရေးကောင်းမှုကို ရှုအံ့သောငှာ ရွှေပေါက်ပေါက်တို့ဖြင့် ပြည့်သော တွဲရရွဲဆွဲသော ရွှေခွက်ငယ်ဖြင့် တန်ဆာဆင်အပ်သော ဗိမာန်တံခါး၌ရပ်လျက် မိမိစည်းစိမ်ကိုကြည့်၍ အဘယ်ကောင်းမှုကြောင့် ဤစည်းစိမ်ကို ရသနည်းဟု ဒိဗ္ဗစက္ခုဖြင့် စုံစမ်းကြည့်ရှုသော် အရှင်မဟာကဿပမထေရ်အား ပေါက်ပေါက်ကိုလှူသောကြောင့် ရသည်။

ဤအဖြစ်ကိုသိ၍ နတ်သမီးသည် မိမိစည်းစိမ်ကို မြဲစွာတည်သည်ကိုပြုလို၍ နံနက်စောစောကလျှင် ရွှေဖြင့်ပြီးသော တံမြက်စည်း၊ တံမြက်ချေးစွန့်သောတောင်းကို ယူလျက်လာ၍ အရှင်မဟာကဿပမထေရ်၏ ပရိဝုဏ်ကို တံမြက်လှည်း၍ သောက်ရေ သုံးဆောင်ရေကိုတည်ထား၏။ အရှင်မဟာ ကဿပမထေရ်သည် တစ်စုံတစ်ယောက်သော ပဉ္စင်းငယ်သည်လည်းကောင်း၊ သာမဏေသည်လည်းကောင်း ပြုလိမ့်သတည်းဟုမှတ်၍ သုံးရက်မြောက်သောနေ့၌ တံခါးကိုဖွင့်၍ ကြည့်တော်မူသော် နတ်သမီးကိုမြင်၍ နတ်သမီး ဖယ်လော့၊ ငါ့အား နောင်အခါ ဆန်းကြယ်သော ယပ်ကို ကိုင်၍ တရားဟောကုန်သော ရဟန်းတို့သည် တစ်ယောက်သော နတ်သမီးသည် မဟာကဿပမထေရ်၏ ဝတ်ကြီးဝတ်ငယ်ကိုပြု၍ သောက်ရေ သုံးဆောင်ရေကို တည်ထားသတတ်ဟု တရားဟောအပ်သည်၏အဖြစ်ကို ပြုရစ်လတ္တံ့၊ ယခုအခါမှစ၍ ဤအရပ်သို့ မလာလင့်ဟုဆို၏။

နတ်သမီးသည် "အရှင်ဘုရား…အကျွန်ုပ်ကို မဖျက်ဆီးပါလင့်"ဟု အဖန်တလဲလဲ တောင်းပန်၏။ အရှင်မဟာကဿပမထေရ်သည် သင့်ပမာဏကို သင်မသိဟု လက်ဖစ်ခက်၏။ နတ်သမီးသည် ထိုအရပ်၌ နေရခြင်းငှာ မတတ်နိုင်သဖြင့် "အရှင်ဘုရား…ကျွန်ုပ်၏ ရအပ်သောစည်းစိမ်ကို မဖျက်ဆီးလင့်၊ ထာဝရတည်ခြင်းကို ပြုအံ့သောငှာ ပေးတော်မူပါ"ဟု ငိုလျက် ကောင်းကင်၌တည်၏။ မြတ်စွာဘုရားသည် လေးဆင့် ငါးယူဇနာ၏ အထက်၌တည်သော ဇေတဝန်ကျောင်းတော်သည် ဂန္ဓကုဋီ၌နေတော်မူလျက် ထိုလာဇာနတ်သမီး၏ ငိုသံကို ကြားတော်မူ၍ နတ်သမီးရှေ့၌ နေ၍ ဟောတော်မူသကဲ့သို့ "နတ်သမီး…ငါ့သားတော်၏ တာဝန်ကား စောင့်ရှောက်ခြင်းကို ပြုချင်းလျှင်တည်း။ ကောင်းမှုကို အလိုရှိကုန်သောသူတို့၏ တာဝန်ကား ဤသည်လျှင်တည်း။ ထိုစကားမှန်၏။ ကောင်းမှုကိုပြုခြင်းသည် ပစ္စုပ္ပန်လောက၊ တမလွန်လောက နှစ် ပါး၌ ချမ်းသာခြင်း၏ အကြောင်းလျှင်တည်း"ဟု မိန့်တော်မူ၍ -

> ပုညဉ္စေ ပုရိသော ကယိရာ
> ကယိရာ နံ ပုနပ္ပုနံ
> တမှိ ဆန္ဒံ ကယိရာထ

သုခေါ ပုညဿ ဥစ္စယော ဟူသော ဂါထာကို ဟောတော်မူ၏။

ပုရိသော-ပုဂ္ဂိုလ်သတ္တဝါသည်၊ ပုညံ-ကောင်းမှုကို၊ စေကယိရာ-အကယ်၍ တစ်ကြိမ်ပြုငြားအံ့၊ ဧဝံ-ထိုတစ်ကြိမ်ပြုကာမျှဖြစ်သော ကောင်းမှုဖြင့်၊ အလံ-တန်ပြီဟူ၍ အနောရမိတွာ-ကောင်းမှုကိုပြုခြင်းမှ မကြဉ်မူ၍၊ ပုနပ္ပုနံ-အဖန်တလဲလဲ၊ နံ-ထိုကောင်းမှုကို၊ ကယိရာ-ပြုရာသော်လျှင်တည်း။ ကသ္မာ-အဘယ့်ကြောင့်ဆိုသော်၊ ပုညဿ-ကောင်းမှုကို၊ ဥစ္စယော-ဆည်းပူးခြင်းသည်၊ သုခေါ-ချမ်းသာကို ရွက်ဆောင်၏။ တသ္မာ-ထို့ကြောင့်၊ ပုညံ-ကောင်းမှုကို၊ ပုနပ္ပုနံ-အဖန်တလဲလဲ၊ ကယိရာ-ပြုရာ၏။

လိုရာဆန္ဒပြည့်ဝကြပါစေ••

**ဦးသန့်ဇင်(BA)**



www.burmeseclassic.com

www.burmeseclassic.com

# စတု သင်္ခတ ကံ၊ စိတ်၊ ဥတု၊ အာဟာရ

ချောယဉ်သာမြင့် (B.A, B.Ed.)

လူသားတို့၏ ပဋိသန္ဓေခေတ် ဖြစ်စဉ်တွင် ပဋိသန္ဓေ အစ ကလလရေ ကြည်အခိုက်၌ ကာယ၊ ဘာဝ၊ ဝတ္ထု ဆယ်ပေါင်းသုံးခုမျှနှင့် စခဲ့သည်။ ကာယနှင့်ဘာဝ ထိခတ်မှုတွင် ပွင့်ထွက်လာသော ကာယဝိညာဏ်၊ မနာယတနနှင့် စေတသိက်တရား(ဖဿမှုကြွင်းသော ဝေဒနာသညာ စေတနာ စသော ဝိဝိတ်ခြေ မနသိကာရ)၊ ဓမ္မာယတနတို့ ထိခတ်မှုကြောင့် အသစ်ပွင့်ထွက်လာသည့် မနောဝိညာဏ်နှင့် ဝတ္ထု ဆယ်ထိခတ်မှု ဤသုံးဆင့်တွင် ဝတ္ထုကလာပ်၏ ပုံကြီးချဲ့ ကောင်းသော သတ္တိဖြင့် လူ့သနစ် လူ့အဖြစ်ကို စီရင်ဖန်တီးစ ပြုလျက် အသစ်အသစ်ဖြစ်လာသော ကာယအကြည်နှင့် အကွ ဇိဝှာ၊ ဃာန၊ သောတ၊ စက္ခု အကြည်ခေတ်တို့ကို အဆင့်ဆင့်တိုးတက်ဆောင်ရွက်ခဲ့၏။

ကြာတည်းဟူသော အာယတန ရသော် ရုပ်ကို အစာ အာဟာရအဖြစ် မှီဝဲမြဲဖြစ်၏။ ဤသို့ သူ့အကြည်နှင့် သူ့ အာဟာရမှီဝဲကြကာ အဟောင်းပစ်၊ အသစ်လဲလှယ်၍ အမြဲ တစေဖြစ်ပျက် ကာနေသော ဇာတိနယ်ကား စကတည်းက ဖြစ်ပျက်နှင့်စ၍ ဖြစ်ပျက်တရားတို့ ခဏမျှ ငြိမ်းဖွယ်မရှိသော အကြောင်းတရားတို့သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော ရုပ်ဖြစ်ကြောင်း တရားလေးပါး ဖြင့်ဖြစ်ကြောင်း ဘုရားရှင် ဟောတော်မူခဲ့၏။

ထို စတုသင်္ခတလေးပါးသည် ဥပစမဟာဘုတ်။ မုချစင် စစ်ဖြစ်ရကား ပထဝီရုပ်ခေတ်တွင် ကမ္မဇပထဝီ၊ စိတ္တဇပထဝီ၊ ဥတုဇပထဝီ၊ အာဟာရဇပထဝီဟူ၍ လေးပါးအပြားရှိ၏။ ထိုနည်းတူ တေဇော၊ ဝါယော၊ အာပေါ၊ သည်းခြေ အာကာသ စသည်တို့၌လည်း ကမ္မဇတေဇော၊ စိတ္တဇတေဇော၊ ဥတုဇ တေဇော၊ အာဟာရဇတေဇော ဟူ၍ လေးပါးစီ အပြားရှိ ကြောင်းကို မှတ်ယူရမည်။

ဤအတူပင် ပထဝီဟု ဆိုအပ်သော တစ်ပါးသော မဟာဘုတ်သည် အာပေါ၊ တေဇော၊ ဝါယောဟု ဆိုအပ်ကုန်သော မဟာဘုတ်တို့ကိုစွဲ၍ ဖြစ်၏။ အာပေါ၊ တေဇော၊ ဝါယောဟူသော သုံးပါးကုန်သော မဟာဘုတ်တို့သည် ပထဝီ ဟုဆိုအပ်သော မဟာဘုတ်တို့ကိုစွဲ၍ ဖြစ်၏။

ဤသို့လျှင် မူလတစ်မူလီ သုံးခုဖြစ်ကြောင်း ဖို့၍ အကြောင်းတရား လေးပါးတို့တွင်လည်း မူလမူလီရှိကြောင်း သိရာ၏။ ထို့ကြောင့် ကံကို အကြောင်းပြု၍ ဝေဒနာရောက် လျှင် ကမ္မဇပထဝီဆောင်၍ ကမ္မဇတေဇော ပျက်သည်။ ကမ္မဇ သည်းခြေမှာ နိုက်သည်။ ကမ္မဇအာကာသငုပ်သည်။ စသည် ဖြင့် မှတ်ယူရမည်။

ထို့ပြင်တစ်ဝ ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူ သော အကြောင်းတရားလေးပါးတို့သည် သတ္တဝါတို့အား မြဲ ပြင်ရာပြုပြင်ကြောင်းဖြစ်၍ ကမ္မဇပထဝီဆောင်၊ ကမ္မဇ တေဇောပျက်၊ ကမ္မဇသည်းခြေနိုက်၊ ကမ္မဇအာကာသငုပ် သည်ဟူ၍ လေးပါးစီ အညီဖြစ်ကြောင်းကို [ဖ]ော်ပြထားသကဲ့သို့ ထိုတရားလေးပါးတို့သည် ကိုယ်စီကူးသန်းယှက်တင်ခြင်းဖြင့် ဆောင်၊ ပျက်၊ နိုက်၊ ငုပ်ရှိသည်မှာ အလွန် ခက်ခဲနက်နဲ သိမ်မွေ့လှသောကြောင့် ပုထုဇဉ်တို့ဉာဏ်ဖြင့် မသိနိုင်ရာ။ ဘုရားရှင်တို့၏ ဉာဏ်အရာသာ ဖြစ်ချေသည်။ ထို့ကြောင့် ဘုရားရှင်က "နာနာရောဂဘောဝါ"ဟူ၍ ဟောတော်မူသည် ရှိကြောင်းကို သိရာ၏။

တစ်ပါးလျှင် သုံးပါးစီပွားကြောင်းကို ဘုရားရှင်က "ကော မဟာဘူတော တယော ပဋိစ္စ ဥပ္ပဇ္ဇတိ၊ တယော မဟာဘူတာ ကော် ပဋိစ္စ ဥပ္ပ ဇ္ဇတိ"ဟု မိန့်ဆိုခဲ့သည်။

## ကံကြောင့်ရောက်သော ဝေဒနာ

ထို့ကြောင့် ကံကြောင့်ရောက် သောဝေဒနာဖြစ်လျှင် ကပ်၍နှိပ်စက် တတ်သောကံ၊ ကပ်၍ဖြတ်တတ်သော ကံ၊ ထိုကံတို့ကို လွှတ်စေခြင်းငှာ ဒါန၊ သီလ၊ ဘာဝနာ စသော ကုသိုလ်တရားဆယ်ပါး တရားတို့ကို ရှေးဦးစွာပြုစေ၍ ဆေး

www.burmeseclassic.com

အာဟာရတို့ဖြင့် ထောက်ပံ့သော် နှစ်၊ လ၊ ရက် ပရိစ္ဆေဒဖြင့် လွတ်ရာ၏။ အသက်ကို စီရင်တတ်သော ကံကိုကား နတ်တို့ကို အစိုးရသော သိကြားမင်းသော်လည်း မတတ်နိုင်ရာ။

## စိတ္တဇကြောင့် ရောက်သောဝေဒနာ

စိတ်ကြောင့်ဖြစ်သော ရောဂါကို ဆွေညာသဟာတို့၏ အလယ်၌ထားပြီးမှ ချစ်ကျွမ်းဝင်သောသူကို အလိုရှိရာ မေးစေ၍ အလိုရှိရာပေးစေပြီး ဆေးအာဟာရ ထောက်ပံ့ပေးကမ်းသော် လွတ်ရာ၏။

## ဥတုဇကြောင့်ရောက်သော ဝေဒနာ

ဥတုဇဝေဒနာကို အချမ်း၊ အပူ မျှရာအရပ်သို့ ပြုပြင်ပြီးလျှင် မိမိနှင့် ချစ်ကျွမ်းဝင်သောသူကို နေစေ၍ သင့်ရာ အဆောက်အအုံဖြစ်ပြီးမှ ဆေးအာဟာရတို့ဖြင့် ပေးကမ်းထောက်မသော် လွတ်ရာ၏။

## အာဟာရကြောင့်ရောက်သော ဝေဒနာ

အာဟာရကိုအကြောင်းပြု၍ ရောက်သော ဝေဒနာကို မိမိ၌ ချင်ခြင်းဖြစ်သော အစာအာဟာရတို့ သုံးဆောင်စေပြီးမှ ဆေးအာဟာရဖြင့် ပေးကမ်းထောက်မသော် လွတ်ရာ၏။ ဤသို့ စတုသမုဋ္ဌာန်လေးပါး၏ ပြုပြင်ရာကိုခံကြ၍ ဝေဒနာရောက်ကြရာတွင် ဝေဒနာရောက်ရာဌာနကို သိရပေမည်။

သတ္တဝါတို့၏ ဖြစ်စဉ်သည်ကား သံသရာ၌ ရထားလည်းဘီးစက်ကဲ့သို့ မပြတ်လည်လျက် ဖြစ်ကုန်၏။ ထိုအတူ ဝေဒနာရောက်ရာ၊ လွတ်ရာ၊ ကုန်ရာသည်ကား စုတိပဋိသန္ဓေနှင့် တူကုန်၏။

"ကာယ ဘာဝ ဝတ္ထု သင်္ခါတာနိ တီဏိဒသကာနိ ပါတု ဘဝန္တိ"

ဤသို့လျှင် ကမ္မဇရုပ်သုံးဆယ် ပြည့်စုံမှ ပဋိသန္ဓေ အစုံရကြောင်းကို ဟောတော်မူသည်။

ကမ္မဇရုပ်သုံးဆယ်သည် ကာယဒသက၌ပါသော အဋ္ဌကလာပ ရှစ်ခု၊ ဇီဝိတ + ကာယပသာဒ = ၁၀ ခု၊ ဘာဝဒသက၌ အဋ္ဌကလာပ်ရုပ် ရှစ်ခု+ ဇီဝိတ+ဣတ္ထိဘော (သို့မဟုတ်) ပုမ္ဘောကိုထည့်၍ = ၁၀၊ ဝတ္ထုဒသက ကလာပ်၌ပါသော အဋ္ဌပလာပ် ၈ ခု+ဇီဝိတ+ ဟဒယဝတ္ထုကိုထည့်၍ ၁၀၊ ထို ၃၀ သောကလာပ်တို့သည် သတ္တဝါတို့အား ပဋိသန္ဓေအခါ၌ ပြည့်စုံကုန်၏။

ဤတွင် ကာယဒသက ကလာပ်၌ နိယာမသဘော ဖြစ်၍ ဓာတ်ဆောင်၊ ဘာဝဒသက ကလာပ်၌ အနိယာမသဘော မမြဲသည်ဖြစ်၍ ဖောက်ပြန်တတ်သောကြောင့် ဓာတ်ပျက်။ ဝတ္ထုဒသက ကလာပ်၌ကား "မနောပုဗ္ဗင်္ဂမာ" ဟူ၍ ဟောတော်မူသောကြောင့် ဟဒယဝတ္ထုရုပ်နှင့် ကေပွဲဒတကွဖြစ်သော မနောဝိညာဏ်ဟုဆိုအပ်သော နာမက္ခန္ဓာတရား လေးပါးတို့တွင် သောမနဿ၊ ဒေါမနဿ တရားနှစ်ပါးတို့သည် ထိခိုက်ရာဖြစ်သောကြောင့် ဝတ္ထုဒသက ကလာပ်၌ပါသော အဋ္ဌကလာပ်ရုပ် ရှစ်ခုသည် ဓာတ်ခိုက်ဝေဒနာရောက်ရာ ဌာနဟု မှတ်ရမည်။ ဗမာဆိုရသော် နှပျို့ညှံ့သက်သော မိန်းမငယ်သည် နူးညံ့စွာ ဆုပ်နယ်သည်ရှိသော် သာယာနှစ်သက်သော သောမနဿဝေဒနာသည် ဖြစ်၏။ ကြမ်းတမ်းသော ယောကျ်ားသည် ကြမ်းတမ်းစွာ ဆုပ်နယ်သည်ရှိသော် မခံသာသော ဒေါမနဿဝေဒနာသည် ဖြစ်သကဲ့သို့တည်း။

ထိုဝေဒနာတို့၏ အပြစ်အာဒီနဝမှ လွတ်ရာလွတ်ကြောင်းကား သာယာလျှင် သာယာသည်၊ သာယာသည် ဟူ၍၊ မခံသာလျှင် မခံသာသည်ဟူ၍ အမှတ်သတိဖြင့် ပွတ်ကြိုးခွဲသကဲ့သို့ တရစပ် အမှတ်ပြု၍ ဝေဒနာမှ လွတ်ရာသည်။

ထို့ကြောင့် မဟာသတိပဋ္ဌာန်ပါဠိတော်၌ "အဋ္ဌန္တော" ပွတ်ကြိုးခွဲသကဲ့သို့ ထိုသောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာတို့မှလွတ်အောင် ကြံဆောင်ရာသည်ဟု ဟောတော်မူလေသည်။

ဤသို့ ကံ၊ စိတ်၊ ဥတု၊ အာဟာရအကြောင်းတရားက ပြုပြင်သဖြင့် ရုပ်ဖောက်ပြန်၍ အနာရောဂါရောက်ပုံကို "စိတ်၊ ဥတုဇ၊ အာဟာရနှင့် ဖဿ တဏှာ၊ ရသရမ္မဏာ၊ ဝါပ်ခြင်းစသား မူလထွေပြား အကြောင်းများကြောင့် ငါးပါးသောဓာတ်၊ မညီညွတ်၍ ဝင့်ဒုက္ခဘောင် မရှောင်သာမြဲ ဆင်းရဲခံရီး၊ ထိုလူမျိုးဝယ်၊ ဓာတ်ခိုးဓာတ်ကင်း၊ လှုပ်ရှားခြင်းကို နှိပ်နင်းကာလူ၊ အနာဟူ၍ အယူဝါဒရှိကုန်ကြ၏။ ပဉ္စဓာတု၊ ငြိမ်ဝပ်မှုကို၊ ပြုနိုင်သည်သာ၊ ဆေးမည်ရာ၏။ ဆင်ခြင်ကြံစည်၊ သို့ဖြစ်သည်ကြောင့်၊ ရိပ် ခြည်ကြောင်းဖြာ၊ ရှေးဦးစွာက၊ အနာမတတ်၊ ဆေးမမှတ်လင့်၊ အနာတတ်သူ၊ ဆေးမှတ်မူကား အယူကောင်းကြံ၊ မဆိတ်ညံသည်၊ မြမြန်သတိနိုင်လျှင် တည်း" ဟူ၍ နရသုခိဆရာကြီး စာဆိုကို ကျိုးကြောင်းဆက်



www.burmeseclassic.com

www.burmeseclassic.com

ထေတ်ကျမ်းက ထောက်ခံခဲ့လေသည်။

စိတ်၊ ဥတု၊ အာဟာရ၊ ဖဿ၊ ရသာရမ္မဏ စသော အကြောင်းငါးပါးကြောင့် ဓာတ်ငါးပါးတို့ လှုပ်ရှားဖောက်ပြန်၍ ယူတို့ အနာရသည်ဟု ဆိုလေသည်။

တေဇောဓာတ်သည် စိတ်နှင့်ယှဉ်၏။

ဝါယောဓာတ်သည် ဥတုနှင့်ယှဉ်၏။

အာပေါဓာတ်သည် အာဟာရနှင့်ယှဉ်၏။

ပထဝီဓာတ်သည် (ဖဿ)အတွေ့နှင့် ယှဉ်၏။

အာကာသဓာတ်သည် ရသာစာဏာ၊ ရသာရုံတပ်ခြင်းနှင့်ယှဉ်၏။

ဤသို့လျှင် ဓာတ်တို့ဖြစ်ကြောင်း ယှဉ်ကြောင်း ကြံရာ၏ဟူ၍ ဖွင့်ပြမိန့်ဆိုခဲ့ကြသည်။

ဓာတ်တို့၏ ယှဉ်မှုဖြစ်မှုအလိုက် သူနာတွင် လက္ခဏာထင်ဓာတ်သည်။ သို့ကြောင့် သူနာလက္ခဏာကိုသာ ကြံရာ၏။ ထောကဝေါဟာရ ပညတ်ခေါ်ဝေါ်ကြသည့် အနာဟူသမျှ နာနာရောဂတို့သည် ဓာတ်ငါးပါးသာလျှင် အရင်းမူလရှိကြ၏။ ဆင့်ပွား၍ (သည်းခြေဓာတ်သည် အာပေါဓာတ်၏ ခြင်းရာတွင် ထည့်ကောင်း အာဟာရဓာတ်သည် ပထဝီဓာတ်ချင်းရာတွင် ထည့်ကောင်း) သည်းခြေဓာတ်နှင့် အာဟာရဓာတ်ကို ထပ်ထောင်းကာ ဓာတ်ခုနစ်ပါးသာလျှင် အရင်းမူလရှိလေသည်။ သို့ဖြစ်၍ -

အနာရောဂါကို အမှန်စွဲဆိုနိုင်ရန် ဓာတ်ကြီးလေးပါးတို့၏ ခြင်းရာအကျယ် လေးဆယ့်နှစ်ပါးကို အပြားအားဖြင့် ထပ်မံလေ့လာကြရပေမည်။

## ၄၂ ပါးသော ကောဋ္ဌာသ

### ဥတုဇ ကေဝ

ထို ၄၂ ပါးသော ကောဋ္ဌာသတို့တွင် ဥဒရိယံ = အစာသစ်။ ကရီသံ = အစာဟောင်း။ ပုဗ္ဗော = ပြည်၊ မုတ္တံ = ကျင်ငယ် ဤလေးပါးသည် ဥတုသာလျှင် ဖြစ်ကြောင်းရှိကုန်၏။ သမားတို့ ကြံဆောင်ကုမ၍ရသည်။

### ဥတု စိတ္တ ဒွိဇ

မျက်ရည်၊ ချွေး၊ တံတွေး၊ နပ် ဤလေးပါးသည် ဥတု စိတ် နှစ်ပါးကြောင့် ဖြစ်ကြောင်းရှိကုန်၏။ သမားတို့ ကြံဆောင်ကုမ၍ရသည်။

### ကမ္မဇ ကေဇ

စားအပ်သော အစားအစာ အစရှိသည်တို့ကို ရင့်ကျက်စေတတ်သော ပါစက တေဇောဓာတ်သည် ကံကြောင့်သာလျှင် ဖြစ်ကြောင်းရင်းရှိ၏။ ပါစကတေဇောတစ်ပါးသည် ကံသက်သက်သာလျှင် ဖြစ်ကြောင်းရင်းရှိ၏။ ၎င်းကေဇကို သမားတို့ မကြံစည်ရာ။

### စိတ္တဇ ကေဇ

ထွက်လေ ဝင်လေတို့သည် စိတ်ကြောင့်သာလျှင် ဖြစ်ကြောင်းရင်း ရှိကုန်၏။ ၎င်းစိတ္တဇကေဇကို သမားတို့ မကြံစည်ရာ။

### စတုဇ

ကြွင်းကုန်သော ကောဋ္ဌာသတို့ သည်လည်း ကံ၊ စိတ်၊ ဥတု၊ အာဟာရ လေးဝသော အကြောင်းကြောင့်ဖြစ်ကုန်၏။

ပထဝီ ၁၈ ပါး၊ အာပေါ ၆ ပါး၊ တေဇော ၃ ပါး၊ ဝါယော ၅ ပါး ပေါင်း ၃၂ ပါးသော ကြွင်းကုန်သော ကောဋ္ဌာသတို့သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ လေးပါးကြောင့်သာ ဖြစ်ကြောင်းရင်းရှိကုန်၏။ ၎င်းစတုဇကို သမားတို့ ကြံဆောင်ကုမရသည်။

### (က) ပထဝီဓာတ် ၂၀

သတ္တဝါတို့၏ သန္တာန်၌ ပထဝီလွန်ကဲသော အခြင်းအရာတို့သည် ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေထူ၊ အရေပါး၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှိ၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း(သ ရက်ရွက်)၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်တို့တည်း။ သတ္တဝါတို့၏သန္တာန်၌ နိုင်မာတောင့်တင်းသော အဖြစ်၊ နိုင်မာတောင့်တင်းသော သဘောရှိသောကြောင့် ပထဝီခြင်းရာဟု ခေါ်၏။

ဤတွင် ဥတုဇကေဇဖြစ်သော အစာသစ်၊ အစာဟောင်း၊ ပထဝီဓာတ် နှစ်ခုတို့သည် တစ်ခုတစ်ခုလျှင် ဥတုဇ သုဒ္ဓဋ္ဌက ကလာပ်တစ်စည်းသာရ၍ ပေါင်း ဥတုဇသုဒ္ဓဋ္ဌက ကလာပ် နှစ်စည်းရ၏။

ကြွင်း ၁၈ ပါးသော ပထဝီဓာတ်တို့သည် စတုသမုဋ္ဌာန်က ရုပ်ဖြစ်၍

ကံအကြောင်းရှိသော ကာယဒသက ကလာပ် ၁၈



www.burmeseclassic.com

www.burmeseclassic.com

စည်း။ ကံအကြောင်းရှိသော ဘာဝဒသက ကလာပ် ၁၈ စည်း။ စိတ်အကြောင်းရှိသော အဋ္ဌကလာပ် ၁၈ စည်း။ ဥတု အကြောင်းရှိသော အဋ္ဌကလာပ် ၁၈ စည်း။ အာဟာရ အကြောင်းရှိသော အဋ္ဌကလာပ် ၁၈ စည်း ရလေသည်။

### (ခ) အာပေါဓာတ် ၁၂ ပါး

သတ္တဝါတို့၏ သန္တာန်၌ အာပေါဓာတ်လွန်ကဲသော အခြင်းအရာတို့သည် သည်းခြေ သလိပ်၊ ပြည်၊ သွေး ချွေး အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး နှပ်၊ အစေး ကျင်ငယ် တို့တည်း။ ဤ ၁၂ ပါးသော ကောဋ္ဌာသတို့သည် သတ္တဝါတို့၏ သန္တာန်၌ စိမ့်ဝင်တတ်သော သဘော၊ စေးကပ်သောသဘော၊ အဝိနိဗ္ဘော ရုစ်ရုပ်၏ ဖွဲ့စည်းတတ်သောသဘောရှိသော ကြောင့် အာပေါဓာတ်ခြင်းရာဟု ခေါ်သည်။

ပြည်၊ ကျင်ငယ် နှစ်ပါးသည် ဥတုကေဖြစ်သော ကြောင့် တစ်ခုတစ်ခုလျှင် ဥတုဇ သုဒ္ဓဋ္ဌကလာပ် တစ်စည်း တစ်စည်းသာရ၍ ပေါင်း ဥတုဇသုဒ္ဓဋ္ဌကလာပ်နှစ်စည်းရ၏။ မျက်ရည်၊ ချွေး တံတွေး၊ နှပ် လေးပါးသည် ဥတုဇ စိတ္တဇ ဒွိဇ ဖြစ်သောကြောင့် တစ်ခုတစ်ခုလျှင် ဥတုဇအဋ္ဌကလာပ် တစ်စည်း၊ စိတ္တဇအဋ္ဌကလာပ်တစ်စည်း။ နှစ်စည်း နှစ်စည်းရ သောကြောင့် ပေါင်း အဋ္ဌကလာပ်ပေါင်း ရှစ်စည်းရ၏။

ကြွင်းခြောက်ပါးသော အာပေါဓာတ်တို့သည် စတု သမုဋ္ဌာနိကဲ ရုပ်ဖြစ်၍ - - -ကံအကြောင်းရှိသော ကာယ ဒသကကလာပ် ခြောက်စည်း။ ကံအကြောင်းရှိသော ဘာဝ ဒသကကလာပ် ခြောက်စည်း။ စိတ်အကြောင်းရှိသော အဋ္ဌ ကလပ် ခြောက်စည်း။ ဥတုအကြောင်းရှိသော အဋ္ဌကလာပ် ခြောက်စည်း။ အာဟာရအကြောင်းရှိသော အဋ္ဌကလာပ် ခြောက်စည်းရ၏။

### ဝါယောဓာတ် (၆) ပါး

သတ္တဝါတို့၏ သန္တာန်၌ ဝါယောဓာတ်လွန်ကဲသော အခြင်းအရာတို့သည် (၁) ဥဒ္ဓင်္ဂမလေ၊ (၂) အဓောဂမလေ၊ (၃) ကုစ္ဆိသယလေ၊ (၄) ကောဋ္ဌာသယလေ၊ (၅) အင်္ဂမင်္ဂါနုသာရီလေ၊ (၆) အဿာသပဿာသလေတို့ ဖြစ်လေသည်။

ဤခြောက်ပါးသော ကောဋ္ဌာသတို့သည် သတ္တဝါတို့၏ သန္တာန်၌ လှုပ်ရှားသွားလာတတ်သော သဘော၊ အဝိနိဗ္ဘောဂ ရုပ်၏ ကျားကဲ့သို့ တွန်းကန်ထောက်ပံ့ ဖိညှပ်တတ်သော သဘောဖြစ်သောကြောင့် ဝါယောဓာတ်ခြင်းရာဟု ခေါ်သည်။

ဤတွင် အဿာသပဿာသသည် စိတ္တဇကေဖြစ် သောကြောင့် စိတ္တဇသုဒ္ဓဋ္ဌက ကလာပ်တစ်စည်းသာရ၏။

ကြွင်းငါးပါးတို့သည် စတုသမုဋ္ဌာနိက ရုပ်ဖြစ်သော ကြောင့် ကံအကြောင်းရင်းရှိသော ဇီဝိတနဝက ကလာပ် ငါးစည်း။

စိတ်အကြောင်းရင်းရှိသော အဋ္ဌကလာပ် ငါးစည်း။ ဥတုအကြောင်းရင်းရှိသော အဋ္ဌကလာပ် ငါးစည်း။ အာဟာရ အကြောင်းရင်းရှိသော အဋ္ဌကလာပ် ၅ စည်းရ၏။

### (ဃ) တေဇောဓာတ် လေးပါး

သတ္တဝါတို့၏ သန္တာန်၌ တေဇောဓာတ်လွန်ကဲသော အခြင်းအရာတို့သည် (၁) သန္တပ္ပနတေဇော၊ (၂) ဇီရဏ တေဇော၊ (၃) ဉာဟတေဇော၊ (၄) ပါစကတေဇောတို့ ဖြစ် လေသည်။ ဤလေးပါးသော ကောဋ္ဌာသတို့သည် သတ္တဝါတို့၏ သန္တာန်၌ တိက္ခဘာဝ သဘောအားဖြင့် ပူခြင်းသဘောရှိသည် ၏အဖြစ်ကြောင့် တေဇောဓာတ် ခြင်းရာဟုခေါ်သည်။

ဤတွင် ပါစကတေဇောသည် ကမ္မဇကေဖြစ်သော ကြောင့် ဇီဝိတနဝက ကလာပ်တစ်စည်းသာ ရ၏။

ပါစကတေဇော ဝမ်းမီးတည်းဟူသော ပရိပါစက တေ ဇောဓာတ်သည် ဇီဝိတနဝကော၊ ဇီဝိတနဝက ကလာပ်သည် ဖြစ်၏ဆို၍ ပါစကဆိုသည်။ ဇီဝိတနဝက ကလာပ်နှင့်ပါသော တေဇောတည်း။ ကြွင်းတေဇောသုံးပါးသည် စတုသမုဋ္ဌာနိက ရုပ်ဖြစ်သောကြောင့် -

ကံအကြောင်းရှိသော ဇီဝိတကလာပ် သုံးစည်း။ စိတ် အကြောင်းရှိသော အဋ္ဌကလာပ် သုံးစည်း။ ဥတုအကြောင်းရှိ သော အဋ္ဌကလာပ် သုံးစည်း။ အာဟာရအကြောင်းရှိသော အဋ္ဌကလာပ် သုံးစည်းရလေသည်။

ဤသို့ လူသတ္တဝါတွင် ကျရောက်သော အနာရောဂါ ကို အမှန်စွဲဆိုနိုင်ရန် ဓာတ်ကြီးလေးပါးတို့၏ ခြင်းရာအကျယ် ကောဋ္ဌာသ ၄၂ ပါးကို လေ့လာပြီးနောက် သတ္တဝါတွင် အနာ ရောက်ပုံ သဘာဝကို ဗုဒ္ဓနည်းကျ ဩဇာရိက, သုခုမတ် ဆေးပညာမှ ဖော်ပြပါအံ့။

ချောယဉ်သာမြင့် **(B.A, B.Ed.)**

<u>ကျမ်းကိုး</u>

ကျိုးကြောင်းဆက်ဓာတ်ကျမ်း- ဩဇာရိကသုခုမဆေးကျမ်း



www.burmeseclassic.com

www.burmeseclassic.com


# ဆရာကြီး အရယ်ံ ဆရာအောင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်) (ဝါတွင်းဝါပ တနင်္လာနေ့တိုင်းပိတ်သည်)

မော်လမြိုင်(ခေါင်းဆေးကျွန်း)၊ ပဲခူး(ဒေးစွန်းပါ)၊ သန်လျင်(ကျောက်တန်း) ဘုရားတည်၊ စာမေးပွဲ၊ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်းအမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊ သင်္ဘောသားများ လိုင်းကောင်း၊ လစာကောင်းပြီး အမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီးများ လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန် ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အထူးဆောင်ရွက်သည်(မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ထီနှင့် ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

ဆိုင်အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။ ဖုန်း/၀၉-၅၁-၁၂၁၄၆၊ ၀၉-၇၃၁-၅၃၁၈၈
နံနက် (၈း၃၀) နာရီ မှ နေ့လည် (၁၂း၃၀) နာရီ။
အိမ်အမှတ်(၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း/၀၅၆-၂၁၆၀၉(အိမ်)
ညနေ (၄း၀၀) နာရီ နောက်ပိုင်း

လိုင်စင်အမှတ် - ၁/၂၀၁၅ တဆထလ(၂၇၄၆)

# အောင်ဝိဇ္ဇာစိုးရိမ်ဆေးတိုက်

- ကျားအားနည်း၊ သေ/ညှိုး၊ တစ်ခဏပြီးသွားခြင်း၊ အားမထိန်းနိုင်၊ ပန်းလန်းပြီး ရုတ်တရက် ညှိုးနွမ်းခြင်း၊ အကြောများ ရှုံးကန်မှုနည်း၊ ရာနှုန်းပြည့် မစွမ်းဆောင်နိုင်ခြင်းများအတွက် အောင်ဝိဇ္ဇာစိုးရိမ်မှ ကုသရင်း ထုတ်လုပ်ထားသည့် အကြောအားဖြည့် စားဆေး၊ လိမ်းဆေး၊ ဆေးမျိုးစုံ (TMR 011176), (1114), (TMR 011177), (1114)
- လိင်ခေါင်းတွင်း/ပြင်၊ စအိုဝဖုသီးထွက်၊ ဝမ်းသွားအားမရ သွေးပါ၊ စအိုဝယောင်ရမ်းနာကျင်ခြင်း၊ လိင်ခေါင်းအဖုတဖြည်းဖြည်း ကြီးလာခြင်း၊ အရိအချွဲကျခြင်းတို့ကို အထူးကုသ ဆေးများဖြင့် အမြစ်ပြတ် ကုသပေးနေပါပြီ။ (1208 y 7427942)
- ခရုသင်း၊ သမင်ဖြူ၊ နှင်းခူစို/ခြောက်၊ ကာလသားရောဂါများ ကုသပေးနေပါပြီ။ အထူးကုဆေးများလည်း ရရှိနိုင်ပါသည်။ (0813 y 10568) သွေးသန့်ဆေး၊ သွေးညှိဆေး၊ မီးယပ်၊ ထိမ်ငုပ်၊ ယားယံ/ဖုပိမ့်ထခြင်း၊ အပူငြိမ်းဆေး၊ အဆီကျဝမ်းပျော့ သွေးသန့်ဆေးများလည်း ရရှိသည်။

ဆေးခန်း - အမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း၊ KBZ ဘဏ်ဘေး၊ (၀၁-၃၈၇၀၉၇)၊ (၀၉-၃၁၉၂၁၁၃၅)
ပင်ရင်းဖြန့်ချိရေး - အမှတ်(၈၆)၊ (၉၄)လမ်း၊ မင်္ဂလာတောင်ညွန့်၊ (၀၉-၅၀၁၆၃၇၂၊ ၀၉-၅၀၃၃၈၃၉)
မင်းမဖြန့်ချိရေး - ကိုဝင်းမြင့်+မဘောဘိ(ကမ်းနားလမ်း)၊ (၁၅)လမ်းထောင့်၊ ကိုလုဝီး(သိမ်ကြီးဈေး)၊ လှထုမဗ္ဘာ(သိမ်ကြီးဈေး)၊ သီဟ(သန်လျင်မြို့မဈေးအနီး)၊ အောင်ရတနာ(၂၈×၈၃)လမ်းထိပ်၊ ကောင်းသန့်(၂၆၄/၂၈)၊ (၈၂×၈၃ လမ်းထိပ်)၊ မတူး-မစူး(၂၀×၂၂) မြန်မာ့ဂုဏ်ရည်(၂၆)၊ (၈၈×၈၉)၊ ပန္နလ(ဈေးချို)၊ အာရောဂျ(သိမ်ကြီးဈေး)၊ အာရောဂျ နှ(၄)၊ နေပြည်တော်မြို့မဈေး၊ ပွဲကတော်မင်္ဂလာရပ်(ပျဉ်းမနား)၊ ကိုတူးတူး(မကွေးတိုင်းဆေးရုံကြီးနောက်ဘက်)တို့တွင် ရရှိနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# လမှုန်းရန်စွယ်

✷ ဝသုန်ဟိန်းထက်

တစ်ရုံတစ်ခုအသံကြောင့် အိပ်ပျော်နေရာမှ ဖျတ်ခနဲ နိုးလာမိသည်။ ကျွန်ုပ်သည် နဂိုကပင် အအိပ်ဆတ်လှပြီး ယခုလို သူတစ်ပါးအိမ်တွင် ၌ အိပ်မပျော်၊ လူးရင်းလိမ့်ရင်းနဲ့ ကြိုးစားအိပ်နေရသည်။ မှေးခနဲ အိပ်ပျော်သွားတော့ အသံတစ်ခုကြောင့် နိုးခဲ့ရသည်။

ထိုအသံက လူတစ်ယောက်၏ ခြေသံ။ ခေါင်းရင်းဘက်အခြမ်း၊ အိမ်အပြင်ဘက်မှ ထွက်ပေါ်နေခြင်း ဖြစ်သည်။ အချိန်ကလည်း သန်းကြီးခေါင်းချိန်ဆိုတော့ စဉ်းစားစရာပင်။ သူခိုးများလားလေသလားဟု တွေးရင်း ထထိုင်လိုက်၏။ ကျွန်ုပ်၏ နံဘေးတွင် တခေါခေါဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်နေသော ဖိုးဇော်ကို တတ်နိုင်သမျှ ထိုးကြည့်လိုက်မိသည်။ ခင်ဗျားကတော့ ဘာမှသိပုံ မရ။

"ဟေ့ကောင် ဖိုးဇော်၊ ထစမ်း။ ဟော့ . . . ထစမ်းပါဦးကွာ"

ကျွန်ုပ်ကအတင်းလှုပ်နှိုး၍ ဖိုးဇော်က ဟင်းအင်း။ တအဲအဲဖြင့် နိုးလာ၏။ နိုးနိုးချင်း ဝါးခနဲသမ်းဝေရင်း -

"ဘာလဲဗျ၊ ကောင်းခန်းရောက်မှ ကိုညီက နိုးရတယ်လို့"

ဟု အိပ်ချင်မူးတူးဖြင့် ကျွန်ုပ်အား အပြစ်တင်လေတော့သည်။

"ဟာ . . . ဒီကောင်တော့ ခက်တော့တာပဲ၊ ငါနားရင်းတီးလိုက်ရ"

ဟု ကျွန်ုပ်ကမာန်မဲလိုက်မှ ဖိုးဇော်မှာ ကမန်းကတန်း ထထိုင်လေသည်။

"ဘာ . . . ဘာဖြစ်လို့လဲ ကိုညီ"

"ရှူး . . . ဖိုးဇော်၊ မင်းသေသေချာချာ နားထောင်စမ်း။ ခေါင်းရင်းဘက်က ခြေသံကြားလို့ကွ"

ကျွန်ုပ်က လေသံတိုးတိုးဖြင့် သတိပေးမှ ဖိုးဇော်မှာ မျက်လုံးအပြူးသားဖြင့် နားစွင့်ရှာလေသည်။

ပြောနေရင်းမှပင် ခြေသံတရှပ်ရှပ် ကြားလိုက်ရသည်။

"ဟာ . . . ဟုတ်တယ်ဗျ၊ ခြေသံကြားတယ်။ ကိုကျော်ခင့်တို့ လင်မယားလည်း အိပ်ပျော်နေကြတာပဲ။ ဘယ်သူများပါလိမ့်"

"ဟုတ်တယ် ဖိုးဇော်။ ဒီအိမ်မှာ မင်းနဲ့ငါရယ်၊ ကိုကျော်ခင့်တို့ လင်မယားရယ်၊ အားလုံးပေါင်းမှ လေးယောက်ပဲ ရှိကြတာ"

"ဒါဆို သူခိုးများလား ကိုညီ"

"မဖြစ်နိုင်ဘူးကွ။ ဘာလို့လဲဆိုတော့ ခြေသံက ဟိုတက်လျှောက်လိုက် ဒီဘက်လျှောက်လိုက်နဲ့ မှန်မှန်လျှောက်နေတာကွ။ ဒါဆိုရင် ဘယ်နည်းနဲ့မှ သူခိုးမဖြစ်နိုင်ဘူးကွ"

"ဒါဖြင့် တစ္ဆေ . . . တစ္ဆေခြောက်တာများလား"

ဖိုးဇော်မှာ တုန်လှုပ်သွားဟန်ဖြင့် ကျွန်ုပ်အနီး တိုးကပ်လာတော့၏။

"တောက် . . . မင်းကလည်းကွာ၊ အရေးအကြောင်းဆို ဒူးတုန်နေပြီ။ မင်းလိုတပည့်မျိုး ငါဘယ်လို အားကိုးရမလဲကွ"

ကျွန်ုပ်က ငေါက်လိုက်တော့လည်း ဖိုးဇော်မှာ နံဘေးတွင် အသင့်ချထားသော သံပိုက်လုံးကို ကောက်ကိုင်လိုက်ပြီး -

"ကျွန်တော် မကြောက်တော့ဘူး။ ဘာပဲဖြစ်ဖြစ်ချမယ်ဗျာ"

ဟု ဆို၍ ကျွန်ုပ်မှာ ပြုံးလိုက်မိ၏။ ထို့နောက် ကျွန်ုပ်တို့နှစ်ဦးသည် ဘုရားခန်းအောက်ရှိ ပြတင်းပေါက်ကို ဖြည်းညင်းစွာ ချက်ဖြုတ်ပြီးနောက် ဝုန်းခနဲ တွန်းဖွင့်၍ ဓာတ်မီးဖြင့် ထိုးကြည့်လိုက်၏။ ဖြာခနဲထွက်သွားသော ဓာတ်မီးအလင်းရောင်အောက်၌ ဘာဆိုဘာမျှ မရှိ။

"ဘယ်သူမှလည်း မရှိပါလား"



www.burmeseclassic.com

www.burmeseclassic.com

"အေး…ဟုတ်တယ်။ အဆန်းတော့ အဆန်းသားပဲ"

ခြံထဲတွင် ခွေးတစ်ကောင် ကြောင်တစ်မြီးမျှ မရှိ။ ပကတိ ရှင်းလင်းနေ၏။ ခြေသံလည်း မကြားရတော့။

"သေချာပါတယ် ကိုညီ။ တခွေခြောက်တာပဲ။ ဘယ့်နယ်လုပ်မတုံး"

ထိုစဉ်မှာပင် -

"ဟင်း…ဟင်း…ဟင်း"

ဟူသော လူမမာတစ်ယောက်၏ ညည်းသံကို ပီပီသသကြီး ကြားလိုက်ရ၏။ အသံက မိန်းမအသံ၊ ခြောက်ခြောက်ကပ်ကပ်၊ အက်ကွဲကွဲအသံကြီး ဖြစ်၏။

"ကိုညီ…လုပ်ပါဦး။ ကြား…ကြားတယ်မဟုတ်လား"

ဖိုးဇော်က သံပိုက်လည်း မကိုင်နိုင်တော့။

"အေး…ကြားတယ်။ အသာငြိမ်နေ။ မင်းကြီးဒေါ်အသံကို ကြားတယ်။ စောင့်ကြည့်နေဦး"

"ကျွန်တော် ကြောက်လာပြီဗျာ။ ဒီအိမ်ကြီးကို စတက်ကတည်းက စိတ်ထဲမှာ မသိုးမသန့်နဲ့ဗျာ"

ဖိုးဇော် ပြောတာလည်း ဟုတ်ပေသည်။ ကိုကျော်တင့်တို့ လင်မယားက အကူအညီတောင်းခံ၍ ကျွန်ုပ်တို့နှစ်ဦး လာအိပ်ပေးခြင်း ဖြစ်သည်။ အခုလိုပင် ညစဉ်ရက်ဆက် တစ်နည်းမဟုတ် တစ်နည်း ခြောက်လှန့်ခံနေရ၍ ကျွန်ုပ်တို့ကို ခေါ်ယူခြင်းဖြစ်၏။ သူတို့နှစ်ဦး လက်ထပ်၍ ဤအိမ်လေးကို လာငှားနေသည်မှာ တစ်လပင် မပြည့်သေး။ အခုလို ပြဿနာကပေါ်လာခြင်းဖြစ်သည်။

ထိုခဏမှာပင် ကိုကျော်တင့်တို့ လင်မယား နိုးလာကြသည်။ မီးပျက်နေ၍ ဖယောင်းတိုင်မီးများကို ထွန်းညှိလိုက်ကြသည်။

"ကိုညီရေ…အဲဒါပဲဗျာ။ ကျွန်တော်တို့ ဒီအိမ်ကို ရောက်ကတည်းက တစ်ရက်မှ ကောင်းကောင်းမွန်မွန် မအိပ်ရဘူးဗျာ။ ခုနက ခြေသံကြားကတည်းက နိုးနေကြတာ"

"ဒါနဲ့ ကိုကျော်တင့်၊ ခင်ဗျားတို့ ဒီအိမ်ပြောင်းပြီးကတည်းက ဘုန်းကြီးတွေ မပင့်ခဲ့ဘူးလား"

"ပင့်တာပေါ့ဗျာ။ အိမ်သစ်တက်၊ မင်္ဂလာဆွမ်းကပ်ပြီး ပရိတ်တွေဘာတွေတောင် ရွတ်ခဲ့တာပဲ။ ကျွန်တော့်ဇနီးဆိုရင် ညနေတိုင်း ပရိတ်ကြီးဆယ့်တစ်သုတ်စလုံးရွတ်ပြီး မမြင်ရတဲ့ လောကသားတွေကို သေသေချာချာ အမျှဝေ၊ မေတ္တာပို့နေကျပဲ"

ထိုစဉ်မှာပင် -

"ဝုန်း…ခလွမ်း"

ဟူသော ပန်းကန်ကွဲသံများကြောင့် ကျွန်ုပ်တို့အားလုံး မီးဖိုချောင်သို့ ပြေးကြည့်ရပြန်သည်။ ဓာတ်မီးဖြင့် ထိုးကြည့်တော့ တစ်ခုမှ အရာမယွင်း။ အားလုံး သူ့နေရာနှင့်သူ။

"အင်း…အတော်ဆိုးနေပါလား ဟေ့"

ကျွန်ုပ်က သက်ပြင်းချရင်း ပြောမိ၏။

"ဟုတ်တယ် ကိုညီ။ ကျွန်တော်ကတော့ မာန်တင်းနေနိုင်သေးတယ်။ မိန်းမကတော့ အတော့်ကို ကြောက်နေရှာပြီဗျာ။ တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်းမဟုတ်ဗျ"

ထိုစဉ်မှာပင် -

"ဟင်း…ဟင်း…ဟင်း"

ဟူသော လူမမာညည်းသံ ထွက်ပေါ်လာပြန်သည်။

အသံထွက်ပေါ်ရာကို မှန်းဆ၍မရ။ အထက်မှလာသလိုလို၊ အောက်မှလာသလိုလို။

ကျွန်ုပ်သည် "ကြီးလေးလုံး စမအင်း"ကို ထုတ်ယူလိုက်၏။ ထိုအင်းပုံစံမှာ အောက်ပါအတိုင်း ဖြစ်၏။


ထို့နောက် ဘုရားရှင်အား သေချာကျနစွာ ရှိခိုး၍ ပင့်ဖိတ်၏။ ဖယောင်းတိုင်ကိုးတိုင်၊ အမွှေးတိုင်ကိုးတိုင်ကိုလည်း ထွန်းညှိပူဇော်၏။ သမ္မဒေဝနတ်ကောင်းနတ်မြတ်များ၊ စတုလောကပါလနတ်မင်းကြီးများ၊ ရဟန္တာအရှင်မြတ်များ၊ မဟာဝိဇ္ဇာမိုရ်ကြီးများကို ရိုသေစွာ ရှိခိုးပင့်ဖိတ်၏။ တိုင်တည်လျှောက်ထား၏။ ကျွန်ုပ်ပြုလုပ်ခဲ့သော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့ကို အမျှဝေ၍ မေတ္တာပို့သ၏။ အားလုံးပြီးတော့မှ ထိုစမအင်းအပေါ်၌ ဖယောင်းတိုင်နှစ်တိုင်ကို ပူး၍ထွန်းကာ ဘုရားခန်း၌ ပူဇော်လိုက်လေသည်။ ထိုသို့ ပူဇော်စဉ်ကာလအတွင်း မေတ္တာသုတ်၊ ခေမသုတ်နှင့် အာဋာနာဋိယသုတ်ကို ပီသသေချာစွာ ရွတ်ဆိုပွားများနေတော့၏။

နောက်ထပ် ဘာသံမျှ မကြားရတော့။ မည်သည့်ခြောက်လှန့်မှုမျှ မကြုံရတော့။ ကောင်းမွန်စွာ အိပ်စက်ခွင့်ရခဲ့ကြရလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်းတော့ ကော်ဖီသောက်ရင်း ကိုကျော်တင့်တို့ လင်မယားနဲ့ စကားပြောဖြစ်သည်။

"ဒါနဲ့ မေးရဦးမယ်။ ခင်ဗျားတို့ ဒီအိမ်မပြောင်းခင် ဒီအိမ်အကြောင်း စုံစမ်းခဲ့သေးလား"

"ဘယ်နေပါ့မလဲ ကိုညီရာ။ စုံစမ်းထားပေါ့။ ပတ်ဝန်းကျင်ကောင်းရဲ့လား။ အိမ်က သန့်ရဲ့လား စသဖြင့်ပေါ့ဗျာ။ ဒီလောက်သည့် ဘာအသံမှ မကြားခဲ့ရဘူး။ ကြားခဲ့ရဘူးဆိုတာက ဒီလိုပါ။ ဒီအိမ်မှာ ဘာအရှုပ်အရှင်းမှ မရှိဘူး။ ဘာခြောက်လှန့်မှုမှုလည်း မရှိဘူးဗျာ။ ဒါတော့ သေချာတယ်"

"ဒါဆို ခင်ဗျားတို့ လင်မယား ပြောင်းလာပြီးမှ ဒီလိုဖြစ်တယ်ပေါ့"

"ဟုတ်တယ် ကိုညီ။ နဂိုက အေးအေးဆေးဆေးပဲ။ ဘာဆိုဘာမှမရှိခဲ့ဘူး"

"နို့···နေပါဦးဗျာ။ ဒီလိုဖြစ်တော့ ကော ဆရာသမားတွေနဲ့ တိုင်ပင်ကြည့်သေးသလား"

"အင်း··အမှန်ပြောရရင် ပယောဂဆရာ ခေါ်မလား။ အထက်လမ်းဆရာခေါ်မလား ဒီဆရာကြီးနဲ့တော့ ခေါ်ပြခဲ့သေးတယ်။ ဒါပေမယ့် ဆရာကြီးပြောတာကတော့ ဒီအိမ်မှာ ဘာမကောင်းဆိုးဝါး နာနာဘာဝမှ မရှိဘူးတဲ့။ ဘာပညာစက်တွေမှ မတွေ့ဘူးတဲ့။ ဒီဆရာကြီးလည်း ခေါင်းစားသွားတယ်။ အဖြေမထွက်ဘူး"

"နာမ်လောက၊ ပရလောကရဲ့ အနှောင့်အယှက်မဟုတ်ဘူးလို့ ဆိုလိုတာလား"

"ဒီသဘောပါပဲ ကိုညီ။ ပရလောက၊ နာမ်လောကနဲ့ဆိုင်တဲ့ ဝိညာဉ်ပိုင်းဆိုင်ရာ အနှောင့်အယှက်ဆိုလို့ ဘာဆိုဘာမှ မရှိဘူးတဲ့"

ကိုကျော်တင့်စကားကြောင့် ကျွန်ုပ်လည်း ခေါင်းစားသွားရသည်။ အနာနဲ့ဆေး လွဲနေတာတော့ အသေအချာပင်။ အဖြေကလည်း မထွက်။ ကော်ဖီကို တစ်ငုံချင်းသောက်နေရင်းမှ အမှတ်မထင် တစ်စုံတစ်ခုကို သတိထားလိုက်မိသည်။

"ဟင်···ဟိုဗီရိုပေါ်က အရုပ်လေးက ဘာအရုပ်လေးပါလိမ့်"

ပြောပြောဆိုဆို ထိုင်ရာမှ ထ၍ ဗီရိုပေါ်မှ အရုပ်လေးကို ထယူလိုက်မိသည်။ အရုပ်မှာ တစ်တောင်ခန့်ရှိပြီး ရှေးခေတ် နန်းတွင်းအဝတ်အစားများဖြင့် ဝတ်ဆင်ယင်ထားသော မင်းသမီးရုပ်တုလေး ဖြစ်နေ၏။ အရုပ်မှာ စီးစီးပင်ပင်ရှိပြီး လက်ရာမြောက်စွာ၊ အချိုးအဆစ် ကျနပီသစွာ ထုလုပ်ထားသော ပန်းပုဆရာလက်စွမ်းပြ လက်ရာတစ်ခုဖြစ်၏။

"ဒါ ဘာအသားနဲ့ ထုထားတာလဲ ကိုကျော်တင့်"

"မပြောတတ်ဘူး ကိုညီ။ မင်္ဂလာလက်ဖွဲ့ထဲမှာ ပါလာတာပါ"

"ဘယ်သူလက်ဖွဲ့လိုက်တာလဲဗျာ"

ကျွန်ုပ်အမေးကြောင့် ကိုကျော်တင့်မှာ ဇနီးဖြစ်သူကို တစ်ချက်လှည့်ကြည့်လိုက်၏···။ ထိုမျက်လုံးများ၌ အဓိပ္ပာယ်တချို့ ပါဝင်နေသည်ကို သတိပြုမိ၏။

"ဘယ်သူ ပို့လိုက်တယ်ဆိုတာတော့ ရေးမထားဘူးဗျာ။ ဒါပေမည့်"



www.burmeseclassic.com

www.burmeseclassic.com

ကိုကျော်တင့်က စကားကို ဆက်မပြောဘဲ ရပ်ထား၍ ကျွန်ုပ်က မရမက မေးရတော့သည်။

"ဒါပေမည့်···ဘာဖြစ်တာလဲ။ ဆက်ပြောလေ။ ဘာမှ ထိန်ချန်မထားနဲ့။ ပွင့်ပွင့်လင်းလင်းသာပြော။ ဒါမှ သရုပ်မှန် ဖော်ထုတ်နိုင်မှာ"

"အခုဖြစ်ရပ်က ဒီအရုပ်နဲ့ သက်ဆိုင်နေလို့လားဗျာ"

"အသေအချာတော့ မပြောနိုင်သေးဘူး။ ဒါပေမည့် ကျွန်တော်မှန်းတာ မမှားဘူးဆိုရင် အဓိကလက်သည်က ဒီမင်းသမီးအရုပ် ဖြစ်ဖို့များတယ်။ ပြီးတော့ ဒါက သစ်သားနဲ့ ထုထားတာ မဟုတ်ဘူး။ ဂမုန်းတစ်မျိုးနဲ့ ထုထားတာ၊ နမ်းကြည့်ပါလား။ စိမ်းရွှေရွှေနဲ့ ဂမုန်းအနံ့ ရလိမ့်မယ်။ ထူးဆန်းတဲ့ ပညာရပ်တစ်မျိုးနဲ့ ပေါင်းစပ်ပြီး ဒီဂမုန်း မင်းသမီးရုပ်တုကို ထုလုပ်စီရင်ထားတာ ဖြစ်လိမ့်မယ်"

ကျွန်ုပ်ရှင်းပြလိုက်တော့မှ ကိုကျော်တင့်က ဟင်းခနဲ သက်ပြင်းချရင်း ရှင်းပြပါတော့သည်။

"ဒီလို ကိုညီ။ ကျွန်တော်နဲ့ ကျွန်တော့်ဇနီးမြတ်တို့ဟာ တစ်ယောက်နဲ့တစ်ယောက် မေတ္တာအစစ်နဲ့ ချစ်ခင်စုံမက်လို့ လက်ထပ်ခဲ့ကြတာပါ။ တစ်ဦးနဲ့တစ်ဦးကြားမှာလည်း ဘာမှ ထိန်ဝှက်ထားတာ မရှိခဲ့ပါဘူး။ အင်း···ပြောရရင်တော့ ဒီကြားမှာ တတိယလူတစ်ယောက် ပေါ်လာခဲ့တယ်။ သူကတော့ သစ်ကုန်သည် ဦးဘဆွေ ဆိုသူပဲ။ ဦးဘဆွေက မြတ်ကို လိုချင်လို့ နည်းပေါင်းစုံနဲ့ ကြိုးစားခဲ့တယ်။ ကျွန်တော်တို့နှစ်ယောက်ကို ခွဲဖို့ အမျိုးမျိုးကြံစည်အားထုတ်ခဲ့တယ်။ ဒါပေမည့် သစ္စာတရားကြီးမားတဲ့ မြတ်က ကျွန်တော်ကလွဲပြီး ဘယ်သူ့အတွက်မှ နေရာမပေးခဲ့ဘူး။ မက်လုံးအမျိုးမျိုးကို ခါချနိုင်ခဲ့တယ်။ အခုလို မင်္ဂလာဆောင်လိုက်တော့ ဦးဘဆွေဟာ ပိုပြီး ကြိတ်မနိုင်ခဲမရ ဖြစ်တော့တာပဲ။ နောက်ဆုံးအချိန်အထိ မင်္ဂလာပွဲမပျက်ပျက်အောင် အားထုတ်ခဲ့သေးတယ်။ ဒါပေမည့် ဖူးစာမှန်တော့ ကံပါတယ်လို့ပဲ ဆိုရမှာပဲ။ မင်္ဂလာပွဲအောင်မြင်ခဲ့ပါတယ်။ ဒီအရုပ်လေးကိုလည်း သူပို့လိုက်တယ်လို့ပဲ ထင်ပါတယ်။ ဘာရည်ရွယ်ချက်လဲတော့ မသိပါဘူး။ ကျွန်တော်က လွှင့်ပစ်ဖို့ ကြိုးစားပါသေးတယ်။ မြတ်က နမြောစရာကြီး။ အရုပ်ကလေးက ချစ်စရာကောင်းပါတယ်ဆိုလို့ ထားခဲ့တာပါ"

"ဟုတ်ပါတယ်၊ ဒီမင်းသမီးရုပ်လေးက အရမ်းအသက်ဝင်ပြီး လက်ရာမြောက်တာနဲ့ မြတ်လည်း ယူထားမိတာပါ။ ဒီလို ကြိုက်မွေတဲ့အရုပ်မှန်းသိရင် ဒီလို ဘယ်ထားပါ့မလဲ"

"အင်း···အဖြေကတော့ ပေါ်ပါပြီ။ ဒါပေမည့် သေချာအောင် ဒီအရုပ်ကို ကျွန်တော့်ဆရာကြီးဆီ ယူသွားပြီး စစ်ဆေးခိုင်းရမယ်။ ပြီးတော့မှ လုပ်သင့်တာ လုပ်ကြတာပေါ့"

"ကောင်းပါတယ်၊ ကိုညီသဘောပဲ။ ကောင်းသလိုသာစီမံပါ"

ဤသို့ဖြင့် ကျွန်ုပ်သည် ဂမုန်းမင်းသမီးအရုပ်လေးကို ယူ၍ သင်္ဃန်းကျွန်း၊ ပညာရေးကောလိပ်အနီးတွင် နေထိုင်သော ကျွန်ုပ်၏ဆရာဖြစ်သူ ဟိန္ဒူဆရာကြီး ဆရာသန်းထိုက်ထံသို့ ရောက်ရှိခဲ့လေသည်။ ဆရာကြီးသည် ထိုအရုပ်ကို သေချာစွာ စစ်ဆေးခဲ့ရာ တစ်နာရီနီးပါးမျှ ကြာမြင့်ခဲ့၏။ ထို့နောက်မှ အောက်ပါအတိုင်း ရှင်းပြလေသည်။

"ဒီလိုကွ၊ ဒီအရုပ်ကို ဂမုန်းတစ်မျိုးနဲ့ စီရင်ထားတယ်။ ပြီးတော့ အောက်လမ်းအတတ်တွေနဲ့ စီမံထားတာကွ။ ဒီဂမုန်းကိုက အိမ်မှာ မစိုက်အပ်တဲ့ ဂမုန်းမျိုးပေါ့ကွာ။ မင်းကြားဖူးသလားတော့ မသိဘူး။ ယက္ခဂမုန်းဆိုတာလေ။ သူ့ချည်းသက်သက်ကိုက နိဂ်တတ်တဲ့ သဘောရှိလို့ ဘယ်သူမှ အိမ်မှာစိုက်လေ့စိုက်ထ မရှိဘူး။ ဒါကို မကောင်းတဲ့ အတတ်နဲ့ ပေါင်းစပ်ထားတော့ ဒုက္ခပေးတော့တာပဲ။ ကဲ···ဒီတော့ ဘာမှပူမနေနဲ့တော့။ မင်းလုပ်ရမှာက ဒီအရုပ်ကို ဓားနဲ့ နုပ်နုပ်စဉ်းပြီး ရေစီးသန်တဲ့ ချောင်းထဲ စွန့်ပစ်လိုက်ပေတော့။ အမြစ်ပြတ်ချုပ်ငြိမ်းသွားပါလိမ့်မယ်။ တကယ်တော့ ဒါဟာ ရန်ငြိုးနဲ့ တိုက်ခိုက်လိုက်တဲ့ ဂမုန်းရန်စွယ် အစီရင်တစ်ခုပါပဲ ငါ့တပည့်"

ကျွန်ုပ်သည် ဆရာကြီးကို ရိုသေစွာ ကန်တော့၍ ကိုကျော်တင့်တို့ဆီ ပြန်လာခဲ့၏။ ဆရာကြီးမှာကြားချက်အတိုင်း စီမံဆောင်ရွက်ပြီးပါက ညတိုင်း ခြောက်လှန့်ခံရသောအဖြစ်မှ လင်မယားနှစ်ယောက် လွတ်ကင်းရတော့မည်ကို တွေးရင်း ကျွန်ုပ်ရင်ဝယ် ကြည်နူးနေမိတော့သည်။

ဝသုန်ပြည့်ထက်



www.burmeseclassic.com

www.burmeseclassic.com


စိတ္တာဓရ ဆေးပညာဖြင့် အောက်ပါရောဂါများကို ကုသပေးသည်

**ရွှေပြည်မင်း** ဆရာဦးခင်မောင်လှ (တဆ-၀၂၂၉၀)
တိုင်းရင်းဆေးကုဌာန

* အသည်းရောင်၊ အသားဝါ၊ အသည်းကြွပ်၊ အသည်းခြောက်၊ ရေဖျဉ်းစွဲ၊ အသည်းကြီးခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းအနာဖြစ်ခြင်း၊ နာတာရှည်အသည်းရောဂါအမျိုးမျိုး။
* နှစ်ရှည်လများ ဆီးချို၊ သွေးချိုကြောင့် အမျိုးသားအားနည်းရောဂါ နှင့် ဆီးကျောက်တည်ရောဂါ။
* ထိပ်ခေါင်း၊ ဂရင်ဂျီနာ၊ ခအိုဝတွင် အပုအကျိတ်၊ ခအိုနာအမျိုးမျိုး။
* အမျိုးသမီးများသားအိမ်အတွင်းအလုံးအကျိတ် တည်ခြင်း၊ ရက်ရှည်မီးယပ်အဖြူဆင်းခြင်း၊ ရင်သားအပုအကျိတ် ခွဲမစိတ်မှာကျောင်စေဘဲနှင့် သိန္ဓိဝင်ဆေးတောင့်၊ ဓါတ်လုံးများဖြင့် အိုးသန့် သက်သာပျောက်ကင်းစေရမည်။
* ခန္ဓာကိုယ် အတွင်းအပြင် နှစ်ရှည်လများ ဖြစ်ပွားနေသော အလုံး၊ အကျိတ်၊ အဖု၊ ကင်ဆာ(စေါ်)ဖြစ်ပွားနာရောဂါ အမျိုးမျိုးကို ယတိမ်၍ ကုသပေးသည်။

ဆေးခန်းဖွင့်ချိန်-
ရွှေပြည်မင်းဆေးတိုက်နှင့်ဆေးကုဌာန
နေ့လယ်(၁၂)နာရီ မှ ည(၇း၀၀)နာရီထိ
တနင်္လာနေ့တိုင်း ပိတ်သည်။



**မြင့်စေတနာဆေးတိုက်**

(အရေပြားရောဂါမှန်သမျှဒိဋ္ဌပျောက်ကင်းစေရမည်။)

# ရေသင်း (သမင်ဖြူ)

LEUCODERMA

ရေသင်း (သမင်ဖြူ)၊ဖြူ နီ နက်ကွက်များ◆အနာကြီးရောဂါ◆ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့်အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ကုသပေးသည်။

**LEUCODERMA, LEPROSY, YAWS, FUNGUS, PINTA, ECZEMA, RING WORM, DERMATITIS, Etc.**

ဆရာ **ဦးခင်မောင်မြင့်** (မြင့်စေတနာဆေးတိုက်) ၊ အမှတ် (၃)၊ ပိတောက်ရိပ်မြိုင်၊ ဆိုင်တုန်-အင်းစိန်လမ်းမကြီး။ ကုလားကျောင်းမှတ်တိုင်၊ သမိုင်း။ ရန်ကုန်မြို့ ။ ဖုန်း-၀၁-၆၆၆၇၇၈၈-၇၉၈၈၆၉၀


ဌာနခွဲ - အမှတ် (၂)၊ ၆၂-လမ်း။ ၂၈ × ၂၉ လမ်းကြား။ အောင်တော်မူရပ်၊ မန္တလေးမြို့ ၊ ဖုန်း - ၀၂-၂၄၆၀၉၊ ဖုန်း - ၀၉၂၀၀၂၈၄၇

www.burmeseclassic.com

# ဘောကြီးတစ်ခွ [၆]

# တာတော့ကြီး

(ယခင်လမှအဆက်)



www.burmeseclassic.com

www.burmeseclassic.com

# တောကြီးတစ္ဆေ (၆)

တာတေကြီး

(ယခင် လ မှ အ ဆက်)

**...ဦးသိလ**

ကျွန်ုပ်မှာ သုသာန်ထဲသို့ ဝင်
...အခါ မကောင်းဆိုးဝါးများက
...ပျောက်ကွယ်ကုန်ကြ၏။ အချို့
...ဆုတ် နောက်ဆုတ်နှင့် ပျောက်
...ကြ၏။ ကျွန်ုပ်မှာ အုတ်ဂူတစ်ခု
...သို့ရောက်သောအခါ တင်ပလ္လင်
...ထိုင်ပြီး စိတ်ကို ငြိမ်သက်စွာနေ
... ကျွန်ုပ် ရွတ်ဖတ်ဖူးသော ဂါထာ
... ရွတ်ဖတ်နေမိ၏။ နားထဲဝယ်
...ချိုးခြား အသံတစ်သံကို
...လိုက်ရ၏။

"နောင် . . ဝေ . . ဝေ"

ကြေးစည်အသံကြောင့် မျက်
...ကြည့်ရာ ဘာမှ မတွေ့ပေ။
...ထဲသို့ အသံလာသော ကြေး
...တာ တောတန်းတစ်နေရာက
...၏။ ထိုအသံကို နားထောင်ရသော ကျွန်ုပ်အဖို့ နောက်ထပ် တစ်ဖန် ကြားချင်သောစိတ် ပြန်လည်ဖြစ်ပေါ်လာပြန်၏။

ကျွန်ုပ်စိတ်ထဲဝယ် အသံတစ်ခုခုကြောင့် တုန်လှုပ်ခံစားရသော ခံစားမှုမျိုး တစ်ခါမှ မဖြစ်ဖူးချေ။ ကျွန်ုပ်မှာ ကားရှိရာသို့ ပြန်လာသောအခါ အားလုံးက ကျွန်ုပ်အား ကြောက်ရွံ့စွာ ဝိုင်းကြည့်နေကြ၏။ ကျွန်ုပ်သာ တစ်စုံတစ်ခုကို မတားဆီးဘူးဆိုလျှင် ထိုနေရာ၌ ခရီးသည်များ ခြောက်လှန့်ခံရမှာ သေချာလေ၏။ ကျွန်ုပ်၏မာစတာ ဦးကျော်စွာ သင်ပေးထားသည့်အတိုင်း ကျွန်ုပ်မှာ ပရလောကသားများနှင့် ဆက်သွယ်ပြောဆိုနိုင်သော မနောစာတ်ကို ရရှိထားလေ၏။ ကျွန်ုပ်တို့ ခရီးသည် အုပ်စု ဟိုနေရာတစ်စု၊ ဒီနေရာတစ်စု ထိုင်နေစဉ်မှာပင် ကားစပယ်ယာလေးက ဘီးဖာပြီး ကားကြုံဖြင့် ပြန်ရောက်ကာ ဘီးကို တပ်ဆင်လေ၏။ ကားထွက်ရန် အဆင်သင့်ဖြစ်သော် ကျွန်ုပ်က. . .

"ကဲ. . ကားဆရာ၊ ခရီးဆက်ချင် ဆက်နိုင်ပါပြီ။ ကျုပ် ဒီမှာပဲ နေခဲ့ပါတော့မယ်"

ဟု ဆိုသောအခါ ကားဒရိုင်ဘာအပြင် အားလုံးက ကျွန်ုပ်အား အရူးပမာ ဝိုင်းဝန်းကြည့်ရှုနေကြ၏။ ကျွန်ုပ်က ကျောင်းဆရာမလေး ထားထားခင် ဆိုသူထံ သွားပြီး. . .

"ကျုပ် ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါအမ်။ ကျုပ်စိတ်ထဲမှာ ကိုယ့်နှမလေးလို ခင်လို့ နောက်ပြောင်မိတာပါ"

ဟု ပြောကာ ကျွန်ုပ်မှာ သုသာန်ရှိရာသို့ ပြန်လျှောက်သွား၏။ ကားပေါ်တွင် ပါသူအားလုံးက ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းအား ဒဏ္ဍာရီသဖွယ်၊ ပုံပြင်ဆန်ဆန် ပြောကြမှာ သေချာ၏။ ကျွန်ုပ်မှာ နားထဲ၌ ကြားရသော ကြေးစည်သံ၏ အဖြေကို ရှာဖွေရ ပေဦးမည်။

ကျွန်ုပ်မှာ နားထဲ၌ကြားရသော ကြေးစည်သံအား ရှာဖွေရန် သုသာန်၏ မြောက်ဘက်စူးစူးသို့ လျှောက်လာသောအခါ တောတန်းလေး တစ်ခုကို တွေ့ရလေ၏။ နံနက်ဝေလီဝေလင်းဖြစ်၍ ကျေးငှက်သံများဖြင့် အလွန်နာပျော်ဖွယ်ကောင်း လေ၏။

"နောင်ဓဝ . . . ဝေ"

ကြီးမားသော ညောင်ပင်ကြီး အောက်ဝယ် တဲသာသာဆောက်ပြီး ဝါးများဖြင့် ကာထားသော နေရာလေးမှ ကြေးစည်သံကြောင့် ကျွန်ုပ် ဝမ်းသာသွားလေ၏။ ကျွန်ုပ်မှာ တဲ အတွင်းသို့ဝင်လိုက်သောအခါ ဘုရားဝတ်ပြုကာ ကြေးစည်လေးအား ထုနေသော ရသေ့လေးတစ်ပါးကို တွေ့ရလေ၏။ ရသေ့လေးမှာ အသားရည်ကအစ ရွှေဝါရောင်သန်းပြီး ဥပမိရုပ် အလွန်ကောင်းကာ မျက်ခုံးမွေးထူထူ၊ မျက်လုံးမျက်ဖန်ကောင်းကောင်းနှင့် ဖြစ်လေ၏။ ရသေ့လေးက နောက်လှည့်မကြည့်သေးဘဲ.

"လောကကြီးမှာ သံသရာဟာ ဆုံပေမယ့် ကံကြမ္မာက ဘယ်တော့မှ မကြုံဘူး။ ကြုံပြန်ရင်လည်း ဒုက္ခတွေနဲ့ ပြည့်သိပ်နေပြန်ပါပကော"

ဟု ဆိုလိုက်လေ၏။

"ရသေ့လေး... ကျုပ် ရောက်နေတာကို ရသေ့လေး ကြိုသိနေတာပေါ့"

ဟု ဆိုလျှင် ကျွန်ုပ်က. . .

"ဒကာ. . . လောကကြီးမှာ ဘာကိုမှ ကြိုမသိသလို၊ ဘာကိုမှလည်း အမြဲမရှိဘူးဆိုတာ တရားနှလုံးသွင်းတတ်ရမယ်"

ရသေ့လေးမှာ ကျွန်ုပ်ဘက်သို့ လှည့်လိုက်ပြီး. . .

"ဒီနေရာ၊ ဒီအချိန်ဆိုတာ တိုက်ဆိုင်မှုဆိုပေမယ့် အတိတ်ကံတွေလည်း ပါတယ် ဒကာ၊ ဒကာ့နောက်ကို သျှရိဂိုဏ်းက လိုက်လာကြပြီ မဟုတ်လား"

ဟု ပြောလျှင် ကျွန်ုပ်မှာ ခေါင်းညိတ်ပြလိုက်လေ၏။

"ဒီမှာတော့ ဒကာအတွက် ငြိမ်းချမ်းပါတယ်။ လောလောဆယ် ဒကာ့ဝမ်းဗိုက်ကို ဖြည့်ဆည်းဖို့ သစ်သီးတွေ စားလိုက်ပါဦး"

ဟု ဆိုကာ မှည့်ဝင်းပြီး လွန်စွာမှ အရသာရှိသည့် သရက်သီးမှည့်များကို ချကျွေးလေ၏။ ကျွန်ုပ်မှာ သရက်သီးမှည့်များကို စားရသောအခါ တစ်ခါမှ မစားဖူးသော အရသာရှိသည့် အသီးကို စားသုံးရသလို လျှာပေါ်၌ စွဲထင်နေပြီး ဝမ်းဗိုက်မှာ ပြည့်တင်းသွားလေ၏။ ကျွန်ုပ်က. .

"ကျေးဇူးတင်ပါတယ် ရသေ့လေးရယ်။ ကျုပ်စိတ်ထဲမှာ ရသေ့လေးရဲ့အသံနဲ့ ထုလိုက်တဲ့ ကြေးစည်သံ ကြားလိုက်ရတာ ရင်ထဲမှာ တစ်မျိုးဖြစ်သွားသလို ခံစားရပါတယ်"

ဟု ဆိုသောအခါ ရသေ့လေးက တည်ငြိမ်စွာ ပြုံးလိုက်ပြီး. . .

"ဒကာ. . . လူတွေဟာ ဆုတောင်းတဲ့အခါ နှုတ်ကထွက်တဲ့ အသံကောင်းပါစေဆိုတဲ့ အရာကို မေ့လျော့နေတတ်ကြတယ်။ ကျုပ်ဟာ ဘယ်လိုပဲ ဆုတောင်းဆုတောင်း အဲဒီအချက်ကိုတော့ ဘယ်တော့မှ မမေ့ဘူး။ အဲဒါက အတုမရှိမြတ်စွာဘုရားရဲ့ အသံတော်ဟာ အန္တိုင်းမဲ့ပါ။ ဤသစ္စာစကား မှန်ကန်ပါက တပည့်တော်ရဲ့ အသံတော်ဟာ ပါရမီရှိသူ ဖြစ်ပါစေဆိုတာပါပဲ"

ဟု ဆိုပြီး ရသေ့လေးမှာ ကျွန်ုပ်အား အသံတော်၏ အနက်အဓိပ္ပာယ်ကို ရှင်းပြလေ၏။

(မှတ်ချက် - ဤကဲသို့ ဆုတောင်းသစ္စာပြုမှုမျိုး ပြုနိုင်ရန်အလို့ငှာ စာဖတ်ပရိသတ်များ သိရှိနိုင်ရန် သီးခြားဖော်ပြလိုက်ပါ၏။)

(စာရေးသူ)

<u>မြတ်စွာဘုရား၏</u>
<u>အသံတော်ရှစ်ပါး</u>

၁။ ဝိသဋ္ဌော - သန့်ရှင်းစင်ကြယ်သော အသံတော်ရှိခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

၂။ သုဝိညေယျော - သိသာထင်ရှားသော အသံတော်ရှိခြင်း၊

၃။ မဉ္ဇု - သာယာနာပျော်ဖွယ်သော အသံတော်ရှိခြင်း၊

၄။ သဝနီယော = နားပျော်ဖွယ်ကောင်းသော အသံတော်ရှိခြင်း၊

၅။ ဗိန္ဒု စ = တစ်ခဲနက်လုံးခြုံသော အသံတော်ရှိခြင်း၊

၆။ ဂမ္ဘီရော စ - နက်လေးသော အသံတော်ရှိခြင်း၊

၇။ နိန္နာဒိစတာ = ပဲ့တင်ထပ်သော အသံတော်ရှိခြင်း၊

၈။ အဝိသာရိတာ - ဖရိုဖရဲ မကွဲပြန့် (စည်းလုံးသော) အသံတော်ရှိခြင်း

"ဒကာ . . သျှင်ဂိုဏ်းကို ဒကာ သတ်တာ နှိမ်နင်းနိုင်မယ် အကြွင်းမဲ့ မယုံကြည်ထားပါနဲ့။ သူတို့တွေဟာ အိန္ဒိယပြည်မြောက်ဖျား အိန္ဒူမြစ် အထက်ပိုင်း အသားမည်း လူမျိုးနွယ်ဝင်တွေလည်း ဖြစ်ပါတယ်။ သူတို့တွေဟာ နတ်ကိုးကွယ်တယ်။ လူသတ်ပြီး ယဇ်ပူဇော်တယ်။ တိရစ္ဆာန်တွေလည်း ယဇ်ပူဇော်တတ်တယ်။ သူတို့ကို အုပ်ချုပ်တဲ့သူဟာ မှော်ပညာရှင်ကို တစ်ဖက်ကမ်းခတ်အောင် ကျွမ်းကျင်စတတ်မြောက်သူတွေ ဖြစ်တယ်လေ"

ဟု ရသေ့လေးက ရှည်လျားစွာ ရှင်းပြလေ၏။

"ရသေ့လေးဟာ ကျုပ်အကြောင်း သိနေသလို ကျုပ်ရန်သူတွေအကြောင်းလည်း တော်တော်သိနေတယ်။ ကျုပ်ကို ရသေ့လေး အကြောင်း ပြောပြပေးပါဦးလား"

ဟု ဆိုသောအခါ ရသေ့လေးက. . .

"ဦးသီလ ဘွဲ့အမည်ရပါတယ်"

ဟု ဆိုလေ၏။ ဆက်၍ပင် ရသေ့လေးက. . .

"ရသေ့လေးအကြောင်းက ဘာမှ မထူးဆန်းပါဘူး ဒကာ။ စက်ဝိုင်းတစ်ခုကို လည်သလိုပေါ့။ အပေါ်နဲ့အောက်သာ ရောက်ပေမဲ့ အတူတူပါပဲ။ သဘာဝတရားကြီးက ဘာမှ မကွဲပြား မခြားနားပါဘူး"

ဟု ပြောလေ၏။ ရသေ့လေးက. . .

"ဒကာ. . ကံကောင်းပါတယ်။ သေခြင်း၊ မသေခြင်းဆိုတဲ့ အာရုံထဲမှာ ဒကာ့မျက်နှာဟာ ကျုပ်အာရုံထဲမှာ ဝင်ဝင်လာတယ်။ ဒကာ စီးနင်းလိုက်ပါတဲ့ ကားပေါ်မှာပဲ သျှင်ဂိုဏ်းက အစီအမံတွေနဲ့ လုပ်ထားတယ်။ အဲဒီကားက မလွဲမသွေ ဒုက္ခကြုံရလိမ့်မယ်"

ဟုပြောလျှင် ကျွန်ုပ်မှာ ခရီးသည်များအတွက် စိုးရိမ်သွားသလို၊ ကျောင်းဆရာမလေး ထားထားခင်အတွက်လည်း စိုးရိမ်ပူပန်သွားမိ၏။ ကျွန်ုပ်က. . .

"ဒါဆို ရသေ့လေး ဆိုလိုချင်တာက အဲဒီကားပေါ်က လူတွေတ ဒုက္ခနဲ့ကြုံပြီး သေကြမှာပေါ့"

ဟု ပြောသောအခါ ရသေ့လေးက. . .

"ဒကာ. . သေခြင်း၊ မသေခြင်း ဆိုတာ လူတစ်ယောက်ရဲ့ဘဝမှာ မွေးဖွားလာကတည်းက တံဆိပ်ရိုက်နှိပ်ပေးပြီးသားပါ။ ဘာမှ စိတ်ထဲမှာ မထားပါနဲ့။ ကံစီမံရာအတိုင်းသာ ဖြစ်ပါလိမ့်မယ်"

ဟူ၍သာ ဆိုလိုက်လေတော့သတည်း။

◆

## ခြေရာခံလည်း မမိနိုင်ပြီ

ကျွန်ုပ်သည် ရသေ့လေးကျောင်းသခ်မ်းဝယ် ၉ ရက်တိတိ



www.burmeseclassic.com

www.burmeseclassic.com

နေပြီး ည ၉ နာရီတိတိ အချိန်ဝယ် ကျောင်းသင်္ခမ်းမှ ထွက်လာခဲ့လေ၏။ ရသေ့လေးအား ဘုရားဝတ်ပြုနေသောကြောင့် နောက်ကျောဆီမှ ဦးသုံးကြိမ်ချ ကန်တော့ခဲ့လေ၏။

"နောင် . . ဝေ . . ဝေ"

ကျွန်ုပ် ခြေလှမ်းများ ကျောင်းသင်္ခမ်းအဝ ရောက်သောအခါ ကြေးစည်ထုသံကို ကြားလိုက်ရ၏။ ရသေ့လေး ဦးသီလမှာ အကျင့်သီလသမာဓိနှင့် ပြည့်စုံသူဖြစ်သလို အရာရာကို ကြိုတင်သိမြင်နိုင်သော စွမ်းရည်သတ္တိကိုလည်း ရရှိထားသူဖြစ်၏။

ကျွန်ုပ်မှာ လာလမ်းအတိုင်း ပြန်လာခဲ့ပြီး ကိုးလောင်းကွေ့၌ပင် ဖြတ်သွားဖြတ်လာ ကားများအား မေးသောအခါ ညအချိန်ဖြစ်သည် ကတစ်ကြောင်း၊ အရမ်းခြောက်သည်ဆိုသော သတင်းကြီးမှုကြောင့် မည်သည့်ကားမှ ရပ်ပေးခြင်း မရှိကြပေ။ ကျွန်ုပ်မှာ ကားလမ်းနံဘေးရှိ အုတ်ခုံပေါ်ဝယ် စိတ်ပျက်လက်ပျက် ထိုင်နေသော ကုန်များ တင်ဆောင်လာသည့် ကားကြီးတစ်စီးကို တွေ့ရ၏။ ထိုကားကြီးမှာလည်း ကျွန်ုပ်တားလျှင် ထုံးစံအတိုင်း မောင်းထွက်ပြေးမည်စိုးသောကြောင့် မတားတော့ပေ။

"ကျွိ"

ကားကြီး၏ ဘရိတ်အုပ်သံကို ကြားလိုက်ရပြီး ကားဒရိုင်ဘာက ကျွန်ုပ်အား လှမ်း၍ခေါ်လေ၏။

"ဟေ့ . . လူဖြစ်ဖြစ်၊ သရဲဖြစ်ဖြစ် လမ်းကြုံတယ်၊ လိုက်ခဲ့လေကွာ"

ဟု ဆိုသောအခါ ကျွန်ုပ်မှာ ဝမ်းသာသွားပြီး ကားပေါ်သို့ တက်ခဲ့လေ၏။ ကျွန်ုပ် ကားပေါ်သို့ ရောက်သောအခါ ကားဆရာက ကျွန်ုပ်အား ကြည့်ပြီး . . .

"မင်းကြည့်ရတာတော့ လူပုံပါပဲကွာ။ ငါ့နာမည်က စံကြီးတဲ့၊ မှတ်ထား။ ကားမောင်းသက် အနှစ် ၃၀ ကျော်ပြီ၊ ဘာဆိုဘာမှ မကြောက်ရေးချ မကြောက်ဟေ့"

ဟု ပြောပြီး သီချင်းလေးညည်းကာ ကားကို ဆက်မောင်းနေ၏။ အိတ်ထဲမှ ပုလင်းပြားလေးကို ဖွင့်ပြီး မော့ချလိုက်လေ၏။ ကားဆရာစံကြီး၏ ပါးစပ်မှ အရက်နံ့က မခံနိုင်အောင်ပင် တထောင်းထောင်း ထနေလေ၏။

"ဘာလဲ . . မင်းက ငါအရက်သောက်တာကြည့်ပြီး လန့်နေလား။ မလန့်ပါနဲ့ကွာ။ မသောက်ဘဲမောင်းရင် ငါဟာ ကားကို ခုလောက်ကျွမ်းကျွမ်းကျင်ကျင် မမောင်းတတ်တော့ဘူးကွ"

ဟု ပြောပြီးရယ်နေလေ၏။

ကျွန်ုပ်မှာ စကားအလွန်ပြောသော ကားဆရာစံကြီး၏ ကားကို စီးရင်း လိုက်ပါလာရာ ပဲခူးရောက်တော့ မိုးထိန်ထိန်လင်းနေပေ၏။

"ဟေ့လူ . . . ထတော့၊ ကျုပ်ကားက ပဲခူး-ဇိုင်းဂနိုင်းမှာ ကုန်တွေချမှာ"

ဟု ပြောသောအခါ မှေးခနဲ အိပ်ပျော်နေရာမှ နိုးလာပြီး . . .

"ကျေးဇူးပဲ ကိုစံကြီးရာ"

ဟု ဆိုလျှင် ကိုစံကြီးဆိုသော ကားဆရာက ၎င်း၏ ကျိုးနေသော သွားများကို ပေါ်အောင်ရယ်ပြီး . .

"ဟုတ်ပါပြီဗျာ၊ ဒီအသံကြားရတာပဲ အမူးပြေလောက်ပါတယ်"

ဟု ဆိုကာ ကျွန်ုပ်အား ပဲခူးတံတားနား၌ ချထားကာ ဆက်လက်ထွက်ခွာသွားလေ၏။ ကျွန်ုပ်မှာ ပဲခူးဈေး၏ တောင်ဘက်၌ရှိသော ချစ်တီးဆိုင်ဝယ် တိုရှည်မှာစားလေ၏။ ပါပလာကြော်နှင့် မနုသနီဟင်းရည်တစ်ခွက် မှာကာသောက်ပြီး ပဲခူးရွှေမောဓောဘုရားဘက်သို့ မြင်းလှည်းတစ်စီးငှားကာ သွားခဲ့လေ၏။ မြင်းလှည်းဆရာမှာ အစိမ်းရောင် ဦးထုပ်နွမ်းနွမ်းကို ဆောင်းထားပြီး စကားမပြောဘဲ နေ၏။

"ဆရာကြီးက လူစိမ်းနဲ့တူတယ်၊ ပဲခူးရွှေမောဓောဘုရားကို ဘယ်နှခေါက် ရောက်ဖူးလဲ"

ဟု မေးလျှင် ကျွန်ုပ်စိတ်ထဲမှာ တော်တော်စပ်စပ်စုစုနိုင်လှသော မြင်းလှည်းသမားဆိုကာ ဒေါသထွက်သွားမိ၏။ ပြီးမှ . . .

"တစ်ခေါက်မှ မရောက်ဖူးဘူးဗျာ၊ ခင်ဗျားက ဘာလို့ မေးတာလဲ"

ဟု ဘုကန့်လန့် ပြန်ဖြေသောအခါ မြင်းလှည်းဆရာက ရယ်မောနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"စိတ်မဆိုးပါနဲ့ ဆရာသမားရယ်၊ ပထမဆုံးရောက်တဲ့သူအတွက် ရွှေမောဓောစုရား ဖူးနည်းလေးကို မှတ်ဒါနဲ့ ပြောချင်လို့ပါ"

ဟု ဆိုလျှင် ကျွန်ုပ် စိတ်ဝင်စားသွား၏။ ပြီးမှ. . .

"စိတ်မဆိုးပါဘူး မြင်းလှည်းဆရာရာ၊ ကျုပ်က ကျုပ်အကြောင်း သူများစိတ်ဝင်စားတာ မကြိုက်သလို၊ သူများအကြောင်းလည်း ကျုပ် စိတ်မဝင်စားလို့ပါ။ ထူးခြားတဲ့ ဘုရားဖူးနည်း ဆိုရင်တော့ ကြားချင်ပါရဲ့"

ဟု ဆိုသောအခါ မြင်းလှည်းဆရာက. . .

"ဒီလို ဆရာကြီးရဲ့၊ ရွှေမောဓောဘုရားတို့ ဖူးရင် အရင်ဦးဆုံး ပွင့်တော်မူတဲ့ ဘုရားလေးဆူကို အစဉ်အတိုက် ပူဇော်ရတယ်။ ပြီးရင် ရွှေမောဓောဘုရားကို ရှိခိုးပေါ့။ အချို့က ဘုရားဆိုပြီးရော ရှိခိုးလိုက်ကြတာရှိတယ်။ သူ့အရပ်နဲ့ သူ့ဓာတ်ဆိုတာ နားလည်ရင် မခက်ပါဘူး"

ဟု ပြောလေ၏။

ရွှေမောဓောဘုရားနားသို့ ရောက်သောအခါ မြင်းလှည်းဆရာက. . .

"ရောက်ပြီ ဆရာကြီး၊ ကျွန်တော်ပြောသလို ဖူးဖြစ်အောင် ဖူးလိုက်ပါနော်"

မြင်းလှည်းဆရာအား မြင်းလှည်းခ ပေးသောအခါ ၎င်းက. . .

"ပထမဦးဆုံး လာဖူးတာမို့ ပထမဆုံး ဓမ္မဒါနပေါ့ ဆရာကြီးရယ်"

ဆိုကာ မြင်းလှည်းခ မယူဘဲ ထွက်သွားလေ၏။ ကျွန်ုပ်က နာမည်လှမ်းမေးမှသောအခါ ၎င်းက. . .

"ဓမ္မ"

ဟူသော စကားတစ်ခွန်းတည်း ပြောခဲ့လေ၏။ ကျွန်ုပ်မှာ ကြုံတွေ့ခဲ့ရသော လူထူးလူဆန်းတစ်ဦး အကြောင်းအား မေ့လို့ရမည် မဟုတ်တော့။ ကျွန်ုပ်၏ မာစတာဟုခေါ်သော ဦးကျော်စွာ ပြောသလို ကျွန်ုပ် လျှောက်သောလမ်းအတွက် အတားဆီးမဲ့ သဘောပေလား မသိပေ။

ကျွန်ုပ်မှာ ရွှေမောဓောဘုရားကြီး၌ မြင်းလှည်းဆရာ ပြောသလို မုခ် ၄ မုခ်မှ ဘုရား ၄ ဆူအား တစ်ဆူချင်း ဖူးနေ၍ နောက်ဆုံး ရွှေမောဓောဘုရားကြီးအား အာရုံပြုကာ ဖူးမိလိုက်၏။ ကျွန်ုပ်၏ စိတ်ထဲ၌ ကျေနပ်ဝမ်းသာပီတိ ဖြစ်ရခြင်းမျိုးကို ရုတ်တရက် ခံစားလိုက်ရ၏။ ကျွန်ုပ် ထသောအခါ. . .

"ရှင်. . ရှင်. . ကားပေါ်က လူနော်"

ဟူသော အသံနှင့် ကျောင်းဆရာမလေး ထားထားခင်ကို တွေ့လိုက်ရ၏။

"ဟုတ်ကဲ့ ကျုပ်နာမည် မောင်မြရွှေပါ"

ဟု ဆိုလိုက်လေ၏။ ဆရာမလေး ထားထားခင်၏ နဖူးပြင်ဝယ် ပလာစတာ ကပ်ထားသောအရာကို တွေ့လိုက်ရ၏။

"ရှင် အရမ်းကံကောင်းတယ်"

ဟု ဆိုလျှင် ရုတ်တရက် မည်သည့်စကားကို ဆိုလိုမှန်း မသိ၍ ကျွန်ုပ်က. . .

"ဘာကိုဆိုလိုတာလဲ ဆရာမလေးရဲ့"

"ထားထားခင်လို့ပဲ ရင်းရင်းနှီးနှီး ခေါ်ပါရှင်"

ဟု ပြန်ပြောလေ၏။ ပြီးမှ သူမက. . .

"ဒီလို ကိုမြရွှေရဲ့၊ ရှင် ကျန်ခဲ့ပြီး ကျွန်မတို့ကား ဆက်မောင်းလာတာ ညောင်လေးပင် ကျော်တော့ ဘယ်လိုဖြစ်တယ် မသိဘူး၊ ဂျွမ်းလိမ့်သွားလိုက်တာ သေတဲ့လူသေ ကျက်သောက်လဲပဲ။ ရှင်နဲ့သိတဲ့ ကွမ်းကုန်သည် တောင်ပါသေး။ ကျွန်မက ကြီးကြီးကျယ်ကျယ်တော့ ဒဏ်ရာမရခဲ့ပေမဲ့ ခေါင်းမှာ နှစ်ချက်လောက် ချုပ်ခဲ့ရတယ်။ အသက်ရှင်ကျန်တာဆိုလို့ ၉ ယောက်ပဲ ကျန်တယ်"

ဟု ပြောသောအခါ ကျွန်ုပ်မှာ ရသေ့လေး ဦးသီလပြောသော စကားအချို့ကို နားထဲတွင် ပြန်ကြားယောင်နေမိ၏။ ပြီးမှ. . .

"တော်သေးတာပေါ့ မထားထားခင်ရာ၊ ခု ဘာလာလုပ်တာလဲ"

ဟု မေးလျှင် သူမက ပြုံးရုံလေး ပြုံးလိုက်ပြီး. . .

"ကံဆိုးတွေ ပြေဖို့ ယတြာလာ



www.burmeseclassic.com

www.burmeseclassic.com

ချေတာပါ။ နေပါဦး. . ကိုမြရွှေ ကော ဘာလာလုပ်တာလဲ၊ ယတြာ လာချေတာပဲလား။ ဒါဆို ဒီမနက်စာကို ကျွန်မ ကျွေးပါရစေ"

ဟု ဆိုကာ ကျွန်ုပ်နှင့် သူမမှာ ဘုရားပေါ်က ဆင်းလာပြီး 'မနီ ထမင်းဆိုင်'ဝယ် ထမင်းဝင်စားကြ၏။ ထားထားခင်က. . .

"ကျွန်မကို တောင်းပန်သွားတဲ့ ကိုမြရွှေကို ကျွန်မက ပြန်တောင်းပန်ရပါဦးမယ်"

ဟု ဆိုကာ ပြုံးပြလေ၏။ ကျွန်ုပ်အတွက် ထိုအံပြုံးများသည် ရှေ့ခရီးအတွက် မီးများဖြစ်လာနိုင်သည်ကို သိထားသောကြောင့် ကျွန်ုပ်ရင်ထဲမှ ပွင့်အံထွက်လာမည့် နှလုံးသားကို ဘောင်ကွပ်ထားမိလေ၏။ နှစ်ဦးသား ထမင်းစားနေရင်း မျက်နှာချင်းဆုံလျှင် ကျွန်ုပ်မှာ စိတ်ကို ထိန်းချုပ်ထားရပြီး ရင်ထဲကဆန္ဒ အပြင်သို့ ထွက်မလာစေရန် မျက်စိကို စုံမှိတ်ထားပြီး နေရ၏။ ပြီးမှ တည်ငြိမ်စပြုသောအခါ. . .

"ရပါတယ် မထားထားခင်၊ ကျုပ်ကို ကျေးဇူးတင်စရာ မလိုသလို တောင်းပန်စရာလည်း မလိုပါဘူး။ သံသရာဆိုတာ ပဋ္ဌာန်းဆက်ရှိရင် ခုလို ဆုံကြရဦးမှာပါပဲ"

ဟူ၍သာ ဆိုလိုက်ရာ ကျောင်းဆရာမလေး ထားထားခင်၏ မျက်ဝန်းများမှာ စွတ်စိုသွားသည်ကို မြင်လိုက်ရပေတော့သတည်း။

◆



ကျွန်ုပ်သည် ပဲခူးရွှေမော်ဓော ဘုရားဖူးပြီး ရန်ကုန်သို့ ကားကြုံဖြင့်ပင် လိုက်ပါလာခဲ့ရ၏။ ကျွန်ုပ် စီးနင်းလိုက်ပါသော ကားမှာ ခရီးသည် အနည်းငယ်သာပါပြီး သားသတ်ရုံမှ ယူဆောင်လာခဲ့သော အသားများစွာကို တင်ဆောင်လာ၏။

ကျွန်ုပ်မှာ ဝတ်ဝန်းကျင်ကို လှေ့လာကြည့်ရှုသောအခါ မသင်္ကာဖွယ်ရာ လူ ၂ ဦးကို တွေ့လိုက်ရ၏။ တစ်ဦးမှာ ထိပ်ပြောင်ပြောင်၊ အသားမည်းမည်းနှင့် လူတစ်ဦးဖြစ်ပြီး ကျန်တစ်ဦးမှာ နားရွက်တစ်ဖက်၌ အရိုးခေါင်းပုံကို နားကပ်လုပ်ကာ ပန်ထား၏။ လှည်းကူးမြို့အကျော်သို့ ရောက်သောအခါ အရှိန်ဖြင့် ထွက်နေသော ကားပေါ်မှ ကျွန်ုပ် ခုန်ဆင်းခဲ့လေ၏။ ကား၃ရှိင်ကာက ကျွန်ုပ်အား ဆဲဆိုလေ၏။ ကျွန်ုပ် ဆင်းပြီး မလှမ်းမကမ်းနေရာသို့ ရောက်သောအခါ သမ်း၌ ကျွန်ုပ်အား အကဲခတ်ကြည့်နေသော အသားမည်းမည်းနှင့် လူနှစ်ဦးမှာ ခုန်ဆင်းပြန်တာကို တွေ့လိုက်ရ၏။ ၎င်းတို့နှစ်ဦး မျက်ခြည်ပြတ်စေရန် ကျွန်ုပ်မှာ လှည်းကူးမြို့တောင်ဘက်ရှိ စေတီအပျက်ကြီးဆီ အရောက်သွားရပြီး ခြေရာဖျောက်ရ၏။ ကျွန်ုပ်၏ တောကျွမ်းသော မုဆိုးအတတ်ကြောင့် ကျွန်ုပ်နောက်သို့ လိုက်ပါလာသော လူနှစ်ဦးမှာ မျက်ခြည်ပြတ်သွားခဲ့လေ၏။

"နောဝ် . . ဝေ . . ဝေ"

ကျွန်ုပ်မှာ ကြေးစည်သံကို နားထဲ၌ ကြားရသောအခါ လွန်စွာမှ အံ့ဩမိလေ၏။ မချိန်းဆိုဘဲ ရသေ့လေး ဦးသီလနှင့် ကျွန်ုပ်တွေ့ဆုံမည်ဆိုတာကို ကြိုမတွက်ခဲ့။ ရသေ့လေးမှာ စေတီပျက်ကြီးတစ်ဆူရှေ့၌ တရားထိုင်အပြီး ကြေးစည်ကိုဝေ့ကာ မေတ္တာပို့ အမျှဝေနေပြန်၏။ ပြီးမှ ကျွန်ုပ်ဘက်လှည့်ကာ. . .

"ဒကာ. . လောကကြီးဟာ ကံစီမံရာဆိုပေမယ့် အဲဒီကံတွေဟာ စက်ဝိုင်းတစ်ခုမှာ လည်နေသလိုပဲ၊ အမြဲပြောင်းလဲနေတတ်ပါတယ်"

ဟု ပြောကာ တည်ငြိမ်စွာ ပြုံးပြီး. . .

"ကျုပ်နဲ့ ဒကာ ဒီလိုနေရာမှာ မချိန်းဆိုဘဲ တွေ့ကြရတာ အံ့ဩတယ်မလား။ ဒါ အံ့ဩစရာ မလိုပါဘူး။ ဒီကမ္ဘာမြေပေါ်မှာ ဒကာ တွေ့ချင်တဲ့သူမှန်သမျှ ဒကာရဲ့ နှလုံးသားထဲက ပြင်းပျစွာ တောင်းဆိုတတ်ဖို့ပဲ လိုပါတယ်။ ကျုပ် ဒကာကို တွေ့ချင်လို့ ဒီနေရာက စောင့်နေတယ်။ ဒကာ ခုရောက်လာတယ်။ ဘာမှ မထူးဆန်းပါဘူး"

ဟု ပြောလျှင် ကျွန်ုပ်မှာ ရသေ့လေး၏ ပညာကို မချီးကျူးဘဲ မနေနိုင်တော့။ ကျွန်ုပ်ကပင်. . .

"ရသေ့လေး. . ဒါဆိုရင် ကျုပ်



www.burmeseclassic.com

www.burmeseclassic.com

နောက်ကို အသည်းအသန် လိုက်နေတဲ့ လူတွေက သျှရ်ဂိုဏ်းကပေါ့”

ဟု ပြောသောအခါ ရသေ့လေးက. . .

“သိပ်မှန်တာပေါ့ ဒကာ၊ သျှရ်ဂိုဏ်းက ဒကာကို အသေရရ အရှင်ရရ လိုချင်နေတယ်။ အဓိက ဒကာ ပြုပြင်တို့ သူတို့ အရေခွံ ဆုတ်ချင်နေတယ်”

ဟု ပြောလျှင် ကျွန်ုပ်က ပြုံး၍. . .

“ရသေ့လေးရယ်. . ကျုပ်ကို ခွံဆုတ်ခွာချင်မှတော့ ကျုပ်က အရေခွံ ပြန်ခွာရမှာပေါ့”

ဟု ဆိုလိုက်လေ၏။

ရသေ့လေး ဦးသီလက အဝေးတွင် ငေးတာ ကြည့်နေ၏။ ၎င်း မှာ တည်ငြိမ်ပြီး တစ်စုံတစ်ခု လေးအနက် စဉ်းစားနေ၏။

“ဒကာ. . . ကျုပ်မှာ ဒကာ့ ဖြည်းဆည်းရမယ့် တာဝန် နေသေးလို့ပါ။ အဲဒီတာဝန် ဆုံးသွားရင် ကျုပ်ဟာ လွတ်သူ ဖြစ်သလို ဒကာ့အပေါ် တဲ့ အကြွေးတွေလည်း

ဟု ပြောသောအခါ ကျွန်ုပ်က-

“ဒကာ. . ရသေ့လေးနဲ့ ကျုပ် ကြွေးမှ မရှိပါဘူး”

ဟု ပြောသောအခါ ရသေ့လေး. .

“ဒကာ. . သံသရာအကြွေးဆိုတာ အတိတ်ကအရာတွေ ပစ္စုပ္ပန်မှာ ဆပ်ရမှာ ဖြစ်သလို ပစ္စုပ္ပန်က အရာတွေကိုလည်း အနာဂတ်မှာ ဆပ်ရတာရှိပါတယ်။ ဒကာကိုယ်တိုင်လည်း ဘယ်သူ့ဆီမှာ အကြွေးရှိတယ်၊ မရှိဘူးဆိုတာ အချိန်တန်ရင် သိမှာပါ”

ဟု ရှည်လျားစွာ ဆိုလိုက်လေ၏။

ကျွန်ုပ်မှာ ရသေ့လေးနှင့်အတူ စေတီပျက်ကြီး၏ တောင်တန်းအနောက်ဘက်ရှိ တောအုပ်လေးသို့ လိုက်သွားခဲ့လေ၏။ ရသေ့လေးခေါ်သွားသော နေရာမှာ အိမ်ပျက်ကြီးဖြစ်ပြီး ထိုအိမ်ကြီးမှာ လူမနေသောကြောင့် ဖုန်မှုန့် ပင့်ကူများစွာ တက်နေလေ၏။

“ဒကာ. . ဒီအိမ်ကြီး၊ ဒီနားမှာ ရှိလို့ အံ့သြတယ်မလား။ ဒီအိမ်ကြီးရဲ့ သက်တမ်းဟာ နှစ်ပေါင်း ၄၀ ကျော်ပါပြီ။ အဲဒီ ၄၀ ကျော်အတွင်းမှာ မပြောင်းလဲတာကတော့ အံ့သြစရာကောင်းပါတယ်”

ဟု ဆိုလျှင် ကျွန်ုပ်က. . .

“ရသေ့လေး. . ဒီအိမ်ကြီးက ဘာထူးခြားတာပါလို့လဲ”

ဟု ဆိုသောအခါ ရသေ့လေးက. . .

“ကျုပ်ဟာ ဒီအိမ်အိုကြီးကို လွန်ခဲ့တဲ့ ၅ နှစ်ကျော်လောက်က ဂန္ဓာရီ လှည့်ရင်း ရောက်ခဲ့ဖူးတယ် ဒကာ။ ထူးခြားတာကတော့ တမလွန်ကနေ ဒီအိမ်ကြီးအပေါ် စွဲလန်းနေတဲ့ မကျွတ်မလွတ်သေးတဲ့ ဝိညာဉ်အကြောင်းပါ။ သူဟာ လူတွေကို ဒုက္ခမပေးဘူး။ ပေါက်မြောက်စေမယ့် ထွက်ရပ်ပေါက်လမ်း ကျင့်ရင်းလမ်းမှားသွားပြီး နောက်ဆုံး ပြိတ္တာအဖြစ် ရောက်ရှိသွားခဲ့ရတာလေ။ ဒီမှာ သူ ကျင့်ကြံခဲ့တဲ့နည်းတွေ ရေးထားတဲ့ စာအုပ်”

ဟု ဆိုကာ ဘီရိုအတွင်းရှိ ဖုန်မှုန့်များစွာ တက်နေသည့် စာအုပ်အမည်းကြီးတစ်အုပ်အား ယူကာ ကျွန်ုပ်အား လှမ်းပေးလေ၏။

“ပိုးမကိုက်၊ ခြမကိုက် မပျက်စီးဘူးဆိုတာ စာအုပ်အပေါ် စီရင်ထားတဲ့နည်း ရှိနေလို့လည်း ပါမှာပါ။ ကျုပ်ကတော့ ကျုပ်လျှောက်နေတဲ့ လမ်းနဲ့ သိပ်အသုံးမဝင်ဘူး။ ဒကာအတွက် လိုအပ်ရင် သုံးနိုင်တာပေါ့”

ဟု ဆိုကာ ကျွန်ုပ်အား ပေးလေ၏။ စာအုပ်၏စာရွက်များမှာ ဝါကျင်ကျင်ဖြစ်နေပြီး ကျွန်ုပ်အတွက် ဖတ်နေရင်းပင် ကြက်သီးတဖြန်းဖြန်း ထမိ၏။ ပြီးလျှင် စာအုပ်ကိုပိတ်ကာ အသက်ကို ဖအောင်ရှူလိုက်လေ၏။

“တော်တော်ကြမ်းတဲ့ ကျင့်စဉ်ပဲ၊ ကျုပ် အသုံးမပြုတော့ပါဘူး ရသေ့လေးရာ”

ဟု ဆိုလျှင် ရသေ့လေးက. .

“ကောင်းလေစွ. . ကောင်းလေစွ ကောင်းလေစွ”

ဟု သုံးကြိမ် ရေရွတ်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

(မှတ်ချက် - အထက်ဖော်ပြပါ ကျမ်းမှာ လူများစွာအား ဒုက္ခရောက်နိုင်သည့်နည်းများ ပါရှိသောကြောင့် လှည်းကူးရှိ စေတီပျက်ကြီး ပြုပြင်ရာ၌ ထိုကျမ်းကို ဌာပနာထဲ၌ ထည့်သွင်းထားခဲ့ကြောင်း သိရှိရပါ၏။)

(စာရေးသူ)

ရသေ့လေးနှင့် ကျွန်ုပ်မှာ အိမ်ပျက်ကြီး၌ ခေတ္တခဏ တည်းခိုရန် ဆုံးဖြတ်လိုက်ကြ၏။ ညက အအေးပိုလာသောကြောင့် ကျွန်ုပ်မှာ အိမ်ပျက်ကြီးထဲရှိ မီးလင်းဖိုကြီး၌ ထင်းများ မီးဖိုရလေ၏။ မီးများစွာ တောက်လောင်မှသာ အအေးဒဏ်က သိသိသာသာ လျော့နည်းပေ၏။ ညသန်းခေါင်ယံသို့ ရောက်သော အိမ်ပျက်ကြီး၏ အပြင်ဘက်ဝယ် ခွေးအူသံများ ကြားရလေ၏။ ရသေ့လေးမှာ တရားထိုင်နေသောကြောင့် ခွေးအူသံများအား ဂရုမစိုက်သလို နေနိုင်သော်လည်း ကျွန်ုပ်အဖို့ အိပ်စက်၍ မရသည့်အတွက် အပြင်သို့ ထွက်လာခဲ့၏။

ကျွန်ုပ်မှာ ခွေးအူသံများ ကြားရာဘက်သို့ ကြည့်လိုက်ရာ မည်းမည်းသဏ္ဍာန် ပုပုကွကွ လူတစ်ဦးကို တွေ့လိုက်ရ၏။ ၎င်းမှာ မျောက်တစ်ကောင်၏ ပုံစံမျိုးဖြစ်ကာ ရုပ်ရည်မှာ အကြည့်ရဆိုးလှ၏ ထိုမည်းမည်း ပုပုကွကွနှင့်လူမှာ ကျွန်ုပ်နားသို့ ရောက်လာပြီး ပီသသောအသံဖြင့်. . .

"မင်းတို့တွေ ဒီမှာ ဘာလာလုပ်ကြတာလဲ၊ သိုက်ဆရာနဲ့ သိုက်ရှာတာဆို ပြန်ကြတော့"

ဟု ဆိုသောအခါ ကျွန်ုပ်က. .

"နေပါဦး. . ခင်ဗျားက လူလား၊ တိရစ္ဆာန်လား၊ သရဲလား။ စကားကတော့ လူစကားပြောတတ်သားပဲ"

ဟု ပြောသောအခါ ထိုလူက ဒေါသထွက်ဟန်ဖြင့်. . .

"စကားကို ငါက ရှည်ရှည်ဝေးဝေး မပြောတတ်ဘူး"

ဟု ဆိုကာ ကျွန်ုပ်အား လှမ်းခုန်အုပ်လိုက်လေ၏။ ကျွန်ုပ်မှာ မုဆိုးအတတ်ပညာ တတ်ထားသူပီပီ တောကောင်ကြီးများစွာကို ရှောင်တိမ်းဖမ်းချုပ် သတ်ပုတ်တတ်သော အတတ်ကို တတ်ထားသောကြောင့် ၎င်းအား လျှင်မြန်စွာပင် ဖမ်းချုပ်ပြီး လက်လိမ်ချိုးထားလိုက်၏။ ပြီးမှ. .

"ငါ့နာမည် မြရွှေ၊ ရသေ့လေးနာမည်က ဦးသီလတဲ့ ငါတို့နှစ်ယောက် ဒီမှာ ခေတ္တခဏတည်းတာ ဘယ်သူ့ကိုမှ အန္တရာယ်ပြုဖို့ မဟုတ်ဘူး။ ငါတို့နှစ်ယောက်ကို အန္တရာယ်ပြုရင်တော့ ခုလို တုံ့ပြန်ရမှာပဲ"

ဟု ဆို၍ ကျွန်ုပ်မှာ ၎င်း၏ လက်ကို ပို၍တင်းကြပ်စွာ လိမ်ချိုးထားမိလေ၏။

"ဝူး . . ဝူး"

ဟု ကျွန်ုပ်လက်ထဲတွင် ဖမ်းမိသော မည်းမည်းပုပုနှင့် လူမှာ အသံပေးလိုက်သာအခါ ကျွန်ုပ်၏ အတွေ့ အကြုံအရ ရန်သူကို ဖိတ်ခေါ်လိုက် ပြီဖြစ်သောကြောင့် ငြိမ်သက်သွား စေရန် ၎င်း၏ ဇက်ပိုးကို ခုတ်ချ လိုက်လေ၏။

မကြာမီအချိန်အတွင်း ကျွန်ုပ် မှာ အန္တရာယ်အငွေ့အသက်ကို ရှ ရှိုက်မိသလို ခံစားလိုက်ရ၏။ မြေကြီး နားသို့ နားကပ်ထောင်ကြည့်သော အခါ ကျွန်ုပ်တို့ ရှိရာသို့ ဦးတည်လာ နေသည်ကို ကျွန်ုပ် ခန့်မှန်းမိလေ၏။ ကျွန်ုပ်မှာ ရသေ့လေးအား စိတ်ပူ၍ ၎င်းတရားထိုင်နေသော နေရာသို့ တက်ကြည့်ရာ စာတစ်စောင်သာ တွေ့လိုက်ရ၏။ ထိုစာမှာ. . .

ဒကာကြီး . . .

*ကံမကုန်ရင် ပြန်ဆုံကြဦး မယ်။*

*အိမ်မည်းကြီးကို မီးရှို့ပြီး ရွှေတိဂုံ သွားပါ။*

ရသေ့လေး ဦးသီလ

ဟူ၍ ဖြစ်လေတော့သတည်း။

(ရှေ့လဆက်ရန်)

---

တာတေကြီး

---



www.burmeseclassic.com

www.burmeseclassic.com

# မင်းသိင်္ခ ဂါထာသရဆို [၄]

(ယခင်လမှအဆက်)

ပန်းချီ စံလွင်မောင်



www.burmeseclassic.com

www.burmeseclassic.com

# ဘဝအသံချို (၄)

**မင်းသိခ်**

**ယခင်လမှအဆက်**

**ကျွန်ုပ်နှင့် ဝိဋ္ဌာလမ်း**

ကျွန်ုပ်သည် ဆရာမ မစိန်ထွား အလုပ်လုပ်ခဲ့သော ဆေးရုံသို့ သွားရောက်စုံစမ်းခဲ့ရာ မစိန်ထွား အလုပ်မှ ထွက်သွားသည်မှာ ၃-နှစ်ခန့် ရှိပြီဟု သိရ၏။ အလုပ်မှ ထွက်သွားပြီးလျှင် ပဲခူးသို့ ပြောင်းသွားသည်ဟု ဆရာမ တစ်ယောက်က ပြောသောကြောင့် နေရပ်လိပ်စာကိုမေး၍ သွားရောက်ရာ ပဲခူးရှိ ပဲခူး၊ ဇိုင်းဂနိုင်း သို့ ရောက်သောအခါ ဆရာမ မစိန်ထွားကိုယ်တိုင် ထိုနေရာ၌ ထမင်းဆိုင် ဖွင့်သွားကြောင်း သိရ၏။ သို့သော် ထမင်းဆိုင်ဖွင့်ပြီး နောက် ၂-နှစ်အကြာတွင် ဆိုင်ကို ပစ္စည်းများနှင့် အပ်သွားပြီးလျှင် ၄င်းတစ်ဦးတည်း ကျိုက်ထီးရိုးဘက်သို့ ထွက်သွားကြောင်း သိရပြန်၏။ ကျွန်ုပ်လည်း ကျိုက်ထီးရိုးသို့ လိုက်သွားရာ ယောဂီကြီးတစ်ဦးနှင့် တွေ့ရလေ၏။

ထိုယောဂီမကြီး၏ ပြောပြချက်အရ ဆရာမ မစိန်ထွားသည် သီလရှင် ဝတ်သွားပြီဟု သိရလေ၏။

ထိုအခါ၌ ကျွန်ုပ်သည် ဆက်လက်၍ ရှာဖွေရန် အကြောင်းမရှိ၍ ရန်ကုန်သို့ ပြန်လာလေ၏။ ရန်ကုန်သို့ ရောက်လျှင် မိတ်ဆွေတစ်ဦးကို အကြောင်းပြု၍ ရန်ကုန်မြို့နှင့် လွန်စွာ မဝေးလှသော လေးထောင့်ကန်ဘူတာ အနီးရှိ ဆန်စက်ရုံ၌ ဝင်၍ အလုပ်လုပ်ရ၏။ ကျွန်ုပ်အား ဆန်စက်ပိုင်ရှင်က မန်နေဂျာအဖြစ် ခန့်ထားသော်လည်း ကျွန်ုပ် ရသောလခမှာ ထိုစက်ဘွင် အလုပ်လုပ်သော စာရေးထက်ပင် နည်း၏။ ကျွန်ုပ်သည် ဆန်ကြိတ်ရာ၌ ကြီးကြပ်ရ၏။ အလုပ်သမားများအား ကွပ်ကဲရ၏။ ဆန်လာ၍ကြိတ်သော လယ်သမားများအား အဆင်ပြေအောင် ပေါင်းသင်းရ၏။

ကျွန်ုပ်သည် ထိုစက်၌ အလုပ်ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် ရန်ကုန်သို့ပင် မပြန်နိုင်ဘဲ ထိုစက်တွင်း၌ပင် အချိန်ကုန်နေရတော့၏။ ကျွန်ုပ်သည် တစ်ပတ်တစ်ခါ ဆိုသလို ကျွန်ုပ်၏ စက်၌ အလုပ်လုပ်သော အမျိုးသမီးများကို လုပ်ခငွေ ရှင်းပေးရ၏။

ထိုသို့ လုပ်ခငွေ ရှင်းပေးရသော နေ့များတွင် စပါးရွက်သော အမျိုးသမီးများမှာ စပါးရွက်စဉ်က ဝတ်သော အဝတ်များကို မဝတ်ဘဲ အဝတ်အစား ခပ်လတ်လတ်ကလေးများကို ဝတ်ဆင်လာကြ၏။ ထိုအဝတ်အစားလတ်လတ် ဆိုသည်မှာလည်း ပြောင်စင်အောင် လျှော်ဖွပ်ထားခြင်း မရှိသောကြောင့် အများစု ဝတ်ဆင်ထားသော အဝတ်အစားများမှာ ချေးကြောင်းများကို တွေ့မြင်ရ၏။ ထိုမိန်းမများသည် ကျွန်ုပ်နှင့် လွန်စွာရင်းနှီးနေပြီးဖြစ်ရ



www.burmeseclassic.com

www.burmeseclassic.com

ကား တစ်ဦးနှင့်တစ်ဦး ပြောမနာ ဆိုမနာ ရှိကြ၏။ တစ်ခါတွင် လုပ်အားခ ရှင်းပေးခဲ့ရာ ပါးစပ်ဆော့သော မိန်းမ တစ်ဦးက…

"ကိုအောင်ထွန်း၊ ဒီတစ်ခါ လခထုတ်ရင် အင်္ကျီလေး ဘာလေး ဝယ်ဝတ်ပါဦး။ ရှင့်ကို ကြည့်လိုက်ရင် အမြဲလိုလို လုံချည်အနက်၊ အင်္ကျီအဟောင်းကို ဝတ်ထားတာကိုချည်း တွေ့ရတယ်"

ဟု ပြောလေ၏။

"မှန်တာပေါ့ မညှပ်စိရယ်၊ ကျုပ်မှာက အင်္ကျီဟောင်းနှစ်ထည် ရှိတယ်။ ပုဆိုးအနက်ရောင်နှစ်ထည် ရှိတယ်။ ဒါပေမဲ့ ကျုပ်က အမြဲတမ်း လျှော်ဖွပ်ပြီးမှ ဝတ်တာ။ ဟောင်းပေမယ့် အမြဲတမ်း သန့်နေတယ်။ ခင်ဗျားတို့ ဆယ်ယောက်လာတာ ခုနစ်ယောက်ရဲ့ အင်္ကျီကိုကြည့်လိုက်ရင် ချေးတွေနဲ့"

ဟုပြောလိုက်လျှင် ထိုမိန်းမများသည် ကျီးကန်းများကဲ့သို့ ကျွန်ုပ်အား ဝိုင်း၍အာကြလေတော့၏။ ၎င်းတို့သည် ကျွန်ုပ်အား ဝိုင်း၍ရန်တွေ့ကြ၏။

ထိုသို့ရန်တွေ့သော စကားများအနက် အများစုမှာ…

"ရှင် ဘာသိလို့လဲ၊ ဆပ်ပြာက ဈေးကြီးတယ်ရှင့်"

ဟူသော စကားပင်ဖြစ်၏။ ကျွန်ုပ်သည် ၎င်းတို့အား ကဲ့ရဲ့မိသည်ကို နောင်တရမိ၏။ ၎င်းတို့အပေါ်လည်း ကရုဏာသက်မိ၏။

ထို့ကြောင့် ကျွန်ုပ်က…

"ကဲပါဗျာ၊ ကျုပ်ကပဲ တောင်းပန်ပါတယ်၊ ဆပ်ပြာရှားမှန်း မသိလို့ပါ။ ခင်ဗျားတို့ အဝတ်လျှော်ဖို့ ဆပ်ပြာ လုံလုံလောက်လောက် ရအောင် ကျုပ်လုပ်ပေးပါ့မယ်"

ဟု ကတိပေးလိုက်ရလေ၏။

ထို့နောက် ကျွန်ုပ်သည် ရန်ကုန်သို့ ထွက်လာပြီးလျှင် အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော 'ဖော်မြူလာ တစ်ထောင့်တစ်ခု' ဆိုသော စာအုပ်ကို ဝယ်ယူရန် စုံစမ်း၏။ မောင်ထော်လေးလမ်းထိပ် စာအုပ်ဆိုင်တွင် ထိုစာအုပ်ကို တွေ့ပါ၏။ သို့သော် ထိုစာအုပ်၏တန်ဖိုးမှာ ကျွန်ုပ်လခ နှစ်လခစာ ဖြစ်နေသောကြောင့် ထိုစာအုပ်ကို မဝယ်နိုင်ဘဲ ရှိနေလေ၏။ ထို့ကြောင့် ပညာအလင်းပြ စာအုပ်တိုက်သို့ သွားရောက်ကာ 'လောကဓာတ်ပညာ ညွှန်ပေါင်းကျမ်း' ဆိုသော စာအုပ်ကို ငါးကျပ်ဖြင့် ဝယ်ယူခဲ့လေ၏။

ထိုစာအုပ်ထဲတွင် ဆပ်ပြာချက်နည်း သုံးမျိုးခန့်ပါ၏။ ကျွန်ုပ်သည် ထိုဆပ်ပြာချက်နည်းကို ကြေညက်သည်အထိ ဖတ်ရှုလိုက်လေတော့၏။

ထို့နောက် ဆပ်ပြာချက်ရန် ပစ္စည်းများကို ဝယ်ယူရလေတော့၏။ ပထမဦးဆုံး ဝယ်ယူရသော ပစ္စည်းမှာ ဆပ်ပြာသမားများ၏ ဝေါဟာရတွင် 'တယ်လို' ဟုခေါ်သည့် အမဲဆီပင် ဖြစ်၏။

ကျွန်ုပ်သည် နွား၏ အဆီပြင်များကို ဝယ်ယူ၍ အမဲဆီချက်ပစ်လိုက်၏။ အမဲဆီ လုံလုံလောက်လောက် ရသောအခါ၌ ကော့စတစ်ဆိုဒါ၊ ဝပ်ရှင်ဆိုဒါ၊ အုန်းဆီ စသည်တို့ကို ဝယ်ယူရလေ၏။ ထိုသို့ ဝယ်ယူပြီးလျှင် ကျွန်ုပ်၏ အခန်းကလေးအတွင်း၌ မီးဖိုကလေး ပြုလုပ်ကာ အစမ်းသဘောဖြင့် လေးထောင့်လက်ဆွဲပုံး တစ်ဝက်စာမျှကို ချက်ကြည့်၏။ ထိုသို့ ချက်ကြည့်ပြီး ပထမအကြိမ်တွင်ပင် အဝတ်လျှော် ဆပ်ပြာကို အောင်မြင်စွာ ရရှိလေတော့၏။ ထို့ကြောင့် ကျွန်ုပ်သည် ဆပ်ပြာများကို ထိုအချိန်က နာမည်ကြီးသော ခရေပွင့်ဆပ်ပြာနှင့် တစ်တိုင်းတည်း တူအောင် တုံးလိုက်ပြီးလျှင် ကျွန်ုပ်၏ ဆန်စက်မှ စပါးသယ်သော အမျိုးသမီးများအား ဆပ်ပြာထောင့်များ အလကား ပေးလိုက်လေ၏။ စပါးရွက်သော အမျိုးသမီးများကို ဆပ်ပြာများ အလကားပေးသောသတင်းသည် ချက်ချင်းဆိုသလို ရွာအတွင်းသို့ ပျံ့နှံ့သွားရာ ရွာအတွင်းမှ ကျွန်ုပ်နှင့် သိကြသော မိန်းကလေးများကလည်း ဆပ်ပြာတောင့်များ တောင်းလေတော့၏။ ထို့ကြောင့် ကျွန်ုပ်သည် ဆန်စက်အလုပ်ကို ကောင်းကောင်းမလုပ်နိုင်တော့ဘဲ ဆပ်ပြာချက်ခြင်းဖြင့်သာ အချိန်ကုန်လေတော့၏။ ကျွန်ုပ်၏ ဆပ်ပြာကို သုံးပြီးသောသူများသည် အမြှုပ်ထွက်ကြောင်း၊ လျှော်ဖွပ်၍ ချေးပြောင်ကြောင်း ချီးမွမ်းကြသကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com

ကြာသောအခါ၌ အဝတ်များ ချေးကြောင်းကိုလည်း အပြစ်ပြောကြလေတော့သည်။ တစ်နေ့တွင် ကျွန်ုပ်နှင့် လွန်စွာရင်းနှီးသော မိန်းမတစ်ဦးက…

"အဝတ်လျှော် ဆပ်ပြာကတော့ ဟုတ်ပါပြီ၊ ကိုယ်တိုက် ဆပ်ပြာလေးဘာလေး လုပ်ပေးစမ်းပါဦး"

ဟု ဆိုသဖြင့် ကျွန်ုပ်လည်း အရောင်များ အနံ့များကို ဝယ်ယူကာ ကိုယ်တိုက်ဆပ်ပြာများ ချက်လုပ်ရလေတော့၏။ ကျွန်ုပ်၏ ဆပ်ပြာသည် လွန်စွာတွင်ကျယ်လျက်ရှိ၏။ တစ်နေ့တွင် စပါးရှုက်သော အမျိုးသမီးတစ်ဦးက…

"ကိုအောင်ထွန်းရယ် ရှင့်ကျေးဇူးကြောင့် ကျွန်မတို့ အင်္ကျီတွေတော့ ဖြူဖွေးနေတာပဲ။ တစ်ခုတော့ ရှိတယ်၊ အုန်းဆီက ဈေးကြီးလို့ ကျွန်မတို့ ခေါင်းတွေလည်း ဆီမထည့်ရတာ ကြာပြီ။ အုန်းဆီလေး ဘာလေး ချက်တတ်ရင်လည်း ချက်ပေးစမ်းပါဦး"

ဟု ပြောလေ၏။

ထိုအချိန်က အုန်းဆီဈေးသည် ခေါင်ခိုက်နေသောကြောင့် ကျွန်ုပ်၏ စက်မှ အလုပ်သမား အမျိုးသမီးများသည် ဆံပင်ကို အုန်းဆီ လိမ်းနိုင်ခြင်း မရှိပါ။

ထို့ကြောင့် ကျွန်ုပ်သည် အုန်းဆီအတု လုပ်ရန်အတွက် အမျိုးမျိုးအဖုံဖုံ စဉ်းစားရလေတော့၏။ နောက်ဆုံးတွင် အင်ဂျင်ဝိုင်ကို ဖြူအောင်ချက်၍ အုန်းဆီနံ့ ထည့်ပေးလျှင် ခေါင်းလိမ်းရန် အုန်းဆီ ရနိုင်သည်ဟု အကြံပေါ်၏။

ထို့ကြောင့် အင်ဂျင်ဝိုင်များကို ဝယ်ယူကာ အင်ဂျင်ဝိုင်များကို အနံ့ရော၊ အရောင်ပါကျွတ်အောင် ချက်ရန်အတွက် စီစဉ်လေတော့၏။

ထိုသို့ ချက်ရန်မှာ ဖားဖိုကို အသုံးပြု၍ ချက်ရမည်ဖြစ်၏။ အရိုး၊ မီးသွေး၊ လက်ချား စသည်တို့ဖြင့် အင်ဂျင်ဝိုင်ကို ကျွတ်အောင် ချက်မည်ဟု ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် ဖားဖိုကို စုံစမ်းရာ လေးထောင့်ကန် ဘုတာရှိ အလုပ်သမားတန်းလျား၏ နောက်တွင် နေထိုင်သော အဘိုးကြီး တစ်ဦးသည် အင်္ဂရိတ်ထိုးသည်ဟု သိရ၏။

ထို့ကြောင့် ထိုအဘိုးကြီးထံတွင် သွားရောက်ကာ ၎င်း၏ ဖားဖိုဖြင့် အင်ဂျင်ဝိုင်ကို ချက်မည်ဟု တွေးမိလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ထိုအဘိုးကြီးထံ သွားရောက်၍ ဖားဖိုကို အသုံးပြုလိုကြောင်းပြောရာ ထိုအင်္ဂရိတ် အဘိုးကြီးက…

"ဒီလိုရှိတယ် မောင်အောင်ထွန်းရဲ့၊ ကျုပ်ကလည်း ဒီဖိုမှာ သံလုံးတစ်လုံး ထိုးနေတယ်။ ဒေါ်မြကျင်တို့ရဲ့ 'မြ'ထမင်းဆိုင် ဟိုဘက်မှာနေတဲ့ ဦးညိုမောင် ဆိုတဲ့ လူကြီးကလည်း ဒီဖိုမှာ သွပ်လာဖမ်းနေတယ်။ အဲဒီတော့ တို့နှစ်ယောက် အားတဲ့အချိန်မှာ မောင်အောင်ထွန်းရဲ့ အလုပ်ကို လုပ်ချင်လုပ်ပေါ့။ ဒါပေမဲ့ မီးသွေးဖိုးလေးဘာလေးလည်း သုံးယောက်မျှပြီးခံကြတာပေါ့"

ဟု ပြောလေ၏။

ထို့ကြောင့် ကျွန်ုပ်သည် သံဝိဇ္ဇာ၊ သွပ်ဝိဇ္ဇာနှစ်ဦးနှင့် ပေါင်းကာ ကျွန်ုပ်က အင်ဂျင်ဝိုင်ဝိဇ္ဇာအဖြစ် ဖိုထိုးလေတော့၏။ ကျွန်ုပ် ချက်သော အင်ဂျင်ဝိုင်မှာ ဆွတ်ဆွတ်ဖြူသွား၏။ အင်ဂျင်ဝိုင်နံ့လည်း ပျောက်သွား၏။ သို့ရာတွင် ချက်ပြီး အင်ဂျင်ဝိုင်ကို လောင်းချလိုက်သောအခါ၌ အပြာရောင် အစင်းကလေးတွေ ပျောက်မသွားဘဲ ရှိနေလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ထိုအပြာရောင် အစင်းကလေးအား အင်ဂျင်ဝိုင်မှ လွင့်စဉ်သွားစေရန် နည်းအမျိုးမျိုးဖြင့် စမ်းသပ်ချက်လုပ်သော်လည်း မပျောက်ဘဲ ရှိလေ၏။ မည်သို့ ကြိုးစားသည်ဖြစ်စေ အပြာရောင် အစင်းကလေးသည် အင်ဂျင်ဝိုင်နှင့် တွယ်ကပ်နေ၏။ တစ်နေ့တွင် ကျွန်ုပ်သည် အင်ဂျင်ဝိုင် ချက်နေစဉ် အနီးတွင်ရှိသော စာအုပ်တစ်အုပ်ကို ကောက်၍ ကြည့်မိလေရာ စာအုပ်၌ စိတ်ဝင်စားသွားမိသောကြောင့် ဖိုမှမီးကို ဂရုမစိုက်မိဘဲရှိလေ၏။ ထို့ကြောင့် အင်ဂျင်ဝိုင်ပုံးကို မီးဟပ်ကာ မီးလောင်လေတော့၏။ ကျွန်ုပ်သည် အလန့်တကြား မီးကို ငြိမ်းသတ်ရ၏။ အင်္ဂရိတ်ဆရာနှစ်ဦးလည်း ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြ၏။ ကံကောင်းထောက်မ၍ လူမသိ သူမသိနှင့်ပင် မီးငြိမ်းသွားသောကြောင့် အမှုမဖြစ်ခဲ့ပေ။ သို့ရာ



www.burmeseclassic.com

www.burmeseclassic.com

တွင် အင်္ဂလိပ်ဆရာ အဘိုးကြီးနှစ်ဦးကမူ ကျွန်ုပ်အား ကျေနပ်ပုံ မရချေ။ ထို့ကြောင့် ကျွန်ုပ်၏ အင်ဂျင်ဝိုင်ချုပ်သော လုပ်ငန်းကို ရပ်ပစ်လိုက်ရလေ၏။ ကျွန်ုပ်သည် အင်ဂျင်ဝိုင် ချုပ်နေစဉ်အတွင်း စိတ်ဝင်စားစွာ ဖတ်နေသော စာအုပ်မှာ အင်းနှင့်ပတ်သက်သော စာအုပ်ဖြစ်၏။ ကျွန်ုပ်သည် အင်ဂျင်ဝိုင်ကို ဆက်၍မချုပ်တော့ဘဲ အဘိုးကြီးနှစ်ဦးကို ပြောပြီးလျှင် စာအုပ်ကို ငှားရမ်းကာ ကျွန်ုပ် နေထိုင်ရာ ဆန်စက်ဝင်းအတွင်းသို့ ပြန်လာခဲ့လေတော့၏။ ကျွန်ုပ်သည် ထိုနေ့ည ကိုးနာရီမှစ၍ ထိုအင်းစာအုပ်ကလေးကို ဖတ်ခဲ့ရာ နာရီပြန်နှစ်ချက်ထိုးမှပင် ဖတ်၍ပြီးလေတော့၏။ ထို့နောက် အိပ်စက်ခြင်းမပြုတော့ဘဲ ထိုစာအုပ်တွင်ပါသော အင်းချနည်းအတိုင်း အင်းများကို ချကြည့်လေတော့၏။

နံနက်လင်းသောအခါ ထိုအင်းကျမ်းတွင်ပါသော အင်းများ အားလုံး ရပြီးဖြစ်၏။ ကျွန်ုပ်သည် ထိုအင်းများ၏သဘောကို လေ့လာရာ လွန်စွာ စိတ်ဝင်စားရသော သဘောကို တွေ့ရှိရ၏။ ထို့ကြောင့် ကျွန်ုပ်ထံသို့ အလည်အပတ် ရောက်ရှိနေသော ကျွန်ုပ်၏ သူငယ်ချင်းအား ရွှေတိဂုံဘုရားစောင်းတန်းရှိ စာအုပ်ဆိုင်များသို့ သွားရောက်ကာ ထွက်ပြီးသမျှ အင်းစာအုပ်များ ဝယ်ခဲ့ရန် စေခိုင်းလိုက်လေတော့၏။ ထိုသို့ စေခိုင်းလိုက်ရာ ကျွန်ုပ်၏ သူငယ်ချင်းလည်း ရွှေတိဂုံဘုရားသို့ သွား၍ တွေ့သမျှ အင်းစာအုပ်များကို ဝယ်ယူကာ ပြန်လာလေတော့၏။

အင်းစာအုပ်ပေါင်း သုံးဆယ်ကျော်ခန့်ကို ကျွန်ုပ်၏ သူငယ်ချင်းက ဝယ်ယူလာခဲ့ခြင်း ဖြစ်၏။ ကျွန်ုပ်သည့် ဆန်စက်အလုပ်ကို ကောင်းစွာ မလုပ်ဘဲ မစ္စတာရောင်ဝါး ဆိုသည့် ဝင်းပိုင်နှင့် လွှဲထားပြီးလျှင် အချိန်ရှိလျှင် အင်းစာအုပ် ဖတ်၏။ မှိုင်းခံစက္ကူများ ဝယ်ယူကာ အင်းများချ၏။ ထိုသို့ ၃-လခန့် ပြုလုပ်လိုက်ရာ အင်း၏ အခြေခံသဘောသဘာဝကို ကောင်းစွာ နားလည်သွား၏။ ထို့ပြင် အင်းကျမ်းများမှာ မြန်မာအင်းကျမ်း၏ ထုံးစံအတိုင်း ဤအင်းကို ချသောအခါ၌ ခါးပတ်နက္ခတ် ကြုံစေရမည် စသည်ဖြင့် ပါရှိသည်ဖြစ်ရာ နက္ခတ်ဗေဒင် စာအုပ်များကို ဝယ်၍ဖတ်ရှုရပြန်၏။ ထိုသို့ ဖတ်ရှုရာ နှစ်လ၊ သုံးလအတွင်း၌ပင် နက္ခတ်ဗေဒင် စာအုပ်ပေါင်းများစွာကို ဖတ်ရှုခဲ့ပြီး ဖြစ်လေတော့၏။

ထို့ကြောင့် အဝင်နက္ခတ်၊ အထွက်နက္ခတ်၊ ခါးပတ်နက္ခတ် ဆိုသည်များကိုလည်းကောင်း၊ ဥပါဒ်ကြိုက်ခြင်း၊ စုတ်ကြိုက်ခြင်း စသည်တို့ကိုလည်းကောင်း ကောင်းစွာတွက်တတ်ခဲ့ပြီဖြစ်၏။ အင်ဂျင်ဝိုင်မှ အနှုန်းဆီချက်ရန် ဖြစ်သော ကျွန်ုပ်၏ လုပ်ငန်းသည် မအောင်မြင်သော်လည်း ကျွန်ုပ်သည် အင်းများကို နားလည်သွား၏။

ထို့ပြင် ဗေဒင်နက္ခတ် စသည်များကိုလည်း ကောင်းစွာနားလည်သွား၏။ ထို့ကြောင့် ကျွန်ုပ်သည် ထိုအကြောင်းအရာများ၌ လူပြိန်းတစ်ယောက် မဟုတ်တော့ဘဲ တီးမိခေါက်မိရှိသော လူတစ်ယောက် ဖြစ်လေတော့၏။

တစ်နေ့သ၌ ကျွန်ုပ်သည် အင်းစာအုပ်နှင့် ဗေဒင်စာအုပ်အချို့ ဝယ်ယူရန်အတွက် ရန်ကုန်မြို့သို့ ထွက်လာခဲ့ရာ ဘတ်(စ်)ကားပေါ်တွင် တစ်စုံတစ်ယောက်နှင့် သွား၍တွေ့၏။ ထိုတစ်စုံတစ်ယောက်သည် ကျွန်ုပ်ကို တွေ့လျှင် အောင်ထွန်းဟု လိုက်၍ခေါ်၏။ ကျွန်ုပ်လည်း လှမ်း၍ကြည့်လိုက်၏။ ထိုသူသည် ကျွန်ုပ်အား ငယ်စဉ်က ကိုယ်ခံပညာသင်ပေးသော ဆရာကြီး၏ လက်ထောက်ဆရာ ဦးကျော်ရင် ဖြစ်၏။ ကျွန်ုပ်က ၎င်းကို တွေ့လျှင် အားရဝမ်းသာစွာ...

"ဆရာ"

ဟု လှမ်းခေါ်၏။ ၎င်းက ကျွန်ုပ်အား...

"ငါ ရှေ့မှတ်တိုင်မှာ ဆင်းမယ်ကွာ၊ မင်းလည်း ဆင်းဦး"

ဟု ဆိုသဖြင့် ဆင်းရလေ၏။ ကားရပ်သောအခါ၌ ဆရာနှင့် ကျွန်ုပ် အတူဆင်းကြလေ၏။ ပြီးလျှင် လမ်းဘေးလက်ဖက်ရည်ဆိုင် တစ်ခုသို့ ဝင်ကြ၏။

ထိုအခါ ဆရာဦးကျော်ရင်က ကျွန်ုပ်အား...

"ဟေ့ကောင်၊ မင်း အခု ဘာ



www.burmeseclassic.com

www.burmeseclassic.com

လုပ်နေသလဲ”

ဟု မေး၏။ ကျွန်ုပ်က…

“အသက်မွေးဝမ်းကျောင်း အလုပ်ကတော့ ဆန်စက်မှာပဲ ဆရာ။ အသက်မွေးဝမ်းကျောင်းအလုပ် မဟုတ်တဲ့ ဗေဒင်တွက်တာတို့ အင်း …တာတို့ကို လိုက်စားနေတုန်းပဲ”

ဟု ပြောလိုက်ရာ ဆရာဦးကျော်ရင်က…

“ဒီလိုဆိုရင် မင်း ငါ့ဆီလာခဲ့၊ ငါ ဗေဒင် သင်ပေးနေတယ်။ ဒါနဲ့ … ဆန်းဗေဒင်ဆိုတာ မင်းကြားဖူးသလား”

ဟု မေးလေ၏။

“ဘုရားစူး မိုးကြိုးပစ်လွတ်ရဲ့ ကြားဖူးပါတယ်။ ကျွန်တော်တို့က ငယ်ငယ်က ကျောက်မြောင်းမှာ နေ …တာလား။ မအူကုန်းထိပ်မှာ … ဆိုင်းဘုတ်အနီကြီးနဲ့ … ဆိုတာ ရေးထားတာကို … တယ်။ ကျွန်တော်က မသိလို့ ဆိုင်းဘုတ်လဲလို့ လူကြီးတစ်ယောက် … တယ်။ အဲဒီလူကြီးက ဆန်း …ဆိုတာ ဗေဒင်ဟောတာလို့ ပြော … အဲဒါကလွဲလို့ ဘာမှမသိပါ …”

ဟု ကျွန်ုပ်က ပြောလိုက်ရာ … ဦးကျော်ရင်က ရယ်လေ၏။

“ဒီလိုကွ၊ မင်းပြောတဲ့ မအူ … ဆရာကြီးဆိုတာ သူ့နာမည် … လို့ ခေါ်တယ်။ အဲဒါ … ဆရာပါပဲ။ မရှိရှာတော့ပါဘူး”

ဟု ပြောလေ၏။

ကျွန်ုပ်သည် ၄င်းဆရာ ဦးကျော်ရင်နှင့် အချိန်အတော်ကြာ စကားပြောဖြစ်၏။ ထို့နောက် လမ်းခွဲခဲ့၏။ ပြီးလျှင် ကျွန်ုပ်သည် ဆန်စက်သို့ ပြန်ခဲ့၏။ ဆန်စက်သို့ ရောက်သောအခါ နဝလီဆန်ကြိတ်သော ရာသီဖြစ်သောကြောင့် ဝင်းပိုင်နှင့် လွှဲထား၍ မဖြစ်တော့ဘဲ ကျွန်ုပ်ပါ ဝင်၍ အလုပ်လုပ်ရ၏။ ထိုဆန်စက်တွင် နှစ်နှစ်ခန့် ဆက်၍ အလုပ်လုပ်ရ၏။ ထိုသို့လုပ်ပြီးနောက် အလုပ်မှထွက်ကာ ရန်ကုန်သို့ ပြန်ခဲ့လေတော့၏။ ရန်ကုန်သို့ ရောက်လျှင် သီပေါင်းကျွမ်းဟောင်း မိတ်ဆွေများနှင့် ဟိုသွားဒီသွား လုပ်ကာ အချိန်ကုန်နေတော့၏။

နောက်ဆုံးတွင် ကျွန်ုပ်နှင့် ရင်းနှီးသော မောင်ဖုန်းကြွယ် ဆိုသည့် သူနေထိုင်ရာ ရန်ကုန်မြို့၊ ခြောက်ထပ်ကြီးဘုရားအနီး အောင်သိဒ္ဓိကုန်းဆီသို့ သွားရောက်၍ ရှာဖွေရာ မောင်ဖုန်းကြွယ်ကို တွေ့လေ၏။ ထို့နောက် ကျွန်ုပ်သည် မောင်ဖုန်းကြွယ် အိမ်၌ပင် နေထိုင်ရင်း အင်းစာအုပ်များ၊ ဗေဒင်စာအုပ်များကို ဖတ်ရှုရင်း အချိန်ဖြုန်းလျက် ရှိနေလေတော့၏။ အိမ်ရှင်ဖြစ်သူ မောင်ဖုန်းကြွယ်မှာ အရက်နှင့် လောင်းကစားကို လွန်စွာနှစ်သက်သူ ဖြစ်၏။ ကျွန်ုပ်သည် ဆရာဦးကျော်ရင်ထံ သွားရန် ဆုံးဖြတ်လိုက်ပြီးနောက် အိမ်ရှင်ဖြစ်သူ မောင်ဖုန်းကြွယ်အား ပြောရာ မောင်ဖုန်းကြွယ်က…

“ပိုက်ဆံမပေးရဘူး ဆိုရင်တော့ သင်ပေါ့ဗျာ၊ ပိုက်ဆံပေးရမယ် ဆိုရင်တော့ ခင်ဗျားမှာ ပိုက်ဆံပေးဖို့မှ မရှိဘဲ၊ ကျုပ်လည်း မစိုက်နိုင်ဘူး၊ မသင်ပါနဲ့”

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က…

“အလကားတော့ သင်လို့ဖြစ် မဖြစ် မသိဘူး။ သူ့ကို မေးကြည့်ဦးမယ်။ အလကားသင်လို့ရရင်တော့ အကောင်းဆုံးပေါ့ကွာ။ ဘာပဲဖြစ်ဖြစ် ဒီညနေ ငါသွားမေးမယ်”

ဟု ဆိုကာ ကျွန်ုပ်သည် ညနေပိုင်း၌ ဆရာဦးကျော်ရင် နေထိုင်ရာ နန္ဒဝန်ဘက်ဆီသို့သွား၍ ဆရာဦးကျော်ရင်ထံ၌ စုံစမ်းကြည့်ရာ ဆရာဦးကျော်ရင်က…

“ဒီပညာရပ်ဟာ အလကား သင်မပေးရဘူး။ ငွေငါးဆယ်ပေးမှ သင်ပေးရတယ်။ ဒါပေမဲ့ မင်းက သိပ်ပြီးဆင်းရဲနေတယ်ဆိုတော့ တစ်မျိုး လုပ်ရမှာပေါ့ကွာ။ မင်းက ငွေငါးဆယ်တော့ ရှာလာရမယ်။ ငါ့ကို အဲဒီ ငွေငါးဆယ်နဲ့ ပူဇော်ရမယ်။ အဲဒီထဲမှာ ငါက မင်းကို သနားတာကို အကြောင်းပြုပြီး တချို့တစ်ဝက်ကို ပြန်ပြီးစွန့်မယ်”

ဟု ဆိုလေ၏။

ထိုအခါ ကျွန်ုပ်လည်း ကျွန်ုပ်၏မိတ်ဆွေ လှိုင်လှိုင်တင် ဆိုသော အမျိုးသမီးထံ ငွေငါးဆယ်သွား၍ ချေးယူရလေ၏။ ထို့နောက် မောင်ဖုန်း

www.burmeseclassic.com

ကြွယ် အိမ်သို့ပြန်လာရာ မောင်ဖုန်းကြွယ်က အမဲသားဟင်း ချက်လျှင် ယခုလို မိုးအေးအေးအခါ၌ လွန်စွာကောင်းမည်ဟု ပြောလေ၏။

ထို့ကြောင့် ကျွန်ုပ်က…

"မလုပ်ပါနဲ့ ငါ့လူရာ"

ဟု တောင်းပန်ထားရလေ၏။

နောက်တစ်နေ့ နံနက်တွင် ကျွန်ုပ်သည် အိပ်ရာမှ စောစီးစွာ ထပြီးလျှင် ရေမိုးချိုးကာ ဆရာဦးကျော်ရင်ထံသို့ သွား၏။ ထိုသို့သွားရာတွင် မောင်ဖုန်းကြွယ်လည်း အဖော်အဖြစ် လိုက်လာ၏။ ဆရာဦးကျော်ရင်ထံသို့ ရောက်လျှင် ပန်းကန်ပြားတစ်ချပ်ကိုတောင်း၍ ငွေငါးဆယ်ကိုတင်ကာ ဆရာဦးကျော်ရင်အား ပညာသင်ပေးရန် ပူဇော်လိုက်ရလေ၏။ ဆရာလည်း ကျွန်ုပ်ထံမှ ငွေသုံးဆယ်ကိုသာယူ၏။ နှစ်ဆယ့်ကို ပြန်၍စွန့်၏။ ဆရာဦးကျော်ရင်လည်း ပညာသင်ကြားရာ၌ လိုက်နာရမည့် သစ္စာကို ရှေ့မှတိုင်ပေး၏။ ကျွန်ုပ်က နောက်မှလိုက်၍ဆိုရ၏။ ကျွန်ုပ်၏နောက်မှ မောင်ဖုန်းကြွယ်က ကျွန်ုပ်၏ ခါးကိုနောက်မှ လက်ဖြင့်တို့ကာ မဆိုရန် ပြော၏။ ကျွန်ုပ်သည် မောင်ဖုန်းကြွယ်၏လက်ကို ပုတ်ချလိုက်ပြီး သစ္စာကို ဆက်၍ဆို၏။

ထိုနေ့၌ ကျွန်ုပ်အား စတီအဖြစ်ဖြင့် ခဲန်းပညာ အနည်းငယ် သင်ပေးလိုက်၏။ ကျွန်ုပ်လည်း သင်သမျှကို မှတ်ကြားပြီးနောက် အောင်သိဒ္ဓိကုန်းသို့ ပြန်လာခဲ့လေ၏။ ကျွန်ုပ်သည် ဦးကျော်ရင်ထံ၌ သုံးရက်ခန့်သာ ပညာသင်ကြားခွင့်ရ၏။ နယ်သို့သွားရန် အရေးကြီးသော အကြောင်းတစ်ခု ပေါ်လာသဖြင့် ပညာဆက်၍ သင်ခွင့်မရတော့ပါ။ ကျွန်ုပ် နယ်မှပြန်လာသောအခါ ဦးကျော်ရင်၏သင်တန်းမှာ အတော်ရောက်နေပြီဖြစ်၍ ကျွန်ုပ်အနေဖြင့် သင်တန်းဆက်၍ တက်ရန် မဖြစ်နိုင်တော့ပါ။ ထို့ကြောင့် ကျွန်ုပ်လည်း သင်တန်းဆက်၍ မတက်တော့ဘဲ အခြားသော အလုပ်များသို့ ခြေဦးလှည့်သွားလေတော့၏။

နှစ်အတော်ကြာသည်အထိ အခြားသော လုပ်ငန်းများ၌ ကျင်လည်ခဲ့ရ၏။ ထိုသို့ကျင်လည်နေစဉ်အတွင်း ကျွန်ုပ်နှင့် ခင်မင်ရင်းနှီးသော ကျွန်ုပ်၏ ရဲဘော် မောင်ဖုန်းကြွယ်အား ကျွန်ုပ်က ပုတီးစိပ်ရန်၊ သက်သတ်လွတ်စားရန် အခါမလပ် တိုက်တွန်းခဲ့၏။ နောက်ဆုံးတွင် မောင်ဖုန်းကြွယ်လည်း ပုတီးစိပ်ခြင်း၊ သက်သတ်လွတ်စားခြင်းများကို လုပ်လာရပေတော့၏။ ကျွန်ုပ်သည် ထိုအချိန်၌ ဂန္ဓာရီကျင့်စဉ်လမ်းသို့ ခြေချမိပြီ ဖြစ်၏။

ကျွန်ုပ်၌ နေစရာ အိမ်ဟူ၍ မရှိ။ ဘုရားသို့သွား၏။ ပုတီးစိပ်၏။ အချိန်ကုန်လျှင် ဘုရားပေါ်၌ပင် အိပ်လိုက်၏။ နောက်တစ်နေ့ ဘုရား၌ပင် ပုတီးစိပ်လိုက်၏။ ရှိသမျှ ငွေလေးနှင့် ဘုရားစောင်းတန်း၌ ရောင်းသော အစားအစာသောက်များကို ဝယ်၍ မြိုးမြိုးမြဲမြဲ စားလိုက်၏။ စာဖတ်ချင် ဖတ်… ပစ်လိုက်၏။ ဘုရားမှာလည်း တစ်ခု… တည်း၌ မမြဲ၊ လှည့်ပတ်၍ ပုတီးစိပ်… ၏။ ထိုသို့ ပုတီးစိပ်နေစဉ်အတွင်း… ကြုံရာကျပန်း အလုပ်များကို လုပ်ရ… ၏။ ကျွန်ုပ်သည် ထိုအခါ၌ ဓာတ… ကိုဖွဲ့၍ ဓာတ်ဟောနည်းအတိုင်း… ဗေဒင်ဟောတတ်နေပြီဖြစ်၏။

ဤသို့နှင့်ပင် ကျွန်ုပ်သည် လှည့်လည်ခဲ့ရာ နှစ်အတန်ကြာသွား… ၏။ ကျွန်ုပ်၏ရဲဘော် မောင်ဖုန်းကြွယ်… ကိုလည်း ဗေဒင်တစ်မျိုး သင်ပေး… လိုက်၏။ ထိုဗေဒင်ကို ကျွန်ုပ်က… 'ဇေကံသဇျာကရဏ' ဗေဒင်ဟု… အမည်ပေးထား၏။ မောင်ဖုန်းကြွယ်… လည်း ထိုဗေဒင်နှင့်ပင် လှည့်လည်… ဟောပြောခဲ့၏။ ၎င်း၏ ပုတီးစိပ်သော… သက်တမ်းမှာလည်း အတော်အတန်… ရလာပြီဖြစ်၏။

ထိုအချိန်၌ ကျွန်ုပ်သည်… မောင်ဖုန်းကြွယ်အား ကျော်စိုးဟန်ဟု… အမည်ပြောင်းပေးလိုက်၏။ ၎င်းကျော်… စိုးဟန်သည် ရန်ကုန်မြို့ ရွှေဘုန်းပွင့်… ဘုရား၌ နေရာယူကာ အသက်ထက်… ဆုံး ဗေဒင်ဟောစားသွား၏။

ကျွန်ုပ်မှာမူကား လွယ်အိတ်… တစ်လုံးနှင့် ဂန္ဓာရီလမ်းပေါ်တွင်… ချာချာလည်တုန်းဖြစ်၏။ ကျွန်ုပ်သည်… ဝိဇ္ဇာကိုရှာ၏။ သို့ရာတွင် မည်သည့်… ဝိဇ္ဇာကိုမျှ မတွေ့။ ဝိဇ္ဇာဟန်ဆောင်… နေသော လူလိမ်များကိုသာ တွေ့၏။ ကျွန်ုပ်သည် လူလိမ်ပေါင်းများစွာကို…



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရှုရ၏။ ငှင်းတို့အကြောင်း စာအုပ်ရေးလျှင် စာအုပ်အထူကြီးတစ်အုပ် ဖြစ်ဖွယ်ရာရှိ၏။

တစ်နေ့တွင် ကျွန်ုပ်သည် ရွှေတိဂုံဘုရား ခေါင်းလောင်းကြီးအောက်၌ ထိုင်၍ တပည့်ဖြူဝင်းကို စောင့်မျှော်နေရာ အသက်ခုနစ်ဆယ်ကျော် ရှစ်ဆယ်နီးပါးအရွယ်ရှိ အဘိုးကြီး တစ်ဦးသည် ကျွန်ုပ်အနား ရောက်လာ၏။ ငှင်းကပင် စတင်၍ မိတ်ဆက် စကားပြော၏။ ကျွန်ုပ်၏အကြောင်း ကိုလည်း ထိုအဘိုးကြီးက မေး၏။ ကျွန်ုပ်လည်း ပြောတန်သလောက်ကို ပြောပြ၏။ ထိုအခါ အဘိုးကြီးက··

"အထက်ဝိဇ္ဇာလမ်းဆိုတာ လွယ်တာမဟုတ်ဘူးကွ၊ စပြီး လိုက်စတုန်းကတော့ ပြောင်ပြောင်ရောင်ရောင်ပဲ၊ နောက်ကျရင်တော့ စုတ်ပြတ်သာတာပဲ။ နယ်လှည့်ပြီး ဟိုဘုရား ပုတီးစိပ်လိုက်၊ ဒီဘုရား အဓိဋ္ဌာန်ဝင်လိုက်နဲ့က လွယ်တာ မဟုတ်ဘူးကွ။ ကြာတော့လည်း စားရမဲ့၊ သောက်ရမဲ့ ဖြစ်လာပြီး လူတွေရဲ့ အထင်အမြင်သေးကို ခံရတယ်ကွ။ ပြီးတော့ ဒီအလုပ်ဟာ ကျိန်းသေကမှ ဖြစ်မယ်လို့ ပြောနိုင်တဲ့ အလုပ်မျိုးကွ။ ဖွဲကြီးလေလေ၊ ဒုက္ခရောက်လေလေပေါ့ကွာ။ ငါ့မိတ်ဆွေ လှစိန်တစ်ယောက်ဆိုရင် အဲဒီလမ်းလိုက်တာ ရူးပြီးသေသွားတယ်။ နောက်ပြီး ကန်တော်ကြီးထဲ ကျွန်းကလေးတစ်ကျွန်းပေါ်မှာ ရှိတယ်ဆိုတဲ့လူဟာ သူ့ကိုယ်သူ မီးရှို့ပြီး သတ်သေသွားတယ်။ နောက်တစ်ယောက်ကတော့ မြစိန်တဲ့၊ သားတကွဲ မယားတကွဲနဲ့ သားသမီးတွေလည်း ဒုက္ခရောက်၊ သူလည်း စားရမဲ့ သောက်ရမဲ့ဖြစ်ပြီး ရွှေတိဂုံဘုရားပေါ်မှာပဲ အနိစ္စရောက်သွားတယ်။ အဲဒါ မောင်ရင့်ကို ပြောချင်တာကတော့ အထက်လမ်းဝိဇ္ဇာကို မလိုက်ပါနဲ့။ အလုပ်ကလေး ကောင်းကောင်းမွန်မွန် လုပ်ပြီး အေးအေးဆေးဆေးနေစမ်းပါ"

ဟု ပြောလေ၏။

ထိုအဘိုးကြီး၏ အမည်မှာ ဦးဘစိန်ဟု ခေါ်၏။ သူလည်း ဝိဇ္ဇာလမ်းကို လိုက်ခဲ့ပြီး မဖြစ်မှန်းကို အသက်ကြီးမှသိ၍ ဒုက္ခရောက်နေသူဖြစ်၏။ ထိုအဘိုးကြီးသည် ကျွန်ုပ်အား ရွှေတိဂုံဘုရားပေါ်၌ ထူးခြားအံ့သြဖွယ်များကို ပြောပြ၏။ လိုက်လည်းပြ၏။ သူသိသော ဝိဇ္ဇာများအကြောင်းကိုလည်း ပြောပြ၏။ ထို့နောက် ငှင်းဦးဘစိန် ဆိုသော အဘိုးကြီးက···

"မြန်မာပြည်မှာ ဝိဇ္ဇာလမ်းလိုက်ကြတာ အများကြီးပဲကွ။ ဒါပေမဲ့ ဝိဇ္ဇာလမ်းဟာ နှစ်လမ်းရှိတယ်ကွ။ အဲဒါကို တချို့ လိုက်သာ လိုက်နေတယ် မသိကြဘူးကွ။ ဆရာလမ်း လိုက်မယ့်သူက ရသေ့လမ်း လိုက်မိရင် ဘယ်တော့မှ မဖြစ်ဘူးကွ။ ရသေ့လမ်းလိုက်မယ့်သူက ဆရာလမ်း လိုက်နေရင် ဘယ်တော့မှ မဖြစ်ဘူးကွ။ ဝိဇ္ဇာလမ်းမှာ စကားတစ်ခုရှိတယ်။ ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်းတဲ့။ ဘယ်သူ ရသေ့လုပ်ရမယ်၊ ဘယ်သူက ဆရာလုပ်ရမယ်ဆိုတာ ပထမ သိရမယ်။ အခု မင်းလုပ်တာတွေကို ငါ့ပြောပြလို့ ငါသိရတယ်။ မင်းလုပ်တာတွေက ရသေ့လမ်းတွေကော၊ ဆရာလမ်းတွေကော ရောနေတယ်ကွ။ ဒီတော့ ရှင်းရှင်းပဲ ပြောမယ်။ ဆက်မလုပ်နဲ့၊ ဘာမှမဖြစ်ဘူး။ တစ်ခုခုကို ဦးစားပေးလုပ်ပါ"

ဟု ပြောလေ၏။

ထို့နောက် ထိုအဘိုးကြီးသည် ကျွန်ုပ်အား နှုတ်ဆက်၍ ထွက်သွားလေတော့၏။ ကျွန်ုပ်သည် ထိုအဘိုးကြီးအား ကျေးဇူးတင်သောကြောင့် လိုက်၍ခေါ်ကာ အလယ်ပစ္စယံရှိ မွန်အမျိုးသမီး ချောချောလေးများ ရောင်းသော လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်တစ်ခွက်နှင့် နံပြားထော်ပတ်သုတ် တစ်ချပ် လိုက်၍ကျွေးမွေးရလေတော့၏။ ထို့နောက် ကျွန်ုပ်လည်း ဘုရားပေါ်မှ ဆင်းလာခဲ့လေတော့သတည်း။

ထိုနေ့သည် တန်ဆောင်မုန်း လပြည့်နေ့ပင် ဖြစ်ပေတော့၏။

(ရှေ့လ ဆက်ရန်)

သမ္မာသတ္တာ ကမ္မဿကာ

မင်းသိခ်




www.burmeseclassic.com

www.burmeseclassic.com

# ဆရာသမားဆိုတာ ဒါမျိုးပေါ့

ဒေါက်တာစောယုနွယ် Ph.D(Tantra)(Kol-India)Astrologer




ဒီဇာတာခွင်လေးကတော့ ကျွန်မတို့ အဘ ဆရာကြီး ဒေါက်တာမင်းသိန်း ဇာတာခွင်လေးပါ။ ဇာတာခွင်လေးကတော့ နက္ခတ္တဝေဒတာဝန်ခံပညာရှင် ဖြစ်တဲ့ တောင်ဥက္ကလာပ မှ ဆရာရွှေမူ ကြိုစတ္တုဇာတာဖွဲ့ထားတဲ့ ဇာတာလေးပါ။

ဇာတာခွင်အရ အဘကို ဟောထားတာက ဇာတာရဲ့ အခြေခံဖြစ်တဲ့ လဂ်ရုပ်၊ စန်းရုပ်၊ တနင်္ဂနွေဂြိုဟ်တို့ဟာ သင့်တင့်မျှအားကောင်းမှုတွေရှိနေရင် စနေ ကြာသပတေး ဂြိုဟ်တို့ ပါဝင်မှုရှိနေရင် ထိုအတွေ ၁ တန်၊ ၅ တန့် ပါဝင်ဆက်သွယ်မှုတွေရှိနေရင် အဲဒီအချက်တွေ ကိုက်ညီနေရင်၊ အဲဒီအချက်တွေရှိနေပြီး မိမိရဲ့ကြိုးစားအားထုတ်မှုကြောင့် တရားထူး တရားမြတ်များ ရနိုင်ပါတယ်လို့ ဟော်ညွှန်းထားပါတယ်။

ဒါ့အပြင် ဇာတာရှင် ဂြိုဟ်ဘာဝနှင့် ရာသီတို့ အနေအထားကို အသေးစိပ်စစ်ဆေးပါကလည်း ၅ သန့် သခင် အင်္ဂါနှင့် စနေတို့ သံမှန့်ပြုထားတာကို လည်း

www.burmeseclassic.com

တွေ့ရတယ်လို့ ဆိုပါတယ်။ ဒီအချက်တွေကတော့ ကျင့်စဉ်ကျင့်အားများလွန်းလို့ တဖက်စွန်း ရောက်သွားတတ်တယ်လို့လည်း ဖော်ပြထားပါတယ်။

နောက်ပြီး ကျွန်မတို့ အဘဆရာကြီး၏ ပွားတော်မှာ တရကင့်ရာသီဖြစ်ပြီး ဗုဒ္ဓဟူးနဲ့ ၁၃အံသာ အတွင်း ယှဉ်မှုပြီး အင်္ဂါ ကြာသပတေး စနေဂြိုဟ်တို့ လွှမ်းမိုးထားတာတွေ့ရပါတယ်။ ဒီအချက်ကလည်း အဘဆရာကြီးသိမ်က မည်သည့်လုပ်ငန်းမဆို စနစ်တကျ လုပ်ကိုင်ပြီး အဲဒီလို လုပ်ကိုင်ရာမှာလည်း ပြဿနာပေါင်းစုံ အခက်အခဲ ပေါင်းစုံနဲ့ ကြုံတွေ့ရတတ်ပြီး ၎င်းအခက်အခဲတွေနဲ့ပဲ လုံးထွေးရင်း ရင်းနှီးရင်းနဲ့ပဲ ဘဝကိုဖြတ်သန်းရတယ်လို့ ဆရာရွှေက ပြောထားပါသေးတယ်။

ထက်ဓါတ်ရုံမှာဆိုရင် ကိုယ်သတ်မှတ်ထားတဲ့ မှတ်တိုင်အထိ အောင်မြင်မှုရရှိပြီး ဒီအောင်မြင်မှုကလည်း ... ည်၍ ကျဆုံးတတ်တယ်။ ပြီးရင် ထပ်ပြီး ထပ်ပြီး ကြိုးစားမှုတွေ ပြုလုပ်ရတတ်တယ်။ ကြိုးစားမှုနဲ့အတူ ... န်ဖြန့်ရောက်ပြီး မမျှော်လင့်ဘဲနဲ့ အနှောင့်အယှက်တွေလို့ အခက်ခဲတွေကြုံပြီး ပြန်ကျဆင်းတတ်ရတယ်။ အဲဒီလိုနဲ့ ဘဝကို အတက်အကျအမျိုးမျိုးဖြင့် ခရီးကို လျှောက်လှမ်းခဲ့ရသူဖြစ်တတ်တယ်။ နောက်ဆုံးတော့ အခက်အခဲတွေကို ကျော်လွှားပြီး အောင်မြင်မှုရဲ့အထိပ်ကိုရနိုင်တဲ့ ဇာတာရှင်လို့ ဆရာရွှေက ဆိုထားပါတယ်။

နောက်ပြီး စာပေအနုပညာဟာ ဇာတာရှင်အတွက် အကောင်းဆုံးလုပ်ငန်းလို့ ဆိုထားပါသေးတယ်။ ဒါ့အပြင် ... နဲ့ ကြာသပတေးတို့က မှန်ကန်တဲ့ အတွေးအခေါ်ကို ... စနေနဲ့အင်္ဂါတို့က အကျင့်သန် အယူသန်တဲ့ ... ဖက်ကို ဖော်ပြနေပါတယ်။ ဒီအချက် နှစ်ချက်လည်း အဘရဲ့ဘဝမှာ ခွန်တွဲပြီး တလှည့်စီဖြစ်နေတတ် ... သည်းခံတတ်ခြင်း။ ခွင့်လွှတ်တတ်ခြင်း။ ဒေါသထွက်လွယ်ခြင်း။ အငြိုးကြီးခြင်းတို့လည်း ခွန်တွဲနေပါတယ်တဲ့။ ဒေါသဖြစ်လွယ်ပြီး ထွက်တဲ့ ဒေါသလည်း ပြေလွယ်ပါတယ်လို့ အဘရဲ့ ဇာတာ ခွင်တွေက ဖော်ပြနေပါတယ်။ ဒါပေမယ့်လဲ တဖက်စွန်းရောက်တဲ့ အတွေးအခေါ်တွေ ဒေါသပြေလွယ်တာတွေကို ပညာသတိဖြင့် ထိန်းသိမ်းနိုင်ဖို့ကို ကြာသပတေးနဲ့ ဗုဒ္ဓဟူးဂြိုဟ်တို့က အတွေးမှန် အသိမှန်ဖက်ကို ရောက်အောင် ဖော်ပြနေပါတယ်။

ဆိုလိုတာက အစွန်းရောက်မှုတွေကို အသိဉာဏ် နဲ့ ထိန်းကျောင်းသွားပြီး အောင်မြင်မှုများ ရနိုင်တယ်လို့ ရေးသားထားပါတယ်။

ကျန်းမာရေးနဲ့ပတ်သက်ပြီး လဂ်ကို စနေနဲ့ အင်္ဂါတို့က လွှမ်းမိုးထားပြီး ဗုဒ္ဓဟူးပါဝင်နေမှုက အဆစ်မြစ်ကိုက်ခဲခြင်း။ အကြောတက်ခြင်း။ ရောင်ခြင်းတို့ကိုလည်း ဖြစ်စေနိုင်ပြီး အူကျခြင်း။ အကြော အားနည်းခြင်းတွေကို ဖြစ်စေတတ်တယ်လို့ အဘ ဇာတာမှာ တွေ့ရှိရပါတယ်။

အဲဒီလိုဆရာမာန်တွေ ဆရာ့ဌာန်တွေနဲ့ အဘ ဆရာကြီးဟာ သူ့တပည့်တွေအပေါ် ချော့တခါ ခြောက်တလှည့်နဲ့ ပြုပြင်ထိန်းသိမ်း သူလိုရာကို ပုံသွင်းပြီး သူ့မိသားစုအရေး ဘာမှမတွေးဘဲ သူ့ကျန်းမာရေးအတွက် ဘာမှမပူပန်ဘဲ သူ့ရဲ့တပည့်တွေ အောင်မြင်ရေး သူ့ရဲ့မိတ်ဆွေ ပရိသတ်တွေ အားလုံး ကျန်းမာချမ်းသာရေးအတွက် အမြဲတမ်း အကျင့်သီလနဲ့၊ ပညာရပ်နဲ့ ပူးပေါင်းပြီး စွမ်းဆောင်ပေးနိုင်တဲ့ ဆရာကောင်း။ သမားကောင်းပါ။

ဆရာရွှေကလည်း နက္ခတ္တဗေဒပညာရပ်နဲ့ ပညာအားကောင်းပုံတွေ၊ တရားထူးတရားမြတ်ရနိုင် ပုံတွေကို ချိန်ဆတွက်ချက်ပြီး ပြောသလို ကျွန်မတို့ ပညာရပ်ဖြစ်တဲ့ မဟာဘုတ်၊ ဆန်းကျမ်း။ သုံးထိန် ပေါ်နိုင်ပညာရပ်တွေနဲ့ ဆန်းစစ်ကြည့်တဲ့အခါမှာလည်း ကျွန်မတို့အဘ ဒေါက်တာမင်းသိမ်ဟာ (အာစရိယ)ဆရာဆိုတဲ့ ဂုဏ်နဲ့ပြည့်စုံနေတဲ့ ဆရာထူး ဆရာမြတ်ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

(အာစရိယ)ဆရာဆိုသည်မှာ တပည့်တို့၏ အကျိုးစီးပွားကို ပြုကျင့်တတ်တဲ့သူ၊ ရှေးဦးစွာ အတတ်ပညာကို သင်ပေးတတ်သောသူ၊ ကောင်းမွန်သော အကျင့်သီလကို ကျင့်စေတတ်သော သူမျိုးကို အာစရိယလို့/ခေါ်ဆိုအပ်ကြောင်း ရှေးကျမ်းဂန်တွေမှာဆိုခဲ့ပါတယ်။ အဲဒီ အာစရိယဆိုတဲ့ ဂုဏ်ဟာ ကျွန်မတို့ အဘဒေါက်တာမင်းသိမ်း ဆီမှာ ပြည့်စုံနေပါတယ်။

ဓိလိန္ဒပဥ္စပလင်္ကတော်မှာဓိလိန္ဒမင်းကြီးနဲ့ ရှင်နာဂသေနမထေရ်မြတ်တို့ ဆွေးနွေးလျှောက်ထားတဲ့ ဆရာတို့မှာရှိအပ်တဲ့ ဂုဏ်(၂၅)ပါးနဲ့ ကျွန်မတို့အဘဟာ ပြီးပြည့်စုံညီညွတ်တဲ့ ဆရာထူးဆရာမြတ် ဖြစ်ပါတယ်။ အာစရိယဆိုတဲ့ ဆရာသခင် ပုဂ္ဂိုလ်များဟာ တပည့်များကို အတတ်ပညာသင်ကြားပေးရုံမကဘဲ၊ တပည့်များပေါ်ပြုကျင့်ရမယ့်ကျင့်ဝတ်များကိုလည်း လိုက်နာဆောင်ရွက်တဲ့ ဆရာတို့၌ရှိရမည့် ဂုဏ်အင်္ဂါ(၂၅)ပါးနှင့်လည်း ပြည့်စုံတဲ့ ကျွန်မတို့ အဘဒေါက်တာမင်းသိမ်းပါပဲ။

အဘ ဒေါက်တာမင်းသိမ်းရဲ့ ထူးခြားလှတဲ့ ဆရာဂုဏ်အင်္ဂါ (၂၅)ပါးကတော့ . . .

(၁) တပည့်ကို အမြဲစောင့်ရှောက်ရာ၏။
(၂) တပည့်၏ မဆည်းကပ်သင့်သော ပုဂ္ဂိုလ်၊ ဆည်းကပ်သင့်သည့် ပုဂ္ဂိုလ်ကို သိရ၏။
(၃) တပည့် ပေါ့ဆသည်၊ မပေါ့ဆသည်ကို သိရ၏။
(၄) တပည့်နေရေး ထိုင်ရေးကို သိရ၏။
(၅) တပည့်၏ ကျန်းမာရေးကို သိရ၏။
(၆) တပည့်၏ စားသောက်ရေးပြည့်စုံ၊ မပြည့် စုံကို သိရ၏။
(၇) တပည့်၏ တိုးတက်သည်၊ မတိုးတက် သည်ကို သိရ၏။
(၈) မိမိ၌ ရှိသော စားဖွယ်ကို ဝေဖန်ပေးရ၏။
(၉) ပညာကြိုးစားသင်အောင် အားပေးအားမြှောက်ပြုရ၏။
(၁၀) တပည့်၏ အပေါင်းအသင်းကို သိရ၏။
(၁၁) ရွာ၌ အပေါင်းအသင်းကို သိရ၏။
(၁၂) ကျောင်း၌ အပေါင်းအသင်းကို သိရ၏။
(၁၃) တပည့်နှင့် ပြက်ရယ်ပြောင်လှောင်မှု ရယ်စရာပြောမှု မပြုရ။
(၁၄) တပည့်နှင့် တိုင်ပင်စကားပြောရာ၏။
(၁၅) တပည့်၏ အနည်းငယ်သော အပြစ်ကို သည်းခံခွင့်လွှတ်ရ၏။
(၁၆) အညမည ဂါရဝ သဘော တပည့်၏ ပြုမူချက်များကို အလေးအနက်ပြုရ၏။ အသိအမှတ်ပြုရ၏။
(၁၇) ပညာကို တစ်ပိုင်းတစ်စ မသင်ပေးရ။
(၁၈) ပညာကို လျှို့ဝှက် မထားရ။
(၁၉) ပညာရပ် အားလုံးကိုလည်း ဆရာစား မချန် အားလုံး သင်ကြားပေးရ၏။
(၂၀) ဤတပည့်ကို အတတ်ပညာတတ် အောင်သင်မည်ဟု ဖခင်စိတ်မျိုး ထားရ၏။
(၂၁) ဘယ်နည်းဖြင့် ငါ့တပည့် တိုးတက်မည် နည်းဟု ကြီးပွားတိုးတက်စေလိုသော စိတ်ထားရ၏။
(၂၂) တပည့်ကို အကျင့်သိက္ခာ ကောင်းအောင် ပြုပြင်မည်ဟူသော စိတ်မျိုးထားရ၏။
(၂၃) တပည့်အပေါ် မေတ္တာစိတ်ကို ရှေ့ရှုထားရ၏။
(၂၄) ဘေးရန်ကြုံခဲ့လျှင်တပည့်ကို စွန့်ခွာ၍ ကိုယ်လွတ်မရုန်းရ။
(၂၅) တပည့်အပေါ်ပြုကျင့်ဖွယ် ဝတ္တရားများကို မမေ့မလျော့ဘဲ တပည့်မှားယွင်းခဲ့သော် တရားနှင့်အညီ ဆုံးမချီးမြှောက်ရ၏။

အဲဒီ ဂုဏ်အင်္ဂါ(၂၅)ပါးလုံးနဲ့ ပြည့်စုံတာ ကျွန်မတို့ အဘဆရာကြီး ဒေါက်တာမင်းသိမ်းပါ။ ကျွန်မ တို့ တပည့်တွေ အနေကလည်း အဘဆီမှာ . . .



www.burmeseclassic.com

www.burmeseclassic.com

"ထုပ်ကျပုဆစ်ဆရာစဉ့်
ကြောက်ရှာမိုးသော
ထုပ်ကျွေးချွေးငြိုး
စေးယာတ်ကြွက်
သချောင်းချောင်းလျှင်
ကြိမ်မောင်းသည်းခံ ဆရာထံ၌"

ဆိုတဲ့ ဆုံးမစာအရ ဆရာ့ထံပါးမှာ အခွင့်အခါကို ချောင်းမြောင်းအရယူပြီး ဆရာ့ဆီက ပညာတွေကို သင်ယူရမှာ၊ ကျွန်မတို့ ပညာတတ်မြောက်ဖို့အတွက် မှန်ကန်တဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။

ဒါကြောင့်လည်း ဆရာ့ဂုဏ်(၂၅)ပါးနဲ့ ပြည့်စုံတဲ့ ဆရာကောင်း၊ ဆရာမှန်ဆီမှာ ကျွန်မတို့တွေ အတတ်ပညာ၊ အသိပညာသင်ကြားခွင့်ရခဲ့ပြီး အောင်မြင်မှုတွေ ရရှိခဲ့ပါတယ်။

ကျွန်မကဲ့သို့ပဲ အဘဒေါက်တာမင်းသိန်းရဲ့ အောင်မြင်နေတဲ့ တပည့်ပေါင်းများစွာဟာ ရောက်လေရာနေရာတိုင်းမှာ လက်ညှိုးထိုးလို့ မလွဲပါဘူး။ အားလုံး အားလုံးသော အဘ၊တပည့်တွေဟာ အမြတ်နိုး သတိရအောက်မေ့လွမ်းဆွတ်ပြီး အဘသင် ကြားပေးခဲ့တဲ့ ပညာရပ်တွေနဲ့ လောကီနယ်ပယ်မှာ အောင်မြင်ကျော်ကြားပြီး ဝင့်ထည်စွာနေနိုင်ကြပါပြီ။

အဘကျေးဇူးကို ဆပ်တဲ့အနေနဲ့လည်း အဘ တပည့်တွေ အားလုံး အားလုံးဟာ ရောက်တဲ့နေရာ ရှိနေတဲ့ အနေအထားလေးအလျောက် အဘကို ကျေးဇူးဆပ်တဲ့ အနေနဲ့ အဘလို ခုနစ်ရက်သားသမီးတွေရဲ့ အခက်အခဲတွေကို ဆရာကဲ့သို့ ဆရာ့ကိုယ်စား ဆင်းရဲသောသူများနှင့် ဒုက္ခရောက်သူများကို ကယ်ဆယ်လျက် တရားရေလမ်းကို တိုက်ကျွေးနိုင်သည့် ဆရာများဖြစ်အောင် ကျင့်ကြံ အားထုတ်နေကြပါတယ်။

ကျွန်မလည်း အဘကိုယ်စား အဘအမြတ်နိုး ဂရုစိုက်အားထားနေတဲ့ အခမဲ့ဗေဒင်ပညာ သင်တန်းကြီးကို အဘဖြစ်စေ ချင်တဲ့အတိုင်းဖွင့်လှစ်သင်ကြားပေးခဲ့ပါတယ်။ အခုဆိုရင်လည်း ဆရာကြီးဒေါက်တာမင်းသိန်းရဲ့ ပညာ အမွေခံကော်သဗျာကရဏ အခမဲ့ဗေဒင်သင်တန်းကို ကျွန်မဦးစီးပြီး ဖွင့်လှစ်ခဲ့တာ အခုဆိုရင်(၄၃)ကြိမ် မြောက်ရှိသွားခဲ့ပါပြီ။

တကယ်တော့ ကျွန်မဟာ ဆရာ မလုပ်ချင်ပါဘူး။ အဘရဲ့အရိပ်ကိုခိုပြီး တပည့်ကောင်းတစ် ယောက်အနေနဲ့ ဆရာကောင်းရဲ့ အရိပ်မှာ နေရတာကိုပဲ ကျွန်မ သိပ်ပျော်ပါတယ်။ ဆရာမျက်နှာကိုကြည့်ပြီး ပီတိတွေ ဖြစ်နေရတာမျိုး၊ အဘဆရာကြီးရဲ့ အံ့ဩဖွယ်ရာ သွေးထွက်အောင်မှန်တဲ့ အဟောအပြောတွေကို နားထောင်ပြီး အဘရဲ့ အစွမ်းထက်လှတဲ့ ယတြာအစီအရင်တွေ ဓါတ်ရိုက်ဓါတ်ဆင်တွေ ပြုလုပ်ပေးလိုက်တာကြောင့် ခုနစ်ရက် သားသမီးတွေဟာ အားရဝမ်းသာ ပျော်ရွှင်နေကြတဲ့ မျက်နှာလေးတွေကို ကြည့်ပြီး အဘရဲ့ အောင်မြင်မှုတွေကို အားရဝမ်းသာဂုဏ်ယူပြီး အဘ ကြိုက်တတ်တာလေးတွေချက်ကျွေး၊ အဘအနားမှာ အဘရဲ့ဝေယျာဝစ္စတွေလုပ်ပေးရင်း အဘနားမှာပဲ ဆရာကောင်းရဲ့ အရိပ်ကို ခိုပြီး နေချင်ခဲ့ပါတယ်။

အဘပြောပြတဲ့ ဆုံးမစကားတွေ အဘဟောပြောနေတဲ့ အဟောအပြောတွေ အဘဘဝမှာ ဖြတ်သန်းလာရတဲ့၊ အဘရဲ့ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းအကြောင်းအရာလေးတွေ တွေ့ရ သိရ ကြည့်ရနေရတာလည်း ကျွန်မရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ ကျမ်းကြီး တစ်စောင်လိုပါပဲ။

ကျွန်မဟာ အဘကို လေးစားတယ်၊ ချစ်ကြောက်တယ်၊ ရိုသေတယ်၊ ဒါကြောင့်လည်း အဘဆီကို နေ့စဉ်မပျက်တောင် ရက်ခြား၊ ရက်ခြားလေး အဘဆီကို ရောက်တတ်ပါတယ်။ အဘကလည်း ကျွန်မကို အဘသမီးကို စောင့်သိတဲ့တပည့်ကောင်း၊ အဘကို

www.burmeseclassic.com

ရှိသေးလေးစားမှုပြုတဲ့ တပည့်ကောင်းလို့ သတ်မှတ်မှာပါ။

အဲဒါကြောင့်လည်း အဘဆီကိုရောက်တဲ့ အခါတွေမှာ အဘရဲ့ ဝေယျာဝစ္စတွေကို လုပ်ပေးမယ့် တပည့်ကောင်း၊ အဘကို သစ္စာစောင့်သိတဲ့ တပည့်ကောင်းအဖြစ် ကျွန်မ ရောက်လာတာကို အဘမျှော်မှာပါ။ အဘက ကျွန်မကို ချစ်မှာပါ။

အခုတော့ ကျွန်မတို့ ချစ်လှတဲ့ လေးစားလှတဲ့ အဘဆရာကြီးဒေါက်တာမင်းသိန်း မရှိတော့ပါဘူး။ အဘက ကျွန်မတို့ကို ပစ်ထားခဲ့ပြီ။ အဘရဲ့ ကျွင်ကြဲ အားထုတ်မှုကြောင့် တရားထူး တရားမြတ်တွေနဲ့ ကျင်ကြံ အားထုတ်ကျင့်စဉ်တွေနဲ့ မဟာမြိုင်တောကြီး ထဲပဲရောက်နေမလား။ မြေလျှောက် ဝိဇ္ဇာရှေ့ပြေးသော ဆိုတဲ့ ဝိဇ္ဇာ အဖြစ်နဲ့ပဲ ဝိဇ္ဇာဝတ်တွေ ကူးနေမလား။ မသွားမီက ရောက်နှင့်သည်ဆိုတဲ့ အတိုင်း ဝိဇ္ဇာ ဓာတ်ပုဂ္ဂိုလ်တွေနဲ့အတူ ကျင့်ကြံ အားထုတ်ပြီး နေ့ဝင်ပွင့်တော်မူမည့် အရိမေတ္တေယျ မြတ်စွာဘုရားကို ဖူးတွေ့ဖို့ စောင့်မျှော် နေပြီလား မသိတော့ပါဘူး။

အခု ကျွန်မတို့တစ်တွေလည်း အသက်တွေ ကြီးလာပါပြီ။ ခြောက်ဆယ်တန်းကိုကျော်လို့ သုံးချွန်း နေပါပြီ။ အဘမရှိတော့ ဝမ်းနည်းရပါတယ်။ ဆရာရဲ့ အရိပ်ဟာ အလွန် လုံခြုံအေးချမ်းပြီး အင်အား တွေဖြစ်စေခဲ့တာကို ကျွန်မ သိပ်မက်မောခဲ့တာပါ။ အခုဆိုရင် ကျွန်မတို့ရဲ့ အဘရဲ့ အရိပ် အာဝါသကို မရတော့၊ မရနိုင်တော့ပေမယ့် ခုထိ ကျွန်မ မျှော်လင့် နေဆဲပါ။

"ကျွန်မ . . . အဘတပည့်ဖြစ်ချင်နေတုန်းပါ" အဘကို ဆရာညီမိရဲ့ ကဗျာနဲ့ ဦးနိုက်ကန်တော့ လိုက်ပါရစေ။

"မြတ်ဆရာ"

ကမ္ဘာမှာ ရှားတဲ့
ဘဂဝါလို
ကြည်ညိုခြင်းနဲ့
ဦးထိပ်မှာတင်
နေ့စဉ်မပျက်
ဆည်းကပ်ပူဇော်
ဖြော် . . .
ဆရာ့တန်ခိုး
သိမြတ်နိုး၍
ရှိခိုးနေ့စဉ်
ပန်းငုံသွင် . . . .။
ကျေးဇူးကြီးလတ်
ဆရာမြတ်ဂုဏ်
အဖုံဖုံကို
ကြည်ပုံမြတ်နိုး
လက်ဆုံမိုး၍
ကျွန်ုပ်ရှိခိုးပါ၏ ။

ကောင်းရာဘုံဗိမ္မာန်မှ နေ့ဝင်ပွင့်မယ့် အရိမေတ္တေယျ မြတ်စွာဘုရားကို ဖူးတွေ့ဖို့ အားထုတ်မှုပြုနေသော ယောဂီအား ကောင်း၊ ယောဂီမြတ် အဘမင်းသိန်း အား ရိုသေစွာ ရှိခိုးဦးတိုက်လိုက်ပါသည်။

ချမ်းသာကိုယ်စိတ် ပြီပါစေ . . .

**ဒေါက်တာစောယုနွယ်**

**Ph.D(Tantra)(Kol-India)Astrologer**



www.burmeseclassic.com

www.burmeseclassic.com


## သာသနာ့လင်္ကာရ သုံးထပ်သိမ်ကျောင်းတော်ကြီးအား လှူဒါန်းနိုင်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၂)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ ရွှေလင်ပန်းချောင်းအနီးရှိ လောကာလင်္ကာရကျောင်းတိုက်ကြီးအတွင်း၌ ဆောက်လုပ်လျက်ရှိသော "သာသနာ့လင်္ကာရ သုံးထပ်သိမ်ကျောင်းတော်ကြီး" အတွက် အလှူငွေများ လှူဒါန်းလိုပါလျှင် -

ဆရာတော် အရှင်ဉာဏဝရ(သာပေါင်း)၊ ဓမ္မာစရိယ၊ နယ်လှည့်သာသနာပြု ဓမ္မကထိက

(ဖုန်း-၀၉-၄၉၃၀၇၉၅၊ ၀၉-၃၁၃၀၃၇၅၆၊ ၀၉-၇၉၀၅၆၉၉၄၇)

ဦးတင်ဦး (ဖုန်း-၀၉-၃၂၂၀၆၆၉၄၊ ၀၉-၃၁၉၃၂၇၉၆)

ဦးထွန်းလွင် (ဖုန်း-၀၉-၄၂၀၂၈၀၃၂၇၊ ၀၉-၂၅၀၁၄၇၃၂၉) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| ဘုရားခန်း တစ်ခန်းလျှင် ၁၀ ပေ၊ ပေ ၂၀ | သိန်း(၃၀) | ကျောက်ကား (၁)စီး | ၁၂၀၀၀ ကျပ် |
| ကျောင်းခန်း တစ်ခန်းလျှင် ၁၀ ပေ၊ ပေ ၂၀ | သိန်း(၃၀) | သဲကား (၁)စီး | ၂၅၀၀၀ ကျပ် |
| ကုဋိ ရေချိုးခန်း (၁)စုံလျှင် | (၁၅)သိန်း | အုတ် (၁၀၀) | ၁၅၀၀၀ ကျပ် |
| အပေါ်ထပ်လှေကား | (၁၅)သိန်း | ဘိလပ်မြေ (၁၀)အိတ် | ၆၅၀၀၀ ကျပ် |



## ဂမ္ဘီရ ဆရာလှမျိုး(B.Sc) ၏

- လူတိုင်းအတွက် ကိန်းဂဏန်းဗေဒင်နှင့် အဆောင်ယတြာများ။
- ခုနစ်ရနေ့ ခုနစ်နံ ကံပွင့် လာဘ်ပွင့် အစီအရင်နှင့် ကံကောင်းအောင်မြင်ယတြာများ။
- ကံပွင့် လာဘ်ပွင့် ဂါထာမန္တန်များ။

ထွက်ပြီ

ဖြန့်ချိရေး - စာပေနန်းတော်

ဖုန်း - ၀၉-၂၆၀၂၄၅၂၂၄၊ ၀၉-၇၃၁၄၀၉၃၄၊ ၀၉-၇၃၁၄၀၉၃၆


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မာယာဒေဝီ နှင့်

# ကျောက်စိမ်းရုပ် အရုပ်တော်ပုံ (၁)

## မောင်ယဉ်မှုန်(မော်စနေခြည်)

ကပိလမြို့လယ်ရှိ ကွင်းပြင်ကျယ်ကြီးတွင် မာယာဒေဝီ၏အကမြင့် ဖျော်ဖြေနေသောကြောင့် လူများ တိုးမပေါက်အောင် စည်ကားနေပါ၏။

မာယာဒေဝီသည် သာမန်မျိုးနွယ်မှ ဆင်းသက်လာသူ မဟုတ်ပေ။ သူမ၏ ဖခင်မှာ ကပိလဝတ်ပြည်၏ စစ်သူကြီးတစ်ဦးဖြစ်သည်။ သူမ၏ မိခင်မှာလည်း ရှေးနန်းတွင်း ကချေသည်အဖွဲ့မှ အောင်မြင်ကျော်ကြားခဲ့သော ကချေသည်တစ်ဦး ဖြစ်သည်။

မာယာဒေဝီမင်းသမီးသည် ခင်သွေးပါ၍ မြင်းစီး၊ လှံထိုး၊ မြားပစ် ဝါသနာထုံသကဲ့သို့ မိခင်သွေး ပါ၍ ပန်တျာတွင် လူတကာစွဲမက်အောင် ကပြဖျော်ဖြေနိုင်ပါ၏။ သို့ပါသော်လည်း မာယာဒေဝီ၏ အကနှင့် အလှသည် ရှေးနန်းတွင်းမှာသာ ဖျော်ဖြေခဲ့ရသဖြင့် တိုင်းသူပြည်သားများ ကြည့်ခွင့်မသာခဲ့ပေ။

ယခုအခါမှာတော့ တိုင်းရေးပြည်ရေးအရ ကပိလမြို့လယ်တွင် ဇာတ်စင်ထိုး၍ တိုင်းသူပြည်သားများအား ဖျော်ဖြေရန် မင်းတရားကြီးကိုယ်တော်တိုင် မိန့်တော်မူခဲ့သည်။

ကပိလရွှေမြို့တော် ဆိုသည်မှာ ဂေါတမဘုရားရှင်၏ ဖွားရာဇာတိဖြစ်၍ အတိုင်းတိုင်း အပြည်ပြည်ကပင် လေးစားသမှုပြုခဲ့ကြရသည်။

ကပိလဘုရင် မဟာနာမမင်း ရွှေလက်ထက်တော် ရောက်ခါမှ သာဝတ္ထိပြည်နှင့် မသင့်မမြတ်ဖြစ်ကာ တိုင်းသူပြည်သားများ ကျိုးလန့်စာစား ဖြစ်ကုန်ကြရသည်။ ထိုသို့ ဖြစ်လာရသည်မှာ ကပိလဘုရင် မဟာနာမမင်း၏ မရိုးမသားမှု ကြောင့်ဟုလည်း အချို့က ဆိုကြသည်။ သာကီဝင်မင်းတို့၏ ရှေးရိုးစွဲ အယူဝါဒကြောင့် ဟူ၍လည်း အချို့က ဆိုကြသည်။

အခါတစ်ပါး၌ သာဝတ္ထိဘုရင် ပသေနဒီ ကောသလမင်းကြီးက ကပိလဘုရင် မဟာနာမမင်းထံ သမီးတော်တစ်ပါး ဆက်သရန် ရာဇသံစေခဲ့သည်။ ထိုစဉ်က ဇာတ်မတူသူ သာဝတ္ထိဘုရင်အား လှည့်စား၍ အခိုင်းအစေကျွန်မ၏သမီး ဝါသဘခတ္တိယာအား သာကီဝင်မင်းသမီးတစ်ပါးဟုဆိုကာ ဆက်သခဲ့သည်။

ပသေနဒီကောသလမင်းနှင့် ဝါသဘခတ္တိယာတို့မှ သားတော်ဝိဋဋူပအား ဖွားမြင်ခဲ့သည်။ ဝိဋဋူပမင်းသား သက်တော် တစ်ဆယ့်ခြောက်နှစ်အရွယ်တွင် ကပိလသို့ သွား၍ ဆွေတော်မျိုးတော်များအား တွေ့ဆုံရာတွင်မှ မဟာနာမမင်း ကလိမ်ကျခဲ့သော ဇာတ်ရှုပ် ပေါ်ရသည်။

ထိုအချိန်မှစ၍ ဝိဋဋူပမင်းသားသည်လည်း သာကီနွယ်ဝင်



www.burmeseclassic.com

www.burmeseclassic.com

မင်းမျိုးများအပေါ် အငြိုးကြီး ငြိုးခဲ့သည်။ မမြင်နိုင်သော ကံတရားသည် ဝိဋူဍဘပက်မှ မျက်နှာသာပေး၍ ဖခင်ကောသလမင်း၏ ထီးရိပ်နန်းလျာအား အရယူနိုင်ခဲ့သည်။ ဝိဋူဍဘမင်းအဖြစ် ရောက်သည်နှင့် ကပိလသို့ စစ်ချီသည်။ သို့သော် ဘုရားရှင်နှင့် နယ်စပ်တွင် တွေ့ဆုံ၍ ရှေ့ခရီး မဆက်နိုင်ခဲ့ပေ၊ တစ်ကြိမ်မက သုံးကြိမ်သုံးခါ ဘုရားရှင်နှင့် တွေ့၍ ထိုနယ်စပ်အနီးမှပင် တပ်ပြန်၍ခေါက်ခဲ့ရသည်။

ဝိဋူဍဘမင်း လေးကြိမ်မြောက် စစ်ချီလာရာတွင်ဘုရားရှင် တားမြစ်ခြင်း မပြုတော့ပေ။ ထို့ကြောင့် ဝိဋူဍဘမင်း ကပိလသို့ စစ်ချီသည်။

မကြာမီ စစ်မီးလျှံ တောက်လောင်တော့မည်ဟု ကြားသိချိန်မှစ၍ ကပိလတစ်ပြည်လုံး ကြောက်လန့်နေကြသည်။

ထိုအကြောင်းတရားကို မဟာနာမမင်းကြီး မြို့လယ်တွင် ဇာတ်စင်ထိုး၍ ရွှေနန်းတွင်း ကချေသည်များအား ကပြစေခဲ့သည်။

ကပိလပြည်သူများသည် ဆိုတီးသံမြိုင်မြိုင်အောက်တွင် ပန်တျာသည်များ၏ အကအလှကို ကြည့်ရှုခံစားရင်း သေမည့်ဘေးကို မေ့လျော့နေခဲ့ကြသည်။ ထိုကချေသည်များတွင် ပရိသတ်အကြိုက်ဆုံးမှာ မာယာဒေဝီ၏ အကအလှပင် ဖြစ်သည်။

မာယာဒေဝီသည် သူမ၏ မုဒြာအကဖြင့် သောကရောက်နေသူများအား ညှို့ယူဖမ်းစားနိုင်ခဲ့သည်။ ပရိသတ်ကြီးမှာ မာယာဒေဝီ၏ မုဒြာလက်ချောင်းလေးများ လှုပ်ရှားမှုနောက် ကောက်ကောက်ပါခဲ့ရသည်။ မာယာဒေဝီသည် စည်းချက်နှင့်အတူ ကိုယ်ဟန် နွဲ့နှောင်း၍ ဘယ်ခြေညာလက်ပြောင်းကာ လူအပေါင်းကို ကောင်းကောင်းကြီး ဆွဲဆောင်နိုင်သူလည်းဖြစ်သည်။

မာယာဒေဝီ၏ ရွှေအဆင်းကဲ့သို့ ဝင်းစိုသောအသား၊ ဝိုင်းစက်ရွှန်းလဲ့နေသောမျက်လုံး၊ ကော့ညွတ်သောမျက်တောင်၊ သုံးရက်လပမာ ကွေးကွေးသေးသေး မျက်ခုံး၊ စင်းကျနေသောနှာတံ၊ ပါးလျသောနှုတ်ခမ်း၊ ပြုံးလိုက်လျှင် ခွက်ဝင်သွားသော ပါးချိုင့်၊ တံကောက်ကွေးအထိ ရှည်လျားသောဆံကေသာ၊ သေးသောခါး၊ ကားသောတင်၊ စွင့်ကားနေသော ရွှေရင်အစုံတို့ကြောင့် မြင်ရသူပုရိသတို့ ရင်ခုန်ခဲ့ကြရသည်။ ကပိလပြည်သားတို့ မာယာဒေဝီ၏ အကအလှနောက် စီးမျောနေခိုက်-

"သာဝတ္ထိတစ်ကြီးချီလာပြီ"

ဟူသော သတင်းဆိုးက ထိုးဖောက်ဝင်ရောက်လာသည်။

သေမည့်အရေး မေ့လျော့နေကြသော ပရိသတ်ကြီးမှာလည်း ပျားအုံ တုတ်နှင့်ထိုးလိုက်သည့်နှယ် လှုပ်လှုပ်ရှားရှား ဟိုပြေးသည်လွှား ဖြစ်ကုန်ကြသည်။

"ပြေးပြေး. . ပြေးကြ. . ဝိဋူဍ
စစ်တပ်ကြီး ချီတက်လာနေပြီ"

ဟု အော်ကြဟစ်ကြသည်။

အော်ဟစ်သံများနှင့် မရှေ
မနှောင်းမှာပင် စစ်သည်တော်တစ်ဦး
သည် မြင်းကြီး ဒုန်းစိုင်း၍ ရွှေနန်း
တော်ဘက်သို့ ပြေးသွားတော့သည်။

"ဓဇရာဇာ ပြန်လာပြီ"

ဟု ပရိသတ်ထံမှ အသံများ
ထွက်ပေါ်လာပြန်သည်။

ဓဇရာဇာမင်းသားသည် မဟာ
နာမ မင်းတရားကြီး အမိန့်တော်ဖြင့်
နယ်စပ်တွင် တပ်စွဲ၍ သာဝတ္ထိပြည်
၏ သတင်းကို စောင့်ယူနေရသည်။
ဓဇရာဇာ ပြန်လာသည် ဆိုသည်နှင့်
မကြာမီ စစ်ကြီးဖြစ်တော့မည်ဟု
လူတိုင်း သိနေကြသည်။

မာယာဒေဝီသည် ဇာတ်စင်
နောက် ဝင်ရောက်၍ ကချေသည်
အဝတ်များကို ဖယ်ခွာလျက် သူ
မြင်းစီးလျှင် ဝတ်ဆင်လေ့ရှိသော
အဝတ်များဖြင့် အစားထိုး ဝတ်ဆင်
လိုက်သည်။

"မာယာ ပြီးရင်သွားစို့"

ဟု ခေါ်သံကြား၍ မာယာ
ဒေဝီ ခါးစည်းကြိုး ချည်နေရာမှ
ခေါင်းမော့ကြည့်လိုက်ရာ သုဇိလကို
မြင်လိုက်ရ၍ . . .

"သုဇိလ၊ ငါက ဘယ်သွားရမှာ
လဲ၊ ငါ အိမ်ပြန်မယ်"

ဟု မာယာဒေဝီက ပြောလိုက်
သည်။



www.burmeseclassic.com

www.burmeseclassic.com

“မာယာဒေဝီ၊ နင် အိမ်ပြန်ဖို့ အချိန်မရတော့ဘူး၊ လာ မြန်မြန် သွားကြစို့”

ဟု သုဇိလက ဆိုလာပြန်သည်။

“ငါက ဘယ်သွားရမှာလဲ”

ဟု ဇဝေဇဝါဖြင့် ထပ်၍ မေးလိုက်ပြန်သည်။

“မြောက်ဥယျာဉ် သွားရမှာ၊ ဟိုမှာ အားလုံး အသင့်ဖြစ်နေပြီ”

ဟု သုဇိလမင်းသားက ရှင်းပြသည်။

“မြောက်ဥယျာဉ်တော်မှာ ဘာသွားလုပ်ကြမှာလဲ သုဇိလ”

“ငါ မပြောတတ်ဘူး၊ မင်းတရားအမိန့်လို့ ပြောတာပဲ”

မာယာဒေဝီ ဆက်၍မမေးတော့။ သုဇိလအား မေးနေလျှင်လည်း ရေရေလည်လည် သိရမည်မဟုတ်၍ အဝတ်ထုပ်ဆွဲကာ မြင်းကြီးပေါ်သို့ တက်လိုက်သည်။

လမ်းမှာ ရှင်း၍မနေ၊ ပြေးကြလွှားကြသူများဖြင့် တိုးဝှေ့နေတော့သည်။ သုဇိလသည် လမ်းရိုးမှသွားလျှင် ကြာနေမည်စိုး၍ လမ်းသွယ်လမ်းကောက်များဘက်မှ မြင်းကို မောင်းနှင်ကာ ရှေ့မှဦးဆောင်သွားသည်။

မာယာဒေဝီသည်လည်း အဝတ်ထုပ် ထွေမကျန်ရစ်စေရန် သတိဖြင့် ကိုင်ထားလျက် သုဇိလနောက်မှ သူမ၏ မြင်းကြီးကို အပြေးနှင်တော့သည်။

□

“ဘာပြောတယ် ဓဇရာဇာ. . ဝိဋုဋ္ဌပတို့ စစ်ချီလာပြီ ဟုတ်စ”

“မှန်လှပါ မင်းကြီး၊ ဝိဋုဋ္ဌပစစ်တပ်ကြီး ချီလာကြောင်းပါ”

“ဘုရားရှင်က မတားဘူးလား”

“မှန်လှပါ၊ သုံးကြိမ်သုံးခါတော့ တားပါရဲ့၊ ဒါပေမဲ့. . .”

ဟု ဆိုပြီး ဓဇရာဇာ စကားမဆက်နိုင်တော့ပေ။

မဟာနာမမင်းကြီးသည် ဘဏ္ဍာစိုးအားခေါ်၍ လိုအပ်သော ရတနာများနှင့်အတူ သားရေလိပ်ကြီးတစ်ချပ် ဓဇရာဇာလက်သို့ အပ်သည်။

“ဓဇရာဇာ၊ ဒီမြေပုံကားချပ်ကြီးဟာ တကောင်း နေပြည်တော်သွားတဲ့ လမ်းပြမြေပုံကားချပ်ဖြစ်တယ်။ တကောင်းပြည်မှာ ငါတို့ သာကီဝင်မင်းဆက် ဘိန္နကရာဇာ ရှေ့နန်းစံတယ်။ မောင်မင်း အဲဒီမြေပုံကားချပ်ကြီးယူပြီး တကောင်းတိုင်းပြည်အရောက်သွားရမယ်၊ ရတနာတွေက လမ်းမှာ လိုသလို သုံးရအောင် လိုလိုမယ်မယ် ယူသွားပေတော့. . .”

“ကျွန်တော်မျိုး တစ်ယောက်တည်း သွားရမှာလား”

“မဟုတ်ဘူး၊ မြောက်ဥယျာဉ်တော်မှာ မောင်မင်းအလာကို သူတို့စောင့်နေကြတယ်၊ တကောင်းတိုင်းပြည်ရောက်ရင် ဒီကပိလအမှတ်ပါတဲ့ စကြာတံဆိပ် ပြလိုက်ပါ၊ သင့်ကို သူတို့ အစစအရာရာ ကူညီကြပါလိမ့်မယ်၊ ကဲ အမြန်သွားပေတော့”

ဟု ဆိုကာ စကြာတံဆိပ်တော်ကိုပါ ပေးသနားတော်မူလိုက်သည်။

ဓဇရာဇာမင်းသား မြောက်ဥယျာဉ်တော်သို့ ရောက်သည်နှင့် များလှစွာသော လူအုပ်ကြီးကို တွေ့မြင်လိုက်ရသည်။ ထိုဥယျာဉ်ကြီးသည် သိဒ္ဓတ္ထကုမာရ မင်းသားအား နိမိတ်ကြီးလေးပါးပြခဲ့သော နေရာလည်းဖြစ်သည်။ ထိုသူအို၊ သူနာ၊ သူသေ၊ ရဟန်း ဟူသော နိမိတ်ကြီးလေးပါးကြောင့် သိဒ္ဓတ္ထကုမာရ မင်းသား တောထွက်တော်မူပြီး ဘုရားအဖြစ်သို့ရောက်တော်မူခဲ့သည်။

ဓဇရာဇာမင်းသားမှာ ထိုဥယျာဉ်တော်မှ သူ့အား ဒုက္ခပင်လယ်ဝေနေသည့် များလှစွာသော လူထုကြီးက စောင့်ကြို၍နေသည်ကို ကြည့်၍ ရှေ့ခရီးဆက်ရန် အရေးရင်လေးနေမိသည်။

“ဟိုမှာ ဓဇရာဇာ လာနေပြီ”

ဟု သုဇိလက ဆီးကြိုနှုတ်ဆက်လိုက်သည်။

“သုဇိလ၊ မင်းတို့အားလုံး စုံပြီလား”

“ရိက္ခာတွေကော ပြည့်ပြည့်စုံစုံ ပါကြရဲ့လား”

ဟု ဓဇရာဇာမင်းသားက သုဇိလအား မေးသည်။

“ပြည့်ပြည့်စုံစုံတော့ မဟုတ်ပါဘူး၊ တစ်ပိုင်တစ်နိုင်စီတော့ ပါကြတယ်”

www.burmeseclassic.com

မင်းမျိုးများအပေါ် အငြိုးကြီး ငြိုးခဲ့သည်။ မမြင်နိုင်သော ကံတရားသည် ဝိဋူဋ္ဋ္ဌပဘက်မှ မျက်နှာသာပေး၍ ဖခင်ကောသလမင်း၏ ထီးရိပ်နန်းလျာအား အရယူနိုင်ခဲ့သည်။ ဝိဋူဋ္ဌပမင်းအဖြစ် ရောက်သည်နှင့် ကပိလသို့ စစ်ချီသည်။ သို့သော် ဘုရားရှင်နှင့် နယ်စပ်တွင် တွေ့ဆုံ၍ ရှေ့ခရီး မဆက်နိုင်ခဲ့ပေ၊ တစ်ကြိမ်မက သုံးကြိမ်သုံးခါ ဘုရားရှင်နှင့် တွေ့၍ ထိုနယ်စပ်အနီးမှပင် တပ်ပြန်၍ခေါက်ခဲ့ရသည်။

ဝိဋူဋ္ဌပမင်း လေးကြိမ်မြောက် စစ်ချီလာရာတွင်ဘုရားရှင် တားမြစ်ခြင်း မပြုတော့ပေ။ ထို့ကြောင့် ဝိဋူဋ္ဌပမင်း ကပိလသို့ စစ်ချီသည်။

မကြာမီ စစ်မီးလျှံ တောက်လောင်တော့မည်ဟု ကြားသိချိန်မှစ၍ ကပိလတစ်ပြည်လုံး ကြောက်လန့်နေကြသည်။

ထိုအကြောင်းတရားကို မဟာနာမမင်းကြီး မြို့လယ်တွင် ဇာတ်စင်ထိုး၍ ရွှေနန်းတွင်း ကချေသည်များအား ကပြစေခဲ့သည်။

ကပိလပြည်သူများသည် ဆိုတီးသံမြိုင်မြိုင်အောက်တွင် ပန်းတျာသည်များ၏ အကအလှကို ကြည့်ရှုခံစားရင်း သေမည့်ဘေးကို မေ့လျော့နေခဲ့ကြသည်။ ထိုကချေသည်များတွင် ပရိသတ်အကြိုက်ဆုံးမှာ မာယာဒေဝီ၏ အကအလှပင် ဖြစ်သည်။

မာယာဒေဝီသည် သူမ၏ မုဒြာအကဖြင့် သောကရောက်နေသူများအား ညှို့ယူဖမ်းစားနိုင်ခဲ့သည်။ ပရိသတ်ကြီးမှာ မာယာဒေဝီ၏ မုဒြာလက်ချောင်းလေးများ လှုပ်ရှားမှုနောက် ကောက်ကောက်ပါခဲ့ရသည်။ မာယာဒေဝီသည် စည်းချက်နှင့်အတူ ကိုယ်ဟန် နွဲ့နှောင်း၍ ဘယ်ခြေညာလက်ပြောင်းကာ လူအပေါင်းကို ကောင်းကောင်းကြီး ဆွဲဆောင်နိုင်သူလည်းဖြစ်သည်။

မာယာဒေဝီ၏ ရွှေအဆင်းကဲ့သို့ ဝင်းစိုသောအသား၊ ဝိုင်းစက်ရွှန်းလဲ့နေသောမျက်လုံး၊ ကော့ညွတ်သောမျက်တောင်၊ သုံးရက်လပမာ ကွေးကွေးသေးသေး မျက်ခုံး၊ စင်းကျနေသောနှာတံ၊ ပါးလျသောနှုတ်ခမ်း၊ ပြုံးလိုက်လျှင် ခွက်ဝင်သွားသော ပါးချိုင့်၊ တံကောက်ကွေးအထိ ရှည်လျားသောဆံကေသာ၊ သေးသော ခါး၊ ကားသောတင်၊ စွင့်ကားနေသော ရွှေရင်အစုံတို့ကြောင့် မြင်ရသူပုရိသတို့ ရင်ခုန်ခဲ့ကြရသည်။ ကပိလပြည်သားတို့ မာယာဒေဝီ၏ အကအလှနှောက် စီးမျောနေခိုက်-

"သာဝတ္ထိတစ်ကြီးချီလာပြီ"

ဟူသော သတင်းဆိုးက ထိုးဖောက်ဝင်ရောက်လာသည်။

သေမည့်အရေး မေ့လျော့နေကြသော ပရိသတ်ကြီးမှာလည်း ပျားအုံ တုတ်နှင့်ထိုးလိုက်သည့်နှယ် လှုပ်လှုပ်ရှားရှား ဟိုပြေးသည်လွှား ဖြစ်ကုန်ကြသည်။

"ပြေးပြေး. . ပြေးကြ. . ဝိဋူဋ္ဌပ စစ်တပ်ကြီး ချီတက်လာနေပြီ"

ဟု အော်ကြဟစ်ကြသည်။

အော်ဟစ်သံများနှင့် မရှေး မနှောင်းမှာပင် စစ်သည်တော်တစ်ဦးသည် မြင်းကြီး ဒုန်းစိုင်း၍ ရွှေနန်းတော်ဘက်သို့ ပြေးသွားတော့သည်။

"မဇရာဇာ ပြန်လာပြီ"

ဟု ပရိသတ်ထဲမှ အသံများ ထွက်ပေါ်လာပြန်သည်။

မဇရာဇာမင်းသားသည် မဟာနာမ မင်းတရားကြီး အမိန့်တော်ဖြင့် နယ်စပ်တွင် တပ်စွဲ၍ သာဝတ္ထိပြည်၏ သတင်းကို စောင့်ယူနေရသည်။ မဇရာဇာ ပြန်လာသည် ဆိုသည်နှင့် မကြာမီ စစ်ကြီးဖြစ်တော့မည်ဟု လူတိုင်း သိနေကြသည်။

မာယာဒေဝီသည် ဇာတ်စင်နောက် ဝင်ရောက်၍ ကချေသည် အဝတ်များကို ဖယ်ခွာလျက် သူမ မြင်းစီးလျှင် ဝတ်ဆင်လေ့ရှိသော အဝတ်များဖြင့် အစားထိုး ဝတ်ဆင်လိုက်သည်။

"မာယာ ပြီးရင်သွားစို့"

ဟု ခေါ်သံကြား၍ မာယာဒေဝီ ခါးစည်းကြိုး ချည်နေရာမှ ခေါင်းမော့ကြည့်လိုက်ရာ သုဇိလကို မြင်လိုက်ရ၍ . . .

"သုဇိလ၊ ငါက ဘယ်သွားရမှာလဲ၊ ငါ အိမ်ပြန်မယ်"

ဟု မာယာဒေဝီက ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"မာယာဒေဝီ၊ နင် အိမ်ပြန်ဖို့ အချိန်မရတော့ဘူး၊ လာ မြန်မြန် သွားကြစို့"

ဟု သုဇိလက ဆိုလာပြန်သည်။

"ငါက ဘယ်သွားရမှာလဲ"

ဟု ဇဝေဇဝါဖြင့် ထပ်၍ မေး လိုက်ပြန်သည်။

"မြောက်ဥယျာဉ် သွားရမှာ၊ ဟို မှာ အားလုံး အသင့်ဖြစ်နေပြီ"

ဟု သုဇိလမင်းသားက ရှင်းပြ သည်။

"မြောက်ဥယျာဉ်တော်မှာ ဘာ သွားလုပ်ကြမှာလဲ သုဇိလ"

"ငါ မပြောတတ်ဘူး၊ မင်း တရားအမိန့်လို့ ပြောတာပဲ"

မာယာဒေဝီ ဆက်၍မမေး တော့။ သုဇိလအား မေးနေလျှင် လည်း ရေရေလည်လည် သိရမည် မထုတ်၍ အဝတ်ထုပ်ဆွဲကာ မြင်း ကြီးပေါ်သို့ တက်လိုက်သည်။

လမ်းမှာ ရှင်း၍မနေ၊ ပြေးကြ သွားကြသူများဖြင့် တိုးဝှေ့နေတော့ သည်။ သုဇိလသည် လမ်းရိုးမှသွား လျှင် ကြာနေမည်စိုး၍ လမ်းသွယ် လမ်းကောက်များဘက်မှ မြင်းကို အသော့နှင်ကာ ရှေ့မှဦးဆောင်သွား သည်။

မာယာဒေဝီသည်လည်း အဝတ် ထုပ် ကျမကျန် ရစ်စေရန် သတိဖြင့် ထိန်းလျက် သုဇိလနောက်မှ သူမ၏ မြင်းကြီးကို အပြေးနှင်တော့သည်။

□

"ဘာပြောတယ် ဇဗရာဇာ . . ဝိဋ္ဋူပတို့ စစ်ချီလာပြီ ဟုတ်စ"

"မှန်လှပါ မင်းကြီး၊ ဝိဋ္ဋူပစစ် တပ်ကြီး ချီလာကြောင်းပါ"

"ဘုရားရှင်က မတားဘူးလား"

"မှန်လှပါ၊ သုံးကြိမ်သုံးခါတော့ တားပါရဲ့၊ ဒါပေမဲ့ . . ."

ဟု ဆိုပြီး ဇဗရာဇာ စကား မဆက်နိုင်တော့ပေ။

မဟာနာမမင်းကြီးသည် ဘဏ္ဍာစိုးအားခေါ်၍ လိုအပ်သော ရတနာများနှင့်အတူ သားရေလိပ် ကြီးတစ်ချပ် ဇဗရာဇာလက်သို့ အပ် သည်။

"ဇဗရာဇာ၊ ဒီမြေပုံကားချပ်ကြီး ဟာ တကောင်း နေပြည်တော်သွား တဲ့ လမ်းပြမြေပုံကားချပ်ဖြစ်တယ်။ တကောင်းပြည်မှာ ငါတို့ သာကီဝင် မင်းဆက် ဘိန္နကရာဇာ ရှေ့နန်းစံ တယ်။ မောင်မင်း အဲဒီမြေပုံကား ချပ်ကြီးယူပြီး တကောင်းတိုင်းပြည် အရောက်သွားရမယ်၊ ရတနာတွေက လမ်းမှာ လိုသလို သုံးရအောင် လိုလို မယ်မယ် ယူသွားပေတော့ . . ."

"ကျွန်တော်မျိုး တစ်ယောက် တည်း သွားရမှာလား"

"မဟုတ်ဘူး၊ မြောက်ဥယျာဉ် တော်မှာ မောင်မင်းအလာကို သူတို့ စောင့်နေကြတယ်၊ တကောင်းတိုင်း ပြည်ရောက်ရင် ဒီကပိလဝတ်မှတ်ပါ တဲ့ စကြာတံဆိပ် ပြလိုက်ဝါ၊ သင့်ကို သူတို့ အစစအရာရာ ကူညီကြပါ လိမ့်မယ်၊ ကဲ အမြန်သွားပေတော့"

ဟု ဆိုကာ စကြာတံဆိပ်တော် ကိုပါ ပေးသနားတော်မူလိုက်သည်။

ဇဗရာဇာမင်းသား မြောက် ဥယျာဉ်တော်သို့ ရောက်သည်နှင့် များလှစွာသော လူအုပ်ကြီးကို တွေ့ မြင်လိုက်ရသည်။ ထိုဥယျာဉ်ကြီး သည် သိဒ္ဓတ္ထကုမာရ မင်းသားအား နိမိတ်ကြီးလေးပါးပြခဲ့သော နေရာ လည်းဖြစ်သည်။ ထိုသူအို၊ သူနာ၊ သူသေ၊ ရဟန်း ဟူသော နိမိတ်ကြီး လေးပါးကြောင့် သိဒ္ဓတ္ထကုမာရ မင်းသား တောထွက်တော်မူပြီး ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဇဗရာဇာမင်းသားမှာ ထို ဥယျာဉ်တော်မှ သူ့အား ဒုက္ခ ပင်လယ်ဝေနေသည့် များလှစွာသော လူထုကြီးက စောင့်ကြို၍နေသည်ကို ကြည့်၍ ရှေ့ခရီးဆက်ရန် အရေး ရင်လေးနေမိသည်။

"ဟိုမှာ ဇဗရာဇာ လာနေပြီ"

ဟု သုဇိလက ဆီးကြိုနှုတ် ဆက်လိုက်သည်။

"သုဇိလ၊ မင်းတို့အားလုံး စုံပြီ လား"

ရိက္ခာတွေကော ပြည့်ပြည့်စုံစုံ ပါကြရဲ့လား"

ဟု ဇဗရာဇာမင်းသားက သုဇိလအား မေးသည်။

"ပြည့်ပြည့်စုံစုံတော့ မဟုတ်ပါ ဘူး၊ တစ်ပိုင်တစ်နိုင်စီတော့ ပါကြ တယ်"

www.burmeseclassic.com

ဟု သုဇိလက ဖြေ၏။

ဇေရာဇာမင်းသားသည် သုဇိလမင်းသား၏ လက်ကိုဆွဲ၍ အဝေးတစ်နေရာသို့ ခေါ်သွားပြီး. . .

"သုဇိလ. . မောင်မင်း ကပိလသတင်း စောင့်ယူပြီးမှ မြင်းနဲ့ လိုက်ခဲ့ပါ။ ငါတို့က အရှေ့စူးစူးကို သွားကြရမှာ၊ အစစအရာရာ သတိတော့ ရှိပါစေ"

ဟု မှာကြားပြီး ဇေရာဇာတို့ ခရီးစထွက်ကြသည်။

❐

ကပိလတစ်မြို့လုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ ရှေးယခင်ညများဆိုပါက လမ်းမကြီးများပေါ်တွင် လူပြတ်သည် မရှိ။ စားသောက်ဆိုင်ကြီးများ ဆိုပါလျှင် ညဉ့်နက်သန်းခေါင်အထိ ဆူညံနေတတ်သည်။ ယခုညမှာတော့ လမ်းမီးတိုင်များမှအပ မည်သည့်အိမ်မှ မီးမထွန်းကြပေ။ နေဝင်သည်နှင့် တံခါးပိတ်၍ အိမ်တွင်းမှာသာ ငြိမ်နေကြသည်။

သုဇိလသည် မြင်းစီး၍ လမ်းသွယ်များမှ ရွှေနန်းတော်ကြီးအနီးသို့တိုင် အရောက်လာခဲ့သည်။ ရွှေနန်းတော်မှာ စစ်သည်များ စုဝေး၍ တီးတိုးစကားသာ ပြောနေကြသည်။ အားလုံးသော သူတို့၏ မျက်နှာများမှာလည်း သောကအရိပ် စိုးရိမ်စိတ်များက လွှမ်းမိုးနေသည်။

"ရန်သူတွေ လာနေကြပြီ"

ရွှေနန်းမျှော်စင်ကြီးထက်မှ အောက်သို့ သတင်းပို့လိုက်သည်နှင့် ထိုင်နေကြသော စစ်သည်များလည်း ထိုင်ရာမှထ၍ လက်နက်အသင့်ပြင်ကာ စောင့်ကြကြသည်။

ဝိဋ္ဋူဗတပ်ကြီးမြို့တွင်းသို့ မဝင်မီ ဆီးကြို၍တိုက်ခိုက်ကြရန် မဟာနာမမင်းကြီးအား အကြံပြုကြသော်လည်း မင်းကြီးက လက်မခံပေ။ သာဝတ္ထိပြည်ကြီးသည် ကပိလဝတ်တိုင်းပြည်ထက် အဆပေါင်းမြောက်များစွာ အင်အားတောင့်တင်းသည်။ ထို့ကြောင့်ပင်လျှင် သာဝတ္ထိတိုင်းပြည်က ကပိလတိုင်းပြည်ကို အမြဲအနိုင်ယူခဲ့သည်။ မဟာနာမမင်းကြီးသည် မနိုင်မှန်းသိ၍ လက်နက်ဖြင့် စစ်ထိုးရန် သဘောမတူခဲ့ပေ။ စကားဖြင့် အသနားခံရမည်ဟုလည်း မဟာနာမမင်းကြီး သဘောပေါက်ခဲ့သည်။ ဝိဋ္ဋူဗ လက်ခံလျှင်အမြတ်၊ လက်မခံခဲ့လျှင် သတ်လိုကသတ်စေတော့ဟူ၍လည်း စိတ်ပိုင်းဖြတ်ထားသည်။

ဝိဋ္ဋူဗစစ်သည်များ ရွှေနန်းတော်တွင်း ဝင်ရောက်လာသည်နှင့် ကပိလစစ်သည်များက တစ်ဖက်သို့ ဖယ်ခွာ၍ နေရာပေးလိုက်ရသည်။ ကပိလစစ်သည်များကြား ဝင်ရောက်ရန် စောင့်နေသော သုဇိလသည်လည်း ကပိလစစ်သည်များ ပြောင်းရွှေ့နေရာယူနေခိုက် ရောယောင်လိုက်ပါသွားတော့သည်။

ဝိဋ္ဋူဗမင်းသည် ဆင်တော်ပေါ်မှ ဆင်း၍ ကွင်းလယ်တွင် ဆောက်လုပ်ထားသော တဲနန်းတော်ကြီးဆီသို့သွားသည်။ မဟာနာမ မင်းကြီးကလည်း တဲနန်းတော်ဝမှ ဝိဋ္ဋူဗမင်းအား ဆီးကြို၍. . .

"မြေးတော် ဝိဋ္ဋူဗ တဲတော်အတွင်းသို့ ကြွပါ"

ဟု မဟာနာမ မင်းကြီးက ဖိတ်မန္တကပြုသည်။

ဝိဋ္ဋူဗမင်းသည် တဲတော်ရှေ့တွင် ရပ်လျက် မဟာနာမမင်းကြီးအား ဒေါသချောချော စိုက်ကြည့်လျက်. . .

"ဟား. . ဟား. . ဟား. . ဘယ်လိုခေါ်လိုက်တယ် မဟာနာမ၊ ဘာတဲ့. . မြေးတော် ဝိဋ္ဋူဗ ဟုတ်ပါစ. . ကျွန် နားကြားများ မှားလေသလား၊ ဟား. . ဟား. . ဟား. . နားအရသာရှိလွန်းလို့ ထပ်ခေါ်ပေးပါဦး၊ ဟား. . . ဟား. . . ဟား. ."

ရာဇဂုဏ်မောက်နေသော ဝိဋ္ဋူဗမင်းသည် ရာဇက္ကန်ြေ ကင်းမဲ့စွာ ဟားတိုက်ရယ်မောနေတော့သည်။ တစ်ချိန်တစ်ခါက နိုင်ငံရေးကို လိုသလို ဆော့ကစားလာခဲ့သော မဟာနာမ မင်းကြီးသည်လည်း မိမိအမှားအတွက် နောင်တရ၍ မဆုံးနိုင် ဖြစ်ရသည်။

ဝိဋ္ဋူဗမင်းသည် မဟာနာမမင်းကြီး၏ ရင်ဝတွန်းဖယ်ပြီးလျက်



www.burmeseclassic.com

www.burmeseclassic.com

နန်းအလယ်တွင် အသင့်ပြင်ဆင်ထားသော စားတော်ပွဲကို ကြည့်၍ ထမ်းချက်ပြုံးလိုက်သည်။ ထိုအပြုံး၏ နောက်ကွယ်တွင် ဝိဋ္ဋူပ၏ ကြောက်မက်ဖွယ် စကားလုံးများ ထွက်ပေါ်လာပြန်သည်။

"မဟာနာမ၊ ကျုပ်နဲ့အတူ ပွဲတော်တည်မှာလား"

ဝိဋ္ဋူပမင်းသည် မဟာနာမမင်းကြီးအား စိုက်ကြည့်၍ မေးလိုက်ပြန်ရာ. . .

"အမှန်ဖြစ်ကြောင်းပါ မြေးတော်"

ဟု မဟာနာမမင်းကလည်း တည်ကြည်စွာ ပြန်၍ဖြေသည်။

"မဖြစ်ဘူးထင်တယ်၊ မဟာနာမမင်းကြီး ကိုယ်တော်တိုင် ကျုပ်နဲ့အတူ ပွဲတော်တည်ရင် သာကီနွယ်ဆိုတဲ့ ဇာတ်တွေ ပျက်ကုန်မှာပေါ့။ နောက် ကျုပ်ပြန်သွားရင်လည်း ခင်ပျားကြီးကို မျိုးဖျက်သစ္စာဖောက်လို့ စွပ်စွဲပြီး နန်းတော်ထဲက မောင်းထုတ်ကြတော့မှာပေါ့ မဟာနာမရယ်၊ ဒီလိုတော့ မလုပ်လိုက်ပါနဲ့"

ဝိဋ္ဋူပသည် ရှေ့ရေးတွေးပူပေးသလိုလိုနှင့် မဟာနာမ မင်းကြီး စခန်းနိုင်လောက်အောင် လှောင်ပြောင်နေတော့သည်။ အရွယ်တော်တောင်းစဉ်က လျှမ်းလျှမ်းတောက်အောင်မြင်ခဲ့သော မဟာနာမမင်းကြီးမှာ အသက်ကြီးပြီး သေခါနီးမှ အရှက်တကွဲ အကျိုးနည်း ဖြစ်ရတော့သည်။

"ဒီမှာ မဟာနာမ၊ ခင်ဗျားကြီးရဲ့ မိုက်နောင်တတွေဟာ နှစ်ပေါင်းနှစ်ဆယ်လောက် နောက်ကျခဲ့တယ်။ ဒီထက်မကလည်း နောက်ကျတယ်လို့ ပြောလို့ရတယ်၊ နံပါတ်တစ် ခင်ဗျားရဲ့ အမှားက ကိုယ့်အိမ်မှာ ခိုင်းစေထားတဲ့ ကျုပ်အဘွား ဖြစ်လာမယ့် နာဂမုဏ္ဍာကို ခြေတော်တင်တယ်။ သမီးလေး ဝါသဘခတ္တိယာကို မွေးဖွားလာသည့်တိုင် ခင်ဗျားကြီးက သာကီသွေးဆိုပြီး ကိုယ့်သမီးရင်းကိုတောင်မှ ကျွန်မကမွေးသူမို့ သမီးအဖြစ် အသိအမှတ်မပြုခဲ့ဘူး"

"နံပါတ်နှစ် ခင်ဗျားရဲ့အမှားက ကျုပ်အဖေ ဖြစ်လာမယ့် ပသေနဒီကောသလ မင်းကြီးက သာကီဝင်မင်းသမီးတစ်ယောက် ဆက်သပါဆိုတော့မှ ကျုပ်အမေ ဖြစ်လာမယ့် ဝါသဘခတ္တိယာကို အသုံးချတော့တယ်။ ကျုပ်အသက် တစ်ဆယ့်ခြောက်နှစ်အရွယ်မှာ အမိဘက်က ဘိုးတွေ၊ ဘွားတွေ စိတ်ကူးနဲ့လွမ်းရင်း သိပ်တွေ့ချင်ခဲ့တယ်၊ မိဘနှစ်ပါးတားသည့်ကြားက ကျုပ် ကပိလကို အရောက်လာခဲ့တယ်။ အဲဒီမှာ ခင်ဗျား တတိယအကြိမ် အမှားကြီးပြုလုပ်ခဲ့တယ်၊ မှတ်မိသေးရဲ့လား"

"ကျုပ်ကို ခင်ဗျားတို့ သာကီတွေက ကျွန်မသားလို့ မြင်နေကြတယ်။ ကျုပ်ကတော့ ကိုယ့်ကိုယ်ကို မဟာဆီမဟာသွေးဆိုပြီး ဂုဏ်ယူလိုက်ရတာ။ ခင်ဗျားတို့က ကျုပ်နေဖို့ဆိုပြီး ဝါးတဲလေး ဆောက်ပေးကြတယ်။ ခင်ဗျားဆီ ဝင်ရောက်စဉ်က ကျုပ်ထိုင်ခဲ့တဲ့ နန်းရင်ပြင်ကို ကျုပ်ပြန်တာနဲ့ ကျွန်စော်နံတယ်ဆိုပြီး နွားနို့ကိုးမြူ ရေကိုးမြူနဲ့ ဆေးကြတယ်။ ဒီသတင်း ကျုပ်အဖေရဲ့ ရွှေနားတော် ပေါက်ကြားသွားတော့ ကျုပ်တို့သားအမိကို ကျွန်တန်းလျားပို့လိုက်တယ်"

"ဒီမှာတင် သာဝတ္ထိ ရွှေနန်းတွင်းမှာ ရှိကြတဲ့ အားလုံးသော မျက်လုံးတွေက ကျုပ်တို့သားအမိဆီ ရောက်လာကြတယ်။ ခင်ဗျား စဉ်းစားကြည့်ပါ၊ မနေ့က ကျုပ်ရဲ့ အမေဟာ မိဖုရားကြီးလေ၊ ဒီနေ့ ကျုပ်အမေဘဝက သူတစ်ပါး အခိုင်းအစေ ကျွန်မ ဖြစ်သွားတယ်။ ကျုပ်လည်း ဘာထူးမှာလဲ၊ မနေ့က ဝိဋ္ဋူပက ကောသလ မင်းကြီးရဲ့ သားတော်၊ ဒီနေ့ ဝိဋ္ဋူပကတော့ အခိုင်းအစေ ကျွန်မကြီးရဲ့သားတဲ့၊ ဟား. . . ဟား. . . ဟား. . . တော်တော်တရားကျဖို့ကောင်းတယ်၊ ဒါတွေအားလုံးဟာ မဟာနာမ လုပ်ခဲ့တာ၊ ခင်ဗျားကြီး လုပ်ခဲ့တာ"

ဟု ပြောရင်း ဝိဋ္ဋူပမင်းသည် မျက်ရည်တွေတွေစီးကျလာတော့သည်။ အမှန်ပင် ဝိဋ္ဋူပသည် သူ့ကိုယ်သူ သာကီဝင်မင်းမျိုးဟု ထင်မှတ်လာခဲ့သူဖြစ်သည်။ သာကီဝင်မင်းမျိုး



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်မှန်း သိသောအခါ သေချင်လောက်အောင် ရှက်ခဲ့ပေသည်။

"ကျုပ် ဘုရင်ဖြစ်တာနဲ့ နံပါတ်တစ် ခင်ဗျားတို့ သာကီဝင်တွေအားလုံးကို သတ်မယ်လို့ သန္နိဋ္ဌာန်ချခဲ့တယ်"

"ဒါပေမဲ့ ကျုပ် စစ်ထွက်လာတိုင်း နယ်စပ်မှာ ဂေါတမဗုဒ္ဓနဲ့ တွေ့တယ်၊ ဗုဒ္ဓဟာ ကျုပ်တိုင်းပြည်ဘက်က ညောင်ပင်အောက်မှာ မထိုင်ပါဘူး။ ခင်ဗျားကြီးတို့ တိုင်းပြည်ဘက်မှာ ပေါက်နေတဲ့ ရိုးတံကျဲကျဲ အခက်နည်းနည်း ဆီးပင်ရင်းမှာ သီတင်းသုံးတော်မူတယ်။ ဒါနဲ့ ဘာကြောင့် ဆီးပင်အောက်မှာ သီတင်းသုံးတော်မူသလဲဆိုတော့ . သစ်ရိပ်ဝါးရိပ်ထက် ဆွေရိပ်မျိုးရိပ်က ပိုပြီးအေးမြသတဲ့လေ။ ဘယ်လောက် ချစ်စရာကောင်းတဲ့ အဖြေလဲ။ ကျုပ် အဲဒီအဖြေကို သဘောကျတယ်။ ဒါပေမဲ့ ကျုပ်ဘဝကတော့ ဆွေရိပ်မျိုးရိပ်ဆိုတာ မအေးမြခဲ့ရပါဘူး။ သို့သော် ကျုပ် ဗုဒ္ဓစကား မပယ်ရှားခဲ့ဘူး"

ဟု ပြောပြီး စားပွဲပေါ်မှ သေရည်ခွက်ကို တစ်ကြိုက်တည်း မော့သောက်လိုက်ပြန်သည်။

"ကျုပ် သုံးကြိမ်သုံးခါ ခင်ဗျားတို့နိုင်ငံကို တိုက်ခိုက်ဖို့ လာခဲ့တယ်၊ သုံးကြိမ်လုံး ဗုဒ္ဓနဲ့ဆုံတယ်၊ ဗုဒ္ဓနဲ့ တွေ့ပါလျက်နဲ့တော့ ကျုပ် ဓွတ်ခရီး မဆက်ချင်ဘူး။ ဘာကြောင့်ဆိုတော့ ဗုဒ္ဓဟာ ကျုပ်တို့သားအမိရဲ့ ကယ်တင်ရှင်ဖြစ်တယ်။ ကျေးဇူးရှင်လည်းဖြစ်တယ်။ ဗုဒ္ဓရဲ့ ကျေးဇူးကြောင့် ခြောက်သွေ့နေတဲ့ ကျုပ်တို့သားအမိရဲ့ဘဝကလေး ပြန်ပြီး စိုပြေခဲ့ရတယ်လေ၊ ကုန်ခမ်းနေတဲ့ အားအင်တွေ ပြန်လည်ရရှိခဲ့တယ်"

"ကျုပ်အဖေ ကောသလမင်း စိတ်ဆိုးပြီး ကျုပ်တို့သားအမိကို ကျွန်တန်းလျား ပို့လိုက်တော့ ဗုဒ္ဓက ကျုပ်အဖေ ကောသလမင်းကို ဆွေမျိုးစပ်နည်း သင်ပေးတယ်။ ဆွေမျိုးဆိုတာ အမိဘက် မယူရဘူး၊ အဖဘက်ကို ယူရတယ်ဆိုမှ ကျုပ်တို့ သားအမိ ရာထူးအဆောင်အယောင်တွေ ပြန်ရခဲ့တယ်။ ဒီတော့ ဗုဒ္ဓဘုရားရှင်ဟာ ကျုပ်ရဲ့ ကျေးဇူးရှင်ဖြစ်သွားတာပေါ့။ ကျုပ် ဗုဒ္ဓရဲ့ ကျေးဇူးတော်ကိုထောက်ပြီး သုံးကြိမ်သုံးခါ တပ်ခေါက်ပြန်ခဲ့ရတယ်"

"လေးကြိမ်မြောက် ကျုပ်လာခဲ့တော့ ဗုဒ္ဓကို မတွေ့ရဘူး၊ ခင်ဗျားတို့ သာကီတွေရဲ့ သေနေ့ရောက်လို့ ဗုဒ္ဓကိုယ်တော်တိုင် မတားတော့ဘူး ထင်ပါရဲ့။ ကိုင်း မဟာနာမ ခင်ဗျား ဘယ်ပုံဘယ်နည်း သေချင်သလဲ ပြောပါ"

မဟာနာမမင်းကြီးမှာ မိမိသေရမည့်အရေးထက် ဓေရာဇာတို့မှ လွတ်မြောက်ပါရဲ့လားဟု တွေးပူမိသည်။ အကယ်၍ ကံကောင်းထောက်မစွာ သူတို့ လွတ်မြောက်သွားပါက ကမ္ဘာ့အလယ်မှာ သာကီနွယ်တို့ မကွယ်ပျောက်နိုင်သေး... ဟုလည်း တွေးနေမိသည်။ ဓေရာ... တို့ လွတ်မြောက်ရန်မှာ အတတ်နိုင်... ဆုံး အချိန်ကို ဆွဲထားရမည်... လည်း မဟာနာမ တွေးတောမိသည်... ထို့ကြောင့်. . .

"ကျုပ် မသေခင် ရေချိုးခွင့်... ပါ၊ ကျုပ် ရေပေါ်ပြန်ပြီးမတက်မချင်း... သာကီဝင်မင်းမျိုးတို့ အသက်... မသတ်ပါဘူးလို့ ကတိပေးပါ"

"ကောင်းပါပြီ အဘိုး၊ ခင်ဗျာ... ကြီး အယူသည်းလို့ ကျုပ်ကို ... မတော်ချင်ခဲ့ပေမယ့် ဒီည ခင်ဗျာ... ကြီးကို ကျုပ်က နောက်ဆုံးအနေ... အဘိုးလို့ ခေါ်လိုက်ပါရစေ။ အဘိုး... စိတ်တိုင်းကျ ရေချိုးပါ၊ အဘိုး ... ပေါ်ပြန်မတက်မချင်း သာကီ... တစ်ဦးတစ်ယောက်မှ အသက်မသေ... စေရပါဘူးလို့ ကျုပ် ကတိပေး... တယ်။ အဘိုး အေးအေးဆေးဆေး... ရေချိုးဆင်းပါတော့"

မဟာနာမ မင်းကြီးသည်... ကိုယ်ရုံသော်မှ မချွတ်နိုင်၊ ထိုင်ရာ... ဖြည်းလေးသော ခြေလှမ်းများဖြ... ရေကန်တော်သို့ ဆင်းသည်။ ဝိ... ဠူပမင်းသည်လည်း သေရည်... သောက်လျက် မဟာနာမမင်းကြ... အလာ စောင့်မျှော်သည်။ အချိ... တွေသာ ကုန်ခဲ့ရသည်၊ မဟာနာ... မင်းကြီးက ပေါ်မလာပေ။ ဝိဋူ... မင်း၏ မင်းချင်းများ ရေအော... ဆင်း၍ကြည့်မှ မဟာနာမမင်းသည်...



www.burmeseclassic.com

www.burmeseclassic.com

ရေအောက်သစ်ကိုင်းခြောက်တွင် သူ၏ဆံပင်တို့နှင့် ချည်နှောင်လျက် ထံတော်ကုန်ကြောင်းသိရတော့သည်။

"မှန်လှပါ မဟာနာမမင်းကြီး ထံတော်ကုန်ကြောင်းပါ အရှင်"

ဟု မင်းချင်းများ သံတော်ဦး တင်လိုက်သည်နှင့် ဝိဋ္ဋူပမင်း ထိုင်ရာမှ ထလျက်. . .

"သာကီဝင်တွေအားလုံး သတ်စေ"

ဝိဋ္ဋူပမင်း၏ အသံကြီးသည် လည်း နန်းရင်ပြင်တစ်ခုလုံး မြည်ထိန်း၍ သွားတော့သည်။

ဝိဋ္ဋူပမင်း၏ အမိန့်သံ ဆုံးသည်နှင့် ဓား - ဓားချင်းခုတ်သံ၊ သံ-သံချင်း ထိခတ်သံ၊ လေးညို့ငင်သံ၊ ထုံ့ထိုးသံ၊ မြားပစ်ခတ်သံတို့နှင့် နန်းရင်ပြင်တစ်ခုလုံး ငရဲပွက်သည့်ပမာ ဆူဆူညံညံ ငိုကြွေးသံများနောက်တွင် ကပိလဝတ်နန်းတော်ကြီး မီးစွဲလောင်ခဲ့သည်။ ထို့နောက် မြို့တွင်း ရပ်ကွက်များ၊ ဈေးများ၊ ကျောင်းများ မီးလောင်ပျက်စီးခဲ့ရသည်။

ကပိလ ရှင်ရသေ့၏ ဝတ်ကျောင်းတော်နေရာတွင် ဩက္ကာမုခမင်း ရွှေနန်းစိုက်ထူ စိုးစံတော်မူခဲ့သော ကပိလဝတ် တိုင်းပြည်ကြီးသည် လှည့်စားတတ်သူ မဟာနာမမင်းနှင့် ဒေါသကြီး၍ ရန်ငြိုးဖွဲ့တတ်သူ သာဝတ္ထိဘုရင် ဝိဋ္ဋူပမင်းတို့အချင်းများရာမှ တိုင်းပြည်သာမက လူမျိုးပါ ကမ္ဘာ့အလယ်မှ ပျောက်ကွယ်၍သွားလေတော့သည်။

□

တိမ်စင်ဖွာင်းသော လမင်းကြီး၏ အလင်းရောင်အောက်တွင် ဇေရာဇာတို့ ခရီးနှင်ခဲ့ရသည်။ မဟာနာမ မင်းကြီးသည် မျိုးဆက်သစ် သာကီများ၏ ရှေ့ရေးမျှော်တွေးလျက် ပညာရှင်ကြီးများကိုပါ ထည့်ပေးလိုက်ခြင်းဖြစ်သည်။ ထိုပညာရှင်ကြီးများနောက်မှာ ကလေးများ လိုက်ပါခဲ့ရသည်။ ကလေးများ၏ နောက်မှာ ဇေရာဇာမင်းသားနှင့် သုန္ဒရတို့ လိုက်ပါခဲ့ကြသည်။

ဇေရာဇာမင်းသားသည် မဟာနာမ မင်းကြီး၏ တူအရင်းဖြစ်သည်။ ထို့ကြောင့်လည်း ငယ်ရွယ်စဉ်မှစ၍ မင်းကြီးအပါးမှာ ခစားခဲ့ရသည်။ ရွှေနန်းတွင်းတစ်ခုလုံးက အရေးပေးခဲ့ကြသော်လည်း ဇေရာဇာ မင်းသားသည် အခွင့်အရေးယူခြင်း ခိုကပ်ခြင်း မရှိခဲ့ပေ။

လူကြီးများက ကိုယ့်လက်ပေါ်မှာ ကြီးပြင်းလာသော ဇေရာဇာအား ချစ်ခင်ကြသည်။ ရွယ်တူမင်းသားများက မင်းတရား၏ တူတော်မို့ လေးစားကြသည်။ ငယ်ရွယ်သူများမှာ ပြောရန်မလို ဇေရာဇာပြောလျှင် အားလုံးက နာခံကြသည်။

ဇေရာဇာမင်းသား၏ စကားကို မနာယူသူတစ်ဦးရှိသည်။ ထိုသူမှာ မာယာဒေဝီ မင်းသမီးပင် ဖြစ်သည်။ မာယာဒေဝီ မင်းသမီးလေးမှာ ဇေရာဇာ မင်းသားလေးထက် သုံးနှစ်ခန့် ငယ်သည်။ မာယာဒေဝီ၏ ဖခင်စစ်သူကြီးနှင့် ဇေရာဇာ မင်းသားလေး၏ ဖခင် သေနာပတိကြီးတို့မှာ လွန်စွာရင်းနှီးသူများ ဖြစ်သလို အိမ်ချင်းလည်း မဝေးကြပေ။ ထို့ကြောင့် ငယ်ရွယ်စဉ်က ဇေရာဇာမင်းသားလေးတို့ ဆော့ကစားလျှင် မာယာဒေဝီ မင်းသမီးလေးက အေးမှနေ၍ ကပျက်ယပျက် အမြဲလုပ်ခဲ့သည်။

'ငါ့နော်' ဟု ဆိုကာ ဇေရာဇာ မင်းသားလေးက လက်သီးနှင့် ရွယ်လိုက်လျှင် မာယာဒေဝီက ပါးစပ်ပြဲကြီးနှင့် ငို၍ သူမ၏ မိခင်ကို တိုင်တန်းတော့သည်။ ထိုသို့ ဖြစ်ဖန်များလာသည်နှင့် မာယာဒေဝီ ဆိုးမှန်းသိသော်လည်း ဇေရာဇာ မင်းသားလေးကပင် အောင့်အည်းသည်းခံ၍ နေခဲ့ရသည်။

ယခုလည်း တိုင်းပြည် ပျက်မည့်အရေးကြောင့် ထွက်ပြေးခဲ့ရသည့်ကြားမှ မာယာဒေဝီ ပျောက်သွားပြန်သည်။ ငယ်ရွယ်စဉ်ကပင် သံယောဇဉ်ကြီးခဲ့ရသူလေးမို့ ဇေရာဇာ စိတ်ပူရသည်။ အကယ်၍ မာယာဒေဝီ ရန်သူနှင့်တွေ့ကာ ဇေရာဇာတို့ရှိရာ ပြေးလာပါက ရန်သူကို ဖိတ်ခေါ်လိုက်သလို ဖြစ်လာနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

"သုန္ဒရ မောင်မင်း မာယာဒေဝီကို တွေ့အောင်ရှာပြီး ခေါ်ခဲ့ပါ"

သုန္ဒရသည် ဓဇရာဇာ၏ စေခိုင်းချက်အရ နောက်ကြောင်း ပြန်လှည့်၍ မာယာဒေဝီ ရှာပုံတော်ဖွင့်ရသည်။ ခရီးတော်တော်ပေါက်လာသည်နှင့် သုန္ဒရ၏ လှမ်းနေသော ခြေအစုံကို ရပ်တန့်သွားသည်။ သူ၏မျက်လုံးများက မယုံနိုင်လောက်အောင်ပင် စိုးရိမ်စိတ်ဖြင့် ဟိုအဝေးဆီမှ မီးတောက်မီးလျှံများကို လှမ်းမျှော်၍ကြည့်သည်။

"နေပြည်တော်ကြီးကို မီးတင်ရှို့လိုက်ကြပြီလား"

ဟုလည်း တီးတိုးရေရွတ်မိသည်။

သုန္ဒရမင်းသား ရပ်ကြည့်နေရာမှ အသိဝင်ကာ မီးတောက်ကြီးများ မြင်နေရသည့်ဘက်သို့ သွက်လက်သော ခြေလှမ်းများဖြင့် ပြေးသည်။ အတော်ခရီးပေါက်လာသည်နှင့်အမျှ မောဟိုက်ကာ ကုန်းမြင့်ထက်မှာ ခေတ္တရပ်လျက် နေပြည်တော်ဘက်သို့ လှမ်းမျှော်ကြည့်နေခိုက်၊ အဝေးမှ ပြေးလာသော အရိပ်နှစ်ခုကို မြင်လိုက်ရသည်။ ရန်သူမိတ်ဆွေ ဝေခွဲရန်ခက်သည်။ ထို့ကြောင့် ချုံကွယ်တစ်ခုတွင် နေရာယူလျက် စောင့်ကြည့်သည်။ လရောင်အောက်မှ ပြေးလွှားလာသူများနှင့် နီးသည်ထက် နီးလာချိန်၊ ထိုအရိပ်များနောက်မှ မြင်းစီးစစ်သည်နှစ်ဦး ဘွားကနဲ ပေါ်လာပြန်သည်။

"မာယာဒေဝီ အမြန်ပြေးခဲ့၊ နောက်မှာ မြင်းစီးစစ်သည်တွေ ပါလာတယ်"

ဟု သုဇိလက လှမ်း၍ သတိပေးသည်။

"သုဇိလ ငါ့ကို စောင့်မနေနဲ့၊ နင် လွတ်အောင်ပြေး"

သုန္ဒရသည် ပုန်းကွယ်နေရာမှ ထွက်၍ သုဇိလ၏လက်ကို ဖမ်းဆွဲလိုက်သည်။

"သုဇိလ ပြေးလို့ လွတ်မှာ မဟုတ်ဘူး၊ ပြန်ချမှရမယ်"

ထိုစဉ် မာယာဒေဝီ မင်းသမီးလည်း သူတို့အနီး ရောက်လာပြန်သည်။

"မာယာဒေဝီ ရှေ့ဆက်မပြေးနဲ့၊ ဒီကိုလာခဲ့ သုန္ဒရလည်း ရောက်နေပြီ"

ဟု သုဇိလက မာယာဒေဝီအား လှမ်းခေါ်လိုက်သည်။

မာယာဒေဝီသည် ချွေးသီးချွေးပေါက်ကျအောင် ပြေးလာရသဖြင့် သုဇိလနှင့် သုန္ဒရအနီးတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ သူတို့နောက်မှ လိုက်ပါလာသော မြင်းသည်တော်များလည်း တစ်စတစ်စ နီးလာခဲ့ပေပြီ။ သုန္ဒရသည် သူ၏ခါးတွင် အသင့်ချိတ်ဆွဲထားသော ပေါက်ဓားတစ်ချောင်းယူ၍ သုဇိလကို ပေးသည်။ ထို့နောက် သူ့အတွက် ခါးမှ ဓားတစ်ချောင်း ဆွဲယူ၍ အသင့်ပြင်ရင်း. . .

"သုဇိလ ရှေ့က မြင်းစီးစစ်သည်ကို မှန်အောင်ပစ်၊ နောက်က မြင်းစီးစစ်သည်ကို ငါပစ်မယ် အသင့်ပြင်ထား"

ဟု ပြောနေစဉ် မာယာဒေဝီသည် ကျောပေါ်တွင် လွယ်ထားသော လေးနှင့်မြား ဆွဲယူ၍ အသင့်ပြင်ဆင်နေသည်။

မြင်းသည်တော် နှစ်ဦးသည်လည်း ရှေ့မှပြေးနေသူများ ပျောက်ကွယ်သွားသဖြင့် မြင်းများကို တုံ့ဆိုင်းလျက် ရန်သူကို ရှာနေကြသည်။ ထိုအခိုက် သုန္ဒရနှင့် သုဇိလသည် ထိုင်ရာမှထလျက်. . .

"သုဇိလ တစ်-နှစ်-သုံး ပေါက်တော့"

သုန္ဒရ စကားဆုံးသည်နှင့် နှစ်ဦးသား ပြိုင်တူပေါက်လိုက်ကြရာ ပေါက်ဓားများက ရန်သူနှစ်ဦးရှိရာသို့ ပြေးဝင်သွားသည်။ သုန္ဒရ လွှတ်လိုက်သောဓားသည် ရန်သူ၏ ရင်ဝသို့ ထိထိမိမိ စိုက်ဝင်သွားသော်လည်း သုဇိလ ပစ်လိုက်သော ပေါက်ဓားမှာ ချက်ကောင်းကို မထိ ရန်သူ၏ လက်မောင်းကိုသာ ထိမှန်သွားသည်။ ရန်သူသည် သူ၏အဖော် မြင်းသည်တော်တစ်ဦး မြင်းပေါ်မှ ကျသွားသည်နှင့် မြင်းကို နောက်သို့ ပြန်လှည့်၍ ပြေးသည်။

"မာယာဒေဝီ ပစ်. . . မြန်မြန်ပစ်"



www.burmeseclassic.com

www.burmeseclassic.com

သုန္ဒရ သတိပေးမှ မာယာဒေဝီ သတိရ၍ သူမလက်တွင်းမှ မြားကို ပစ်လိုက်သည်။ မာယာ လွှတ်လိုက်သော မြားသည် ရန်သူ၏ ရင်ခွင်ကို ထိမှန်၍ သွားသဖြင့် မြင်းပေါ်မှ နောက်သို့ လန်ကျသွားသည်။

သုဇိလသည် ပထမရန်သူ၏ မြင်းပေါ်သို့ ပြေးတက်၍ ဒုတိယ ရန်သူနောက်သို့လိုက်သည်။ သခင်မဲ့၍ ထင်ရာစိုင်းနေသော မြင်းသည် သူ၏နောက်မှ သူ့အဖော် မြင်းကြီး လိုက်လာသဖြင့် ပြေးလွှားရာမှ တံ့သွားသည်။ သုဇိလသည် ထိုအခိုက်တွင် ဒုတိယမြင်းကြီးပေါ်သို့ ခုန်ကူးပြီး ဇက်တို့ ပိုင်ပိုင်နိုင်နိုင်ကိုင်ကာ မာယာဒေဝီတို့ ရှိရာသို့ ပြန်လှည့်၍ လာခဲ့သည်။

“သုန္ဒရ ခင်ဗျားအတွက် မြင်းတစ်စီး ပါခဲ့တယ်၊ တက်ပေတော့”

သုန္ဒရလည်း သုဇိလ ဆွဲလာသော မြင်းကြီးပေါ်သို့ တက်လိုက်သည်။

“မာယာ ဘယ်မြင်းစီးရမှာလဲ”

ဟု မေးသည်။

“မင်းကြိုက်တဲ့ မြင်းပေါ် တက်နိုင်တယ်”

ဟု သုဇိလက ပြောသည်။

မာယာဒေဝီသည် ထိုင်ရာမှထ၍ သူမ၏ အထုပ်ကိုခါးမှာ ချည်နှောင်လျက် သုဇိလ၏ မြင်းပေါ်သို့ တက်လိုက်သည်။ အရှေ့ဆီမှ ထွက်ပြူစ နေမင်းကြီးက သူတို့ သွားရမည့်လမ်းကို ညွှန်ပြနေသည်။ အိပ်တန်းမှ နိုးထလာကြသော ငှက်ကလေးများက ပူပင်ကြောင့်ကျမှု ကင်းစွာ သံစာစာဟစ်ကြွေးလျက် ဟိုဒီ ပျံသန်းနေကြသည်။ မာယာဒေဝီတို့သုံးဦးမှာ သောကတွေ ရင်မှာပိုက်လျက် ဇေရာဇာတို့ ရှိမည့်နေရာသို့ လိုက်ကြရပေတော့မည်။

□

ဇေရာဇာနှင့် နန္ဒိသေနသည် ဗြဟ္မာပုတ္တရမြစ်ကို ကူးနိုင်ရန် လှေရှာကြရသည်။ နံနက်မိုးသောက်သည်နှင့် ကံကောင်းထောက်မစွာ တက်ကြီးထမ်းလာသော လှေသမားတစ်ဦး တွေ့ရသည်။

“နောင်ကြီး . . . ဟိုဘက်ကမ်းကူးချင်လို့ စောင့်နေကြတာပါ”

လှေသမားကြီးက သူတို့နှစ်ဦးအား ကြည့်၍ လူစိမ်းတွေမှန်း သိသဖြင့် အင်တင်တင် လုပ်နေပြန်သည်။

“နောင်ကြီးလှေက ကြီးရဲ့လား၊ ကူးကြမှာက ကျုပ်တို့ နှစ်ဦးတည်း မကပါဘူး။ ဟိုသဖန်းပင်အောက်က လူတွေအားလုံး ပို့ပေးရမှာ ကျသလောက် ပေးပါ့မယ်”

လှေသမားကြီးသည် သဖန်းပင်အောက်တွင် ထိုင်နေကြသော သူများကို မြင်လိုက်ရသဖြင့် ပို၍ပင် အံ့ဩနေပြန်သည်။

“နောင်ကြီး . . . နောင်ကြီးရဲ့ လှေကို အပြတ်ရောင်းလိုက်ပါဗျာ၊ ကျုပ်တို့ သိပ်အရေးကြီးနေလို့ပါ။ အပြတ်ရောင်းတယ်ဆိုပေမယ့် ဒီလူတွေ ဟိုဘက်ကမ်းရောက်အောင်တော့ နောင်ကြီးကပဲ ပို့ပေးပါ”

ဟု ပြောလိုက်လျှင် လှေသမားကြီးက ပျာပျာသလဲဖြစ်ကာ. . .

“ဟာ ကျုပ်လှေကို အပြတ်ရောင်းလို့တော့ မဖြစ်ဘူးဗျ၊ ကျုပ်မှာက ဒီလှေကလေးနဲ့ အသက်မွေးလာရတာပါ”

ဇေရာဇာသည် သူ၏ အိတ်အတွင်းမှ ရတနာ အနည်းငယ်ကိုယူ၍ လှေသမားကြီးလက်တွင်း ထည့်ပေးလိုက်သည်။ ထိုအခါ လှေသမားသည် သူ တစ်ခါမှ မမြင်ဘူးသော ရတနာများကို မြင်တွေ့လိုက်ရသဖြင့် မျက်စိမျက်ဆန်ပြူးလျက် ဝမ်းသာသောအသံဖြင့် . . .

“ခင်ဗျားတို့ သိပ်အလိုရှိနေမှတော့ ရောင်းပေးပါမယ်၊ ကျုပ်အတွက် လှေတစ်စီး ထပ်ထွင်းရမှာ မခက်ခဲလှပါဘူး”

ထိုသို့ဖြင့် ဗြဟ္မာပုတ္တရမြစ်ကူးရန် အဆင်ပြေခဲ့ကြသည်။

၊၊ ဆက်ရန်

မောင်  နှ (မောင်နေခြည်)



www.burmeseclassic.com

www.burmeseclassic.com

# ဒီလိုလက်မျိုး သင့်မှာရှိခဲ့လျှင်

ဒေါက်တာစောယုနွယ်

Ph.D(Tantra)(Kol-India)Astrologer

ယခင်လမှအဆက်

ကျွန်မ၏ ဖေဒင်သင်တန်းတွင် လက္ခဏာပညာရပ်ကို သင်ကြားပေးခဲ့ရာ အချိန်အနည်းငယ်အတွင်း သင်ကြားရသဖြင့် ပတ်ဝန်းကျင်တွင်ရှိနေသော လက္ခဏာများကို ကျယ်ပြန့်စွာ မသင်ပေးရသဖြင့် ကျွန်မ မှတ်သားထားသော လက္ခဏာများကို ရောင်ပြန်မဂ္ဂဇင်းမှ တစ်ဆင့် ဖော်ပြလိုက်ပါတယ်။

## လက်ဝါးပြင်ပေါ်မှ လေးထောင့်ကွက်လေးတွေ

* သင့်ရဲ့ ဘယ်ညာလက်ဝါးများကို ဖြန့်ကြည့် လိုက်စမ်းပါ။
* လေးထောင့်ပုံ အမှတ်သင်္ကေတ လေးတစ်ခုကို တစ်နေရာရာမှာ တွေ့မြင်မိပါသလား။
* လေးထောင့်ပုံ အမှတ်သင်္ကေတ ဆိုတာ စတုဂံပုံ၊ စတုရန်းပုံ၊ အနား လေးဘက်ပါရှိပြီး လေးထောင့်ပုံ တစ်ခုခုဖြစ်ပေါ် ပါရှိနေတာကို ပြောတာပါ။



ဘယ်နေရာမှာ ပါရှိတာလဲ။ ဘယ်ညာလက်ဝါးနှစ်ဖက်စလုံးမှာ ပါတာလား။

တစ်ဖက်တည်းမှာ ပါတာလား

လေးထောင့် ပုံ အမှတ် အသာ

စတုဂံပုံ၊ စတုရန်းပုံကလေးပါရှိတဲ့ နေရာကိုမူတည်ပြီး ကောင်းကျိုး ဆိုး ပြစ်တွေဖြစ်စေလို့ သင့်ရဲ့ လက်ဝါး များကို ဖြန့်ကြည့်လိုက်စမ်းပါ လေး ထောင့်ပုံ အမှတ်သင်္ကေတလေးတစ်ခု




www.burmeseclassic.com

www.burmeseclassic.com

စတုဂံပုံ၊ စတုရန်းပုံကလေး တစ်ခုခု
တာ ....

▲▲▲▲▲

ရန်မျိုးအောင် လက္ခဏာ



လက်ညှိုးအရင်းက နေရာကို ကြာသပတေးဂြိုဟ်ခုံလို့ ခေါ်ပါတယ်။

လက်ညှိုးအရင်း ကြာသပတေးဂြိုဟ်ခုံမှာ လေးထောင့်ပုံ၊ စတုဂံပုံ၊ စတုရန်းပုံဆိုတဲ့ အမှတ်သင်္ကေတကလေးတစ်ခုပါပြီဆိုရင် သင်ဟာဘဝတစ်လျှောက်လုံးအတွက် ဘေးအန္တရာယ် မှန်သမျှကို အမြဲတန်းကာကွယ်စောင့်ရှောက်နေမယ့် ကိုယ်ရံတော်တပ်မှူး ကလေးတစ်ဦးကို ရရှိပိုင်ဆိုင်နေသူတစ်ဦးဖြစ်တတ်ပါတယ်။

ကံတရားရဲ့ မျက်နှာသာပေးမှုကြောင့် ဘယ်သူကမှ တော်လှန်ဖှန်ကန်တိုက်ခိုက် အံတုဝံ့မှာ မဟုတ်ပါဘူး။ ပြုလာရင်လည်း ပြုသူသာ အန္တရာယ်ဆိုးနဲ့ ကြုံတွေ့ရမှာ ဖြစ်ပါတယ်။ လက်ညှိုးအရင်း ကြာသပတေး ဂြိုဟ်ခုံဟာ ပြည့်ဖြိုးမြင့်မောက်နေ ဖို့တော့လိုပါတယ်။ လေးထောင့်ပုံ၊ စတုဂံပုံ၊ စတုရန်းပုံကလေးဟာလည်း ထင်ထင်ရှားရှား ပေါ်ပေါ်လွင်လွင်နဲ့ အပြစ်ကင်းစင်နေဖို့လိုပါတယ်။ တခြားဂြိုဟ်ခုံတွေ၊ လမ်းကြောင်းတွေရဲ့ ဖျက်ဆီးမှု ကင်းစင်နေဖို့လည်းလိုပါတယ်။

ကံလမ်းကြောင်း၊ အောင်မြင်ရေးလမ်းကြောင်းတွေပါရှိပြီး ကောင်းမွန်တဲ့ ပံ့ပိုးမှုတွေရရှိနေမယ် ဆိုရင် သင်ဟာ သင့်ဘဝတစ်လျှောက်လုံးမှာ ဘယ်လိုအခက်အခဲ၊ အကြပ်အတည်းနဲ့ ရင်ဆိုင်ရ ရင်ဆိုင်ရ၊ ဘယ်လောက်ကြီးတဲ့ အဆိုးရွားဆုံး ဘေးအန္တရာယ်ကို တွေ့တွေ့ တစ်နည်း မဟုတ်တစ်နည်းနဲ့ လွတ်မြောက်ပြီး အောင်မြင်မှုသရဖူ ရယူနိုင်မယ့်သူ တစ်ဦးဖြစ်ပါတယ်။ သူတစ်ပါးရဲ့ တိုက်ခိုက်ပြုမူဆောင်ရွက်မှုကို အကြောင်းပြုပြီးဘယ်သောအခါ ဘယ်သော ကာလမှာမှ ဂုဏ်သိက္ခာမကျနိုင်ပါဘူး။

မသမာသူတွေရဲ့ မချစ်မနှစ်သက်မလိုလား သူတွေရဲ့ ထိုးနှက်တိုက်ခိုက်မှုကို ကာကွယ်နိုင်ပါတယ်။ လွတ်မြောက်နိုင်စွမ်းရှိပါတယ်။ "ရွှေ ငွေပစ္စည်းဥစ္စာရတနာတွေကို စုဆောင်းတတ်ပါတယ်။ ဘဝမှာ တိုက်နဲ့တာနဲ့ ကားနဲ့ အိမ်ပိုင်၊ ခြံပိုင်၊ မြေပိုင်ဘဝနဲ့ တင့်တင့်တယ်တယ်နေထိုင်တဲ့သူတွေ ဖြစ်တတ်ပါတယ်။ ငွေကြေးလုပ်ငန်း၊ အစုရှယ်ယာလုပ်ငန်း၊ စတော့လုပ်ငန်းတွေနဲ့ အကျိုးပေးအောင်မြင်တတ်ကြပါ တယ်။ ဘဏ်လုပ်ငန်း၊ ငွေစုငွေချေးလုပ်ငန်းတွေနဲ့ အကျိုးပေးအောင်မြင်တတ်တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ဉာဏ်ပညာထက်မြက်ပြီးနည်းပရိယာယ်ကြွယ်ဝသူတွေ ဖြစ်တတ်ကြပါတယ်။

ပညာရပ်တစ်ခုခုနဲ့ ပတ်သက်ပြီး ထူးချွန်ထက်မြက် အကျိုးပေးအောင်မြင်တတ်ပါတယ်။ ဘာသာရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဘုန်းကြီးရဟန်းဝတ်ခြင်း၊ အလွန်ခက်ခဲတဲ့ ကျင့်စဉ်များကို ကျင့်ကြံခြင်း၊ ဂမ္ဘီရပညာ၊ လောကီပညာများကို လေ့လာလိုက်စားခြင်းတို့မှာ သူများတကာထက်ပိုပြီး ထူးခြားတဲ့ အောင်မြင်မှုများကိုရတတ်ပါတယ်။ကျောင်းဆရာ၊ နည်းပြ၊ ပါမောက္ခ၊ ပါရဂူများ အဖြစ်နဲ့လည်း အကျိုးပေး အောင်မြင်တတ်ပါတယ်။

သူကိုယ်တိုင်က ထူးချွန်ထက်မြက်တဲ့ ပါရမီရှင်တစ်ဦး ဖြစ်တတ်သလို သူများတကာကို သင်ကြားပို့ချရာမှာလည်းသူမတူအောင် ထူးချွန်သူများ ဖြစ်တတ်ကြပါတယ်။

ဂမ္ဘီရ ပညာ၊ လောကီပညာများကို စိတ်ဝင်စားပြီး ထူးခြားတဲ့ အောင်မြင်သူများ ဖြစ်တတ်ကြသလို အစိုးရအဖွဲ့အစည်း၊ ပါတီ အသင်းအဖွဲ့၊ ကုမ္ပဏီလုပ်ငန်း စတာတွေမှာလည်း ဦးစီး စီမံကွပ်ကဲ ရတဲ့သူတွေအဖြစ် အောင်မြင်မှုများ ရတတ်ပါတယ်။ စာပေအနုပညာဂီတ ပန်းချီတွေမှာလည်း ထူးချွန်သူတွေ ဖြစ်တတ်ကြပါတယ်။


ခြုံပြီးပြောရရင် ကြာသပတေးဂြိုဟ်ခုံဆိုတဲ့ လက်ညှိုးအရင်းနေရာမှာ လေးထောင့်ပုံအမှတ် သင်္ကေတ

ပါရှိတဲ့ သူဟာ သူ့ရဲ့ဘဝတစ်လျှောက်လုံးမှာ ဘာပဲလုပ်လုပ်၊ ဘယ်အခြေအနေမှာပဲ ဖြစ်ဖြစ် ဆန့်ကျင်ဘက်ရန် သူတွေရဲ့ ထိုးနှက်မှု၊ အကွက်ခင်ချောက်ချမှု၊ ဘေးဒုက္ခအန္တရာယ် ပြုမှုမှန်သမျှကိုကာကွယ်နိုင်ပြီး အောင်မြင်မှု သရဖူ ရယူပိုင်ဆိုင် နိုင်တဲ့သူတွေ ဖြစ်တတ်ပါတယ်။

ဘယ် ပုဂ္ဂိုလ်မျိုး၊ ဘယ်လို အကြောင်းမျိုးတွေကြောင့်ပဲဖြစ်ဖြစ် သူ့ရဲ့ ဂုဏ်သိက္ခာနဲ့ အောင်မြင်မှုကို မထိခိုက်စေနိုင်ပါဘူး။

သူ့ရဲ့ဘဝ တစ်လျှောက်လုံးမှာ လေးထောင့်ပုံ အမှတ်သင်္ကေတဆိုတဲ့ ကိုယ်ရံတော်တပ်မှူး ကလေးဟာ အမြဲတမ်းကာကွယ် စောင့်ရှောက်ပေးနေရမှာဖြစ်ပါတယ်။ ရန်သူမှန်သမျှကိုတိုက်ခိုက် ချေမှုန်းပေးနေမှာ ဖြစ်ပါတယ်။

**ရန်မျိုးအောင် လက္ခဏာ**



လက်ခလယ်အရင်းမှာရှိတဲ့နေရာကို စနေ ဂြိုဟ်ခုံလို့ ခေါ်ပါတယ်။

လက်ခလယ်အရင်း စနေဂြိုဟ်ခုံမှာ လေးထောင့်ပုံ၊ စတုဂံပုံ၊ စတုရန်းပုံ ဆိုတဲ့ အမှတ်သင်္ကေတ ကလေးပါတဲ့ သူဟာ ယေဘူယျအားဖြင့် သုံးထောင့်ပုံပါတဲ့ သူလိုပဲ ဖြစ်ပါတယ်။

ဘေးဒုက္ခအန္တရာယ် ဆိုးမျိုးကိုပဲ ကြုံကြုံ၊ တွေ့တွေ့ ဥပဒ္ဒေဝကာကံဆိုတဲ့ အသေဆိုးနဲ့ ဘယ်တော့မှ မသေဆုံးရတတ်ပါဘူး။ ဘယ်လောက်ကြီးမား ဆိုးရွားတဲ့ ဘေးဒုက္ခ အန္တရာယ်က ပဲဖြစ်ဖြစ် မယုံနိုင်လောက်အောင် ပွတ်ကာသီကာနဲ့ လွတ်မြောက်တတ်ကြပါတယ်။ လေယာဉ်ပျက်ကျလို့၊ ကားမှောက်လို့၊ သင်္ဘောနစ်လို့စသဖြင့် အန္တရာယ်မျိုးစုံတွေ့တဲ့အခါ တစ်ယောက်တည်း အသက်ရှည်ကျန်ရစ်တယ်ဆိုတာ ဒီလိုလက္ခဏာရှင်ပါပဲ။

ကံတရားရဲ့ ထောက်ကူပံ့ပိုးမှုကြောင့် ဘယ်လို ဘေးဒုက္ခအန္တရာယ်ကိုပဲတွေ့တွေ့ သေကံမရောက် သက်မပျောက်ဆိုသူတွေ ဖြစ်တတ်ပါတယ်။ ဖိုးသက်ပြင်းမယ်သက်ပြင်းတွေ ဖြစ်တတ်ကြသလို ရေဘေး၊ မီးဘေး၊ မချစ်မနှစ်သက်၊ မလိုလားသူ တွေရဲ့ဘေး၊ မင်းအစိုးရတွေရဲ့ဘေး၊ သူခိုးဓားပြတွေရဲ့ ဘေးဆိုတဲ့ ရန်သူမျိုးငါးပါးရဲ့ ဘေးအန္တရာယ်မှန်သမျှကို လွတ်မြောက်အောင် အကာအကွယ်ပေးတဲ့သင်္ကေတကလေးပဲဖြစ်ပါတယ်။ ကံတရားက ပေးထားတဲ့ အန္တရာယ်ကင်းအဆောင်ကလေးပဲ ဖြစ်ပါတယ်။ ဘာပဲလုပ်လုပ် ဘယ်လို အခက်အခဲ အကျပ်အတည်း ဘေးဒုက္ခအန္တရာယ်ပဲတွေ့တွေ့ အဆုံးတစ်နေ့မှာ အောင်ပွဲခံနိုင်တဲ့သူဖြစ်မှာ သေချာပါတယ်။

သတ္တုတူးဖော်ရေးလုပ်ငန်း၊ အထူးသဖြင့်သံရိုင်းတူးဖော်ခြင်း၊ သံမဏိထုတ်လုပ်ခြင်းလုပ်ငန်းတွေနဲ့ အကျိုးပေးအောင်မြင်တတ်ပါတယ်။ လုပ်ငန်းခွင်မှာ ဘယ်လိုအန္တရာယ် အခက်အခဲပဲတွေ့တွေ့ ရင်ဆိုင်ကျော် လွှားနိုင်သူတွေ ဖြစ်တတ်ကြပါတယ်။

စစ်ဘက်ဆိုင်ရာ လုပ်ငန်းတွေ၊ ထောက်လှမ်းရေးလုပ်ငန်းတွေ၊ ကွန်မန်ဒိုလုပ်ငန်းတွေမှာ ရှုပ်ရှုပ်ချွံချွံ ပြောင်ပြောင်မြောက်မြောက် ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစားဆောင်ရွက်ပြီး အသက်မသေဘဲ ကျန်ရစ်နေသူတွေ၊ သူရဲကောင်းတွေ ဖြစ်တတ်ကြပါတယ်။

ခြုံပြီးပြောရရင် လက်ခလယ်အရင်း စနေဂြိုဟ်ခုံမှာ လေးထောင့်ပုံ အမှတ်သင်္ကေတကလေးပါတဲ့ သူဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်း မှန်သမျှ ဘာပဲလုပ်လုပ်၊ ဘယ်နေရာမှာပဲ ဖြစ်ဖြစ်၊ ဘယ်လိုအခက်အခဲ အကြပ်အတည်း အန္တရာယ်ကိုပဲ တွေ့တွေ့ ရင်ဆိုင်ယှဉ်ပြိုင်ကျော်လွှားနိုင်ကြသူတွေဖြစ်တတ်ပါတယ်။ သေမင်းနဲ့ စစ်ခင်းရင်တောင်မှ သေကံမရောက် သက်မပျောက်ဆိုတဲ့သူတွေဖြစ်တတ်ကြပါတယ်။ ဖိုးသက်ပြင်း၊ မယ်သက်ပြင်းတွေ ဖြစ်တတ်ကြပါတယ်။

ဆက်ပါဦးမည်။ . .

ချမ်းသာကိုယ်စိတ်မြဲပါစေ . . .

**ဒေါက်တာစောယု**
Ph.D(Tantra)(Kol-India)Astrologer

www.burmeseclassic.com



# ရှောင်တာတာ တိမ်းတာတာပါစေ

ဟာန်သီဇင်

"ဘာ"

"ဘယ်လို"

"အဲ့သလို ဖြစ်သွားတာတဲ့"

"ခင်စု"သတင်းက တစ်ရွာလုံး။ ပြီးနယ်လုံး တောမီးပမာ ပြန့်လွင့်လို့ နေသည်။

ခင်စု အသက်က ၁၃ နှစ်။ အငွေမ န်ကျောင်းသူ။ ခင်စုက သမီးအကြီး တော့ အမေရဲ့ အိမ်မှုကိစ္စများမှာ ကျောင်းမသွားခင်၊ ကျောင်းပိတ်ရက်များ ဝိုင်းကူပေးရသည်။

ခင်စုတို့ဒေသ ကျေးရွာတွေက ဆိုင်းအိမ်ဝိုင်းနှင့်ကိုယ် နေကြပေမယ့် သုံးရေကိုတော့ ရေတွင်းရှိသည့် ဝိုင်းမှာသွားပြီး ချိုးကြ၊ သုံးကြ၊ ကြဖွပ်ကြ၊ သုံးစွဲကြသည်။

ဦးရွှေပေါက ခင်စု ရေလာချိုး ခပ်ပြီဆိုတာနဲ့ သူကိုယ်တိုင် ရေငင်ပေးတတ်သည်။ ခင်စုကလေးဘဝ ကတည်းက ချိုပိုးထိန်းကျောင်းလာသူမို့ ဦးလေးအရင်းပမာ ခင်မင်ကြသည်။ ဦးရွှေပေါ်မိန်းမကလည်း နိုင်းစရာရှိလျှင် ခင်စုကို ခေါ်ခိုင်းမြဲပင်။ အကျွမ်းတဝင် မိသားစုချင်းဖြစ်၍ တစ်အိမ်နှင့်တစ်အိမ် စောင့်ရှောက်ကြသည်။ သူ့အိမ်၊ ကိုယ့်အိမ် ဝင်ထွက်သွားလာတာ အဆန်းတကြယ်ကိစ္စ မဟုတ်ပေ။

ခင်စုအသက်အရွယ်က အပျိုပေါက်မလေးဖြစ်လာတော့ ခန္ဓာကိုယ်က ဖွံ့ဖြိုးစ။ အမေကလည်း တောနေတောသား။ ကလေးတစ်ပြုံနှင့်၊ ခင်စုကို ဒီလိုနေ၊ ဒီလိုထိုင်၊ ဒီလိုသွားလာဟူ၍ မိန်းကလေးတတ်အပ်၊ သိအပ်တာလည်း မသင်ပေးတတ်။

တစ်ခါတစ်ရံ ဟိုဘက်၊ ဒီဘက် အိမ်မှာ အိမ်သားများမရှိချိန် ရေတွင်းမှာ ခင်စု ရေချိုးဖွပ်၊ ဆေးကြောပြီဆိုလျှင် ဦးရွှေပေါ ရေဝိုင်းကူခပ်ပေးရင်း ခင်စုကို ဟိုတို့ဒီတို့ စနောက်တတ်သည်။ ရွှေရင်သိမ်းစ ခင်စု ရင်အိမ်ကို မကြာခဏ တို့ထိလာသည်။ ကိုရွှေပေါ်ရဲ့ နှုတ်စကားများက ဗွီဒီယိုဇာတ်ကားထဲက မင်းသားနှယ် ပြောဆိုနေပုံက ခင်စုစိတ်ထဲမှာ နားထောင်လို့ကောင်းနေသည်။

တစ်နေ့ အမေက ဆွမ်းလောင်းဖို့ ဆွမ်းစောစောချက်ခိုင်းထားသည်။ ခင်စု မီးဖိုထဲ မီးမွေးရန် မီးခြစ်က ရှာမတွေ့။ တစ်အိမ်လုံးရှာရသည်။ တွေ့ပြန်တော့ မီးခြစ်က ဂက်စ်ကုန်လို့ မီးမပွင့်။ ခက်ပြီ။ အချိန်မီ ထမင်းအိုးမကျက်လျှင် အမေက ရိုက်တော့မည်။ ဘယ်လိုလုပ်ရပါ့။ စဉ်းစား။ ဟိုဘက်အိမ်ဝိုင်းမှာ မီးရောင်မြင် နေရသည်။ ခင်စု ခပ်သွက်သွက် ပြေး သွားလိုက်သည်။

www.burmeseclassic.com

"ဗျို့ အိမ်ရှင်တို့"

"အေး···ဘာလဲခင်စု"

"ဦးပေါ် မီးခြစ်ရှိလား။ ခဏငှားပါနော်"

"အေး···အိမ်ပေါ်မှာတက်ယူချေ"

သည်အိမ်က ခင်စုငယ်စဉ်ကတည်းက ဝင်ထွက်သွားလာနေကျ။ ခပ်သွက်သွက်ပဲ အိမ်ပေါ်ထပ်သို့ တက်သွားလိုက်သည်။ ဦးရွှေပေါ်တို့ ဆေးလိပ်ခွက်ထားတတ်သည့် နေရာမှန်းပြီး မီးခြစ်ကုန်းရှာဆဲ ခင်စုခန္ဓာကိုယ်လေး လေထဲသို့ မြောက်တက်သွားသည့်နှယ်။

"ဟင်···ဦးလေးပေါ် ဘာလုပ်မလို့လဲ"

ခင်စု ယက်ကန်ကန်ရင်း အိမ်နောက်ခန်းတွင်းသို့ ခေါ်သွားသည်။ နားတော့မလည်။ ခင်စု အော်ရမှန်းလည်းမသိ။ တအံ့တသြကြီး မှင်တက်နေမိသည်။ ဦးရွှေပေါ်ပြောတာတွေလည်း နားမလည်။ ရုပ်ရှင်ကားတွေထဲကလို မင်းသားမင်းသမီး ချစ်တင်းနှောခန်းများနှယ်။ ခင်စု တစ်ခါမှ ခုလိုမကြုံဖူး၍ အော်ရငိုရမှန်းလည်းမသိ။ အခွင့်အရေးယူတာလည်း ဘာဘာညာညာမသိ။ ဦးရွှေပေါ်ကြီးက သူ့ကို ချစ်လို့ဆိုတာတော့ သိသလိုလို။

တစ်အိမ်သားလုံးမရှိတော့ ဦးရွှေပေါ်၏ အပြုအမူက ရေငတ်တုန်းရေတွင်းထဲကျခိုသလိုဖြစ်နေသည်။ သောက်လေသောက်လေ ငတ်မပြေသည့်နှယ်။

ပြီးတော့ "ခင်စု"ကို မှန့်ဖိုးတွေ ပေးသည်။ အတော်ပဲ။ ရွာထိပ်က ကြီးနိုင်ဆီမှာ ကလစ်လှလှလေးဝယ်ရတော့မည်။

"အမေ သမီးဗိုက်ထဲမှာ ခုတုတုနဲ့"

ခင်စု ခုတလော ဗိုက်က တင်းကျပ်ကျပ်နှယ်။ အမေ့ကိုပြောပြမိသည်။ အမေက စမ်းကြည့်သည်။ ခင်စုဗိုက်ထဲမှာ အလုံး။ တစ်ယောက်ယောက်ပြုစားတာဖြစ်မည်။ မဖြစ်ချေ။ ရွာနောက်ပိုင်းက ပယောဂဆရာနှင့် ပြရသည်။ ရေစင်တိုက်၊ ရေမန်းတိုက်၊ ကန်တော့ပွဲပေးဆိုပေး။ တစ်လ၊ နှစ်လ၊ သုံးလ။

ပယောဂနည်းနဲ့ မရနိုင်တာသိသာသည်။ ခင်စု ဝမ်းဗိုက်အလုံးက တစ်နေ့တခြား ကြီးလာသည်။ ခင်စု ကျောင်းကဆရာမက မြို့နယ်ဆေးရုံသို့ခေါ်ကာ သွားပြပေးရသည်။

ဆရာဝန်ကြီးက သေချာစွာစမ်းသပ်ပေးပြီး ရောဂါအဖြေရှာပေးသည်။

"ကလေးမှာ ကိုယ်ဝန်ရှိနေတာပါ"

"ရှင်"

ဆရာမခမျာ ဆရာဝန်၏စကားအဖြေကြားပြီး ခေါင်းနားပန်းကြီးသွားရသည်။ စိတ်လည်းမကောင်း။ ကလေးစိတ်မပျောက်တပျောက် အရွယ်နုနုလေး။ ဖြစ်ရလေခြင်း။ ချော့မော့မေးရတော့သည်။ အိမ်ခြံဝိုင်းကပ်လျက်က ဦးရွှေပေါ်ဟုဆိုသည်။

"သမီးကို ခုလိုပြုကျင့်တာကို သမီးက အကူအညီတောင်းဖို့ မအော်ဘူးလား"

"သမီး အဲ့လိုအော်ရမှန်း မသိဘူး ဆရာမ"

ပကတိအပြစ်ကင်းပြီး လောကကြီးအကြောင်း ဘာမှမသိသေးတဲ့ ရှောင်တတ်၊ တိမ်းတတ်ရမှန်းလည်းမသိသည့် ကလေးငယ်အပေါ် သားသမီးချင်း ကိုယ်ချင်းမစာ။ ရက်စက်လိုက်ပုံများ။

မိဘများကလည်း လောကကြီးအကြောင်း ဘာမှသိပုံမရ။ မနက်မိုးလင်းလယ်ယာသွားလုပ်၊ ပြန်လာမိုးချုပ်။ မနက်စာ၊ ညစာ မှန်မှန်စားနေရုံနှင့် ဘဝကို ကျေနပ်နေကြသူများဖြစ်သည်။ ဗဟုသုတမရှိ၊ သိဖို့လည်းမကြိုးစား။ မွေးလာသည့်သားသမီး သွန်သင်ရမှန်းမသိ။ သူများကျောင်းထား၍သာ သူတို့လည်း သားသမီးကို ကျောင်းထားပေးတာနှင့် တာဝန်ကျေပြီထင်ထားကြသည်။

ခင်စု၏ပြဿနာကား တစ်ရွာလုံး မီးတောက်ကုန်သည်။ ဖုံးမရ၊ ဖိမရ တရားခံလည်း သိပြီ။ ခင်စုကလည်း ကလေးပီပီ လူကြီးများစစ်မေးသမျှ အကုန်ပြော။

ဦးရွှေပေါ်ကလည်း မငြင်းပေ။ "၁၃ နှစ်သမီးဆိုတော့ ကိုယ်ဝန်မရနိုင်သေးဘူး ထင်လို့ပါ" သူ၏သွေးသားသောင်းကျန်းမှုကို ခပ်ပေါ့ပေါ့ပါးပါး ပြုမူခဲ့သည်။ ပုဒ်မ(၃၇၆)၏ ဆုံးမမှုကို ရှောင်၍မရတော့။

ကျေးလက်တောရွာမှာပဲ နေနေ၊ မြို့မှာပဲနေနေ၊ အရွယ်ရောက်ရောက်၊ မရောက်ရောက် ယနေ့ခေတ် သက်ငယ်မုဒိမ်းမှုများ ရှိတတ်ပေရာ ရေချိုးရာ၊ အိမ်သာဝေးကွာပါက အနီးကပ် မျက်ခြည်မပြတ် စောင့်ရှောက်သင့်ပေသည်။

မိမိအိုးအိမ် အကာအရံများ လုံခြုံမှုထားစေချင်သည်။ မိမိဝန်းကျင် သူစိမ်းယောကျ်ား၊ မိန်းမများနှင့်လည်း ယုံကြည်စိတ်ချမထားသင့်။

လူကုန်ကူးမှု၊ သက်ငယ်မုဒိမ်းမှုများ မဖြစ်ပေါ်ရန် မိမိရင်သွေး မိသားစုများ ကာကွယ်စောင့်ရှောက်ကြစေချင်သည်။

ဟန်သီဇင်



www.burmeseclassic.com

www.burmeseclassic.com

# ဂုဏ်ထူးပဒေသာ

## သင်ရိုးတူန်လေ့ကျင့်ခန်း နှင့် အဖြေစုံ

အမှတ်ပေးစည်းမျဉ်းအတိုင်း အမှတ်(၁၀၀)ဖိုး အပြည့်ပါသည်။

(၂၀၁၄-၂၀၁၅ ခရိုင်မေးခွန်းဟောင်းများ လေ့လာဖို့ပါသည်)

စာကျက်မှတ်ရ လွယ်ကူအောင် လေ့ကျင့်ရလွယ်ကူအောင် စီစဉ်ထားပါသည်။

### စတုတ္ထတန်း GRADE - 5

♦မြန်မာစာ ♦စာရိတ္တနှင့် ပြည်သူ့နီတိ ♦ဘဝတွက်တာကျွမ်းကျင်စရာ ♦သင်္ချာ ♦အခြေခံသိပ္ပံ ♦သမိုင်း ♦ပထဝီဝင် ♦English Exam Special Guide Book

ဖြန့်ဝေသူ ဒေသာစာပေ - အမှတ်-၂၂၁၊ ပထမထပ်၊ ၃၁-လမ်း(အထက်)၊ စင်ထရယ်ဟိုတယ်ဘေး ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၂၆၃၄၄၁၀၈၆၊ ၀၉-၇၉၅၉၈၅၇၇၉၊ ၀၁-၃၇၄၉၂၇

# ဂုဏ်ထူးပဒေသာ

### အဋ္ဌမတန်း GRADE - 9

## သင်ရိုးတူန်လေ့ကျင့်ခန်း နှင့် အဖြေစုံ

(နမူနာမေးခွန်း၊ အမှတ်ပေးစည်းမျဉ်းနှင့် လေ့လာရန် မေးခွန်းဟောင်းပါသည်)

♦မြန်မာစာ ♦အထွေထွေသိပ္ပံ ♦ပထဝီဝင် ♦သမိုင်း

♦MATHS 1 Exam Special Guide Book

♦MATHS 2 Exam Special Guide Book

♦English Exam Special Guide Book

ဖြန့်ဝေသူ ဒေသာစာပေ - အမှတ်-၂၂၁၊ ပထမထပ်၊ ၃၁-လမ်း(အထက်)၊ စင်ထရယ်ဟိုတယ်ဘေး ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၂၆၃၄၄၁၀၈၆၊ ၀၉-၇၉၅၉၈၅၇၇၉၊ ၀၁-၃၇၄၉၂၇

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မှန်းတည့်ချိန်မှာ အရိပ်ရှာသူ

## ကျော်မြသန်း

(ယခင်လမှအဆက်)

(သုံး)

ကျွန်တော် ရန်ကုန်ပြန်ရောက်ပြီး ပထမဦးဆုံး သွားတွေ့ခဲ့သူမှာ ဦးဘသာ ပင်ဖြစ်သည်။

ဦးဘသာမှာ ဆီးချိုရောဂါ ပြန်ထသဖြင့် ဆေးရုံတက်နေရသည်။ ထို့ကြောင့် ရန်ကုန်ဆေးရုံကြီးသို့ ညနေ ၅ နာရီကျော်မှ သွားတွေ့ဖြစ်သည်။

ကျွန်တော့်ကိုတွေ့တွေ့ချင်း ခုတင်ပေါ်မှ ဦးဘသာက အပြစ်တင်တော့သည်။ အမေ သေဆုံးသည့်ကိစ္စကို သူ့အား မပြောခဲ့ခြင်းကြောင့် ဖြစ်သည်။ ထိုစဉ်က ကျွန်တော့်အနေအထားမှာ အရှုပ်ဆုံးပိုင်းဖြစ်သဖြင့် အချိန်နည်းနည်း ရှိသော ဒေါက်တာဦးသန့်အား သွားတွေ့ခဲ့ကြောင်း တောင်းပန်စကားဆိုရသည်။

ဦးဘသာမှာ ကျွန်တော့်အမေနှင့် ငွေကြေးအပေးအယူသာမက လုပ်ငန်းသဘောအရပါ ဆက်သွယ်နေသဖြင့် အခုလိုကိစ္စမျိုးတွင် သူ့အား အသိမပေးသည့်အတွက် ဘဝင်မကျ ဖြစ်နေပုံရသည်။

"ကျွန်တော် တောင်းပန်ပါတယ်ဦးလေး။ ဖြစ်သမျှအကြောင်း အကောင်းဆုံးလို့သာ မှတ်ပါတော့။ အဲဒီတုန်းက ဦးကိုသာလာပြောရင် ဦးစိတ်ထိခိုက်မှာပဲ။ ခုလို ဝေဒနာထချိန်မျိုးနဲ့ဆိုရင် မိုးကုတ်ကို လိုက်ချင်လျက်နဲ့ မလိုက်နိုင်လို့ ဦး ပိုစိတ်ထိခိုက်ရမှာ"

သူ ဘာမျှမပြောပါ။

ကျွန်တော်က အမေ့ကိစ္စနှင့် ပတ်သက်ပြီး ဆက်၍ ပြောပြလိုက်သည်။ လျှို့လျှို့ဝှက်ဝှက် ရှိလွန်းသဖြင့် ကျွန်တော် ဘာမျှနားမလည်နိုင်တော့သည့် အကြောင်းကိုပါ ထည့်ပြောဖြစ်သည်။

"မောင်သက်ထွန်း…မင်းအမေကိုဆေးကုပေးနေတဲ့ ဒေါက်တာဦးသန့်ကို အခု သွားတွေ့ခဲ့သေးလား"

ကျွန်တော် ခေါင်းခါပြလိုက်သည်။

"အေး…သွားမတွေ့တော့နဲ့ကွယ်။ မင်းအမေ ဒေါ်အေးသက် အသုဘသတင်းပါလာမှ ဒေါက်တာဦးသန့်က ဦးဆီကို ဖုန်းဆက်ပြီးပြောတယ်။ မင်းအမေမှာ အူသည်းကင်ဆာ ဖြစ်နေတယ်။ အလွန်ဆုံးနေရလှမှ နှစ်ဝက်ပဲ။ ဒီထက် စောနိုင်တယ်တဲ့"

"ဒါဆို ရှင်းပါပြီ။ အမေ ဘာကြောင့် ဒီလိုလုပ်သွားတယ်ဆိုတာ ကျွန်တော်သဘောပေါက်ပါပြီ"

ထို့နောက် ကျွန်တော် မန္တလေးရောက်ခဲ့သည့်အကြောင်းနှင့် ဦးကျော်နိုင်အိမ်သို့ ရောက်ခဲ့သည့်အကြောင်း ပြောပြလိုက်သည်။

"မင်း ဘယ်နေ့က ရန်ကုန်ပြန်ရောက်လဲ မောင်သက်ထွန်း"

"သုံးရက်ရှိပါပြီ ဦး"

ထို့နောက် ကျွန်တော်က အမေထားခဲ့သည့် ပစ္စည်းများအကြောင်း ပြောပြလိုက်သည်။

"ဒီနေ့သတင်းစာ ဖတ်ပြီးပြီလား"

ကျွန်တော် ခေါင်းခါပြလိုက်ရသည်။

ဦးဘသာ သူ့ခေါင်းအုံးအောက်သို့ လက်လျှိုထွင်းပြီးယူလိုက်သော သတင်းစာကို ကျွန်တော့်အား လှမ်းပေးသည်။

သတင်းစာမှာ ယနေ့ထုတ်ဖြစ်ပြီး အလယ်စာမျက်နှာတွင် စာလုံးမည်းကြီးများဖြင့် ဖော်ပြထားသော သတင်းကြောင့် ကျွန်တော် မျက်လုံးပြူးသွားရပါသည်။

"နယူးစီပီလိုင်း ဖောက်ထွင်းမှုဖြင့် တန်ဖိုးကြီးစိန်ထည်များပါသွား" ဟု ခေါင်းစီးတပ်ပြီး သတင်းအသေးစိတ် ဖော်ပြထားသည်။ စိန်ထည်များကို အလွန်လုံခြုံသော မီးခံသေတ္တာကြီးထဲတွင် ထည့်ထားခြင်းဖြစ်ကြောင်း၊ ဖောက်ထွင်းသွားသူမှာ သော့တူဖြင့် ဖွင့်ခြင်းမဟုတ်ဘဲ ဖောက်ထွင်းကိရိယာဖြင့် ပိပိရိရိ သေသေသပ်သပ် ဖောက်ထွင်းသွားခြင်းဖြစ်ကြောင်း၊ ဤနည်းမျိုးဖြင့် ဖောက်ထွင်းခြင်းမှာ မြန်မာပြည်တွင်

www.burmeseclassic.com

ပထမဆုံးအကြိမ်မဟုတ်။ ယခင်က လည်း ထိုပုံစံမျိုးဖြင့် ဖောက်ထွင်းမှုများ ဖြစ်ခဲ့ဖူးကြောင်း၊ တရားခံဖော်ထုတ်ရေး အတွက် အပူတပြင်း စုံစမ်းနေဆဲဖြစ်ကြောင်း ပါရှိသည်။

ကျွန်တော် ဦးကျော်ခိုင်ထံတွင် တည်းခိုခဲ့ကြောင်း ဦးဘသာအား မပြောလိုက်ပါ။

ဦးဘသာကသာ ဦးကျော်ခိုင် အကြောင်းကို ဆက်ပြောသည်။

"ဦးကျော်ခိုင်လည်း တစ်မှုပေါ် နှစ်မှုဆင့် ဖြစ်တာပေါ့ကွာ။ သူ့လုပ်ငန်း အခြေအနေမကောင်းဘူးလို့ ကြားတယ်ကွ။ ဦးကျော်ခိုင်ရဲ့ လက်ဖက်ခြောက်လုပ်ငန်းဟာ အရှုံးထွက်နေတယ်။ သူ့တိုက်ကြီးကိုလည်း ပေါင်ထားရတယ်လို့ သတင်းထွက်လာတာပဲ"

ဦးဘသာနှင့် ကျွန်တော်တို့ ပြောလက်စ စကား ခေတ္တမျှ ပြတ်သွားပါသည်။

"ဒါထက် မောင်သန်းထွန်းကော ဘာလုပ်ဖို့ စိတ်ကူးထားသလဲ။ အစီအစဉ် ဘယ်လိုရှိသလဲ"

ဦးဘသာက ဂရုတစိုက် မေးရာသည်။

"ဟုတ်ကဲ့ ကျွန်တော် ဦးဆီလာတွေ့တာ အဲဒီကိစ္စ အဓိကပါပဲ။ ကျွန်တော် ဘာလုပ်ရမလဲဆိုတာ ဦးဆီက အကြံဉာဏ်လိုချင်လို့ပါ"

"မင်း ဘာဖြစ်ချင်သလဲ။ ဘယ်လိုနေချင်သလဲ စဉ်းစားလေ မောင်သက်ထွန်း"

ဤသို့ ပြောလာသောအခါ ရည်ရွယ်ချက်မရှိထားသော ကျွန်တော့်မှာ ဘာမျှမပြောတတ်တော့ပါ။

"အေးကွယ်・・・မင်းအမေခများ လည်း ခုလိုဖြစ်ကာမှဖြစ်ရော မင်းအတွက် နည်းနည်းလေးမှ စိတ်ချသွားတာ မဟုတ်ဘူး။ ကျောက်တွင်းတွေရောင်းတယ်ဆိုတာလည်း မင်းနဲ့ ဒီမှာလာနေချင်လို့လားမှ မသိတာ။ ငါ့ကိုတောင် အိမ်တစ်လုံးဝယ်ချင်တယ်လို့ ပြောဖူးသေးတယ်"

"ဟုတ်ကဲ့・・・ဒါလည်း ဖြစ်နိုင်ပါတယ် ဦး"

"အေး・・・ဦးကတော့ အဲဒီအတိုင်း ယူဆတယ်လေ။ ဒီကိစ္စတွေကို လူတိုင်းနဲ့တိုင်ပင်ရင် ကန့်ကွက်ကြမှာပဲကွ။ ဒါကြောင့် ကျိတ်ကြံတာဖြစ်မယ်။ ဦးကိုတိုင်ပင်ရင်တောင် ကန့်ကွက်မှာကွ"

"ကျွန်တော် သဘောပေါက်ပါပြီ ဦးရယ်။ ရေ့လျှောက် ဒီအချိုးမျိုး နေသွားလို့လည်း မဖြစ်တော့ဘူးဆိုတာ နားလည်ပါပြီ။ အမေ့ကို ဦးကူညီခဲ့သလို ကျွန်တော့်ကိုလည်း ဆက်ပြီးကူညီပါဦး"

"လောလောဆယ် မင်း ဘာလုပ်ချင်သလဲ"

"ကျွန်တော် အိမ်တစ်လုံးလောက်လိုချင်တယ်။ သိပ်မကျယ်ပေမယ့် လုံလုံခြုံခြုံ ခံ့ခံ့ထည်လေးတော့ ဖြစ်ချင်တယ်"

ဦးဘသာက စဉ်းစားသလို လုပ်နေပြီးမှ -

"ကျောက်ကုန်းဘက်မှာတော့ တိုက်တစ်လုံးရှိတယ်ကွ။ မင်းနေချင်တဲ့ပုံစံမျိုးပဲ။ နေပါဦးကွာ။ ဦးလေး ဆေးရုံကဆင်းမှ စီစဉ်ပေးပါ့မယ်။ မင်းအ[illegible] ဘယ်မှာနေသလဲ"

"ကျွန်တော် ငှားထားတဲ့ အခ[illegible] မှာပါ"

"ဟာ・・・အဲသလိုမနေနဲ့လေ[illegible] အန္တရာယ်ရှိတာပေါ့ကွ။ နို့・・・မင်းပစ္စည်[illegible] တွေကော"

ကျွန်တော်က ဆရာဝန်ကို[illegible] သေတ္တာလေးကို ပတ်ပြလိုက်သည်။

"မင်းဟာက မဟုတ်သေးပါ[illegible] မောင်သက်ထွန်း။ တယ်ခက်တဲ့ကလေ[illegible] ပဲ။ အဲလိုမလုပ်ရဘူးကွ။ ကဲပါကွ[illegible] လောလောဆယ် ဦးအိမ်မှာပဲ နေ[illegible] မင်းအတွက် ဦးမှာ တာဝန်ရှိနေပြီ။ [illegible] ဆေးရုံကဆင်းမှ စီစဉ်ပေးမယ် ဟုတ်[illegible] လား"

"ဟုတ်ကဲ့ပါဦး။ နောက်ပြီး ကျွ[illegible] တော် ငွေရေ[illegible]ငါးသောင်းလောက် [illegible] ချင်ပါတယ်။ အဲဒါအတွက် စိန်လေး[illegible] ပွင့်ရောင်းမလားလို့ အဲဒါ"

ကျွန်တော် မဝံ့မရဲဖြင့် ပြောလို[illegible] ရသည်။

"လောလောဆယ် လိုလို့လား[illegible]"

ဦးဘသာက ရှုစမ်းသောအကြ[illegible] ဖြင့် မေးနေသည်။

"ဟုတ်ကဲ့ ပေးစရာရှိလို့ပါ"

"သုံးသောင်းလောက်ဆို [illegible] မလား"

"လေးသောင်းတော့ အနည်း[illegible] ရမှဖြစ်မှာ။ ကျွန်တော် မိုးကုတ်ကို [illegible] ပို့ရမှာ။ ဟိုမှာ အိမ်လည်းပြန်ဆော[illegible] လုပ်ငန်းတစ်ခုအတွက်လည်း ငွေ[illegible] တို့နဲ့ စီစဉ်ထားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

"ကဲ⋯ဒါဆို ဒီလိုလုပ်။ နက်ဖြန် မနက်ပိုင်းလာခဲ့"

"ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ် ဦး"

"မင်းပစ္စည်းတွေ ထုတ်မရောင်းနဲ့ ဦးနော်။ ရာဖြတ်တွေက အမျိုးမျိုးရှိကြတာ။ မင်းမှာ ပစ္စည်းတွေရှိတယ်ဆိုတာ သိပ် လူသိခံလို့ ကောင်းတာမဟုတ်ဘူး"

"ဟုတ်ကဲ့ခင်ဗျ"

"လောလောဆယ် ဦးတိုက်မှာပဲ နေဦး။ အပြင်ချည်းပဲလည်း သွားမနေနဲ့ဦး။ ဦးတိုက်ကတော့ လွတ်လပ်ပါတယ်။ မာလီလင်မယား၊ အိမ်ဖော်တစ်ယောက်နဲ့ မင်းအဒေါ်ပဲရှိတာ။ ဦးဆေးရုံကဆင်းမှ မင်းလိုချင်တဲ့ အိမ်ကိစ္စကို ဆက်လုပ်တာပေါ့။ မကြာပါဘူးကွာ"

"ဟုတ်ကဲ့ခင်ဗျ။ အခုလိုဆိုတော့ ကျွန်တော့်မှာ အလျင်စလို လုပ်စရာ မလိုတော့ပါဘူး။ အဆင်ပြေသွားပါပြီ"

ကျွန်တော်က ဦးဘသာကို နှုတ်ဆက်ပြီး ပြန်မည်အလုပ်တွင် သူက သတိပေးဖြစ်အောင် ပေးလိုက်သေးသည်။

"မင်း အရင်ကလိုနေလို့ မဖြစ်တော့ဘူးနော်၊ အသွားအလာ အနေအထိုင် ဆင်ခြင်"

"စိတ်ချပါဦး"ဟုပြောပြီး ဆေးရုံမှပြန်ခဲ့သည်။

× × ×

(လေး)

ဘဝဆိုသည်မှာ အံ့သြစရာတော့ ကောင်းလှပါသည်။

အခြားမကြည့်နှင့်။ ကျွန်တော့် အဖြစ်ကိုသာ ကြည့်ပါ။ မနေ့တစ်နေ့က သက်ထွန်းမဟုတ်တော့ပါ။ ယနေ့သက်ထွန်း နက်ဖြန်သက်ထွန်းသည် သူဌေးကလေးဦးသက်ထွန်း ဖြစ်ရပါတော့မည်။

ထို့ကြောင့် အပြောင်းအလဲလည်း ရှိလာရပြန်သည်။

ကျွန်တော်၏အနေအထိုင်၊ အစားအသောက်၊ အသွားအလာ အစစအရာရာကို ပြုပြင်ရပါတော့မည်။

"မရှိတော့င်တ၊ ရှိကြောင့်ကြ"ဟူသော စကားကိုလည်း နားလည်လာရပါ၏။

ကျွန်တော့်ဘဝ သက်တမ်းတစ်လျှောက်တွင် မရှိတော့င်တအဖြစ်မျိုး သိပ်မရှိခဲ့ပါ။ လိုအပ်သမျှ အမေက ဖြည့်ဆည်းပေးခဲ့သည်။ ဖောဖောသီသီ သုံးစွဲကြီးပြင်းလာရသည်။

ယခုလည်း အမေ့အစီအမံဖြင့်ပင် ကျွန်တော် သူဌေးကလေး ဖြစ်ရပြန်ချေပြီ။ သည်အခါကျတော့ ရှိကြောင့်ကြ အဖြစ်မျိုးနှင့် ကြုံရပြန်သည်။ အလွန် စိတ်ကျဉ်းကျပ်စရာ ကောင်းလှပါ၏။ နေရာတကာတွင် လွတ်လပ်မှု ဆုံးရှုံးလိုက်ရပါပြီ။

ကျွန်တော်၏ ပင်ကိုစရိုက် ဝါသနာမှာ လွတ်လွတ်လပ်လပ် ဖြစ်ကတတ်ဆန်း နေတတ်သည်။ ခုတော့ တစ်နေရာသွားမည်ကအစ တစ်ခုခု စားသောက်မည်အဆုံး အထွေထွေ စဉ်းစားဆင်ခြင်စရာတွေ ရှိလာသည်။

ထိုနည်းအတိုင်းပင် အပေါင်းအသင်းကိုလည်း ယခင်ကလို တွေ့ရာလူနှင့်ပေါင်း၊ တွေ့ရာနေရာတွင်ထိုင်၊ သူတို့ပြောသမျှစကားကို အချိန်ကုန်ခံ၍ နားမထောင်နိုင်တော့ပါ။

ဆင်ခြင်စရာတွေက များလှသည်။

ဦးဘသာ ဆေးရုံမှဆင်းသည့်ရက်မှာပင် ကျွန်တော့် စိန်များကို ကိုယ်တိုင်စစ်ဆေးကြည့်ပါသည်။ ကျွန်တော်မှာ ကျောက်တွင်းပေါ်လုသည့် မိုးကုတ်မြို့သားဖြစ်သော်လည်း ရတနာပစ္စည်းများကို မြင်ဖူးရုံမျှသာရှိခဲ့ပြီး အရည်အသွေးကို မသိပါ။ သိအောင်လည်း မကြိုးစားခဲ့ပါ။

ခု ဦးဘသာ ရှင်းပြသောအခါမှ စကားထူးစကားဆန်းကို ကြားရသလို ဖြစ်နေပါတော့သည်။

"ဒီလိုကွယ့် မောင်သက်ထွန်းရဲ့။ မထိသူတြွေကျမ်း အလိုအရဆိုရင် စိန်ဟာ လေးမျိုးပဲရှိတယ်"

သူက အသေးစိတ်ရှင်းပြသည်။

"ခတ္တိယဆိုတာက ဖြူးဖြူးဖြက်ဖြက် အရောင်ထွက်တဲ့ စိန်မျိုးကို ခေါ်တာကွဲ့။ စိန်ထဲမှာတော့ အဆင့်အနိမ့်ဆုံးပဲ။ အကောင်းစား ဥဿဖုရားနဲ့ အကွက်ဖော်ထားချင်းတူရင် သာမန်လူတွေ မှားတတ်တယ်။ လိမ်ရောင်းလို့ လွယ်တာပေါ့ကွာ"

"ဟုတ်ကဲ့ ဦးကြီး"

"ကဗ္ဗိဆိုတာက ဖြူဖြူဖွေးဖွေး အရောင်သက်တင် ရေထင်လုလုရှိတဲ့ စိန်မျိုး။ အကြမ်းဖျင်းကတော့ ခဲရောင်ပေါက်တယ်ပေါ့ကွာ။ သူကတော့ အဆင့်နည်းနည်းမြင့်တယ်။ ဈေးရတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"အဲ··နောက်တစ်မျိုးက ကိသာရာဆိုတဲ့ ဝိညျုံနီ ရောင်သန်းနေတဲ့စိန်ပဲ။ အများအားဖြင့် ဗေဒင်ဆရာတွေက အဆောင်လက်ဖွဲ့အနေနဲ့ ဆောင်စေရတဲ့ အမျိုးအစားဆိုပါတော့။ ဒါမျိုးကို လိုက်ရှာနေတဲ့သူနဲ့ ခုံပြီဆိုရင် ဈေးကောင်းခေါ်လို့ရတာပေါ့။ အဆင့်အတန်းလည်း ရှိပါတယ်"

"ကျွန်တော့်စိန်တွေက ဘယ်အမျိုးအစားပါလဲ ဦးကြီး"

"နေဦးကွ နောက်တစ်မျိုးကျန်သေးတယ်။ အဲဒါကတော့ ဗြဟ္မာဆိုတဲ့စိန်ပဲ။ အတွင်းမှာ အဖြူအလင်း ထုတ်ချင်းခတ်၊ အပြင်မှာ သက်တင်ရေး ပြာနုရောင်ရှိတဲ့စိန်ကွ။ အဲဒါကတော့ စိန်ထဲမှာ အကောင်းဆုံးပဲ။ အဖိုးတန်ပြီးဈေးအရဆုံးပေါ့ကွာ"

ဇာဂနာတစ်ချောင်းနှင့် ဖလန်နယ်အဖြူပေါ်တွင် ခွဲ၍ စီနေသည်ကိုကြည့်ရင်း ကျွန်တော် ဘာမေးရမှန်းမသိတော့ပါ။

"အခု မောင်သက်ထွန်းရဲ့စိန်တွေက သိပ်မဆိုးလှပါဘူး"

သူက စိန်ပုံအုပ်စုကို ခွဲ၍ပြောပြသည်။

"ခတ္တိယအမျိုးအစားက လေးဆယ့်တစ်လုံး။ ကဏ္ဍိက နှစ်ဆယ့်နှစ်လုံး။ ကိသာရာက ရှစ်ဆယ့်သုံးလုံး၊ ဗြဟ္မာထက အလုံးလေးဆယ်တိတိ။ မဆိုးပါဘူး။ အလုပ်ဖြစ်ဖို့ သေချာပါတယ်"

"ရန်ကုန်မှာ ထုခွဲရင် ဘယ်လောက်များရနိုင်မလဲ ဦးကြီး"

ကျွန်တော်က သို့လိုဇောဖြင့် မေးလိုက်သည်။

"ဟား··ရတာပေါ့ကွဲ။ အဆက်အသွယ်ကောင်းကောင်းနဲ့သာဆိုရင် ဆယ့်ရှစ်၊ နှစ်ဆယ်လောက်တော့ သေချာတယ်။ ဟင်းဟင်း··ဘာလိုလိုနဲ့ ငါ့တူ မောင်သက်ထွန်းလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ သန်းကြွယ်သူဌေး ဖြစ်တော့မှာပေါ့ကွာ"

ကျွန်တော် ပြုံးနေလိုက်ရပါသည်။ ဝမ်းသာပီတိ ဂွမ်းဆီထိမျှ အားရပျော်ရွှင်သင့်ပါလျက် ဘာကြောင့် ထင်သလောက် မပျော်ရွှင်ရသည်ကိုမူ ကျွန်တော့်ကိုယ်ကျွန်တော်သာ နားလည်နေပါသည်။

အဲဒီနောက် ဦးဘသာက ကျွန်တော်၏အစွန်းထွက် စိန်ခြောက်လုံးကို တန်ဖိုးငါးသောင်းနှင့် ဖြတ်သည်။ သူ့ထံမှယူထားသော ငွေလေးသောင်းကိုနုတ်ပြီး ကျန်ငွေတစ်သောင်းကိုပေးသည်။

ကျွန်တော် သီးခြားနေနိုင်ရန် အိမ်ရှာဖွေရေး အစီအစဉ်မှာလည်း ဦးဘသာ အကြံပေးမှုကြောင့် ဖျက်လိုက်ရပါသည်။

"ဘယ်လောက်ပဲ လုံခြုံစိတ်ချဖို့ တယ်ဆိုဆို 'မင်းတစ်ယောက်တည်းတော့ မနေသင့်ဘူး။ လောလောဆယ် ဦးတို့အိမ်မှာလည်း လူများတာမှမဟုတ်တာ။ ကလေးသားမြေးလည်းမရှိတူး။ ဒီမှာပဲ နေပါဦး။ နောက်မှ ဦးသင့်သလို စီမံပေးပါ့မယ်"

ဦးဘသာမှာ ကျွန်တော့်အားကိုးရာ မဏ္ဍိုင်ပုဂ္ဂိုလ်ဖြစ်နေသမို့ ခုလိုပြောလာသည်ကို စောဒကမတက်သာအောင် ဖြစ်ရပါချည်။

"နောက်ပြီး ဒီပစ္စည်းတွေကို အပြင်မှာထားတာထက် ဘဏ်မှာ ... စိတ်ချရတယ်။ ပစ္စည်းအပ်နိုင်ဖို့ ဦးစီစဉ် ... ပေးမယ်"

"ဟုတ်ကဲ့ ဦး။ ကောင်းသလို ... စီစဉ်ပေးပါ"

"အေးကွယ်။ ပြီးခဲ့တာတွေလည်း ... ပြီးပါစေတော့။ အခုဆိုရင် မောင်သက် ... ထွန်းအနေနဲ့ သွားလေသူ မင်းအမေ ... ဆန္ဒကိုဖြည့်ဖို့ တာဝန်ရှိလာပြီ။ အစိ ... ကတော့ မင်းအတွက်ပါ"

"ဟုတ်ကဲ့ ပြောပါခင်ဗျာ"

"မင်း စာမေးပွဲကြီးဖြေဖို့ ဘယ် ... လလိုသေးလဲ"

"နှစ်ဝက်လောက်ပဲ လိုပါတော ... တယ်"

"ယောကျ်ားပဲကွာ။ မင်း ကြိုးစာ ... လိုက်စမ်းပါ"

သူက အကြည့်စူးစူးဖြင့် ပြော ... နေသည်။

"လူတစ်ယောက်အတွက် ပညာ ... တစ်ခုခုကတော့ လိုတာပဲ။ အတ ... ပညာမဟုတ်ရင် သက်မွေးဝမ်းကျောင်း ... ပညာပေါ့ကွာ။ ဘာမဟုတ်တဲ့ နှစ်ဝ ... ဆိုတဲ့အချိန်နဲ့ ဘဝတစ်ခုလုံးအတွ ... ဘွဲ့ပညာရဖို့ ဘာကြောင့် မလဲလှယ်နိုင် ... ရမှာလဲ။ နောက်ပြီး ဒါဟာလည်း မင် ... ကောင်းစားရေးအတွက် မင်းအမေ ... ဆန္ဒ ဖြစ်နေပြန်တယ်"

ကျွန်တော် ဘာပြောရမှန်း မ ... တော့ပါ။

တက္ကသိုလ်ရောက်ကတည် ...

www.burmeseclassic.com

ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားလာသော ကျွန်တော့်စရိုက်အကျင့်များကို ထုတ်ပြောခဲ့သာရှိသည်။

ဦးဘသာဆိုလိုချက်ကိုတော့ ကျွန်တော် နားလည်လိုက်ပါသည်။

"ပညာဆိုတာ ဟင်းထဲထည့်ချက်လို့ ချိုမလာပေမယ့် စားရတဲ့ အစားအစာတွေအတွက် ဆားလိုပဲကွ။ အရသာလေးနက်စေတယ်။ လူ့ဘဝရဲ့အရသာကိုလည်း လေးနက်တည်ငြိမ်စေတာပဲကွ"

စကားကိုဖြတ်၍ ကျွန်တော့်ကို ကြည့်လာသဖြင့် ဦးဘသာအားကြည့်နေသော ကျွန်တော့်အကြည့်ကို စားပွဲပေါ်သို့ ပြောင်းပစ်လိုက်ရသည်။

"မင်းသဘောပေါက်ရဲ့လား . . . မောင်သက်ထွန်း"

"ဟုတ်ကဲ့ပါဦး"

"ဦးကလည်း မင်းအမေကိုယ်စား ကိုက်တွန်းနေရတာ ဗဲပါ့ကွယ်။ မင်းအခု ရှိနေတဲ့ ပစ္စည်းဥစ္စာတွေထက် အဲဒီပညာက ပိုအဖိုးတန်တယ်ဆိုတာ မင်းသိမှာပါ။ မင်းစဉ်းစားနေတာလား . . . မောင်သက်ထွန်း"

ကျွန်တော်က ဘာမျှမပြောတတ်ဘဲ ပြုံး၍ကြည့်နေလိုက်သည်။

"စဉ်းစားတယ်ဆိုတာဟာ ကိုယ့်လက်ထဲမရောက်သေးတဲ့ ကိစ္စတွေအတွက်ပဲ ဖြစ်သင့်တယ်။ ဦးလည်း ဆုံးဖြတ်တစ်ခုကို အရင်စလိုလုပ်တာ သိပ်မကြိုက်ပါဘူး။ ဒါပေမယ့် လက်ထဲရောက်နေတဲ့ ကိစ္စမျိုးကျတော့ ဆုံးဖြတ်ချက်နောက်ကျတာကို ရန်သူလိုသဘောထားတယ် မောင်သက်ထွန်း။ မင်းယောက်ျားမဟုတ်ဘူးလား"

ဦးဘသာ၏ နောက်ဆုံးဝါကျက ကျွန်တော့်တစ်ကိုယ်လုံးကို ကြက်သီးမွေးညင်း ထသွားစေခဲ့၏။

သူ၏ တိုက်တွန်းမှုက ထိရောက်လှပါသည်။

"ကျွန်တော်ကြိုးစားပါ့မယ် ဦးရယ်"

"အေး . . . ဒါမှ မအေးသက်ရဲ့သားကွ"

ဦးဘသာ၏အသံကြီးက အားရစရာကြီးပါ။

× × ×

အတွေ့အကြုံမရှိသော ကျွန်တော့်အဖို့ တအံ့တသြ ဖြစ်ရပါသေးသည်။ စင်စစ် ကျွန်တော်က အရာရာကို မေ့ထားခဲ့သော်လည်း သူတို့က တာဝန်အရ မမေ့ကြ။

မန္တလေး ဦးကျော်ခိုင်အိမ်တွင် တည်းခိုခဲ့သည့်အကြောင်းနှင့် ပတ်သက်၍ သူတို့သိလိုသည်များကို မေးမြန်းကြသည်။

သူတို့မေးမြန်းပုံမှာ မသက်သာရိပ်မထင်။ ရိုးစင်းသော မေးခွန်းများကိုသာ မေးခဲ့သည်။

ဦးကျော်ခိုင်နှင့် မည်သို့သိကျွမ်းပြီး မည်သို့ အဆက်အသွယ်ရှိခဲ့သည့်အကြောင်း။ ဦးကျော်ခိုင်၏ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်ဆက်နွယ်မှု ရှိမရှိနှင့် ကျွန်တော်၏ ကိုယ်ရေးရာဇဝင်အကျဉ်းကို မေးမြန်းခဲ့သည်။

လောလောဆယ် ပြဿနာကတော့ ရှင်းသွားပါပြီ။ နောက်ထပ် မည်သို့မည်ပုံ ဆက်နွယ်လာသည်ကိုမူ စောင့်ကြည့်ရတော့မည်ပါ။

မည်သို့ပင်ရှိစေ မကောင်းမှုပြုခဲ့ခြင်းမှ ယုက်ထိုးလာသော အရိပ်မည်းကြီး၏ ခြောက်လှန့်မှုကို ကျွန်တော် စတင်ခံစားရပြီဟု ဝန်ခံရပါမည်။

ထို့ပြင် ဦးလာဘကိစ္စကလည်း ကင်းရှင်းပြီးပြတ်သွားပြီဟု တရားသေတွက်လို့မရသော အခြေအနေရှိနေပါသည်။

သူသည် မြေလျှိုး၍ မိုးပျံတတ်သည်လားမသိ။ ကျွန်တော့်ကိုပြောသွားစဉ်က ရက်ပိုင်းအတွင်း အဖမ်းခံရတော့မည်ဟု ယောင်္ကီနီးထုတ်သွားခဲ့သည်။ သို့တစေ ယနေ့ သုံးပတ်ကျော်သည်အထိ ဦးလာဘကို ဖမ်းမမိကြသေးပါ။ မည်သို့ပင်ဖြစ်စေ ဦးလာဘတစ်ယောက် မပျော်လင့်ဘဲ ကျွန်တော့်ဆီ ပေါက်ချလာမည့်အဖြစ်ကို နေ့စဉ်နှင့်အမျှ စိတ်စောစိုးရိမ်နေမိပါတော့သည်။ ထို့ကြောင့်လည်း တစ်နေ့တာအချိန်ကို ကျောင်းနှင့် စားသောက်ဆိုင်မှာပင် အချိန်ကုန်စေခဲ့ရသည်။

နောက်နှစ်ရက်အကြာ သတင်းစာတွင် ကျွန်တော်မျှော်လင့်နေသူ၏ သတင်းကို မဖတ်ရဘဲ မမျှော်လင့်သူ၏ သတင်းကို ဖတ်လိုက်ရပါသည်။

ထိုနေ့ထုတ် သတင်းစာတွင် ဦးကျော်ခိုင်တစ်ယောက် နလုံးရောဂါဖြင့် ကွယ်လွန်သည့်အကြောင်း ပါလာသည်။ မန္တလေးမှသတင်းကို ကိုးကားၶ



www.burmeseclassic.com

www.burmeseclassic.com

ရေးထားခြင်းဖြစ်သဖြင့် အတော်ပြည့်စုံလှပါသည်။

မန္တလေးသူဌေး ဦးကျော်ခိုင်သည် သူ့တိုက်မှ မီးခံသေတ္တာ ဖောက်ထွင်းခံရသည့်အချိန်မှစ၍ အတိတ်မေ့ရောဂါသည်တစ်ဦးလိုဖြစ်သွားပြီး ညနေပိုင်းတွင် ဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ရကြောင်း၊ ယင်းမှာ နှလုံးရောဂါသည်တစ်ယောက်ဖြစ်သဖြင့် မှုခင်းကိစ္စထက် ကျန်းမာရေးကိစ္စကို အလေးပေးနေရကြောင်း၊ အခင်းဖြစ်ပွားသည်မှ တစ်ဆယ့်နှစ်ရက်အကြာ ယနေ့နံနက်တွင် နှလုံးရောဂါဖြင့် သေဆုံးသွားကြောင်း၊ သူ့ထံမှ ဖောက်ထွင်းခံရမှုနှင့်ပတ်သက်၍ ကိုယ်တိုင်ထွက်ဆိုသည့် မည်သည့်အချက်အလက်မှ မရလိုက်ကြောင်းကိုပါ ဖော်ပြထားသည်။

ယင်းသတင်းကို ဖတ်ရသောအခါ ကျွန်တော် ဦးစွာ မြင်ယောင်မိသည်မှာ ကျွန်တော်၏ချစ်သူဟောင်း ဆွေဆွေနှင့် သမီးလေးမို့မို့တို့ပင် ဖြစ်ပါသည်။ ဆွေဆွေမှာ ရောဂါသည်ဖြစ်နေသဖြင့် ယခုအချိန်ဆိုလျှင် မည်မျှအားငယ်နေမည်ကို တွေးမိလိုက်သည်။

ထိုညနေ ကျောင်းကအပြန် ဦးဘသာနှင့် ထိုအကြောင်းကို ပြောဖြစ်ကြသည်။ ဦးဘသာက အလေးအနက်စဉ်းစားပြီးမှ အသုဘအခမ်းအနားသို့ ကျွန်တော်သွားသင့်ကြောင်း အကြံပေးသည်။

ဦးကျော်ခိုင် အသုဘသို့ ကျွန်တော်ကိုယ်တိုင် သွားခြင်းဖြင့် ကျွန်တော့်အပေါ် မသင်္ကာမှု သံသယများရှိလျှင်လည်း ပြေလျော့သွားနိုင်သည်မို့ ဦးဘသာပေးသည့်အကြံကို ကျွန်တော်ချက်ချင်းလက်ခံလိုက်ပါသည်။

"မင်းကိုမန္တလေးလွှတ်တာ အလေးထားရမှယ့်ကိစ္စတစ်ခုလည်း ရှိသေးတယ်ကွယ့် မောင်သက်ထွန်းရဲ့"

ကျွန်တော် အံ့ဩသွားရပါသည်။

"ဟုတ်ကဲ့ ပြောပါဦးကြီး"

"သူ့တိုက်ကိုလည်း ပေါင်ထားရသလိုလိုကြားရတယ်။ သူ့လက်ဖက်ခြံတွေလည်း ဘာဖြစ်နေလဲ မသိဘူး။ ဒီတော့ အခွင့်သာတာနဲ့ အဲဒါတွေကို မောင်သက်ထွန်းအနေနဲ့ လက်မလွှတ်စေချင်ဘူး"

"ခင်ဗျာ...ကျွန်တော်က အဲဒါတွေဝယ်ဖို့လား"

"အေး...ဟုတ်တယ်။ မင်းစိန်တွေကို ဘဏ်မှာ ဒီအတိုင်း အပ်ထားထားနဲ့စာရင် ခြံတွေတိုက်တွေ ဝယ်တာက ပိုအကျိုးရှိတာပေါ့ကွာ။ ဘယ်ခေတ်ဘယ်အခါမှာမှ တိုက်ဈေး မြေဈေးဆိုတာ တန်ဖိုးကျတယ်မှ မရှိတာ။ ဘဏ်တိုးထက် တွက်ခြေကိုက်တယ်ကွ"

"ဟုတ်ကဲ့ ခင်ဗျာ"

"မင်းနဲ့ ဦးကျော်ခိုင်သမီး ဆွေဆွေကလည်း ကျောင်းနေဖက်သူငယ်ချင်းတွေ မဟုတ်လား။ အခွင့်သင့်တာနဲ့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကွာ၊ ဟုတ်ပြီလား"

"ကောင်းပါပြီ ဦးကြီး"

"မင်းမှာ အခု ငွေဘယ်လောက်ရှိသေးလဲ"

"သုံးသောင်းကျော် ရှိပါသေးတယ်"

"အေး...ဒါဆို လောလောဆယ် လုံလောက်ပါတယ်ကွာ။ ဟိုမှာ အဆင်မပြေရင် ဦးဆီအကြောင်းကြား။ အကောင်းဆုံးကတော့ ဖုန်းဆက်ကွာ၊ ဦး အချိန်ပြည့် နားစွင့်နေမယ်။ ဟုတ်ပြီလား"

ကျွန်တော် ခေါင်းညိတ်ပြလိုက်ရသည်။

ဦးဘသာကား ရှေ့ကုန်သည် ပွဲစားပီသလှပါ၏။ စီးပွားရေးကိုလည်း အလွန်လာဘ်မြင်သူပါပေ။ သူနှင့်ကျွန်တော် ဆက်ဆံရေးတစ်လျှောက်တွင် ကျွန်တော့်အကျိုးကိုသာ အကြံပေးဆောင်ရွက်ခဲ့သူဖြစ်၏။

ထို့ကြောင့်လည်း ဦးဘသာ စီမံသမျှကို ကျွန်တော် ခေါင်းညိတ်ရခြင်းဖြစ်ပါသည်။

မန္တလေးသို့ ည ၉ နာရီခွဲရထားဖြင့် ကျွန်တော်ထွက်ခဲ့သည်။

× × ×

(ငါး)

နောက်တစ်နေ့နံနက် ၁၁ နာရီတွင် ကျွန်တော် မန္တလေးသို့ရောက်သည်။ ထိုနေ့ မွန်းလွဲ ၁ နာရီတွင် ဦးကျော်ခိုင် အသုဘချခဲ့သည်။

ဦးကျော်ခိုင်၏ အသုဘမှာ ကျွန်တော်မျှော်လင့်သည်ထက် စည်ကားလှ၏။ မြို့မျက်နှာဖုံး သူဌေးတစ်ဦး၏ နောက်ဆုံးခရီးသည် သည်းအူပြတ်မျှ ငိုကြွေးသူမရှိသော်လည်း လူကုံထံတို့နှင့် ပြည့်နှက်နေပါသည်။ ယာဉ်ထိန်းရဲများကပင် တစ်နာရီကျော်မျှ စောင့်ကြပ်ရှင်းလင်းပေးနေရသည်။



www.burmeseclassic.com

www.burmeseclassic.com

အံ့ဩစရာအကောင်းဆုံးမှာ ဆွေ ဆွေမငိုခြင်းသည်။

ရောဂါသည်ဆွေဆွေကို လူ များက စိုးရိမ်နေကြသည်။ ဖခင်တစ် ပါတ်လုံး ဆုံးပါးသွားပါလျက် ဆွေ ဆွေ မျက်ရည်မကျပါ။ တရားပြည့်သူ ကဲ့သို့င် တည်ငြိမ်နေပါသည်။ သူ့ဖခင် အလောင်း မြေတွင်းထဲချခါနီး နောက် ဆုံးအနေဖြင့် ကန်တော့သည်ကို တွေ့ လိုက်ရ၏။

ယောဂီရောင် တဘက်လေးကို ခြုံပြီး ဆွေဆွေကန်တော့နေရာမှ ပြန် ထတွင် ပါးပေါ်၌ မျက်ရည်ကြောင်း ထင်ရစ်သွားသည်။

ဦးကျော်ခိုင်၏ တစ်ဦးတည်းမြေးမ ဆား မို့မို့မှာ နှစ်ခါလည်မျှသာရှိသေး ပြီး ဘာမျှသိရှာပုံမရပါ။ လူစည်ကားခြင်း နှင့် တစ်ယောက်တစ်လှည့် ချီပိုးမှုကို သာ တအံ့တသြဖြစ်နေရှာဟန်ရှိသည်။

ဦးကျော်ခိုင်၏သမက် ကိုဝမ်းဖေ ထမှ ဤအသုဘ အခမ်းအနားတွင် အလွန်အရေးပါသူ ဖြစ်နေသည်။ နှုတ် ခမ်းကို တင်းတင်းစေ့၍ အံကိုကြိတ် ထားလွန်းသဖြင့် ထောင်ထနေသော မေးရိုးကြီးမှာ အများ၏အထင်တွင် ထဝန်ပိလွန်း၍ စိတ်ထိခိုက်နေသူဟု ထင်စရာပါလေ။ စကားပြောနည်းပြီး အစက်သောမျက်လုံးများကြောင့် သူ့ ကို ဖော်ရွေစကားမပြောကြ။ မပြော ဖြစ်သည့်စကားကိုသာ ပြောကြသည်။

ကျွန်တော်က အကူငွေတစ် ထောင်းကို သူ့အားပေးသောအခါ ချက် ချင်းမယူသေးဘဲ အကြည့်စိမ်းဖြင့်ကြည့် နေသဖြင့် ကျွန်တော့်မှာ အနေရအထိုင် ရ ခက်သွားလေသည်။ ဆွေဆွေက အချိန်မီ လက်ခံယူလိုက်သဖြင့်သာ တော်သွားရသည်။

ဤအသုဘအခမ်းအနားသို့ ကျွန်တော်ရောက်လာခဲ့ခြင်းနှင့် ပတ်သက်၍ မှ မိဘအစဉ်အဆက်က ရင်းနှီးခဲ့ကြပြီး စီးပွားရေးအရ ဆက်စပ်မှုရှိခဲ့ခြင်းကြောင့် ဟု အများက နားလည်ထားကြသည်။

ကိုဝမ်းဖေအနေဖြင့် ကျွန်တော့် အပေါ် မည်သို့သဘောထားသည်ကို အကဲခတ်ရခက်သော်လည်း တစ်ချိန်က ချစ်သူဟောင်းဖြစ်ခဲ့သော ဆွေဆွေကမူ ကျွန်တော့်ကို အရေးတကြီးရှိသည့် အသွင်ပြနေသဖြင့် အံ့သြနေရပါသေး သည်။

အသုဘချပြီး နောက်တစ်နေ့ ည နေပိုင်းတွင် လူအတော်ရှင်းသွားသည်။ တိုက်အောက်ထပ်တွင် ဧည့်သည် သုံး လေးဦးမျှသာ ရှိသည်။ အိမ်ရှင်မိသားစု မှာ အပေါ်ထပ်ဧည့်ခန်းတွင် စုမိနေကြ သည်။ ကျွန်တော့်မှာလည်း မိသားစု လိုသဘောထားခံရသဖြင့် သူတို့နှင့် အတူ ရှိနေသည်။

စကားဝိုင်းတွင် ဆွေဆွေက ကျွန် တော့်ဘက်သို့ ဦးလှည့်လိုက်၏။

"ကိုသက်ကိုတော့ မိသားစုလို ဖြစ်နေလို့ ပြောပြရဦးမယ်"ဟု စကားစ သဖြင့် ကျွန်တော်တို့ စကားဝိုင်းဖြစ် သွားရသည်။ ကိုဝမ်းဖေမှာ အမှတ် မထင်ကြားလိုက်ရသဖြင့် တအံ့တသြ ဖြင့် ဆွေဆွေကို အတန်ကြာလှမ်းကြည့် ပြီးမှ ကျွန်တော့်ကို တစ်ချက်ကြည့်ကာ သူ့အကြည့်ကို ရုပ်သိမ်းသွားသည်။

"ပွင့်ပွင့်လင်းလင်းပြောရရင်... ဖေဖေ့လုပ်ငန်း အရှုံးပေါ်နေတာ သုံး လေးနှစ်လောက်ရှိပြီ။ ပြိုလဲမသွားတာ ကတော့ ဟောဒီက ကိုဝမ်းဖေအထိန်း ကောင်းနေလို့ပဲ"

"ဆွေဆွေ...မင်းဘာတွေ ပြော မလို့လဲ"

လှမ်းပြောလိုက်သော ကိုဝမ်းဖေ အသံက ဘဝင်ကျဟန်မရှိပါ။ သူ့မျက် လုံးအကြည့်ကလည်း တင်းမာလှသည်။

"ကျွန်မ စဉ်းစားပြီးမှပြောတာ ကိုဝမ်းဖေ"

ဆွေဆွေ့အသံက တည်ငြိမ်သံ။

"အခုကတည်းက ပြောထားမှ ပေါ့။ ကျွန်မက သိပ်နေကောင်းတာ မဟုတ်ဘူး။ နောက်ပြီး ကိုသက်ဆို တာက ကျွန်မတို့ စိတ်အချရဆုံးသူ၊ သူငယ်ချင်း"

"ဟုတ်ပါတယ်လေ။ ငါသိပါ တယ်"

သူ၏ ခပ်ငေါ်ငေါ်စကားကြောင့် ကျွန်တော်က မလုံမလဲဖြင့် ဆွေဆွေ့ကို ကြည့်မိသည်။ ဆွေဆွေကမူ မည်သို့ မျှ သွင်ပြင်မပြောင်း။

"သိတယ်ဆိုလည်း နားထောင် ပေါ့။ အခုဟာက တိုင်ပင်ဆွေးနွေး အကြံပေးကြရမှာပါ"

ဆွေဆွေက ဆက်ပြောသည်။

"ဆွေတို့ရဲ့ ဟောဒီတိုက်ကြီးရော လက်ဖက်ခြံ သုံးခြံကိုပါ ပေါင်ထားရ တယ် ကိုသက်ရဲ့"

ထိုအချိန်အထိ ကျွန်တော် ဘာမှ



www.burmeseclassic.com

www.burmeseclassic.com

ဝင်မပြောဖြစ်ခဲ့ပါ။

"ဖေဖေသာရှိရင် သူ့နည်းသူ့ဟန်နဲ့ ဆက်ထိန်းနိုင်ဦးမှာ။ အခုတော့ ရစရာရှိတဲ့လူတွေကလည်း နေတော့မှာ မဟုတ်ဘူး။ အခြေအနေအရတော့ သူတို့ကို ထိုးအပ်ရတော့မလို ဖြစ်နေတာပါ။ အဲဒါ····"

"အို···ဆွေဆွေရာ လုပ်သလိုမဖြစ်တော့လည်း ဖြစ်သလိုလုပ်ကြတာပေါ့။ တို့မှာ လုပ်ပိုင်ခွင့်တွေ ရှိပါသေးတယ်"

ကိုဝမ်းဖေက ဖြတ်၍ ဝင်ပြောသည်။

"ကိုဝမ်းဖေ···ရှင် သိပ်ဇွတ်တရွတ်နိုင်တာပဲ။ ကိုယ့်အကြောင်း ကိုယ်သိလျက်သားနဲ့။ ခုအခြေအနေမှာ ပွင့်လင်းထားမှ ဖြစ်မှာပေါ့"

"ဆွေက ဘာလုပ်ချင်လို့လဲ"

ကျွန်တော်၏ ပထမဦးဆုံး မေးခွန်းဖြစ်သလို တစ်နည်းအားဖြင့် သူတို့လင်မယားကြား ဝင်ထိန်းလိုက်ခြင်းဖြစ်သည်။

"ကိုသက် အခြေအနေကကော ဘယ်လိုလဲဟင်"

ဆွေဆွေက ပြန်မေးနေသည်။

"ဆွေ ဘာကို ဆိုလိုတာလဲ"

"ခုနေအခါမှာတော့ ကိုသက်က အမွေတွေသိန်းချီပိုက်ထားတဲ့ ကျောင်းသားတစ်ယောက်ပဲ ဖြစ်နေသေးတော့ ဘာတွေလုပ်ဖို့ စီစဉ်ထားသလဲလို့ပါ"

"ဪ···ဒါလား ကျောင်းပြီးရင်တော့ တစ်ခုခုလုပ်ရမှာပေါ့ ဆွေ။ အခြေအနေပေးသမျှပေါ့"

ကျွန်တော့်စကားကြောင့် ဆွေဆွေမျက်လုံးများ ဝင်းလက်လာသည်။

"ဟုတ်တယ်။ အခြေအနေပေးရင် အချိန်အခါကို မစောင့်နဲ့ ကိုသက်"

"ဆွေဆွေ ဘာဖြစ်စေချင်လို့လဲ"

"ဆွေတို့တိုက်နဲ့ လက်ဖက်ခြံကို လွှဲယူပါလားဟင်"

"ဆွေက အရောင်းအဝယ်စကား ပြောနေတာလား"

"ဒါပေါ့။ မိဘ လက်ငုပ်လက်ရင်း ဆိုတော့ နမြောတော့ နမြောသားပေါ့။ ဒါပေမယ့် အခြေအနေအရ လွှဲပြောင်းပေးရတော့မယ်လေ···။ အခုဟာက ကိုသက်ကို ဦးစားပေးချင်လို့ပါ"

ဆွေဆွေစကားဆုံးသည် ဆိုလျှင်ပင် ကိုဝမ်းဖေက မြန်းခနဲထရပ်ပြီး မည်သူ့ကိုမျှ နှုတ်မဆက်ဘဲ အောက်ထပ်သို့ ဆင်းသွားတော့သည်။

ကျွန်တော် အံ့အားသင့်နေဆဲမှာပင် ဆွေဆွေက -

"ပြောလေ ကိုသက်"ဟု ဆိုလာပါသည်။

"ဘယ်လိုလဲ ဆွေ၊ ခုကိစ္စကို ကိုဝမ်းဖေ သဘောမကျဘူးထင်တယ်"

"သူနဲ့ဘာဆိုင်တာမှတ်လို့ ကိုသက်ရယ်။ သူဟာ ဦးကျော်ခိုင်ရဲ့ မန်နေဂျာပဲ"

"မဟုတ်ဘူးလေ···။ သူဟာ ဦးကျော်ခိုင်ရဲ့ သမက်၊ ဆွေဆွေရဲ့ ခင်ပွန်း။ နောက်ပြီး···"

ကျွန်တော့်စကားမဆုံးမီ ဆွေဆွေ လက်ကာပြသည်။

"ဆွေမှာ ကိုသက်ကို ပြောပြစရာတွေရှိသေးတယ်။ အဲဒါကို အရောင်းအဝယ်ကိစ္စပြီးမှ ပြောသင့်သလား၊ အခုထဲက ပြောထားသင့်သလားလို့ ဆွေ စဉ်းစားနေတာ"

"ဆွေပြောတာ ကိုယ်နားမလည်ဘူး"

"ဆွေပေးလိုက်တဲ့စာကို ရတယ် မဟုတ်လားဟင်"

ဆွေဆွေက မေးသည်။

အံ့အားသင့်ရသူမှာ ကျွန်တော်။

သုံးနှစ်မျှကြာခဲ့ပြီ ဖြစ်သော်လည်း ယင်းကိစ္စမှာ ကျွန်တော်တို့၏ နှလုံးသားကိစ္စဖြစ်သဖြင့် ကျွန်တော် အသည်းစွဲအောင် မှတ်မိနေပါသည်။

"ဆွေဆွေတို့လက်ထပ်တဲ့သတင်း ပါလာပြီးမှ ကိုယ် အဲဒီစာကိုရခဲ့တာ။ အဲဒီတော့ အချိန်တွေ နောက်ကျသွားပြီလေ ဆွေဆွေ"

ကျွန်တော်က ရှင်းပြရသည်။

"ဟုတ်မှာပါ။ ကိုသက်က ပုသိမ်မော်တင်စွန်းမှာ အပျော်ကြီးပျော်နေချိန်မှာ ဆွေကတော့ ဟောဒီတိုက်ကြီးရဲ့ အပေါ်ထပ်မှာ အသည်းကွဲပြီး ငိုပွဲဆင်နေရတယ်လေ"

"အခုတော့ အချိန်နှောင်းခဲ့ပါပြီ ဆွေ"

"ဒါဖြင့် အခု ကိုသက် မန္တလေးကို ဘာလာလုပ်တာလဲဟင်"

ကျွန်တော် မဖြေတတ်တော့ပါ။

"ဘာလဲ··ကိုယ်တို့ အရောင်းအဝယ်စကား ပြောစေချင်ပြီလားဆွေ"

ကျွန်တော်က မေးရတော့သည်။

ဤတွင် ဆွေဆွေက ကျွန်တော့်ကို လှမ်းကြည့်သည်။ သူ့အကြည့်မှာ



www.burmeseclassic.com

www.burmeseclassic.com

ကိုသက် ဘာမှမသိဘဲကိုး ဟူသော အသွင်ကိုဆောင်နေသည်။ ကျွန်တော့် အဖို့လည်း နားလည်ရခက်နေသည်။

ဆွေဆွေက အတွင်းခန်းသို့ လှည့်ကြည့်သည်။

"သမီးမိုမိုကို ခေါ်ခဲ့ပါ ဒေါ်လေးသိန်း"

ဆွေဆွေက ကျွန်တော့်ကို ဖျတ်ခနဲတစ်ချက်ကြည့်ပြီး မျက်လွှာချသွားသည်။ ခဏအတွင်း အသက်လေးငါးဆယ်ခန့် အဒေါ်ကြီးတစ်ယောက်က မိုမိုကိုချီပြီး အခန်းထဲဝင်လာမှ ဆွေဆွေက လှမ်းချီသည်။ ကိုယ်ရည်စစ်သလို ဖြစ်နေသော ဆွေဆွေအတွက် ပြည့်ထင်နေသော မိုမိုကလေးမှာ ကြီးထွားနေဟန်ရှိသည်။

"မိုမိုကိုကြည့်စမ်းပါ ကိုသက်"

ဆွေဆွေက ပြောလာသည်။

အထွေအထူး ကြည့်စရာမလိုပါ။ စောစောကတည်းက ကြည့်နေခဲ့သဖြင့် သူတို့သားအမိ၏ သွင်ပြင်ကို အသေးစိတ် မြင်နေရပါ၏။

"သမီးလေးမိုမိုဟာ ဆွေနဲ့လည်း မတူ၊ ကိုဝမ်းဖေနဲ့လည်း မတူဘူး။ ဟင်း...သူ့ဘိုးအေနဲ့ဆိုရင် သာတောင် မတူသေးတယ်"

"ရုပ်ခန့်မှန်းရလောက်အောင် မိုမိုက ငယ်ပါသေးတယ် ဆွေဆွေ"

"အင်း...အင်းပေါ့လေ၊ အဲ...ဒီအရွယ်ဆိုရင် အဖေတွေဟာ သမီးကို ချစ်ကြတယ်တဲ့၊ အခုတော့ ကိုဝမ်းဖေဟာ မိုမိုကို ဆွေ့လောက်တောင် မချစ်ဘူး ကိုသက်ရဲ့"

"ကိုဝမ်းဖေဟာ လူကောင်းပါ ဆွေဆွေ။ သူဟာ အမြဲတမ်း အလုပ်များနေတဲ့သူ။ ဆွေဆွေတို့ တစ်မိသားစုလုံးရဲ့တာဝန်ကို သူ့ပခုံးပေါ် တင်ထားရတဲ့သူပါကွယ်။ ခုအချိန်မှာ သူ့ရင်ထဲ ဘယ်လောက်ဘီ ဘလောင်ဆူနေမလဲ ဆိုတာ"

ဆွေဆွေ့ထံမှ အေးစက်စက် အပြုံးကို တွေ့လိုက်ရသည်။

"အင်း...ကိုသက်ကတော့ အကောင်းမြင်သမားအတိုင်းပဲ။ ဟုတ်တယ်၊ ကိုသက်ပြောတာ မှန်တယ်။ ကိုဝမ်းဖေဟာ ဆွေတို့အတွက် တာဝန်ကို သူ့ပခုံးပေါ်မှာသာ ထမ်းထားတာ၊ ခေါင်းထဲမှာထည့်ထားတာ မဟုတ်ဘူး"

ဆွေဆွေက သူ့သမီးလေးမိုမို၏ ပါးဖောင်းဖောင်းလေးကို နမ်းမည်ပြုပြီးမှ သူ့ရောဂါကို သတိရသွားသလားမသိ မျက်နှာကို ခွာလိုက်ရသည်။ သူ့အသွင်မှာလည်း သီလာလောက်အောင်ပင် ညှိုးနွမ်းသွားတော့သည်။

"ကိုဝမ်းဖေဟာ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးထားတဲ့ နိုင်ငံသိ ဆွေရဲ့ခင်ပွန်းပေါ့ ကိုသက်"

"အို...ဆွေ"

"မဟုတ်ဘူး...မဟုတ်ဘူး။ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့ သဘောထားတတ်တဲ့ ကိုသက်ကို သိစေချင်လို့ ပြောနေတာပါ။ ဒီလိုလေ ကိုသက်ရဲ့၊ ကိုဝမ်းဖေဟာ လောကကြီးမှာ ယောက်ျားတွေအကြောင်း ကောင်းကောင်းသိအောင် ဆွေ့ကို သင်ပြခဲ့တဲ့လူလေ။ ဖေဖေဟာ အဲဒီကတည်းက သေဖို့ကောင်းလျက်နဲ့ လူ့ဘဝရဲ့ခွက်ကို ခံစားဖို့ နှစ်နှစ်လောက် အသက်ရှင်သွားရသေးတယ်"

ဆွေဆွေက ပြောရင်း ရှိုက်နေသည်။ ကျွန်တော်က နှစ်သိမ့်သည့်အနေဖြင့် မိုမိုကို လှမ်းယူပွေ့ချီလိုက်သည်။

ကျွန်တော်ကိုယ်တိုင်မှာမူ ဘာပြောရမှန်း မသိပါ။ အာစေးထည့်ထားရသူလို ဆွံ့အနေပါတော့သည်။ ကျွန်တော့် မျက်လုံးများက ဆွေဆွေ့ကို ကြည့်နေမိသော်လည်း ဦးနှောက်ကမူ အတိတ်ဆီသို့ အပြေးအလွှားရောက်နေပါသည်။

ဆွေဆွေနှင့် ကျွန်တော်မှာ ခါးပိုက်နှိုက်ခံရသောနေ့တွင်ပင် ကျွန်တော်၏အခန်းတွင် အတူအိပ်ခဲ့ကြသည်။ သည့်နောက်များတွင်လည်း ဝတ်မပြေနိုင်သော ဆားငန်ရည်ကို အဝသောက်ကြည့်ခဲ့ကြသေးသည်။ ယခုလို အခြေအနေမျိုးတွင် ယင်းကိစ္စသည် တစ်စုံတစ်ခုအတွက် ကျွန်တော့်နှလုံးသားတံခါးကို ခေါက်နေချေပြီလားဟု အတွေးရောက်နေမိသည်။

"ကိုဝမ်းဖေဟာ ဖေဖေ့ပျောက်ကွက်တစ်ခုကို အကျပ်ကိုင်ပြီး ဆွေနဲ့ လက်ထပ်ပေးဖို့ တောင်းဆိုခဲ့တယ်။ မြေအနိမ့်မှာ လုံစိုက်ခံလိုက်ရတဲ့ ဖေဖေလည်း ဘာတတ်နိုင်မှာလဲ။ ခေါင်းညိတ်လိုက်ရတာပေါ့"

ကျွန်တော်က ဆွေဆွေ့ကို မကြည့်ရက်တော့သဖြင့် မိုမိုလေး၏ပါးကို မွှေးနေမိသည်။ ဆွေဆွေကမူ ယင်းအဖြစ်

www.burmeseclassic.com

ကို ကြည်ကြည်နူးနူးကြည့်နေပါ၏။

"ဒါပေမယ့် သူ ဘယ်လိုမိန်းမစားကိုရတယ်ဆိုတာ ခုတော့ သိသွားပါပြီလေ"

ဆွေဆွေက နာနာကြည်းကြည်းပင် ပြောနေသည်။

"ကိုယ်လေ မင်းကို ဘယ်တုန်းကမှ အထင်မသေးခဲ့ပါဘူး ဆွေ"

ဆွေဆွေက ကျွန်တော့်စကားကို ဂရုမထားဘဲ ဆက်ပြောနေသည်။

"အခုတော့ ကိုဝမ်းဖေဟာ ဆွေ့ယောက်ျားပဲပေါ့။ အဆုတ်ရောဂါသည်ရဲ့ ခင်ပွန်းလေ"

"ရောဂါကြီးကို မေ့ထားလိုက်စမ်းပါ ဆွေ။ ဒီရောဂါဟာ စနစ်တကျကုရင် ပျောက်ပါတယ်"

"ဒါပေမယ့် ခုနေခါမှာ ဒီရောဂါပဲ ဆွေရဲ့အဖော်ဖြစ်နေတာ ကိုသက်ရဲ့။ ဟင်း...ဟင်း ဒီရောဂါကြောင့် ဆွေ့မှာ ကာယိကဒုက္ခတွေက ကင်းလွတ်နေရတာပေါ့"

ဆွေဆွေ ဘာကိုဆိုလိုသည်ကို ကျွန်တော် သဘောမပေါက်ပါ။

"အခုလေ ဆွေ စာဖတ်တွေ အများကြီးဖတ်ဖြစ်တယ်။ ဆွေ့ဘဝက လူတောထဲတိုးဝင်ပြီး လူတွေအကြောင်း မလေ့လာနိုင်တော့ စာအုပ်ပဲဖတ်ရတာပေါ့။ ဒီတော့မှ လူ့ဘဝကို တီးခေါက်မိလာတယ်။ လူတွေဟာ တာဝန်ဝတ္တရားအပြင် ကျေပွန်စရာတွေအများကြီး ရှိသေးတာကိုး ကိုသက်ရဲ့"

"လူတစ်ယောက်အနေနဲ့ တာဝန်နဲ့ဝတ္တရားကျေရင် လုံလောက်ပါပြီဆွေ"

ကျွန်တော်ပြောသည်ကို ဆွေဆွေက ခေါင်းခါသည်။

"မဟုတ်သေးဘူး ကိုသက်ရဲ့။ လူတစ်ယောက်ဟာ တာဝန်နဲ့ဝတ္တရားကို ကျေပွန်ဖို့လုပ်ဆောင်ရင်း ဆက်နွယ်ပတ်သက်ပြီး အလုပ်ကြွေးတင်သွားတတ်ကြတယ်။ ဒါကိုလည်း ကျေအောင်ဆပ်ရမှာပဲ။ ဩော်...ကိုသက်ပြောရဦးမယ်"

"ဘာကိုလဲဆွေ"

"ဟိုလေ...ဖေဖေ့ မီးခံသေတ္တာကြီး အဖောက်ခံရတော့ ကိုဝမ်းဖေက ကိုသက် ဒီကိုလာသွားတဲ့အကြောင်း ရဲကိုပြောဖို့ လုပ်သေးတယ်။ ကိုသက် ဒီကိုလာတာ ဘယ်သူမှ မသိကြဘူး။ ဖေဖေကလည်း စကားမပြောနိုင်ဘူး။ ကျောင်းနေတဲ့ ကိုသက်မှာလည်း အမေ့အတွက်ရင်ပူနေတာ ဘာမှ ကြာသေးတာ မဟုတ်တော့ ခုပြဿနာထဲ ဆွဲမထည့်သင့်ဘူးလို့ ဆွေက အကျောက်အကန် ကန့်ကွက်ခဲ့တယ်။ နောက်ဆုံး အကျပ်ကိုင်လိုက်ရတာပေါ့။ ရဲတွေ ကိုသက်ကို လာစုံစမ်းသေးလားဟင်"

"အင်း...မေးရုံမြန်းရုံလောက်ပါပဲ"

ကျွန်တော်က ခပ်ပေါ့ပေါ့ပင် ဖြေလိုက်သည်။

"အင်း...တော်သေးတာပေါ့"

ဆွေဆွေက ဤမျှသာပြောပြီး ထိုင်ရာမှထကာ အတွင်းခန်းထဲ ဝင်သွားပါတော့သည်။

ရုတ်တရက်ဖြစ်၍ ကျွန်တော် ဘာလုပ်ရမှန်းမသိတော့ပါ။ သို့တစေ ကျွန်တော့်ရင်ခွင်ထဲတွင် ရှိနေသော သူ့သမီးလေးအဖြစ်ကို ကျေနပ်သွားဟန် ရှိပါ၏။

ကျွန်တော့်ရင်ခွင်ထဲမှ မို့မို့လေးမှာ အရာရာကို ဘာမှနားမလည်သေး မျက်လုံးလေးအပြူးသားဖြင့် ကြောင်ကြည့်နေရှာသည်။ ကျွန်တော်က သူ့ပါးကို တစ်ကြိမ်ထပ်မွှေးလိုက်သောအခါ သူ့လက်ကလေးများက ကျွန်တော့်လည်ပင်းကို သိုင်းဖက်လာသည်။ အားကိုးရာ ရှာတွေ့သွားဟန်သကဲ့သို့ တင်းကျပ်လှသဖြင့် ဘာရယ် မဟုတ်သော်လည်း ကျွန်တော့်ရင်ထဲမှ နွေးခနဲ ခံစားလိုက်ရ၏။

ခဏအကြာတွင် မို့မို့လေးကို ဒေါ်လေးသိန်းက လာခေါ်သွားသည်။

ထိုညက ကျွန်တော် တော်တော်နှင့် အိပ်မပျော်ခဲ့။

တိုက်ဆိုင်မှုအားလုံးကို ပြန်ကြည့်လျှင် ကျွန်တော် မျှော်လင့်ခဲ့သည် မဟုတ်ဘဲ မမျှော်လင့်သောကိစ္စများချည်း ဖြစ်နေသည်။ ဦးလာဘ၊ "အဖေ" နှင့် ဦးကျော်ခိုင်တို့ကိစ္စမှသည် ကျွန်တော်ကိုယ်တိုင် ကခဲ့ရသော ဇာတ်လမ်းများ၌ပင် ကျွန်တော် မထင်မှတ်သည့် အရာများ ဖြစ်ခဲ့ရချေသည်။

(ရှေ့လဆက်ရန်)

ကျော်မြသန်း



www.burmeseclassic.com

www.burmeseclassic.com

# အမှောင်စာတ်ကို ရှောင်စေလို

■ ချစ်မမသက်

မင်္ဂလာအမှု ကိစ္စရပ်များကို လူတိုင်း လုပ်ဆောင်လိုကြသည်။

လုပ်လည်း လုပ်ဆောင်သင့်ပါသည်။

သို့ရာတွင် လောကီနှင့်ဆက်စပ်လျက်ရှိသော မင်္ဂလာအမှုကိစ္စများအတွက် အမှောင်မာတ်ကြီးစိုးသော် ရာဟုကာလနှင့် အကျုံးဝင်နေပါက လောကီမင်္ဂလာကိစ္စရပ်များပင်ဖြစ်လင့်ကစား အကျိုးပေးသင့်သလောက် မပေးတတ်ပါ။ သို့ဖြစ်၍ ရာဟုကာလနှင့် ကြုံကြိုက်သော အခါသမယ၌ လောကီမင်္ဂလာအမှုကိစ္စရပ်များကို ရှောင်ရှားသင့်ကြပါ သည်။

ကျွန်ုပ်တို့သည် မည်သည့်အမှုကိစ္စရပ်များကို လုပ်ဆောင်ကြသည်ဖြစ်စေ ရက်ရာဇာကျသောနေ့ကို ရွေးချယ်လုပ်ဆောင်တတ်ကြ၏။ ပြဿဒါးမလွတ်သော နေ့ရက်များကို ရှောင်ရှားကြကုန်၏။ ထိုသဘောအတိုင်းပင် မင်္ဂလာအမှုကိစ္စရပ်များကို လုပ်ဆောင်ကြရာဝယ် အမှောင်မာတ်သဘောအလွန်အားကြီးသည့် ရာဟုကာလကို ရှောင်ရှားပြီး လုပ်ဆောင်ကြရန် တိုက်တွန်းအပ်ပါသည်။

တစ်ပတ်တာကာလဝယ် ခုနစ်ရက်ရှိသည့်အနက် ထိုတစ်ရက် တစ်ရက်စီတွင် ရာဟုကာလကြီးစိုးသော အချိန်များရှိနေပါသည်။ ထိုအချိန်နာရီများကို သိရှိထားပါလျှင် လောကီမင်္ဂလာများ ပြုလုပ်မည့်အရေးကို ရှောင်ရှားနိုင်ကြပါသည်။

အမှောင်မာတ်ကြီးစိုးသော ရာဟုကာလများမှာ -

- တနင်္ဂနွေနေ့တွင် ညနေ ၄း၃၀ နာရီမှ ၆း၀၀ နာရီအထိ ဖြစ်ပါသည်။
- တနင်္လာနေ့တွင် ညနေ ၇း၃၀ နာရီမှ ၉း၀၀ နာရီအထိ ဖြစ်ပါသည်။
- အင်္ဂါနေ့တွင် ညနေ ၃း၀၀ နာရီမှ ၄း၃၀ နာရီအထိ ဖြစ်ပါသည်။
- ဗုဒ္ဓဟူးနေ့တွင် မွန်းတည့် ၁၂း၀၀ နာရီမှ နေ့လယ် ၁း၃၀ နာရီ အထိ ဖြစ်ပါသည်။
- ကြာသပတေးနေ့တွင် နေ့လယ် ၁း၃၀ နာရီမှ ညနေ ၃း၀၀ နာရီအထိ ဖြစ်ပါသည်။
- သောကြာနေ့တွင် နံနက် ၁၀း၃၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအထိ ဖြစ်ပါသည်။
- စနေနေ့တွင် နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီအထိ ဖြစ်ပါသည်။

အဆိုပါနေ့များ၌ အကျုံးဝင်ပတ်သက်နေသည့် ရာဟုကာလများကို ရှောင်ကြဉ်သင့်ပါကြောင်း သတိပေးတင်ပြလိုက်ပါသည်။

■ ချစ်မမသက်

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အင်္ဂလိပ်စာဆရာသိန်း နှင့် ဂန္ဓာရီပညာ

**ဝင်းဇော်(သုံးဆယ်)**

တစ်နေ့သ၌ ကျွန်ုပ် ဗေဒင်ဆရာ ကြီး အင်္ဂလိပ်စာဆရာသိန်းသည် နေ့လယ် စာစားပြီးသည်နှင့် မက်လက်ကုလား ထိုင်တွင်ထိုင်ကာ ဆေးတံသောက်ရင်း ဝတ္ထုကျမ်းတစ်အုပ်ကို စိတ်ဝင်စားစွာ ဖတ်ရှုနေလေ၏။ ကျွန်ုပ်၏မြေး မောင် ဇော်မောင်သည် မီးဖိုချောင်ထဲတွင် စား သောက်ပြီးသားပန်းကန်များကို ဆေးကြောနေ လေ၏။ သည်အိမ်တွင် ကျွန်ုပ်တို့မြေး အဘိုးနှစ်ဦးတည်းသာနေထိုင်၏။ ကျွန်ုပ် က ဗေဒင်ဟောခြင်း၊ ဆေးကုသပေးခြင်း ဖြင့် ဝင်ငွေရှာဖွေ၏။ မောင်ဇော်မောင် က ချက်ပြုတ်ရေး အဝတ်အစားလျှော် ဖွပ်ရေးတာဝန်ကို ယူ၏။ မောင်ဇော် မောင်သည် အသက်ငယ်ပင်ငယ်ငြား သော်လည်း ချက်ပြုတ်နည်းမျိုးစုံကို တတ်ကျွမ်း၏။ ပထမတော့ မြေးအဘိုး နှစ်ဦး စားသောက်ရန် ထမင်းနှင့်ဟင်းကို ကျွန်ုပ်ကိုယ်တိုင် ချက်ပြုတ်ရလေ၏။

သည်တုန်းက မောင်ဇော်မောင် အသက်အရွယ် ငယ်သေးသည်ကိုး။ ထမင်းဟင်း ချက်ပြုတ်နေတုန်း ဗေဒင် မေးသူရောက်လာလျှင် ချက်ပြုတ် ခြင်းကို ခဏထားကာ ဗေဒင်သွားဟော ရလေ၏။ ဗေဒင်မေးသူပြန်သွားမှ ဆက် လက်ချက်ပြုတ်ရပြန်၏။ သည်တော့ ညနေ ၃ နာရီကျော်မှ နေ့လယ်စာ စားရသည့်အခါမျိုး ရှိခဲ့သည်။

မောင်ဇော်မောင် ကိုးနှစ်သား အရွယ်တွင် ထမင်းချက်တတ်လာသည်။ သူ့အမေ(ကျွန်ုပ်၏သမီးကြီး)ဟင်းချက် နေသည်ကို သွားကြည့်ပြီး ကိုယ်တိုင် ချက်ကြည့်သည်။ ကျွန်ုပ်မြေးချက်သည့် ဟင်းများက ပေါ့တစ်ခါ၊ ငန်တစ်လှည့် ဖြင့် စားလို့တော့ကောင်းသည်။ သူချက် ကျွေးသည့်ချဉ်ဟင်း စားရသည့်နောက် နေ့တွင် ဝမ်းနုတ်ဆေးစားစရာမလို။ မြင်းခွာရွက်သုပ်စားရသည့်ညတွင် မကြာ ခဏ ဆီးထသွားရသောကြောင့် ကျွန်ုပ် အိမ်သို့ သူခိုးမကပ်ရဲ။

"အ••အ••အား•••အား"

ကောင်းကင်ပေါ်မှ ကျီးကန်းများ ၏ ဆူညံသော အော်မြည်သံများကို ကြားလိုက်ရသည်။ ကျိုးပြီသည့်သဘော ဖြစ်နေသဖြင့် ကျွန်ုပ်သည် စာကို ဆက် မဖတ်တော့ဘဲ ကောင်းကင်သို့ မော့ ကြည့်နေမိ၏။ ကျီးကန်းအုပ်သည် ငှက် တစ်ကောင်ကို လိုက်၍ ဝိုင်းထိုးဆိတ် နေကြလေ၏။ မောင်ဇော်မောင်က အိမ် ထဲမှထွက်လာပြီး ကောင်းကင်သို့ မော့ ကြည့်နေသည်။

"ငှက်တစ်ကောင်ကို ကျီးကန်း တွေက ဝိုင်းပြီးထိုးဆိတ်နေတာ"

"ကျီးကန်းတွေလိုက်ပြီး ထိုးဆိတ် နေတာ ဇီးကွက် လူလေးရေ။ ဇီးကွက် က နေ့ဘက်ဆိုရင် ကျီးကန်းတွေကို ကြောက်လို့ သစ်ခေါင်းထဲမှာ ပုန်းနေ လေ့ရှိတယ်။ ညဘက်ရောက်တော့မှ အပြင်ကိုထွက်ပြီး အစာရှာစားတယ်။ ညမင်းသားပေါ့။ ဇီးကွက်က လူတွေနဲ့ ကင်းဝေးတဲ့နေရာမှာ နေတယ်"

"ဟင်•••ဒါဆို ဇီးကွက်က တော ထဲမှာနေတာလား"

"တောထဲမှာလည်း နေတာပဲ။ သစ်ပင်ကြီးတွေ အုပ်ဆိုင်းနေတဲ့နေရာ မှာလည်း နေတတ်တာပဲ။ အရင်က အဘိုးတို့အရပ်ထဲက မောင်သောင်း ညွန့်အိမ်ရှေ့မှာ လူသုံးလေးဖက်စာ လောက်ရှိတဲ့ ကုက္ကိုပင်ကြီးရဲ့အပေါ်က



www.burmeseclassic.com

www.burmeseclassic.com

သစ်ပေါက်ထဲမှာ ငှက်ကွက်တစ်ကောင်နေတယ်။ အဲဒီငှက်ကွက် အပြင်ထွက်လာလို့ ကျီးကန်းတွေဝိုင်းလိုက်ပြီး ထိုးဆိတ်နေတာဖြစ်မယ်။ ညဘက် ညဥ့်နက်တဲ့အချိန်မျိုးမှာ ငါ့မြေးအိပ်ပျော်နေရာက တစ်ရေးနိုးလာလိမ့်မယ်။ ပြန်အိပ်မပျော်သေးခင် အချိန်မှာ ကောင်းကင်ယံက 'ကွယ့် ကွယ့်'ဆိုတဲ့ အော်သံကို ကြားဖူးပါလိမ့်မယ်။ အဲဒါ . . . ငှက်ကွက်အော်သံပဲ"

"ငှက်ကွက်အော်ရင် ဘာဖြစ်မလဲ အဘိုး"

"ငှက်ကွက်ဟာ လူတွေနဲ့ ကင်းဝေးစွာနေတတ်တဲ့ငှက်မျိုး၊ တစ်ခါတစ်ရံ သဘာဝကိုဆန့်ကျင်၍ တစ်ဦးတစ်ယောက်ရဲ့အိမ်ကို လာရောက်ပြီးအော်လျှင် အနမင်္ဂလာဖြစ်တတ်တယ်။ အဲသလို သုံးရက်တိုင်တိုင် အိမ်အနီးကိုလာပြီး အော်နေရင် အဲဒီမိသားစုရဲ့ စည်းစိမ်ဥစ္စာ ပျက်စီးဆုံးရှုံးစေတယ်။ အဲဒီအချိန်မှာ သူခိုးခိုးခံရတာနဲ့ နာလန်မထူအောင် ဥစ္စာဆုံးရှုံးတတ်တယ်။

ငှက်ကွက်က အိမ်တစ်အိမ်ပေါ်မှာ နားပြီး ကွယ့် ကွယ့်လို့အော်ရင် အဲဒီအိမ်မှာ ခိုက်ရန်ဒေါသဖြစ်ပြီသာမှတ်။ သုံးလေးရက် ဆက်တိုက်အော်ရင်တော့ အဲဒီအိမ်ကလူ သေဆုံးမယ်လို့ နိမိတ်ပေးတာပဲ။

ငှက်ကွက်ဟာ လူတစ်ဦးတစ်ယောက်အိမ်ထဲကို မမျှော်လင့်ဘဲဝင်လာပြီး နေထိုင်မယ်ဆိုရင်တော့ အဲဒီအိမ်မှာ လာဘ်လာဘတိုးတက်လာလိမ့်မယ်။ မီးဖိုချောင်ထဲကို ငှက်ကွက်ဝင်လာပြီးနေရင် အဲဒီအိမ်မှာ စားနပ်ရိက္ခာပြည့်စုံမယ့် နိမိတ်ပဲ။ အိပ်ပျော်နေသူရဲ့ ကုတင်ပေါ်ကို ငှက်ကွက်လာပြီးနားရင် အချစ်ရေးကိစ္စ အောင်မြင်မယ်။ ကိုယ်ဝန်ရှိတဲ့ မိန်းမကို ငှက်ကွက်လာထိရင် သားယောက်ျားလေးမွေးမယ်။ တကယ်လို့ ကိုယ်ဝန်ဆောင် မိန်းမရဲ့အနားမှာ ငှက်ကွက်လာနားရင် သမီးမိန်းကလေးမွေးမယ်"

ကျီးကန်းများက ငှက်ကွက်ကို ဝိုင်းအုံထိုးဆိတ်နေကြခဲ့ဖြစ်၏။ အရပ်ထဲမှ လူများက ငှက်ကွက်ကို လေးဖြင့်လှမ်းပစ်ကြသည်။

"ဟော့ . . . ငှက်ကွက်ကို မှန်သွားပြီဟော့"

ငှက်ကွက်သည် မြေပြင်ပေါ်သို့ကျလာ၏။ ကိုပုရှုးဆိုသူက ငှက်ကွက်ကို လိုက်၍ဖမ်းမိသွားသည်။ ကိုပုရှုးသည် ငှက်ကွက်ကို ကျွန်ုပ်ထံသို့ ယူလာလေ၏။ ငှက်ကွက်ကို မမြင်မတွေ့ဖူးသော အရပ်ထဲမှ ကလေးများ၊ မိန်းမများသည် ကိုပုရှုးလက်ထဲမှ ငှက်ကွက်ကို သေချာစွာလိုက်ကြည့်နေကြလေ၏။

"မောင်ပုရှုး မင်းက ငှက်ကွက်ကို ဖမ်းပြီး ဘာလုပ်မလို့လဲ"

ကျွန်ုပ်က ပုရှုးကိုမေးလိုက်မိ၏။

"ကျွန်တော် မွေးထားမှာပေါ့ . . . ဦးလေးသိန်းရဲ့"

"အင်း . . . အခုအချိန်က မှန်းတည့်ချိန်၊ ငှက်ကွက်က ကောင်းကင်ပေါ်ကကျလာတယ်။ မင်းက ဖမ်းဆီးတယ်။ မင်းမိန်းမဟာ မကြာခင်မှာ လေဖြတ်လိမ့်မယ် မောင်ပုရှုး"

"ဟာ . . . ဦးလေးသိန်းကလည်း ငှက်ကွက်ဖမ်းမိတာနဲ့ ကျွန်တော့်မိန်းမက လေဖြတ်မယ်ဆိုတာ မဟုတ်သေးပါဘူး"

"တစ်ဆက်တည်း ပြောလိုက်ဦးမယ်။ မင်းလည်း ယာဉ်မောင်းရင် သတိထား။ မကြာခင်မှာ မင်းယာဉ်တိုက်မှုဖြစ်လိမ့်မယ်"

ကိုပုရှုးသည် ကျွန်ုပ်၏စကားကို မယုံကြည်သောအကြည့်ဖြင့် ကြည့်ပြီးပြုံးနေလေ၏။ ကျွန်ုပ်က ဘာမှဆက်မပြောတော့ဘဲ ငြိမ်နေလိုက်၏။ ကိုပုရှုးသည် ငှက်ကွက်ကလေးကိုပိုက်ပြီး ခြံထဲမှထွက်သွားလေ၏။ ကလေးတစ်သိုက်သည် ကိုပုရှုးနောက်သို့ လိုက်သွားလေ၏။

"ဟင်း . . . မောင်ပုရှုးက ငှက်ကွက်ကို အိမ်မွေးတိရစ္ဆာန်အဖြစ် မွေးဦးမလို့တဲ့၊ ငှက်ကွက်ဟာ ဂမ္ဘီရပညာအရ အလွန်အသုံးဝင်တဲ့ သတ္တဝါဖြစ်ပြီး အံ့ဖွယ်အကျိုးသက်ရောက်မှုကိုလည်း ပေးနိုင်တယ်"

"ဘယ်လို အံ့ဖွယ်အကျိုးသက်ရောက်မှုကို ပေးနိုင်တာလဲ အဘိုး"

မြေးဖြစ်သူ မောင်ဇော်မောင်က စူးစမ်းတတ်သောစိတ် ရှိသူပီပီ မေးမြန်းလေ၏။

"အင်္ဂါနေ့ (သို့မဟုတ်) တနင်္ဂနွေနေ့မှာ ငှက်ကွက်အရှင်တစ်ကောင်ကို ဖမ်းထားပြီး ဘာမှမကျွေးဘဲ သူ့ပါးစပ်ကို ဖြဲပြီး အရက်ကိုသာတိုက်ပေး။ ငှက်ကွက် အရက်မူးပြီး အိပ်မပျော်သွားအောင် လူတစ်ယောက်က အမြဲခြောက်လန့်ပေးနေရမယ်။ သုံးရက်၊ သုံးညဘက်



www.burmeseclassic.com

www.burmeseclassic.com

ဦးကွက်ခရာ နေမအိပ်ရ ညမအိပ်ရရင် ဦးကွက်ဟာ အသံချိုလာပြီး လူလို စကားပြောဆိုတတ်လာမယ်။ မေးမြန်းသမျှကိုဖြေကြားပေးလိမ့်မယ်။ အတိတ်အကြောင်း၊ အနာဂတ်မှာ ဘာဖြစ်မှာလဲ လိုအင်ဆန္ဒတွေရှိရင်လည်း မေးလို့ရတယ်။ မင်း ဘာစီးပွားရေးလုပ်ချင်သလဲ။ သူက လမ်းညွှန်လိမ့်မယ်"

"ဟင်…ဒါဆို ကိုပွစုဖမ်းမိထားတဲ့ ဦးကွက်ကို အဘိုးပြောသလို စီရင်ပြီး မေးမြန်းကြည့်ဖို့ကောင်းတယ်"

"တော်စမ်းပါ လူလေးရယ်…။ အဘိုးပြောတဲ့စကားကို မယုံကြည်သလို ရယ်ရယ်ပြုသွားတာ လူလေးမြင်တယ် မဟုတ်လား။ ဒါပေမယ့် အဘိုးစိတ်မဆိုးပါဘူး။ အဘိုးပြောတဲ့စကား မှန်မမှန် စောင့်ကြည့်ပါဦး"

ကျွန်ုပ်သည် ဖတ်လက်စဆေးကျမ်းကိုသာ ဆက်ဖတ်နေ၏။ မောင်ဇော်မောင်ကလည်း မီးဖိုချောင်ထဲသို့ ပြန်ဝင်သွားလေ၏။

◆◆◆

ဘာမှမကြာပါချေ။ တစ်နေ့သောနံနက်တွင် ကျွန်ုပ်သည် အိပ်ရာမှထကာ မျက်နှာသစ်နေ၏။ မြေးဖြစ်သူ မောင်ဇော်မောင်က နံနက်စာစားရန် မီးဖိုချောင်ထဲတွင် ထမင်းကြော်နေ၏။ ထိုအချိန်တွင် အရပ်ထဲမှ မတင်သောင်းသည် ခြံတံခါးကိုဖွင့်ကာ ခြံထဲသို့ဝင်လာလေ၏။

"လုပ်ပါဦး၊ ကယ်ပါဦး ဦးလေးသိန်းရယ်။ ပွစုရဲ့မိန်းမရီထွေး လေဖြတ်သွားလို့"

မတင်သောင်း၏ စကားကြောင့် မောင်ဇော်မောင်မှာ ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားလေ၏။

"ဒီမနက် အိပ်ရာကထတော့ သူတို့အိမ်ဘက်က ရှူးရှူး ရှူးရှူးနဲ့ အသံကြားလို့ သွားကြည့်မိတယ်။ မရီထွေးက ဗလုံးဗထွေးနဲ့ အော်နေတာ။ ကျွန်မက နင် ဘာဖြစ်နေတာလဲမေးတော့ သူ့ကိုယ်တစ်ခြမ်း လှုပ်လို့မရဘူးလို့ ဟန်အမူအရာနဲ့ပြတယ်"

"မောင်ပွစုကော မရှိဘူးလား"

"ပွစုက ကားမောင်းသွားတယ်လေ"

ကျွန်ုပ်သည် မတင်သောင်းနှင့်အတူ မရီထွေးရှိရာသို့ လိုက်လာခဲ့၏။ မရီထွေး၏လျှာအား စပါးကြီးသည်းခြေဖြင့် ပွတ်ပေး၏။ စပါးကြီးသည်းခြေသည် အလွန်ခါးလွန်းသောကြောင့် လျှာကို လှုပ်ရှားလာစေရန်ဖြစ်၏။ ဝဲဘက်လက်တစ်လျှောက် ဆေးလိမ်းပေးပြီး နှိပ်နယ်ပေး၏။ ဝဲဘက်ခြေတစ်လျှောက်သို့ မတင်သောင်းအား ဆေးလိမ်းခိုင်းပြီး နာနာနှိပ်စေ၏။

"မနေ့က သွေးတိုးဆေးတွေ စားထားလိမ့်မယ်။ သွေးတွေဆောင့်တက်နေတော့ ခေါင်းထဲမူးဝေနေတယ်ဆိုပြီး အိပ်လိုက်တယ်။ အခုလက နွေပူညချမ်းတဲ့ တပေါင်းလ။ အကျီပါးပါးလေး ဝတ်အိပ်တယ်။ ညဘက် အအေးဓာတ်ကဝင်လာတော့ အိပ်မောကျနေလို့ သတိမထားမိတော့ဘူး။ အအေးပတ်ပြီး လေဖြတ်သွားတာ။ လူကလည်း တအားဝတာကို။ လေ့ကျင့်ခန်းလုပ်ပေးရင်တော့ အနည်းငယ်သန်စွမ်းလာနိုင်တယ်။ လုံးကောင်းပကတိလိုတော့ ပြန်မကောင်းနိုင်တော့ဘူး။ သူ့ယောက်ျားကို ပိုးတစ်နေ့က ဦးလေးသိန်းက မင်းမိန်းမ လေဖြတ်မယ့်ကိန်းရှိတယ်။ ဂရုစိုက်လို့ပြောတာ မောင်ပွစုက အလေးဂရုမပြုဘူးလေ"

"ကွယ့်…ကွယ်"

နေအိမ်ရှေ့ လှောင်အိမ်ထဲမှ ဦးကွက်ကအော်၏။

"အင်း…ဒီအိမ်ကို မင်းရောက်လာလို့ အခုလိုဖြစ်ရတာပဲ။ မဦးမချွတ်ပြောတာတော့မဟုတ်ဘူး မတင်သောင်းရေ။ မောင်ပွစု ယာဉ်တိုက်မှုဖြစ်နေပြီ။ ငါပြောတာ မယုံရင် ညနေကျရင် သတင်းကြားရလိမ့်မယ်"

"ဟင်…"

"မရီထွေးအမေနဲ့ ညီအစ်ကိုမောင်နှမတွေ မလာကြသေးပါလားဟဲ့"

"သွားခေါ်ခိုင်းထားတယ် ဦးလေးသိန်း"

"ဒီရောဂါက ချက်ချင်းတော့ မသက်သာနိုင်ဘူး။ ဆေးလိမ်းပြီး နင်းနှိပ်ပေး၊ လေ့ကျင့်ခန်းလုပ်ပေးရမယ်။ ငါ မနက်စာ မစားရသေးလို့ ပြန်ဦးမယ်"

ကျွန်ုပ်သည် အိမ်သို့ပြန်လာခဲ့လေ၏။ မြေးဖြစ်သူ မောင်ဇော်မောင်အား မေးဆတ်ပြလိုက်၏။ အဘိုးပြောတဲ့စကား မှန်နေပြီမဟုတ်လားဟု အထာပြသည့်သဘောပင်။ မောင်ဇော်မောင်က ကျွန်ုပ်ကို ခေါင်းညိတ်၍ပြလေ၏။ ကျွန်ုပ်သည် မြေးဖြစ်သူနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com

နံနက်စာစားပြီးသည်နှင့် တုတ်ကောက်ကို ဟန်ပါပါထောက်ကာ ဈေးလမ်းတွင်နေထိုင်သော သူငယ်ချင်းဖြစ်သူ ဦးဘချစ်ထံသို့ လာခဲ့လေ၏။ ကျွန်ုပ်၊ ဦးဘချစ်နှင့် ဦးစံရွှေတို့သည် မနက်နှင့် နေ့လယ်ပိုင်းအချိန်များတွင် မြန်မာစစ်တုရင် ကစားလေ့ရှိလေ၏။ မြန်မာစစ်တုရင်သည် ဉာဏ်ရည်ကိုအားထုတ်ရသော ကစားနည်းဖြစ်လေရာ အပျင်းပြေရုံမက သူ့အမှား၊ ကိုယ့်အမှား (စစ်တုရင်အကွက်များ၏ ရွှေ့ခြင်း)ကို ထောက်ပြရင်း စိတ်နှလုံးကို ချမ်းမြေ့စေသည်။

"ကိုဘသိန်း…ခင်ဗျားတို့အရပ်ထဲက မောင်ပုရှုး မြေကြီးကလေးရွာနားမှာ ကုလေးတစ်ယောက်ကို ဝင်တိုက်မိတာ ပွဲချင်းပြီးသေသွားတယ်လို့ သတင်းကြားခဲ့တယ်"

"ဒီကောင် ကျုပ်စကားကို နားမထောင်တာဗျ။ သူ့ဆီကို ဇီးကွက်တစ်ကောင်ရောက်လာတယ်။ တစ်နေ့ နေ့ခင်းမှာ ကျီးကန်းတွေ လိုက်ထိုးလို့ အောက်ကိုကျလာတဲ့ ဇီးကွက်ကို သူက လိုက်ဖမ်းပြီး အိမ်မှာမွေးထားတာလေ။ ကျုပ်က ဇီးကွက်ဆိုတာ လူတွေကို ကောင်းကျိုးပေးတတ်သလို ဆိုးကျိုးလည်းပေးတတ်တာမို့ မမွေးပါနဲ့လို့ကား တယ်။ မင်းလည်း ယာဉ်တိုက်မှုဖြစ်လိမ့်မယ်၊ မင်းမိန်းမလည်း လေဖြတ်မယ်၊ သတိထားလို့ပြောတာ သူက ကျုပ်ကို ပျက်ရယ်ပြုတယ်လေ။ ဟင်း အခုတော့ မနက်က သူ့မိန်းမက လေဖြတ်တယ်။ ဟော…အခု သူက ယာဉ်တိုက်မှုဖြစ်တယ်"

မောင်ပုရှုး ယာဉ်တိုက်မှုဖြစ်ကြောင်း သတင်းပေးသူမှာ ဦးဘချစ်၏ ညီဖြစ်သူ ရှေ့နေဦးဘရိုန်ဖြစ်လေ၏။ ဦးဘရိုန်သည် ထောင်သူလယ်သမားခေါင်းဆောင်ကြီး ဂဠုန်ဆရာစံအား ဗြိတိသျှအစိုးရက သူပုန်ဟုသတ်မှတ်ပြီး ဖမ်းဆီးကာ သေဒဏ်ပေးနိုင်ရန်အတွက် တရားရုံးသို့ တရားစွဲဆိုစစ်ဆေးစဉ်က ဂဠုန်ဆရာစံဘက်မှ လိုက်ပါဆောင်ရွက်ပေးခဲ့သည့် ရှေ့နေများထဲတွင် တစ်ဦးအပါအဝင်ဖြစ်လေ၏။ စကားပြောပြတ်သည်။ သို့သော် တရားခွင်တွင် တရားခံ (သို့မဟုတ်) တရားလိုဘက်မှ အမှုလိုက်ပါဆောင်ရွက်ပေးရာတွင် အလွန်လျှောက်လဲချက်ကောင်းသော ရှေ့နေကြီးတစ်ဦးလည်း ဖြစ်လေ၏။

"ဆရာသိန်းလို လူတစ်ယောက်ကပြောတဲ့စကားကို မထီမဲ့မြင်ပြုတော့ မဖြစ်သင့်တာတွေ ဖြစ်တာပေါ့။ ယာဉ်တိုက်ခံရတဲ့ကုလေးက တာလမ်းပေါ်ကို အတင်းဖြတ်ပြေးတာလို့ သိရတယ်။ ဖြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄(က)ဗျ။ အင်း…တစ်မြို့တည်းသားချင်း ဖြစ်နေတာရယ်၊ သူ့အဖေက ကျောင်းဆရာကစ်ဦးဖြစ်ပြီး လေးစားခင်မင်ရတာတွေကြောင့် သူ့အမှုကလွတ်အောင် ကျွန်တော်ကူညီပါ့မယ်"

ဦးဘရိုန်းကပြောသည်။ ကျွန်ုပ်မှာ မောင်ပုရှုးတို့လင်မယားအတွက် စိတ်မကောင်းဖြစ်နေသောကြောင့် စစ်တုရင်ကို ဆက်ကစားလိုစိတ် မရှိတော့သဖြင့် အိမ်သို့ပြန်လာခဲ့လေ၏။ အရပ်ထဲတွင် မောင်ပုရှုး ယာဉ်တိုက်မှုဖြစ်သည့်အကြောင်းကို ပြောဆိုနေကြသည်။

"ကိုပုရှုး"

မြေးဖြစ်သူက ကျွန်ုပ်ကို မောင်ပုရှုး၏သတင်းကိုပြောရန် ဟန်ပြင်၏။ ကျွန်ုပ်က လက်ကာတားလိုက်သဖြင့် သူ့စကား ရပ်သွား၏။

"ကိုဘရိုန်ပြောပြလို့ အဘိုးသိခဲ့ပြီလူလေး"

"ကိုပုရှုးညီက သူ့အစ်ကိုနဲ့ သူ့မရီး အခုလိုဖြစ်ရတာတွေဟာ ဇီးကွက်ကြောင့်ဆိုပြီး ဒေါသဖြစ်ဖြစ်နဲ့ ဇီးကွက်ကို လှောင်အိမ်ထဲကထုတ်ပြီး ခြေနှစ်ချောင်းကဆွဲလို့ တိုင်နဲ့ရိုက်လိုက်တာ ဇီးကွက်သေသွားပြီး ဇီးကွက်ကို ရေဇလုံထဲထည့်ထားတာ ဇီးကွက်ပါးစပ်ထဲက သွေးတွေထွက်လို့"

မောင်ဇော်မောင်က ကျွန်ုပ်ကို ပြောပြနေ၏။

"အေး…အခုမှ အဘိုးလည်း သတိရသွားတယ်။ ရေဇလုံထဲက ဇီးကွက်ရဲ့သွေးကို ဒီပုလင်းထဲမှာ ထည့်ယူခဲ့စမ်း"

"ဟာ…အဘိုးကလည်း ဦးချို့လေးက သူ့အစ်ကို ယာဉ်တိုက်မှုဖြစ်လို့ ဒေါသဖြစ်နေတာ။ ကျွန်တော့်ကို ကြိမ်းမောင်းလွှတ်လိမ့်မယ်"

"အဘိုးက ယူခိုင်းတာလို့သာ ပြောလိုက်စမ်းပါ"

မောင်ဇော်မောင်သည် အဝကျယ်သော ပုလင်းကိုယူကာ မောင်ပုရှုး၏ အိမ်ဘက်သို့ သွားလေ၏။ ထိုအကြာ



www.burmeseclassic.com

www.burmeseclassic.com

တော့ မောင်ဇော်မောင်သည် ဗီးကွက်၏ သွေးကို ပုလင်းထဲသို့ထည့်၍ ယူလာ၏။

"အဘိုးက ဗီးကွက်သွေးကို ဘာ လုပ်မလို့လဲ"

"ဘာလုပ်မလို့လဲဆိုတာ လူလေး သိရအောင် အဘိုးက ပြောပြမှာပေါ့"

ကျွန်ုပ်သည် မောင်ဇော်မောင်ယူ လာသည့် အဝကျယ်ပုလင်းထဲမှသွေးကို သန့်ရှင်းသော ပုလင်းတစ်လုံးထဲသို့ ထည့်ပြီး အဖုံးကိုလုံအောင်ပိတ်ထား လိုက်၏။

"ဂမ္ဘီရပညာရပ်တစ်ခုကို အဘိုး စမ်းသပ်ပြမယ်။ အိန္ဒိယက ယောဂီကြီး တွေရေးတဲ့ ကျမ်းတွေထဲမှာ ဖတ်ရတာ ပါ"

ကျွန်ုပ်သည် မှန်တစ်ချပ်ပေါ်သို့ ပုလင်းထဲမှ ဗီးကွက်၏သွေးတစ်စက်ကို ချလိုက်၏။ မောင်ဇော်မောင်၏ ညာ ဘက်လက်ညှိုးအား ကြိုးဖြင့်စည်းကာ အပ်ဖြင့်ဖောက်၏။

"အား...နာလိုက်တာအဘိုးရာ"

"မင်းက ပညာလိုချင်တဲ့သူဆို တော့ အနာခံမှ အသာစံရမယ်လေ။ ခုမှ အံ့ဩသွားမယ်"

လက်ညှိုးထိပ်မှ သွေးများဆူ ထွက်လာ၏။ မောင်ဇော်မောင့်မျက်နှာ မှာ ရှုံ့မဲ့နေ၏။ ကျွန်ုပ်သည် မောင်ဇော် မောင်၏သွေးနှင့် ဗီးကွက်သွေး နှစ်ခု ကို တုတ်ကလေးဖြင့်မွှေကာ ပေါင်းစပ် လိုက်၏။

"အဘိုးက ကျွန်တော့်ကို မျက် စည်းပြမလို့လား"

ကျွန်ုပ်က ပြုံးနေလိုက်၏။ ဆေး ပစ္စည်းစင်ပေါ်မှ ဖျားရည်ပုလင်းကိုလှမ်း ယူပြီး အဖုံးဖွင့်လိုက်သည်။ ဖျားရည် တစ်စက်ကို ဗီးကွက်နှင့် လူသွေး ရော ထားသည့် မှန်ပေါ်သို့ချသည်။ ထိုသုံး မျိုးကို ရွှေစပ်သည်။

"အဲဒါတွေရောပြီး ဘာလုပ်မလို့ လဲအဘိုးရဲ့"

"မင်းကို မျက်စဉ်းခတ်ပေးမလို့"

"အဘိုး...တေးရေးဆရာကြီး အေဝမ်းဆရာညှာက အသက်ဆယ့်သုံး နှစ်သားအရွယ်မှာ ကျောက်ပေါက်လို့ မျက်စိနှစ်လုံး ကွယ်သွားရတယ်။ ကျွန် တော့်ကတော့ အဘိုးအင်ဂ်ဝိဇ္ဇာဆရာ သိန်းကြောင့် မိန်းမ မရခင် မျက်စိကန်း ရဦးမယ်ထင်တယ်"

"ဟားဟား...လူလေးကတော့ ပြောရော့မယ်။ ကဲ...မျက်စိမှိတ်ပြီး အပေါ်ကိုမော့ထားစမ်း"

မောင်ဇော်မောင်သည် မျက်စိကို စုံမှိတ်ပြီး အပေါ်သို့မော့ထား၏။ ကျွန်ုပ် က ဗီးကွက်သွေး၊ လူသွေး၊ ဖျားရည်တို့ ရောစပ်ထားသည့် အရည်ကို မောင်ဇော် မောင်အား မျက်စဉ်းခတ်ပေးလိုက်၏။

"ခင်သန်းဝင်းရေ နင်နဲ့ငါနဲ့တော့ ဒီတစ်သက် ဝေးပြီထင်တယ်"

"ဘယ်က ခင်သန်းဝင်းလဲ လူ လေးရဲ့"

"မသိချင်ပါနဲ့အဘိုးရယ်။ မျက်စိ ထဲက ခွဲကျိကျိအရည်တွေ စိမ့်ဝင်နေ တယ်ဗျ"

"မင်းမျက်စိထဲမှာ ဘာတွေမြင် နေသလဲ"

"အင်း...ကိုပုစွန်း အချုပ်ခန်းထဲ မှာ ငိုနေတယ်ဗျ။ အချုပ်ခန်းဘေးမှာ သူ့ယောက်ဖမောင်လှ ဘာတွေပြောနေ သလဲ မသိဘူး။ လက်ဟန်ခြေဟန်နဲ့ ပြောနေတာ"

"မင်းအဖေနဲ့အမေဆီကို အာရုံ ပြုပြီး ကြည့်လိုက်စမ်း"

"အဖေရယ်၊ အမေရယ်၊ အစ်ကို ကြီးရယ်၊ ညီမလေးရယ် ထမင်းစားနေ ကြတယ်"

"ကဲ...မျက်လုံးကိုဖွင့်၊ မျက်နှာ သွားသစ်ပစ်လိုက်စမ်း"

မောင်ဇော်မောင်သည် မျက်နှာ သစ်ပြီးပြန်လာ၏။

"မျက်စိကိုစုံမှိတ်ပြီး အာရုံပြု ကြည့်စမ်း"

"ဘာမှမမြင်တော့ဘူး အဘိုးရဲ့"

"သေချာလို့လား"

"သေချာပါတယ်။ မှန်ပေါ်က လက်ကျန်ဆေးလေးနဲ့ မျက်စဉ်းခတ် ပေးစမ်းပါ။ ခင်သန်းဝင်း ဘာလုပ်နေ သလဲဆိုတာ ကြည့်ချင်လို့"

"ဂမ္ဘီရပညာတွေဟာ ခက်ခဲနက် နဲတယ်။ သူတစ်ပါးကို အကျိုးယုတ်စေ တဲ့ နည်းတွေလည်းရှိတယ်။ သူတစ်ပါး ကို အကျိုးယုတ်အောင်လုပ်မိရင် မိမိ လည်း တစ်နေ့မှာ ကံကံ၏အကျိုးကို ခံစားရတာဘဲတယ်။ ဒီတော့ မသိချင်၊ မတတ်ချင်နဲ့ လူလေး"

ကျွန်ုပ်သည် မှန်ပေါ်မှဆေးများ ကို ရေဖြင့်ဆေးချပြီး ဆေးတံကိုမီးညှိ ကာ ဖွာရှိုက်နေမိလေတော့၏။ /

ဝင်းဇော်(သုံးဆယ်)



www.burmeseclassic.com

www.burmeseclassic.com

# ပန်းတစ်ပွင့်တောင်တွင်

# ဝေဝေဝါးဝါးနှင်း

မောင်ချိုဝေ

သည့်နှစ်ဆွေဦးမှာပင် မီးလောင်မှုများက များလှသည်။ အယ်နီညို၊ ခရမ်းလွန်ရောင်ခြည် စသည့်စကားလုံးများ၏ ခြိမ်းခြောက်ခြင်းကိုလည်း ခံနေကြရသည်။ ဆောင်း၏ သဘာဝကို ရက်ပိုင်းမျှသာ ခံစားလိုက်ရသည်ထင်၏။ သားသမီးများက "အဖေကြီး နေပူထဲကိုမသွားနဲ့နော်"ဟု သတိပေးစကား ပြောကြလေပြီ။

ပန်းတစ်ပွင့်တောင်ဆရာတော် ဖိတ်သဖြင့် ၂၄-၂-၂၀၁၆ နေ့က နေပူကိုတိုးဝင်ကာ ရောက်ဖြစ်ခဲ့သည်။ ပန်းတစ်ပွင့်တောင်ဆိုသည်က ရန်ကုန်မြို့နှင့် ၃၅ မိုင်မျှအကွာ မှော်ဘီမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့ အလယ်စည်းတွင် တည်ရှိပြီး ရန်ကုန်ပြည်းလမ်းမှ အတွင်းသို့ ၁၀ မိုင်မျှဝင်ရသည်။ တိုက်ကြီး၊ မှော်ဘီသို့ရောက်သော်လည်း အေးချမ်းသာယာသော သာသနာ့နယ်မြေ ပန်းတစ်ပွင့်တောင်ကို မရောက်လျှင် မပြည့်စုံနိုင်ပါ။ ရန်ကုန်မှလာလျှင် မှော်ဘီမြို့ အဝင် လေထီးလမ်းခွဲမှ ဝင်နိုင်သည်။ ပြည်ဘက်မှလာ... ဖူးကြီးရေလှောင်တာမံ အဝင်လမ်းမှ ဝင်၍ရသည်။ ယခု... ဆရာတော်ကြီး ဖောက်ထားသည့် မျောက်ချောကုန်း... ပန်းတစ်ပွင့်တောင် အဝင်လမ်းသည် ဖြောင့်တန်းလျက်ရှိ... ပန်းတစ်ပွင့်တောင် လမ်းတိုင်းသည် လတ်ဆတ်သော ... လက်ရန့်နှင့် တောရိပ်တောင်ရိပ်တို့ကို မြင်တွေ့ခံစား... စေပါ၏။

ကျွန်တော်တို့ရောက်လျှင် ဆရာတော်က အ... ပင် ပြုံး၍ကြိုပါသည်။ ဆရာတော်၏ ထိုအပြုံးကို ဖူးမြေ... တိုင်း ဘဝအဓမောပြေရပါသည်။ သောကငြိမ်းသော အပြုံ... ကို ထာဝရပြုံးနိုင်သော ဆရာတော်၏ သီလ၊ သမာဓိ... နှစ်သက်မြတ်နိုးမိပါသည်။ ဆရာတော်သည် မဟာသ... ဇောတိကာဝေ မဓမ္မကထိက ဗဟုဇနဟိတရောဂံ... ဆ... တော်ဘဒ္ဒန္တပညာသာရ ဖြစ်ပါသည်။

www.burmeseclassic.com

သည်ကနေ့ ဆရာတော်ဖိတ်ကြားသည့်အကြောင်းမှာ "ပန်းတစ်ပွင့်တောင် ဗုဒ္ဓသာသနာကောလိပ်" ဖွင့်လှစ်နိုင်ရေး ပထမအကြိမ် ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးဟူ၏။ အခင်ကပင် ဆရာတော်သည် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို ဖွင့်လှစ်ကာ အခြေခံပညာအထက်တန်းအထိ ပညာသင်ပေးလျက်ရှိရာ အနီးအနားရွာစဉ်တို့မှ မိဘများ စိတ်အေးချမ်းသာကြရသည်။ ထိုဝန်ကို ဆရာတော်ထမ်းသည်မှာ ဆယ်စုနှစ်တစ်စုတိုင်ခဲ့ပြီ။ သေးသောဝန်တော့ မဟုတ်ပါ။ ကျောင်းအိမ်၊ ကျောင်းစားများကို ကျွေးမွေး နေရာပေး လိုလေသေးမရှိ ထောက်ပံ့ထားခဲ့သည်။ သက်သတ်လွတ်ဘုန်းတော်ဖြစ်သဖြင့် အသားမစားရသည်ကလွဲ၍ ဒိုအေစစ်ထစ်ခုပင်။ ယခုအခါ ဆရာတော်က ဒုတိယဝန်ထုပ်ကိုထမ်းရန် ပြုပြင်ချေပြီ။

အစည်းအဝေးသို့ နိုင်ငံတော်သံဃာ့မဟာနာယက ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ လှည်းဆိပ်ဆရာတော်ကြီး ဦးဇောတသာရ ကြွရောက်တော်မူပါသည်။ ရန်ကုန်နှင့်မန္တလေး ဗုဒ္ဓတက္ကသိုလ်များမှ ပါမောက္ခဆရာတော်များ၊ တိုက်ကြီးနှင့် ရှော်ဘီမှ ကျောင်းထိုင်ဆရာတော်ကြီးများ၊ သာသနာရေးဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့် အသိပညာရှင် အတတ်ပညာရှင်များ တက်ရောက်ကြသည်။

မွန်းလွဲ ၁ နာရီတွင် အစည်းအဝေးစသည်။ အစည်းအဝေးစလျှင် နိုင်ငံတော်သံဃမဟာနာယက အကျိုးတော်ဆောင် ဒုတိယဥက္ကဋ္ဌ လှည်းဆိပ်ဆရာတော်ကြီးက ဩဝါဒ စကား မြွက်ကြားသည်။ ဆရာတော်ကြီးက ဗုဒ္ဓသာသနာကောလိပ်သည် ယခုဘုန်းတော်ကြီးသင် ပညာရေးကျောင်းများတွင် ရင်ဆိုင်လျက်ရှိသော ဆရာအခက်အခဲကို ဖြေရှင်းနိုင်ရန် နည်းလမ်းတစ်ခုအဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကောလိပ်တွင် အကြီးတန်းအောင်မှ မှော်စရိယအောင် သံဃာများကို လက်ခံပြီး အခြေခံပညာ ကိုးတန်း၊ ၁၀ တန်း သင်ကြားနိုင်သည်အထိ ရည်ရွယ်သင်ကြားပေးသွားမှာဖြစ်ကြောင်း၊ သင်တန်း တစ်ခုကို သုံးနှစ်သင်ကြားမည်ဟု ရည်ရွယ်ကြောင်း၊ ထိုသံဃာတော်များ ကောလိပ်မှဆင်းလျှင် ဘုန်းတော်ကြီးသင်ပညာ ရေးကျောင်းများတွင် ဆရာအဖြစ် ဆောင်ရွက်ကြမှာဖြစ်ကြောင်း၊ သို့အတွက် ဆရာနှင့်ဒကာကွန်ရက် မြန်မာနိုင်ငံတွင် ပြန်လည်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ ထိုအထဲမှ သာသနာ့ အမွေထမ်းမည့် သာသနာ့အာဇာနည်များလည်း ပေါ်ထွန်းလာနိုင်ကြောင်း၊ ကလေးများ၏ ယဉ်ကျေးလိမ္မာမှုများကိုလည်း တစ်ချိန်တည်း သင်ပေးနိုင်ကြောင်း၊ ပန်းတစ်ပွင့်တော်ဗုဒ္ဓသာသနာကောလိပ် အမြန်ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန် နှိုးဆော်ပါကြောင်း ဩဝါဒ ပေးပါသည်။

ထို့နောက် ပန်းတစ်ပွင့်တောင်ဆရာတော်က ပန်းတစ်ပွင့်တော်ဗုဒ္ဓသာသနာကောလိပ်ကို ရေရှည်တည်တံ့အောင် စီမံဆောင်ရွက်သွားမှာဖြစ်ကြောင်းနှင့် သင်ကြားရေးပိုင်း၊ အုပ်ချုပ်စီမံရေးပိုင်းများအတွက် အတတ်ပညာရှင်၊ အသိပညာရှင်များက အကြံဉာဏ်များ ပြုကြပါရန် မိန့်ဆိုပါသည်။ ဆက်လက်ပြီး ဘာသာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) အကြံပေးအရာရှိ ဦးအောင်သိန်းညွှန့်က ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ပေါ်ပေါက်ခဲ့သည့် ရာဇဝင်ကို ပြောကြားပြီး ယခုအခါ မြန်မာနိုင်ငံရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသည် ဆင်းရဲနွမ်းပါးသည့် ကလေးသုံးသိန်းကျော်ကို စာသင်ပေးနေပါကြောင်း၊ ထိုကလေးများသည် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ မရှိခဲ့လျှင် လမ်းပေါ်ရောက်သွားကြမှာဖြစ်ကြောင်း၊ သို့အတွက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် ပညာလိုအပ်ချက်နှင့် စာရိတ္တခိုင်မာသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကို ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ယခုအခါ နိုင်ငံတော်မှ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများကို ဥပဒေအရ အသိအမှတ်ပြုပြီးဖြစ်ပါ၍ဖြင့် အထောက်အပံ့များ အပြည့်အဝရရှိလာတော့မှာဖြစ်ပါကြောင်း၊ ကောလိပ်၏ သင်ကြားရေးအပိုင်းတွင် အပြည့်အဝအကူအညီပေးနိုင်အောင် ကြိုးပမ်းသွားမှာဖြစ်ကြောင်း ဆွေးနွေးပါသည်။

ထို့နောက် ရန်ကုန် ဗုဒ္ဓတက္ကသိုလ်မှ ကထိကဆရာမကြီး ဒေါ်မြင့်မြင့်ကြည်၊ ရန်ကုန်ဗုဒ္ဓတက္ကသိုလ်မှ ကထိက ဆရာကြီး ဦးကိုကိုမြိုင်(တက္ကသိုလ်ရှင်သီရိ)၊ ဆရာဒေါက်တာ ဉာဏ်ထွန်းတို့က ဗုဒ္ဓသာသနာကောလိပ်အတွက် သင်ရိုးညွှန်းတမ်းဆိုင်ရာများကို ဆွေးနွေးပြီး နည်းပြဆရာများ စီစဉ်ထားမှုကို တင်ပြလျှောက်ထားပါသည်။ ထို့နောက် မန္တလေး သံဃာ

www.burmeseclassic.com

တက္ကသိုလ်မှ ကထိကဆရာတော် ဦးအာဂ္ဂသာရက သာသနာ အကျိုး ဆောင်ရွက်ကြရာတွင် စာသင်သံဃာတော်တို့၏ ဆွမ်း၊ ဆေး ဝေယျာဝစ္စ ချို့တဲ့လေ့ရှိပါကြောင်း၊ ယခုဗုဒ္ဓ သာသနာကောလိပ်တွင် တက်ရောက်သင်ယူကြမည့် သံဃာ များအတွက် သင်ကြားရေးအပိုင်းနှင့်အတူ ဆွမ်း၊ ဆေးဒကာ၊ ဒကာမများ လိုအပ်ပါကြောင်း၊ သင်တန်းမှာ ရေရှည်ဖြစ် တည်နိုင်ပြီး နောင်တွင် အဆင့်မြင့်ပညာသင်နိုင်သည့် ဗုဒ္ဓ ဘာသာတက္ကသိုလ်အထိ မျှော်မှန်းဆောင်ရွက်မှာ ဖြစ်ပါ ကြောင်းဖြင့် မြွက်ကြားပါသည်။

ဆက်လက်ပြီး မော်ဘီမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌဦးနေလင်းက မြန်မာနိုင်ငံတွင် ဒီမိုကရေစီ အင်္ဂါရပ်များ ပြည့်စုံလာသဖြင့် နိုင်ငံတကာ စိတ်ဝင်စားမှုနှင့် ရင်းနှီးမြှုပ်နှံ မှုများ ပိုမိုရရှိလာမည်ဟု ခန့်မှန်းရပါကြောင်း၊ သို့ဖြစ်ရာသည် လာမည့် အခြေအနေအတွက် လူ့စွမ်းအားအရင်းအမြစ် လို အပ်မှုနှင့် ကြုံတွေ့နေရပါကြောင်း၊ ယနေ့ မြန်မာနိုင်ငံတွင် ပညာမလုံလောက်ခြင်း၊ ပညာရေးချို့ယွင်းဖြစ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ပညာရေးချို့ယွင်းမှုသုံးကြိမ် ဖြစ်ခဲ့ပါကြောင်း၊ ၁၈၂၄ ခုနှစ် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲတွင် အင်္ဂလိပ်တို့၏ လက် နက်နည်းပညာအသာစီးကို မြင်တွေ့ရပြီး ပညာရေးချို့ယွင်းဖြစ်ခဲ့ပါ ကြောင်း၊ ထိုပညာရေးချို့ယွင်း၏ အကျိုးဆက်မှာ တိုင်းပြည်ကျွန် ဖြစ်သည်အထိ ဆိုးရွားခဲ့ပါကြောင်း၊ ၁၉၄၈ ခုနှစ် လွတ်လပ် ရေးရချိန်တွင် ဝန်ကြီးချုပ်ဦးနုက လွတ်လပ်ရေးနေ့မိန့်ခွန်း၌ မြန်မာ့ပညာရေးကို အနောက်နိုင်ငံများ၏ စက်မှုတော်လှန် ရေးနှင့် လိုက်လျောညီထွေဖြစ်အောင် သင်ကြားကြမည်ဖြစ် ကြောင်း ပြောကြားခဲ့သော်လည်း မြန်မာနိုင်ငံ၌ စာတတ် မြောက်မှု ရာခိုင်နှုန်းကို ပြန်လည်စစ်တမ်းကောက်သည့်အခါ ယခင် ကျွန်မဖြစ်ခင်က ဘုန်းတော်ကြီးကျောင်းပညာရေး ကြောင့် စာတတ်မြောက်မှု ၈၀ ရာခိုင်နှုန်းကျော် ရှိခဲ့သည့် မြန်မာတို့ သည် စာတတ်မြောက်မှု ၃၀ ရာခိုင်နှုန်းအောက် ကျရောက်နေသည်ကို တွေ့လာပါကြောင်း၊ ထိုအခါ ဒုတိယ အကြိမ် ပညာရေးချို့ယွင်းဖြစ်ခဲ့ပါကြောင်း၊ သို့အတွက် ကျောင်းတွင်း ပညာရေးထက် သက်ကြီးပညာသင်ကြားရေး အသုံးလုံးကို စီမံချက်များချ ဆောင်ရွက်ခဲ့ရပါကြောင်း၊ ထိုသို့ဖြစ်ခဲ့သည့် အကျိုးဆက်မှာ ယနေ့မြန်မာနိုင်ငံ ပညာရေးအဆင့် နိမ့်ကျ မှုနှင့် လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်ကွက်လပ်ကြီး ဖြစ်လာရပါကြောင်း၊ ယခုအခါ နိုင်ငံတကာစီးပွားရေးလုပ် ငန်းများ မြန်မာပြည်တွင်းသို့ ဝင်ရောက်လာချိန်တွင် ထိုလုပ် ငန်းများဖြင့် ချိတ်ဆက်နိုင်မည့် ပညာတတ်များရှိမနေသည့် ပညာရေးချို့ယွင်းဖြစ်နေပါကြောင်း၊ သို့အတွက် ပညာသင်ကြားမှု သည် တိုင်းပြည်အတွက် အရေးကြီးဆုံးဖြစ်သဖြင့် ထိုတာ ဝန်ကို ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများက အမြော် အမြင်ကြီးစွာ ပခုံးဖြင့်ထမ်းနေကြသည်မှာ အလွန်ကျေးဇူးတင် စရာရှိပါကြောင်း၊ ကမ္ဘာ့ပညာသင်ကြားမှုတွင် ကျွမ်းကျင်စွာ လုပ်ငန်းဝင်နိုင်အောင် သင်ကြားသည့်အဆင့်မှ ပြန်လည်သင် ကြားနိုင်သည့်အဆင့်၊ ထိုမှ ပညာတီထွင်ဖန်တီးသူများ ပေါ်ပေါက်အောင် သင်ကြားသည့်အဆင့်သို့ ရောက်ခဲ့ပြီဖြစ်ပါ ကြောင်း၊ ယခု ဗုဒ္ဓသာသနာကောလိပ်က ပြန်လည်သင်ကြား နိုင်မည့် သင်ကြားရေးကို ရည်ရွယ်မှုမှာလည်း ခေတ်နှင့် အညီဖြစ်ပါကြောင်း၊ ကောလိပ်ကို ထောက်ပံ့ပေးနိုင်ရန် ဒေသအာဏာပိုင်များပါ အကူအညီယူ၍ အဖွဲ့အစည်းကွန်ရက် တစ်ခုကို အောက်ခြေရပ်၊ ကျေးများအထိ ဖွဲ့စည်းကာ ဆောင် ရွက်လျှင် ပို၍သင့်လျော်မည်ဖြစ်ပါကြောင်း တင်ပြလျှောက် ထားပါသည်။

ကျွန်ုပ်တို့ အစည်းအဝေးကျင်းပရာ မဟာသဒ္ဓမ္မ ဇောတိကာဓဇ ကျေးဇူးဆပ် မှော်ရုံတော်ကြီးမှ ပြန်ဆင်းလာ သောအခါ အပူငွေ့များ ပါမလာတော့ပါ။ ပန်းတစ်ပွင့်တောင် တွင် သဒ္ဓါနှင်းပွင့်များ ဝေလျက်ရှိပါပြီ။

အပြန်လမ်းတွင်မူ ကျွန်ုပ်၏ရင်ထဲ၌ ဆရာတော် ကြီးများ၏ စေတနာနှင့် အမြော်အမြင်၊ ပညာရှင်များ၏ ဆွေးနွေးချက်၊ တာဝန်ယူချက်များ စွဲပါလာပါသည်။ ပဲခူးရိုးမ တောင်ခြေ တောတောင်ထူထပ်သည့် တောကျောင်းတစ် ကျောင်းဆီမှ နိုင်ငံတော်၏ အမျိုးဘာသာ၊ သာသနာ အကျိုး စီးပွားကို ရေရှည်မျှော်မှန်းလျက် ချမှတ်သည့် သန္နိဋ္ဌာန်မှာ မြန်မာတစ်နိုင်ငံလုံး ပဲ့တင်ရိုက်ခတ်သည့် အသံတစ်သံအဖြစ် ကြားကြပါစေကြောင်း သဒ္ဓါစိတ်ပေါင်းလျက် ခေါင်းလောင်း ထိုးအပ်ပါသည်။

မောင်ချိုဝေ



www.burmeseclassic.com

www.burmeseclassic.com

# ပေစာပြောသော ရက် ၁၀၀ လက်ထောက် မေဒင်ဟောကိန်း

## ညွန့်ခိုင်မာ(ကျောက်ဆည်)

ရှေးဟောင်း ပေစာတစ်ခုတွင် ရေးသားထားသည့် လက်ထောက်ဗေဒင် နည်းတစ်နည်းဖြစ်ပါသည်။ ရက်ပေါင်း ၁၀၀ အတွက် ဟောကိန်းလည်း ဖြစ်ပါသည်။

အောက်တွင် ဖော်ပြထားမည့် အင်းကွက်ကို မျက်စိ မှိတ်၍ အဓိဋ္ဌာန်ပြုကာ ထောက်ရပါမည်။ ချွန်သော အရာ တစ်ခုခုနှင့် ထောက်လျှင် အဆင်ပြေပါမည်။ မျဉ်းကြောင်း ပေါ်ကျလျှင် ပြန်ထောက်ပါ။ အလယ်ကွက်ကျလျှင်လည်း ပြန်ထောက်ပါ။ ကျသည့်အကွက်အတွက် ဟောကိန်းများကို လည်း ရေးသားထားပါသည်။

နောက်တစ်ကြိမ် ထောက်ချင်လျှင် ရက်ပေါင်း ၁၀၀ စောင့်ရပါမည်။ ရက်တစ်ရာလျှင် တစ်ကြိမ်သာထောက်ရ သောကြောင့် ရက် ၁၀၀ လက်ထောက်ဗေဒင်ဟု ခေါ်ပါသည်။

**ရက် ၁၀၀ လက်ထောက်ဗေဒင် အင်းကွက်**

| | | |
|---|---|---|
| သု<br>ပ<br>ဗေ | ခ<br>ရိ<br>ဒ | ဥ<br>စ္စ<br>ဏ္ဍ |
| နိ<br>ဏ္ဏံ<br>တံ | မမေးနဲ့ | ကွ<br>န္တ<br>ယံ |
| နာ<br>ဝိ<br>သိ | တု<br>စ<br>ကာ | ဟေ<br>တွာ<br>ပ |
| ၄ | ၆ | ၇ |



www.burmeseclassic.com

www.burmeseclassic.com

(ပေစာတွင်ပါသည့် အချိုးအစားအတိုင်း ရေးဆွဲထားပါသည်။

(သို့တည်းမဟုတ် နောက်ပိုင်းတွင် ဖော်ပြမည့် ဟောကိန်းများကို မဖတ်ခင်မှာ သင်ကြိုက်ရာအကွက်ကို ရွေးချယ်လိုက်ပါ။ ပြီးမှ ဟောကိန်းကိုဖတ်ပါ။)

## လက်ထောက်ဇဗဒင် ရက် ၁၀၀ အတွက် ဟောကိန်းများ

**သုပဗေအတွက် ဟောကိန်း**

သုပဗေအကွက်ကို ထောက်မိလျှင် စီးပွားဖြစ်မည်။ ကံကောင်းနေသည်။ မိမိလုပ်ချင်သည့်တို့ လုပ်ဖြစ်မည်။ အကြံအစည်များ အောင်မြင်မည်။ အချစ်သစ်တွေ့မည်။

(ပေစာတွင် လက်ထောက်အင်းကွက်၌ သုပဗေဟု ရေးထားသော်လည်း အဟောတွင် သုပဗေဟု ရေးထားပါသည်။ အတူတူပင် မှတ်ယူပါ။)

**ခရိဒအတွက် ဟောကိန်း**

ခရိဒအကွက်ကို ထောက်မိလျှင် မိတ်ဆွေကောင်းနှင့်တွေ့မည်။ အမှုကြုံလျှင် သတိထားပါ။ ပြဿနာကြာမည်။ ခရီးများမည်။ ငွေဝင်ပြီး စိတ်ညစ်ရမည်။ ကျန်းမာရေးချို့တဲ့မည်။ သူများ၏ပြဿနာ ကိုယ့်ပြဿနာဖြစ်လာမည်။ သတိနှင့်နေပါ။

**ဥဇ္ဈိတ္တအတွက်ဟောကိန်း**

ဥဇ္ဈိတ္တအကွက်ကို ထောက်မိလျှင် ယာယီခရီးရှိသည်။ သူများက ကူညီမည်။ ရည်ရွယ်ချက်များ အောင်မြင်တော့မည်။ မိတ်ကောင်းဆွေကောင်းရမည်။ ဆန့်ကျင်ဘက်လိင်က ဒုက္ခပေးမည်။

**ကွန္ဒိယအတွက်ဟောကိန်း**

ကိန္ဒိယအကွက်ကို ထောက်မိလျှင် စကားများစရာဖြစ်ရပ်များ၊ အမှုအခင်းဖြစ်စရာများ ကြုံတွေ့မည်။ ငွေဝင်မည်။ လယ်၊ မြေ၊ အိမ်များအတွက် စကားပြောရမည်။ ခြေနှစ်ချောင်းမကာယ်ရ၊ သတိပြုပါ။

**ဟေတ္တာပအတွက်ဟောကိန်း**

ဟေတ္တာပအကွက်ကို ထောက်မိလျှင် စီးပွားဖြစ်တော မည်။ လုပ်လက်စ လုပ်ငန်းများကို ဆက်လုပ်ပါ။ ပြောစ ရှိလျှင် ပွင့်ပွင့်လင်းလင်းပြောပါ။ ခရီးမသွားပါနှင့်။ မျှ လင့်နေသော သတင်းစကား ကြားရတော့မည်။ ခဏစောင့်

**တုစကာအတွက်ဟောကိန်း**

တုစကာအကွက်ကို ထောက်မိလျှင် မိန်းမအနေ အယှက်ရှိနေသည်။ အိမ်ထောင်ဘက်နှင့် စကားများမည် မိန်းမကိုယ်ဝန်ရှိ၍ ကလေးမွေးမည်။ ထီပေါက်မည်။ ထီထိ ပါ။ ငွေစုပုံဝင်နိုင်သည်။ မျှော်လင့်နေပါ။

**နာဝုသိ(အာဝုသိ)အတွက်ဟောကိန်း**

–(ပေစာတွင် လက်ထောက် အင်းကွက်၌ နာဝုသိဟု ရေးထားသော်လည်း အဟောတွင် အာဝုသိဟု ရေးထား ပါသည်။ အတူတူပင် မှတ်ယူပါ။)

နာဝုသိအကွက်ကို ထောက်မိလျှင် အများက မိမိကို ပြဿနာထဲသို့ ဆွဲခေါ်လိမ့်မည်။ စိတ်ဆင်းရဲစရာသတင်း ကြားရမည်။ ခရီးသွားလျှင် ခရီးတစ်ဝက်က ပြန်လာရမည်။ ငွေရခါနီးတွင် အချင်းချင်းသစ္စာဖောက်မည်။ အိမ်ထောင်ဘက် ကျန်းမာရေးသတိပြုပါ။

**ဒိတ္တံတုံအတွက်ဟောကိန်း**

ဒိတ္တံတံအကွက်ကို ထောက်မိလျှင် ကျန်းမာရေးကို ဂရုစိုက်ပါ။ အစားမှားမည်။ သူများခရီးယာယီသွားရန် မိမိ က ကူညီရင်းက ပျက်သွားပါလိမ့်မည်။ ဤကာလတွင် မိမိမှာ ငွေကုန်များနေမည်။ ရစရာရှိသည်များ တောင်း၍မရတတ်ပါ။

ညွှန့်ခိုင်မာ(ကျောက်ဆည်)

၁၉-၃၃၂၇၁၁



www.burmeseclassic.com

www.burmeseclassic.com

# ကြီးပွားချမ်းသာအောင် ကြေးကိုးကြေးကိုဆောင်

## ဝင်းဇော်(သုံးဆယ်)

ကျွန်တော်၏ ဇာတိမြို့မှ အာမေ့ထံသို့ပြန်လေတိုင်း ထိုဇာတိမြို့ကိုယ့်ဇာတိမှ လူတွေအကြောင်းကို စုံစမ်းကြည့်မိသည်။ အချို့လူများက ပိုမိုကြီးပွား ချမ်းသာသွားသကဲ့သို့ ရှေးလချမ်းသာခဲ့သူများက သာမန်လူတန်းစားဘဝသို့ ရောက်သွားကြသည်ကို ကြားသိတွေ့မြင်ရသောအခါ အလွန်ပင် အံ့ဩသွားရသည်။ ပိုမိုကြီးပွားချမ်းသာသွားသူများက သမ္မာအာဇီဝစီးပွားရှာရင်း တိုးတက်လာသည်လား။ သို့မဟုတ် သေမာသော နည်းလမ်းဖြင့် စီးပွားရှာ၍ ချမ်းသာသွားကြသည်လား ဆိုသည်ကိုတော့ လေ့လာဆန်းစစ်ရန် အချိန်မပေးနိုင်၍ အတပ်မသိခဲ့ပါ။

အဘိုးဆရာသိန်းနှင့် ကျွန်တော်တို့ လွန်ခဲ့သောနှစ်ပေါင်း ၃၅ နှစ်က နေထိုင်ခဲ့သော ခြံဝင်းနေရာလေးသည် သုံးဆယ်ချောင်း ကမ်းပါးပြိုကျသည့်အထဲတွင် ပါသွား၍ ရေမြှုပ်သွားခဲ့သည်မှာ ကြာပြီ။ ထိုနေရာသို့ လှမ်းကြည့်မိတိုင်း အဘိုးဆရာသိန်းကို တမ်းတမ်းတတ သတိရမိသည်။ အတိတ်က ပုံရိပ်တို့ကို ထင်တရေးရေးမြင်ယောင်လာသည်။ အဘိုးဆရာသိန်း၏အပြုံးသည် အတွေးထဲတွင် ပေါ်လာသည်။ အဘိုးဆရာသိန်း၏ စကားသံတို့ကို နားထဲတွင် ကြားယောင်နေမိသည်။ ကျွန်တော်နှင့် ဗေဒင်ပညာသင်ဘက် ကိုစိန်ပိုင်ကို သတိရ၍ မျက်ရည်ဝဲမိသည်။ အဘိုးဆရာသိန်းက ကျွန်တော့်ကိုထားခဲ့ပြီး တမလွန်ဘဝသို့ ကူးပြောင်းသွားပြီး ကြာမီ ကိုစိန်ပိုင်ကလည်း ကျွန်တော့်ကိုနှုတ်မဆက်ဘဲ အဘိုးဆရာသိန်းနောက်သို့ လိုက်သွားသည်။

"လူတိုင်းလူတိုင်းက ကြီးပွားချင်ကြတယ် လူလေးရဲ့ ဒါပေမယ့် ကြီးပွားအောင် ဘယ်လိုကျင့်ကြံနေထိုင်ရမလဲဆိုတာကိုတော့ မသိကြဘူး။ ကြီးပွားချင်ရင်တော့ ယတြာအဆောင်ရှိဖို့ လိုတယ်"

ဗေဒင်ပညာသင်ကြားစဉ်က အဘိုးဆရာသိန်းပြောသည့် ကြီးပွားနည်း ယတြာအဆောင်အကြောင်းကို ပြန်လည်သတိရလာသည်။ ကြီးပွားနည်းယတြာအဆောင်ကို ကျွန်တော်က သိချင်တော့ အဘိုးဆရာသိန်းကို မေးကြည့်မိသည်။

"ကြီးပွားချမ်းသာအောင် ကြေးကိုးကြေးကိုဆောင်ရမယ်ကွယ့်။ အဲဒီ ကြေးကိုးကြေးဆိုတာက (၁) ကြေးဆင်းတုတော်၊ (၂) ကြေးပိဋကတ်တော်၊ (၃) ကြေးရှင်သီဝလိရုပ်တုတော်၊ (၄) ကြေးရှင်ဥပဂုတ္တရုပ်တုတော်၊ (၅) ကြေးသပိတ်၊ (၆) ကြေးသောက်တော်ရေခွက်၊ (၇) ကြေးဖလား။ (၈) ကြေးလင်ပန်း။ (၉) ကြေးစည်တို့ပဲ ဖြစ်တယ်ကွယ့်"

ကျွန်တော်က အဘိုးဆရာသိန်း ပြောပြသမျှကို မှတ်စုစာအုပ်ထဲတွင် လိုက်ရေးသည်။

"ဒီနေရာမှာ ပထမဦးဆုံး ဆောင်ရွက်ရမယ့်ကိစ္စကို ငါပြေးမှတ်ထားဦး။ အဲဒါကတော့ ကြေးပိဋကတ်တော် ရှေ့မျက်နှာစာ ကြေးပြားပေါ်မှာ

အနုပဝါဒေါ အနုပဃာတော
ပါတိမောက္ခ စ သံဝရော၊
မတ္တညုတာ စ ဘတ္တသ္မိံ၊
ပန္တဉ္စသယနာသနံ၊

www.burmeseclassic.com

အဓိစိတ္တေ ဧ အာယောဝေါ၊
ဇေတံ ဗုဒ္ဓါနံ သာသနံ။

လို့ ထင်ရှားပီသစွာ ရေးရမယ်။ ထိုကြေးပြားရဲ့ ကျော ဘက်မှာတော့ ပဋ္ဌာန်းစက်ဝိုင်း (ရောင်ခြည်တော်စက်ဝန်း) ပုံကို ပီသအောင် ထင်ရှားအောင် ရေးရမယ်။ မိမိအိမ်မှာ ကိုးကွယ်ထားတဲ့ ဘုရားကျောင်းဆောင်ထဲမှာ ကြေးဆင်းတု တော်ကို ကိန်းဝပ်စံပယ်တော်မူရမယ်။ ကြေးပိဋကတ်တော် ကို ဘောင်ကွပ်ထားပေးရမယ်။ အဲဒီကြေး ပိဋကတ်တော်ကို တော့ ကြေးဆင်းတုတော်ရဲ့နောက်တည့်တည့် မြင့်ပြီးမြင်ရတဲ့ နေရာမှာ ထားပေးရမယ်။

ကြေးရှင်သီဝလိ ရုပ်တုတော်ကိုတော့ ကြေးဆင်းတု တော်ရဲ့ လက်ယာဘက်မှာ ထားရမယ်။ ကြေးရှင်ဥပဂုတ္တ ရုပ်တုတော်ကိုတော့ ကြေးဆင်းတုတော်ရဲ့ လက်ဝဲဘက်မှာ ထားပေးရမယ်။ ကြေးဖလားကတော့ မျက်နှာသစ်တော်ရေ ကပ်လှူဖို့ပဲဖြစ်တယ်။ ကြေးသောက်တော်ရေခွက်ကတော့ ရေ ချမ်းကပ်လှူဖို့ပဲ။ ကပ်လှူပူဇော်ရာမှာ ဗုဒ္ဓဘုရားရှင်ကို ရည် မှန်းပြီး ကြေးလင်ပန်းထဲမှာ ကြေးဖလားကို အလယ်မှာထား ပြီး ကြေးသောက်တော်ရေခွက် ကိုးခွက်ကို ရံထားရပါမယ်။

အဲဒီနည်းတူပဲ ရဟန္တာနှစ်ပါးကို ရည်စူးပြီး ကြေးလင် ပန်းအလယ်မှာ ကြေးဖလားကိုထားပြီး ကြေးသောက်တော်ရေ ခွက်သုံးခွက်ကို ရံထားရပါမယ်။

ကြေးစည်ကို ဘုရားဆောင်အောက်မှာ ကြိုးနဲ့ဆွဲပေး ထားရမယ်။ ဘုရားရှိခိုးပြီး သတ္တဝါအနန္တကိုရည်မှန်းပြီး အမျှ ပေးဝေ သာဓုခေါ်ပြီးတဲ့အခါမှာ ကြေးစည်ကိုထုပြီး အမျှ အတန်းပေးဝေဖို့ပဲ။

ကြေးသပိတ်တော်ကို ကြေးဆင်းတုတော်အနီးမှာ ထားပေးရမယ်။ ကြေးကိုးကြေးကို နေသားတကျရှိစေပြီး ရောင်တော်ဖွင့်၍ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး၊ အမွှေးတိုင်တို့ကို ကပ်လှူပူဇော်ရမယ်။ ဆွမ်းကို ကြေးသပိတ်တော်ထဲမှာထည့် ပြီး ကပ်လှူရမယ်။

ပထမဦးစွာ နံနက်တိုင်း ငါးပါးသီလ ဆောက်တည် ခံယူရမယ်။ ပရိတ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်ရမယ်။ ပြီးရင် အောက်ပါ ဂုဏ်တော်ပုတီးစိပ်ရမယ်"

"ဘယ်လို ဂုဏ်တော်ပုတီးစိပ်နည်းလဲ အဘိုး"

"သောဘဂဝါ ဣတိပိ အရဟံ ဆိုပြီး ပုတီးတစ်ပတ်"

"သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ ဆိုပြီး ပုတီး တစ်ပတ်"

"သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော ဆိုပြီး ပုတီးတစ်ပတ်"

"သောဘဂဝါ ဣတိပိ သုဂတော ဆိုပြီး ပုတီးတစ် ပတ်"

"သောဘဂဝါ ဣတိပိ လောကဝိဒူ ဆိုပြီး ပုတီးတစ် ပတ်"

"သောဘဂဝါ ဣတိပိ အနုတ္တရောပုရိသ ဒမ္မသာရ ထိ ဆိုပြီး ပုတီးတစ်ပတ်"

"သောဘဂဝါ ဣတိပိ သတ္ထာဒေဝ မနုဿာနံ ဆိုပြီး ပုတီးတစ်ပတ်"

"သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ ဆိုပြီး ပုတီးတစ်ပတ်"

"သောဘဂဝါ ဣတိပိ ဘဂဝါ ဆိုပြီး ပုတီးတစ်ပတ်"

စုစုပေါင်း ပုတီးကိုးပတ်စိပ်ရမယ် လူလေး။ ပြီးရင် သတ္တဝါအပေါင်းကို အမျှအတန်းပေးဝေ သာဓုခေါ်ပြီး ကြေး စည်ကိုးချက်ထုရမယ်။ အဲသလိုမျိုး နေ့တိုင်းဆောင်ရွက်ပေး ရင် ကြီးပွားချမ်းသာလာမှာ အမှန်ပဲ။ အဲဒါကို ငါ့မြေး အသေ အချာ မှတ်ထားနော်"

"စိတ်ချပါ အဘိုး"

ကျွန်တော်သည် ဇာတိမြေမှ ကြီးပွားချမ်းသာသွား သူနှင့် ခင်မင်ရင်းနှီးသည်ဖြစ်ရာ သူ့အကြောင်းကို ခရေစေ့ တွင်းကျ စုံစမ်းကြည့်မိတော့သည်။ သူ့အိမ်သို့ အလည်သွား ရင်း လေ့လာကြည့်ရာ အဆိုပါပုဂ္ဂိုလ်ကြီး၏ နေအိမ်ဘုရား ခန်းတွင် ကြေးကိုးကြေးယတြာကို ဆောင်ရွက်ထားကြောင်း တွေ့ရသည်။ မျိုးသိပ်မထားနိုင်၍ ကြေးကိုးကြေးယတြာကို မည်သို့ရရှိ၍ ဆောင်ရွက်သနည်းဟု မေးမြန်းကြည့်ရာ သူ့ဖ ခင်ကို အဘိုးဆရာသိန်းက ဆောင်ရွက်ခိုင်းခဲ့သည်ဟု သိရ ရာ ကျွန်တော့်မှာ အလွန်ပင် အံ့ဩသွားရပါသတည်း။

ဝင်းဇော်(သုံးဆယ်)
၀၉-၂၆၁၉၉၇၂



www.burmeseclassic.com

www.burmeseclassic.com

# ရတနာမြတ်သုံးပါးအကျိုး
## အကျိုးလာဘ်မိုးသို့ရွေ

ဇာဖြူပွင့်

ကျွန်မတို့ မြန်မာလူမျိုးများသည် ဗုဒ္ဓဘာသာဝင်များ ဖြစ် ရတနာမြတ်သုံးပါးကို လေးစားရိုသေစွာ ယုံကြည်မှုများ စွာဖြင့် အားကိုးတစ်ခုအနေနှင့် မြတ်စွာဘုရားရှင်တော်မြတ်ကို ရှိခိုးပူဇော်ကြသည်။ ထိုသို့ ရှိခိုးပူဇော်ကြရာမှာ ဘုရားရှိခိုး ဂုဏ်ပေါင်းများစွာထဲမှ မိမိတို့နှစ်သက်တာကို ယုံကြည်ရာ ဘုရားရှိခိုးစာများနှင့် မြတ်စွာဘုရားကို ရှိခိုးပူဇော်လေ့ရှိကြပါသည်။ ကျွန်မတို့ ငယ်စဉ်က ဘိုးဘွားများ၊ လူကြီးသူမများတို့သည် စိန်ရောင်ခြယ်ဘုရားရှိခိုး စသော ဘုရားရှိခိုးစာများကို ရှည်လျားတွေပြားစွာဖြင့် ရှိခိုးကြသည်ကို နားထောင်ခဲ့ဖူးပါ၏။

ယနေ့ မျက်မှောက်ခေတ်မှာ တချို့တချို့သော လူငယ်တွေ ဩကာသကန်တော့ချိုးနှင့် ရှိခိုးကာ ငါးပါးသီလခံယူကာ ဆည်ပြီး ဘုရားရှိခိုးခြင်းအမှုကို စလည်းမသိ၊ ဆုံးလည်း မသိဘဲနှင့် ဘုရားရှေ့ရောက်လျှင် ဦးသုံးကြိမ်ချကာ ဘုရားရှိခိုး ခြင်းအမှု ပြီးနေကြတာတွေ မြင်နေရပါ၏။ ဘာကို စိတ်ကဆို၍ လယ်လိုအတွေးနှင့် ဦးသုံးကြိမ်ချသည်ကို မေးကြည့်ချင်စိတ်တွေ တဖွားဖွား ပေါ်လာပါသည်။ သို့ပေမယ့် ရိုင်းရာကျမည်စိုး၍ မမေးဖြစ်ပါ။ ဦးသုံးကြိမ်ချပြီး ပတ်ဝန်းကျင်မှလူတွေကို ကြည့်သည်ငေးလုပ်၊ မိမိသွားချင်ရာ ထသွားတတ်ကြသည့် သူငယ်၊ သူငယ်မတို့ကိုလည်း များစွာတွေ့နေရပါသည်။ ဘုရားရှိခိုးခြင်းကို ဇွာန်ကရိယ်ာကျကျ ရှုတ်ဆိုရှိခိုးနေသော ရှိခိုးတတ်သော သူငယ်၊ သူငယ်မများစွာကိုလည်း ကြည်နူးချမ်းမြေ့စွာ မြင်တွေ့နေရပါသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီး ရင်ပြင်တော်ဘက် အင်္ဂါထောင့် ဆာဘိုးသာတန်ဆောင်း ကြောင်းမှ ပုတုန်းပုခိုင်၊ မုနိဘုရားရှေ့မှာ ဘုရားရှိခိုးနေကြသော သူငယ်၊ သူငယ်မတို့သည် ဘုရားရှိခိုးစာကို ဇွာန်ကရိယ်ာကျနစွာ ရှုတ်ဆိုရှိခိုးပြီး မိမိနှစ်သက်ရာ ဂုဏ်တော်တစ်ခုကို မျက်လုံးစုံမှိတ်၍ အာရုံမိစွာဖြင့် ပုတီးစိပ်နေကြတာ မြင်နေရသလို တန်ဆောင်းမျက်နှာစာမှာထိုင်ကာ ဖုန်းကို တပွတ်တည်းပွတ်နေကြတဲ့ သူငယ်၊ သူငယ်မတွေကိုလည်း တွေ့မြင်နေရပါသည်။ ကျွန်မတို့ စေတီသစ္စာပါရမီရှင် အသင်းကြီးမှာ စနေညနှင့် အခါကြီးရက်ကြီးနေ့မတိုင်ခင် တစ်ညမှာ အသင်း တန်ဆောင်းမှာ ညဘက်ဝတ်တက်၊ မနက် အရုဏ်ဆွမ်းကပ်ကြသည်မို့ လူငယ်တွေ၏ သရုပ်မှန်တွေကို မြင်ရဖန်များနေပြီဖြစ်၏။ ဘုရားကို ဦးသုံးကြိမ်ချ တာဝန်ကျေပြီဟု ထင်နေသူ။ ဘာသာတရားလေးစားသူတွေက ပုတီးစာချောက်ချောက် စိပ်နေချိန်မှာ ဘာသာတရားမေ့လျော့သူက ဖုန်းကို တပွတ်တည်းပွတ်နေတဲ့ ထိုမြင်ကွင်းသည် အကောင်းဘက် အားသာနေသည်လား။ အဆိုးဘက် အားသာနေသည်လားဆိုတာ လူငယ်တွေ တွေးတတ်ဖို့လိုပါမည်။

ယခုခေတ် သူငယ်၊ သူငယ်မတို့ ဘာသာရေးအားနည်းနေမှုတွေကြောင့် သူတို့ရှေ့ရေးကို ရင်မောလိုက်ပါဘိ။

ကျွန်မတို့အရွယ်တွေ များသောအားဖြင့် ဟိုးငယ်စဉ်ကလေးဘဝကတည်းက ဘုရားရှိခိုးစာ၊ အန္တရာယ်ကင်းဂါထာပေါင်းများစွာ၊ သမ္ဗုဒ္ဓေ၊ ပဋ္ဌာန်းကြီး ၁၁ သုတ်၊ ဝေလွန်ပြည်တော်ပြန် မာန်အောင်မြေဘုရားကြီး၏ မေ္တခဏ်ဂါထာ၊ နဖူးသင်းကျစ်တော်ဂါထာ၊ လက်ဝဲလက်ရုံးတော်ဂါထာ၊ လက်ယာလက်ရုံးတော် ဂါထာ စသည့်စသည့် ဂါထာပေါင်းမြောက်မြားစွာကို မိဘ၊ ဘိုးဘွား၊ ဦးကြီး၊ ဦးလေး၊ အဒေါ်၊ အစ်ကို၊ အစ်မ စသူတွေ၏ ဦးဆောင်သင်ပြမှု၊ ရွတ်ဆိုရန် တိုက်တွန်းအားပေးမှုကြားမှာ ကြီးပြင်းလာရလေရာ ဘုရား

www.burmeseclassic.com

ရှိခိုး၊ ဂါထာပေါင်းစုံတို့သည် နှလုံးသားအသိတရားနှင့် တစ်ထပ်တည်းကျနေပါ၏။ ကျွန်မမှာ အခက်အခဲ အကျပ်အတည်း တစ်စုံတစ်ရာနှင့် ကြုံလျှင် ဦးနှောက်ထဲမှာ သိမ်းကျက်မှတ်ထားပါသော ဂါထာတွေထဲက သင့်လျော်ရာ ဂါထာတစ်မျိုးမျိုးကို နှုတ်မှရွတ်ဆိုခြင်း၊ ပုတီးစိပ်ခြင်း၊ သစ္စာဆိုခြင်းဖြင့် ထိုအခက်အခဲတို့မှ လွတ်မြောက်သွားရပါ၏။ ရတနာမြတ်သုံးပါးကို အမြဲမပြတ် ယုံကြည်စွာ ဆည်းကပ်နေသူဘယ်လိုဘေးဒုက္ခ အခက်အခဲကြုံရင် ဘယ်လိုဂါထာမန္တန်၊ ပရိတ်၊ ပဋ္ဌာန်း စသည်တို့နှင့် မည်သို့ရွတ်ဖတ် ကာကွယ်ရမည်ဆိုသည့် ကိုယ်လုံဂါထာ လက်နက်ကြီးငယ်တွေ အသင့်ရှိနေပါ၏။ အရေးတစ်စုံတစ်ရာကြုံလျှင် ထိုပရိတ်၊ ပဋ္ဌာန်း၊ မန္တန်၊ ဂါထာတို့ကို သစ္စာအဓိဋ္ဌာန်ပြု၍ ရွတ်ဆိုလိုက်မည်။

ထိုသောအခါ လာမည့်ဘေးလည်း ကင်းပျောက်ချမ်းသာခြင်းတို့နှင့် ပြီးမြောက်သွားပါသည်။

ယခုခေတ် လူငယ်၊ လူရွယ်၊ သူငယ်၊ သူမတို့ ဘာသာရေးကို အလေးမထားတတ်၊ မယုံကြည်တတ်ကြတာတွေ ကျွန်မတို့ခေတ်နှင့် ဆီနှင့်ရေပမာ ကွာချင်တိုင်းကွာနေကြပြီတည်း။

မိမိတို့ကြုံလာမည့် အန္တရာယ်ပေါင်းစုံကို ကာကွယ်ပေးနိုင်မည့် ရတနာမြတ်သုံးပါးကိုလည်းမသိ။ ယုံကြည်ဆည်းကပ်ကိုးကွယ်ရန်လည်း သတိမရ။ မြတ်စွာဘုရားရှင်၏ နှုတ်ကပတ်တော်လာ ဂါထာတွေကို မလေ့လာ မကျက်မှတ်ကြ။ ဘာသာတရားနှင့် ကင်းဝေးပြီး နှလုံးသားတို့ ကြမ်းရှနေကြပါလျှင် သူတို့လေးတွေ၏ အနာဂတ်ခရီး လမ်းမကို မည်သို့ဘေးကင်းရန်ကွာ လျှောက်လှမ်းနိုင်ကြပါမည်နည်း။ သူတို့လေးတွေအား သနားကြင်နာစိတ်များစွာ ဖြစ်ရပါသည်။ မိမိသားသည်လည်း သည်ပုတ်ထဲက သည်ပဲပဲဆိုတော့ ဘုရားကလည်း ဘုရားဘာသာနေ၊ သားကလည်း သားဘာသာနေတာပဲဆိုတဲ့ သားလို သူငယ်၊ သူငယ်မလေးတွေကို ကျွန်မဘုရားရှိခိုးစာတွေထဲက တစ်ခုဖြစ်တဲ့ ယခုရေးပြမည့် ဘုရားရှိခိုးနည်းလေး မျှဝေပေးလိုက်ပါသည်။

သည်ဘုရားရှိခိုးနည်းနှင့် ညအိပ်ရာဝင်ခါနီးလေး တစ်ကြိမ်ရှိခိုးပြီးမှ အိပ်ကြစေဦး။ သူတို့မှာ ကုသိုလ်များစွာ ရသွားပါပြီ။ ဘုရားရှိခိုးစာမရလို့ မေ့နေလို့ ဆိုသူတွေလည်း သည်စာကို မှတ်မိကြပြီး စိတ်ပါလက်ပါနှင့် နှလုံးသားမှလာသောကြည်ညိုစိတ်ကလေးဖြင့် တစ်နေ့တစ်ခါ ဘုရားရှိခိုးဖြစ်ကြပါစေ။

ကျွန်မသားလေးအပါအဝင် သားသမီးများအားလုံးအတွက် ရည်ရွယ်ပြီး ရတနာမြတ်သုံးပါး ရှိခိုးစာကို ရေးသားမျှဝေခြင်း၏ အဓိကရည်ရွယ်ချက်မှာ လူငယ်တွေအားလုံးဘဝတစ်သက်တာ ကာလပတ်လုံး ထိုဘုရားရှိခိုးစာကို ယုံကြည်အားကိုးစွာနှင့် ရှိခိုးပူဇော်ခြင်းပြုကြပါဟု မိခင်တစ်ယောက်၏ရင်မှ ယိုစိမ့်စီးဆင်းလာပါသော မေတ္တာစိမ့်စမ်းရေများစွာနှင့် တိုက်တွန်းလိုက်ပါသတည်း။

ခရီးတစ်ခု၏ အစသည် ခြေတစ်လှမ်းမှစရသည်။ ထိုဘုရားရှိခိုးနည်းလေးကိုလည်း တစ်ညတာမှစလိုက်မည်ဆိုပါလျှင် ရရှိလာမည့် အကျိုးတရားရလဒ်တို့သည် ပန်းသီးကိုစားမှ ပန်းသီးအရသာသိသလို ဖြစ်မှာဖြစ်လို့ နှလုံးသားမှ ယိုဖိတ်လာသော ကြည်ညိုမှု၊ ယုံကြည်မှု သဒ္ဓါတရားတို့နှင့် ပူဇော်ကြည့်ကြပါဟု၍သာ။

ဇမ္ဗူဒီပါ လေးကျွန်းလေးမျက်နှာမှာ ရှိကြကုန်သော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်အားလုံး တစ်ဆူမျှ မကြွင်း တစ်ဆင်းတုမျှမကျန် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။ ဆွမ်း၊ ရေချမ်း၊ ပန်း၊ အလင်းတိုင်၊ အမွှေးတိုင်များကိုလည်း ကပ်လှူ ပူဇော်ပါ၏ဘုရား။ အလိုရှိရာ ဘုဉ်းပေးသုံးဆောင်တော်မူပါဘုရား။

တပည့်တော် တပည့်တော်မသည် ဇမ္ဗူဒီပါ လေးကျွန်းလေးမျက်နှာမှာရှိကြကုန်သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးများအားလုံး တစ်ဆူမျှမကြွင်း တစ်ဆင်းတုမျှမကျန် ဘုရားဂုဏ်တော်ကိုးပါးနှင့် ကိုးခေါက်ရွတ်ဖတ် ပူဇော်ပါမည်ဘုရား။ ရွှေနားပန်ဆင်တော်မူပါ။ အသိအမှတ်ပြုပေးတော်မူပါဘုရား။ စောင့်ရှောက်မစ ချီးမြှင့်ပေးတော်မူပါဘုရား။

## ဘုရားဂုဏ်တော်ကိုးပါး

ဣတိပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဓမ္မသာရထိ၊ သတ္ထာဒေဝမနုဿနံ၊ 'ဗုဒ္ဓေါဘဂဝါ' (ကိုးခေါက်)



www.burmeseclassic.com

www.burmeseclassic.com

တရားဂုဏ်တော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ...ရားတော်မြတ်ကို ဘုရားတပည့်တော် တပည့်တော်မသည် ...သမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။ တရား ...ဏ်တော် ခြောက်ပါးနှင့် ခြောက်ခေါက် ရွတ်ဆိုပူဇော်ပါ ...ည်ဘုရား။ ရွှေနားပန်ဆင်တော်မူပါ။ အသိအမှတ်ပြုပေး ...တော်မူပါဘုရား။ စောင့်ရှောက်မစချီးမြှင့်တော်မူပါဘုရား။

## တရားဂုဏ်တော်ကိုးပါး

သွာက္ခာတော ဘဂဝတာဓမ္မော သန္ဒိဋ္ဌိကော၊ ...ာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ...ဗ္ဗော ဝိညူဟီ။ (ခြောက်ခေါက်)

သံဃာ့ဂုဏ်တော် ကိုးပါးနှင့် ပြည့်စုံတော်မူသော ပြည် ...ပြည်ပမှာ သီတင်းသုံးတော်မူကြကုန်သော သံဃာတော် ...ရှင်သူမြတ် အပေါင်းတို့အား တပည့်တော်၊ တပည့်တော် ... ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်သူ ...တ်တို့ဘုရား။ အရှင်သူမြတ်တို့အား တပည့်တော်၊ တပည့် ...တော်မမှ သံဃာ့ဂုဏ်တော်ကိုးပါးနှင့် ကိုးခေါက်ရွတ်ဆိုကာ ...ဃာတော်အရှင်သူမြတ်တို့အား ပူဇော်ပါမည်ဘုရား။ ရွှေ ...ပန်ဆင်တော်မူကြပါဘုရား။ အသိအမှတ်ပြုပေးတော်မူကြ ...ဘုရား။ စောင့်ရှောက်မစ ချီးမြှင့်ပေးတော်မူကြပါဘုရား။

## သံဃာ့ဂုဏ်တော်ကိုးပါး

သုပ္ပဋိပန္နော ဘဂဝတော သာဝ ကသံဃော၊
ဥဇုပ္ပဋိပန္နော ဘဂဝတော သာ ဝကသံဃော၊
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
အာဟုနေယျော ပါဟုနေယျော ဒက္ခိနေယျော
...ဉ္ဇလိကရဏီယော အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။
(...ခေါက်)

တပည့်တော် တပည့်တော်မသည် ဘုရားရတနာ၊ ...ရတနာ၊ သံဃာရတနာတည်းဟူသော ရတနာမြတ်သုံး ...ကို ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပြီး ဆွမ်း၊ ရေချမ်း၊ ...သစ်သီး၊ အလင်းတိုင်၊ အမွှေးတိုင်တို့နှင့်လည်း ကပ်လှူ ...ပါ၏ဘုရား။ ဘုရားဂုဏ်တော်ကိုးပါး၊ တရားဂုဏ်တော် ခြောက်ပါး၊ သံဃာ့ဂုဏ်တော် ကိုးပါးတို့နှင့်လည်း ရွတ်ဖတ် ပူဇော်ပါ၏။ ဤသို့ လှူဒါန်းရွတ်ဖတ်ပူဇော်ရသော ကုသိုလ် အကျိုးတရား၊ မှန်သောသစ္စာစကားတို့ကြောင့် တပည့်တော် တပည့်တော်မသည် အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာမှာ ရှိကြကုန်သော လူ၊ နတ်၊ ဗြဟ္မာ မြတ်ဝိဇ္ဇာအပေါင်း။ သံဃာတော်အရှင်သူမြတ်အပေါင်းတို့နှင့် ပတ်သက်သမျှ လိုအင်ဆန္ဒဟူသမျှ တစ်လုံးတစ်ဝတည်း ပြည့်ဝပါရစေ။ တပည့်တော်၊ တပည့်တော်မ သွားရာ၊ လာရာ၊ နေရာ၊ အိပ်ရာ၊ စားသောက်ရာတို့မှာလည်း မကောင်းသော ဘေး၊ မကောင်းသောရန်၊ ရန်သူမျိုးငါးပါး ဘေးအပေါင်းမှလည်း ကင်းဝေးရပါစေ။ ကိုယ်၊ စိတ်၊ နှလုံး သုံးပါးလုံးတို့သည် လည်း ဆင်းရဲကြောင့်ကြ တောင့်တခြင်းတို့မှ ကင်းဝေးလွတ် မြောက်ရပါလို၏။

ဤကဲ့သို့ လှူဒါန်းပူဇော်ရသော ကုသိုလ်ကံစေတနာ တို့ကြောင့် ရရှိအပ်သော ကုသိုလ်အဖို့ဘာဂ မှန်သမျှကို ကျွန်ုပ်အား စောင့်ရှောက်နေကြသော သမ္မာဒေဝ နတ်မြတ် နတ်ကောင်း နတ်အပေါင်းနှင့်တကွ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် အပေါင်းတို့သည် ကျွန်ုပ်နှင့် ထပ်တူထပ်မျှ ရရှိရသည်ဖြစ်၍ ရောက်လေရာဘုံ နန်းမှ အထက်သို့ ထက်ဆင့်ထက်ဆင့် တက်လှမ်းကာ အဆုံးစွန်သော နိဗ္ဗာန်အောင်ပွဲ ပါဝင်ဆင် နွှဲနိုင်ကြပါစေကုန်သတည်း။

ဤသို့ပြုရ မြတ်ပုညကြောင့် ချမ်းမြေ့အေးကြည် ဘေးမဲ့မည်သည့် ရွှေပြည်ထုတ်ချောက်၊ လမ်းမကောက်ဘဲ၊ ရောက်ရပါလို၏ ထိုထိုဘဝကျင်လည်ရလည်း ဒုက္ခဘေးဒဏ်၊ ရန်မာန်အပေါင်း။ မကောင်းဟူသမျှ မတွေ့ရဘဲ၊ သပ္ပကာ္ဗ မင်္ဂလာကို၊ ရွတ်ကာတတိုင်းရစေသား။

ယနေ့ယခု ပြုပြုသမျှ မြတ်ဘာဂကို မိဘဆရာ၊ မျိုးသဟာနှင့် ကိုယ်မှာစောင့်ကြပ်၊ ကိုယ်စောင့်နတ်က အရင် စ၍ ရှိသမျှလုံးစုံ သုံးဆယ့်တစ်ဘုံ ဖြစ်ဖြစ်သမျှ ဝေနေယျတို့ ရကြပါစေ၊ ပေးငှဝေသည်၊ များတွေသာဓုခေါ်စေသော်။


ကုသိုလ် အမျှ အမျှ အမျှ သုံးကြိမ် ယူတော်မူကြ ပါကုန်လော့ (သာဓု သာဓု သာဓု) သုံးကြိမ်။

ဇာဖြူမှုင်



www.burmeseclassic.com

www.burmeseclassic.com



# ပီတိစားသော စကားများ

ဝန်းတနော် နောင်လတ်

(၁)

ကျောင်းဝင်း မြက်ရှင်းနေတဲ့၊ အမှိုက်ကောက်နေတဲ့၊ သန့်ရှင်းရေး လုပ်နေတဲ့ ကျောင်းသူ ကျောင်းသား တွေနားမှာ ကြိမ်လုံးကိုင်ပြီး လမ်း လျှောက်နေတဲ့ ဆရာကို "ခင်ဗျားက၊ နွားကျောင်းနေတာလားဗျ" လို့ မေးတာတဲ့ ကျွန်တော့်ဆရာကြီး။

ကျွန်တော် ကျောင်းဆရာအလုပ် စလုပ်တုန်းက သွားကန်တော့တော့ -

"ဘယ်တော့မှ ကြိမ်လုံးကိုင်ပြီး စာမသင်နဲ့။ ကြိမ်လုံးကိုင်ပြီးစာသင်ရင် ငါ့တပည့်လို့ မပြောနဲ့" ဆိုပြီး ဆုံးမတာတဲ့ ကျွန်တော့်ဆရာကြီး။

အဲဒီ . . . ကျွန်တော့်ဆရာကြီး နာမည်က ဆရာကြီးဦးသန်းစိန်။

"ဆရာကြီး ဦးသန်းစိန်နဲ့ပတ်သက်ပြီး ကျွန်တော် မှတ်မိတာတွေ အများကြီး။ အဲဒီအထဲက သီတင်းကျွတ်ခါနီး အဖြစ်အပျက်ကို ပြောပြမယ်။ အဲဒီအကြောင်းကို စာရေးလို့ပြောရင် နှစ်ပေါင်းသုံးဆယ်ကျော် မတွေ့ခဲ့တဲ့ မိတ်ဆွေရင်းဖြစ်တဲ့ ဆရာအုန်းက သူ့ ဆရာရင်းဖြစ်တဲ့ ဆရာကြီးဦးသန်းစိန်နဲ့ ပတ်သက်မှုကို အခုလို ပြောပြလိုက်ပါတယ်။

(၂)

ကျောင်းရှေ့မှာ အလံတိုင်ရှိတယ်။ အလံတိုင်ထိပ်ဖျားမှာ လွှင့်ထူထားတဲ့ နိုင်ငံတော်အလံက တိုက်ခတ်နေတဲ့လေကြောင့် တလူလူလွင့်လို့။ အလံတိုင်ရှေ့ကွင်းပြင်ထဲမှာ ကျောင်းသားကျောင်းသူတွေက စီတန်းနေရာယူပြီးပြီ။ ဆရာ၊ ဆရာမတွေကလည်း ကျောင်းသား၊ ကျောင်းသူတွေရှေ့မှာ အားလုံး ငြိမ်ငြိမ်သက်သက်နဲ့။

ဆရာကြီး ဦးသန်းစိန်က အလံတိုင်ခြေရင်းက စင်မြင့်လေးပေါ်မှာ မတ်တတ်ရပ်ပြီး -

www.burmeseclassic.com

www.burmeseclassic.com

"မကြာခင် ရက်အတွင်းမှာ သီတင်းကျွတ်မီးထွန်းပွဲတော် ကျင်းပတော့မယ်။ သီတင်းကျွတ်မှာ ပြောက်အိုးမဖောက်ဖို့ နိုင်ငံတော်အစိုးရက ကြေညာထားတာ ကျောင်းသူကျောင်းသားတွေ ကြားသလား"

လို့ မေးတော့ -

"ကြားပါတယ် ဆရာကြီး"

လို့ အားလုံးက ဖြေပါတယ်။

အဲဒီတော့မှ ဆရာကြီး ဦးသန်းစိန်က -

"ပြောက်အိုးဖောက်သံက အသံကျယ်တယ်၊ ဆူညံတယ်။ ဆူညံသံတွေက နားစည်ကို ကွဲစေတယ်။ နားအုံကိုကွဲစေတယ်။ နားလေးစေတယ်။ နားပင်းစေတယ်၊ ပြောက်အိုးဖောက်တာတို့ မီးရှူးမီးပန်းလွှတ်တာတို့ကြောင့် ယမ်းခိုးယမ်းငွေ့တွေ ပတ်ဝန်းကျင်ကို လွှင့်စဉ်တယ်၊ လွှင့်စဉ်တဲ့ ယမ်းခိုးငွေ့တွေက မျက်လုံးထဲဝင်တော့ မျက်စိစပ်တယ်၊ မျက်စိမှုန်တယ်၊ မျက်လွှာပျက်စီးတယ်၊ မျက်စိကွယ်တယ်။ ဒါကြောင့် ပြောက်အိုးဖောက်တာ၊ မီးရှူးမီးပန်းလွှတ်တာ လုပ်သင့်လား"

လို့ မေးပြန်တော့ -

"မလုပ်သင့်ပါဘူး"

လို့ ဖြေကြပါတယ်။

"မလုပ်သင့်တာကိုသိရင် လုပ်ရမလား မလုပ်ရဘူးလား"

ဆိုပြီး မေးတော့လည်း -

"မလုပ်ရပါဘူး"

လို့ ဖြေခဲ့ကြတာပါပဲ။

၀၀၀

**နောက်ထပ် ပြောက်အိုးတစ်လုံးကို မီးညှိပြီး ဆရာကြီးဦးသန်းစိန်ဆီ ထပ်လွှင့်ပစ်လိုက်တယ်။ "ဖောင်း" ဆိုတဲ့အသံနဲ့ ပြောက်အိုး ပေါက်ကွဲသွားတော့တာပါပဲ။ ကျောင်းသားတွေမပြောနဲ့ ကျောင်းသူတွေတောင် မလန့်ပါဘူး။**

(၃)

ပြောက်အိုးဖောက်တာ၊ မီးရှူးမီးပန်းလွှတ်တာ မလုပ်သင့်ပါဘူး။ မလုပ်ရပါဘူးလို့ ဖြေခဲ့ကြပေမယ့် အဲဒီအထဲက ကျောင်းသားလေးလေးယောက်က လုပ်ဖြစ်အောင် လုပ်ခဲ့ကြပါတယ်။

နေ့လယ် ကျောင်းလွှတ်ချိန်မှာ စိန်အေးက ပြောက်အိုးနှစ်လုံး ဝယ်ခဲ့ပေးတယ်။ ထွန်းချစ်က မီးခြစ်တစ်လုံး ဝယ်လာတယ်။

ညနေပိုင်း ကျွန်တော်တို့အတန်းကို စဝင်ရမယ့် ဆရာက ဆရာကြီး ဦးသန်းစိန်။ အဲဒီကျောင်းသားလေးယောက်က နောက်ဆုံးတန်းရဲ့ရှေ့ လေးယောက်တွဲထိုင်ခုံမှာ ထိုင်တာ။ ကျွန်တော်ထိုင်တာက နောက်ဆုံးတန်းမှာ။

ကျွန်တော်တို့ ဘေးနားမှာ ပြတင်းတံခါးပေါက်ရှိတယ်။ ဆရာကြီး ဦးသန်းစိန်က ညနေပိုင်း ကျောင်းတက်ခေါင်းလောင်း ထိုးပြီးတာနဲ့ ကျွန်တော်တို့ဘေးနား ပြတင်းတံခါးနားက ဖြတ်လျှောက်သွားတယ်။ အတန်းထဲဝင်ပေါက်က ရှေ့ဆုံးဘက် ခြေကျော်တံခါးက ဝင်ရမှာကိုး။

ဆရာကြီး ရုံးခန်းထဲက ထွက်အလာကို ချောင်းကြည့်ပြီး စိန်အေးကို ပြောတယ်။

"စိန်ကြီး ဆရာကြီးလာပြီ"

စိန်အေးက မောင်ပုကို ပြောက်အိုးနှစ်လုံးပေးလိုက်တယ်။ ထွန်းချစ်က မီးခြစ်ကို အောင်မြတ်လက်ထဲ ထည့်လိုက်တယ်။

"ငြိမ်ငြိမ်ကိုင်" လို့ပြောရင်း အောင်မြတ်က မောင်ပုလက်ထဲက ပြောက်အိုးတစ်လုံးကို မီးညှိပေးတယ်။ မောင်ပုက ပြတင်းတံခါးနားမှာထိုင်တဲ့ လှမြင့်လေးကို ပေးတယ်။

"ရော့..."

လှမြင့်လေးက လက်ထဲရောက်လာတဲ့ ပြောက်အိုးကို လျှောက်လာတဲ့ ဆရာကြီးဦးသန်းစိန်ရှေ့ကို ပစ်ချလိုက်တယ်။

ပြောက်အိုးက မပေါက်ပါဘူး။ ဘယ်ပေါက်မလဲ၊ ဆရာကြီးဦးသန်းစိန်က ပြောက်အိုးမီးကို ခြေထောက်နဲ့ ဖိနင်းသတ်တာကိုး။

ဒီတော့ အဲဒီလေးယောက်က



www.burmeseclassic.com

www.burmeseclassic.com

နောက်ထပ် ပြောက်အိုးတစ်လုံးကို မီးညှိပြီး ဆရာကြီးဦးသန်းစိန်ဆီ ထပ်လွှင့်ပစ်လိုက်တယ်။ "ဖောင်း"ဆိုတဲ့အသံနဲ့ ပြောက်အိုး ပေါက်ကွဲသွားတော့တာပါပဲ။

ကျောင်းသားတွေမပြောနဲ့ ကျောင်းသူတွေတောင် မလန့်ပါဘူး။ ဘာလို့ဆိုတော့ စိန်အေးတို့ လုပ်ပုံကိုင်ပုံကို မြင်ရလို့ပဲပေါ့။

ဆရာကြီး ဦးသန်းစိန်ကတော့ အရှိန်မပျက်ပါဘူး။ ဟန်မပျက်ပါဘူး။ အတန်းထဲကိုဝင်လာတယ်။ ဘယ်သူလုပ်တာလဲလို့ မမေးပါဘူး။ ဆူလည်း မဆူပါဘူး။ ခါတိုင်းလို စကားပြော ချိုချိုသာသာနဲ့ မျက်နှာနည်းနည်းမှမပျက်ဘဲ သူသင်ရမယ့်သင်ခန်းစာကိုသာ ပြီးအောင်၊ ကျွန်တော်တို့ ကျောင်းသူကျောင်းသားတွေ နားလည်တတ်မြောက်အောင် သင်ပြပေးခဲ့ပါတယ်။

အဲဒီလိုနဲ့ အချိန်ပြောင်းခေါင်းလောင်းခေါက်တော့ ဆရာကြီးဦးသန်းစိန်က အတန်းထဲဝင်လာတုန်းကလို

"မင်္ဂလာပါတပည့်တို့"လို့ နှုတ်ဆက်ပါတယ်။

ကျွန်တော်တို့ကလည်း -

"မင်္ဂလာပါဆရာကြီး"

ဆိုပြီး ပြန်နှုတ်ဆက်မှာ ဆရာကြီးဦးသန်းစိန် အတန်းထဲက ထွက်သွားတယ်။

ooo

(၄)

နောက်ထပ်ဝင်လာတဲ့ ဆရာမက ကျွန်တော်တို့အတန်းပိုင်ဆရာမ ဒေါ်နုနုခင်။ ဆရာမက ဝင်ဝင်လာချင်း

"ဆရာကြီးကို ဘယ်သူ ပြောက်အိုးနဲ့ပစ်တာလဲ"

လို့ မေးတယ်။

"....."

အားလုံးက မဖြေကြပါဘူး။

"ဆရာမ တော်တော်စိတ်ဆိုးတယ်။ စိတ်လည်းမကောင်းဘူး။ ဒါ မလုပ်သင့်တဲ့အလုပ်ပဲ။ ဘယ်သူလုပ်တာလဲဖြေ"

ဘယ်သူမှ မဖြေပါဘူး။ မေးလို့မရတော့ ဆရာမဒေါ်နုနုခင်က ဆရာစားပွဲမှာ မျက်နှာအပ်ပြီး ရှိုက်ကြီးတငင် ငိုပါလေရော။

ဒီလိုငိုတော့လည်း ထွန်းချစ်တို့ မောင်ပုတို့က "ကျွန်တော်တို့လုပ်တာပါ"လို့ ဝန်မခံဘူး။ ကျန်တဲ့ ကျောင်းသူကျောင်းသားတွေကလည်း ပါးစပ်တွေ ပိတ်လို့။

ဆရာမဒေါ်နုနုခင်ရဲ့ ငိုသံကြားလို့လား၊ ဒါမှမဟုတ် စောစောက ပြောက်အိုးဖောက်သံ ကြားလို့လားတော့ မပြောတတ်ဘူး။ ဆရာဦးထူးအောင်က ကျွန်တော်တို့အတန်းထဲ ဝင်လာပြီး -

"ဆရာကြီးကို ပြောက်အိုးနဲ့ပစ်တာ ဘယ်သူလဲ"

လို့ မာမာထန်ထန်မေးတယ်။

ဆရာဦးထူးအောင်ရဲ့ မျက်နှာကြောခပ်တင်းတင်း လေသံမာမာကိုလည်း အားလုံးက မလှုပ်မယှက်နဲ့။

"မဖြေဘူးလား။ မဖြေရင် အားလုံး ခုံတွေပေါ်တက်၊ မတ်တတ်ရပ်၊ လက်ပိုက်"

ကျောင်းသူကျောင်းသား အားလုံးက ဆရာဦးထူးအောင်ခိုင်းတဲ့အတိုင်း လုပ်လိုက်ကြပါတယ်။

ရှမ်းခနဲ၊ ရှမ်းခနဲနေအောင်
လုံးနဲ့ တင်ပါးတွေကိုရိုက်တာ။
ကလေးတွေကတောင် "အောင်မ
လို့ မအော်ဘူး။

ကျွန်တော့်တင်ပါး စပ်ဖျင်း
ဖြစ်တာ မှတ်မိပါသေးတယ်။

"အေး...ကောင်းပြီ။ နေ
တန်းက ရှစ်ယောက် မတ်တတ်ရပ်
ကျန်တဲ့လူတွေထိုင်"လို့ ပြောပြီးမှ

"မင်းတို့ရှစ်ယောက်...ညှ
ကျောင်းဆင်းတာနဲ့ ကျောင်းရုံးခန်း

**ကျောင်းရုံးခန်**
**တစ်ခန်းလုံးငြိမ်လို**
**မငြိမ်တာက**
**ကျွန်တော်တို့ရဲ့နှလုံး**
**ဟုတ်ပါတယ်။**
**အဲဒီတုန်းက**
**ကျွန်တော်တို့နှလုံးခုန်သံ**
**မြန်နေတာ။**
**"ငါတို့ကို ကျောင်းများ**
**ထုတ်ပစ်မလား" ဆိုတဲ့**
**စိုးရိမ်စိတ်နဲ့ပေါ့။**



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးနဲ့ ဆက်ဆက်လာတွေ့။ မတွေ့ အဲဒီမြန်ရင် ကျောင်းထုတ်ပစ်မယ်"

ဆိုကာ ကျွန်တော်တို့ကို ထိုင်ခိုင်းခဲ့တယ်။

ဆရာဦးထူးအောင်က ဒုတိယကျောင်းအုပ်။ သူ့စကားနားမထောင်ဘဲ အိမ်ပြန်ရင် ကျောင်းထုတ်ခံရမှာ သေချာတယ်။ နားထောင်ပြီး ဆရာကြီးနဲ့ သွားတွေ့တော့လည်း အဲဒီကျောင်းသားလေးယောက်ကို ဆရာကြီးက ကျောင်းထုတ်ပစ်နိုင်တယ်။ အဲဒီအထဲမှာ မဆိုင်တဲ့ ကျွန်တော်နဲ့ ကျောင်းသားသုံးယောက်က အချောင်အဆစ်ပါနေတာ။

ဘာပဲဖြစ်ဖြစ် ဆရာကြီးနဲ့ သွားတွေ့ပြီး ကန်တော့တောင်းပန်ရင်တော့ ကျောင်းအထုတ်ခံရမှာ မဟုတ်ဘူး။ သေကာ အရိုက်ပဲ ခံချင်ခံရမှာ။ ဘာလို့ဆိုတော့ ဆရာကြီးက သဘောကောင်းလို့။

ဝဝဝ

(၅)

ရုံးခန်းထဲရောက်တော့ ဆရာကြီးဦးသန်းစိန်နဲ့ ဆရာ၊ ဆရာမတွေ၊ ရုံးဝန်ထမ်းတွေကိုလည်း တွေ့ရပါတယ်။ ရုံးခန်းအနေအထားက အင်္ဂလိပ်စာလုံး ယူပုံစံ စားပွဲခုံတွေစီထားတာ။ စားပွဲခုံတွေနောက်မှာ ထိုင်ခုံတွေနဲ့ ဘေးနှစ်ဖက်ထိုင်ခုံတွေပေါ်မှာ ဆရာ၊ ဆရာမတွေနဲ့ ရုံးဝန်ထမ်းတွေထိုင်လို့။ ဆရာကြီးကတော့ ဝင်ပေါက်ခြေရင်းတံခါးကို မျက်နှာမူလို့။

ကျွန်တော်တို့ ဝင်လာတာကိုမြင်တော့ ထိုင်နေတဲ့ ဆရာဦးထူးအောင်က နေရာကထလာပြီး -

"လာ"လို့ ကျွန်တော်တို့ကိုခေါ်တယ်။ ပြီးတော့ ဆရာကြီးစားပွဲရှေ့နဲ့ ဘေးနှစ်ဖက်မှာ မတ်တတ်ရပ်၊ လက်ပိုက်ခိုင်းတယ်။ ကျွန်တော်တို့လည်း ဆရာကြီးဦးထူးအောင်ခိုင်းသလို လုပ်ရတာပေါ့။

"မင်းတို့ ဆရာကြီးမေးတာ မှန်မှန်ဖြေ။ ဆရာကြီးပေးတဲ့ အပြစ်ဒဏ်ကိုခံ။ ဆရာကြီးမေးတာ မှန်မှန်ဖြေ။ ဆရာကြီးပေးတဲ့ အပြစ်ဒဏ်ကိုခံ။ ဆရာကြီးမေးတာ ပြောတာကို ရိုရိုသေသေ လေးလေးစားစား နားထောင်"

လို့ ကျွန်တော်တို့ကို သတိပေးပြီးမှ ဆရာဦးထူးအောင်က -

"ဆရာကြီး · ·ကျောင်းသားတွေ ရောက်လာပါပြီ"

လို့ ပြောရင်း စောစောကထိုင်နေတဲ့ သူ့နေရာကို သူသွားပြီး ထိုင်လိုက်ပါတယ်။

ဆရာကြီးကတော့ ကျွန်တော်တို့ဝင်လာတာကို လှည့်မကြည့်ပါဘူး။ ဆရာဦးထူးအောင်ကိုလည်း မကြည့်ပါဘူး။ မျက်စိမှိတ်ထားပြီး ထိုင်ခုံကို နောက်ကျောနဲ့ မှီထိုင်နေပါတယ်။

ကျောင်းရုံးခန်းတစ်ခန်းလုံး ငြိမ်လို့။ မငြိမ်တာက ကျွန်တော်တို့ရဲ့နှလုံး။ ဟုတ်ပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့နှလုံးခုန်သံ မြန်နေတာ။

"ငါတို့ကို ကျောင်းများထုတ်ပစ်မလား"ဆိုတဲ့ စိုးရိမ်စိတ်နဲ့ပေါ့။

တစ်အောင့်လောက် ကြာတော့မှ ဆရာကြီးဦးသန်းစိန်ဆီက အသံထွက်လာတယ်။

"ဆရာ သိပ်မှားသွားတယ်"တဲ့။

ဆရာကြီး ဦးသန်းစိန်က စကားဆက်ပြောတော့မယ်ဆိုတာ ကျွန်တော်တို့သိတယ်။ ဒါပေမယ့် သူကိုယ်သူ -

"ဆရာသိပ်မှားသွားတယ်"လို့ ပြောလိုက်တော့ ကျွန်တော်တို့ တော်တော်အံ့အားသင့်သွားတာပေါ့။

အပြစ်လုပ်ထားတာက စိန်အေးတို့၊ ထွန်းချစ်တို့ဆိုတဲ့ ကျောင်းသားလေးယောက်။ ကျွန်တော်တို့ လေးယောက်မှာလည်း အပြစ်ရှိပါတယ်။ အဲဒါက အပြစ်လုပ်တဲ့လူတွေကို သိပေမယ့် ရှေ့နေ့ ဝှတ်ပိတ် နေခဲ့ကြတာ။

ဒါကို ဆရာကြီးက အပြစ်ပြောရမှာ၊ အပြစ်တင်ရမှာ၊ အပြစ်ဆိုရမှာ ခုတော့ အပြစ်လုပ်တဲ့ ကျောင်းသားတွေက အပြစ်မရှိဘဲ အပြစ်လုပ်ခံရတဲ့ ပြောက်အိုးနဲ့ပစ်ဖောက်ခံရတာက သူမှာပဲ အပြစ်ရှိသလိုပုံစံနဲ့ ဆရာကြီးက "ဆရာသိပ်မှားသွားတယ်"လို့ ပြောတော့ ကျွန်တော်တို့ နားမလည်တော့ဘူး။

ဒါကို နားလည်အောင် ဆရာကြီးဦးသန်းစိန်က -

"မောင်တို့ကြားဖူးလား။ ကာလ၊ ဒေသ၊ ပယောဂဆိုတာ ရှိတယ်။ အချိန်အခါနဲ့ နေရာဒေသကြောင့် လူတွေစိတ်လှုပ်ရှားမှုဖြစ်တဲ့ သဘောလို့ အကြမ်းဖျင်းပြောနိုင်မယ်။ မောင်တို့က ရှေးလူကြီးတွေ ပြောလေ့ပြောထရှိတဲ့ ခေတ်ပျက်တယ်ဆိုတဲ့ ပြည်တွင်းစစ်ဖြစ်ခဲ့တဲ့အချိန် လွတ်လပ်ရေးရပြီးစ ၁၉၄၉ ခုမှာ မွေးဖွားခဲ့ကြတာ။ စစ်ရဲ့ အနိဋ္ဌာရုံကြားမှာ ပြေးလွှားရတဲ့အချိန်မှာ တစ်ဦးနဲ့တစ်ဦး အော်ကြ ဟစ်ကြ



www.burmeseclassic.com

www.burmeseclassic.com

သတ်ဖြတ်ကြ၊ နေအိမ်အဆောက်အအုံတွေကို ဖျက်ဆီးကြ၊ မွေးထားတဲ့ ကြက်၊ ဝက်၊ နွား စတဲ့ သတ္တဝါတွေလည်း မီးထဲပစ်ကြ၊ ရပ်ရွာတွေ မီးဟုန်းဟုန်းထခဲ့ကြတဲ့ ကာလဒေသမှာ ကြီးပြင်းခဲ့ကြတဲ့ လူငယ်တွေ။ ပြီးတော့ နိုင်ငံရေးမတည်ငြိမ်တဲ့ တိုင်းပြည်၊ မတည်ငြိမ်တဲ့ အစိုးရ အကွဲအပြဲဖြစ်တဲ့ ဖဆပလ ခေတ်မှာ သိတတ်တဲ့အရွယ်မှာ လူဖြစ်နေတဲ့ လူငယ်တွေဆိုတော့ 'ဒါငါလုပ်တာကွ' ဆိုတာမျိုး၊ ပြောက်အိုးမဖောက်ရဘူးဆိုရင် 'ဖောက်တယ်ကွာ ဘာဖြစ်လဲ'ဆိုတာမျိုး ပြောရရင် လက်မထောင်ပြချင်တဲ့ ရိုးရိုးသားသားသဘောနဲ့ ဆရာကြီးကို ပြောက်အိုးနဲ့ပစ်ပေါက်တာပါ။ ဆရာကြီးကို ထိခိုက်နာကျင်စေချင်တဲ့ စိတ်မပါဘဲ ရိုးရိုးသားသား လုပ်တယ်ဆိုတာ ဆရာကြီးသိပါတယ်။ မောင်တို့ဖြတ်သန်းခဲ့ရတဲ့၊ ဖြတ်သန်းနေတဲ့ ကာလ၊ ဒေသ၊ ပယောဂကို သတိမထားမိလို့ ဆရာကြီးက 'ဆရာ သိပ်မှားသွားတယ်'လို့ ပြောတာ။

မောင်တို့ မမှားပါဘူး။ မောင်တို့အားလုံးသိအောင် ဆရာကြီးပြောမယ်။ ဆရာကြီးကို ပြောက်အိုးနဲ့ပစ်ပေါက်တဲ့ ကျောင်းသားရော၊ ပစ်ပေါက်တာသိရက်နဲ့ ဖွင့်မပြောတဲ့ကျောင်းသားရော အပြစ်မရှိပါဘူး။

ကျောင်းသား ကျောင်းသူတွေဆိုတာ တစ်စိတ်ဝမ်းတစ်လက်ညီရတယ်။ အေးအတူပူအမျှ ရှိရတယ်။ အဲဒါကြောင့် ပြောက်အိုးနဲ့ပစ်ပေါက်တာကို သိရက်နဲ့ ဖွင့်မပြောဘဲ ဆရာဦးထူးအောင်ရိုက်တာ ခံခဲ့ကြတဲ့ ကျောင်းသား၊ ကျောင်းသူအားလုံးရဲ့ စည်းလုံးညီညွတ်တဲ့စိတ်ဓာတ်ကို ဆရာကြီး လေးစားပါတယ်"

လို့ ဆရာကြီးဦးသန်းစိန်က ပြောပြီး

"မောင်တို့သူငယ်ချင်း ကျောင်းသား၊ ကျောင်းသူတွေကို ပြန်ပြောကြပါ။ ယောဒီကျောင်းမှာ ဆရာကြီးက ကျောင်းအုပ်ဆရာကြီး။ ကျောင်းမှာ တာဝန်အရှိဆုံး။ ယောဒီကျောင်းနဲ့ ကျောင်းဝင်းထဲမှာ မောင်တို့ မယ်တို့ သီတင်းကျွတ်ကာလမှာ လွတ်လွတ်လပ်လပ် ပြောက်အိုးတွေဖောက်နိုင်တယ်။ မီးရှူးမီးပန်းတွေ လွှတ်နိုင်တယ်။ နိုင်ငံတော်က ပြောက်အိုးမဖောက်ရ၊ မီးရှူးမီးပန်း မလွှတ်ရလို့ အမိန့်ထုတ်ထားတာ၊ တားမြစ်ထားတာ ဥပဒေထုတ်ထားတာက ကျောင်းဝင်းကျောင်းခြံပြင်ပနဲ့သာ သက်ဆိုင်တယ်။ တို့ကျောင်းဝင်းကျောင်းခြံနဲ့ မဆိုင်ဘူး။ မောင်တို့၊ မယ်တို့ ကျောင်းဝင်းကျောင်းခြံထဲမှာ ပြောက်အိုးဖောက်လို့၊ မီးရှူးမီးပန်းလွှတ်လို့ ဘယ်သူမှ လာမဖမ်းစေရဘူး။ ဆရာကြီး အာမခံတယ်။ ဆရာကြီးက မောင်တို့၊ မယ်တို့ ဖြတ်သန်းခဲ့ရတဲ့ ကာလ၊ ဒေသ၊ ပယောဂကို သတိမထားဘဲ မောင်တို့ မယ်တို့ကို ပြောက်အိုးမဖောက်ဖို့၊ မီးရှူးမီးပန်း မလွှတ်ဖို့ ပိတ်ပင်မိခဲ့တာ ဆရာကြီး သိပ်မှားသွားပါတယ်။ ဆရာကြီးကို ခွင့်လွှတ်ပါ"

လို့လည်း ဆိုလိုက်ရော ဘာပြောကောင်းမလဲ။ ဆရာကြီးကို ပြောက်အိုးနဲ့ပစ်ပေါက်ခဲ့ကြတဲ့ ကျောင်းသားလေးယောက်ဆိုတာ ဆရာကြီးရှေ့က စားပွဲပေါ်မှာ မျက်နှာမှောက်ပြီး ရှိုက်ရှိုက် ငိုလိုက်ကြတာ ကျွန်တော် ခုထိသတိ နေတုန်းပါ။

ကျွန်တော်ကိုယ်တိုင်လည်း မ ပေမယ့် မျက်ရည်ဝဲခဲ့ဖူးပါတယ်။

အဲဒီနေ့က ရုံးခန်းထဲရောက် တဲ့ ကျွန်တော်တို့ရှစ်ယောက်က ဆ ကြီးဦးသန်းစိန်ကို ရှိုရှိုသေသေ ရှိခိုးက တော့ခဲ့ကြတာကိုလည်း မမေ့သေး ဘူး။ ပြီးတော့ ကျောင်းဆင်းပြီးပေမယ့် အိမ်မပြန်သေးဘဲ ကျောင်းရုံးခန်း အပြ နားမှာ စောင့်နေကြတဲ့ သူငယ်ချင်း သူငယ်ချင်းမတွေကိုလည်း သတိတ ရှိနေဆဲ။

"ဆရာရေ . . . အဲဒီနှစ်က ကျွ တော်တို့ကျောင်းမှာရော၊ ကျောင်းဝင် ထဲမှာရော၊ ရပ်ကွက်ထဲမှာရော ပြောက် အိုးဖောက်သံ လုံးဝမကြားခဲ့ပါဘူး။ မီ ရှူးမီးပန်းတွေလွှတ်တာလည်း လုံး မတွေ့ရတော့ပါဘူး။ တွေ့ရတာက အရင်နှစ်တွေထက်ပိုပြီး ကြီးကျယ်ခမ်း မြတ်တဲ့ ရည်ရွယ်ချက်တွေနဲ့ စေတနာ ပါပါ လှူဒါန်းပူဇော်ကန်တော့ကြတဲ့ မြတ်ဆရာပူဇော်ပွဲပါပဲ။

○○○

(၆)

မိတ်ဆွေကြီးဆရာအုန်းရဲ့ စကား က ဆုံးသွားပါပြီ။ ကျွန်တော့်နားစည် သံကတော့ ဆရာကြီးဦးသန်းစိန်ရဲ့ စကားသံတွေက ချိုမြိန်နေဆဲ။

**ပန်းတနော်နောင်လွင်**

www.burmeseclassic.com

# ဆည်းဆာချိန် တိမ်တောက်ခြင်း

သော်င်းဉာဏ်(ပန်းထော်ကျွန်း)

နံနက်ခင်း ထွက်ပြူလာသော နေမင်းသည် သူ၏ ရောင်ခြည်ဖြင့် ကမ္ဘာလောကတစ်ခုလုံးအပေါ် လွှမ်းနေသော အမှောင်ထုကို ပယ်ဖျောက်ပစ်ရန် အားယူနေပါသည်။ သဘာဝ၏ ဘဝတာဝန်ကို ကျေပြွန်နိုင်ရန် အလင်းရောင်ခြည်ကို အစဉ်မပြတ် ထုတ်လွှင့်ဖွမ်းဆောင်လျက် အမြဲရှိနေသည်။

ကမ္ဘာနီယာမသဘောနှင့် နေမှ အပူအလင်းကို အစဉ်ပေးသော်လည်း ကမ္ဘာလောကကြီးကို နေရာမလပ် အချိန်အသမရွေး အလုံးစုံသော နေရာအနှံ့ အချိန်မလပ်အောင် အလင်းဆောင်၍ မရနိုင်ချေ။ ကာလဒေသ ဥတုရာသီအလိုက် သဘာဝ၏အနှောင့်အယှက်များနှင့် မကင်းလွတ်နိုင်ပေ။ တိမ်ညိုဖုံးလွှမ်းကာ မိုးသက်လေပြင်း တန်ခိုးပြခြင်းသည်တို့နှင့် ကြုံရသောအခါ လင်းတစ်ချက် မှန်တစ်လှည့် ဖြစ်ရပါသည်။ တစ်နေ့တာကုန်ဆုံးသော်လည်း အလင်းဖြာပေးနိုင်သောအခါများလည်း ရှိသဖြင့် မတူညီသော လောကသဘာဝကို ရှောင်လွှဲမရနိုင်ပေ။ တစ်နေ့တာကုန်ဆုံးပြီး ဘဝနေဝင်ချိန်မှသာ အလင်းပေးခွင့်ရရှိပါက အားပါးတရနှင့် အလှဆုံးသော ရောင်ခြည်များဖြင့် ထွန်းပကာ လောကကြီးကို နှုတ်ဆက်ရခြင်းများလည်း ရှိပါသည်။

ထိုအလှပဆုံးသော နေမင်းအလင်းရောင်ကို ဆည်းဆာချိန်တိမ် တောက်ခြင်းဟု သတ်မှတ်ခေါ်ဆိုကြပါသည်။ နေမင်းရောင်ခြည် စွမ်းအားသည် အမြဲဖြစ်တည်ကာ ထွန်းပသော်လည်း လောကကြီးကို အမြဲထာဝရ အစဉ်အမြဲ အလင်းပေးနိုင်၊ လင်းတစ်လှည့် မိုက်တစ်ခါ တိမ်တောက်ကာနှင့် လောကကို နှုတ်ဆက်ထွက်ခွာမှု အကြိမ်ပေါင်း မရေမတွက်နိုင်ခဲ့ပြီး သံသရာလည်နေသည်တကားဟု တွေးဆမိပါသည်။ လောကသဘာဝအရ ဖြစ်ပျက်ပြောင်းလဲ မမြဲသော အနိစ္စသဘောကို စောကြောမိပါတော့သည်။

မိမိ၏ မွေးဖွားကြီးပြင်းရာဒေသသည် မြန်မာနိုင်ငံ အနောက်မြောက်ထောင့် ကမ်းနီးတန်း၊ ဘင်္ဂလားပင်လယ်ပြင်နှင့် ထိစပ်နေသော ကျွန်းကလေးဖြစ်ရာ ဆည်းဆာချိန်တိမ် တောက်ခြင်းအလှပန်းချီကို အမြဲပင် အမြင်အာရုံတွင် စူးနစ်လျက်ရှိပါသည်။ ထို့ကြောင့်လည်း လူ့ဘဝဟူသည် လောကတွင် နေမင်းအသွင် ထွက်ပြူလာလိုက်၊ ဒုက္ခဘေးအမျိုးမျိုးဒဏ်ခံရလိုက်၊ လင်းတစ်ခါ မှန်တစ်လှည့် ဆည်းဆာချိန် တိမ်တောက်ခြင်း စသည်ဖြင့် ပျောက်ကွယ်ကာ သံသရာလည်ကြရသည်ဟု တွေးတောမိစေပါသည်။

လူသားတိုင်းပင် အတိတ်ဘဝမှ ပြုမူကျင့်ကြံမှုကံ၏ ကောင်းကျိုးအဆင့်နှင့် အနိမ့်အမြင့်၊ အမြင့်အလတ် စသည်ဖြင့် နေမင်းထွက်ပြူလာသလို လူအဖြစ် ခန္ဓာဖြစ်စဉ်နှင့် ထွန်းပေါ်လာကြပါသည်။ ပွင့်တော်မူပြီးသော ဘုရားရှင်တို့၏ အခြေခံမူဖြစ်တော်မူသော စိတ်ဓာတ်စင်ကြယ်မြင့်မြတ်ရေး၊ ကုသိုလ်ကောင်းမှု တိုးပွားပြည့်စုံရေး၊ မကောင်းမှုအားလုံး ကင်းစင်ရေး၊ ဓမ္မကျွန္တာအရ လူ့ဘဝကို ရခဲလှသဖြင့် ကောင်းမှုချမ်းသာဟူသမျှ ကျင့်ဆောင်နိုင်ခွင့်ရှိသော လူ့ဘဝကို အကျိုးရှိအောင် အသုံးချရမည်ဖြစ်ကြောင်း ဗုဒ္ဓဘုရားရှင်တော်မြတ်၏ တရားတော်များရှိပါသည်။

သို့သော် နေမင်းကြီးသည် လောကကို အစဉ်အမြဲ အလင်းပေးပါသော်လည်း နေရာမလပ်၊ အချိန်မရွေး အလင်းမပေးနိုင်သလို လူသားတို့မှာ လူ့လောက ဘဝသရုပ်ဖော်ဇာတ်လမ်းကိုယ်စီနှင့် တစ်မျိုးတစ်ဘာသာ သရုပ်ဆောင်နေကြရသည်ဟု တွေးမြင်မိပါသည်။ လူတို့မည်သည် အနုပညာ၊ အတတ်ပညာဖြင့် ဖန်တီးထားသော အရာမျိုးလို အပန်းဖြေသဘောနှင့်သာ ကြည့်ရှုကြခြင်းက အများအားဖြင့် ရှိကြပါသည်။ နေ့စဉ်နှင့်အမျှ ကောင်းမှု၊ မကောင်းမှု ဤနှစ်ခုနှင့်သာ ကိုယ်,နှုတ်,နှလုံး သုံးပါးဆိုင်ရာ ပြုကျင့်ဆောင်ရွက်နေမှု၊ ကုသိုလ်၊ အကုသိုလ်ကံ အလုပ်များမှ ခံစားရသည့် အကျိုးအပြစ် အဖြစ်အပျက်ဇာတ်လမ်းမျိုးစုံ ကိုယ်စီရှိကြသည်ကို သတိမူကာ အလေးထားမှုရှိကြသည်က နည်းပါးကြသည်ဟု

www.burmeseclassic.com

ကိုယ်တိုင်နိုင်းကာ ယှဉ်ဆမိပါသည်။

အနုပညာ စာပေပညာရှင်တို့၏ ထူးခြားသော စိတ်စွမ်းအားဖြင့် လောကသဘာဝကို ထင်ဟပ်ပေါ်လွင်အောင် ဖန်တီးထားသော စွမ်းဆောင်ချက်တို့အား သရုပ်ဆောင်အနုပညာရှင်တို့က သဘာဝကျကျ အနုပညာပီသစွာ သက်ဝင်လှုပ်ရှားပြသကာ ပညာပေးကြပါသည်။ လူ့ဘဝ၏ အလွမ်းအသော့, အမော အစုံအလင်ကို ထိုသရုပ်ဆောင် ဇာတ်လမ်းများကဲ့သို့ လူသားတိုင်း ကိုယ်စီကိုယ်စီ သရုပ်ဆောင်နေကြပါသည်။ နေမင်းရောင်ခြည် လင်းပမှုမညီမျှနိုင်သကဲ့သို့ပင် လူတို့မှာ စရိုက်အမျိုးမျိုး၊ အတွေ့အကြုံအဖြစ်အပျက်၊ အပြုအမူ အဆိုးအကောင်း ကိုယ်ကျင့်တရား စသည်များဖြင့် ကိုယ်တိုင်ဖော်ပြလျက် ရှိကြပါသည်။ သို့သော် ကိုယ်တိုင် ဘဝဇာတ်လမ်း သရုပ်ဆောင်မှုကို ဆန်းစစ်ဝေဖန်ကြည့်မြင်လျက် အဆိုးအကောင်း၊ အကြောင်းအကျိုး သိမြင်ခံစားတတ်သည့် အတိတ်ဘဝကံပါရမီဉာဏ်ရည် ဉာဏ်သွေးအပေါ် မူတည်ခြင်းလည်း ရှိပါသည်။

ထို့ကြောင့် လူ့ဘဝကို မှုန်ဝါးဝါးနေရောင်ကဲ့သို့ အမှတ်တမဲ့နှင့် ကုန်လွန်ခြင်းများရှိသလို အခွင့်အခါရသလို အလင်းဝိုနိုင်အောင် စွမ်းဆောင်ကာ ဘဝတာဝန်ကို ထမ်းဆောင်သူများလည်း ရှိကြကြောင်း တွေးကြည့်ပါက သိမြင်နိုင်ပါသည်။

ဆည်းဆာချိန် တိမ်တောက်ခြင်းသည် နေမင်းရောင်ခြည် အလုပ်ဆုံး သဘာဝအလှရတနာ ဖြစ်သကဲ့သို့ လူ့ဘဝ အလင်းအမှောင်အမျိုးမျိုးနှင့် ကြုံရသူများတွင် ဆည်းဆာချိန် တိမ်တောက်ခြင်းဖြင့် လောကကို နှုတ်ဆက်သူများစွာရှိကြောင်း မျက်မှောက်ကာလထိ အစဉ်အဆက်ရှိနေပါသည်။ အတိတ်ဘဝကံ အကျိုးပေးပါရမီချင်း မတူကြဘဲ ခန္ဓာဖြစ်စဉ်သဘာဝမှာ တစ်မူကွဲပြားကာ လူဖြစ်လာကြရသဖြင့် မျက်မှောက်ဘဝ၌ ကံ၊ ဉာဏ်၊ ဝီရိယ၊ သဒ္ဓါသီလ၊ သမာဓိ၊ ပညာတို့လည်း ကွဲပြားကြပါသည်။

လူ့ဘဝ နေထွက်ချိန်မှစ၍ ကိုယ်နှုတ်စိတ်တို့ဖြင့် ပုံစံအမျိုးမျိုး အလင်းပျိုးကြရာတွင် အဆိုးအကောင်း အကျိုးအပြစ်တို့ကို သတိမူကာ ပြောင်းလဲပြုပြင် ကျင့်ဆောင်သူများမှာ လူ့ဘဝအလင်းကို ဆည်းဆာချိန်တိမ်တောက် ခြင်းဖြင့် သရုပ်ဖော်ကာ လောကကို နှုတ်ဆက်ကြပါသည်။ ဘဝနေဝင်ချိန် နီးလေလေ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး မိဘဆိုးဘွား ဆရာသမားများနှင့် ကြီးငယ်မဟူ လူတန်းစားမရွေး ကျေးဇူးရှိသူ နိမ့်မြတ်မဟူတို့၏ ကျေးဇူးကို သိမြင်ကာ ဗုဒ္ဓဘုရားရှင်၏ အဆုံးအမကို အစွမ်းကုန် ဆည်းပူးလေ့လာနာယူကာဖြင့် ကျင့်ကြံအားထုတ်ကြပါသည်။

ဗုဒ္ဓရှင်တော်မြတ်၏ တရားတော် အဆုံးအမတို့ကို သံဃာတော် အရှင်သူမြတ်များထံမှ ဩဝါဒခံယူကာ အပြစ်ဟူသမျှကို ဒိနကာသိုလ်၊ သီလကာသိုလ်၊ ဘာဝနာကာသိုလ်များက ဆေးကြောသန့်စင်စေမည်ဟု ယုံကြည်စိတ်နှင့် ဗုဒ္ဓအဆုံးအမ လူ့ဘဝနေထိုင်နည်းတို့ကို အတတ်နိုင်ဆုံး လိုက်နာကျင့်ဆောင်ကြသည်။ ကိုယ်နှင့်ဆိုင်ရာ လက်လှမ်းမီသမျှ ကိုယ့်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာအရ လူမျိုးဘာသာမရွေး လူတန်းစားအသီးသီးတို့အတွက် လိုအပ်ချက်ကို ဖြည့်ပေးမှု၊ လောဘမဝိုပေးကမ်းစွန့်ကြဲလှူဒါန်းလိုမှု၊ နိုင်ငံတိုးတက်ထွန်းကား အောင်မြင်ရေးအတွက် စွမ်းအားရှိသမျှ တစ်စိတ်တစ်ဒေသမှ ပံ့ပိုးလိုမှု၊ ကိုယ်ချင်းစာ၊ အနစ်နာ၊ စေတနာ၊ သည်းခံမေတ္တာ အသွယ်သွယ်တို့ဖြင့် သက်ဝင်လှုပ်ရှား ကြိုးပမ်းရှက်ဆောင်ကြသူများမှာ ရေးကလည်းရှိ ယခုလည်း ရှိကြပါသည်။

လူဖြစ်ရချိန် ကောင်းမှု၊ ကောင်းစိတ်၊ ကောင်းစရိုက်နှင့်ချည်းသာ သက်တမ်းကာလ ကုန်ဆုံးမှုမဖြစ်နိုင်သော်လည်း ဆည်းဆာချိန်တိမ်တောက်ခြင်းဖြင့် နောက်လူများအား လူ့ဘဝအလှရတနာဖြင့် သရုပ်ဖော်နိုင်ခြင်းသည် ကောင်းရာမွန်မြတ်တရားဟော တရားတော်သဘောပင်ဖြစ်ပေသည်။ နေ့တာကုန်ဆုံး နေလုံးကွယ်ပျောက်ချိန်နီးလေလေ တောက်ပသည့်အရောင် လှပတင့်တယ်လေဖြစ်သော ဆည်းဆာချိန်တိမ်တောက်ခြင်း အဖိုးထိုက်အလှရတနာတို့က မိမိကဲ့သို့ အဝေးပြာ အနီးမှုန်နှင့် ဝေဝါးကြည့်မြင်သူတို့အား အလင်းအားတိုးစေဖို့ ထောက်ပံ့ပေးသည်ဟု ယုံကြည်စိတ်ဖြစ်မိပါတော့သည်။

(အညစ်အကြေးကာင်းစင် နေဝန်းအသွင်နှင့် မိခင်အား အမြတ်ဆုံး အလှူတရားတော် အလှူရှင်ဘဝနှင့်ရင်း၍ အသိသတိပေးကာ တိမ်တောက်ခြင်းဖြင့် နှုတ်ဆက်ကွယ်လွန်သွားသူ သားငယ်အား ကောင်းမွန်ရာဘုံဘဝ၌ ကောင်းမှုကျင့်ဆောင်နိုင်ရစေကြောင်း ဆန္ဒပြုဆုတောင်းလျက်)

သောင်းဉာဏ်(ပန်းတော်ကျွန်း)

၀၉-၄၃၀၆၇၉၀၄၄

www.burmeseclassic.com

# ကံတွေကောင်းလို့

## အ ေ ကြ ာ ်င် း လှ ပါ ေ စ

■ မင်းလာဦးရွှေအိုး

လူတိုင်းအတွက် ကံသာအမိ၊ ကံသာအဖ ဖြစ်ချေ၏။ သည့်အတွက် "ဥစ္စာကံပေးမရသေး နောင့်နှေးဖျာပါ မရှိရာ"တို့၊ "ကံယုံရင် ဒူးပုံမနှင်းနဲ့"တို့၊ "လုံထမ်းလာတာ မြင်ရ ကံထမ်းလာတာ မမြင်ရ"တို့၊ "ကံမရှိ ဉာဏ်ရှိတိုင်းမွဲ" တို့၊ "ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ"တို့ စသဖြင့် ဝေါဟာရ စကားတွေ ပေါ်ထွက်လာခြင်းဖြစ်၏။ လူတစ်ယောက်အဖို့ သေချင်လောက်အောင် ကံတွေက ဆိုးရွားနေသည်ဆိုပါစို့။ ဘဝကို အရှုံးပေးစရာမလိုပါ။ အဆိုးထဲမှ အကောင်းရှာရပါ မည်။ ဆိုးသမျှကံတို့အား ပြောင်းပြန်လှန်ပစ်ရပါမည်။ သည် တော့ ဆိုးသမျှကံတွေ ပြန်လည်၍ကောင်းမွန်စေရန် စိတ် ရှည်စွာဖြင့် အောက်ပါပြုဖွယ်ကိစ္စတို့ကို လုပ်ဆောင်ကြည့် စေချင်ပါသည်။

၁။ ယောကျ်ားဖြစ်က ရုပ်ခန်းခံပါ။ မိန်းမဖြစ်က သီလရှင်ဝတ်ပါ။ (အနည်းဆုံး ကိုးရက်ဝတ်ရ ပါမည်။ ယောဂီဝတ်၍ မရပါ။)

၂။ ရဟန်း၊ သီလရှင်ဝတ်စဉ် တစ်ရက်လျှင် အနည်း ဆုံး ရှစ်နာရီထက်မနည်း ဝီပိတ်ကျင့်ရပါမည်။ သက်သတ်လွတ်စားရပါမည်။

၃။ ဘုရားအား သက်သတ်လွတ်ဆွမ်း ကပ်လှူရ ပါမည်။ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်တို့ကို တစ်မျိုးလျှင် ကိုးခုစီ လှူပါ။

၄။ ရဟန်း၊ သီလရှင်ကို အနည်းဆုံး ကိုးရက်ပြည့် အောင်ဝတ်ပါ။ သည့်ထက်ပို၍လည်း ဝတ်နိုင် ပါသည်။ အဓိဋ္ဌာန်ပြည့်ပြီးသွားပါက လူထွက်ချင် ထွက်နိုင်ပါသည်။ သို့ရာတွင် အောက်ပါအစီ အစဉ်ကိုမူ မပျက်မကွက် လုပ်ဆောင်ရန် လို အပ်ပါသည်။

(က) နေ့တိုင်း ဘုရားရှင်အား ဆွမ်းတော်ကပ်ပါ။ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်၊ ဖယောင်း တိုင်တို့ကို ကပ်လှူပါ။

(ခ) ဆွမ်းတော်ကပ်လျှင် သက်သတ်လွတ်ဆွမ်း၊ ဆွမ်းဟင်းတို့ကိုသာ ကပ်ပါ။

(ဂ) နေ့စဉ် ဂုဏ်တော်ကိုးပါးကို အခေါက်ရေ ၂၇၀ တိတိရအောင် ရွတ်ဖတ်သရဇ္ဈာယ်ပါ။

အဆိုပါ အစီအရင်ကို စိတ်ရှည်လက်ရှည်လုပ်ပေးဖို့ လိုပါသည်။

ကံဆိုသည်မှာ အလုပ်ပင်ဖြစ်၏။ မိမိလုပ်ဆောင်သော အလုပ်သည် ကောင်းသောအလုပ်များဖြစ်ပါက ၎င်းနှင့်ထပ် တူ ဂုဏ်မှာလည်း အကောင်းဘက်သို့ ကူးပြောင်းလာမည်ဖြစ်ပါ သည်။ ကံသည် ပြုပြင်၍ရပါသည်။ မကောင်းမှု အကုသိုလ် ကံများကို ရှောင်ရှားရပါမည်။ အတိတ်မှ ကံဆိုးကံညံ့များ ကိုလည်း ပြန်လည်ကောင်းမွန်လာကာ အဝဝအရာရာ အေး ချမ်းလာပါလိမ့်မည်။ ကံဆိုးမိုးမှောင်ကျသည့်ဘဝမှ ကင်း လွတ်လာပါလိမ့်မည်။

မင်းလာဦးရွှေအိုး



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# လောင်မီးထက်ပြင်းသော

မြမြရှိုင်

"ဒေါက်···ဒေါက်···ဒေါက်"

အသံကြားရာဆီသို့ မြလေးနွယ် ဖွင့်လိုက်သည်။ တစ်ခုခုကို အချက် ကာ ခေါက်နေသောအသံဖြစ်သည်။ ဆက်ထပ် ခေါက်သံကြားရသည်။ သေ ပါသည်။ အချက်ပေးခေါ်သော အသံ သည်။ မျက်ခုံးနှစ်ဖက်ကို အတွင်း ဘက်သို့စုကာ မျက်မှောင်ကြုတ်လိုက် သည်။ စိတ်ညစ်သောအသွင်၊ စိတ် ညည်းသောအသွင်ကို မြလေးနွယ်၏ မျက်နှာပေါ်တွင် အထင်းသားတွေ့ရမည်။

"ကဲ···ခဏလေးနော်။ ခေါ် ကြာရင် တစ်မျိုးထင်နေဦးမယ်"

အနားတွင်ရှိသော အဖော်အား ချိုသောမျက်နှာနှင့် စကားကို ဖြေ ပြောလိုက်သည်။ ထိုင်ရာမှထပြီး အခန်း၏ပြတင်းပေါက်တံခါးကို ဖွင့်လိုက် သည်။ လုံးဝ အဖွင့်ကြီးဖွင့်ခြင်းမဟုတ်။ ထင်းရှောင်ဝင်ရုံလောက်သာ ခပ်ဟ လေး ဖွင့်လိုက်သည်။

"ဟင်း···သွားလိုက်ဦးမှ"

သက်ပြင်းချလိုက်ပြီး ပုံသဏ္ဌာန် နေသော ခေါင်းမှ ဆံပင်ကို သပ် ရပ်ရပ်ပြုလုပ်လိုက်သည်။ အင်္ကျီနှင့် ကိုလည်း ပြန်လည်ကာ ပြင်ဝတ် ပြီး အခန်း၏တံခါးကို ဖွင့်ကာ ထွက်လာခဲ့သည်။

"ပြန်မယ်ဆိုလည်း ပြန်လိုက် တော့"

အတွင်းဘက်သို့လှည့်ကာ ပြော လိုက်သည်။ အခန်းတွင်းရှိသူက မြလေး နွယ်၏စကားကို လက်ခံသည့်အလား ခေါင်းညိတ်ပြီး အခန်းထဲမှ ခြံအပြင် ဘက်သို့ ထွက်သွားသည်။ ထိုသူ၏ လှုပ် ရှားမှုပုံသဏ္ဌာန်ကို အိမ်ကြီးအပေါ်ထပ် မှ တစ်ဦးတစ်ယောက်က ကြည့်နေ သည်။ ကြည့်နေသောသူ၏ မျက်နှာ တွင် ရှုံ့ရှာမုန်းတီးသော အရိပ်သဏ္ဌာန် ကို တွေ့မြင်နိုင်သည်။ မြလေးနွယ်တစ် ယောက် အိမ်အောက်ထပ်မှ အပေါ် ထပ်တက်ရန် လှေကားမှ အပြေးကလေး တက်လာသည်။ အသက်အရွယ်အား ဖြင့် သုံးဆယ်ဝန်းကျင်သာရှိသေးသော မြလေးနွယ်၏ လှုပ်ရှားမှုမှာ သမင်ပျို လေး ခုန်ပေါက်မြူးထူးနေသည့်ပမာ။

အသွင်သဏ္ဌာန်က မြူးတူးသွက် လက်သလို ကိုယ်နေဟန်ကလည်း ကြော့ရှင်းလှပသည်။ ကြည်လဲ့ဝင်း ကြည်သော မျက်လုံးအစုံရှိသည်။ မျက် လုံးအစုံထက်က ကော့ရွန်းသော မျက် တောင်အလှကို ထပ်ဆင့်ကာ အလှပြု ထားသည်က နက်မှောင်ကာ ထူထဲ သော မျက်ခုံးနှစ်ဖက်က နှာတံပေါ်ပေါ် နှင်းဆီငုံနှုတ်ခမ်းဖူးဖူးလေးအတွက် ပိုမို လှပစေသည်။ ညိုစိမ့်စိမ့် အသားအရေ က ညက်စင်ကာ ဝင်းမွတ်နေသည်။ ထိုလှမျိုးစုံ၏ ပိုင်ရှင်မှာ မြလေးနွယ် မဟုတ်။ သူ့အလှကို တကာယ်ပိုင်စိုး ထားသူက···။

"ဟာ···အစ်ကိုကြီး နိုးပြီလား။ နွယ်လေးလည်း ခြံထဲဆင်းပြီး ဘုရား မန်းခူးနေတာ။ အပေါ်ထပ်က အစ်ကို ကြီး အချက်ပေးသံကြားလို့ အမြန်တက် လာရတာ မောလိုက်တာ"

ဦးရာဇာမင်းဒင်က အပေါ်ထပ်သို့ အပြေးတက်လာသည့် မြလေးနွယ်၏ စကားကို ပြုံးကာ နားထောင်လိုက် သည်။

"ဖြည်းဖြည်းတက်လာပါ ကလေး ရယ်။ အစ်ကိုကြီးနိုးနေပြီဆိုတာသိဖို့ ဘဲလ်အချက်ပေးလိုက်တာ။ ဒီမှာ လှူဝ ကြီးလည်း ရှိသားပဲ။ အစ်ကိုကြီးကို ဒီ ကုလားထိုင်ပေါ် တင်ပေးခဲ့တာ"

"အို···အစ်ကိုကြီးနိုးနေပြီဆို မြလေးနွယ်က အနားမှာရှိမှ ဖြစ်မှာပေါ့။ ကိုယ့်ယောက်ျားကို ကိုယ်ပဲပြုစုမှာပေါ့"

မြလေးနွယ်က ချစ်စဖွယ်အပြုံး နှင့် ဦးရာဇာမင်းဒင် အနားသို့လာကာ ဘီးတပ်ကုလားထိုင်အနားတွင် ခုံပုတစ် လုံးဆွဲကာ ထိုင်လိုက်သည်။

"ဦးလှူဝကြီးကော အစ်ကိုကြီး"

www.burmeseclassic.com

"သူ့ကို ကိစ္စလေးတစ်ခုရှိလို့ ခြံထဲလွှတ်လိုက်တယ်"

"ဒါဆို မြလေးနွယ်ဘာလုပ်ပေးရမလဲ။ အစ်ကိုကြီးအတွက် မြလေးနွယ်က လုပ်ပေးရမှာ။ ကဲ...အစ်ကိုကြီး ဘာစားချင်သလဲ။ ဒေါ်ထုံကြီးကို မခိုင်းဘဲ မြလေးနွယ်ကိုယ်တိုင် လုပ်ပေးမယ်လေ"

"သူက ဈေးသွားပြီလေ။ ညထဲက ဈေးဖိုးယူထားတာလေ မေ့နေတာလား"

"အို...ဟုတ်ပါရဲ့ မြလေးနွယ်မေ့သွားလို့။ ဒါဆို မြလေးနွယ် အစ်ကိုကြီးကြိုက်တဲ့ ကြက်ဥနဲ့ သီးစုံထမင်းကြော်လိုက်မယ်။ နောက်ပြီး မောမစ်ပူပူလေး ဖျော်လာခဲ့ပေးမယ်"

အနားမှထပြီး မီးဖိုချောင်ထဲသို့ ခြေလှမ်းသွက်သွက်နှင့် လှမ်းဝင်သွားသည်။ မြလေးနွယ်၏ ခန္ဓာကိုယ်နောက်ပိုင်းအလှကို ဦးရာဇာမင်းကြည့်ကာ သက်ပြင်းချမိသည်။ နာရီဝက်လောက်ကြာလျှင် ပူပူနွေးနွေး အငွေ့ထနေသော ပြောင်းဖူး၊ မှန်လာဥနီ၊ ပဲသီး၊ ကြက်ဥတို့နှင့် ကြော်ထားသော ထမင်းကြော်ပန်းကန်ကိုင်ကာ ဦးရာဇာမင်းခင် အနားသို့ရောက်လာသည်။

"ကလေးလည်း အစ်ကိုကြီးအတွက်နဲ့ ပင်ပန်းနေပြီ"

"ဒါလောက်လေးလုပ်ရတာ ပင်ပန်းတယ်လို့ မထင်ပါဘူး အစ်ကိုကြီးရယ်။ အစ်ကိုကြီးရဲ့ကျေးဇူးတွေက မြလေးနွယ်အပေါ်မှာ ဆပ်လို့တောင် မကုန်နိုင်ပါဘူး"

"ကျေးဇူးတရားတွေ...ကျေးဇူးတရားတွေလို့ မပြောပါနဲ့ကလေးရယ်။ အခု အစ်ကိုကြီးက ခြေမသန်၊ လမ်းမလျှောက်နိုင်တဲ့ ဒုက္ခိတတစ်ယောက်ဖြစ်နေပြီ"

"အစ်ကိုကြီးရယ် ပြုစုထိုက်လို့ ပြုစုခွင့်ရတာကိုပဲ မြလေးနွယ်က ကျေနပ်လှပါပြီ"

ဘီးတပ်ကုလားထိုင် လက်တန်းဘေးမှ အရှင်လုပ်ထားသည့် သစ်သားပျဉ်ပြားကို တခြားလက်တန်းပေါ်သို့ လှည့်တင်လိုက်သည့်အခါတွင် အစားအသောက်တင်စားနိုင်သည့် စားပွဲသဖွယ်ဖြစ်သွားသည်။ မြလေးနွယ်သည် ထမင်းကြော်ပန်းကန်ကို အပူသက်သာအောင်လုပ်ပေးပြီး ပန်းကန်ပြားတွင် ဇွန်းနှင့်ခက်ရင်းထားပေးကာ တစ်တောင်ပတ်လည် အဖြူရောင် အဝတ်သန့်သန့်ကို ရင်ဘတ်မှစပြီး အောက်ဘက်သို့ ဖြန့်ခင်းပေးလိုက်သည်။

အနားတွင် စကားလည်းပြောရင်း လိုအပ်တာလည်း ပြုလုပ်ပေးနေသည်။ ဦးရာဇာမင်းခင် အားရပါးရစားနေပုံကို မြလေးနွယ် သဘောကျစွာ ကြည့်နေသည်။

"အစ်ကိုကြီး အခုလို အားရပါးရ စားတာကိုမြင်ရတော့ မြလေးနွယ် ဝမ်းသာလိုက်တာ"

"ကလေးကော အစ်ကိုကြီးနဲ့ အတူတူစားပါလား"

"နောက်မှပဲ စားတော့မယ်။ မြလေးနွယ်ပါ အစ်ကိုကြီးနဲ့ အတူတူစားရင် အစ်ကိုကြီးကို သီးသန့်မပြုစုနိုင်ဘူးပေါ့။ မြလေးနွယ် နောက်မှပဲ ထမင်းကျက်မှ စားတော့မယ်"

ပါးစပ်တွင် ထမင်းစေ့၊ ဟင်းဆီတို့ ပေနေသည်ကို မြလေးနွယ်က သူ့လက်ဖဝါးနုနုလေးဖြင့် ဦးရာဇာမင်းခင်ကို သုတ်ပေးလိုက်သည်။ ဖြူလွလွ စက္ကူမှုမှုလေးဖြင့် တယုတယ သုတ်ပေးခြင်းဖြစ်သည်။ မိမိလက်တွင် ပတ်ထားသောနာရီကို မြလေးနွယ် မသိမသာကြည့်လိုက်သည်။ ရင်ထဲမှ သက်ပြင်းကို တိတ်တခိုးချလိုက်သည်။

"အစ်ကိုကြီး ဟောဒီမှာ မောမစ်ပူပူနွေးနွေးလေးပါ သောက်လိုက်ဦးနော်"

ဇွန်းတပ်ထားသော လက်ဖက်ရည်ပန်းကန်ထဲမှ မောမစ်အရည်ကို မွှေလိုက်ပြီး ဦးရာဇာမင်းခင်အား ပေးလိုက်သည်။ အားလုံးသောက်ပြီးမှ ဦးရာဇာမင်းခင်အား အိပ်ခန်းဝအထိ ဘီးတပ်ကုလားထိုင်ကို ရွှေ့ထားပေးလိုက်သည်။

"အစ်ကိုကြီး စားပြီးရင် မြလေးနွယ် ရေးချိုးဖို့ပြင်လိုက်ဦးမယ်။ နေရတာ ငြီးစီစီကြီးဖြစ်နေလို့"

"သြော်...အေး...အေး။ ကလေးသွား။ အစ်ကိုကြီးလည်း နားလိုက်ဦးမယ်"

မြလေးနွယ် လှေကားအတိုင်း အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ဦးရာဇာမင်းခင်အနားမှ ခွာခဲ့လေတိုင်း မိမိရင်ထဲတွင် မွန်းကျပ်သလိုခံစားရသည်။ မချစ်သော်လည်း အောင့်ကာနမ်းရသည် ဆိုသည့်စကားမှာ သူ့အတွက်များလား။



www.burmeseclassic.com

www.burmeseclassic.com

အောက်ထပ် ဧည့်ခန်းအတွင်းရှိ ဆိုဖာထိုင်ခုံတစ်ခုပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ရင်ထဲ မောဟိုက်ကာ မွန်းကျပ်လွန်းလှသည်။ မြလေးနွယ်တစ်ယောက် သူ့ဘ၀ကို တွေးစားမိကာ ရင်မောမိသည်။ ဦးရာဇာမင်းခင်အကြောင်းကို ပြန်ပြောင်းကာ စဉ်းစားမိသည်။

သီဂီနဒီဆိုသည့်ခြံနှင့် ယှဉ်တွဲကာ ဦးရာဇာမင်းခင်ကိုပါ လူတိုင်းသိကြသည်။ သီဂီနဒီခြံကြီးမှာ ဧကနှစ်ဆယ်နီးပါး ကျယ်ဝန်းသော ခြံကြီးဖြစ်သည်။ မြင်းမွေးသည်။ နို့စားနွားမွေးသည်။ တချို့နေရာတွင် နေကြာပန်းခင်းတွေ မြင်ရသည်။ လိုအပ်သော လုပ်ငန်းများအတွက် အလုပ်သမားများ ထားရှိသည်။ ခြံနှင့်ခပ်လှမ်းလှမ်းတွင် နှစ်ထပ်တိုက် နိုင်နိုင်ခံ့ခံ့ကြီးက ထည်ဝါလှသည်။ ထိုတိုက်အိမ်ကြီးတွင် ဦးရာဇာမင်းခင်နေသည်။ ဦးရာဇာမင်းခင်တွင် ပထမအိမ်ထောင်ရှိသည်။ ထိုစဉ်က ဦးရာဇာမင်းခင်၏ဘ၀တွင် ချမ်းသာကြွယ်ဝမှုက မစသေးပေ။ မည်သည့်နေရာမှ လာမှန်းမသိသော်လည်း သီဂီနဒီခြံလေးသို့ရောက်ပြီး မကြာမီ ဒေါ်သန့်ဇင်နှင့် အိမ်ထောင်ကျသည်။ ခြံမြေပိုင်ရှင်တစ်ဦး၏သမီးဖြစ်သူ ဒေါ်သန့်ဇင်သည် အချစ်တစ်ခုကိုသာ ကိုးကွယ်ထားရာအဖြစ် သတ်မှတ်ထားသည်လားမသိ။ မိဘများဆုံးတွင် ဦးရာဇာမင်းခင်ကို လက်ထပ်ဖို့အရေးကို မရရအောင်ပူဆာကာ လက်ထပ်ယူခဲ့သည်။

ဦးရာဇာမင်းခင်ကလည်း အသက်သုံးဆယ်ကျော်အရွယ်သာ ရှိသေး၍ ယောက္ခမတို့၏ သဘောအကြိုက်ကို လိုက်နိုင်ပြီး အလုပ်ကို များများလုပ်ပြလိုက်သည်။ သုံးနှစ်အတွင်းမှာပင် ခြံမြေတစ်ခုလုံး ဦးရာဇာမင်းခင် ကွပ်ကဲရသလို ငွေကြေးကအစ စီမံခွင့်ရလေသည်။ အသက်အရွယ်ကြီးလာသော ယောက္ခမနှစ်ဦးလည်း မီးစာကုန်ဆီခန်းကာ ကွယ်လွန်သွားကြပြီ။ အသားလတ်လတ်၊ အရုပ်မြင်မြင်၊ ကိုယ်နေဟန်ထွားကျိုင်းသော ဦးရာဇာမင်းခင် အဖို့ သူဌေးဆိုသော ဘွဲ့ဂုဏ်ထူးနှင့် လွန်စွာမှ လိုက်ဖက်ညီလှသည်။ ချစ်၍ ရအောင်ယူထားသည့်မယား ဒေါ်သန့်ဇင်အပေါ်တွင်လည်း အချိုးပြောင်းလာသည်။ သားသမီးလည်း မထွန်းကားသဖြင့် ဒေါ်သန့်ဇင်ဘ၀တွင် အထီးကျန်ဆန်လာသည်။

မကြာမီ ဒေါ်သန့်ဇင်ကွယ်လွန်သည်။ ရုတ်တရက် ဦးနှောက်သွေးကြောပြတ်၍ ကွယ်လွန်သွားသည်ဟု ဆိုကြသည်။ ဦးရာဇာမင်းခင်က ကြေကွဲလှစွာဖြင့် ချစ်ဇနီး၏အမည်ကို တသသဆိုကာ မျက်ရည်ဝဲပြသည်။ မီးသင်္ဂြိုဟ်ပြီးသည်အထိ ဦးရာဇာမင်းခင်မှာ လွမ်းတေးမဆုံးသေး။

မြလေးနွယ်နှင့် တွေ့သည့်အချိန် သူ့နှလုံးသားတို့မှာ အချစ်အတွက်လွမ်းရသည့်ဒဏ်ရာက အနည်ထိုင်စပြုနေပြီ။ မြလေးနွယ်သည် ချောသည်။ တုဖက်ပြိုင်ကင်းသော အလှရှိသည်။ စီးပွားရေးအတွက်သာမက ဇနီးသည်အပေါ် လွမ်းဆွေးပြအောင် ဦးရာဇာမင်းခင် ခရီးထွက်သည်။ တည်းခိုခန်းတစ်ခုတွင် မြလေးနွယ်နှင့် အမှတ်မထင်ဆုံသည်။ မြလေးနွယ်က ထိုတည်းခိုခန်းက ဧည့်ကြို ဝန်ထမ်းတစ်ဦးဖြစ်သည်။ တစ်ကြိမ်တစ်ခါမြင်ရုံနှင့် ဦးရာဇာမင်းခင်၏ နှလုံးသားကို လှုပ်ရှားစေရန် ဆွဲဆောင်မှုပြုလိုက်သည်။ မြလေးနွယ်တွင် မိဘမရှိ။ မိဘမဲ့ဂေဟာမှာနေ၊ အထက်တန်းပညာအောင်ပြီး ယခုလို ဧည့်ကြိုဝန်ထမ်း လာလုပ်ခြင်းဖြစ်သည်။

"ကလေးကို အစ်ကိုကြီး လက်ထပ်ပါရစေ"

မြလေးနွယ် မျှော်လင့်ထားသည့် စကားတွေ ကြားရသည်။ ဆင်းရဲတွင်းမှ ချမ်းသာသည့် ကုန်းမြေပေါ်သို့ လှမ်းတက်ချင်ပြီ။ နှလုံးသားနှင့် ရင်းထားသော ချစ်သူရည်းစားကတော့ရှိသည်။ နှုတ်ခမ်းပဲ့ချင်းသာဖြစ်သည်။ သူကလည်း လစာနည်းသော ယာဉ်မောင်းသမားတစ်ဦး။ ဦးလေးတစ်ယောက်၏ ကူညီမှုဖြင့် ယာဉ်မောင်းအတတ်ကိုသင်ပြီး ယာဉ်မောင်းကာ ဝမ်းရေးကို ဖြည့်နေရသူဖြစ်သည်။

"နွယ့်ဘ၀မှာ ဆင်းရဲတွင်းမှာပဲ မနစ်မွန်းချင်တော့ဘူး။ အချစ်နဲ့ ဘ၀ကို တည်ဆောက်ရတာ ပင်ပန်းလွန်းပါတယ် မောင်ရယ်"

ချစ်သူသည် မြလေးနွယ်အား နားလည်ခွင့်လွှတ်လိုက်သည်။ သို့နှင့်ပင် ဦးရာဇာမင်းခင်ဆိုသော အသက်နှစ်ဆယ်နီးပါးကြီးသည့်သူကို မြလေးနွယ် လက်ထပ်လိုက်သည်။ အကြီးအကျယ် လက်ထပ်ပွဲမလုပ်တော့ဘဲ ရုံး



www.burmeseclassic.com

www.burmeseclassic.com

တက်လက်မှတ်ထိုးကာ လင်မယား အရာ မြောက်လေသည်။

လက်ထပ်ပြီး နှစ်လ၊ သုံးလပေါင်း လာသည်တွင် အိမ်ထောင်သည်ဘဝ၏ လိုအပ်ချက်ကို မြလေးနွယ် သိလာသည်။ အချစ်၊ ရင်ထဲကအချစ်မရှိသော အိမ်ထောင်ရေး၊ အိမ်တွင်းက အိမ်ပြင် မထွက်ရသောဘဝ။ အစစအရာရာ ချုပ်ချယ်မှု၊ ကျိုးနွံမှုတွေကို တန်းစီခံစားပြီး ဇနီးမယားပီသစွာ ပြုစုရသည်။ အိမ်တွင်းရှိ ဒေါ်သင်းထုံ၊ ဦးလှဝတို့မှာ ဦးရာဇာမင်းခင်၏ တစ်သွေး တစ်သံ တစ်မိန့်ကိုသာ နာခံကြသူတွေဖြစ်သည်။ မြလေးနွယ်အတွက် အပေါ်စက်၊ အောက်စက်ကအစ ကြည့်ရှုစရာအမျိုးမျိုးကို ရှာပေးထားသည့် ဦးရာဇာမင်းခင်က ခြံထဲသို့သာ အသွားများသည်။ မြင်းတွေရှိရာ၊ နို့စားနွားမတွေရှိရာသို့ နေ့စဉ် သွားသည်။ တစ်ခါ့တစ်ရံ သူ့စိတ်ကြိုက် မြင်းတစ်ကောင်ပေါ်တွင် ကုန်းနီးထင် နိုင်းပြီး လျှောက်စီးတတ်သည်။

ကံကြမ္မာသည် ကမူးရှူးထိုး ဝင်လာသည်။

တစ်နေ့…ဦးရာဇာမင်းခင် မြင်းစီးသွားစဉ် မြင်းပေါ်မှကျသည်။ ခါးရိုးနာသွားသည်ဟု ဆိုသည်။ ဆေးခန်းပြ ဆေးကုခြင်းမပြု။ ဦးလှဝဖော်သော ဒဏ်ကြေဆေးနှင့်သာ ကုပ်စည်းသည်။ ထို့နောက် အောက်ပိုင်းသေသွားသည်။ ဘီးတစ်ကုလားထိုင်နှင့်သာ သွားလာ လှုပ်ရှားနိုင်တော့သည်။ မြလေးနွယ် တစ်ယောက် ဒုက္ခသည်လင်အား အချိန်နှင့်အမျှ ပြုစုရမလိုသော်လည်း ဦးရာဇာမင်းခင်ခေါ်လျှင် အချိန်မရွေးရောက်လာရသည်။

မြလေးနွယ်တို့အိမ်ကြီးသို့ လူတစ်ဦးရောက်လာသည်။ သူက ဝဏ္ဏမောင်။ အိမ်ရှင့် ကားမောင်းရန်ဖြစ်သည်။ ဦးရာဇာမင်းခင်က ကားမောင်းလို့ မရတော့သဖြင့် အပြင်သို့ အလုပ်ကိစ္စအဝဝရှိလျှင် သွားနိုင်ရန် ယာဉ်မောင်းသမားကို ခန့်ထားရခြင်းဖြစ်သည်။ မြလေးနွယ် အတွက် စကားပြောဖော် ရလာသည်။ သူ့အတွက်လည်း အထီးကျန်မဆန်တော့ပေ။ ဝဏ္ဏမောင်က စကားပြောချိုသာသည်။ တစ်ဖက်သားအပေါ် အားနာတတ်သည်။

ဝဏ္ဏမောင်အတွက် သည်နေရာသည် ဘုံမိနက်သန်နေရာ ဖြစ်ချင်မှဖြစ်မည်။ သို့သော် သူပျော်သည်။ ကျေနပ်သည်။ အထူးသဖြင့် မြလေးနွယ်အား အဖော်ပြုရ၍ ဖြစ်သည်။ သူနေရသည်က အိမ်မကြီး၏ တောင်ဘက်တွင်ရှိသော မြင်းစောင်းနှင့်ကပ်နေသည့် အိမ်လေးတွင်ဖြစ်သည်။ သွားစရာ၊ နိုင်းစရာရှိမှ အိမ်ကြီးရှိရာသို့ လာရသည်။ လစာကောင်းကောင်းပေးထားသည်။ မြလေးနွယ်တစ်ယောက် ဧည့်ခန်းတွင် ထိုင်နေရင်းက ဖြစ်စဉ်အားလုံး ကြုံလာခဲ့ရသမျှကို ပြန်လည်စဉ်းစားတွေး နေမိသည်။

"နွယ်"

ခေါ်သံတစ်ခုကြောင့် တွေးလက်စပြတ်ကာ အနည်းငယ် ကိုယ်လေးတုန် လှုပ်သွားသည်။ အနားရောက်လာသူကို မော့ကြည့်လိုက်သည်။

"ဟင်း…ကိုဝဏ္ဏ ပြန်လာပြီလား။ သူတို့ကို သွားပို့တာလား"

"ဟုတ်တယ် နွယ်။ ဦးလှဝနဲ့ ဒေါ်သင်းထုံကို အလုပ်ထဲ လိုက်ပို့လိုက်တာ။ နွယ် ဘာလုပ်နေတာလဲ"

"ဘာရယ်မဟုတ်ပါဘူး။ နွယ်တို့ အကြောင်းကို စဉ်းစားနေတာပါ။ ကံကြမ္မာက ညှဉ်းဆဲလိုက်တာ ရက်စက် လိုက်တာ"

မျက်နှာလေးညှိုးလျော်ကာ စိတ်ပျက်အားငယ်နေသည့် မြလေးနွယ် အပေါ် သနားမိသွားသည်။

"ဦးရာဇာမင်းခင်ကို ဖြစ်သမျှ အကြောင်း အားလုံးဖွင့် ပြောလိုက်ပါလား နွယ်ရယ်။ သူနဲ့ တရားဝင်ကွာရှင်းပြီးရင် မောင်တို့ ထင်ထင်ပေါ်ပေါ် လက်ထပ်ရအောင်"

"သူ နွယ့်ကို ကွာရှင်းခွင့်ပေးမှာ မဟုတ်ဘူး။ နောက်ပြီး အခုလို ဒုက္ခိတ ဘဝမှာ သူ့အတွက် နွယ်က လိုအပ်နေ တယ်"

"သူဟာ နွယ့်ဘဝကို ငွေနဲ့ ပိတ်လှောင်ထားတာ၊ ချုပ်နှောင်ထားတာ။ မတရားလွန်းတယ်"

"နွယ့်အပြစ်ပါ။ နွယ်က ချမ်းချမ်းသာသာနေချင်တာကိုး။ သူ့ကို အပြစ် မဆိုပါနဲ့။ နွယ့်ဘဝနဲ့နွယ်ရှိပါစေတော့ မောင်"

"ဒါဆို ကိုယ်ပြန်တော့မယ်။ ဦးရာဇာမင်းခင်နဲ့ နှစ်ယောက်တည်းနေရမှာဆိုတော့ ဖြစ်ပါ့မလား။ အို…အလကား မောင်ကတွေးနေတာ။ သူ့ နွယ်ရဲ့ လင်ယောက်ျားပဲ"



www.burmeseclassic.com

www.burmeseclassic.com

ဝဏ္ဏမောင် အိမ်ထဲက ထွက်သွားသည်။ မြလေးနွယ် အိမ်တံခါးပြတင်းပေါက် စသည်တို့ကို သေသေချာချာ စစ်ဆေးပြီး လိုက်ပိတ်သည်။ ဆည်းဆာအရောင်က ညိုမှောင်သန်းလာပြီ။

"ဒေါက်···ဒေါက်···ဒေါက်"

"လာပြီ···လာပြီ အောက်ထပ်တံခါးတွေ ပိတ်လိုက်ဦးမယ်"

အပေါ်ထပ်မှ အချက်ပေးခေါ်သံကို လှမ်းပြီးအသံပြုလိုက်သည်။ အောက်ထပ်တွင် မီးတစ်ပွင့်ကိုသာ ဖွင့်သည်။ ထို့ကြောင့် အောက်ထပ်တစ်ခုလုံးတွင် တံခါးပေါက်တွေပိတ်ထားသဖြင့် အလင်းရောင်အားနည်းကာ ခပ်မှောင်မှောင် မှိုန်ပျပျဖြစ်နေသည်။ မြလေးနွယ် အပေါ်ထပ်တက်လာခဲ့သည်။ အရှေ့ခန်းတွင် ဦးရာဇာမင်းဒင်ကို မတွေ့။ ပြတင်းပေါက်များ အားလုံးပိတ်ထားသဖြင့် အခန်းတစ်ခုလုံး မှောင်နေသည်။

"အစ်ကိုကြီး···အစ်ကိုကြီး"

အသံပေးကာ ခေါ်လိုက်သည်။ ပြန်ပြီးထူးသံမကြားရ။ အိပ်ခန်းထဲသို့ ဝင်ပြီးရှာသည်။ မီးအလင်းရောင်မရှိ၍ အမှောင်ထဲတွင် စမ်းတဝါးဝါးဖြစ်နေသည်။ မြလေးနွယ် မိမိ၏အိပ်ခန်းထဲသို့ ဝင်ရှာပြန်သည်။ ဦးရာဇာမင်းဒင်နှင့် မြလေးနွယ်တို့ သီးသီးသန့်သန့် ခွဲအိပ်ခဲ့သည်မှာ ကြာပြီ။ စာကြည့်ခန်းထဲတွင်လည်း မရှိ။ ဘုရားခန်းထဲတွင်လည်း မတွေ့ရ။ နေဝင်ပြီး ညအမှောင်ရောက်လာသည်နှင့် သိင်္ဂီနဒီ၏ ခြံနှင့်အိမ်ကြီးမှာ အမှောင်ထုက စိုးမိုးလာသည်။ ရာသီဥတုအနေအထားက တောင်ကုန်းမြင့်ရပ်ဝန်းတို့၏ ဒေသအလိုက်း ချမ်းစိမ့်စိမ့်အေးလာသည်။ အိမ်အောက်ထပ်ရှိ မီးလင်းဖိုတွင် မီးထည့်ကာ အနွေးဓာတ်ယူဖို့ စဉ်းစားပြီး အပေါ်ထပ်မှ ပြန်ဆင်းလာခဲ့သည်။ အခန်းထဲသို့ ဝင်လိုက်သည်။ ထိုအခါတွင် မီးလင်းဖို၏ အရှေ့၌ လူတစ်ယောက် တစ်ကိုယ်လုံးအနက်ရောင်ဝတ်ကာ မျက်နှာကိုလည်း မျက်နှာဖုံးစွပ်ထားသည်။ မြလေးနွယ်လျှောက်လာသည်ကို နောက်လှည့်ကြည့်လိုက်ပြီး···။

× × ×

မနေ့က ညနေစောင်းအထိ သူ မြလေးနွယ်ကို တွေ့ခဲ့၊ စကားပြောခဲ့ ရသေးသည်။ ယနေ့မနက် ရောက်သည်တွင် မြလေးနွယ်တစ်ယောက် အိမ်တွင် မရှိတော့ပေ။

"တောက်"

တောက်ခေါက်သံက ကျယ်လွန်းလှသည်။ အခန်းထဲရှိလူတွေ တစ်ဦးတစ်ယောက်မှ စကားသံတစ်လုံးမှ ထွက်မလာ။ နှုတ်ခမ်းကို တင်းတင်းစေ့ကာ ပါးစပ်တွေကို ပိတ်ထားကြသည်။ မျက်နှာပေါ်တွင် စိုးရိမ်သော အသွင်သဏ္ဌာန်တွေနှင့် ရှိနေသည်။

"သူ ဘယ်ကိုသွားမယ်ဆိုတာကို ရိုးတိုးရိပ်တိတ်တောင် ပြောမသွားဘူးလား။ ကဲ··ပြောကြပါဦး။ ဝဏ္ဏ···မင်းကို ဘာပြောသွားလဲ"

"ဟင့်အင်း···ကျွန်တော့်ကို ဘာမှမပြောဘူး။ မနေ့က ကျွန်တော် ဦးလူဝတို့ ဒေါ်သင်းထုံတို့ကိုပို့ပြီး ပြန်လာတယ်။ သူ့ဌေးကတော်ကို အကျိုးအကြောင်းပြောပြီး ကျွန်တော့်အခန်း ကျွန်တော်ပြန်လာတာပါ"

"ကျွန်မနဲ့ ဦးလူ[illegible]ည်း အခုမှ ပြန်ရောက်ပြီး ဆရာကြီးခေါ်လို့ ပြောပြမှ သိကြရတာပါ"

"အင်း···ကျုပ်မှာ ဒုက္ခတဆိုတော့ ဘယ်လိုမှ စိတ်သွားတိုင်း ကိုယ်မပါနိုင်ဘူး။ ညကလည်း သူ့အခန်းတံခါးသွားခေါက်တော့ အိပ်နေပြီလားမသိဘူး။ အသံမကြားဘူး။ ဒီမနက်မိုးလင်းလို့ မျက်နှာသစ်ပြီး အပေါ့အပါးသွားချင်လို့ ခေါင်းချက်ပေးခေါ်တာ တက်မလာဘူး။ တစ်ခြံလုံးရှာကြစမ်း"

အမိန့်အတိုင်း သုံးယောက်စလုံး အိမ်ထဲမှ ထွက်သွားကြသည်။ ဦးရာဇာမင်းဒင်၏မျက်နှာမှာ ပြေမလွယ်သော ဒေါသအရှိန်ကြောင့် နီမြန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်နာရီခန့်အကြာတွင် သုံးယောက်စလုံး ပြန်ရောက်လာကြသည်။

"ဂိုဒေါင်ထဲရော ခြံထဲက နေရာမှန်သမျှ ရှာတာနဲ့နေပြီ။ ဘယ်မှာမှ မတွေ့ဘူး။ ကျွန်တော်တို့ ကားဂိတ်နဲ့ ဘူတာရုံမှာ သွားစုံစမ်းရမလား"

"ဒီသတင်းကို အပြင်မပေါက်ကြားစေချင်ဘူး။ နောက်လင်နောက်လိုက်ပြေးသလားဆိုပြီး ပြောနေကြမယ်။ ငါ့သိက္ခာတော့ အကျမခံနိုင်ဘူး"

အားလုံး စကားဆက်မပြောဘဲ နှုတ်ဆိတ်နေကြသည်။

ခြံထဲရှိ သရက်ပင်ကြီးတစ်ပင်အောက်တွင် ဝဏ္ဏမောင် ထိုင်လိုက်သည်။ သရက်ပင်ခြေတွင် သစ်သားတန်းခုံများကို ပတ်လည်ရိုက်ထားသည်။ ခြေနှစ်ဖက်ကို တင်ထိုင်ပြီး စဉ်းစားကာ တွေးကြည့်သည်။ မနေ့က ညနေစောင်းအထိ သူ မြလေးနွယ်ကို တွေ့ခဲ့၊ စကားပြောခဲ့ရသေးသည်။ ယနေ့မနက်ရောက်သည်တွင် မြလေးနွယ်တစ်ယောက် အိမ်တွင်မရှိတော့ပေ။ သည်မြို့ သည်နယ်မြေတွင် မြလေးနွယ်နှင့် ရင်းနှီးခင်မင်သောသူ မရှိ။ စကားတောင်မှ မစပ်မိ။ မြလေးနွယ်တစ်ယောက် ဘာကြောင့်များ မပြောမဆို တိတ်တဆိတ် ခြေရာပျောက်၍သွားရပါသနည်း။ တွေးလေတွေးလေ တဖြည်းဖြည်း ဝေသွားသည်။

"ဒေါ်ကြီးသင်းထုံ မီးလင်းဖို မီးထည့်ဦးမလား"

အိမ်ထဲပြန်ဝင်လာကာ ဒေါ်သင်းထုံအား မေးလိုက်သည်။

"အေး···ထည့်မယ်။ နည်းနည်းအေးလာပြီ။ ဒါမှ အပေါ်ထပ်ကိုလည်း အပူငွေ့ရမှာ"

ဝဏ္ဏမောင် မီးဖိုနားသို့ လျှောက်လာခဲ့သည်။ မီးကြွင်းမီးစလေးတွေ ကျန်သေးသည်။ ထင်းတုံးများ တစ်ခု နှစ်ခု ထည့်ရန် ထင်းပုံထားသည့် နေရာမှ ယူလိုက်သည်။

"ဟင်···နှင်းဆီပန်းပွင့် ညှပ်ကလစ်လေး"

ထင်းပုံနားတွင် ဆံပင်ညှပ်ကလစ် ပန်းနုရောင်တစ်ခုအား ပွင့်ဟလျက်တွေ့ရသည်။ ထိုဆံညှပ်လေးကို ကောက်ယူပြီး ဝဏ္ဏမောင် စဉ်းစားလိုက်သည်။ မြလေးနွယ်ကို သူအမှတ်တရပေးထားသည့် ဆံညှပ်ကလစ်လေး။ ဦးရာဇာမင်းဒင်နှင့် အိမ်ထောင်မကျခင်ကတည်းက ချစ်သူတို့ဘဝတွင် ပေးခဲ့သော ချစ်လက်ဆောင်မွန်ဖြစ်သည်။

"နွယ့်အတွက် ထာဝရ အမှတ်တရပါ။ အမြဲတမ်း နွယ့်ခေါင်းမှာ တပ်ထားပါ့မယ်"

ပြောသည့်အတိုင်းပင် မြလေးနွယ်၏ခေါင်းတွင် သူနှင့် ပြန်ဆုံစဉ်က ညှပ်ထားသည်ကို တွေ့ရသည်။ ယခု ထိုဆံညှပ်ကလစ်လေးမှာ အဘယ်ကြောင့် ထင်းပုံနေရာတွင် ရောက်ရှိနေပါသနည်းဟု တွေးမိသည်။

သူ့အခန်းရှိရာသို့ ပြန်လာပြီး တွေးရင်းတွေးရင်း စဉ်းစားနေသည်။

"မောင်ဝဏ္ဏရေ··ခဏလာပါဦးကွယ်"

အိမ်ကြီးဆီမှ ဒေါ်သင်းထုံ လှမ်းခေါ်သံကို ကြားရသည်။ ဝဏ္ဏမော[င်] အိမ်ကြီးဘက်ဆီသို့ လျှောက်လာ[ခဲ့]သည်။ အိမ်ဝတွင် ဒေါ်သင်းထုံကရပ်လျက်[...]

"လာကွယ်ပါဦး မောင်ရယ်။ ဦး[...] ဇာက အိမ်ပေါ်ကနေ အောက်ထ[...] အခန်းမှာ ဆင်းနေမယ်တဲ့။ မြလေးနွ[...] မရှိလို့ အပေါ်ထပ်မှာနေရတာ မနေ[...] ဘူးဆိုတာနဲ့ အခေါ်လည်း သူ့အတွ[...] အခန်းရှင်းပြီးပြီ။ အဲဒါ ကိုလှဝနဲ့မင်း[...] သူ့ကို ချီပိုးပြီး အောက်ချပေးဖို့ပါ"

"ကောင်း···ရပါတယ်။ ကျွန်တော်[...] လုပ်ပါ့မယ်"

ဦးရာဇာမင်းဒင်အား ဝဏ္ဏမော[င်] တစ်ယောက် ပခုံးပေါ် တွင်ထမ်းပိုးကာ[...] အောက်ထပ်အခန်းထဲသို့ သယ်လာ[...] သည်။ ဘီးတပ်ကုလားထိုင်အား ဦးလှ[...] က ယူချလာသည်။

"မောင်ဝဏ္ဏရေ···ဟောဒီမှာ[...] ဆရာကြီးရဲ့ ခြေအိတ်တစ်ဖက် ကျကျ[...] ရစ်နေတယ်။ လာယူပါဦး"

ဒေါ်သင်းထုံထံမှ ခြေအိတ်တ[...] ဖက်ကို သွားယူသည်။ ခြေအိတ်မှ[...] နီညိုရောင်။ ညာဘက်ခြေအိတ်ဖြ[...] သည်။ ခြေအိတ်ကို လက်နှင့်ကိုင်ရင်း[...] တစ်စုံတစ်ခုကို စမ်းမိသွားသည်။ ဂို[...] သေချာအောင် ခြေအိတ်ကို ကြည့်[...] လိုက်သည်။ တွေ့ရပါပြီ။ ဝဏ္ဏမောင်[...] အနည်းငယ်တော့ စဉ်းစားခန်းဝင်သွ[...] သည်။ အခန်းထဲရောက်သည်နှင့် ဘီး[...] တပ်ကုလားထိုင်ပေါ်တွင် ထိုင်နေသော[...] ဦးရာဇာမင်းဒင်အား ကျန်သည့် ညာ[...] ဘက်ခြေထောက်တွင် ယူလာသော[...] အိတ်ကို စွပ်ပေးလိုက်သည်။ ခြေ[...]



www.burmeseclassic.com

www.burmeseclassic.com

ာက်နှစ်ဖတ်စလုံးအား သေသေချာ ဖွတ်ဆတ်နိုင်နယ်ပေးလိုက်ပြီး အိမ် ပြန်ထွက်လာခဲ့သည်။ စဉ်းစားစရာ ရာတွေ ဝဏ္ဏစာခေါင်းထဲတွင် များ လာသည်။ မြလေးနွယ်တစ်ယောက် ည်း မပြောမဆို မည်သည့်နေရာ သွားနေသည်မသိ။ ဦးရာဇာမင်းခေါင် တ် ကရုဏာသက်စရာ ဖြစ်နေ ည်။

မြလေးနွယ် အိမ်ကထွက်သွား ည့်မှာ တစ်ပတ်ပင် ပြည့်တော့မည်။ တင်းအစ၊ အဆက်အသွယ် တစ်စွန်း စ်စမှ မကြားရ။

"ဟော...ဒေါ်သင်းထုံ ဘာလုပ် တာလဲ"

"ဒီအခန်းထဲမှာ ကြွက်သေနေ း မသိဘူး။ ကြွက်ပုပ်စော်နံ့ ရ လို့ပဲ။ အဲဒါကို လိုက်ရှာနေတာ"

ဒေါ်သင်းထုံက လက်ထဲတွင် ရေဘူးကိုကိုင်ပြီး အခန်းတွင်းရှိ များ ချောင်တို့ကို အနံ့ခံရင်း ဝဏ္ဏ င်ကို ပြောလိုက်သည်။

"မင်း ဘယ်က ပြန်လာတာလဲ"

"ကျွန်တော် မြို့ထဲမှာ သူငယ် င်းတစ်ယောက်ကို သွားတွေ့တာ။ ခုင်က သူနဲ့ကျွန်တော်က အထက် န်းကျောင်းအထိ ကျောင်းအတူတူ က်ခဲ့တာ။ သူက ဝန်ထမ်းလုပ်ပြီး သီရိနှင်းမြို့လေးကို တာဝန်နဲ့ပြောင်း တာ။ ကဲ...ကျွန်တော်လည်းလိုက် ပေးမယ်"

စတိုခန်းမှ ပစ္စည်းတွေကို ဖယ် ရှင်းပြီးရှာသည်။ ဦးရာဇာမင်းခေါင်က တော့ သူ့အခန်းထဲတွင်ရှိသည်။, သူ့ အလိုရှိမှ ဝင်ကြရသည်။

"တစ်အိမ်လုံးလည်း နံနေပြီ။ ဒီ ထင်းပုံကို ဖယ်ကြည့်ရအောင်"

ပြောပြောဆိုဆို ဖရိုဖရဲဖြစ်နေ သော ထင်းချောင်းတွေ စုပုံထားသည့် နေရာကို ဖယ်ကာရှေ့လိုက်သည်။

"ဒေါ်သင်းထုံ ဒါက ဘာလဲ"

သံလက်ကိုင်ကွင်း တပ်ထားသော အံဖုံးသံတံခါးတစ်ခုကို သော့ခတ်လျက် တွေ့ရသည်။ အံဖုံးမှာ သံချေးအထပ် ထပ် တွေရှိနေသော်လည်း သော့မှာ အနည်းငယ် သစ်နေသေးသည်။

"အေးဟဲ့ . . .အဖုံးတစ်ခုပဲ ငါ လည်းမသိဘူး"

"အပုပ်နံ့က အဲဒီအောက်က အနံ့ ဝိုထွက်တယ်"

"အောက်ထပ်မှာ ကြွက်တွေများ သေနေသလား"

"ဒါဆို ဒေါ်သင်းထုံ ဆရာကြီးဆီ မှာ သော့ရှိလိမ့်မယ်။ သော့တောင်းပြီး ဖွင့်ကြည့်တာပေါ့"

ဒေါ်သင်းထုံ အခန်းထဲဝင်သွား သည်။ မကြာခင် ပြန်ထွက်လာသည်။

"သူ့မှာ သော့မရှိဘူးတဲ့"

"အဲဒီလိုဆိုလည်း သံတူရွင်းနဲ့ ရိုက်ဖွင့်ကြည့်တာပေါ့"

ခြံထဲရှိ သံတူရွင်းတစ်ခုကိုယူကာ ဦးလှဝန့်အတူ အံဖုံးတံခါးအား ရိုက် ကာဖွင့်နေသည်။

"ဟေ့...ဟေ့...မဖွင့်နဲ့... မဖွင့်နဲ့"

ဘီးတပ်ကုလားထိုင်ကို အမြန် တွန်းကာ ဒေါသတကြီး ဆော်ပြောကာ ဦးရာဇာမင်းခေါင် အခန်းထဲမှ ထွက်လာ သည်။ စိတ်ဇောများသဖြင့် ကုလားထိုင် မှာ လဲကျသွားသည်။ ဦးရာဇာမင်းခေါင် မှာ ဘာကိုမှ ဂရုမစိုက်နိုင်တော့ဘဲ အံ ဖုံးတံခါးနားသို့ အပြေးအလွှားရောက် လာသည်။

"ဖွင့်ခွင့်ပေးလိုက်ပါ ဦးရာဇာမင်း ခေါင်။ ဝဏ္ဏမောင်က ဒီထင်းပုံနားက မြ လေးနွယ်ရဲ့ ဆံညှပ်ကလေးတွေ့ရပုံ၊ ခင်ဗျားရဲ့ခြေအိတ်မှာ ပြာမှုန်တွေနဲ့ ထင်း မီးသွေးစတွေ ကပ်နေတာရယ်၊ နောက် ပြီး ဇနီးတစ်ယောက်လုံး ပျောက်နေတာ တောင် ဆိုင်ရာကိုသတင်းပို့အကြောင်း မကြားဘဲ နေတာတွေကို မသင်္ကာလာ တာနဲ့ ကျွန်တော်တို့ ရဲစခန်းကို တိုင် ကြားပြီး အကူအညီတောင်းခဲ့တာပါ။ အံဖုံးတံခါးကို ဖွင့်ခွင့်ပြုပါ။ ရှာဖွေပုံစံနဲ့ ဝရမ်းလည်း ကျွန်တော်တို့မှာပါပါတယ်။ ဒီမြေအောက်ထဲက အပုပ်နံ့ဟာ သာမန် ကြွက်သေနံ့ဆိုရင် တစ်မျိုးပေါ့။ အကယ် ၍ မြလေးနွယ်ရဲ့ ခန္ဓာကိုယ်က ထွက် လာတဲ့ အပုပ်နံ့ဆိုရင်တော့ အောက် ပိုင်းသေသလိုဟန်ဆောင်ထားတဲ့ ဦးရာ ဇာမင်းခေါင်အတွက် အခြေအနေတစ်မျိုး ပြောင်း သွားရတော့မယ်"

တာဝန်ရှိ ရဲအုပ်ကျော်ကျော် ထွန်း၏ စကားအဆုံးတွင် အဖြေပြန် ပေးရန် စကားတစ်လုံးမှ ပြောမထွက် တော့ဘဲ ဦးရာဇာမင်းခေါင် ခေါင်းကိုသာ ငုံ့လျက်...။

မြမြလှိုင်

www.burmeseclassic.com

# အာဟာရပြည့် ဆေးဖက်ဝင် စားပင်သီးနှံများ

■ သုတေသီဆရာငြိမ်း

### ဆေးစွမ်းထက်သည့် ပရန္နဝါ


ပရန္နဝါသည် မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် ပေါက်လေ့ရှိသော အပင်ဖြစ်၏။ ပရန္နဝါအပင်သည် အပွင့်ကိုလိုက်၍ အဖြူ၊ အနီ၊ အညိုဟူ၍ ခွဲခြားထားပေသည်။ အဖြူမျိုးသည် အရွက်ဝိုင်း၏။ အနားနီရောင်ရှိ၏။ အပွင့်ဖြူ၏။ အရွက်ထူ၏။ အနီမျိုးထက် အရွက်ကြီး၏။ အရည်ရွှမ်း၏။ အခက်အလက် ကြွပ်ဆတ်၏။ မိုးဥတုရာသီတွင် စိမ်းလန်းစိုပြည်စွာ တွေ့ရတတ်၏။

ပရန္နဝါအနီမျိုးသည် အပွင့်နီ၏။ အရည်နည်းပါး၏။ အကိုင်းအခက် အရိုးမာကျော၏။ ဆယ့်နှစ်ရာသီစလုံး အမြဲတမ်းပေါက်ရောက်၏။ ပရန္နဝါအညိုမျိုးသည် အပွင့်ညို၏။ အခြားအစိတ်အပိုင်းများသည်လည်း အနီနှင့် ဆင်တူ၏။ အခက်မှ အရွက်များ မျက်နှာချင်းဆိုင်ထွက်သော်လည်း တစ်ဖက်တွင်တစ်ရွက်၊ အညာတစ်ဖက်တွင် နှစ်ရွက်ထွက်တတ်၏။ ရွက်ရင်းကျယ်၍ ဘဲဥပုံသဏ္ဍာန်ရှိပြီး ရွက်ထိပ်အချွန်၏။ အရွက်၏မျက်နှာပြင်မှာ ချောမွေ့၏။ အပွင့်ကလေးများစု၍ ပွင့်လေ့ရှိ၏။ အသီးတွင် သေးငယ်သည့်အခန်းငါးခန်းပါရှိ၏။

ပရန္နဝါကို ဆေးအဖြစ် အသုံးပြုမည်ဆိုလျှင် တောင်ပို့နား၊ သုသာန်သင်္ချိုင်း ရေနစ်မြုပ်ရာနေရာ၊ မသန့်ရှင်းသောနေရာတို့မှ ပေါက်ရောက်သောအပင်တို့ကို မယူရပါ။

ပရန္နဝါ၏ ပဉ္စင်းပါးစလုံးကို အသုံးပြုနိုင်သည်ဟု ဆိုသော်လည်း အမြစ်ကိုသာ အသုံးများကြပါသည်။ အမြစ်မှ တစ်ပါး အခြားလေးပါးမှာ ဩဇာသတ္တိနည်းပါးလှသည်ဟု ဆို၏။ ထို့ပြင် ပရန္နဝါမြစ်ကို ပါးပါးလှီးပြီး နေပူ၌ သွေ့ခြောက်အောင်လှန်းခြင်း၊ မီးနှင့်လှော်ခြင်းများကို မပြုလုပ်ရပါ။

ဆေးကျမ်းများ၌ မြင်းခွာရွက်၊ ကြွက်(ဖန်ခါး)နှင့် ပရန္[…]ဝါတို့သည် ရသာယန(အာယုဝဍ္ဍနဆေး)ဟု ပြဆို၏။ ဝမ်းကို[…]



ပရန္နဝါ

www.burmeseclassic.com

www.burmeseclassic.com

သက်စေ၏။ နလုံးကို အကျိုးပြု၏။ လေသလိပ်ကိုနိုင်၏။ ဆောင်ရန်ခြင်းတို့ကို သက်သာစေ၏။ ပရန္နဝါအနီသည် ခါး၏ အေး၏။ ကြေကျက်လွယ်၏။ မလကို ချုပ်စေ၏။ သလိပ်သည်းခြေ သွေးဖောက်ပြန်ခြင်း၊ ဖောရောင်ခြင်းတို့ကို ပျောက်ကင်းစေ၏။ ပရန္နဝါအညိုသည် ခါး၏။ စပ်ရှားရှားရှိ၏။ အသက်ကို ရှည်စေ၏။ ဖောရောင်ခြင်း၊ ပန်းနာနှင့် လေသလိပ်တို့ကို ပယ်သတ်နိုင်၏။

ပရန္နဝါ သတ္တုရည်၊ ပြုတ်ဆေး၊ အမှုန့်၊ ချက်ဆေး၊ ဒွေးအောင်းဆေး၊ လိမ်းဆေးဟူ၍ ဆေးနည်းအသွယ်သွယ်ရှိကြသည်။

ပရန္နဝါအမြစ် ဆေးသုံးနှင့်ပတ်သက်၍ ဆေးကျမ်းများ၌ ဖော်ပြခြင်းမှာ အနည်းငယ်မျှသာရှိသည်။ ယောမင်းကြီး ဦးဖိုးလှိုင်၏ ဥတုဘောဇနသင်္ဂဟကျမ်းစဉ် အရွက်ဆေးအသုံးကိုသာ ဖော်ပြထားသည်။ တောင်သာဆရာမှန်း၏ ဆေးညွှန်းအရ ပရန္နဝါအမြစ်ကို ကာမအားဆေးအဖြစ် သုံးစွဲရန် ဖော်ပြထားသည်။ စန္ဒြှရီကျမ်းရင်းတွင် ကာမဒေဝနတ်ဆေးဟူ၍ ပရန္နဝါအမြစ်ကို ဆေးဖော်နှောသုံးစွဲရာတွင် ပါဝင်ကြောင်း မှတ်သားရပါသည်။

- ပရန္နဝါ ပါးပါးလှော
  သကာပျားနှင့်ဖက်။
- ဒန့်သလွန်ပွင့်၊ အုန်းဆံရင့်
  ချင့်ချိန် ညီမျှစွက်။
- နေ့စဉ်မှန်မှန်စားသုံးပြန်
  အားမာန် တိုး၍တက်။
- မင်းတုန်းမင်းခေါင် စားသုံးဆောင်
  ဘုန်းရောင် နေ့သို့တက်။
- မောင်းမတစ်ထောင်၊ စွမ်းအားဆောင်
  စားမော့င် ည-နံနက်။

ဟူသော လင်္ကာအရ ဒန့်သလွန်ပွင့်၊ ပရန္နဝါဖြူ၏ အမြစ်၊ အုန်းသီးဆံ ခြစ်ယူပြီး မီးမကျွမ်းအောင်လှော်ပါ။ ၎င်းအမယ်သုံးမျိုးကို အမျှစီ စုဆောင်းပါ။ ၎င်းဆေးအလေးချိန် များရည်သကာဖြင့် တေစားရပါမည်။ ၎င်းဆေးနည်းလင်္ကာမှာ ရှင်နာဂသိန်ဆရာတော်က "ဆေးနည်းမှာ ကျမ်းကြီးကျမ်းငယ်မဟုတ်သော်လည်း အရပ်သုံးစကား လင်္ကာဖြစ်၍ ဖော်ပြခြင်းဖြစ်သည်။ ဆေးကျမ်းအစောင်စောင်တွင် အားတိုးမှုနှင့်ပတ်သက်၍ အတိအကျဖော်ပြထားခြင်း မဟုတ်သေးရကား သတိပြုချင့်ချိန်သင့်ပါသည်။

၁။ အဖျားရောဂါ ပျောက်စေလိုလျှင်၊ ဆီးပူ ဆီးအောင့် ပန်းနာဖြစ်လျှင်

ပရန္နဝါအရွက်ကို နို့ရည်နှင့် ရောသောက်ပေးပါက အဖျားရောဂါ၊ ဆီးပူဆီးအောင့်၊ ပန်းနာဝေဒနာများ သက်သာပျောက်ကင်း၍ အသက်ရှည် နုပျိုစေပါသည်။

၂။ ချောင်းဆိုး၊ ပန်းနာဖြစ်လျှင်

ပရန္နဝါမြစ်အမှုန့်ကို သကြားနှင့် ရောသောက်ပေးပါက ချောင်းဆိုးပျောက်၍ ပျားရည်နှင့် ရောစပ်သောက်ပါက ပန်းနာရောဂါ ပျောက်ပါသည်။

၃။ မီးယပ်ဝေဒနာ ခံစားနေရလျှင်

အမျိုးသမီးများ မီးယပ်ဝေဒနာ ခံစားနေရလျှင် ပရန္နဝါအပင်နှင့် ကြိတ်မှန်ရွက်တို့ကို ရောစပ်အရည်ညှစ်ကာ သောက်ပေးသင့်ပါသည်။

၄။ ခန္ဓာကိုယ်ပြင်ပ ရောင်ရမ်းနေလျှင်

ပရန္နဝါအရွက်နှင့် အတက်တို့ကို ထုထောင်းကြိပ်စည်းပေးပါက ခန္ဓာကိုယ်ပြင်ပ ရောင်ရမ်းမှုများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

၅။ နှလုံးရောဂါ၊ အဆုတ်ရောင်ရောဂါ၊ အူရောင်ရောဂါ၊ ကိုယ်ဖောကိုယ်ရောင်ရောဂါ၊ ရေဖျဉ်း၊ လေနာ၊ သလိပ်နာ၊ အစာမကြေခြင်းရောဂါများအတွက်

ပရန္နဝါအရွက်ကို ငါးပနော်နှင့် ဟင်းချိုချက်ပြီး သောက်ပေးပါက အဆိုပါရောဂါဝေဒနာများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

၆။ အမျိုးသမီးများ နို့မထွက်လျှင်

သားသည်မိခင်များ နို့မထွက်ဘဲ ဖြစ်နေပါက ပရန္န



www.burmeseclassic.com

www.burmeseclassic.com

ဓါကို ဟင်းခါးချက်၍သောက်ပေးပါ။ နို့များ ဖြိုင်ဖြိုင်ကျဆင်းလာပါလိမ့်မည်။ နို့နာခြင်း၊ နို့ကိုက်ခြင်း၊ သကျည်းကိုက်ရောဂါများအတွက်လည်း သောက်သုံးပေးသင့်ပါသည်။

၇။ စက်တန့်နာများ ပျောက်ကင်းလိုလျှင်

ခံတက်ခေါက်ကို ပရန္နဝါမြစ်နှင့် သွေး၍သောက်ပါက စက်တန့်နာများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

❒

## ဆေးစွမ်းထက်သည့် လေးညှင်း

လေးညှင်းသည် လူသိများထင်ရှားသော အပင်ဖြစ်သည်။ ဟင်းခတ်အမွှေးအကြိုင်အဖြစ် အသုံးပြုကြသကဲ့သို့ ကွမ်းယာ၌လည်း ထည့်စားလေ့ရှိကြသည်။ ထို့ပြင် တိုင်းရင်းဆေး၊ ပရဆေးများ ဖော်စပ်ရာ၌လည်း ထည့်သွင်းအသုံးပြုလေ့ရှိသည်။

လေးညှင်းပင်သည် အမြဲစိမ်း နှစ်ကြာခံပင်ကြီးမျိုးဖြစ်၏။ အမြင့်ပေ ၂၀ မှ ၂၅ ပေအထိ ရှိတတ်၏။ အခေါက်မှာ မွဲပြာရောင်ရှိ၏။ အကိုင်းအခက်များ တည့်မတ်စွာ ဘေးသို့ ဖြာထွက်၏။ အရွက်မှာ ရွက်လွှဲထွက်၏။ ဘဲဥပုံသဏ္ဍာန် ရှည်မျောမျောဖြစ်၏။ ရွက်ရင်း အနည်းငယ်ပိုင်း၍ ရွက်ထိပ်မှာ ချွန်သွယ်၏။ အလျားမှာ ၅ လက်မ၊ ၆ လက်မခန့်ရှည်၍ အနံဖြက် နှစ်လက်မခန့်ကျယ်၏။ အရွက်တွင် အစက် အပြောက်များရှိ၏။ အပေါ်မျက်နှာပြင်မှာ အစိမ်းရင့်ရောင် ရှိပြီး အောက်မျက်နှာပြင်မှာ အဝါဖျော့ရောင်ရှိ၏။ အရွက်ကို ခြေ၍ နမ်းကြည့်ပါက မွှေးရနံ့ရှိ၏။ ရွက်ရင်းရွက်ညှာတံမှာ ပန်းရောင်ရှိပေသည်။

အပွင့်မှာ သုံးပွင့်တစ်ခိုင်ဖြစ်၏။ ပွင့်ခါစ၌ ခရမ်းရောင်ဖြစ်ပြီး တဖြည်းဖြည်း အဝါရောင်သို့ ကူးပြောင်း၏။ တစ်ပင်တည်းတွင် အဖိုပွင့်၊ အမပွင့်ရှိသည်။ ပွင့်သောအခါ တွင် အပြွတ်လိုက်ပွင့်၏။ အပွင့်မပွင့်မီ အဖူးအငုံကလေးများကို ဆွတ်ခူးရောင်းချလေ့ရှိပြီး ပွင့်အောင်ထားမည်ဆိုပါက လေးညှင်းပွင့်တွင် ထိပ်ဖူးအငုံမပါတော့ဘဲ ပွင့်ဖတ်နှင့်ရိုးတံသာ ကျန်နေမည်ဖြစ်၏။ အသီးမှာ ရှည်မျောမျောပုံသဏ္ဍာန်ရှိ၏။ အရောင်မှာ ညိုပြီး အစေ့မှာ ၄ စေ့မှ ၆ စေ့ခန့်အထိ ရှိ၏။ လေးညှင်းပင်သည် ပူအိုက်စွတ်စို၍ တစ်နှစ်ပတ်လုံး မိုးရွာသောဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းလေ့ရှိသည်။

လေးညှင်းပင်သည် သက်တမ်း ရှစ်နှစ်၊ ကိုးနှစ်အကြာ တွင် ပန်းစပွင့်ပြီး အသီးစတင်သီးလေ့ရှိ၏။ လေးညှင်းပွင့်ကို ခူးရာတွင် အငုံကစတင်၍ အစိမ်းမှ နီညိုရောင်သို့ပြောင်းလာသည့် ပြာသို၊ တပို့တွဲလများတွင် စတင်ခူးရ၏။ ခူးပြီး ရေနွေး ငွေ့ခံ၍ နွမ်းအောင်ပြုပြီး အဖူးများ အညိုရောင်သို့ ပြောင်းသွားသည်အထိ အခြောက်လှန်းရသည်။ လေးညှင်းပွင့်၏ရသမှာ ပူ၏။ ခဝိမ့်၏။ စပ်၏။ ခါး၏။ အသုံးပြုရသည့် အစိတ်အပိုင်းမှာ အဖိုပွင့်နှင့် အဆီတို့ဖြစ်ကြသည်။

လေးညှင်းပွင့်သည် မျက်စိကို အကျိုးပြု၏။ ဝမ်းမီးတောက်ခြင်း၊ အစာကြေခြင်း၊ သလိပ် သည်းခြေနှင့် သွေးဖောက်ပြန်မှုများကို နိုင်၏။ ရေငတ်ခြင်း၊ ... အန်ခြင်း၊ ထုံကျဉ်ခြင်း၊ ချောင်း


လေးညှင်း

www.burmeseclassic.com

ဆိုးယန်းနာဖြစ်ခြင်း၊ ကြို့ထိုးခြင်းနှင့် လေရောဂါတို့ကို နိုင်နင်း၏၊ နလုံးကိုအားပေး၏၊ သုက်ကိုပွားစေ၏၊ ဆီးရွှင်၏၊ ခန္ဓာကိုယ်မှ မကောင်းသောအနံ့အသက်များကို ဖယ်ရှား၏၊ အရေတတ်ရောဂါတို့ကို ကင်းဝေးစေရန် စွမ်းဆောင်နိုင်ကြောင်း ဆေးကျမ်းတို့၌ ဖော်ပြပါရှိသည်။

၁။ ခေါင်းကိုက်လျှင်

လေးညှင်းဆီကို မျက်နှာပြင် နဖူးအထက်ပိုင်းကို သိမ်းပေးပါက ခေါင်းကိုက်ဝေဒနာ သက်သာပျောက်ကင်းသက်သာသွားပါလိမ့်မည်။

၂။ အဆစ်အမြစ်များ နာကျင်ကိုက်ခဲလျှင်

လေးညှင်းဆီကို မုန်ညှင်းဆီနှင့် ရောစပ်လိမ်းကျံပေးပါက အဆစ်အမြစ်နာကျင်ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

၃။ ကြက်ညှာချောင်းဆိုးဖြစ်လျှင်

လေးညှင်းပွင့်ကို မီးနှင့်လော်၍ကြိတ်ပြီး ပျားရည်နှင့်ရောစပ်ကာ လျက်ပေးပါက ကြက်ညှာချောင်းဆိုးဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

၄။ အနာများမြုံနေလျှင်

လေးညှင်းပွင့်နှင့် နနွင်းမှုန့်ကို ဆတူရောစပ်ပြီး ကြိတ်၍ ၎င်းကြိတ်ဖတ်အားလုံး အုံပေးပါက မြုံနေသော အနာများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

၅။ ရေငတ်ခြင်း၊ ပျို့အန်ခြင်း၊ လျှာခြောက်ခြင်း၊ ချွဲခြင်း၊ အရသာမပေါ်ခြင်းများဖြစ်လျှင်

လေးညှင်းပွင့်ကို ရေနှင့်ဖျော်၍ သောက်သုံးပါက ရေငတ်ခြင်း၊ ပျို့အန်ခြင်း၊ လျှာခြောက်ခြင်း၊ ချွဲခြင်း၊ အရသာမပေါ်ခြင်းများကို သက်သာပျောက်ကင်းစေပါသည်။

၆။ မျက်စိနာခြင်း၊ တိမ်စွဲခြင်းများ ဖြစ်ပေါ်လျှင်

ကြေးနီခွက်သန့်သန့်တွင် လေးညှင်းပွင့်ကို ပျားရည်နှင့် ထုချေ၍ မျက်စဉ်းခတ်ပေးပါက မျက်စိနာခြင်း၊ တိမ်စွဲခြင်းများ သက်သာပျောက်ကင်းစေပါသည်။

၇။ အထိုင်အထ မူးဝေလျှင်

လေးညှင်းမှုန့်ကို ရေအေးနှင့်သွေးပြီး မျက်စဉ်းခတ်ပေးပါက အထိုင်အထ မူးဝေခြင်းများ သက်သာပျောက်ကင်းပါလိမ့်မည်။

၈။ အဖျားရောဂါနှင့် အားအင်ကုန်ခန်းခြင်းများဖြစ်လျှင်

လေးညှင်းပွင့်ကို ဆေးခါးကြီးနှင့် ဆတူရောကြိတ်ပြီး ရေနွေးပူပူနှင့်သောက်ပေးပါက အဖျားရောဂါနှင့် အားအင်ကုန်ခန်းခြင်းများ သက်သာပျောက်ကင်းပါလိမ့်မည်။

၉။ ကိုယ်ဝန်တည်စ ပျို့အန်လျှင်

လေးညှင်းပွင့်ကိုသွေး၍ ဆေးသကြားကျိုရည်ပျစ်ပျစ်နှင့် ရောစပ်လျက်ပေးပါက ကိုယ်ဝန်တည်စ ပျို့အန်ခြင်းများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

၁၀။ ဝမ်းချုပ်ခြင်း၊ စမြင်းခံခြင်း၊ သလိပ်ကျပ်ခြင်းတို့ဖြစ်လျှင်

လေးညှင်းပွင့်နှင့် ကနခိုကို အမျှစ ညက်ညက်ကြိတ်၍ အရိပ်၌ အခြောက်လှန်းပြီး ရေနွေးဖြင့် သုံးဆောင်ပါက ဝမ်းချုပ်ခြင်း၊ စခြင်းခံခြင်း၊ သလိပ်ကျပ်ခြင်းတို့ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

၁၁။ ဝမ်းဗိုက် အမြဲထိုးအောင့်၍ ဝမ်းဖြူဖြူ အရည်ကျဲကျဲသွားလျှင်

လေးညှင်းမှုန့်ကို ပျားရည်နှင့်လျက်ပေးပါက ဝမ်းဗိုက်အမြဲထိုးအောင့်၍ ဝမ်းဖြူဖြူအရည်ကျဲကျဲသွားခြင်းများ သက်သာပျောက်ကင်းပါလိမ့်မည်။

သုတေသီဆရာငြိမ်း

၀၉-၂၅၀၁၇၄၈၇၈



www.burmeseclassic.com

www.burmeseclassic.com

# မီးလောင်ပြီးပြာ လိုရာသုံးပါ

● ကျော်အေးဟိန်း(နံ့သာ)

လောကတွင် လူနှင့်သက်ရှိ သတ္တဝါအပေါင်းတို့သည် ချမ်းသာသုခ မြတ်နိဗ္ဗာန်မရောက်ရှိနိုင်သေးသရွေ့ ဘဝသံသရာ၌ ရေအိုးကရှတ်ခွေပမာ လည်ပတ်လျက်ရှိနေပါသည်။ လူနှင့် သတ္တဝါအပေါင်းတို့သည် မြတ်နိဗ္ဗာန်သို့ ရောက်ခါမှ အေးငြိမ်းချမ်းသာမှုကို ခံစားရပါသည်။ ထိုအတူ သဏ်မဲ့ရုပ်ဝတ္ထုပစ္စည်းတို့သည်လည်း မီးလောင်ပြီး (ပြာ)ဘဝသို့ ရောက်ရှိသွားတော့မှသာ အေးငြိမ်းသွားတော့သည်ဟု ရှေးလူကြီး မိဘဆရာသမားတို့၏ ပြောစကားကို မှတ်သားမိပါသည်။

အရာဝတ္ထုပစ္စည်းများ မီးလောင်သောအခါ (ပြာ) ဖြစ်သွားပါသည်။ ထိုမီးလောင်ပြာမှာ ဆေးဖက်ဝင်သဖြင့် မိမိတို့အလိုရှိသလို အသုံးချနိုင်ပါသည်။

ထမင်းဟင်းချက်ပြုတ်ရာတွင် ထင်းကိုဖြစ်စေ၊ မီးသွေးကိုဖြစ်စေ၊ ထင်းမီးသွေးများကိုဖြစ်စေ လောင်စာအဖြစ် အသုံးပြုရပါသည်။ ထိုလောင်စာများသည် (ပြာ)ဖြစ်ကုန်ကြလေသည်။

မြန်မာတိုင်းရင်းဆေး ဆရာကြီးများနှင့် ရှေးလူကြီးသူမများအနေဖြင့် မီးဖိုပြာ၊ သို့မဟုတ် (စဖိုလယ်ပြာ)ဆိုလျှင် ဆေးဖက်ဝင်ကြောင်း သိထားကြပါသည်။

မြန်မာ့ကျေးလက်တောရွာများ အဘိုးအဘွားတို့သည် နံနက်အိပ်ရာထလျှင် စဖိုလယ်ပြာနှင့် ဆားကို ရောစပ်ပြီး သွားတိုက်လေ့ရှိသည်။

ဤသို့ သွားတိုက်ပေးခြင်းအားဖြင့် သွားများခိုင်ခံ့ပြီး သွားရောဂါလည်းမဖြစ်နိုင်ပါ။

### ပြာဆပ်ပြာပြုလုပ်နည်း

ပုံးအလွတ်တစ်လုံးတွင် အောက်ခြေ၌ အပေါက်ကလေးများ ၃-၄ ပေါက် ဖောက်ပါ။ ၎င်းပုံးအလွတ်ထဲသို့ ပြာတစ်ပုံးရအောင် ထည့်ပါ။ ထည့်ပြီးသောအခါ တစ်နေ့လျှင် နှစ်ကြိမ်မှ သုံးကြိမ်အထိ ရေလောင်းပေးပါ။ ပုံးအောက်ခြေအပေါက်ကလေးများမှ ထွက်လာသောရေကို ခံယူပြီး ၎င်းရေများကို ရေရိုးရိုးဖြင့် မိမိလိုချင်သလောက် ရောစပ်၍ မွှေနှောက်ပေးလျှင် ဆပ်ပြာအမြှုပ်များ ထလာကာ ပြာဆပ်ပြာရည်အဖြစ် အသုံးပြုနိုင်ပါ။

### ရောဂါအလိုက်အသုံးပြုနိုင်သည့်ပြာ

#### ခရုသင်းရောဂါအတွက်

မြွေပွေးနှင့် ကောက်ညှင်းငချိတ်ကို အလေးချိန်တူ ရောစပ်ပြီး မီးဖုတ်ပြာချ၍ ၎င်းပြာကို လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် သောက်ပေးပါက တစ်လအတွင်း သက်သာပျောက်ကင်းပါသည်။

#### အနာကျက်ဆေး

ကြွက်သားနှင့်ကျောက်ချဉ်ကို ဆတူထည့်ပြီး ပြာချ၍ ၎င်းပြာကို အနာဟူသမျှသိပ်ပေး၊ ဖြူးပေးလျှင် အလွန်အစွမ်းထက်သော အနာကျက်ဆေးရရှိနိုင်ပါသည်။

#### ရေယုန်ပျောက်ဆေး

ရေယုန်ဖြစ်ပွားပါက ဆေးလိပ်ပြာကို မကြာခဏ သိပ်ပေးလျှင် သက်သာပျောက်ကင်းစေပါသည်။

#### မျက်စိနာရောဂါပျောက်ဆေး

ဆီးဖြူသားထင်းပြာမှလွဲ၍ အခြားသောထင်းပြာများကို ပြာတစ်ဇွန်း၊ ဆားဇွန်းတစ်ဝက်ခန့်ကို မတ်ခွက်တွင် ရေအနေတော်ထည့်ကာ ၎င်းသုံးမျိုးကို ရောစပ်သမပြီး ရေကြည်ခံပါ။ ၎င်းရေကို ရေစစ်ဖြင့်စစ်၍ မျက်စိကိုဆေးပေး



www.burmeseclassic.com

www.burmeseclassic.com

ပါက မျက်စိနာရောဂါ သက်သာပျောက်ကင်းစေပါသည်။

### အနာစို ရောဂါပျောက်ဆေး

ဆင်တုံးမနွယ်ကို ပြာချ၊ ၎င်းပြာကို အနာစို၊ အနာဆွေးများတွင် ထည့်ပေးသိပ်ပေးပါက သက်သာပျောက်ကင်းစေပါသည်။

### မိုက်အောင့် ပျောက်ဆေး

ထန်းနို့ခြောက်များကို ပြာချ၊ ၎င်းပြာကွမ်းသီးလုံးခန့်ကို ရှောက်ရည်နှင့်ရောစပ်ပြီး သောက်ပေးသော် မိုက်အောင့်ရောဂါ သက်သာပျောက်ကင်းစေသည်။

### အနာစက်ရောဂါ ဖြစ်ခဲ့သော်

တမာရွက်ကိုပြာချ၊ အုန်းဆီနှင့် လိမ်းပေးလျှင် သက်သာပျောက်ကင်းစေပါသည်။

### ဝဲစိုဝဲခြောက်ဖြစ်သော်

ကွမ်းစားဆေးရွက်ကြီးကို ပြာချပါ။ ၎င်းပြာကို အုန်းဆီနှင့်ရောလိမ်းပေး လျှင် ဝဲစို၊ ဝဲခြောက်များ သက်သာပျောက်ကင်းစေပါသည်။

### ရေစီးကမ်းပြိုဖြစ်ဂ

ကြက်ချေးကိုပြာချပြီး သွားဖုံးမှာ မကြာခဏသိပ်ပေးလျှင် သက်သာပျောက်ကင်းစေပါသည်။

### ကြို့ကြီးထိုးလျှင်

နေအိမ်များတွင် အလှစိုက်ထားသော ဒေါင်းမြီးရွက်ကို ဖယောင်းတိုင်မီးနှင့်ပြချ၊ ပျားရည်အနည်းငယ်ထည့်၊ ရေနွေးနည်းနည်းစပ်၍ တိုက်လျှင်သက် သာပျောက်ကင်းစေပါသည်။

### ကျီးကန်းပါးစပ်နာဖြစ်လျှင်

လေးညှင်းပွင့်ကိုပြာချ၊ အနာကို ထိမိအောင်သိပ်ပေးပါက သက်သာပျောက်ကင်းစေပါသည်။

### ရေနွေးအပူလောင်ခဲ့သော်

မီးဖိုထဲမှပြာကို ရေအေးအေးနှင့်ဖျော်ပြီး အပူလောင်သည့်ဒဏ်ရာများကို ငှလိမ်းပေးလျှင် သက်သာပျောက်ကင်းစေပါသည်။

### ဂျုတ်၊ ဒက်ပျောက်ဆေး

ဦးခေါင်းတွင်အဖြစ်များ၍ ပေါက်တတ်သော ဂျုတ်၊ ဒက်များကို ကျခတ်ဝါးခြောက် အရွက်ကိုပြာချ၊ အုန်းဆီနှင့်လိမ်းပေးပါက သက်သာပျောက် ကင်းစေပါသည်။

### ဒူလာလိပ်ခေါင်း ဖြစ်ပါက

ဖားပြုပ်ခြောက်၏ ဝမ်းအတွင်းသို့ ဆံချည်အပြည့်သွင်း၍ ပြာချ၊ ၎င်းပြာကို လိပ်ခေါင်းထွက်လျှင် သုတ်လိမ်းပေးပါက သက်သာပျောက်ကင်းစေပါသည်။

### ကစ်ပယ်အိတ်ရောင်ပျောက်ဆေး

ထမင်းနှင့်ဆား နှစ်ပါးဆတူမီး ကျွမ်းအောင်ဖုတ်၊ ပြာချ၊ ၎င်းပြာနှင့် နှမ်းဆီဖျော်၍ လိမ်းပေးလျှင် မုတ္တရောင်သူများ သက်သာပျောက်ကင်းစေပါသည်။

### သွားကိုက်နာနှင့် သွားပြည်ယိုရောဂါ ပျောက်ဆေး

ဆူးပုတောင် ပဥ္စငါးပါးကိုပြာချ၍ ၎င်းပြာကို သွားအရင်း၌ သိပ်ပေးပါက သက်သာပျောက်ကင်းစေပါသည်။

### ဆီးဆေး

စမုန်နက်အခြောက်၊ နနွင်းစိမ်းအခြောက်၊ ကြက်သွန်နီ၊ ကင်းမွန်သီး။ ကျပ်ခိုး ၎င်းငါးပါး တစ်ကျပ်သားစီ စုပေါင်းပြီး ထောင်းပါ။ ရေအေးဖြင့်လုံးပါ။ ၎င်းဆေးလုံးကို မီးရှို့ ပြာချ၊ ၎င်းပြာကို ရေအေးနှင့်ဖျော်၍ သောက်လျှင် ဆီး ရောဂါဖြစ်နေသူများ သက်သာပျောက်ကင်းစေပါသည်။

### လျှာကွဲနာပျောက်ဆေး

ရှားစေးကိုမီးကျွမ်းအောင်ဖုတ်၊ ညက်စွာကြိတ်ပြီး အုန်းဆီနှင့်ခပ်ပျစ် ပျစ်ဖျော်၍ လျှာကိုမကြာခဏသုတ်ပေး

www.burmeseclassic.com

လျှင် သက်သာပျောက်ကင်းချမ်းသာစေပါသည်။

### မုဏ္ဍရရောဂါပျောက်ဆေး

လက်ချား မီးဖုတ်ထားသည့်ပြာကို မုဏ္ဍရတွင် သုတ်လိမ်းပေးပါက ပျောက်ကင်းချမ်းသာစေပါသည်။

### ဝဲရောဂါပျောက်ဆေး

ထန်းနို့ပြာ၊ ဒုတ္တာ၊ ရေနံ၊ ကြိတ်မှန်ရွက်တို့ကို စုပေါင်းဖျော်၍လိမ်းလျှင် သက်သာပျောက်ကင်းချမ်းသာပါသည်။

### လည်ချောင်းထဲတွင် အသားတိုး၍ အသက်ရှူကျပ်ပျောက်ဆေး

သူငယ်စာ ငှက်ပျောခေါင်းကို အခြောက်လှန်းပြီး ပြာချ။ တိုးလာသော အသားကို ၎င်းပြာနှင့်တို့ပေးပါက သက်သာပျောက်ကင်းစေပါသည်။

### ထိပ်သေပန်းညှိုးပျောက်ဆေး

ဇာတိပ္ဖိုလ်သီးတစ်လုံးကို အဆန်ထုတ်ပြီး ရှိန်းဒိအပြည့်ထည့်၊ ဇော်မဲမဲ၍ မီးတွင်ဖုတ်ပြီးပြာချ။ ၎င်းပြာကို ပျားရည်တစ်ပုလင်းနှင့် ရောစပ်ပြီး နံနက် တစ်ငွန်း၊ ညတစ်ငွန်းသောက်ပေးသော် သက်သာပျောက်ကင်းစေပါသည်။

### ဆီးချိုပျောက်ဆေး

ဆူးပေါင်း၊ ပဥ္စငါးပါး၊ ဆင်နှာမောင်း ပဥ္စငါးပါးကို အလေးချိန်တူ ပြာချ။ ကျောက်ချဉ်ကို အမှုန့်ပြု၊ ရေနှင့်နွားနို့အချိန်တူရော။ ၎င်းအထဲသို့ ပြာကို သင့်အောင်ထည့်၍ သောက်ပေးလျှင် သက်သာပျောက်ကင်းစေပါသည်။

### လိပ်ခေါင်းပျောက်ဆေး

ကျားရေကိုပြာချ။ ၎င်းပြာဖြင့် ထွက်နေသော လိပ်ခေါင်းကို အနည်းငယ်တို့ပေးပါက လိပ်ခေါင်းပြန်ဝင်သွားပါလိမ့်မည်။

### ဆီးအောင့်ရောဂါပျောက်ဆေး

ကြွေကိုမီးဖုတ်ပြာချ။ သံပရာရည်နှင့်သောက်သော် ဆီးအောင့်ရောဂါ သက်သာပျောက်ကင်းစေ၏။

### ကြောက်မက်ဖွယ်ဝမ်းကိုက်ရောဂါ

ခရုအမျိုးအနွယ်တွင် ပါဝင်သော ခရုသင်း၊ ခရုခွံကိုပြာချ။ ၎င်းပြာကို သံပရာရည်နှင့် မှိဝဲခဲ့သော် ကြောက်မက်ဖွယ်ကောင်းသော ဝမ်းကိုက်ရောဂါ သက်သာပျောက်ကင်း၏။

### ရေယုန်ပျောက်ဆေး

ခနီရွက်ကိုပြာချ။ ထမင်းရည်ပျစ်ပျစ်နှင့်ဖျော်၍ လိမ်းပေးလျှင် သက်သာပျောက်ကင်းချမ်းသာစေပါသည်။

### အနာစက်ပျောက်ဆေး

နှင်းဆီပန်းပင်၏ အရွက်ခြောက်ကို ပြာချ၊ ကင်ပွန်းချဉ်သီးတစ်တောင့်ကို ပြာချ၊ ၎င်းနှစ်မျိုးရောစပ်သမပြီး အုန်းဆီနှင့်လိမ်းပေးပါက အနာစက်ရောဂါ သက်သာပျောက်ကင်းပါသည်။ (တစ်နည်း) သရက်ရွက်ခြောက်နှင့် ဆိတ် ချေးခြောက်များကို ဆတူမီးဖုတ်၍ပြာချ။ ၎င်းပြာကို အုန်းဆီနှင့်လိမ်းသော် သက်သာပျောက်ကင်းချမ်းသာစေ၏။

### သက်ရှည်ဆေးနှင့်ဆံပင်နက်ဆေး

ရှမ်းပြေပြင်ခေါ် ဆင်ပိစပ်ပင်များကို အမြစ်ပါမကျန်နုတ်ပြီး အခြောက်ခံ၊ မီးရှို့ ပြာချ။ ၎င်းပြာများကို သန့်ရှင်းသော ပုလင်းတွင်ထည့်၊ ပျားရည်ရောစပ်ထားပြီး နံနက်လက်ဖက်ရည် တစ်ငွန်း၊ ညနေ လက်ဖက်ရည်တစ်ငွန်းခန့်သောက်ပေးလျှင် တစ်လကြာသော် ဆံပင်များ နက်မှောင်လာပါသည်။ စွဲမြဲစွာသောက်သုံးပါက ရာသီဥတုဒဏ်ကိုလည်း ခံနိုင်လာပြီး ချွေးတလုံးလုံးဖြင့် ကျန်းမာအသက်ရှည်နိုင်ပါသည်။

ကျော်ဇောဟိန်း(နံ့သာ)

www.burmeseclassic.com

# သိသာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

## ဒေါက်တာမင်းသိခ်၏နည်းစနစ်အတိုင်းဟောသည်

## ဒေါက်တာစောယုနွယ်

အကယ်ဆိုတော့ ....

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို သိတာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မှုတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် မျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ ရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် ....



■ အမှတ်(၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(၈)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်
ဖုန်း ၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် အထူးကံကောင်းနေပါမယ်။ ကိုယ်ကျင့်တရားကောင်းပြီး ဖွဲ့လုံ့လရှိသူတွေအတွက် ငွေအစုလိုက် အပြုံလိုက် စုဆောင်းနိုင်မယ်။ ငွေအထုပ်လိုက် အထည်လိုက် ဝင်လာတတ်တယ်။ ထီဆုကြီးပေါက်ပြီး အမွေပစ္စည်းများလည်း ရတတ်တယ်။ နွမ်းပါးနေတဲ့သူတွေတောင် အိမ်ပိုင် ကားပိုင် ဖြစ်တတ်တယ်။ လာဘ်လာဘတွေ ရွှင်နေသလို အောင်မြင်မှုတွေလည်း ရတတ်တယ်။ အလှုအတန်းတွေလည်း ပြုလုပ်ရတတ်တယ်။ အလှုသေးသေးလေး လုပ်မယ်ဆိုပြီး အလှုကြီး ဖြစ်သွားတတ်တယ်။ ဒါပေမဲ့ စကားမောက်မာတတ်လို့ စကားကြောင့် မကြာခဏ အမှားဖြစ်တတ်တယ်။ ပြည်ပခရီးဝေးသွားဖို့ ကြံရွယ်ထားသူများ ယခုအချိန်တွင် စာရွက်စာတမ်းကိစ္စများ ပြုလုပ်ပါက အောင်မြင်ပါလိမ့်မယ်။ ယခုကာလတွင် မိမိလုပ်ငန်းများကို အင်နှင့်အားနှင့် တိုးချဲ့လုပ်ကိုင်သင့်သော်လည်း ဖြတ်လမ်းမလိုက်ရန် သတိပြုပါ။ မသင့်မြတ်သူများနှင့် ပြန်လည်သင့်မြတ်သွားမယ်။ အဖိုးတန် ကျောက်မျက်ရတနာများ ဝင်မယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေမြင့်တက်ခြင်း ကြုံမယ်။ အတူနေ မိသားစုထဲမှ အကြီးအကဲ အဘိုးအဘွားများ နာရေးဖြစ်တတ်တယ်။ တခြားကို ပို့ထားပါ။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးအတွက် သောကရောက်ရတတ်တယ်။ ပညာရေးကိစ္စ၊ သင်တန်းကိစ္စများကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ အောက်လက်ငယ်သားအတွက် သောကရောက်ရတတ်တယ်။ စက်ပစ္စည်းတစ်ခုနှင့် ပတ်သက်၍ စိတ်အနှောင့်အယှက် ဖြစ်ရတတ်တယ်။ ရွှေထည်ပစ္စည်း ထွက်တတ်တယ်။ ရွှေနှင့် ပတ်သက်၍ စကားအချေ အတင် ပြောဆိုရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ရုတ်တရက် မမျှော်လင့်ဘဲ အရိုးအကြော ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ဦးခေါင်း၌ ဒဏ်ရာ ရရှိတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေညွန့်(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ တံခွန်ဖြူ(၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

စနေ၊ တနင်္လာ

### ညံ့သောရက်

ဗုဒ္ဓဟူး၊ တနင်္ဂနွေ

### ကံကောင်းသောနံပါတ်

၂၅၊ ၂၇၊ ၇၂၊ ၇၇

### အထူးသတိပြုရန်

အရက်ပုလင်း လက်ဆောင်ရသောနိမိတ်၊ အရူးတစ်ယောက် ကခုန်နေသော နိမိတ်တွေ့ပါက သင့်အိမ်တွင် လျှပ်စစ်မှတစ်ဆင့် မီးဘေးအန္တရာယ် ဖြစ်တတ်သောကြောင့် ကျွန်ုပ်နှင့်လာရောက်တွေ့ဆုံပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် စနေနေ့နှင့် တနင်္လာနေ့တိုင်း နန်းကြီးသုပ် ၉ ပန်းကန် (သို့မဟုတ်) ၉ ပုံ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် ဘာပဲလုပ်လုပ် စိတ်တိုင်းမကျခြင်း၊ အဆင်မပြေခြင်းမျိုး ကြုံရတတ်တယ်။ ကိုယ်နဲ့ ပေါင်းသင်းနေတဲ့ မိတ်ဆွေတွေကလည်း ကိုယ့်ဆီကနေ ထွက်သွားတတ်တယ်။ မထင်မှတ်သော ခရီးများ၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ သူတစ်ပါးကိစ္စအတွက် ခရီးသွားရတတ်တယ်။ ကိုယ့်ပတ်ဝန်းကျင်မှာလည်း စိတ်ညစ်စရာတွေ ဖြစ်နေတတ်တယ်။ စိတ်အလိုလိုက်ပြီး စိတ်ထင်ရာ မလုပ်သင့်ပါ။ အရာရာကို စိတ်ထိန်းပြီး လောဘ၊ ဒေါသ၊ မာနတွေ လျှော့လျှင် တော့ ဒုက္ခကြီးကြီးမားမား မတွေ့နိုင်ပါဘူး။ ယခုရောက်ရှိနေသော ကာလတွင် ကဆုန်လ၊ ဝါခေါင်လနှင့် ပြာသိုလများ ပါဝင်နေရင် အရှေ့တောင်အရပ်၊ အနောက်မြောက်အရပ်သို့ ခရီးမသွားသင့်ပါ။ လူမျိုးခြား ကူညီခြင်း၊ နိုင်ငံရပ်ခြား နှင့် ပတ်သက်သော ကိစ္စများ အောင်မြင်မယ်။ ဝန်ထမ်းတွေအဖို့ အလုပ်ပြောင်း၊ နေရာပြောင်းဖို့ စိတ်မကူးပါနှင့်။ ပြောင်းလျှင် အဆင်မပြေနိုင်သေးပါ။ ကိုယ်ပိုင်လုပ်ငန်း လုပ်သူများအဖို့ လုပ်ငန်းများ အောင်မြင့်တော့မလိုလိုနှင့် အခက်အခဲ ကြီးစွာကြုံရတတ်တယ်။ အလုပ်တွင် အပျက်အစီး၊ အဆုံးအရှုံး၊ အလေအလွင့် များနေလိမ့်မယ်။ သင်သည် အိမ်မှာနေရတာ မပျော်ဘဲ ဖြစ်နေတတ်တယ်။ မျက်စိရှေ့မှာ တွေ့သမျှလည်း စိတ်တိုင်းမကျစရာချည်း ဖြစ်နေတတ်တယ်။ သူတစ်ပါးအတွက် အာမခံတာမျိုး၊ ကိုယ်စားလိုက်ပြီး ပြောပေးတာမျိုး မလုပ်ပါနှင့်။ မထင်မှတ်ဘဲ မြေတစ်ကွက် ဝင်တတ်တယ်။ ငွေနှင့် ပတ်သက်၍လည်းကောင်း၊ ကားနှင့် ပတ်သက်၍လည်းကောင်း စွပ်စွဲပြောဆို ခံရတတ်တယ်။ စပ်တူအရောင်းအဝယ် အကြီးအကျယ် မလုပ်ပါနှင့်။ အလှူပွဲ၊ မင်္ဂလာပွဲများ ရက်ရွှေ့ရတတ်တယ်။ အိမ်ထောင်ရှိသူများ အိမ်ထောင်ရေး အဆင့်မပြေ ဖြစ်နေမယ်။ ကျန်းမာရေးအနေဖြင့် စိတ်ဓာတ်ကျခြင်း၊ ထိခိုက်ခြင်း၊ ဆေးမှား အစားမှားခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေညွှန့်(၆)ညွှန့်၊ နှင်းဆီ(၇)ပွင့်၊ ကြက်လျှာအစိမ်း(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၅၊ ၄၄၊ ၅၄၊ ၄၅

### အထူးသတိပြုရန်

ယခုကာလတွင် နာရေး လုံးဝမသွားရပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း နှီထမင်း (၁၂)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် စိတ်ပင်ပန်းရုံမကဘဲ လူပါ ပင်ပန်းလာတတ်တယ်။ စိတ်တည်ငြိမ်မှု မရသလို လူကပါ လိုက်ပါနေရတတ်တယ်။ နားချိန် မရလောက်အောင် အလုပ်ရှုပ်မယ်။ လွန်စွာပင်ပန်းလိမ့်မယ်။ သင်တန်း တစ်ခုတက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုခုသို့ ဝင်ရောက်ရခြင်းမျိုး ကြုံရတတ်တယ်။ အလုပ်တွင် မပျော်ဘဲ ဖြစ်နေတတ်တယ်။ ပြောင်းရန် စိတ်မကူးပါနှင့်ဦး။ ပြောင်းလျှင် အဆင်မပြေနိုင်သေးပါ။ လက်အောက်ငယ်သား တပည့်တွေက ကိုယ့်ဆီက ထွက်သွားပြီး ကိုယ်နဲ့ မတည့်တဲ့သူဆီ ရောက်သွားတတ်တယ်။ ပညာသစ်တစ်ခု ရတတ်တယ်။ အဲဒီပညာက ကိုယ့်အတွက် အကျိုးပေးတဲ့ ပညာရပ်မျိုး ဖြစ်နေတတ်တယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ရေး အဆင်မပြေမှုများ ဖြစ်နေတတ်တယ်။ ငွေပျောက်ခြင်း၊ သူခိုး ခိုးခံရခြင်းမျိုး ဖြစ်တတ်တယ်။ ယခုကာလတွင် ပြဿနာဟောင်းများ၊ ရောဂါဟောင်းများ ပြန်ပေါ်လာတတ်တယ်။ ဘာသာရေးနှင့် ပတ်သက်သော ပုံတော်များ ဝင်လာလိမ့်မယ်။ သင်သည် အမျိုးသားဖြစ်လျှင် ပဋ္ဌင်းခံရတတ်တယ်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်သော ကိစ္စများ၊ လူမျိုးခြားနှင့် တွဲပြီးလုပ်ရသော အလုပ်များ အောင်မြင်လိမ့်မယ်။ ရွှေဝင်ခြင်း၊ ပျောက်နေသော ရတနာပစ္စည်းများ ပြန်ဝင်မယ်။ အလှူရက်၊ မင်္ဂလာရက် ရွှေ့ရတတ်တယ်။ မိန်းမခိုးခြင်း၊ ယောကျ်ားနောက်လိုက်ခြင်းများ ပြုလုပ်လျှင် ဆွေပြတ်မျိုးပြတ် ဖြစ်ကုန်တတ်တယ်။ မိမိ မသွားချင်သော နေရာကို မမျှော်လင့်ဘဲ သွားရတတ်တယ်။ ယခု ရောက်ရှိနေသော ကာလတွင် တပို့တွဲလ၊ ပြာသိုလများ ပါနေရင် ကိုယ့်ကို စွပ်စွဲပြောဆို ခံရတတ်တယ်။ ငွေကြေး ဆုံးရှုံးမှုတွေ ဖြစ်တတ်တယ်။ ကျန်းမာရေးအနေဖြင့် သွေးအားနည်းခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ခြေထောက်၊ ခါးတို့တွင် ဒဏ်ရာရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေညွန့်(၆)ညွန့်၊ ထန်းညွန့်(၇)ညွန့်၊ ယပ်အဝါရောင်(၇)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၇၇၊ ၅၅၊ ၅၇၊ ၇၅

### အထူးသတိပြုရန်

မိမိအိမ်အနီးအနား၌ ငွေလိမ်၊ ကျောက်လိမ် ခံရသောနိမိတ် တွေ့ပါက ငွေကြေးဆုံးရှုံးခြင်း၊ ကားပွတ်တိုက်မိခြင်းမျိုး ကြုံတွေ့ရတတ်သဖြင့် ၎င်းနိမိတ်တွေ့ပါက ကျွန်ုပ်နှင့် လာရောက်တွေ့ဆုံလိုက်ပါ။ ဘာပဲလုပ်လုပ် ဘာမှဖြစ်မလာလို့ စိတ်ဓာတ်ကျခြင်းမျိုးကို ရှောင်ပါ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တို့၌ ထောပတ်ထမင်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် ဆန္ဒအတိုင်း အောင်မြင်ချင်သော ကိစ္စမှန်သမျှ ဉာဏ်၊ ဝီရိယ၊ လုံ့လ စိုက်ထုတ်ပြီး လက်တွေ့ဆောင်ရွက်လျှင် မိမိလိုချင်သော ကိစ္စအားလုံး အောင်မြင်မှာ ဖြစ်ပါတယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ရခြင်း လုပ်ရတတ်တယ်။ လူလွတ်တွေအဖို့ အိမ်ထောင်ပြုရန် အကောင်းဆုံးအချိန်ကာလဖြစ်တယ်။ မိမိ၏ ပတ်ဝန်းကျင်မှာ ဩဇာတိက္ကမကြီးမားနေတဲ့အချိန် ဖြစ်သောကြောင့် လက်ညှိုးညွှန်ရာ ရေဖြစ်နေမယ့်ကာလ ဖြစ်ပါတယ်။ အမွေဆိုင်ပစ္စည်း၊ မြေ ရောင်းဖို့ ကြံရွယ်ထားရင် ခဏစောင့်လိုက်ပါ။ ငွေစုရတာ လွယ်ကူနေမယ်။ အိမ်သစ်ရနိုင်တဲ့ကာလ ဖြစ်ပါတယ်။ လုပ်ငန်းအသစ်ပေါ်ခြင်း(သို့မဟုတ်)လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်သစ်များ ပေါ်လာလိမ့်မယ်။ ဝန်ထမ်းများအဖို့ ရာထူးတိုးတတ်တယ်။ ခရီးအကျိုးပေးသော ကာလဖြစ်တယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ပြည်ပခရီးဝေးသွားဖို့ ကြံရွယ်ထားသူများ သွားရတတ်တယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူများအဖို့ လုပ်ငန်းနှင့်ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းများ ပြုလုပ်ရတတ်တယ်။ သူခိုး အခိုးခံရတတ်သောကြောင့် သတိပြုပါ။ သွပ်၊ သံ၊ သစ် စသော သောကြာန် ပစ္စည်းများ ဝင်လာတတ်တယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာ ဝိုတော်များ ကြွလာတတ်တယ်။ ရွှေနှင့် အဖိုးတန် ရတနာပစ္စည်းများ ဝင်လာမယ်။ မိသားစုအကြီးအကဲ၊ လုပ်ငန်းအကြီးအကဲ ထို့ကြောင့် စိတ်ညစ်ရတတ်တယ်။ အိမ်ထောင်သည်တွေအဖို့ မိသားစုနှင့် ခွဲခွာပြီး အလုပ်လုပ်ရသော ကာလဖြစ်တယ်။ ဆေးမှား အစားမှား ဖြစ်တတ်တယ်။ စက်ပစ္စည်းဝယ်ရင် ဂရုစိုက်ပါ။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ထန်းညွန့်(၆)ညွန့်၊ အုန်းညွန့်(၆)ညွန့်၊ ဖြူဟ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

| ကံကောင်းသောရက် |
| --- |
| တနင်္ဂနွေ၊ သောကြာ |

| ညံ့သောရက် |
| --- |
| စနေ၊ အင်္ဂါ |

| ကံကောင်းသောနံပါတ် |
| --- |
| ၆၁၊ ၆၄၊ ၄၁၊ ၄၆ |

### အထူးသတိပြုရန်

မိမိအိမ်သို့ မုဆိုးဖို၊ မုဆိုးမများ လာရောက်တည်းခိုလျှင် မြေ၊ အမွေနှင့် ပတ်သက်ပြီး အမှုအခင်း ဖြစ်တတ်တယ်။
ကိုယ်တိုင် ကားမောင်းခြင်း ဆင်ခြင်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

လပြည့်နေ့တိုင်း ဓာတ်ကြီးလေးပါး ဆွမ်းကပ်ပေးပါ။
မိမိနေအိမ်ရှိ မြတ်စွာဘုရားအား ရွှေသက်န်း ဆက်ကပ်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## ကုံစာသပတေး သားသမီး



သင်သည် ယခုကာလတွင် ကောင်းတစ်ဝက်၊ ဆိုးတစ်ဝက် ဖြစ်နေတတ်တယ်။ ကိုယ့်ဘာသာ ပြုလုပ်ရတဲ့ကိစ္စတွေ၊ အများနှင့် ပူးပေါင်းလုပ်တဲ့ကိစ္စတွေ၊ စပ်တူ လုပ်ငန်းတွေ အောင်မြင်မယ်။ အပျော်များရတဲ့ ကာလဖြစ်တယ်။ အဖက်ဖက် မှာ စိတ်ချမ်းသာစရာများ ကြုံတွေ့လာရလိမ့်မယ်။ အလှူအတန်းပြုရခြင်း မင်္ဂလာပွဲများ စီစဉ်ပေးရခြင်းများ ပြုလုပ်ရတတ်တယ်။ လူချစ်လူခင် ပေါများ မယ့်အချိန် ဖြစ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာမယ်။ အလွန် ကောင်းသော နိမိတ်ဖြစ်ပါတယ်။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ အလုပ်နေရာ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ ယခုကာလတွင် ငွေရှာရလွယ်ကူပေမယ့် စုဆောင်း၍ မရပါ။ ငွေဝင်လာလျှင် ရွှေဝယ်ထားလိုက်ပါ။ ယခုကာလတွင် ပျော် ရွှင်မှုများ၊ စန်းပွင့်မှုများ၊ စီးပွားရေး ကောင်းမွန်မှုများကြောင့် တင့်တယ်လှပပြီး အခြေအရံ များနေမယ်။ အိမ်ထောင်သည်တွေ အဖို့ အိမ်ထောင်ရေး ရှုပ်ထွေးမှု ဖြစ်တတ်တယ်။ အစွပ်အစွဲ အပြောအဆိုလည်း ခံရတတ်တယ်။ ယခုရောက်ရှိနေတဲ့ကာလ တွင် ကဆုန်လ၊ ဝါခေါင်လများ ပါနေရင် မိတ်ဆွေလုပ်ဖော်ကိုင်ဖက်များကြောင့် စိတ်ညစ်ရခြင်း၊ စိတ်ဝမ်းကွဲခြင်းမျိုး ကြုံရတတ် တယ်။ လူလွတ်တွေအဖို့ ယခုကာလတွင် အိမ်ထောင်ပြုလျှင် တည်မြဲသော အိမ်ထောင် မဖြစ်နိုင်ပါ။ အမှုအခင်းဖြစ်နေသူတို့ ငွေမချေးပါနှင့်။ အာမခံ မလိုက်ပါနှင့်။ ကြာသပတေးနံ ထွက်တတ်တယ်။ ခရီးသွားလျှင် အနောက်မြောက်ထောင့်နှင့် အရှေ့တောင်အရပ်များသို့ မသွားသင့်ပါ။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စများ ကြုံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဆေးမှား အစာမှားခြင်း၊ သွေးထွက်သံယိုဖြစ်ခြင်း၊ သွားဒုက္ခပေးခြင်းမျိုး ဖြစ်တတ် တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သီဟိုဠ်ညွန့်(၆)ညွန့်၊ ထိန်းညွန့်(၇)ညွန့်၊ ယပ်အဖြူ(၁၂)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

သောကြာ၊ အင်္ဂါ

### ကံကောင်းသောနံပါတ်

၄၊ ၄၂၊ ၂၀

### အထူးသတိပြုရန်

ယခုကာလတွင် လောင်းကစား ပျော်ပါးခြင်းများ မပြုလုပ်ပါနှင့်။ ကိုယ်စိတ်နှုတ် သုံးပါးကို မဖောက်မပြန် ထိန်းသိမ်းနိုင်သူသည် ကြီးပွားတိုးတက်ခြင်းများ တွေ့ကြုံရပါလိမ့်မယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ဗုဒ္ဓဟူးနေ့တိုင်း ကြံရည်(၆)ခွက်၊ ကရေကရာ(၆)ခု လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် အဖက်ဖက်မှာ စိတ်ချမ်းသာစရာများ ကြုံတွေ့ရလိမ့်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ရခြင်း လုပ်ရတတ်တယ်။ လုပ်ငန်းအသစ်ပေါ်ခြင်း (သို့မဟုတ်) လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်သစ်များ ပေါ်လာလိမ့်မယ်။ လက်ထပ်မင်္ဂလာပွဲ အောင်မြင်စွာ ကျင်းပနိုင်ပါလိမ့်မယ်။ အလှူကိုလည်း စည်ကားစွာ ပြုလုပ်ရတတ်တယ်။ ဘုရားတည်၊ ကျောင်းဆောက် စတဲ့ အလှူဒါနများကို စိတ်တိုင်းကျ ပြုလုပ်လိုက်ပါ။ အောင်မြင်မှုတွေ ရရှိမှာ ဖြစ်ပါတယ်။ ခရီးဝေး သွားရတတ်တယ်။ ပြည်ပခရီး သွားဖို့ ကြံရွယ်ထားလျှင် ဒီကာလမှာ ထွက်ဖြစ်အောင် ထွက်လိုက်ပါ။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာများ ကြွလာတတ်တယ်။ စက်ပစ္စည်း အသစ်လဲရခြင်း၊ ထွက်နေသော စက်ပစ္စည်းများ ပြန်ဝင်မယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ ရွှေနှင့် အဖိုးတန် ရတနာပစ္စည်းများ ဝင်လာလိမ့်မယ်။ သွပ်၊ သံ၊ သစ် စသော သော့ကြာနံပစ္စည်းများ ဝင်လာတတ်တယ်။ မိတ်ဆွေရင်း လုပ်ဖော်ကိုင်ဖက်တို့က ဒုက္ခပေးတတ်တယ်။ မြေကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ မြေအဝင်မခံရပါ။ မြေဝင်လျှင် ကြာသပတေးနံတူ ထုတ်ပစ်ပါ။ အလုပ်တွင် အတိုက်အခံ အပြိုင်အဆိုင် ကြီးစွာကြုံမယ်၊ အတိုက်အခံ မှန်သမျှ အနိုင်ရမယ်။ ထီပေါက်သကဲ့သို့ ငွေများ ဝင်တတ်တယ်။ ငွေရခါနီးတွင် မိသားစုအကြီးအကဲ၊ လုပ်ငန်းအကြီးအကဲတို့ကြောင့် စိတ်ညစ်ရတတ်တယ်။ သူခိုး အခိုးခံရတတ်သောကြောင့် ဂရုစိုက်ပါ။ ငယ်ရွယ်သူများအဖို့ အချစ်ရေးတွင် လမ်းခွဲရလောက်အောင် ပြဿနာဖြစ်ရတတ်သော ကာလဖြစ်တယ်။ ကျန်းမာရေးနေဖြင့် အမြင့်က လိမ့်ကျခြင်း၊ နူနာခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေညွန့်(၆)ညွန့်နှင်းဆီ(၇)ပွင့်၊ ဖြိုးပ်ရှပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

ကြာသပတေး၊ တနင်္ဂနွေ

### ကံကောင်းသောနံပါတ်

၆၃၊ ၆၄၊ ၄၆

### အထူးသတိပြုရန်

လှံ့လျ ကံ၊ ဉာဏ်၊ ဝီရိယ သုံးပြီး မည်သည့်ကိစ္စမဆို ဆောင်ရွက်ပါက အောင်မြင်မှုများ၊ ကြီးပွားတိုးတက်မှုများ ကျိန်းသေရရှိမှာ ဖြစ်ပါတယ်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း မနက် ၁၀ နာရီတွင် မုန့်လုံးရေပေါ် (၁၀)လုံး တစ်ပန်းကန်၊ ရှောက်သီးသုပ် တစ်ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် လုပ်ငန်းသစ်လုပ်ရန် အကြံအစည်ကောင်းများ၊ အဆက်အသွယ်ကောင်းများ ပေါ်လာလိမ့်မယ်။ စက်ပစ္စည်းအသစ်တွေလည်း ဝင်တတ်တယ်။ ဆိုင်တစ်ဆိုင်ဖွင့်ဖို့ ကြံရွယ်ထားရင် ဒီကာလဟာ အကောင်းဆုံး ဖြစ်ပါတယ်။ ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်ငန်းအဆစ် ကြီးကြီးမားမား စရန်မကောင်းသေးပါ။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လာလိမ့်မယ်။ လုပ်လျှင် ဧအောင်မြင်မယ်။ ဘိုးတော်တု၊ ဆရာတုများ ရောက်လာတတ်တယ်။ ငွေကြေးကိစ္စ အရှုပ်အရှင်း ဖြစ်တတ်တယ်။ ယခုကာလတွင် ထီမထိုးသင့်ပါ။ ထီပေါက်လျှင် မိသားစုအတွင်း ကျန်းမာရေး ဆိုးဆိုးဝါးဝါး ညံ့သွားတတ်တယ်။ သူတစ်ပါးက ကိုယ့်ကို အကြောင်းမဲ့တိုက်ခိုက်ပြီး အကျိုးမဲ့အောင် ပြုမူတတ်တယ်။ ကိုယ့်ရဲ့ မကောင်းသတင်းကိုလည်း လွှင့်တတ်ပါသေးတယ်။ ခင်မင်သူ၊ ချစ်သူကြောင့် ဒုက္ခရောက်တတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စကြောင့် စကားများရတတ်တယ်။ မသွားချင်သောခရီး၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ အထက်လူကြီး၊ ဆွေမျိုးအကြီးအကဲတို့က မိမိအပေါ် အထင်လွဲတတ်တယ်။ သားသမီးများ ကျန်းမာရေး ညံ့တတ်တယ်။ ဗုဒ္ဓဟူးသားသမီး ရှိပါက အိမ်ကထွက်သွားတတ်တယ်။ ရွှေထွက်မယ်။ ရွှေဝယ်မိပါက ဝယ်သူ၏ ဇနီး၊ ခင်ပွန်း ထွက်လိမ့်မယ်။ ကိုယ်ဝန်ဆောင်သည်ရှိလျှင် အိမ်မှာ မမွေးပါနှင့်။ အပြင်မှ ကိုယ်ဝန်ဆောင်သည် အိမ်မှာ လာမွေးပါက ကောင်းပါတယ်။ လူလွတ်များအဖို့ အိမ်ထောင်ကျတတ်တယ်။ ရိုးရိုးအေးအေးနှင့် စိတ်ကောင်းရှိတဲ့ အိမ်ထောင်ဖက်မျိုး တွေ့ရတတ်တယ်။ ဝန်ထမ်းများအဖို့ အလုပ်နှင့် ပတ်သက်တဲ့ သင်တန်းတစ်ခု တက်ရခြင်း၊ စာမေးပွဲဖြေဆိုရခြင်းမျိုး ကြုံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် သွေးထွက်သံယို ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ထန်းညွန့် (၇)ညွန့်၊ ကုက္ကားအဖြူ(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

ကြာသပတေး၊ တနင်္လာ

### ကံကောင်းသောနံပါတ်

၃၄၊ ၃၁၊ ၁၂ ၁၃

### အထူးသတိပြုရန်

ယခုကာလတွင် လောဘတကြီးနှင့် ဘာမှမလုပ်ပါနှင့်။ ဘာမှမလုပ်ဘဲ နေလျှင် နည်းနည်းသက်သာမယ်။ လုပ်တတ်လို့ လျှောက်ပြီး လုပ်ရင်တော့ လုပ်လေ ကုန်လေ ဖြစ်နေပါလိမ့်မယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် အင်္ဂါနေ့တိုင်း ဆွမ်းအုပ်ထဲတွင် ဆွမ်းထည့်၍ ဆီဆမ်း ဆားဖြူးပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



# ရာဟု သားသမီး



သင်သည် ယခုကာလတွင် ကျန်းမာပျော်ရွှင်ပြီး မိသားစုတွေနှင့် သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ရွှင်ရွှင် နေထိုင်ရမယ့်ကာလဖြစ်ပါတယ်။ ခါတိုင်းနဲ့ မတူဘဲ စီးပွားရေးတွေ သိသိသာသာ တိုးတက်အောင်မြင်ပါလိမ့်မယ်။ လုပ်ငန်းသစ်များ စတင်ပြုလုပ်နိုင်ပြီး လုပ်ငန်းဟောင်းများလည်း ပြန်ပေါ်တတ်တယ်။ သိကြားမ, လိုက်သကဲ့သို့ လက်ရှိအခြေအနေထက် များစွာမြင့်တက်သွားလိမ့်မယ်။ ကျေးဇူးရှင် မိဘတွေကိုလည်း ပြန်လည်ကြည့်ရှု စောင့်ရှောက်နိုင်မယ့်ကာလ ဖြစ်ပါတယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေ မြင့်တက်ခြင်းများ ကြုံမယ်။ သင်တန်းတစ်ခု တက်ရမယ်။ ပညာကောင်း ရမယ်။ ဘုရားဖူးခရီး၊ စိတ်ချမ်းသာစရာခရီးများ၊ ပြည်တွင်းပြည်ပ ခရီးများ သွားရတတ်တယ်။ ပြည်ပခရီးသွားဖို့ ကြံရွယ်ထားရင် အားလုံးအဆင်ပြေပါလိမ့်မယ်။ မြေကိစ္စ၊ အမွေကိစ္စတွေ ပြောစရာရှိရင် ယခုအချိန်တွင် ပြောလိုက်ပါ။ ဆိုင်တစ်ဆိုင်ဖွင့်ဖို့ ကြံရွယ်ထားရင် ယခုကာလတွင် ဖွင့်လိုက်ပါ။ တစ်သက်တာ အကျိုးပေးမယ့်ဆိုင် ဖြစ်လိမ့်မယ်။ အလုပ်တွေ ကောင်းတယ်ဆိုပေမယ့် အတိုက်အခံ အနည်းငယ် ကြုံရတတ်တယ်။ ရင်းနှီးသူ လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရခြင်းမျိုး ကြုံရလိမ့်မယ်။ စပ်တူရှယ်ယာ လုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖက် စိတ်ညစ်ရတတ်တယ်။ အိမ်တွင် လူလွတ်ရှိပါက စေ့စပ်မင်္ဂလာပွဲ ပြုလုပ်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် နှလုံးနှင့် ပတ်သက်၍လည်းကောင်း၊ လေနှင့် ပတ်သက်၍လည်းကောင်း၊ ဒူး၊ နားတို့ ဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ပြည့်ညွှန့်(၆)ညွှန့်၊ ထန်းညွှန့်(၇)ညွှန့်၊ တံခွန်အဖြူ(၂၁)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

## ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

## ညံ့သောရက်

စနေ၊ ဗုဒ္ဓဟူး

## ကံကောင်းသောနံပါတ်

၁၂၊ ၁၃၊ ၃၃၊ ၃၁

## အထူးသတိပြုရန်

ယခုကာလတွင် မြေအမှု၊ အမွေအမှု ဖြစ်နေသူများကို အာမခံပေးခြင်း၊ နာရေးသွားခြင်း လုံးဝမပြုလုပ်ရပါ။

## ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်တဘုရားတွင် ကြာသပတေးနေ့တိုင်း ပန်းဖြူ(၅)ပွင့်၊ ပေါက်ပေါက်ဆွမ်း၊ ဆီထမင်းဆွမ်းများ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

(၂၀၁၆-ခုနှစ်၊ အောက်တိုဘာလ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

ဒေါက်တာစောယုနွယ်

အမှတ်(၂၀၄/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၄၃၀၄၀၊ ၀၉-၇၈၉၉၅၉၅၈၇

---

### တနင်္ဂနွေသားသမီးများအတွက်

**ယတြာ**

သက်ကြီးရွယ်အိုတစ်ဦးကို နွားနို့ လှူပါ။

ရိုစရာရှိသောငွေများ မရဖြစ်နေမယ်။ တပည့်လက်သားများ ကိုယ့်ထံက ထွက်ပြီး ကိုယ့်ပြိုင်ဘက်ထံ ရောက်သွားတတ်တယ်။ ဝန်ထမ်းတွေအဖို့ သင်တန်းတစ်ခုတက်ခြင်း၊ အဖွဲ့အစည်းတစ်ခုအတွင်း ပါဝင်နေခြင်း ကြုံရမယ်။

---

### တနင်္လာသားသမီးများအတွက်

**ယတြာ**

မိတ်ဆွေတစ်ဦးကို သရက်သီးနှင့် ပြုလုပ်ထားသော ဖျော်ရည်တစ်ဘူး လက်ဆောင်ပေးလိုက်ပါ။

ကွဲကွာနေသော ရပ်ဝေးမှ ဆွေမျိုးများနှင့် ပြန်လည်တွေ့မည်။ အလုပ်အတွင်း အတိုက်အခံ အပြိုင်အဆိုင်တွေ ရှိနေတတ်တယ်။ ဒါပေမဲ့ အောင်မြင်မှုတွေရမယ်။ ယခုကာလတွင် နှုတ်စောင့်စည်းပါ။ စကားများတတ်တယ်။ လက်ရှိအလုပ်နှင့် အဆင်ပြေနေမည်။

www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

လူမျိုးခြား အောက်လက်ငယ်သားတွေကြောင့် ပူပန်မှုတွေရှိတယ်။ ငွေတွေဝင်သလောက် ပြန်ထွက်သွားတတ်တယ်။ အိမ်သုံးလျှပ်စစ်ပစ္စည်းတွေ ပျက်နေတတ်တယ်။ ရပ်ဝေးမြေခြားက အမျိုးသမီးတစ်ယောက်နှင့်လည်း ငွေကြေးကိစ္စ ငွေလိမ်တာမျိုး ကြုံရတတ်တယ်။ ဘာပဲလုပ်လုပ် အကျိုးမရှိတဲ့ကာလဖြစ်တယ်။

**ယတြာ**

မိတ်ဆွေများကို အုန်းသီးနှင့် ပြုလုပ်ထားသောမုန့်များ လက်ဆောင်ပေးပါ။

## ဗုဒ္ဓဟူးသားသမီးများအတွက်

တစ်ဦးတည်းအလုပ်ထက် ပူးပေါင်းဆောင်ရွက်ရသော ကိစ္စများ အောင်မြင်မည်။ အဖက်ဖက်မှ စိတ်ချမ်းသာမှုများ ကြုံရမည်။ ပျော်ရွှင်စရာများနှင့် ကြုံရသောကာလဖြစ်သည်။ ယခုကာလတွင် အိမ်ထောင်ပြုသူများ အိမ်ထောင်မမြဲတတ်ပါ။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ချောကလက် လက်ဆောင်ပေးပါ။

## ကြာသပတေးသားသမီးများအတွက်

BURMESE CLASSIC

လုပ်ငန်းများ သိသိသာသာ တိုးတက်မယ်။ ငွေရှာရလွယ်မယ်။ စပ်တူလုပ်ငန်းများ လာရောက်ခေါ်မယ်။ အဆင်ပြေမယ်။ အပျို လူပျို ဖြစ်ပါက ကြင်သူ သက်ထားနှင့် တွေ့ရတတ်တယ်။ အစိုးရဝန်ထမ်းဖြစ်က ရာထူးတိုးမယ်။

**ယတြာ**

မိတ်ဆွေများကို ထောပတ် လက်ဆောင်ပေးပါ။

## သောကြာသားသမီးများအတွက်

မမျှော်လင့်ဘဲ ခရီးထွက်ရမည်။ နိုင်ငံရပ်ခြားမှ ကိစ္စများ ဆောင်ရွက်ထားပါက အောင်မြင်မည်။ မိသားစုအတွင်း စိတ်ဝမ်းကွဲမှုတွေ ကြုံရမည်။ သင်တန်းတက်ခြင်း၊ ရာထူးအတွက် စာမေးပွဲဖြေရခြင်းများ ပြုလုပ်ရမည်။ လက်ရှိအလုပ်မှ ရာထူးတက်နိုင်သည်။ ဝင်ငွေပြောင်းလဲနိုင်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ပေါက်စီ ဝယ်ကျွေးပါ။

## စနေသားသမီးများအတွက်

မပြည့်စုံတာတွေ ပြည့်စုံလာမယ်။ ဖြစ်ချင်တာတွေ ဖြစ်လာမယ်။ လုပ်ငန်းအသစ်တွင် ဝင်ရောက်လုပ်ကိုင်ရတတ်တယ်။ အလုပ်နေရာပြောင်းခြင်း၊ ရာထူးတိုးခြင်းကြုံမည်။ ပြည်ပခရီးအတွက် အောင်မြင်မယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို သစ်သီး လက်ဆောင်ပေးပါ။

## ရာဟုသားသမီးများအတွက်

လက်ရှိအခြေအနေထက် တိုးတက်မယ်။ ဝန်ထမ်းများ ရာထူးတက်ခြင်း၊ အလုပ်အကိုင် နေရာပြောင်းခြင်းကြုံမယ်။ စွပ်စွဲပြောဆိုခံရတတ်တယ်။ သံယောဇဉ် အဆိုတွယ်ခြင်းမျိုး ကြုံရတတ်တယ်။


**ယတြာ**

မိတ်ဆွေများကို ရှောက်ချိုသီး ဖျော်ရည် လက်ဆောင်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ကိုးတောင်ပြည့် ချမ်းသာအောင် မြတ်စွာဘုရားကြီး ဘက်စုံမွမ်းမံ ပူဇော်မှု အလှူရှင်များ



နိုက်ဦးမြို့ ဓမ္မာသိဝံကျောင်းတော်ကြီးတွင် သီတင်းသုံးတော်မူမည့် ကိုးတောင်ပြည့် ချမ်းသာအောင် မြတ်စွာဘုရားကြီးသည် ယခုအခါ အဘဘိုးမင်းခေါင်ကြီး၏ ဝိဇ္ဇာဓာတ်ဖြင့် နယ်လှည့်သာသနာပြုနေသော ကောင်းမှုရှင် ဆရာမကြီး ယောဂီနန္ဒမာလာ၏ နေအိမ်မဏ္ဍပ်တွင် အများပြည်သူများ၊ တပည့်သာဝကများ ကြည်ညိုနိုင်စေရန် ယာယီသီတင်းသုံး အပူဇော်ခံ ထားရှိထားရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ လာရောက်ဖူးမြော်လျက်ရှိသည့်အပြင် "ကိုးတောင်ပြည့် ချမ်းသာအောင် မြတ်စွာဘုရားကြီး" ဘက်စုံမွမ်းမံ ပူဇော်နိုင်ရန်အတွက် အလှူငွေများလည်း ထည့်ဝင်လှူဒါန်းသွားကြကြောင်း သိရှိရသည်။ အလှူရှင်များမှာ -

(၁) နှစ်ဖက်သော မိဘများအား အမှူးထား၍ ဦးကြိုင်ဝင်း+ဒေါ်ခင်ခင်အေး မိသားစုတို့မှ အလှူတော်ငွေ ၈၃၀၀၀၀ ကျပ်။

(၂) ဦးထွန်းဝေ+ဒေါ်စိန်ကြီး၊ သမီး-နွယ်နီထွန်း မိသားစုတို့မှ အလှူတော်ငွေ ၄၅၀၀၀ ကျပ်။

(၃) ကိုစိုင်းခွန်ဆိုင်+မခန်းငယ်ငယ် မိသားစုတို့မှ အလှူတော်ငွေ ၉၀၀၀၀ ကျပ်။

(၄) မိဘနှစ်ပါးအား ရည်စူး၍ မအေးအေးခိုင်မှ အလှူတော်ငွေ ၉၀၀၀၀ ကျပ်။

(၅) ကိုမျိုးဆွေ+မခင်ခင်အုန်း မိသားစုမှ အလှူတော် ငွေ ၁၀ သိန်းကျပ်။

(၆) ဦးဝင်းမြင့်+ဒေါ်စန်းရီ(မန္တလေးမြို့)မှ အလှူတော် ငွေ ၄၅၀၀၀ ကျပ်။

(၇) ဒေါ်စန်းစန်းမြင့်(မန္တလေးမြို့)မှ အလှူတော်ငွေ ၁၃၅၀၀၀ ကျပ်။

(၈) ကိုစည်သူ+မဝင်းဝင်းခိုင် မိသားစုမှ အလှူတော် ငွေ ၁၀၀၀၀၀ ကျပ်။

(၉) ကိုအောင်ကြည်ဝင်း+မနီလာဝင်း မိသားစုတို့မှ အလှူတော်ငွေ ၁၆၀၀၀၀ ကျပ်။

အသီးသီး လာရောက်လှူဒါန်းသွားကြကြောင်း သိရှိရပါသည်။


ဆက်သွယ်လှူဒါန်းလိုပါလျှင် - ဆရာမကြီး ယောဂီနန္ဒမာလာ(ဖုန်း-၀၉-၂၅၆၀၀၀၂၈၀၊ ၀၉-၂၅၉၉၅၆၆၅၆၊ ၀၉-၂၅၃၅၄၅၈၇၇၊ ၀၉-၇၃၂၁၁၃၇၂)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

## သုံးရောင်ခြယ်ဘုရားများ ဝယ်ယူပူဇော်နိုင်

ဗားမဲ့ဆရာတော်ဘုရားကြီး၏ ဆွေ ၇ ဆက် မျိုး ၇ ဆက် ကြွယ်ဝချမ်းသာစေနိုင်သည့် ဝါ၊ စိမ်း၊ နီ သုံးရောင်ခြယ်ဘုရား(ဦးရွှေအိုးဘုရား)များကို ဉာဏ်တော်အမြင့် ၇ လက်မ၊ ၉ လက်မ၊ ၁၀ လက်မ မိမိ နှစ်သက်ရာ ဉာဏ်တော်ကို ဘုန်းရောင်ဂျာနယ်တိုက်တွင် လာရောက် ဝယ်ယူပူဇော်နိုင်ပါသည်။ (ဖုန်း-၀၉-၂၅၁၀၂၂၃၃၁)

www.burmeseclassic.com

## သတ္တမမြောက် ကျော်အောင်စံထားဆရာတော်ဘုရားကြီး ရဟန်းဝါတော် (၇၂)ဝါပြည့်အကြို ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်းကပ်လှူဒါန်း



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ ကျော်အောင်စံထားကျောင်းတိုက်ကြီး၏ ဦးစီးနာယက သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ကြီး၏ ရဟန်းဝါတော် (၇၂)ဝါပြည့်အကြို ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်းကပ်လှူဒါန်းပူဇော်ရန် (၁၁-၇-၂၀၈၆)ရက်နေ့ ညနေ(၆း၃၀)နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ကြွရောက်ခဲ့ပြီး ဆရာတော်ဘုရားကြီးသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ် တစ်ပတ်လှည့်၍ ပူဇော်ပြီး ရာဟုထောင့် ဓော်စောမြတန်ဆောင်းမှနေ၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား တပည့်သာဝကများနှင့် ပန်း၊ ရေချမ်း၊ ဆီမီး၊ ကန်တော့ပွဲများဖြင့် လှူဒါန်းပူဇော်ခြင်း၊ ပဋ္ဌာဝါရပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

ဂမ္ဘီရချစ်ကြီး(ဆင်ဖြူကျွန်း)

---

## သတိပဋ္ဌာန်လမ်း(မိသားစု) ဝါတွင်း/ဝါပ သောကြာပတ် ဆွမ်းလောင်းမဏ္ဍာရုံ ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲ၊ မဏ္ဍာရုံအကျိုးဆောင်များ ပြန်လည်ရွေးချယ်ခြင်းနှင့် နာရေးကုသိုလ်တော် နှစ်ပတ်လည် ငွေစာရင်းရှင်းတမ်း အစည်းအဝေး

သတိပဋ္ဌာန်လမ်း(မိသားစု) ဝါတွင်း/ဝါပ သောကြာပတ် ဆွမ်းလောင်းမဏ္ဍာရုံ ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ခြင်း၊ လုပ်ငန်းညှိနှိုင်း၊ ဆွမ်းလောင်းမဏ္ဍာရုံ အကျိုးဆောင်များ ပြန်လည်ရွေးချယ်ခြင်းနှင့် နာရေးကုသိုလ်တော် နှစ်ပတ်လည် ငွေစာရင်းရှင်းတမ်း အစည်းအဝေးကို ၁၃၇၈-ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်(၂၄-၇-၂၀၁၆) တနင်္ဂနွေနေ့ နေ့လည် ၁ နာရီတွင် သတိပဋ္ဌာန်လမ်း(မိသားစု) မဏ္ဍာရုံ၊ အ-လ-က(၁)ကျောင်းရှေ့ သတိပဋ္ဌာန်လမ်း၊ တာမွေမြို့နယ်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

---


## ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် အမေမြနန်းနွယ် ကိုယ်ပွား သီလရှင်ဝတ်ပွဲ

ဆွေတော်မျိုးတော်များမှ စုပေါင်း၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့် မယ်တော်ကြီး မြနန်းနွယ် သီလရှင် ဝတ်ပေးခြင်းကို ၁၃၇၈-ခုနှစ်၊ ဝါဆိုလဆုတ် ၁၂ ရက်၊ (၃၆-၇- ၂၀၁၆)စနေနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တိုင်တစ်ရာအရှေ့ကျောင်း၊ (၃၃)ရပ်ကွက်၊ မြောက်ဒဂုံတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com

## တော်ဝင်မိသားစုကုမ္ပဏီ ဓမ္မအလှူပွဲ



တော်ဝင်မိသားစုကုမ္ပဏီမှ သမီးများဖြစ်သော မဝတ်ရည်ထွေး မသီရိထွေးနှင့် မြေးများသည် ဖခင် ဦးကိုကိုထွေးနှင့် မိခင် ဒေါ်အေးအေးသန်းတို့၏ ၃၉ နှစ်မြောက် မင်္ဂလာအခါနေ့တွင် တရားအလှူတော်အဖြစ် ရန်ကုန်မြို့ ပြည်လမ်းရှိ တော်ဝင်ဂါးဒင်းဟိုတယ် တော်ဝင်ခန်းမတွင် (၁၂-၇-၂၀၁၆)ရက်နေ့တွင် ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ(ပဋိပတ္တိဌာနမှူး) ထေရဝါဒ သာသနာပြုတက္ကသိုလ်(ရန်ကုန်) နှင့် (၁၃-၇-၂၀၁၆)ရက်နေ့တွင် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(စစ်ကိုင်း၊ ရန်ကုန်၊ မန္တလေး) အဓိပတိဆရာတော်တို့မှ တရားတော်များ ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

---

### ၂၀၁၆-ခုနှစ် (၂၄)ကြိမ်မြောက် နိကာယ်စာမေးပွဲ အောင်စာရင်း

နေပြည်တော်ရသတင်း မြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနက (၂၄)ကြိမ်မြောက် နိကာယ်စာမေးပွဲကြီးကို တစ်ပြည်လုံးရှိ ခွင့်ပြုစာမေးပွဲဌာန ၇၂ ဌာနတို့၌ (၁၃-၆-၂၀၁၆)ရက်နေ့မှ (၁၇-၆-၂၀၁၆)ရက်နေ့အထိ ၅ ရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ရာ အောင်မြင်သူဦးရေ စုစုပေါင်း (၃၇၂၉)ပါးရှိကြောင်း သိရှိရသည်။

သားငယ်

---

### အစဉ်အလာမပျက် ဆွမ်းကြီးကပ်လှူသည့် ပွဲတော်များကို ဆွမ်းဦးပုညရှင်စေတီတော်၌ စတင်ပြုလုပ်


ဝါတွင်းကာလတွင် စစ်ကိုင်းမြို့ရှိ စေတီပုထိုးများအား ...စဉ်အလိုက် ဆွမ်းကြီးကပ်လှူသည့် ဘုရားပွဲတော်များကို ...ထပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ ကျင်းပလေ့... စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်၌ (၁၉-...၂၀၁၆)(ဝါဆိုလပြည့်) အင်္ဂါနေ့ နံနက်အရုဏ်တက်ချိန်တွင် ...ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းဖြင့် အစဉ်အလာမပျက် ...င်ခဲ့ကြောင်း သိရှိရသည်။

စိုးဝင်းထွဏ်း

www.burmeseclassic.com

www.burmeseclassic.com

# ဟဝေဂါချမ်း



ဒါန၊ သီလ၊ ဘာဝနာ ဆိုသော
လူ့လောကတွင် ပြုမူနေထိုင်သော
ကုသိုလ်တို့သည် အကျိုးပေး အမျိုး
ရှိ၏။ ဒါန များသူတို့သည် နတ်
သီလ များသူတို့သည် ဗြဟ္မာ
ဘာဝနာ များသူတို့သည် နိဗ္ဗာန်ဘုံ
ရောက်သည်ဟု ဆိုကြ၏။

ထိုဘုံအသီးသီးတို့တွင် လူ
လည်း လူချမ်းသာ၊ နတ်ဖြစ်လည်း န
ချမ်းသာ၊ ဗြဟ္မာဖြစ်လည်း ချမ်းသ
သောဗြဟ္မာ ဖြစ်လိုကြ၏။

ထို့ကြောင့် ဘုံအသီးသီးတ
ချမ်းသာစေသော ကုသိုလ်သည် ဒါ
ကုသိုလ်ပင် ဖြစ်လေရာ ဒါနကုသိုလ်
အထုပ်အထည်နှင့် ပါသွားမည် ဆို
က•••

www.burmeseclassic.com

www.burmeseclassic.com

# လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး

## (ကျောက်တော်ကြီးဘုရား)

## လှူဒါန်းကြရန် လှူလိုက်စေချင်ပါသည်

အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားသော လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီး)ဘုရားကြီးကို ဂေါပကအဖွဲ့မှ ဘုရားဖူး ပြည်သူများ စိတ်ချမ်းသာစွာ ဖူးမြော်နိုင်ရေး ဘုရားကြီးဝန်းကျင်တွင် လုပသန့်ရှင်းရေး ဘုရားကြီး ရေရှည်တည်တံ့ပြီး သာသနာတော် တည်တံ့ရေးအတွက် ရည်စူး၍ လုပ်ငန်း ဆောင်ရွက်မှုများ ဆောင်ရွက်လျက် ရှိပါသည်။

BURMESE CLASSIC

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် -

(၁) ရာသက်ပန်အလှူအဖြစ် လောကချမ်းသာ ထာဝရ ငွေပဒေသာပင် အလှူတော်ကို တစ်ပင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့်လည်းကောင်း။

(၂) ကံမြင့်၊ ကံဆင့်၊ ကံတင့်စေရန်အတွက် ကန်တော်မင်္ဂလာကြီး ဘက်စုံပြုပြင်ခြင်းကို လည်းကောင်း။

(၃) ဘုရားကြီး၏ ဂန္ဓကုဋိတိုက်ကြီးကို အမြင်တင့် သပ္ပာယ်စေရန် ရွှေရေး ရွှေဆေးများ ခြယ်သ လှူဒါန်းနိုင်ရန်လည်းကောင်း...ဆောင်ရွက်လျက် ရှိပါသည်။

ထိုအလှူများကို စိတ်ဝင်တစား ဒါနပြုလိုသူများအနေဖြင့် မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ကြည်ညို၍ ကိုယ်တိုင် ကိုယ်ကျ လာရောက်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဂေါပကအဖွဲ့

၀၁-၆၄၄၈၆၀၊ ၀၁-၆၄၄၈၅၇၊ ၀၁-၆၄၄၈၅၈

www.burmeseclassic.com